www.burmeseclassic.com

ဖြစ်ရပ်မှန်

မဂ္ဂဇင်း

No.134
DECEMBER
2013

BURMESE CLASSIC .com



အမှိုက်ကာစ

ပြာသာဒ်မီးလောင်

# Cover Story

ဆန္ဒလွန်ကဲမှုကြောင့်ရမ္မက်နွံတွင်းကျွံဆင်းမိကြသူများ၏သင်ခန်းစာယူဖွယ် ဖြစ်ရပ်မှန်မှုခင်း

www.burmeseclassic.com

www.burmeseclassic.com

No 134 DECEMBER 201

တာဝန်ခံအယ်ဒီတာ

အယ်ဒီတာ

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်


စုံထောက်ကဗျာ

ရွှေညာခိုင်စိုး၊ မောင်လှလွန်း၊
အဖျောက်မြေမှောင်ဆွေမွန်၊ ခက်လှိုင်းကျော်

စုံထောက်ရင်ခုန်သံ

နိုင်လွင်ကောင်းဖံ၊ မောင်သန်းစိုး(ချောက်)၊
ရဲမြင့်နောင်၊ သက်ဝေနှင်း(အောင်လံ)၊
နေဘုန်းထက်၊ မောင်အေးမြင့်(စလေ)၊
မောင်ကောက်ကွေး၊ လင်းမြတ်မင်းအိမ်

စုံထောက်ပွင့်သစ်

အရင်လူ(တွံတေး)၊ ရွှေဘိုမောင်ဆွေ၊
လေနုအေး(ဥပဒေ)၊ မောင်ကောင်းတင်(ကျောက်ဆည်)

ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊
အောင်အောင်ထွေး၊ မြေရိုင်း၊
သာဒင်၊ M အောင်ရှိန်၊ ရွှေကိုဦး၊ ထိန်သာ

အတိုဆုံးစုံထောက်ဝတ္ထု

၁၁၀။ ဘုန်းမြင့်ချို(သာယာဝတီ)၊ ရွှေကျွန်းခိုင်သစ်၊
သက်ဝေမောင်၊ ဒဂုံကြည်ဖော်၊
အောင်သွေးလက်(မြစ်ခြေ)

စုံထောက်ဒိုင်ယာရီ

၁၆၅။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ

စုံထောက်သုတ

၂၉။ မောင်ဉာဏ်စိန်
အနွေးထည်အတွင်းမှ
မူးယစ်ဆေးဝါးတွေ့ရှိသည့်ပြဿနာ

၃၂။ ထွန်းအောင်လှိုင်
ဥပဒေဗဟုသုတပျိုးခင်း

၆၅။ ကိုကိုအင်တာနက်
ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာရာဇ

၁၀၀။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ

နိုင်ငံတကာစုံထောက်

၂၇။ ဆောင်းဟေမန် – နိုင်ငံတက

စုံထောက်အလှအပ


၆၃။ စုဝေနှင်း
သဘာဝအတိုင်း မျက်တောင်
ရှည်လျားစေရန်နည်းလမ်းများ

အနုပညာစုံထောက်

၆၀။ ငြိမ်းချမ်းအောင် –ခင်ဝင့်ဝါနဲ့ခဏ

စုံထောက်ဟာသ

၁၃၂။ ခင်မြညို
သက်ရှည်ကျန်းမာရယ်စရာ





www.burmeseclassic.com

www.burmeseclassic.com



## Cover Story


၃၄။ စုံထောက်မောင်ရေခဲ – အမှိုက်ကစ ပြဿနာမီးလောင်


### စုံထောက်အခန်းဆက်ဝတ္ထု


၈၂။ မင်းမဟာကျော်ခေါင် – သံမဏိဂျူနီ

၁၅၆။ နေစိုးသော် – လိုတရသဒ္ဒိဝင်အဆောင်


### ရသဝတ္ထု


၄၆။ ဉာဏ်ဦးစံ
သက်ပျောက်ငှက်ပျော

၅၃။ စိုးဝေ
ငြိုပျက်မွေတဲ့ပတ္တမြား

၆၀။ ဘသက်ဆွေ
အသက်တမျှ

၇၄။ ရှင်လွန်းမယ်
သံလွင်ဦးဆီက လွမ်းတေး

၈၆။ မြေလတ်မောင်(ကြာကန်)
လူထဲကလူ

၁၀၄။ မောင်မြင့်မား(ဘိုကလေး)
ကျားပေါင်မပဲ့သော်လည်း

၁၁၆။ လေးမောင်
ခင်အုံးနှင့်တွေ့ဆုံခြင်း

၁၂၅။ ခြူးရဲသန့်
ကျေးလက်စုံထောက်မောင်တောကျော်နှင့်
လျှာပေါ်မြက်ပေါက်

၁၃၄။ မိုးသဲအောင်(ပန်းမြေ)
မုဆိုးမျက်ရည်

၁၄၇။ မြသိန်း
လည်လွှန်းသောဘီး

၁၅၂။ မြေနီသစ္စာ
သူမဟုတ်လျှင်သူ

၁၆၀။ ဓမ္မာစရိယသန်းထွန်း
မျက်ရည်ကိုအလှဆင်ခဲ့သောစကားများ


### စုံထောက်ဘာသာပြန်


၉၁။ စိန်ဝင်းမော် – ငရဲအိုးနှင့်ပက်ပင်းတိုးသူ


### စုံထောက်ဖေဒင်


၁၇၉။ ဇင်ယော်နီ – ကံကြမ္မာစုံထောက်


www.burmeseclassic.com

www.burmeseclassic.com

# 2013 DECEMBER



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်






ထုတ်ဝေသူ
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၆၃၂၈

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်–၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျော်ရင်(မြ-၀၅၄၁၇)၊
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း။
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း - ၂၂၉၅၆၁




အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



## ရှုမှတ်ခြင်း



ငါမသိခင်
သူ့ခင်တွယ်မိ
သိဖို့ချိန်ခါမတန်မီ။

ခန္ဓာမခင့်
သံသရာစင်ရေး
ချင့်တွေးဉာဏ်ရောက်
အလင်းဖောက်ကြည့်
မငြိပေါ့ကွယ်
သိတော့ပယ်
ရင်ဝယ်တကယ် အေးကမ္ဘာဆီ။ ။

ရွှေညာခိုင်စိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ယုံလိုက်ပါ


ပါးစပ်ပါတိုင်း စားလို့မတည့်သလို
ပြောပြချင်တိုင်း
ပြောမဖြစ်တာ တစ်ပုံတစ်ပင်။

စိတ်ကူးရှိတိုင်း အကောင်အထည်မဖော်နိုင်သလို
လက် ရှိတိုင်းလည်း လုပ်မရတာ အနန္တ။

သစ်ပင်တိုင်း တက်မရနိုင်သလို
ရေချိုးချင်တိုင်း နေမကောင်းသေးဘူး။

မေးပါများ စကားမရနိုင်သလို
မအိပ်မနေ အသက်ရှည်ချင်မှ ရှည်မှာပါ။

သွားပါများခရီးရောက်နိုင်ပေမယ့်
ကိုယ်လိုရာပန်းတိုင် ဟုတ်ချင်မှဟုတ်မှာပါ။



အဲသလိုမျိုး
အကျိုးမရှိတဲ့ဖြစ်ရပ်
အဆက်အစပ်မဲ့ ဖြစ်တတ်တယ်
သင်
ယုံလိုက်ပါ။ ။


မောင်လုလွန်း

www.burmeseclassic.com

www.burmeseclassic.com



# မျောပါသူ



တတ်ယောင်ကားနှင့်
အကြွားမြင်းမိုရ်၊ စကားဆိုလည်း

သိယောင်ကားနှင့်
စိတ်ထားပင်လယ်၊ အပြောကြွယ်လည်း

မြင့်ယောင်ကားနှင့်
ခြေဖျားတောင်သို့၊ မောက်ကာမို့လည်း

အကျိုးမဲ့ပြီး၊ အချည်းနှီးတည့်
ရေစီးနောက်မှာ၊ သင်မျောပါ၍
ကြိုးရာဇာတ်နှင့်၊ အလွမ်းသင့်လျက်
အခွင့်သာဘိ၊ မင်းဇာတိကို
သိသူတွေက၊ မေးငေါ့ကြမည်
သြချမဆုံးတော့ပါတည်း။ ။

အဖျောက်မြေ မောင်ဆွေမွန်

www.burmeseclassic.com

www.burmeseclassic.com



# ကျေးလက်ဈေးပွဲ

မြစိမ်းတောင်ညိုဘုရားပွဲ
လှည်းလေးနဲ့ပျော်ရအောင်
နွားညီနောင် အိမ်ခြံပေါက်
လှည်းကောက်ပို့မောင်။

အရှေ့ကရီပြာမှောင်
နီလာရောင်ပျို့
ဆွမ်းကပ်မီအရောက်သွားမှာမို့
ရှင့်သားငယ်နွားပြာဘို့
ကြိမ်တို့ပါဖျို့။

ဟန်ပါပါတံဖျာမြှောက်မှ
ခလောက်က ဒေါင်ဒင်မြည်
ကြန်စုံမှာ မာန်ဟုန်ကြွ
ခြေကျညီညီ။

လှည်းဘီးက တအီအီ
နောက်ဆီမှာ ဖုန်အလုံးလုံး
မလေးခင်အနေခက်မို့
ကိုယ်လွှာရုံခြုံတဘက်နဲ့
မျက်နှာဝှက်ဖုံး။

တို့တောရွာ တို့စခန်း
လှည်းလမ်းမှအဆင်ပြေ
ခြောက်စထောင် ဒီလှည်းနဲ့
ပျော်မြူပလေ။
ကျောအောင့်လို့ ခါးနာစေ
သွားမှာလေ မတားနဲ့
တစ်နှစ်မှာ တစ်ခါကြုံတဲ့
ရတနာပုံသည်ပွဲတော့
လွဲချင်ဘူးကွဲ့။

နေလုံးနီရွှေရည်သောက်ကာမှ
ရောက်ပါရတောင်သေလာ
မြစိမ်းတောင်စေတီဦး
ဖူးကြသူငါ
ဆွမ်း၊ ဆီမီး၊ ပန်းနံ့သာ
ပူဇော်ကာကြည်နူး
ပွဲခင်းမှာကြိုက်ရာရွေး
ဈေးဝယ်တော့မြူး။

တစ်နှစ်စာ လိုခါသုံးဖို့
ပွဲကြုံတုန်းဝယ်လို့လှောင်
ကုန်ခြောက်တွေအိတ်ဆွဲ
လှည်းဦးမှာနှောင်
ဆည်းဆာရင့်မှောင့်တမှောင်
ကြယ်လရောင်ဖွေးဖွေး။

အပြန်ခရီးမှာဖြင့်
ဟန်ကြီးသူမေ မလန်းနိုင်ဘူး
ခွေယိမ်းယိုင်ပန်းလျှညှိုးတာမို့
ကိုကိုမောင် ရင်ခွင်တိုးကာမှ
ရှင်ကြီးလူ ကျားထက်ဆိုးချက်က
အတိုးတွက်ပါ နေ့တစ်နေ့အကြွေးပေထင့်
တိုးဖက်ကာ ပွေ့ပွေ့ဖွေးတာကြောင့်
နိုးတစ်ဝက်သာ မေ့တမေ့မေးရတယ်
(ပွဲဈေးတန်းကတော့)
ရိုးအထက်မှာ တရွေ့ရွေ့ဝေး။ ။



ခက်လှိုင်းကျော်

( သူ ငယ် ချ င်း စ က် မှ သို့)

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



## မှာတမ်း

ဖြူသလား မည်းသလား မသိတဲ့နံရံကိုများ
ငါးတွေ တစ်လှေကြီးရှိမယ်အထင်နဲ့တော့
ပင်လယ်ကို "ပြုးမပြစေချင်ဘူး"
အရောင်တလက်လက်တောက်နေတိုင်းလည်း
အမြင့်မှာပွင့်တာမဟုတ်ခဲ့
ချိုမြိန်မွှေးမြခြင်း တိမ်ပန်း တိမ်ခက်တွေဟာ
တိတ်ဆိတ်ခမ်းနားစွာ မိုးခေါင်ရှင်း
ပြဋ္ဌာန်းချက်ဖတ်စာအရ
ပုစ္ဆာတိုင်း ပုစ္ဆာတိုင်းက
လရောင်အောက်မှာ 'ရွှေထုတ်တဲ့မြပဝါမဟုတ်ဘူး 'မေသူ'။ ။



ခိုင်လွင်ကောင်းစံ



www.burmeseclassic.com

www.burmeseclassic.com



# မြည်သံများ

တစီစီနဲ့
ပျားတွေဝတ်ရည်အိမ်ပျောက်သလိုပ
မြို့ပြနဲ့ ကျေးလက်တွေမြည်တယ်
အိမ်နဲ့ကျောင်းတွေ မြည်တယ်
လယ်နဲ့ယာတွေ မြည်တယ်
ချောင်းနဲ့မြစ်တွေ မြည်တယ်
တောနဲ့တောင်တွေ မြည်တယ်
မနောတိုင်ကြီးတွေ မြည်တယ်
အိုးစည်ကြီးတွေ မြည်တယ်
ဗုံစည်ကြီးတွေ မြည်တယ်
ကာစွပကာမ်းလွန်ကြီးတွေ မြည်တယ်
ရွှေပြောင်း ခြေလှုပ် လက်လှုပ်တွေ မြည်တယ်
ကျော့မွဲနင်းပြားတွေ မြည်တယ်
မြည်တယ် ...
မြည်နေတယ်
အဖတ်ဆယ်ရင်း အရိုးစူးနေကဲ့ကိစ္စ
ပစ္စကျွရဲ့ရေသီ
မျက်ရည်လွှင်ပြင်
နာကျင်ထိခတ်
ပန်းမွှင့်ချပ် ရွက်နုသစ်တွေ
စိမ်းစိမ်းကြွေလို့
ပျို့အန်နေရသော ဘဝများ
ငါ့နလုံးသားလည်း ..။ ။



မောင်သန့်စိုး(ချောက်)


www.burmeseclassic.com

www.burmeseclassic.com



## ဘဝ၏ နေဝင်ချိန်ကာလများ

ညအမှောင်ရယ် ..
ဘယ်တော့များမှ လင်းမှာလဲ ..။

သောကမီးရယ်
ဘယ်တော့များမှ ငြိမ်းမှာလဲ ..။

ဒုက္ခတွေရယ်
ဘယ်တော့များမှ ဆုံးမှာလဲ ..။

ပိန်းပိတ်မည်းအောင် လကြယ်ရောင်မဲ့
သန်းခေါင်ချိန်ထက် လမ်းတစ်ဝက်မှာ
ညဉ့်နက်ပြီးပြီ ခရီးသည်တစ်ယောက်
အမောဖောက်လို့ တောခြောက်ခံခဲ့
အဖော်မဲ့လျက် နားနှစ်ဖက်ကြား
ငှက်ဆိုးများအသံ တင်းမခံနိုင်
မြည်လှုံညံခဲ့ နွမ်းလျယဲ့ယဲ့
ငါ့ရဲ့ဘဝ ရှင်သမျှမှာ
အမှောင်ညကုန် ကောင်းခြင်းကြုံလို့
အရုဏ်ဦးကျင်း မနက်ခင်းထဲ
အလင်းရောင်လေး တွေ့ချင်ပြီ ..။



ရဲမြင့်နောင်



www.burmeseclassic.com

www.burmeseclassic.com



## မြို့တော်ဆောင်း

မြောက်ပြန်လေနဲ့ အတူတူ
သက်ပြင်းတွေ ခြွေချလိုက် လှည်းကျင်းလိုက်လုပ်နေတဲ့မြို့။

ရာသီဥတုတွေကို ခေါက်သိမ်းပြီး
အချိန်တိုင်းခေါင်းမာနေတဲ့မြို့။



အင်တာနက်၊ ဝက်ဆိုက်ပေါ်မှာ
ဝစ်လစ်ကွလစ်နဲ့ အတင်ခံရတဲ့မြို့။

ညောင်သီးစားချင်တိုင်း
ဖေးညို့သံကို နားစွင့်နေရတဲ့မြို့။

နှင်းတောထဲမှာ နှင်းကိုဖြဲရှာဖို့
ချောတိုင်တက်နေရတဲ့မြို့

လူထူထူမှာ လူပူမိနေတဲ့မြို့။

အစိုးမရတာတောင်ပေါ်မိုး
ပူပြင်းလွန်းတာ အညာနွေ
အရိုးကွဲမတတ်အေးတာ မြေလတ်ဆောင်း
သူ့ဝိသေသနဲ့သူ ရှင်သန်နေကြ
မြို့က မြို့နဲ့ ပိုပိုတူတူလာတာနဲ့အမျှ
ဝိသေသတွေ ပျောက်ခြင်းမလှ ပျောက်ရှ။ ။

**သက်ဝေနှင်း(အောင်လံ)**



www.burmeseclassic.com

www.burmeseclassic.com




## တိုက်ကြက်

တိုက်ကြက်များ
စားချင်သလို မစားရ
သွားချင်သလိုလည်း မသွားရ။

ကြက်ရှင်
နေ့စဉ်ရေကိုင်
ဒူးခိုင်ဖို့လုပ်။

တစ်ခါတစ်ရံ ဆန်
တစ်ရံ တစ်ခါ စပါး
အားရှိအောင်ကြွေး
ခွပ်လှည့်လေး မကြာမကြာကြည့်။

တစ်ပွဲနိုင် နှစ်ပွဲဆက်
နှစ်ပွဲနိုင် သုံးပွဲဆက်
ပွဲဆက်မှန်သမျှ အနိုင်ရ။



ဒါပေမဲ့
ကြွေတစ်လှည့် ကြက်တစ်ခုန်
လူတွေအုံနေတဲ့ ပွဲ
နိုင်ပွဲဆက် ကြက်
ရက်ရက်စက်စက် ရှုံး
စုံလုံးကန်း ကြက်
ဟင်းတစ်ခွက်ဖြစ်သွားပြီ။ ။

**နေဘုန်းထက်**



www.burmeseclassic.com

www.burmeseclassic.com





# လူ

ချောင်းမြောင်းလုပ်ကြံ
ကိုယ်ဟန်ကြမ်းတမ်း သားစားဖမ်း၏
အမဲလိုက်သည့် ကျားလို 'လူ' ..။

အသားမစား
မြက်သာအဓိက ရိုးအည့်ဖျင်း
လည်စင်းခံသည့်သိုးလို 'လူ' ..။

ဟန်ဆောင်လှည့်ဖျား
ညာဝါးကောက်ကျစ်
ဆိုးညစ်ယုတ်မာ မာယာများထွေ
ဝံပုလွေလို 'လူ' ..။

အဆင်းလည်းလှ
ရနံ့ကမွှေး ရောင်သွေးစိုပြည်
နူးညံ့နေသောပန်းလို 'လူ'..။

စိတ်ထားဖြူစင်
ပေးကမ်းချင်ရှာ ကိုယ်ချင်းစာနာ
မေတ္တာအပ်နှင်း ရိုင်းပင်းကူညီ
အပီရိုးသား စွမ်းအားရင်းမြစ်
အသစ်တီထွင်ဖန်တီး 'လူ' ..။

ကိုင်း ...
လောကထဲက မွေးဖွားကြသူ
ဘဝမျိုးစုံ ဆုံကြုံရမှု
သင်ဘယ်လို 'လူ' ဖြစ်ချင်လဲ ..။ ။

**မောင်အေးမြင့်(စလေ)**



www.burmeseclassic.com

www.burmeseclassic.com




## ပုံရိပ်

လှုပ်လီလှုပ်လဲ့ပါပဲ
ရွှဲ့တီရွှဲ့စောင်းပါပဲ
ခေတ်ကိုဖြတ်သန်းနေရတာက အလုပ်တစ်ခု
တိမ်လိုလေလို လွင့်မျောပြီး
သက္ကရာဇ်တွေ ဖွဲ့ဖွဲ့ချနေရတာလည်း
အလုပ်တစ်ခု။

ဟိုလူက ဟိုလိုရေးပါဆိုလို့
ဒီလူက ဒီလိုရေးပါဆိုလို့
၃၇ လမ်းပေါ်မရောက်တာလည်းကြာပြီ
ခေတ်ကလည်း ခေတ်ပဲလေ
ထစ်ခနဲဆို သွေးကဆူပြီးသား
တစ်ခနဲဆို အွန်လိုင်းပေါ်ရောက်ပြီးသား
ထစ်ခနဲဆို ဟာသကားတွေရိုက်ပြီးသား
ထစ်ခနဲဆို တောနဲ့တောင်ဟာ ဒဏ်ရာဒဏ်ချက်တွေနဲ့
ထစ်ခနဲဆို မျက်ရည်နဲ့မျက်ခွက် ဒုက္ခသည်စခန်းတွေနဲ့
ထစ်ခနဲဆို ..
ထစ်ခနဲဆို ..
၃၇ လမ်းပေါ်က ကဗျာဆရာတစ်ယောက်
ဒင်းကလေးပဲ ငါ့ကို အခွံချွတ်ခဲ့တာ
ခုဆို ငါဟာ ကျွတ်ကျွတ်လွတ်လွတ်။ ။

မောင်ကောက်ကျွေး






www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်ဦးစီးတစ်ယောက်မှတ်တမ်း

ခမ်းနားထည်ဝါမှုအောက်
အသက်ရှူသံကို စက္ကန့်မမှားအောင်သွန်သင်
မျက်နှာဖုံးဟာ ပုံသေကားချပ်
မျက်ရည်မကျနဲ့
အမုန်တရားကို ခဲနဲ့မပေါက်နဲ့
ဘဝဟာ လှိုင်းဖြစ်ဖြစ် လှေဖြစ်ဖြစ်
ရေတွေ မခမ်းသရွေ့ပေါ့
နှစ်နာခြင်းအတွက် သင်ခန်းစာက လက်တွေ့ဖြစ်မယ်
ဖွဲမီးမဖြစ်ဖို့ ပျိုးထောင်ခဲ့
ခြမစားဖို့ ကာကွယ်ခဲ့
ဃင်မအုံဖို့ ယပ်ခတ်ခဲ့
ငါဆိုတာ ငါ့အတွက် မဟုတ်ဘူး
မငို ..တဲ့ ..မျက်လုံး
မရယ် ..တဲ့ ..နှုတ်ခမ်း
မယူ ..တဲ့ ..လက်
ငါဆိုတာ ငါ့အတွက်မတည်ဆောက်ဘူး
ဂီတကို ပြန့်လွင့်အောင်
စာပေကို ဆင့်ပွားအောင်
ပန်းချီကို ခံစားအောင်
ငါဆိုတာ ငါအတွက် မဖန်ဆင်းဘူး
ကြိုးတစ်ချောင်း အထုံးဖြေဖို့
ငါဟာ ဧည့်သည်တစ်ယောက်ပါ။ ။



**လင်းမြတ်မင်းအိမ်**




www.burmeseclassic.com

www.burmeseclassic.com



# စုံထောက် စာအုပ်စင်




တကယ့်ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုပေါင်းချုပ်

## ကြည်မိုးငြိမ်း

### ခုနစ်နာရီ၊ သုံးဆယ်မိနစ်၊ လေးဆယ့်ငါးစက္ကန့်

ဆရာကြည်မိုးငြိမ်းသည် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် နိုင်ငံအနှံ့အပြားသို့ သွားရောက်တာဝန်ထမ်းဆောင်စဉ် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် မှုခင်းများအနက်မှ ဆန်းကြယ်သောမှုခင်းများကို စာချစ်ပရိသတ်များ သင်ခန်းစာယူဖွယ်၊ သတိထားဆင်ခြင်ဖွယ်ရာများကို စာပေဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဝတ္ထုတိုခုနစ်ပုဒ်ကို စုစည်းထားခြင်းဖြစ်၏။ ငြစု ရတနာစာပေမှ ထုတ်ဝေဖြန့်ချိသည်။

## ပယင်းရွာက သူရဲကောင်း

### ဘာမထီခင်အောင်




မြန်မာသူရဲကောင်းများထဲမှ စစ်သေနာပတိကြီး မင်းကြီးမဟာဗန္ဓုလ မြန်မာလူမျိုးတိုင်းသိကြသည်။ မျိုးဆက်သစ် လူငယ်လူရွယ်တိုင်း …တ့ယူခြင်း၊ ဂုဏ်ယူခြင်းများဖြင့်လည်း လေးစားကြသည်။

မင်းကြီးမဟာဗန္ဓုလနှင့်ပတ်သက်သည့် စာအုပ်စာပေများ များစွာ …သည့်အထဲမှ စာရေးဆရာကြီး ဘာမထီခင်အောင်ရေးသားပြုစုထားသည့် …င်းရွာက သူရဲကောင်းမဟာဗန္ဓုလစာအုပ်တွင် မဟာဗန္ဓုလအကြောင်း …ထဲမှ သိသူနည်းပါးသော စာပေဖြင့် မှတ်တမ်းတင်ထား ခြင်းမရှိသေး …ာ အတွင်းကျကျအကြောင်းအရာများစွာ ပါဝင်ပါသည်။

ရွှေကျေးစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသားထဲက သရိုးဒီ

### ဟာသစုစည်းမှု



နှလုံးသားထဲက သရိုးဒီစာအုပ်တွင် ဆရာအေးကြူလေး၊ မောင်မေခ၊ ဇော်မိုးဦး စသည့် ဆရာသုံးယောက်၏ ကိုယ်တွေ့ပြုံးစရာ၊ ရယ်စရာအဖြစ်အပျက်များကို ဟာသနှော၍တင်ပြထားသည့် ပျော်ရွှင်ကြည်နူးစရာ စာစုဖြစ်သည်။ စာဖတ်သူများ၏ ဘဝအမောကို နှလုံးသားထဲက သရိုးဒီကိုဖတ်ခြင်းဖြင့် အားဆေးကောင်းတစ်လက်ဖြစ်သွားနိုင်ပါသည်။ ဉာဏ်မီးအိမ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

## ကျော်မင်းသော်

### ပျိုမေတွေတစ်ကိုယ်ရေလှပစေဖို့ ကျန်းမာရေးနည်းလမ်းကောင်းများ



ပျိုမေတွေ တစ်ကိုယ်ရေလှပစေဖို့ ကျန်းမာရေးနည်းလမ်းကောင်းများစာအုပ်သည် ဆရာကျော်မင်းသော်၏ စတုတ္ထမြောက်ထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်သည် အပျိုဖင်များအတွက်သာမက လူသားအားလုံးအတွက် အကျိုးရှိနိုင်သည့် ကျန်းမာရေးနည်းလမ်းကောင်းများကို ညွှန်ပြထားသည့် စာအုပ်ဖြစ်သည်။ စာအုပ်ပါ ကျန်းမာရေးနည်းလမ်းကောင်းများသည် နေ့စဉ် လူတိုင်းကြုံတွေ့နိုင်သည့်အခက်အခဲများကို ကျော်လွှားစေနိုင်သော နည်းလမ်း ကောင်းများဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

သပြေ(ကိုရီးယား)စီစဉ်သော

## ရွက်နုဝေသောသပြေ

### သပြေစုစည်းမှု ဝတ္ထုတိုများ



ဤစာအုပ်တွင် နိုင်ငံသိစာရေးဆရာများနှင့် ကလောင်သစ်များ၏ လက်ရာများကို ပန်းချီမင်းထက်နိုင်၏ သရုပ်ဖော်ပန်းချီပုံများဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ကလေးလူငယ်ဗဟိုပြုစာပေထွန်းကားရေးနှင့် ကလောင်သစ်များစင်တင်ပေးရေးအတွက် ရောင်းချရသမျှငွေကို လှူဒါန်းသွားမည်ဟု ဆိုသည်။ သပြေ(ကိုရီးယား)စီစဉ်၍ ဉာဏ်မီးအိမ်စာပေမှ ဖြန့်ချိတော့မည်ဖြစ်သည်။

## ဘုန်းဇော်မိုး(ဥသဿ) (စိတ်အာဟာရ အတွေးအမြင်)

### စာတိုက်ပုံးထဲက ကျွန်တော့်ရဲ့ နှလုံးသား



ဆရာဘုန်းဇော်မိုး(ဥသဿ)က သူ၏စာအုပ်တွင် ကျွန်တော်၏ဘဝနှင့်ရင်းနှီးခဲ့ရသော အနုပညာဖြင့် ဤစာတိုက်ပုံးထဲက ကျွန်တော့်နှလုံးသားစာစုကလေးသည် အောင်မြင်မှုပန်းတိုင်ခရီးကို ချီတက်နေကြတဲ့ နုသစ်စပွင့်ဦးကလေးများအတွက် တစ်စုံတစ်ရာအထောက်အကူဖြစ်စေရန် နှလုံးသွေးဖြင့်ရေးခဲ့ကြောင်း ဝန်ခံထားပါသည်။ ဆရာ၏ အတွေးအခေါ်နှင့်ဆိုင်သည့် ဒဿနစာတမ်းကလေးကို စာပေတင် ပြမှုပုံစံသစ်ဖြင့် တင်ပြထားသည်။ အနုပညာဝါသနာ ရှင်များလေ့လာသင့်သော စာပေအမျိုးအစားဖြစ်သည်။ သင်းစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com


www.burmeseclassic.com



ဆောင်းဟောမန်

# နိုင်ငံတကာစုံထောက်

## ကိုယ်ဝန်အတုဖြင့် ကိုကင်းသယ်ဆောင်သူ



ကိုလံဘီယာနိုင်ငံ၊ ဘိုကိုတာလေဆိပ်တွင် ကိုကင်း ၂ ကီလိုဂရမ်အား ကိုယ်ဝန်အတုအတွင်းထည့်၍ သယ်ဆောင်လာသော ကနေဒါနိုင်ငံသူ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အသက် ၂၈ နှစ်အရွယ် အဆိုပါအမျိုးသမီးသည် ကိုကင်း ၂ ကီလိုဂရမ်အား ၎င်း၏ဗိုက်တွင် တိပ်ဖြင့်ကပ်ကာ အပေါ်မှကိုယ်ဝန်အတုကို ထပ်အုပ်ကာ ကိုလံဘီယာနိုင်ငံမှ ကနေဒါနိုင်ငံသို့ ထွက်ခွာရန် ကြိုးစားစဉ် လေဆိပ်အကောက်ခွန်မှ တာဝန်ရှိသူများက မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာမှ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ● နှစ်အထိ ကျခံနိုင်ဖွယ်ရှိကြောင်း သိရသည်။

## ဆိတ်နှင့်တရားဝင်လက်ထပ်ခဲ့ရသူတစ်ဦး၏ ဖြစ်ရပ်



ဆူဒန်နိုင်ငံတွင် အမျိုးသားတစ်ဦးသည် ဆိတ်မတစ်ကောင်အား သားမယားပြုကျင့်ခဲ့သည့်အတွက် ထိုဆိတ်မနှင့် တရားဝင်လက်ထပ်ရန် အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုအမျိုးသားသည် ဆိတ်မနှင့် မင်္ဂလာပွဲကို တစ်ခန်းတစ်နားကျင်းပခဲ့ပြီး အိမ်ထောင်ပြုခဲ့ရသည်။ ထိုအမျိုးသားအနေဖြင့် တခြားမည်သည့်အမျိုးသမီးကိုမှ ယူခွင့်မရှိတော့သည့်အပြင် ငွေဒဏ်အဖြစ် ဒူဒန် Dinar ၁၅၀၀ လည်းပေးဆောင်ခဲ့ရသည်။

ဆူဒန်နိုင်ငံတွင် အိမ်ထောင်ရေးနှင့် လိင်ကိစ္စရပ်များကို စည်းကမ်းတင်းကြပ်ထားပြီး အလားတူပြစ်မှုကျူးလွန်ခဲ့လျှင် ထိုတိရစ္ဆာန်နှင့်လက်ထပ်ထိမ်းမြားကာ တစ်ဘဝစာနေထိုင်ရန် ဥပဒေချမှတ်ထားကြောင်း သိရသည်။



www.burmeseclassic.com

# ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည့်မော်ဒယ်



အမေရိကန်လူမျိုး ရုပ်ရှင်သရုပ်ဆောင်နှင့် မော်ဒယ်လ်တစ်ဦးဖြစ်သူ Gia Allemand သည် နယူးဟော်လင်းရှိ University Hospital ၌ သေဆုံးသွားသည်။ အသက် ၂၉ နှစ်အရွယ် မော်ဒယ်လ်မှာ သူမကိုယ်သူမ ကြိုးဆွဲချသတ်သေခဲ့သည်။

သူမ၏ ယောက်ျားလေးအဖော် National Basketball Association တွင် ကစားသမား Ryan Anderson သည် သူမအား သူမ၏ နေအိမ်၌ ကြိုးဆွဲချသေဆုံးနေသည်ကို မြင်တွေ့ခဲ့ပြီး အရေးပေါ်ဌာနသို့ ဖုန်းခေါ်ဆိုခဲ့ခြ[င်း] ဖြစ်သည်။

# ယာဉ်စည်းကမ်း ထပ်မံချိုးဖောက်ခဲ့သည့် Justin Bieber



ကမ္ဘာကျော်အဆိုတော် Justin Bieber သည် လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက်ရှိ ၎င်း၏ နေအိမ်အနီး မနက် ၄ နာရီခွဲအချိန်တွင် ၎င်းပိုင် Ferrari ပြိုင်ကားအား လိုင်စင်မရှိဘဲ မောင်းနှင်လာစဉ် ယာဉ်ရပ်နားရန် အချက်ပြမှုအား မလိုက်နာသောကြောင့် ယာဉ်ထိန်းရဲ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။

ဇွန်လအတွင်းကလည်း ဘီဘ[ာ] မောင်းနှင်လာသော ကားဖြင့် ပါပါ[ရာဇီ] အား တိုက်မိခဲ့ပြီး ဇူလိုင်လကလ[ည်း] ကားကို ဗရမ်းဗတာမောင်းနှင်မှုကြေ[ာင့်] တရားစွဲဆိုခံရကြောင်း ယာဉ်ထိ[န်း] တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြော ကြားခဲ့သည်။

# မွေးကင်းစကလေးငယ်အား ရောင်းချခဲ့သည့် သားဖွားနှင့် မီးယပ်ဆရာဝန်အား ရဲတပ်ဖွဲ့မှ ဖမ်းဆီး



တရုတ်နိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များသည် သားဖွားနှင့်မီးယပ်ဆရာဝန်တစ်ဦးက တရားမဝင်ရောင်းချလိုက်သည့် ကလေးငယ်တစ်ဦးကို ကယ်တင်နိုင်ခဲ့ကာ ကလေးကို မိဘများထံ ပြန်လည်အပ်နှံနိုင်ခဲ့သည်။

ကလေးမှာ ယောက်ျားလေး[ဖြစ်] ပြီး ဆရာဝန်သည် ကလေးငယ်[၏] အလွန်ဆိုးဝါးသော မွေးရာပါ ရော[ဂါ] လာခြင်းကြောင့် ကလေးငယ်ကို ဂ[ေ...] တွင်အပ်နှံ၍ ဆေးကုသမှုပြုလုပ်ပေ[း...] မိဘများအား ပြောကြားခြင်းကြေ[ာင့်] မိဘများကလည်း ကလေးငယ်[ကို] ဆရာဝန်ထံအပ်နှံခဲ့သည်။ အပ်[...] နောက်တွင် မိဘများမှာ ၎င်း[...] အလှည့်စားခံလိုက်ရသည်ဟု သံ[သယ] ဖြစ်ရာမှ ရဲတပ်ဖွဲ့ထံ အကြောင်းကြ[ား] ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**




www.burmeseclassic.com

www.burmeseclassic.com



# မောင်ဉာဏ်စိန်

## အနွေးထည်အတွင်းမှ
## မူးယစ်ဆေးဝါး
## တွေ့ရှိသည့် ပြဿနာ





www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါးလွှက်ဝယ်တွေ့ရှိမှုများကို တစ်ခါတစ်ရံ ကားဖြင့်သွားလာစဉ်ဖမ်းဆီးရမိတတ်သလို ထိုသို့ဖမ်းဆီးရမိစဉ် ၎င်း၏ ကိုယ်ခန္ဓာမှ မူးယစ်ဆေးဝါးကို ဖမ်းဆီးရမိခြင်းမဟုတ်ဘဲ အနီးအနားရှိ ဂျာကင်အင်္ကျီကဲ့သို့သော အဝတ်အထည်များအတွင်းမှ ဖမ်းဆီးရမိတတ်သည်။ တရားခံများကလည်း အပြစ်မှလွတ်ရာလွတ်ကြောင်းအတွက် ယင်းအင်္ကျီမှာ မိမိ၏ အင်္ကျီမဟုတ်ကြောင်း၊ မူးယစ်ဆေးဝါးကို မိမိလက်ဝယ်တွေ့ရှိခြင်းမဟုတ်ကြောင်း ငြင်းဆိုတတ်ကြသည်။ ယင်းကဲ့သို့သောအခြေအနေမျိုးတွင် တရားရုံးများက မည်ကဲ့သို့ ဆင်ခြင်သုံးသပ်သည်ကို ဗဟုသုတအဖြစ်လေ့လာထားသင့်ပေသည်။ စီရင်ထုံးတစ်ခုခုကို ကိုးကားတင်ပြအပ်ပေသည်။

ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉/၉၇ တွင် တရားခံဝင်းယုံ၊ သူရစိုး၊ စိုင်းလောက်လျန်းနှင့် အောင်ရဲသိန်းတို့ လေးဦးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅၊ ၁၆(ဂ) ၂၀(က)/၂၁ တို့အရ တရားစွဲဆိုမှုတွင် သူရစိုးအပေါ် ယင်းဥပဒေပုဒ်မ ၁၆(ဂ) အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို တရားခံသူရစိုးက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄/၉၈ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ အယူခံမှုကို ပလပ်ခဲ့သည်။ တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ အမိန့်ကို သူရစိုးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ(အထူးအယူခံ)မှုအမှတ် ၉၇/၉၈ ကို တင်သွင်းရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

လျှောက်ထားသူ၏ လက်ဝယ်မှ သက်သေခံမူးယစ်ဆေးဝါးဆိုင်ရာပစ္စည်းများတွေ့ရှိကြောင်း ခိုင်လုံခြင်းရှိ/မရှိ၊ သံသယဖြစ်ဖွယ်ပေါ်ပေါက်လျက် လျှောက်ထားသူအပေါ် မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုရှိ/မရှိ”

အမှုဖြစ်ပွားပုံ အကျဉ်းချုပ်မှာ ၂၄–၁–၉၇ ရက်နေ့ နေ့လယ် ၃ နာရီတွင် တောင်ကြီးမြို့မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ဒိုင်နာအာချဒ်နှင့်အဖွဲ့ဝင်များသည် ထောက်လှမ်းရေး(၂)မှတပ်ဖွဲ့ဝင်များနှင့်အတူ သတင်းအရစောင့်ဆိုင်းနေစဉ် သစ်တောရပ်ကွက်၊ ယုဒသန်လက်ဖက်ရည်ဆိုင်အနီးသို့ ယာဉ်အမှတ် ဘ/၇၄၈၆ အဖြူရောင် (Van) ဘင်ကားတစ်စီးအား မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် (ရဝတ)ရုံးသို့ ခေါ်ယူရှာဖွေရာ ယာဉ်မောင်းဝင်းယု ဝတ်ဆင်ထားသည့် သားရေဂျာကင်၊ အနက်

ရောင်အင်္ကျီလက်ယာအတွင်းအိတ်
မာဘိုရိုစီးကရက်ဘူးခွံဖြင့်ထည့်
ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်အ
(၅)ထုပ်၊ စုစုပေါင်းအလေးချိန်(. ၀၀
ကီလိုဂရမ်ကို တွေ့ရှိရသည်။ ၎င်းယ
ပေါ်တွင်လိုက်ပါလာသူ သူရစိုး
အနွေးထည်ကြက်သွေးရောင် ကဉ
အင်္ကျီအိတ်ဘယ်အတွင်းအိတ်မှ ဘိ
ဖြူဖျော်ထားသည့် အရည်အနည်း
ပါသော ဆေးထိုးအပ်၊ ပိုက်တစ်စုံ
ပလတ်စတစ်ဆေးထိုးပိုက်တစ်စုံ
တွေ့ရသည်။ ၎င်းတို့နှင့်ဆက်သွယ်
စိုင်းလောက်လျန်းဝတ်ဆင်ထားသ
ဘောင်းဘီအိတ်ထဲမှလည်း ဘိန်း
ရည်အနည်းငယ်ပါ ပလတ်စတစ်
ထိုးပိုက်တစ်စုံ၊ ဆေးထိုးအပ်(၂)ချော
နှင့် စတီးဇွန်းတစ်ချောင်းတို့ကို တွေ့
ရ၍ ၎င်းတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူး
ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ
ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ
အရေးယူပေးရန် ရဲအုပ် ဒိုင်နာအာ
က တောင်ကြီးမြို့၊ အမှတ်(၁)ရဲစ
တွင် တိုက်ချက်ရေးဖွင့်ရာမှ ပေါ်ပေ
သောအမှုဖြစ်သည်။

ဤအမှုတွင် အဓိကစိစစ်ရ
အချက်မှာ ယာဉ်အမှတ် ဘ/၇
ဘင်ကား၏ နောက်ခန်းကူရှင်ပေါ်
တွေ့ရသော ဂျာကင်အနွေးထည်အ
သည် ကား၏ရှေ့ခန်း၊ ယာဉ်မော
ဝင်းယုံ၏ ဝဲဘက်ထိုင်ခုံတွင် လို
လာသော တရားခံသူရစိုး၏ အ
ဟုတ်/မဟုတ်ဆိုသော အချက်
သည်။

အချင်းဖြစ်ပွားစဉ်က အ
ကားကိုဖမ်းဆီးရာတွင် ခေါင်းဆော



www.burmeseclassic.com

www.burmeseclassic.com



င်းသူ ရဲအုပ်ဒိုင်နာအာချဒ်က ..

"စွပ်စွဲခံရသူ (၃)ဦးတို့အား ဆင်း င်းရာ၌ မော်တော်ယာဉ်ထိုင်ခုံပေါ် ှင် ကြက်သွေးရောင်ကတ္တီပါ ဂျာကင် ကျီတစ်ထည် ကျန်ရှိနေပါသည်။ ဌန်မတို့အဖွဲ့က ထိုအကျီကို တွေ့ရှိ၍ ယ်သူ့အကျီလဲ၊ ကိုယ့်အကျီကိုယ်လှော ှဟုပြောသည့်အခါ သူရစိုးက ၎င်း၏ ကျီဟု ပြောဆိုပြီး ကတ္တီပါအကျီကို ူဆောင်ပြီး (ရဝတ)ရုံးဝင်းအတွင်းသို့ င်လိုက်ခဲ့ခြင်းဖြစ်သည်" ဟု ထွက်ဆို သည်။

ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ှင့်(လိုပြ ၄)က ..

"မှုးယစ်အထူးအဖွဲ့မှ ထိုဂျာကင် အကျီကို (ရဝတ)ရုံး အဆောက်အအုံ တွင်းသို့ ယူဆောင်လာပြီး ထိုဂျာ ကင်အကျီမှာ မည်သူ့အကျီဖြစ်သလဲဟု သ၍ ရုံးရှေ့စွပ်စွဲခံရသူ (၃)ဦးတို့အား မေးမြန်းပါသည်။ ထိုအခါ ၎င်းတို့ (၃) အနက် မည်သူမည်ဝါမှန်း မသိလိုက် သူတစ်ဦးက အဆိုပါဂျာကင်အကျီ ာ သူရစိုး၏ အကျီဖြစ်ကြောင်း ပြော လိုက်သည့်အသံကို ကြားသိလိုက်ရ သည်"

ဟု ထွက်ဆိုသည်။

ဝင်းယုံသည် တောင်ကြီးမြို့နယ် တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်ဝေတင့်(လိုပြ ၇) ထံတွင်သက် သေခံ(ဇ)ဖြောင့်ချက်ကို ပေးခဲ့သည်။ ယင်းဖြောင့်ချက်တွင် ..

"၂၄-၁-၉၇ နေ့တွင် သူငယ် ချင်း သူရစိုးနှင့်အတူ နံနက် ၁၀ နာရီ ခွင် ထုံးဘိုသို့သွား၍ အောင်ရဲသိန်းဆို သူ့ထံတွင် ပစ္စည်းဝယ်ခဲ့ပါသည်။ ပစ္စည်းဆိုရာတွင် ဘိန်းဖြူကိုပြောခြင်း ဖြစ်ပါသည်။ ၎င်းနေ့တွင်ပင် တောင်ကြီး သို့ ပြန်တက်ခဲ့ပြီး စူဠာမဏိဘုရားနား တွင် ကားရပ်၍ ဘိန်းဖြူသုံးစွဲပါသည်။ ၎င်းနောက် သူရစိုးအား မောင်ကြီး တက္ကသိုလ်သို့ ပို့ပေးခဲ့ပါသည်။ ×××××× ကျွန်တော်တို့ကိုယ်ပေါ် ရှာဖွေရာ ကျွန် တော့်ကိုယ်ပေါ်တွင် ဝတ်ထားသော ဂျာကင်အကျီထဲမှ ဘိန်းဖြူထုပ်ကိုတွေ့ ရှိပါသည်။ သူရစိုးအကျီထဲမှ ဆေးထိုး အပ်တွေ့ပါသည်။ စိုင်းလောက်လျှန်း ဘောင်းဘီအိတ်ထဲမှ ဆေးထိုးအပ်တွေ့ ပါသည့် ဘိန်းဖြူကို ကျွန်တော်တို့ သူငယ်ချင်း(၃)ဦး ပိုက်ဆံရ၍ အတူ တကွသုံးစွဲခြင်းဖြစ်ပါသည်။ ပြန်လည် ရောင်းခဲ့ခြင်း လုံးဝမရှိပါ"

တရားခံဝင်းယုံက ၎င်းပေးသော ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသော် လည်း ယင်းဖြောင့်ချက်မှာ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ နှင့် ၃၆၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရယူထား သော ဖြောင့်ချက်ဖြစ်သဖြင့်လည်း ကောင်း၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်ဝေတင့်က ယင်းဖြောင့်ချက်ကို တရားခံဝင်းယုံ၏ လွတ်လပ်သော ဆန္ဒ အလျောက်ပေးကြောင်း ထွက်ဆိုထား သဖြင့်လည်းကောင်း၊ ဖြောင့်ချက်ပါ ထွက်ဆိုချက်များမှာ မှန်ကန်သည်ဟု ဆိုရမည်။

ထို့ပြင် ဝင်းယုံ၏ ဖြောင့်ချက် သည် မိမိကိုယ်မိမိ ကိုယ်လွတ်ရုန်းပြီး ပူးတွဲတရားခံ သူရစိုးအပေါ် အပြစ်ပုံ ချသည့် ဖြောင့်ချက်မျိုးမဟုတ်သဖြင့် ယင်းဖြောင့်ချက်ကို ပူးတွဲတရားခံ သူရစိုးအပေါ် အသုံးပြုနိုင်ပေသည်။ ဖြောင့်ချက်တွင်ပါရှိသော အချက် အလက်များကို အမှုတွင်ပေါ်ပေါက် သော သက်သေခံအထောက်အထား များနှင့် ယှဉ်တွဲစဉ်းစားပါက အယူခံ တရားလို သူရစိုးသည် ပြစ်မှုကျူးလွန် ကြောင်း မြင်သာထင်ရှားသဖြင့် မူလ တရားရုံးနှင့် တရားရုံးချုပ် (မန္တလေး ရုံးထိုင်)က သူရစိုးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ အလုပ်နှင့်ထောင်ဒဏ်(၅) နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းမှုမရှိပေ။

တရားရုံးချုပ် အထူးအယူခံခုံရုံး သည် အထက်ပါအတိုင်းသုံးသပ်ပြီး နောက် မူလတရားရုံးနှင့် တရားရုံး ချုပ်(မန္တလေးရုံးထိုင်)တို့၏ အမိန့်တို့ကို အတည်ပြုခဲ့သည်။ သူရစိုး၏ အထူး အယူခံမှုကို ပလပ်ကြောင်း အမိန့်ချ မှတ်ခဲ့သည်။ ယင်းအမှုကိုလည်း _မောင် သူရစိုးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ တော်(၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ-၁၃၉)_အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြ အပ်ပေသည်။

မောင်ဉာဏ်စိန်




www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေ ဗဟုသုတပျိုးခင်း



## ထွန်းအောင်လှိုင်

ဥပဒေဟူသည် ကျယ်ပြန့်နက်နဲလှပါသည်။ ပညာရပ်တိုင်းတွင် ဆည်းပူးလေ့လာ၍ မကုန်နိုင်လောက်အောင် ကျယ်ပြန့်နက်နဲပါသည်။ ဥပဒေပညာရပ်တွင်လည်း ခက်ခဲကျယ်ပြန့်သည့် အတွေးအခေါ်အယူအဆများစွာရှိပါသည်။ စာရေးသူသည် "ဥပဒေဗဟုသုတပျိုးခင်း" ခေါင်းစဉ်ဖြင့် ပြည်သူအများဗဟုသုတရစေရန် အမြဲမပြတ်ရေးသားခဲ့ပါသည်။

ယခု ဤဆောင်းပါးမှာမူ အများပြည်သူများ ဥပဒေဗဟုသုတရရှိစေလိုခြင်းထက် ဥပဒေကျောင်းသားများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများ၊ ဥပဒေပညာကိုလေ့လာလိုက်စားသူများ အသိပညာရစေရန် ရည်ရွယ်ပါသည်။ တရားဌာနလုပ်သက် ၁၀ နှစ်ခန့်ရှိလာပြီဖြစ်ရာ မိမိကျင်လည်ကျက်စားခဲ့ရသည့် ကာလတစ်လျှောက်မှ ရရှိလာသည့် အတွေ့အကြုံများကို ဝေငှခြင်းဖြစ်ပါသည်။ ကျွန်ုပ်ထက်သာလွန် တော်တတ်သော ဥပဒေပညာရှင်ကြီးများလောက် အတွေ့အကြုံမရှိနိုင်သဖြင့် မိမိတတ်ကျွမ်းသလောက် ဖြန့်ဝေခြင်းဖြစ်၍ လူသိလူတတ်လုပ်ခြင်းမဟုတ်ကြောင်း ကနဦးတင်ပြလိုပါသည်။

တရားရုံးတွင်စွဲဆိုသော ပြစ်မှုများ၌ ပြစ်မှုနှင့် တရားမဟူ၍နှစ်မျိုးနှစ်စားရှိပါသည်။ ဥပဒေနှင့်လုပ်ကိုင်စားသောက်ကြသူအများစုအလွယ်ပြောကြသည့် စကားတစ်ခွန်းရှိပါသည်။ ***ပြစ်မှုသည်လွယ်၍ တရားမသည် ခက်ခဲသည်***ဟူ၍ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ထိုစကားရပ်သည် မှန်သလိုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တရားမမှုခင်းများတွင် အဆင့်များစွာရှိ၍ အမှုကိုဆုံးဖြတ်ရာ၌ သိမ်မွေ့နက်နဲပါသည်။ အမှုအနိုင်အရှုံးသိရအောင် အချိန်ကာလတစ်ခုကိုယူ၍စောင့်ဆိုင်းရသည်။ တရားစွဲဆိုသော အမှုသည်ဖြစ်သည့် တရားလိုသည် ရပိုင်ခွင့်ရှိသော်လည်း အချိန်ကာလ စည်းကမ်းသတ်ကျော်၍ အမှုပလပ်ခံရပြီး အမှုရှုံးသည်လည်း ရှိပါသည်။

ဆိုလိုသည်မှာ တရားမသည် အမှုလိုက်သူရှေ့နေများ၊ အမှုစစ်တရားသူကြီးတို့ စိတ်ရှည်ရှည်ဖြင့် အမှုအတိမ်အနက်ကို လေ့လာပြီး ဆုံးဖြတ်ကြရပါသည်။ ပြစ်မှုများတွင်မူ တရားလိုနှင့် တရားလိုပြသက်သေများ၊ တရားခံနှင့် တရားခံပြသက်သေ နှစ်ဖက်ထွက်ချက်များသုံးသပ်ပြီး တရားခံပြစ်မှုကျ
လွန်ခြင်း ရှိ/မရှိ ဆုံးဖြတ်ရပါသည်
တစ်နည်းဆိုရသော် တရားမမှုခင်းများ
သည် တရားမကျင့်ထုံးနှင့် အခြ
ဥပဒေများအရသာ ဆုံးဖြတ်ကြရ
သည်။ ပြစ်မှုဆိုင်ရာမှုခင်းများမှာမူ န
ဖက်သက်သေများ၏ ထွက်ချက်မျ
အပေါ်မူတည်၍ ဆုံးဖြတ်ရပါသည်
တရားမမှုခင်းများကဲ့သို့ အထက်တွ
ဖော်ပြခဲ့သလို နိုင်မလိုနှင့် မရှုံးတတ်

သို့သော် ပြစ်မှုတွင်လည်း ရှု
ထွေးသည့်အပိုင်းများ ရှိပါသည်။ ပြစ်
ဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အရ ရာဇဝ
မကင်းသော အိမ်ကျော်နင်းမှုမြော
ရန်အတွက် လက်ယပ်ရှိခွင့်သာ
အပ်ပါသည်။ ထိုအိမ်ကို ပိုင်ဆိုင်
မလိုပါ။ အိမ်ပိုင်ရှင်က အိမ်ငှားဖြစ်
အား ပုဒ်မ ၄၄၈ ဖြင့် တရားမစွဲနိုင်
ထိုကဲ့သို့ ရှုပ်ထွေးလှသည့်ပုဒ်မမျ
အယူအဆများစွာရှိပါသည်။

ရဲအရေးပိုင်သော မှုခင်းမျ
သက်ဆိုင်ရာရဲစခန်းတွင် တိုင်တန်း
က ဦးစွာပထမ သတင်းပေးတိုင်ချ
ယူရပါသည်။ ပြစ်မှုဆိုင်ရာကျင့်
ဥပဒေ ၁၅၄ အရ သတင်းပေးတိ
တန်းသူ၏ ပြောပြချက်ကို နီးစပ်
သမျှရေးသားမှတ်ယူရပြီး ၎င်းကို ရဲ
ပထမသတင်းပေးတိုင်တန်းချက်
ခေါ်ပါသည်။ ထို့နောက် စုံစမ်းစစ်ဆေ
သူ ရဲအရာရှိက တရားလို/တရား
နှစ်ဦး နှစ်ဖက်သက်သေများကို
ဆေးပြီး ဥပဒေအကြံပြုချက်ရယူ
အမှုအားတရားစွဲတင်ပို့ကြပါသည်
အမှုအများစုတွင် ပထမသတင်းပေး
တိုင်တန်းချက်ကို အခြေခံ၍ တိုင်တ

www.burmeseclassic.com



သူ တရားလိုက ထွက်ဆိုချက်ပေးတတ်ကြပါသည်။

သို့သော် အချို့သောမှုခင်းများတွင် ပထမသတင်းပေးတိုက်ချက်ကို ကျော်လွန်၍ (သို့)ကွဲလွဲ၍ ထွင်ဆိုတတ်သည်များလည်း ရှိပါသည်။

ပထမသတင်းပေးတိုင်ချက်မှာ ကျမ်းသစ္စာပြုထားသော ထွက်ချက်မဟုတ်၊ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရသည့်တိုင်ချက်မှတ်တမ်းတစ်ခုသာဖြစ်၍အခြေခံအထောက်အထားအဖြစ် အသုံးမပြုနိုင်ပါ။ ထိုအကြောင်းနှင့်ပတ်သက်၍ စီရင်ထုံးများစွာ ထုံးဖွဲ့ထားပါသည်။ ရှုံးရှေ့ထွက်ချက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၅၇ အရ ထောက်ခံသည့်အနေဖြင့်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။ တိုင်ချက်ကိုဖွင့်လှစ်ရေးသားရာတွင် တိုင်တန်းသူတစ်ဦးသည် ဖြစ်ပွားပုံအပြည့်စုံထည့်သွင်းရန်လိုမည်မဟုတ်။ အဓိကထွက်ချက်ကိုသာ ဖော်ပြရန် လိုသည်။ ရှုံးတွင်ထွက်ဆိုသောအခါ၌ အချက်အလက်အပြည့်အစုံကို မေးမြန်းသောမေးခွန်းများအပေါ် မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်ကြောင်း *"မောင်တင်လှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၆၅၄"* တွင် လမ်းညွှန်ဆုံးဖြတ်ပါသည်။

*"မောင်မြဟန်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၈၀"*

*"မောင်စိန်ထွန်းပါ ၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၂၆၁"*

တို့တွင်လည်း ပထမသတင်းပေးတိုင်ချက်၌ အမှုအသေးစိတ် အချက်အလက်များပါဝင်ရန် မလိုအပ်ကြောင်း တရားရုံး၌ သက်သေစစ်ဆေးတိုင်း ရဲအရာရှိက မှတ်တမ်းမတင်ရကြောင်း သုံးသပ်ထားပါသည်။

အထက်ပါ စီရင်ထုံးများအရ ဆိုပါက ပထမသတင်းပေးတိုင်တန်းချက်တွင် အပြည့်အစုံတိုင်ကြားရန်မလိုဟု အဓိပ္ပာယ်ရပါသည်။ သို့ဆိုပါက ပထမသတင်းပေးတိုင်တန်းချက်တွင် မပါသော အချက်များကို ရုံးရှေ့၌ထွက်ဆိုတိုင်း တရားရုံးက လက်ခံယုံကြည်ရမည်ဟု မဆိုလိုပါ။

ရဲထံတိုင်စဉ်က အိမ်ပေါ်တက်၍ ဆဲဆိုပြီး ရိုက်နှက်သည်ဟု တိုင်တန်းသော်လည်း ရုံးရှေ့၌မူ ထိုနေ့က မိမိအိမ်ပေါ်မှငွေများ ပျောက်ဆုံးသည်ဟု ထွက်ဆိုလာလျှင်မူ အမှုစစ်တရားရုံးမှ သတိကြီးစွာ သုံးသပ်ဆုံးဖြတ်ရပါမည်။

ပထမသတင်းပေးတိုင်ကြားသူအနေဖြင့် တိုင်ချက် အမှုဖြစ်စဉ်ကို အသေးစိတ်ဖော်ပြတိုင်ကြားရန်မလိုသည်မှာ မှန်သော်လည်း အမှု၏ အဓိကကျသည့် အချက်များပါဝင်အောင် ဖော်ပြတိုင်တန်းရန် လိုသည်။ အမှုတွင် အဓိကကျသည့် အချက်ကို တိုင်ချက်တွင် ထည့်သွင်းတိုင်ကြားခြင်းမပြုဘဲ ရုံးရှေ့ရောက်မှ ထုတ်ဖော်ထွက်ဆိုမည်ဆိုလျှင် ထိုထွက်ဆိုချက်ကို ရုံးကသတိ၊ ဝီရိယကြီးစွာဖြင့် လက်ခံနိုင်ချေ ရှိ/မရှိကို စိစစ်ရမည်ဖြစ်သည်ဟု *"မွေးမွေး(ခ)ခင်သန်းဝင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂၊ ၂၀၀၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၃၈"* တွင် လမ်းညွှန်ဆုံးဖြတ်ထားပါသည်။

အထက်တွင်ဖော်ပြထားသည့် စီရင်ထုံးများနှင့် ယခုဖော်ပြသည့် စီရင်ထုံးဆုံးဖြတ်ချက် အနှစ်သာရကွဲပြားပါသည်။ အထက်၌ ဖော်ပြထားသည့် စီရင်ထုံးများမှာ ပထမသတင်းပေးတိုင်ချက်ကို အခြေပြု၍ ဆင့်ပွားကိစ္စရပ်များထွက်ဆို၍ မယုံထိုက်ဟု မဆိုနိုင်ဟု ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ နောက်ဆုံး စီရင်ထုံးတွင်မူ ပထမသတင်းပေးတိုင်ချက်တွင် လုံးဝမဖော်ပြ မတိုင်တန်းထားသည့် ကိစ္စရပ်များချဲ့ကားထွက်ဆိုလာလျှင်မူ အမှုစစ်တရားရုံးက သတိကြီးစွာဆုံးဖြတ်သင့်ပါသည်။ တရားလိုမှ တရားရုံး၌ ချဲ့ကားထွက်ဆိုသည့်အချက်ကို ပထမသတင်းပေးတိုင်တန်းချက် တိုင်တန်းစဉ် တိုင်တန်းနိုင်သည့်အခြေအနေ ရှိ/မရှိ စိစစ်ရမည်ဖြစ်ကြောင်း အထက်တွင် ဖော်ပြထားသည့် မမွေးမွေး(ခ)ခင်သန်းဝင်း စီရင်ထုံးတွင် ထည့်သွင်းဆုံးဖြတ်ခဲ့ပါသည်။


သို့ဖြစ်၍ ပြစ်မှုကလွယ်၍ တရားမက ခက်သည်ဟု အလွယ်မဆိုချင်ပါ။ စီရင်ထုံးပါ အချက်များကို မိမိအမှုနှင့်တူပါသည်ဟု လေ့နံ့စားထစ်ယူဆ၍ရမည်မဟုတ်ပါ။ သက်ဆိုင်ရာအမှုအခြေအနေနှင့် စီရင်ထုံး၏အနှစ်သာရကို လိုက်၍ သုံးသပ်ဆင်ခြင်အမှု လိုက်ပါဆောင်ရွက်ဆုံးဖြတ်ရပါသည်။ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းသူများ၊ ဥပဒေပညာလေ့လာလိုက်စားသူများ လိုက်နာလေ့လာသင့်သည့် စီရင်ထုံးများဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ထွန်းအောင်လှိုင်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သိမ်းပိုင်း



စုံထောက်

# မောင်ရှေခါ

အမှိုက်ကာစ

# ပြာသာဒ်မိုးလောင်



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

"နော်နော်ရေ ... နော်နော်အောင်"

ရွာ၏တောင်ဘက်တွင် နော်နော်အောင်၏ကွမ်းခြံနှင့် တောင်ယာတဲတစ်ဲ့ရှိ၏။ အခင်းမဖြစ်မီ တစ်ပတ်ခန့် ့နေပိုင်းတွင် ဖြစ်၏။ ထိုနေ့က နော်နော်အောင်သည် ထိုကွမ်းခြံတဲတွင် ရှိ၏။ ခြံဝမှ အော်ခေါ်သံကြောင့် နော်နော်အောင်က တဲအတွင်းမှ ထွက်လာ၏။ ခြံဝတွင် သူငယ်ချင်းဖြစ်သူ သိန်းစိုးဝင်းကိုတွေ့၍-

"လာလေ ... သူငယ်ချင်း"

ဟု ခေါ်၏။ သိန်းစိုးဝင်းလည်း နော်နော်အောင်ရှိရာ တဲသို့သွား၏။ တဲအိမ်အတွင်း ဆုံမိကြသောအခါ သိန်းစိုးဝင်းက-

"ငါစိတ်ညစ်နေလို့ ... ငါ့ကို အရက်တိုက်ပါလားကွာ"

"ဘာတွေများ ... စိတ်ညစ်နေတာလဲ သူငယ်ချင်းရာ"

"အိမ်က မိန်းမပေါ့ကွာ .. ငါ့ကို မင်းမိန်းမနဲ့သမုတ်လို့ ငါစကားများပြီး ထွက်လာခဲ့တာ"

"မင်းက ... အကျိုးအကြောင်း ရှင်းမပြဘူးလား"


"ရှင်းပြရင် ... တစ်ယောက်နဲ့ တစ်ယောက် ထသတ်မိမှာစိုးလို့ ငါလည်း ရှင်းပြမနေတော့ဘူး၊ မင်းပဲ စဉ်းစားကြည့်လေ ... အတူတကွ အလုပ်လုပ်နေကြတဲ့သူတွေပဲ အလုပ်ကိစ္စနဲ့ တွဲသွားတွဲလာတော့ ရှိမှာပေါ့၊ အဲဒါကို သူက စွပ်စွပ်စွဲစွဲ လုပ်နေတော့ ငါလည်း ... ဒေါ်ပွပြီး ထွက်လာခဲ့တာ"

"အေးပါကွာ ... အဲဒီလောက်ကြီး စိတ်ဆိုးမနေပါနဲ့၊ မင်း .. စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ငါအရက်တိုက်ပါ့မယ်"

ဟုဆိုပြီး သူငယ်ချင်းနှစ်ယောက်သည် ကွမ်းခြံအနီးရှိ အိမ်ဆိုင်တစ်ဆိုင်သို့ သွားကြ၏။ ထိုအိမ်ဆိုင်မှ ဘီယာတစ်လုံး၊ ဝီစကီတစ်ပြားနှင့် မြည်းစရာများဝယ်၍ ကွမ်းခြံတဲသို့ ပြန်လာကြ၏။ ကွမ်းခြံတဲတွင် သိန်းစိုးဝင်းနှင့် နော်နော်အောင်တို့ သူငယ်ချင်းနှစ်ယောက် အရက်အတူသောက်ကြ၏။ အရက်ထက်ဝက်ကျော်ခန့်အကုန်တွင် နော်နော်အောင်က-

"ငါ့မိန်းမက ... အသက်ကလည်းငယ်၊ အဆင်းသဏ္ဌာန်ကလည်းရှိတော့ အပြောအဆို အနေအထိုင်က မတတ်ဘူးကွ"

"ဟုတ်ပါတယ် ... သူငယ်ချင်း၊ ငါနားလည်ပါတယ်၊ မင်းတို့လင်မယား



ကြို့ပင်ကုန်းကျေးရွာအပြင်ဘက် ကုန်းမြေချိုင့်အတွင်းသို့သွားသောလမ်းနှင့် မီးစတင်ရှို့ခဲ့သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းက
မိန်းမသားတစ်ယောက်
အတွက် ရှက်တတ်လျှင်
ကိုယ့်ကိုယ်ကို
သတ်သေဖို့ပင် ဖြစ်ပါ၏။
ဆွေဆွေလွင်အဖြစ်က
ဆုပ်လည်းဆူး
စားလည်းရူးအဖြစ်မျိုး။
ဝန်ခံလျှင်လည်း အခက်၊
ငြင်းပြန်လျှင်လည်း
အရှက်မျိုး ဖြစ်နေပါ၏။
ထို့ကြောင့်
ဆွေဆွေလွင်တစ်ယောက်
ဆူးစူးခံမှာလား။
ရူးသွပ်မှုခံမှာလား
...

ဟာ ငါ့ရဲ့အလုပ်ရှင် ... တစ်နည်းပြောရရင် ငါ့ရဲ့ထမင်းရှင်တွေလေ၊ ဒါကို ငါက ဆော်ကားမော်ကားပြုပါ့မလား၊ အဲဒါကို ... မစဉ်းစား မတွေးတောဘဲ ကိုယ်ထင်မြင်ရာကို လျှောက်ပြောနေတော့ ငါလည်းမကောင်းဘူး။ မင်းမိန်းမလည်း သိက္ခာကျတာပေါ့ကွာ"

"ဟုတ်ပါတယ် ... သူငယ်ချင်း၊ ယောကျ်ားနဲ့မိန်းမဆိုတာ သွေးမတော်သားမစပ်ဘဲ ပြောဆိုဆက်ဆံရာမှာ အပြောအဆို အနေအထိုင်မတတ်ရင် ပတ်ဝန်းကျင်က ... သွားပုပ်လေလွင့် ပြောမှာပဲ"

ဟု နော်နော်အောင်မှ ပြောဆိုခဲ့ပြီး ထိုနေ့ညက သိန်းစိုးဝင်းနှင့် နော်နော်အောင်တို့သည် ထိုကွမ်းခြံတဲ၌ပင် နှစ်ယောက်အတူအိပ်စက်ခဲ့ကြကြောင်း နော်နော်အောင်မှ ထွက်ဆိုအစစ်ခံခဲ့ပါသည်။

"အဲဒီအချိန်ထိ ... မင်းမိန်းမနဲ့ သိန်းစိုးဝင်းတို့ လူမှုရေးဖောက်ပြန်နေတယ်ဆိုတာ မင်းမကြားမိဘူးလား"

ဟု ကျွန်ုပ်၏အမေးကို နော်နော်အောင်က–

"အမှန်အတိုင်းပြောရရင် ... ကျွန်တော် လုံးဝမကြားမိပါဘူး"

"ဘယ်အချိန်လောက်ကျမှ .. လူမှုရေးဖောက်ပြန်နေတယ်ဆိုတာကို သိတာလဲ၊ ဘယ်သူပြောလို့ သိတာလဲ"

ဤမေးခွန်းက ရှင်းပါသည်။ တစ်ဆင့်စကားလား၊ ဒါမှမဟုတ် မည်ကဲ့သို့သော သံသယကြောင့်ဆိုသည်ကို သိထားဖို့ လိုပါ၏။ လူမှုရေးဖောက်ပြန်ခြင်းမှာ မမြင်ကွယ်ရာတွင် ပြုကြခြင်းဖြစ်ပါ၍ ကာယကံရှင်ကိုယ်တိုင် မြင်တွေ့ဖို့က အတော်ကိုရှားပါ၏။ တစ်ဦးက သက်သေမကင်းဖွယ်မြင်တွေ့၍ သက်ဆိုင်သူသို့ ပြောဆိုမှုမျိုးလည်း ရှိတတ်ပါ၏။ ဒါကို ကွဲကွဲပြားပြား သိလို သော ကျွန်ုပ်၏အမေးကို နော်နော်အောင်က–


"ကျွန်တော့်မိန်းမ ... ဆွေဆွေလွင်ကိုယ်တိုင် ဖွင့်ပြောလို့ ကျွန်တော် သိတာပါ"

ဤအဖြေက အမှုစစ်မေးနေ ကျွန်ုပ်အတွက် တအံ့တဩဖြစ်ရပါ၏။ တခြား တခြားသော ကိစ္စများတွင် အမှန်အတိုင်း ပြောဆိုဖို့ ဝန်မလေးကြပါ။ မိမိကိုယ်တိုင် အကျင့်စရိုက်ပျက်၍ အိမ်ထောင်ရေးဖောက်ပြန်သောကိစ္စမျိုးကို မည်သူက အမှန်အတိုင်း ပြောမည်နည်း။ လက်ဆုပ်လက်ကိုင် မပြနိုင်သ၍ ဘူးကွယ်ကြမည်ဖြစ်၏။ ယခုမှု ဇနီးမယားကိုယ်တိုင်က လင်ယောကျ်ားကို မုသားမပါဘဲ ဝန်ခံရဲသော ကာယကံရှင်၏သတ္တိကို ချီးကျူးပါ၏။ ထို့အတူ သူမ၏လင်ယောကျ်ားကိုလည်း မတွေးတတ်အောင်ပင် အံ့ဩတုန်လှုပ်မိသည်။ မည်သို့မျှ သည်းခံခွင့်လွှတ်နိုင်စွမ်းမရှိသော ကိစ္စရပ်ကို သည်းခံ၍ ဇနီးမယားကို ဘာမျှမပြုမူခဲ့သော လင်ယောကျ်ားကိုလည်း ချီးကျူးပါ၏။ ထိုမိန်းမနှင့် ယောကျ်ားတို့ကို မုသားမသုံးသူနှင့် သည်းခံနိုင်စွမ်းရှိသူဟုသာ ဆိုချင်ပါတော့သည်။

+ + +

## အခန်း(၇)

"ဆွေဆွေ ... မင်းနဲ့ ငါ့သူငယ်ချင်း သိန်းစိုးဝင်းတို့ အိမ်ထောင်ရေးဖောက်ပြန်နေကြတယ်ဆို"



သေဆုံးသူ သိန်းစိုးဝင်းနှင့်ဇနီး မဆွေဆွေလွင်တို့ မောင်းဝင်ပျောက်ဆုံးသွား၍ ဝင်ရာသော ကန္တာရတောလမ်းအား ပြသနေစဉ်

အခင်းမဖြစ်မီ သုံးလေးရက်ခန့်ကဖြစ်၏။ ကွမ်းခြံ ယာတဲတွင် နော်နော်အောင်နှင့် ဆွေဆွေလွင်တို့ အတူညအိပ်ကြ၏။ အိပ်ယာဝင်ပြီး မကြာမီနံဘေးတွင် လဲလျောင်း၍ ယှဉ်တွဲရှိနေသော ဇနီးမယားကို ခင်ပွန်းသည် နော်နော်အောင်က အထက်ပါစကားဖြင့် မေးစမ်းကြည့်၏။ ဒီတော့ ဆွေဆွေအောင်က–

"အစ်ကိုကို ‥ ဘယ်သူက ပြောလို့လဲ"

မျက်မြင်ကိုယ်တွေ့မဟုတ်၍ ဆွေဆွေလွင်က ငြင်းပယ်ဖို့ စကားဦးသမ်းစကားဆို၏။ ဒါကို ရိပ်စားမိသူ နော်နော်အောင်က–

"ငါ …သူများပြောတဲ့ ကြားစကားတွေကို မယုံပါဘူး၊ မင်းတို့ကိစ္စကို ကာယကံရှင်ဖြစ်တဲ့ သိန်းစိုးဝင်းကိုယ်တိုင် ပြောပြလို့ ငါသိရတာပါ"

ဟု အစ်အောက်စကားကို ဟန်ပါပါဖြင့် ပြောဆိုနေ၏။ ထိုစကားသံက ဆွေဆွေလွင်၏နှလုံးသားကို ထိုးဆွလိုက်သလို ရှိနေ၏။ သိန်းစိုးဝင်းကိုလည်း နာကျည်းမှုများဖြင့် ပြည့်နှက်နေ၏။ ကနဦးက သူမှစခဲ့ပြီး ယခုမှ မိန်းမသားတစ်ဦး၏ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ လင်သားယောကျ်ားကို ထုတ်ဖော်ပြောဆိုမှုက သူမအတွက် ခံစားရခက်သောဝေဒနာဖြစ်နေ၏။ ထိုဝေဒနာ၏နှိပ်စက်မှုကြောင့်တုန်လှုပ်ချောက်ချားနေပြီး ပက်လက်နားနေသော်လည်း ရင်တွင်း၌ ဆောက်တည်ရာမရဖြစ်နေ၏။ ထို့ကြောင့် ခင်ပွန်းသည်၏စကားကို ပင် ခွန်းတုံ့မပြန်နိုင်ဘဲ ဆိတ်ငြိမ်စွာ ရှိနေခဲ့၏။ ထိုစဉ် နောက်တစ်ဆင့်တက်၍ နော်နော်အောင်က–

"ပြောလေကွာ …ဟုတ ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး မင်းဘက်ကပြောပိုင်ခွင့်ရှိတာပဲ၊ မဟုတ်ဘူးဆိုရင်လည်း မင်းနဲ့ သိန်းစိုးဝင်း ငါ့ရှေ့မှာ မျက်နှာချင်းဆိုင် ရှင်းကြလေ"

ဒီမေးခွန်းက မိန်းမသားတစ်ယောက်အတွက် ရှက်တတ်လျှင် ကိုယ့်ကိုယ်ကို သတ်သေဖို့ပင် ဖြစ်ပါ၏။ ဆွေဆွေလွင်အဖြစ်က ဆုပ်လည်းဆူး စားလည်းရူးအဖြစ်မျိုး။ ဝန်ခံလျှင်လည်း အခက်၊ ငြင်းဖြန်လျှင်လည်း အရှက်မျိုးဖြစ်နေပါ၏။ ထို့ကြောင့် ဆွေဆွေလွင် တစ်ယောက် ဆူးစူးခံမှာလား၊ ရူးသွပ်မှုခံမှာလား ဒါမှမဟုတ် အခက်အခဲကို ဖြေရှင်းမှာလား၊ အရှက်ကို နောက်ထပ် အကွဲခံဦးမှာလား စဉ်းစားတွေးတောရင်းဖြင့်–

"ဟုတ်ပါတယ် … ကျွန်မ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်ကျူးကျူး ဖြစ်ခဲ့မိပါတယ်၊ အဲဒီအတွက် အစ်ကိုပေးတဲ့အပြစ်ကို ကျွန်မခံပါ့မယ်''

ဟု ဆွေဆွေလွင်က ဝန်ခံကတိပြု ခဲ့ကြောင်းကို ခင်ပွန်းဖြစ်သူ နော်နော် အောင်မှ ထွက်ဆိုပြခဲ့ပါသည်။

''မင်းမိန်းမရဲ့ ‥ အဖြေစကား ကြားလိုက်တော့ မင်းရင်ထဲ ဘယ်လို ခံစားလိုက်ရသလဲ''

ဟု ကျွန်ုပ်က မေး၏။ ထိုအခါ နော်နော်အောင်က–

''ကျွန်တော့်နှလုံးသားကို … အပြင်းစားငရဲမီးနဲ့ လေင်းချလိုက်သလိုပဲ၊ အသားတွေ တဆတ်ဆတ်တုန်လာပြီး မိန်းမကို ထသတ်ချင်စိတ်ပေါက်သွားခဲ့ တယ်၊ ဒါပေမဲ့ ‥ အရွယ်မရောက်သေးတဲ့ တစ်ဦးတည်းသော သမီးလေး မေချယ်ရီသန့်ရဲ့ ဘဝရှေ့ရေးကို တွေးမိပြီး ကျွန်တော့်စိတ်တွေ … လျော့ချလိုက်ပါတယ်''

ထို့နောက် နော်နော်အောင်သည် ဇနီးသည် ဆွေဆွေလွင်အား သိန်းစိုးဝင်းနှင့် မည်သို့မည်ပုံ ငြိစွန်းမှုဖြစ်ခဲ့သည်ကို မေးမြန်းကြည့်၏။

လွန်ခဲ့သော ၆ လကျော်ခန့်က သိန်းစိုးဝင်းသည် ဆွေဆွေလွင်အား ချောကြောင်း၊ လှကြောင်း၊ စိတ်ဝင်စားကြောင်း နှုတ်ဖြင့်တစ်မျိုး စာဖြင့်အသွယ်သွယ် ပြောဆို ရေးသား၍ ချစ်ရေးဆိုခဲ့သည်။ ပထမတွင် ဆွေဆွေလွင်က မဖြစ်နိုင်ကြောင်း ငြင်းဆိုပြီး စာဖြင့်လည်း အကြောင်းပြန်ပါ၏။ သို့သော် သိန်းစိုးဝင်းက နောက်မဆုတ်၊ ရှေ့သို့သာတိုး၍ ယုတ်စွအဆုံး ဆွေဆွေလွင်ကို ခိုးပြေး၍ အတူပေါင်းသင်း နေထိုင်ဖို့ပင် စီစဉ်ခဲ့သည်။ တိုက်ဖန်များလျှင် သစ်ငုတ်ပင်နဲ့သေးဆိုသော စကားရှိပါ၏။ မိန်းကလေးအချို့မှာ အသည်းနု၏။ နှလုံးသားရေးရာကို ဦးစားပေး၏။ ချောကြောင်း၊ လှကြောင်း ပြောလျှင် ကျေနပ်ပီတိဖြစ်၏။ ထို မိန်းကလေးမျိုးထဲတွင် ဆွေဆွေလွင် လည်း တစ်ဦးပါ၏။ မကြာလိုက်ပါ။ ဆွေဆွေလွင်မှ သိန်းစိုးဝင်း၏ချစ်ရေး ဆိုမှုကို လက်ခံလိုက်သည်။

အိမ်ထောင်ရှင်များ ဖြစ်ကြသည့် အားလျော်စွာ လင်နှင့်မယား သဘောသဘာဝကို သိရှိထားကြသူများဖြစ်ပါ၏။ လစ်လျှင်လစ်သလို ရပ်ရွာတွင် တစ်မျိုး၊ တခြားမြို့ရွာတွင် တစ်သွယ် အဖွယ်ဖွယ်သော အရပ်တို့၌ လူမှုရေး ဖောက်ပြန်ခဲ့ကြ၏။ ယခု အခင်းဖြစ် သည့် နေရာကိုပင် အလွတ်မပေး လူမှု ရေးဖောက်ပြန်ခဲ့ကြောင်း ဆွေဆွေလွင် ၏ပြောဆိုချက်ကို နော်နော်အောင်မှ ထွက်ဆိုပြသည်။

ကျွန်ုပ်ရှေ့တွင် ရှိနေသူ နော်နော် အောင်ကို ကိုယ်ချင်းစာနာမှုများဖြင့် ကြည့်နေမိ၏။ သူ့ကို သနားမိသလို သူ့မိန်းမ ဆွေဆွေလွင်ကိုလည်း နားမလည်နိုင်အောင် ရှိနေမိ၏။ မိန်းမဖြစ်သူ ၏ လူမှုရေးဖောက်ပြန်မှုကို သူကြားသိ ထားသည့်အတိုင်း မချွင်းမချန် ကျွန်ုပ် အား ရိုးသားပွင့်လင်းစွာ ပြောပြခဲ့၏။ သူ၏ဖြစ်စဉ်ကိုကြားသိခဲ့ရသော ကျွန်ုပ် သည် စာရေးဆရာ စံထောက်မောင် ရေခဲ ရေးသားခဲ့သော ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတစ်ခုကို သတိရမိခဲ့၏။ ဆရာ သည် ထိုဝတ္ထုဇာတ်လမ်းတွင် မိန်းမအချို့၏ ကောက်ကျစ်ပုံ၊ မြူဆွယ်ပုံ၊ မာယာများပုံတို့ကို ရေးသီထားသည်။ ‥

မိန်းမများ၏လှည့်စားမှုကြောင့် ဒု‥
ရောက်ခဲ့ရသောအမျိုးသား(ယောကျ်ား‥
များအတွက် သတိတရားရှိဖို့ အ‥
ပေး ရေးဖွဲ့ထားသည်။ ထိုဖြစ်ရပ်မှ‥
ဝတ္ထုဇာတ်လမ်းကို ဆရာက ''မိန္ဓာ‥
က မာယာရှင်နှင့် ကိုယ်တွေ့ဖြစ်ရပ်မှ‥
များ''ဟု ညွှန်းပြထားသည်။ ထိုဝတ္ထု‥
ဇာတ်လမ်း၏အဆုံးတွင် ဆရာက–

''မိန်းမဟူက … မာယာရှိ‥
လင်သားယောကျ်ား အချစ်ပွား၏။ ‥
ပင်ဆိုငြား ထိုကူတ္တိကား နှစ်သက်သ‥
ပုရိသကို မှုယာသွင်ဖြင့် ချူကာချလှ‥
မာယာ‥‥သိန်း အပလိန်းအနန္တ ‥
မိန်းမကား မိန္ဓာဘုံက မာယာရှင်သာ‥

ဟု ကူတ္တိယခေါ် မိန်းမတို့၏ ‥
များသော အကျင့်စရိုက်ဆိုးကို ညွှန်း‥
ထားပုံအား မျှဝေ အသိပေးရပါသည်‥
ဖြစ်စဉ်ကို ရှေ့ဆက်မေးဖို့အတွက်‥
ကျွန်ုပ်က–

''မင်းက … ဘာမှမလုပ်တော‥
မင်းမိန်းမက ဘာပြောသလဲ''

''သူ့အပြစ်ကို … ကျေအော‥
သူ ဘယ်လိုပေးဆပ်ရမလဲလို့ ပြော‥
တယ်''

''အဲဒီတော့ … မင်းက ဘာပြ‥
ပြောလိုက်သလဲ''

''မင်း … သိန်းစိုးဝင်းကို သေ‥
အောင်သတ်ပေးရင် မင်းအပြစ်တွေ‥
ကျေပြီး ငါလည်း … မင်းကို ခွင့်လွှတ်‥
တယ်လို့ ပြောလိုက်ပါတယ်''

ထိုအခါ ဆွေဆွေလွင်မှ သိန်းစိုး‥
ဝင်းကို ဓားဖြင့် ထိုးသတ်ပေးမည်ဟု‥
ပြော၏။ ယောကျ်ားနှင့်မိန်းမ အင်အာ‥
မမျှ၍ ဓားဖြင့်မထိုးရန် နော်နော်‥



www.burmeseclassic.com

www.burmeseclassic.com




အောင်က တား၏။ ဒါတွင်မက မား ဖြင့်ထိုး၍ လူသိရှင်ကြားဖြစ်သွားလျှင် ရှင်းရန်မရနိုင်ကြောင်း အသိပေး၏။ ဒီတော့ ဆွေဆွေလွင်က–

"ဒါဖြင့် ... ကျွန်မ သူ့ကို ဘယ်လို သတ်ပေးရမလဲ"

"ငါ ... တစ်ရက် နှစ်ရက် စဉ်းစားပြီးရင် ဘယ်လိုသတ်ပေးရမယ်ဆိုတာ မင်းကိုပြောမယ်"

+ + +



သေဆုံးသူ သိန်းစိုးဝင်းနှင့် တရားခံမဆွေဆွေလွင်တို့ ချိန်းတွေ့စဉ် သေဆုံးသူအား အဆိပ်ပါသော Sprite အချိုရည်သံဗူး(၂)ဗူးတိုက်ခဲ့သည့်နေရာအား ပြသစဉ်

အခန်း(၈)

"ဟုတ်ကဲ့ .. ရပါတယ်၊ အစ်ကို့အတွက် ကျွန်မဘက်က အချိန်မရွေး အသင့်ပါပဲ"

အခင်းမဖြစ်မီ တစ်ရက်အလို နက်ပိုင်းတွင် ဖြစ်၏။ သိန်းစိုးဝင်းမှ လှည်းတစ်စီး၊ နော်နော်အောင်မှ လှည်းတစ်စီးစီ မောင်းနှင်၍ ရိတ်သိမ်းပြီးသော ကောက်လှိုင်းများရှိရာ လယ်မြေသို့ ရောက်ရှိလာ၏။ စပါးချွေရန် ကောက်လှိုင်းစည်းများကို ဆွေဆွေလွင်နှင့်အတူ လှည်းပေါ်သို့ တင်ကြ၏။ နော်နော်အောင် မောင်းနှင်သောလှည်းမှာ ကောက်လှိုင်းစည်းများပြည့်သွား၍ စပါးတလင်းသို့ ဦးစွာ ထွက်သွား၏။ ထိုအခါ ကျန်ရှိနေသော သိန်းစိုးဝင်း မောင်းနှင်သည့် လှည်းပေါ်သို့ ကောက်လှိုင်းစည်းများ ဆက်တင်၏။ ထိုစဉ် သိန်းစိုးဝင်းက ဆွေဆွေလွင်အား မနက်ဖြန်မနက်ပိုင်းတွင် ဆုံတွေ့နေကျနေရာ(အခင်းဖြစ်နေရာ)၌ ဆုံတွေ့လို၍ ရွှေဘိုဈေးကြီး၏အရှေ့မြောက်ထောင့် စောင့်နေကျနေရာတွင် စောင့်ရန် ချိန်းဆို၏။ ဒီတော့ ဆွေဆွေလွင်က သိန်းစိုးဝင်း၏ချိန်းဆိုမှုကို မငြင်းလိုဘဲ အထက်ပါစကားဖြင့် အဖြေပေးသည်။

ညနေ အလုပ်သိမ်း၍ အိမ်ပြန်ရောက်သောအခါ ဆွေဆွေလွင့်က ခင်ပွန်းသည် နော်နော်အောင်ကို သိန်းစိုးဝင်းချိန်းဆိုသည့်အကြောင်း အပြည့်အစုံ ပြောပြ၏။ ဒီတော့ နော်နော်အောင်က–

"ကောင်းပြီ ... မနက် မင်းသူချိန်းတဲ့နေရာကို သွားလိုက်ပါ၊ ဘယ်လိုသတ်ရမယ်ဆိုတာကို ညကျရင် ငါပြောပြပါမယ်"

ဟု ပြောဆိုပြီး နေအိမ်မှ လှတောဈေးသို့ ဆိုင်ကယ်ဖြင့် ထွက်သွား



www.burmeseclassic.com

၏။ ဈေးတွင် အချိုရည် Sprite သတ္တုဗူးနှစ်ဗူးဝယ်၍ အိမ်သို့ပြန်လာ၏။ နေအိမ်တွင် အချိုရည်တစ်ဗူး၏ ဖင်ပိုင်းကို တစ်ခါသုံးဆေးထိုးအပ်ဖြင့် ထိုးဖောက်၏။ ထိုဆေးထိုးအပ်မှာ မိခင်နေထိုင်မကောင်းစဉ်က အသုံးပြုခဲ့သော အပ်နှင့် ဆလင်းဖြစ်၍ အိမ်တွင် အသင့်ရှိနေ၏။ ယခင်က လယ်ယာမြေတွင် အသုံးပြုခဲ့သော အဆိပ်ဆေးမှုန့်(ပုလင်းဖင်ကပ်)အနည်းအပါးကလည်း အသင့်ရှိနေ၏။ ထိုအဆိပ်ဆေးမှုန့်ကို အရည်ဖျော်၍ ဆေးထိုးပိုက်ဖြင့် စုပ်ယူပြီး ဖောက်ထားသော အချိုရည်ဗူးထဲသို့ ထိုးထည့်၏။ ထို့နောက် အပေါက်ငယ်ကို ဆင်ကော်ဖြင့် ပိတ်ဆို့ထား၏။ ကိစ္စဝိစ္စပြီးသွားသောအခါ ဆွေဆွေလွင်ကို ခေါ်၍ နော်နော်အောင်က-

'မနက် ... မင်း .. သိန်းစိုးဝင်းဆီသွားရင် ဒီအချိုရည်နှစ်ဗူးကို ယူသွား၊ တစ်ဗူးက မင်းသောက်ဖို့ ဒီတစ်ဗူးက သိန်းစိုးဝင်းကို တိုက်ဖို့၊ သိန်းစိုးဝင်းကို တိုက်ရမယ့် ဗူးရဲ့ဖင်ပိုင်းမှာ ဟောဒီလို ... ပိတ်ဆို့ထားတဲ့အရာပါတယ်၊ မင်းသောက်ရမယ့် ဗူးမှာတော့ ဘာအမှတ်အသားမှ မပါဘူး၊ သူ့မူလအတိုင်းပဲ၊ အချိုရည်ဗူးချင်းတော့ မှားမသောက်မိစေနဲ့နော်''

ဟု အချိုရည်နှစ်ဗူးကို ကိုင်တွယ်၍ လက်တွေ့ပြသပြောဆို သတိပေးစကားဆိုပါ၏။ ဤသို့ဖြင့် တစ်ညတာကုန်လွန်၍ နောက်တစ်နေ့(အခင်းဖြစ်နေ့) မနက်သို့ ရောက်ရှိခဲ့သည်။

ထိုနေ့ (၁၃-၁-၂၀၁၃)မနက် ၆ နာရီခွဲခန့်တွင် ဆွေဆွေလွင်သည် နေအိမ်မှ ရွှေဘိုသို့သွားရန် ပြင်ဆင်နေ၏။ ဒါကို မြင်တွေ့နေသူ နော်နော်အောင်က-

"မင်း ... လိုင်းကားနဲ့သွားနှင့်လိုက်လေ၊ ငါ ဆိုင်ကယ်နဲ့ နောက်ကလိုက်ခဲ့မယ်''

ဟု ပြော၏။ ထို့နောက် ဆွေဆွေလွင်သည် နေအိမ်မှ သိန်းစိုးဝင်းချိန်းဆိုရာသို့ ထွက်သွားခဲ့ကြောင်း နော်နော်အောင်မှ ထွက်ဆိုပြသည်။

"မင်း ... ရွှေဘိုကိုလိုက်သွားတော့ ဘယ်လိုအဝတ်အထည်တွေ ဝတ်ဆင်သွားသလဲ''

ဟု ကျွန်ုပ်ကမေး၏။ ဒါကလည်း အကြောင်းရှိပါ၏။ အခင်းဖြစ်နေရာအနီး ပတ်ဝန်းကျင်မှ ထိုနေ့က ဆိုင်ကယ်တစ်စီးဖြင့် ရုပ်ဖျက်ထားသည်ဟု ထင်ရသော အမျိုးသားတစ်ဦးကို မြင်တွေ့ကြောင်း သတင်းစကားရှိထား၏။ ထိုသူ၏ သတင်းစကားကို အတည်ပြုဖို့အတွက် နော်နော်အောင်၏ဝတ်စုံကို မေးရခြင်းဖြစ်၏။ နော်နော်အောင်ကလည်း ထိုနေ့က သူဝတ်ဆင်သွားသော အဝတ်အထည်များကို ဦးခေါင်းမှ ခြေဖျားထိ ပြောပြ၏။ နော်နော်အောင်ပြောသော အဝတ်အထည် အရောင်အသွေးတို့မှာ ပတ်ဝန်းကျင်မှ မြင်တွေ့သူ၏ ပြောဆိုချက်နှင့် တစ်ထပ်တည်းကျ၏။ ဤသည်မှာ အမှုစစ်အရာရှိတစ်ဦး၏ "မေးပါများ စကားရ''ဟု ဆိုရပါသည်။

ထို့နောက် နော်နော်အောင်သည် ဒရမ်း(၁၂၅)ခဲရောင်ဆိုင်ကယ်ဖြင့် ရွှေဘိုသို့ထွက်လာ၏။ ကားလမ်းနံဘေးရှိ သားနားကျေးရွာတောင်ဘက် ခြံအကွယ်တစ်နေရာတွင် သိန်းစိုးဝင်းအလာကို စောင့်နေ၏။ ထိုနေ့မနက် (၇) နာရီခွဲခန့်တွင် သိန်းစိုးဝင်းသည် ခေါင်းနီကိုယ်နက်(၁၂၅)ဆိုင်ကယ်ဖြင့် နော်နော်အောင်၏မြင်ကွင်းမှ ဖြတ်မောင်းသွား၏။ ခြံအကွယ်တွင်ပုန်းခိုနေသော နော်နော်အောင်လည်း သိန်းစိုးဝင်းဆိုင်ကယ်၏နောက် မလှမ်းမကမ်းမှ မောင်းနှင်လိုက်ပါသွား၏။ ရွှေဘိုမြို့မဈေး၏ အရှေ့မြောက်ထောင့်တွင် ရှေ့မှသွားနေသော သိန်းစိုးဝင်းဆိုင်ကယ် ရပ်တန့်သွား၍ နော်နော်အောင်လည်း ဆိုင်ကယ်ရပ်ကာ စောင့်ကြည့်နေသည်။

သိန်းစိုးဝင်းက ဆိုင်ကယ်ပေါ်မှ ဆင်း၍ မိမိဇနီး ဆွေဆွေလွင်နှင့်အတူ ဈေးဝယ်နေသည်ကို မြင်၏။ ခဏအကြာ သိန်းစိုးဝင်းသည် ဆွေဆွေလွင်နှင့် ဆိုင်ကယ်တစ်စီးအတူစီး၍ ရွှေဘိုဈေးမှ မြောက်ဘက်သို့ မောင်းထွက်သွား၏။ အသွင်သဏ္ဌာန်ဖျက်ထားသော နော်နော်အောင်လည်း သိန်းစိုးဝင်းဆိုင်ကယ်၏နောက် ခပ်လှမ်းလှမ်းမှ လိုက်ပါလာ၏။ ရွှေဘိုမြို့ ကြို့ပင်ကုန်းရွာအဝင်တွင် ရှေ့မှ မောင်းနှင်သွားသော သိန်းစိုးဝင်းဆိုင်ကယ်မှာ မျက်ခြေပြတ်၍ ပျောက်ကွယ်သွားခဲ့ကြောင်း နော်နော်အောင်မှ ထွက်ဆိုပြသည်။ နော်နော်အောင်၏ စကားအဆုံးတွင် အမှုစစ်အရာရှိဖြစ်သူ ကျွန်ုပ်က-

"အဲဒီတော့ ... မင်း ဘာဆက်လုပ်သလဲ''

\+ + +

## အခန်း(၉)

"အခင်းဖြစ်တဲ့ .. မြေကျင်းချိုင့်နားရောက်တော့ သိန်းစိုးဝင်း ဆိုင်ကယ်ကို ရပ်ပါတယ်၊ နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပေါ်ကဆင်းပြီး ရွှေဘိုဈေးက ဝယ်လာတဲ့ မုန့်ဟင်းခါးပါဆယ်ထုပ်နဲ့ ကျွန်မယူလာတဲ့ အချိုရည်နှစ်ဗူးကို သိန်းစိုးဝင်းက ဆွဲယူသွားပြီး ချိုင့်ဝှမ်းထဲကို ရှေ့ကဆင်းသွားပါတယ်၊ ကျွန်မက . . . နောက်မှ လိုက်သွားပါတယ်''

မျက်ခြေပြတ်သွားသော နော်နော်အောင်၏ မြင်ကွင်းကိုရပ်၍ သိန်းစိုးဝင်းနှင့် ဆွေဆွေအောင်တို့၏ လှုပ်ရှားမှုကို ဆက်ချင်ပါ၏။ ရွှေဘိုဈေးမှ သိန်းစိုးဝင်းဆိုင်ကယ်ဖြင့် အခင်းဖြစ်နေရာသို့ ရောက်ရှိလာသော ဆွေဆွေလွင်အား ဖြစ်ကြောင်းကုန်စင်သိဖို့ ကျွန်ုပ်မှ စကားစစ်ထိုးကြည့်၏။ ထို့ကြောင့် ဆွေဆွေလွင်မှ အခင်းဖြစ်အပ်သို့ ရောက်ရှိလှုပ်ရှားပုံကို အထက်ပါစကားဖြင့် ဖွင့်ဆိုပြ၏။

အခင်းဖြစ်ပွားရာ မြေချိုင့်အတွင်း သိန်းစိုးဝင်းနှင့် ဆွေဆွေလွင်တို့ ာ အတူယှဉ်တွဲ၍ ပူးကပ်စွာ ထိုင်ကြ၏။ ထိုစဉ် သိန်းစိုးဝင်းက–

''နော်နော်အောင်ကို . . . ရွာမှာ တွေ့ခဲ့ဘူး၊ နင်နဲ့ အတူပါလာလို့လား''

ဟု မေးစမ်းကြည့်၏။ ဒါကလည်း ဟုတ်မတရားပြုမည့်သူအတွက် မေးသင့်မေးထိုက်သော မေးခွန်းဖြစ်ပါ၏။ ဦးသူဝှက် ပြုကျင့်မည့်သူအတွက် သင်္ဘောသီးလည်းစား လေသံလည်းနားထောင်ဆိုသလို မိမိအန္တရာယ်အတွက် သတိရှိနေရပါ၏။ သိန်းစိုးဝင်း၏အမေးသို့ ဆွေဆွေလွင်က–

''မပါပါဘူး . . . ကျွန်မ တစ်ယောက်ထဲ လိုင်းကားနဲ့ လာခဲ့တာပါ''

''နင်နဲ့ နော်နော်အောင် စကားများတယ်လို့ကြားတယ် ဟုတ်လား''

''လင်နဲ့မယားဆိုတာ . . အခန့်မသင့်ရင် ဒီလိုပါပဲ''

''မဟုတ်ဘူးလေ . . . နင်နဲ့ငါ့အကြောင်းကို သူသိသွားတယ် မဟုတ်လား''

''သွားပုပ်လေလွင့် . . . ပြောတဲ့စကားကို ကျွန်မကလည်း ဘူးကွယ်တာပေါ့''

''တကယ်လို့ . . နော်နော်အောင်နဲ့ အဆင်မပြေတော့ဘူးဆိုရင် ငါနဲ့ ခိုးပြေးကြတာပေါ့''

''အဲဒီလို . . . ပေါ်ပေါ်ထင်ထင်ကြီး လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ''

ဟု အပြန်အလှန် ပြောဆိုကြ၏။ ထို့နောက် သိန်းစိုးဝင်းသည် ရွှေဘိုဈေးမှဝယ်လာသော မုန့်ဟင်းခါးပါဆယ်ထုပ်ကို ဖွင့်၏။ ဆွေဆွေလွင်ကိုလည်း မုန့်ဟင်းခါးစားဖို့ ပြော၏။ ဆွေဆွေလွင်က မစားလိုကြောင်း ငြင်းဆို၏။ ထို့ကြောင့် သိန်းစိုးဝင်းတစ်ဦးတည်း မုန့်ဟင်းခါးအနည်းငယ်ကို စား၏။ အထုပ်အတွင်း ကျန်ရှိသော မုန့်ဟင်းခါးအချို့ကို စွန့်ပစ်၏။ စွန့်ပစ်လိုက်သော မုန့်ဟင်းခါးထုပ်မှာ ချောက်ထဲသို့မကျဘဲ သုံးကိုင်းများနှင့် ချိတ်၍ တင်နေ၏။ ထို့နောက် ဆွေဆွေလွင်က–

''ရော့ . . . မုန့်ဟင်းခါးစားပြီးရင် အချိုရည်သောက်လိုက်''

ဟု ဆိုပြီး ကြိုတင်စီမံထားသော အဆိပ်ပါရှိသည့် အချိုရည်ဗူးကို သိန်းစိုးဝင်းသို့ ကမ်းပေး၏။ ဆွေဆွေလွင်ကလည်း သူမထံတွင်ရှိနေသော မူရင်းအချိုရည်ဗူးကို ဖွင့်ဖောက်၏။ ဗူးဖောက်သံနှင့်အတူ အတွင်းမှ ဂက်စ်အနည်းငယ်ပါထွက်လာ၏။ ထို့နောက် ဆွေဆွေလွင်က အချိုရည်ဗူးကို မော့သောက်၏။ ထို့အတူ သိန်းစိုးဝင်းကလည်း ဆွေဆွေလွင်ပေးသော အချိုရည်ဗူးကိုယူ၍ ဖောက်၏။ ဗူးဖောက်သံသာ ထွက်လာသော်လည်း ဗူးအတွင်းရှိ ဂက်စ်အငွေ့အသက်က မည်သို့မျှ လှုပ်ရှားမှုမရှိ၊ ထိုဗူးထဲရှိ ဂက်စ်တို့မှာ ယမန်နေ့ညနေကတည်းက အချိုရည်ဗူး၏ ဖင်ပိုင်းမှ ပြင်ပသို့ ထွက်သွားခဲ့ပြီး ဖြစ်ပါ၏။ ဒါကို မသိရှာသူ သိန်းစိုးဝင်းကလည်း အချိုရည်ဗူးကို ကုန်စင်အောင် မော့သောက်၏။ ထို့နောက် ကုန်စင်သွားသော အချိုရည် Sprite ဗူးခွံနှစ်ခုစလုံးကို အဆိုပါ မြေကျင်းအတွင်း စွန့်ပစ်ကြ၏။ ခဏအကြာသိန်းစိုးဝင်းက–

''ငါ . . . ခေါင်းတွေမူးလိုက်တာဟာ၊ အအေးပတ်လို့လား မသိဘူး''

ဟုဆိုကာ လက်နှစ်ဖက်ဖြင့် ဦးခေါင်းနှင့်နားထင်ကို ကိုယ်တိုင် နှိပ်နေ၏။ ဤသည်မှာ နော်နော်အောင်၏ ပြုပြင်ဖန်တီးမှုနှင့် ဆွေဆွေလွင်၏ သရုပ်ဆောင်မှုတို့ပင် ဖြစ်ပါ၏။ ထို့နောက် သိန်းစိုးဝင်းလည်း မြေကျင်းနံရံကို ကျောမှီ၍ ဝေဒနာကို ခံစားနေ၏။ ထိုစဉ် ဆွေဆွေလွင်က–

''ရှင် . . . ခဏနားနေတုန်း ကျွန်မ အပေါ့သွားလိုက်ဦးမယ်''

+ + +

## အခန်း(၁၀)

''ခဏနေဦး . . . မင်း ဘယ်မှ မသွားနဲ့ ဒီမှာပဲစောင့်နေ''

မျက်ခြေပြတ်သွားသော နော်နော်အောင်သည် ကြို့ပင်ကုန်းရွာအရှေ့ဘက် သက္ကယ်တန်းချောင်းဘေးသို့ ရောက်သွား၏။ ထိုချောင်းဘေးရှိ ခို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြံဝင်းအတွင်း အမျိုးသမီးတစ်ဦးကိုတွေ့၏။ နော်နော်အောင်မှ ထိုအမျိုးသမီးအား သမီးရည်းစားစုံတွဲများ ချိန်းတွေ့နေကျနေရာကိုမေး၏။ ထိုအမျိုးသမီးက စုံတွဲများ ချိန်းတွေ့နေကျ မြေချိုင့်ဝှမ်းကို ညွှန်ပြပေး၏။ ထို့ကြောင့် နော်နော်အောင်သည် လာရာလမ်းသို့ ပြန်လှည့်၍ မောင်းနှင်လာ၏။ ရွာ၏တောင်ဘက်တွင် ဆိုင်ကယ်ကိုရပ်ထားခဲ့ပြီး ခြေလျင်လျှောက်သွား၏။ ထိုစဉ် ကန္တရပင်များကြားတွင် သိန်းစိုးဝင်း ဆိုင်ကယ်ရပ်ထားသည်ကို တွေ့၏။ ထိုနေရာသို့ ဆက်လျှောက်သွားရာ မြေကျင်းချိုင့်ဝှမ်းမှ အပေါ်သို့ တက်လာသော ဇနီးသည် ဆွေဆွေလွင်ကို တွေ့၏။ ထို့ကြောင့် နော်နော်အောင်က ဆွေဆွေလွင်အား ဘယ်ကိုမှမသွားရန် အထက်ပါစကားဖြင့် တားမြစ်ပြောဆို၏။

ထို့နောက် နော်နော်အောင်သည် မြေကျင်းနှုတ်ခမ်းပေါ်သို့ လျှောက်သွား၏။ မြေကျင်းချိုင့်ဝှမ်းအတွင်း သိန်းစိုးဝင်းမှာ ဦးခေါင်းကို လက်ဖြင့်နှိပ်၍ ထိုင်နေသည်ကို မြင်၏။ နော်နော်အောင်မှ မြေချိုင့်နှုတ်ခမ်းပေါ်တွင် ထိုင်၏။ ထိုစဉ် မြေချိုင့်အတွင်းရှိ သိန်းစိုးဝင်းက အပေါ်သို့မော့ကြည့်ရာ နော်နော်အောင်ကို မြင်တွေ့သွား၏။


"ဪ ... မင်းလိုက်လာတာကိုး၊ မင်းလိုက်လာမယ်ဆိုတာ ငါ ... သိပြီးသားပါ"

ဟု သိန်းစိုးဝင်းက ပြောဆိုရာ နော်နော်အောင်က–

"ငါလိုက်လာမယ်ဆိုတာ ... သိရက်နဲ့ မင်း ... ဒီနေရာကို ဘာလို့ချိန်းတာလဲ"

"ဒါက ... ငါ့အလုပ်ပါ၊ မင်းနဲ့မဆိုင်ပါဘူး"

ဟု သိန်းစိုးဝင်းမှ မချေမငံ ပြောဆိုပြန်၏။ ဤသို့ဖြင့် တစ်ယောက်တစ်ခွန်းစကားများကြစဉ် မခံချင်သည့်အဆုံး နော်နော်အောင်က သိန်းစိုးဝင်းရှိရာ မြေကျင်းထဲသို့ ဆင်းသွားခဲ့၏။ ထိုအခါ သိန်းစိုးဝင်းမှ လုံချည်ခါးပုံစအတွင်းမှ ဆိုင်ကယ်ခတ်သော သံကြိုးကိုထုတ်၏။ အနီးသို့ရောက်လာသော နော်နော်အောင်ကို သိန်းစိုးဝင်းမှ လက်ထဲရှိ သံကြိုးဖြင့် ရိုက်၏။ သို့သော် မူလကအဆိပ်ပါအချိုရည်ကို သောက်သုံးထားသော သိန်းစိုးဝင်း၏ခန္ဓာကိုယ်က ဟန်ချက်မမှန်ဘဲ ရှိနေ၏။ ထို့ကြောင့် သူ၏ရိုက်ချက်မှာ နော်နော်အောင်ကိုမထိဘဲ လွဲချော်သွား၏။ နော်နော်အောင်က တစ်ဖန် သိန်းစိုးဝင်းလက်မှ သံကြိုးကို လုယူ၏။ မူးယစ်ရီဝေ၍ အင်အားပျက်ပြယ်နေသော သိန်းစိုးဝင်း၏လက်ထဲမှ သံကြိုးမှာ နော်နော်အောင်လက်ဝယ်သို့ ရောက်ရှိသွား၏။ ထိုသံကြိုးဖြင့် နော်



သေဆုံးသူ သိန်းစိုးဝင်းနှင့် တရားခံ နော်နော်(ခ)နော်နော်အောင်တို့ စကားများလုံးထွေးသတ်ပုတ်သည့်နေရာအား သက်သေများနှင့်ရှာဖွေနေစဉ်

www.burmeseclassic.com


နော်အောင်က သိန်းစိုးဝင်း၏လည်ပင်းကို ရစ်ပတ်ကာ ရှိသမျှ အင်အားဖြင့် ဆွဲညှစ်၏။ နောက်ဆုံးတွင် သိန်းစိုးဝင်းမှာ နော်နော်အောင်၏ ပြုလုပ်မှုကြောင့် ထိုနေရာမှာပင် အသက်ပျောက်ခဲ့လေသည်။

ဤမျှဖြင့် ဓာတ်လမ်းက မပြီးပြတ်သေးပါ။ နော်နော်အောင်က သိန်းစိုးဝင်းဆိုင်ကယ်ကို မြေကျင်းရှိရာသို့ တွန်းယူလာ၏။ ထိုဆိုင်ကယ်ကို သေဆုံးသူသိန်းစိုးဝင်း၏ ခန္ဓာကိုယ်ပေါ်တွင် လှဲ၍ ဖိတင်၏။ ဆိုင်ကယ်မှ ဓာတ်ဆီပိုက်ကိုလည်းဖြုတ်ရာ ဓာတ်ဆီများစီးထွက်လာ၏။ ထို့နောက် မြေကျင်းအတွင်းရှိ အမှိုက်သရိုက်များကို ကောက်ယူ၍ သေဆုံးသူနှင့်ဆိုင်ကယ်ပေါ်တွင် ဖြန့်ကျဲ၏။ ထို့နောက် ထိုနေရာရှိ ဖယောင်းပဆိုး အစုတ်တစ်ခုဖြင့် ဖုံးအုပ်ထားသည်။

"မင်း ...ဒီအနီးအနားမှာ ဓာတ်ဆီနဲ့ မီးခြစ် သွားဝယ်ခဲ့"

နော်နော်အောင်က ဆွေဆွေလွင်ကို ပြော၏။ ဒီတော့ ဆွေဆွေလွင်က–

"ဘာလုပ်ဖို့လဲ"

"မီးရှို့ဖို့ပေါ့ ...မီးလောင်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရင် အစအနပျောက်သွားပြီပေါ့"

ဘုရား ဘုရား။ ရက်စက်မှုအပေါင်း သရဖူဆောင်းကြတော့မည်လား။ ဆွေဆွေလွင်ကလည်း အပြစ်အနာအဆာရှိထားသူဖြစ်၍ မလွန်ဆန်နိုင်သော သဘောရှိနေပါ၏။ ထို့ကြောင့် ဆွေဆွေလွင်မှ နော်နော်အောင်၏ ဆိုင်ကယ်အား မောင်းနှင်၍ အခင်းဖြစ်နေရာ ပတ်ဝန်းကျင်ရှိ အိမ်ဆိုင်တစ်ခုသို့ ထွက်လာခဲ့၏။ ထိုအနီးအနားရှိ အိမ်ဆိုင်တစ်ဆိုင်တွင် ရေသန့်ဗူးဖြင့်ထည့်ထားသော ဓာတ်ဆီတစ်ဗူးနှင့် ဂက်စ်မီးခြစ်(အဝါရောင်)တစ်လုံးတို့ကို ဝယ်ယူ၏။ ဝယ်ယူရရှိခဲ့သော ဓာတ်ဆီနှင့် မီးခြစ်ကို ဆွေဆွေလွင်မှ နော်နော်အောင်သို့ပေး၏။

နော်နော်အောင်သည် မြေကျင်းအတွင်း သေဆုံးသူ၏အလောင်းရှိရာမှ စ၍ မြေကျင်းအပေါ် ဝါးနှစ်ပြန်ခန့် အထိ ဓာတ်ဆီလောင်း၍ မီးကူးလမ်းကြောင်း လုပ်၏။ ထို့နောက် မြေကျင်းအပေါ် မီးကူးလမ်းကြောင်းအစ ဓာတ်ဆီလောင်းထားသောနေရာကို ဝယ်ယူလာသော ဂက်စ်မီးခြစ်ဖြင့် စတင်ရှို့၏။ လောင်စာမြက်ခြောက်များ မီးစွဲလောင်သောအခါ မီးခြစ်ကို ထိုနေရာမှာပင် စွန့်ပစ်၍ နော်နော်အောင်နှင့် ဆွေဆွေလွင်လည်း ဆိုင်ကယ်တစ်စီး အတူစီးပြီး အခင်းဖြစ်နေရာမှ ထွက်လာခဲ့ကြသည်။

ရွှေဘိုဈေးကြီး မြောက်ဘက်ဝင်ပေါက်အရောက်တွင် ဇနီးဆွေဆွေလွင်အား ချထားခဲ့ပြီး ဟန်မပျက်ဘဲ လိုင်းကားဖြင့် ပြန်ခဲ့ရန်မှာကြားကာ နော်နော်အောင်တစ်ဦးတည်း ဆိုင်ကယ်ဖြင့် ရွာသို့ ပြန်လာခဲ့သည်။ အပြန်လမ်းတွင် ဦးထုပ်၊ ဂျာကင်၊ လက်အိတ်စသော ပုံဖျက်ထားသည့် အဝတ်အထည်တို့ကို လမ်းနံဘေးတွင် စွန့်ပစ်ခဲ့သည်။ ထိုနေ့ညနေ (၃)နာရီခန့် မောက်ကြီးရွာသို့ ပြန်ရောက်သည်။ နေအိမ်အနီး အရောက်တွင် သေဆုံးသူ သိန်းစိုးဝင်း၏ ဇနီး မတိုက်ကြီးသူဇာက–

"နော်နော်အောင် ..နင် ရွှေဘိုက ပြန်လာတာလား"

"ဟုတ်တယ်ဗျ"

"ငါ့ယောက်ျားလည်း ရွှေဘိုဘက်သွားတယ်၊ နင်နဲ့ တွေ့ခဲ့သေးလား"

"ဟင့်အင်း ... မတွေ့ခဲ့ဘူးဗျ"

ထိုစဉ်က သိန်းစိုးဝင်း တစ်ယောက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီကို ဇနီးမယားနှင့် သမီးသားတို့မှ မသိရှာသော်လည်း၊ တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြသော နော်နော်အောင်နှင့် ဆွေဆွေလွင်တို့က သူတို့ကိုယ်တိုင် ပြုမူဆောင်ရွက်တွေ့ရှိချက်တို့ကို အမှန်အတိုင်း ထွက်ဆို အစစ်ခံခဲ့ပါတော့သည်။

+ + +


## အခန်း(၁၁)

ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံရုံဖြင့် မပြီးသေးပါ။ အမှုစစ်အရာရှိ ဘစ်ဦးအနေဖြင့် ပြစ်မှုကျူးလွန်ခြင်း မှန်ကန်ကြောင်း ခိုင်လုံသည့်အထောက်အထားများ လိုပါသေး၏။ ယခုအမှုတွင် သိန်းစိုးဝင်းမသေမီက ဆွေဆွေလွင်နှင့် အပြန်အလှန် ဆက်သွယ်ရေးသားထားသော ရည်းစားစာများ ရရှိထားပြီး ဖြစ်ပါ၏။ ထို့အတူ သေဆုံးသူ သိန်းစိုးဝင်း၏ လက်ရေးဖြင့် ရေးသားထားသော မှတ်တမ်းမှတ်ရာ လက်ရေးနမူနာကိုလည်း သိမ်းယူရရှိထားပြီးဖြစ်၏။ ထို့ကြောင့် အပြန်အလှန် ပေးစာများတွင် သိန်းစိုးဝင်းနှင့် ဆွေဆွေလွင်တို့ လက်ရေးလက်သား ဟုတ်၊ မဟုတ် ကျွမ်းကျင်သူပညာရှင်၏ တိုက်ဆိုင်စစ်ဆေးတွေ့ရှိမှု အဖြေ လိုအပ်ပါ၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ ဆွေဆွေလွင်၏ လက်ရေးနမူနာကို ဥပဒေ


www.burmeseclassic.com

www.burmeseclassic.com







ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် နော်နော်(ခ)နော်နော်အောင်နှင့် ဇနီးဖြစ်သူ မဆွေဆွေလွင်

နှင့်အညီရယူ၏။ ထို့နောက် သိမ်းဆည်းရရှိထားသော သက်သေခံ စာရွက်စာတမ်းမှ လက်ရေးလက်မှတ်နှင့် နမူနာရယူခဲ့သော လက်ရေးလက်မှတ်တို့အား တူ၊ မတူ စစ်ဆေးပြန်ကြားပေးဖို့ မှုခင်းရဲတပ်ဖွဲ့၊ မှုခင်းသိပ္ပံဌာန ကျွမ်းကျင်သူပညာရှင်ထံသို့ ပေးပို့ခဲ့သည်။

ထို့အတူ အချင်းဖြစ်အရပ်မှ တွေ့ရှိကောက်ယူခဲ့သော အချိုရည် Sprite ဗူး နှစ်ဗူးရှိ၏။ စတင်တွေ့ရှိစဉ်ကတည်းက အချိုရည်ဗူးခွံတစ်ဗူး၏ အနံ့ကို သံသယရှိ၍ သက်ာမကင်းသဖြင့် အချိုရည်ဗူးခွံနှစ်ခုစလုံး ကောက်ယူခဲ့၏။ ပြစ်မှုကျူးလွန်သူများက သေဆုံးသူသိန်းစိုးဝင်းသောက်သုံးသော အချိုရည်တွင် အဆိပ်ပါကြောင်း ထွက်ဆိုထား၏။ ထို့ကြောင့် ဟုတ်၊ မဟုတ်ကို အဖြေထုတ်ဖို့လို၏။ ဒါကလည်း ကျွမ်းကျင်သူပညာရှင်၏ လက်တွေ့ကျကျ စမ်းသပ်စစ်ဆေးမှုပင် ဖြစ်၏။ ထို့ကြောင့် သက်သေခံပစ္စည်းအချိုရည်ဗူးခွံနှစ်ခုကို ဓာတုဗေဒဝန်ထံသို့ ပေးပို့ခဲ့သည်။

ထို့ပြင် ပြစ်မှုကျူးလွန်သူများ၏ လာရာလမ်းကြောင်းနှင့် လားရာလမ်းကြောင်းကိုလည်း အမှုဖြစ်စဉ်အတိုင်း သိရှိထားဖို့လို၏။ ဒါကလည်း ပြစ်မှုကျူးလွန်သူ ကာယကံရှင်များ ကိုယ်တိုင် သိရှိကြပါ၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်စဉ်က သွားလာလှုပ်ရှားမှုများကို နော်နော်အောင်နှင့် ဆွေဆွေလွင်တို့မှ သရုပ်ပြကြ၍ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ထားရှိပါ၏။ ထိုသို့ လိုက်လံပြသစဉ် အခင်းဖြစ်ပွားရာ မြေကျင်းအနီး အမှိုက်စုတ်များကြားတွင် ဆိုင်ကယ်တုတ်သော သက်သေခံသံကြိုးကိုပါ တွေ့ရှိရ၏။ ထိုသံကြိုးဖြင့် သိန်းစိုးဝင်းလည်ပင်းအား ရစ်ပတ်သတ်ဖြတ်ခဲ့ကြောင်း နော်နော်အောင်မှ ပြောဆိုပေးအပ်၍ ဥပဒေဖြင့်အညီ သိမ်းယူခဲ့ပါသည်။

စစ်မေးခဲ့သော သက်သေအချို့မှ

မိမိတို့၏ ဆန္ဒသဘောဖြင့် တရား
တွင် ကြိုတင်ထွက်ဆိုမှုပြုကြ၏။
အတူ ပြစ်မှုကျူးလွန်ခဲ့သော နော်နေ
အောင်နှင့် ဆွေဆွေလွင်တို့မှလည်း
တို့အမှားကို သူတို့ကိုယ်တိုင် သိမြင်
ဖြောင့်ချက်ပေးလိုကြောင်း ပြောဆိုလ
၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူနှစ်
ကိုလည်း ဥပဒေနှင့်အညီ ဖြောင့်ချ
ရယူပေးဖို့ တရားရုံးသို့ ပို့၏။ စုံစ
ပေါ်ပေါက်ခဲ့သော ပြစ်မှုတစ်ခုတွင် အ
ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်
ဝါယမစိုက်ထုတ်ရာ၌ ပြည့်ပြည့်
ထားရှိ ပြုကျင့်ရပါ၏။ ထို့အတူ ပြစ်
ကျူးလွန်သူဘက်မှ ထိုးနှက် ထော
ကွက်မရှိအောင် အမှုကို ခိုင်ခိုင်မာ
တည်ဆောက်ရပါ၏။ သို့မှသာ ပြစ်
ကျူးလွန်သူအတွက် တရားဥပဒေ
ပေးသော ပြစ်ဒဏ်ကို ညီညွတ်မျှတ
ခံစားရမှာ ဖြစ်ပါ၏။ ဤသည်မှာ
နာဆုံးရှုံးသူအတွက် တရားစွဲအဖွဲ့
စည်းဖြစ်သော ကျွန်ုပ်တို့၏ အဓိက

www.burmeseclassic.com



သည့် တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

အမှုနှင့်ပတ်သက်၍ လက်ရေးလက်မှတ်နှင့် ဓာတုဗေဒဓာတ်ခွဲခန်းသို့ ပေးပို့ထားသော ကျွမ်းကျင်သူ၏ထင်မြင်ချက်(Expert Opinion) အဖြေများ ထွက်လာပါသည်။ လက်ရေးလက်မှတ် ကျွမ်းကျင်သူ၏ ထင်မြင်ချက်တွင် သက်သေခံအဖြစ် သိမ်းဆည်းရရှိထားသော စာရွက်စာတမ်းပေါ်ပါ လက်ရေးလက်မှတ်များနှင့် နမူနာရယူခဲ့သော လက်ရေးလက်မှတ်များသည် တစ်ထပ်တည်းကျ၏။ ထို့ကြောင့် သက်သေခံပစ္စည်း စာရွက်စာတမ်းပေါ်၌ ရေးသားထားသော လက်ရေးလက်မှတ်များသည် သိန်းစိုးဝင်းနှင့် ဆွေဆွေလွင်တို့၏ လက်ရေးလက်မှတ်များဖြစ်ကြောင်း ပြန်ကြားလာ၏။ ဤသည်မှာ အမှုအတွက် သက်မဲ့သက်သေခံချက် (Mute Evidence) စကားမပြောသော သက်သေ၊ တစ်နည်း အမှန်ကိုအမှန်အတိုင်း အရှိကို အရှိအတိုင်း ဖော်ပြပေးသော သစ္စာရှိသက်သေတစ်ဦး။

နောက် ကတိသစ္စာတည်သော သက်သေတစ်ဦး ရှိပါသေး၏။ ဤသည်မှာ ဓာတုဗေဒဝန်၏ စမ်းသပ်တွေ့ရှိမှုပင် ဖြစ်၏။ အခင်းဖြစ်အရပ်မှ သက်သေခံပစ္စည်းအဖြစ် ကောက်ယူရရှိခဲ့သော အချိုရည် Sprite နှစ်ဗူးကို ဓာတုဗေဒပညာဖြင့် စမ်းသပ်စစ်ဆေးကြည့်၏။ အချိုရည်တစ်ဗူးမှာ မူလအချိုရည်၏ ဓာတ်သဘာဝ ဖြစ်သော်လည်း၊ ကျန် အချိုရည်တစ်ဗူးမှာ အသက်အန္တရာယ်ကို ထိပါးစေသော ပိုတက်စီယမ် ဆိုင်ယာနိုက်အဆိပ် (Potassium Cyanide) ပါရှိကြောင်း ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်ကို ပြန်ကြားခဲ့သည်။

ဤသည်မှာ အမှုနှင့်ပတ်သက်သော ကိစ္စရပ်များတွင် အမှန်ကိုသိ၊ အမှန်ကိုမြင်တွေ့သော ဝိဇ္ဇာပညာနှင့် လွဲမှားဖွယ်မရှိသော ဓာတ်ပြုပစ္စည်း၏ သိပ္ပံပညာရပ်များပင် ဖြစ်ပါ၏။ ထို အထောက်အထား သက်သေခံချက်များကလည်း အမှုအတွက် အားတက်ဖွယ်ရာပင် ဖြစ်ပါပေသည်။

တရားစွဲအဖွဲ့အစည်း၏ စုံစမ်းဖော်ထုတ်တွေ့ရှိချက်များ၊ သက်သေခံအထောက်အထားများ၊ မှုခင်းဆိုင်ရာဆေးပညာနှင့် ကျွမ်းကျင်သူများ၏ ထင်မြင်ချက် စသည့် အထောက်အထားများနှင့်အတူ ဥပဒေပညာရှင်ထံတွင်လည်း တင်ပြညှိနှိုင်းရပါ၏။ ပြီးပြည့်စုံသော အမှုတွဲ၊ သက်သေခံပစ္စည်း ခိုင်လုံသော အထောက်အထားတို့နှင့်အတူ ပြစ်မှုကျူးလွန်သူ နော်နော်အောင်(ခ)နော်နော်(၂၅)နှစ်နှင့် မဆွေဆွေလွင်(၂၃)နှစ်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(လူသတ်မှု)ဖြင့် ရွှေဘိုခရိုင် တရားရုံးဆီသို့သာ။

လူ့ဘဝသည် ရခဲလှပါ၏။ ရခဲဘိသော လူ့ဘဝတွင် တင့်တောင့်တင့်တယ် နေထိုင်နိုင်ရေးနှင့် အကုသိုလ်အမှု မပြုမိဖို့ ကြိုးစားအားထုတ်ရပါ၏။ ကုသိုလ်မပြု၍ ဘာမျှမဖြစ်၊ အကုသိုလ်ပြုမိပါက မိမိနှင့်သူတစ်ပါး ပျက်စီးဆုံးရှုံးခြင်းအဖြစ်သို့ ရောက်ရှိခဲ့သည့်ပြင် နောင်သံသရာတွင် ပြုသူအတွက် လားရာဂတိက အပါယ်ဘုံပင် ဖြစ်၏။ ယခုအမှုတွင် အမှား၊ အမှန် မသိသော မောဟဖုံးလွှမ်း၍ လိုချင်တပ်မက်မှု လောဘဖြစ်ခဲ့သည်။ မောဟကြောင့် ရရှိခဲ့သော လောဘစည်းစိမ်ဥစ္စာသည် မတည်မြဲသကဲ့သို့၊ ထိုဥစ္စာစည်းစိမ်အတွက် စိုးရိမ်ကြောင့်ကြမှု ရှိနေရ၏။ မောဟနှင့်လောဘအကုသိုလ်တွင် ဒေါသမီးတောက်လောင်ပါက ရခဲဘိသော လူ့ဘဝမှာ ပျက်စီးဆုံးရှုံးခြင်းအတိ ဖြစ်ကြရသည်။

အသုံးမလို၍ စွန့်ပစ်လိုက်သော အစအန၊ တစ်နည်း အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းများကို 'အမှိုက်'ဟု ဆိုပါ၏။ ထို့အတူ တင့်တယ်စွာသော ဘုံအဆင့်ဆင့်နှင့် ထုပ်ကာတင်သော အဆောက်အအုံကို 'ပြာသာဒ်'ဟု ဖွင့်ဆိုပါ၏။ တန်ဖိုး မရှိ၊ စွန့်ပစ်ပစ္စည်း၊ အညစ်အကြေး (အကုသိုလ်) 'အမှိုက်' ကြောင့် တင့်တယ်စွာ ဘုံအဆင့်ဆင့်ဖြင့် ထုဆစ်ထားသော 'ပြာသာဒ်' (လူ)ကို မီးလောင်ဆုံးရှုံးခဲ့ရခြင်းကို ပမာပြု၍ ...။

စုံထောက်မောင်ရေခဲ

*ညွှန်းဖွဲ့*

*ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှ အမှုစစ် အရာရှိများကိုယ်စား ကျွန်ုပ်ဟု အမည်တစ်ဦးတည်းဖြင့် ညွှန်းပြုရေးသီခဲ့ပါသည်။*




www.burmeseclassic.com

www.burmeseclassic.com



# ဉာဏ်ဦးစံ

## သက်ပျောက်ငှက်ပျော





www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘကြိုင်တို့
ဒေသက မသာပစ္စည်းကို
အမင်္ဂလာဖြစ်တဲ့အတွက်
ရှောင်ကြတယ်။
မသာပို့ပြီး သင်္ချိုင်းက
ပြန်ရင်တောင်
ခြေထောက်မှာ
သင်္ချိုင်းမြေအမှုန်အမွှားနဲ့
ရုံ့တွေကပ်ပါလာမှာစိုးလို့
ခြေထောက်ကို
ရေစင်အောင်
လောင်းဆေးကြတဲ့လူတွေ
မသာပစ္စည်းဆို
သိပ်ကြောက်ကြတယ်
...

မွေးသန္ဓေ၊ သေမှဖျောက်ဆိုတဲ့ ဆိုရိုးစကားက သွေးထွက်အောင်မှန်ပါတယ်။ ဘကြိုင်ရဲ့မွေးသန္ဓေဆိုးက စိတ်ရှုံးပေါက်တိုင်း ထင်ရာထလုပ်တတ်တဲ့ ညာဉ်၊ ရွတ်ပေပေ ဂျစ်ကန်ကန်လုပ်တတ်တဲ့အကျင့်။

ကန်ပိုင်းတစ်ရွာလုံးက သူ့ကို မြွေသူတော်ဘကြိုင်လို့ ခေါ်ကြတယ်။ ခပ်ငယ်ငယ် ဘုန်းကြီးကျောင်းသားဘဝ၊ ရှိလှမှ ဆယ်နှစ် ဆယ့်တစ်နှစ်ပေါ့။ ကျောင်းသားထဲမှာ သူက အငယ်ဆုံးပါပေမဲ့ အပေဆုံး။

နံနက်ဘက် ရွာထဲ ဆွမ်းခံထွက်ရင်း ကိုရင်ကြီးပညာနဲ့ အလှည့်ကျ ကျောင်းသားနှစ်ယောက်စီ လိုက်ကြရတယ်။ ဆွမ်းခံပြန်ရောက်ရင် ကျောင်းထိုင်ဆရာတော်ကြီးကို ဆွမ်းကပ်ဖို့ ကိုရင်ကြီးက ဆွမ်းပွဲဟင်းပွဲတွေကို ပြင်ဆင် စီမံခန့်ခွဲပါတယ်။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပြီးတာနဲ့ သိမ်းရမယ့်ဟင်းပွဲကို သိမ်း၊ ကျောင်းသားတွေကို ကြွေးမယ့်ဟင်းပွဲတွေ စားပွဲခုံပေါ်ချစသဖြင့် စီမံပါတယ်။ ဟင်းပွဲတွေကို သိမ်းတာကနောက်၊ တစ်နေ့နံနက်ပြန်နွှေးပြီး ဆရာတော်ကြီး အာရုံဆွမ်းကပ်ဖို့ပါ ဘုန်းကြီးကျောင်းသားတွေက နေ့တိုင်း ဟင်းတစ်မျိုးနဲ့ စားရပေမယ့် ကိုရင်ကြီးက ဟင်းကို ဝေပုံကျဝေပေးပါတယ်။

တစ်နေ့မှာ ကျောင်းသားတွေ ထမင်းစားကြတော့ ပဲနီပြားသနပ်ငါးပိရည် အတို့နဲ့ ဝက်သားကိုတော့ ကိုရင်ကြီးက ဝေပုံကျဝေပေးပါတယ်။

"ရော့ ... ညီမောင် သုံးတုံး"

"ရော့ ... သူငယ်ကြီး သုံးတုံး"

နဲ့ ဝေလာလိုက်တာ "ရော့ ... ဘကြိုင် နှစ်တုံး၊ ဟိုကောင်တွေက မင်းထက်ကြီးတယ်၊ မင်းက ငယ်တော့ နှစ်တုံးပဲစား"

တကယ်လည်း ကိုရင်ကြီးဝေတဲ့ ဟင်းပန်းကန်ထဲမှာ ဝက်သားနှစ်တုံးပဲ ကျန်တော့လို့ အရည်ရော အဖတ်ပါ



www.burmeseclassic.com

အကုန်သွန်ထည့်ပေးလိုက်တာပါ။ ဒါကို ဘကြိုင်က မကျေနပ်ဘူး။

“ကြီးတာ . . ငယ်တာ ဘာဆိုင်လို့လဲ ကိုရင်ကြီးရဲ့၊ ဘို့တူဘို့မျှ နှစ်တုံးဆို နှစ်တုံး၊ သုံးတုံးဆို သုံးတုံးပေါ့၊ ခုဟာက ကိုရင်ကြီး မတရားလုပ်တာဘဲ”

“မင်းက . . . ငယ်ငယ်သလောက် တော်တော်လျှာရှည်တဲ့ကောင်၊ အထွန့်တက်တဲ့ကောင်” ပြောလည်းပြော၊ ကိုရင်ကြီး လက်ဆစ်ခေါက်က ဘကြိုင် ကတုံးပြောင်ပေါ် ဒေါင်ခနဲ။

ဘကြိုင် ထမင်းကို ငုံ့စားနေပေမယ့် မျက်ရည်တွေဝဲလို့ အံတကြိတ်ကြိတ်နဲ့။

“တွေ့မယ် . . . ကိုရင်ကြီးပညာ၊ တစ်နေ့ ဘကြိုင်အကြောင်း ကောင်းကောင်း သိစေရမယ်”

လူက ငယ်ငယ်၊ အာဃာတ အညိုးက ကြီးကြီး။

+ + +

တစ်နေ့ ညနေစောင်း၊ ဘုန်းကြီးကျောင်းအနောက်ဘက် ရေကန်ဘေးမှာ ကစားနေရင်းနဲ့ ရေကန်စောင်းမှာ မြက်ဖုတ်တစ်ခုကို ပတ်ပြီးခွေနေတဲ့ အဝါတစ်ရစ်၊ အနက်တစ်ရစ်နဲ့ မြွေသူတော်လို့ခေါ်တဲ့ ငန်းတော်ကြားတစ်ကောင်ကို တွေ့လိုက်ရတယ်။ မြွေသူတော်က အဆိပ်ပြင်းပေမယ့် တော်ရုံတန်ရုံ မကိုက်တတ်ဘူး။ သဘောကောင်းတယ်။ ရွာထဲက ခပ်ပေပေလူငယ်တွေ မြွေသူတော်တွေ့ရင် ဖမ်းပြီး ကစားကြတာကို သူတွေ့ဖူးတယ်။

“မြွေသူတော်က . . . သဘောကောင်းတယ်ကွ၊ ဒါပေမဲ့ သူ့ကို မစင်နဲ့ တို့ရင်တော့ သိပ်စိတ်ဆိုးတယ်၊ ပြန်ကိုက်လိမ့်မယ်”

တစ်ယောက်ပြောတဲ့ စကားကိုလည်း သူကြားဖူးတယ်။

ဘကြိုင်ခေါင်းထဲမှာ ဖျတ်ခနဲ စိတ်ကူးတစ်ခုပေါ်လာတယ်။ ဘုန်းကြီးကျောင်းပေါ်ကို ခပ်သုတ်သုတ် ပြန်တက်လာပြီး သပိတ်တစ်လုံးကို သူများတွေ မတွေ့အောင် တိတ်တိတ်ကလေး ပြန်ယူတယ်။

မြက်ဖုတ်ကို ပတ်နေတဲ့ မြွေအခွေဘေးမှာ သပိတ်ကိုစောင်းပြီး တုတ်တစ်ချောင်းနဲ့ မြွေလည်ပင်းကို မ၊ သပိတ်နှုတ်ခမ်းပေါ်တင်ပြီး တုတ်နဲ့မြွေကို တို့တို့ပေးတော့ မြွေက သပိတ်ထဲ လျှောခနဲ ရောက်သွားပြီး ခွေနေတယ်။ မြွေက လူကြီးလက်မလုံးသာသာလောက်ဆိုတော့ သိပ်မလေးလှဘူး။ မသိသာဘူးပေါ့။ သပိတ်ကို အဖုံးပြန်ဖုံး၊ ကျောင်းစားဖိုချောင်ထောင့်မှာ ခဲတစ်လုံးနဲ့ ဖိပြီး ဝှက်ထားလိုက်တယ်။

နောက်တစ်နေ့နံနက်မှာတော့ ဘကြိုင်ရင်ထဲက ကိုရင်ကြီးအပေါ် အငြိုးနဲ့တေးထားတဲ့ အာဃာတ အကြိတ်အခဲကို ဖောက်ခွဲပစ်ဖို့ အကောင်အထည် ဖော်ပါပြီ။

ဆွမ်းခံထွက်ဖို့ ကိုရင်ကြီးသင်္ကန်းရုံပြီး ထွက်လာတော့ ဘကြိုင်တစ်ယောက် ပျာပျာသလဲ သပိတ်ကို ပြေးယူပြီး ကိုရင်ကြီးလက်ထဲ ထည့်ပေးလိုက်တယ်။ ကျောင်းပေါက်ဝရောက်တာနဲ့ “ဆွမ်းတော်ဗျို့”၊ ကြေးစည်ကို လက်ခတ်နဲ့ရိုက်လိုက်ပြီး ဘကြိုင်အားပါးတရအော်လိုက်ချိန် ကျောင်းပေါက်ဝရှေ့အိမ်က ဒေါ်သိန်းရှင်ကြီး ဆွမ်းလောင်းဖို့ ထွက်လာနေပြီ။ အနားရောက်အလာ ကိုရင်ကြီးက ဆွမ်း လောင်းခံဖို့ သပိတ်ဖုံးကို ဟပေးလိုက် တော့ တစ်ညလုံး လှောင်ထားခံရတဲ့ မြွေက ရှူးခနဲ ခေါင်းထွက်လာတာ ပေါ့။ ကိုရင်ကြီးခမျာ “အမလေးဗျ” ကြောက်လန့်တကြား အော်ဟစ်က သပိတ်ကို လွှတ်ချပြီး ထွက်ပြေး၊ ဒေါ် သိန်းရှင်ကြီးမှာလည်း ဆွမ်းပန်းက လွှတ်ကျပြီး မြေပေါ်မှာ ပက်လက်ကြ မေ့နေလို့ မနည်းနှာနှပ်ယူရတယ်။ တဟားဟားနဲ့ အားပါးတရ ရယ်နေ တာက ဘကြိုင်။

ကျောင်းတိုင်ဖက်ခိုင်းထားပြီး ဆွမ်းချိုင့်ထမ်းပိုးနဲ့ အသည်းခိုက် အောင် အဆော်ခံရပေမယ့် ဘကြိုင် မျက်နှာ တစ်ချက်မဲ့မသွားဘူး။ ပြုံးပြုံး လေးပဲ သူလုပ်ချင်တာ လုပ်လိုက်ရပြီ ကျေနပ်သွားပြီကိုး။

အဲဒီထဲက ကျောင်းနေဖက် ဘုန်းကြီးကျောင်းသားတွေက သူ့ကို “မြွေသူတော် ဘကြိုင်”လို့ ကင်ပွန်း တပ်လိုက်တာ နာမည်ကိုတွင်ရော။

+ + +

အရွယ်ရောက်လို့ အိမ်ထောင်ကျ ပြီးတော့လည်း ခပ်ပေပေ သဘောဆိုး ပျောက်မသွားပါဘူး။ ဒါပေမဲ့ သား ယားကိုတော့ ကြင်ကြင်နာနာရှိပါတယ်။ အလုပ်ကိုလည်း ခါးချိုးပြီး ကြိုးကြိုးစား စား လုပ်လို့ ရွှေတိုငွေစလေးတွေလည်း စုမိပြီး ပြည့်ပြည့်စုံစုံရှိပါတယ်။ သို့ပေမဲ့ ဘကြိုင်တစ်ယောက် အလုပ်ပေါင်း လုပ်ရင်း လူပေါင်းစုံနဲ့ ပေါင်းမိပြီး ထ ရည်တို့ အရက်တို့လည်း စနန်း တတ်လာပြီ။

အသက်ငါးဆယ်ကျော်လာတော့

www.burmeseclassic.com



ကိုဘကြိုင်ကနေ ဘိုးဘကြိုင်ဖြစ်လာခဲ့ပြီး တစ်ဦးတည်းသောသား အိမ်ထောင်ကျလို့ မြေးမလေးတစ်ယောက်င် ရခဲ့ပေမယ့် ရွှတ်ပေပေ သန္ဓေဆိုးက တိုးလို့တောင် လာချည်သေးဗျာ။

တစ်နေ့မှာ သူတို့ ကန်ပိုင်းရွာနဲ့ ဘယ်တစ်ကွင်းခြား၊ ပေါက်ပင်အိုင်ရွာက သူနဲ့ သောက်ဖော်စားဖက် ဦးအောင်ချမ်း ကွယ်လွန်သွားတဲ့ သတင်းရောက်လာတယ်။ ဒီလို နာရေးကိစ္စမျိုးဖြစ်လာရင် ဘယ်သူမဆို ဘိုးဘကြိုင်တို့က မနေတတ်။ အရောက်သွားပြီး ဝေယျာဝစ္စ အောက်ခြေသိမ်းလုပ်ပေးတတ်ပါတယ်။ ကနားဖျင်းထိုးတာကအစ၊ ချက်ရေးပြုတ်ရေး၊ မီးရေး ထင်းရေးကအစ စိတ်ပါလက်ပါ လုပ်ပါတယ်။

အသုဘချမယ့်နေ့နံနက်၊ သင်္ချိုင်းမှာ မြေကျင်းတူးသွားကြတော့ မနေတတ်တဲ့ ဘိုးဘကြိုင်လည်း လိုက်တူးတာပေါ့။ သင်္ချိုင်းအလယ်က ကုက္ကိုပင်ကြီးအောက်မှာ အရက်ပုံးကိုချ၊ အရက်သောက်လိုက်၊ ကျင်းတူးလိုက်နဲ့ သုံးလေးယောက်ဝိုင်းပြီး တူးလိုက်ကြတာ မွန်းမတည့်ခင် ကျင်းတူးပြီး အဆင်သင့် ဖြစ်နေပြီ။ ဘိုးဘကြိုင်မှာ ကျင်းတူးရတာလည်း မော၊ အရက်ကလည်း ထွေထွေလေးနဲ့ ကုက္ကိုမြစ်ပေါ် ခေါင်းအုံးပြီး ခါးဆန့်လိုက်တာ မှေးမှေး အိပ်ပျော်သွားပါတယ်။

မွန်းတည့်ကျော်လို့ အသုဘချတာတော့ အော်သံဟစ်သံ၊ ငိုယိုသံတွေနဲ့ ဆူညံနေတာကြောင့် ဘိုးဘကြိုင် သန့်နိုးလာပါတယ်။ ဒါပေမဲ့ အိပ်ရာကထသေးဘဲ မျက်လုံးမှေးပြီး ကြည့်နေတယ်။ ခေါင်းကို ကျင်းထဲချ၊ မြေပြန်ဖို့ပြီး ကိစ္စဝိစ္စတွေပြီးလို့ အသုဘပို့တဲ့လူတွေ ပြန်ကြမယ်လုပ်တော့ တစ်ယောက်က ဘိုးဘကြိုင်ကို လှမ်းကြည့်ပြီး–



"ကုက္ကိုပင်အောက်မှာ အိပ်နေတာ ဘယ်သူလဲကွ၊ ပြန်ကြရအောင် ခေါ်နိုးလိုက်လေ၊ တစ်ယောက်တည်း ကျန်ခဲ့အုံးမယ်"ပြောတော့ ပေါက်ပင်အိုင် ရွာသားတစ်ယောက်က–

"အလကား လူကြီးပါဗျာ ... အလုပ်လုပ်တာနည်းနည်း၊ အရက်ပဲနင်းကန်သောက်ပြီး မှောက်နေတာနေမှာပေါ့၊ သူ့ဘာသာသူနိုးမှ ပြန်လာလိမ့်မယ်၊ ထားပစ်ခဲ့"ဆိုကာ အားလုံး ပြန်ကုန်ကြတယ်။

အဲဒီမှာ ဘိုးဘကြိုင်ရဲ့ တိမ်မြုပ်နေတဲ့ ရွှတ်ပေပေသန္ဓေဆိုးက ဝုန်းခနဲ နိုးကြွလာခဲ့ပါပြီ။

"ငါက ... စေတနာနဲ့ လာလုပ်ပေးတာ၊ ဒင်းတို့က ငါ့ကိုများ နှစ်ပြားမတန်အောင် ပြောသွားလိုက်ကြတာ၊ တွေ့မယ်ကွ၊ ပေါက်ပင်အိုင်ရွာသားတွေ"လို့ စိတ်ထဲမှာ ကြိမ်းဝါးရင်း သင်္ချိုင်းမြေပုံပေါ်ကိုကြည့်လိုက်တော့ လူသေခေါင်းပေါ်က ချပြီး တင်ထားခဲ့တဲ့ သက်ပျောက်ပွဲကျ ဖီးကြမ်းငှက်ပျောဖီးကြီးနှစ်ဖီးက မမှည့်တမှည့် အဝါရောင်လေးသန်းလျက်။

ဘိုးဘကြိုင် ဆတ်ခနဲထပြီး သင်္ချိုင်းမြေပုံဆီသွားကာ ငှက်ပျောနှစ်ဖီးကို ခေါင်းမှာပတ်ထားတဲ့ ပုဆိုးဟောင်းနဲ့ လုံခြုံအောင်ထုတ်ပိုးပြီး ညောင်နီကွင်းရွာဘက် ပုန်းလျှိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com

လှျိုးနဲ့ ထွက်...ပေါ်တော့တယ်။ ညောင်နီကွင်းရောက်တော့ သူငယ်ချင်းတစ်ယောက်ဆီက ဂုံနီအိတ်ဟောင်းတစ်လုံး တောင်းပြီး ငှက်ပျောဖီးတွေထည့်၊ လယ်ကွင်းစပ်က ကောက်ရိုးပုံပေါ်တင်ပြီး နေပြအုပ်မှည့်လိုက်တာ နှစ်နေပြလောက်ပဲ ငှက်ပျောသီးက ဝင်းမှည့်နေပြီ။

နံနက်စောစောထပြီး ငှက်ပျောတစ်ဖီးကို တုတ်တစ်ချောင်းနဲ့ ရှေ့နောက်လျှိုထမ်းကာ ရွာဘက်ပြန်လာပါတယ်။ သူနေတဲ့ ကန်ပိုင်းရွာကို ပြန်မယ့်လမ်းက ပေါက်ပင်အိုင်ရွာထိပ်ကို ဖြတ်ပါတယ်။ ပေါက်ပင်အိုင်ရွာထိပ်မှာက အကြော်သည် ဒေါ်စာဥရဲ့ အကြော်တဲ။

ငှက်ပျောနှစ်ဖီးထမ်းပြီး ဇိုက်စိုက်ဇိုက်စိုက်နဲ့ပြန်လာတဲ့ ဘိုးဘကြိုင်ကို အကြော်သည်ဒေါ်စာဥက "ဘယ်က ပြန်လာသတုံး ဘိုးဘကြိုင်ကြီး"လှမ်းပြီး နှုတ်ဆက်တော့ ခပ်တည်တည်နဲ့ အကြော်တဲထဲ ဝင်ထိုင်လိုက်ပြီး "ညောင်နီကွင်းကို အလယ်သွားတာပဟ"လက်ဖက်ရည်တစ်ခွက်ငှဲ့ပြီး တရှူးရှူးနဲ့ သောက်နေတယ်။

"ဟယ် ... ငှက်ပျောဖီးကြီးတွေ ထွားလိုက်တာ၊ တစ်ဖီးလောက် ရောင်းခဲ့ပါလား၊ လက်စနဲ့ ... ကြော်လိုက်ရအောင်"

"မလုပ်ပါနဲ့ ... စာဥရယ်၊ ငါ့မြေးစားဖို့ ဝယ်လာတာ"

"ရှင့်မြေးတစ်ဖီးဆို .. ဝပါတယ်တော်၊ တစ်ဖီးရောင်းခဲ့စမ်းပါ" အတင်းတောင်းဝယ်တော့ ဘိုးဘကြိုင်က မင်သေသေနဲ့။

"ယူချင်လည်း နှစ်ဖီးစလုံး ယူလိုက်ဟာ၊ ငါလည်း ... အရက်ဖိုးရတာပေါ့"ဆိုတော့ ... ဒေါ်စာဥက ငှက်ပျောသီးဖိုး လှမ်းပေးလိုက်ပြီး ငှက်ပျောသီးတွေ အခွံနွှာ၊ မုန့်နှစ်ရည်နဲ့စိမ်ပြီး အကြော်ဒယ်အိုးထဲ ထည့်လိုက်တယ်၊ ရှဲခနဲ ဆီပွက်သံကြားလိုက်ရတော့မှ–

"စာဥရေ ... ပြန်အုံးမယ်ဟေ့"

ဘိုးဘကြိုင် မဆိုးမခန့်ပြုံးလိုက်တယ်။ ဘိုးဘကြိုင်တို့ ဒေသက မသာပစ္စည်းကို အမင်္ဂလာဖြစ်တဲ့အတွက် ရှောင်ကြတယ်။ မသာပို့ပြီး သင်္ချိုင်းကပြန်ရင်တောင် ခြေထောက်မှာ သင်္ချိုင်းမြေအမှုန်အမွှားနဲ့ ရွံ့တွေကပ်ပါလာမှာစိုးလို့ ခြေထောက်ကို ရေစင်အောင် လောင်းဆေးကြတဲ့လူတွေ မသာပစ္စည်းဆို သိပ်ကြောက်ကြတယ်။ ဒါကြောင့် ဘိုးဘကြိုင် ကြုံးဝါးလိုက်တယ်။

"အသုဘ ငှက်ပျောကြော် ပူပူလေးတွေ ... စားလိုက်ကြပါဦး ပေါက်ပင်အိုင်ရွာသားတို့ရေ .."

\+ + +

ဘိုးဘကြိုင် အိမ်ပြန်ရောက်တော့ မိန်းမဖြစ်သူက–

"ရှင့်မလဲ ... ကိုဘကြိုင်ရယ်၊ နာရေးကိစ္စသွားတာ ဘယ်ပျောက်သွားမှန်းမသိဘူး၊ မျှော်လိုက်ရတာ၊ အိမ်နောက်က ကွမ်းခြံထဲသွားကြည့်ပါဦး၊ လေတိုက်လို့ ကွမ်းညွန့်တွေလန်ကျနေတာ၊ ဖရိုဖရဲနဲ့ ပျက်စီးကုန်တော့မယ်"

ဆီးပြီးပြောတော့ ဘိုးဘကြိုင် ဘာမှပြန်မပြောဘဲ သင်အူကြိုးတစ်ထုံး ယူကာ နောက်ဘက် ကွမ်းခြံထဲသွားပြီး ကွမ်းညွန့်တွေ တိုင်မှာ ပြန်ချည်နေတယ်။ တစ်နာရီကျော်လောက်ကြာ

တော့ အလုပ်ပြီးသွားလို့ အိမ်ပေါ်...
တက်လာတယ်။

အိမ်ရှေ့ လက်ဖက်ရည်စားပွဲ...
လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့...
တုန်း တွေ့လိုက်ရတာက ပန်းကန်...
ချပ်ထဲမှာ ငှက်ပျောကြော်တွေ။

ဘိုးဘကြိုင်ရင်ထဲ ထိတ်ခနဲ...
သွားပြီး "မိန်းမ ... ဒါ ဘယ်က...
ကြော်တွေလဲ" စိုးရိမ်တကြီး မေးလို...
တယ်။

"တော့်ချွေးမ ... မနက်...
ပေါက်ပင်အိုင်ကို ကွမ်းရွက်ဖိုး ...
သွားတောင်းရင်းနဲ့ ဝယ်လာတ...
ဒေါ်စာဥ အကြော်ဆိုင်ကတဲ့၊ ...
အတွက် ပန်းကန်ထဲမှာချန်ထားတယ်...

ဘိုးဘကြိုင် ကြည့်လိုက်...
မြေးမလေးက ငှက်ပျောကြော်တ...
အားရပါးရကိုက်လို့ မိန်းမကြည့်လို...
တော့ ငှက်ပျောကြော်တစ်ကိုက် ရေ...
ကြမ်းတစ်ကြိုက်နဲ့။

ဘိုးဘကြိုင် မျက်လုံးအပြူး...
နဲ့ တွေတွေကြီး ရပ်ကြည့်နေလိုက်...
ကျောက်ရုပ်ကြီးလို မလှုပ်မယှက်။ ...
တပ်ကြီးနဲ့ အတောင့်လိုက်ကြီး ...
သက်ထွက်သွားမလား အောက်...
တယ်။


ငယ်ငယ်တုန်းက ရခဲ့တဲ့ "...
သူတော်ဘကြိုင်" ဘွဲ့ထူးအ...
အသက်ကြီးလာတော့မှ "သက်ပျော...
ငှက်ပျော ဘိုးဘကြိုင်"ဆိုတဲ့ ဂုဏ်...
ကိုပါ ထပ်ဆောင်းရလိုက်ပါသေးတ...

ဉာဏ်...

www.burmeseclassic.com

# ရှိုး၆၀

## ဂြိုဟ်မွှေတဲ့ပတ္တမြား





www.burmeseclassic.com

www.burmeseclassic.com



### ၁။ ပတ္တမြားရတနာဆိုသည်

ကျောက်ကြီးကျောက်ကောင်းခေါ် ပတ္တမြားရတနာအစစ်မည်သည် ရှေးဘုန်းရှေးကံပါလာသော သူတို့သာလျှင် ထိုက်တန်သောပစ္စည်း ဖြစ်ပါသည်။

ပတ္တမြားရတနာဟူသည် မိုးကုတ်ပတ္တမြားမြေမှထွက်ရှိသော ကျောက်မျက်ရတနာမှန်သမျှ အားလုံးအကျုံးဝင်လေသည်။ များသောအားဖြင့် ကျောက်နီကိုသာ ပတ္တမြားဟု သိရှိထား၏။

အမှန်မှာ ကျောက်နီပတ္တမြား၊ ကျောက်ပြာနီလာ၊ ခရမ်းရောင်၊ ဂုန္ဒနီလာ၊ ဥဿဖရား၊ ကျောက်ဖြူဂေါ်ကြိုး၊ အညံ့ရောင်စုံတို့သည်လည်း ပတ္တမြားစာရင်းဝင်ဖြစ်ပါသည်။

အနီမှာထိပ်ဆုံး မဥ္ဇူရည်ခေါ် လယ်သီးရည်မှသည် အနီရောင်စုံထိရှိသည်။ အပြာတွင်လည်း ငှက်ခါးရည်၊ ကတ္တီပါရည်မှသည် အပြာရောင်စုံရှိလေသည်။ ဂေါ်ပါလာခဲ့လျှင် အနီ၊ အပြာ၊ ဂေါ်ကြိုးရောင်စုံရှိသည်။ ဂုန္ဒနီလာတွင်လည်း ဂေါ်ကြိုးရှိ၏။ ထိုဂေါ်ကြိုးကို ဂုန်ကြိုး(အိမ်ကြိုး)ဟူ၍ ခေါ်သည်။ အညံ့ကျောက်မှာ ဂေါ်ကြိုးမပါချေ။

ကျောက်ကြီးကျောက်ကောင်း ဆိုသည်မှာ အနီဖြစ်စေ၊ အပြာဖြစ်စေ အရွယ်အစားကြီးရမည်။ အရည်ဖြည့်ရမည်။ အသားကောင်းရမည်။ အပြစ်ကင်းစင်နေရမည်။ ဂေါ်ကင်းစင်ရမည်။ အနေအထားကောင်းရမည်။ ပုံစံမှာလည်း လှပနေရမည်။ သဘာဝပုံဆောင်ထားသည်မှာ ၆ မြှောင့်ပုံစံမျိုးဖြစ်ပါသည်။

အသားကောင်းရမည်ဆိုသည်မှာ ကျောက်သားပေါ်တွင် ဖန်သား၊ မှန်သား ဖြစ်နေရမည်။ အပြစ်အနာအဆာ လုံးဝကင်းစင်ကာ မှန်သားအသွင်သဏ္ဌာန် တိုးလျှိုပေါက် ကြည်လင်နေရမည်။ အရွယ်ကြီးရမည်ဆိုသည်မှာ ၅ ကာရက်အထက် ဖြစ်ရပါမည်။ များသောအားဖြင့် ကျောက်ပြာခေါ် နီလာများသည် ကာရက်ရာချီ၍ ထွက်တတ်သည်။

ကျောက်နီပတ္တမြားမှာမူ ထိုပမာဏထွက်ရန် အလွန်ခဲယဉ်း၏။ ပတ္တမြားငမောက်တည်းဟူသော နန်းစဉ်ရတနာပတ္တမြားကြီးတစ်ခုတည်းသာလျှင် ရတီ ၉၀ ရှိပြီး အကြီးမားဆုံး ပတ္တမြားကျောက်စစ်အဖြစ် မှတ်တမ်းတင်ထားသည်။

ယင်းကဲ့သို့သော ကျောက်ကောင်းကျောက်မြတ်ကို ရရန်အလို့ငှာ သာမန်ကုသိုလ်ကံလောက်ဖြင့် မရနိုင်ပေ။ ကုသိုလ်အကျိုးပေးကောင်းမှ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က ထိုက်တန်သူကို ကံထိုက်၍ပေးသော နတ်ပစ္စည်းဖြစ်သည်။

ယခုလို ကျောက်စစ်၊ ကျောက်ကောင်းတို့သည် မိမိတို့ အတိတ်ကံပါလာမှ ကံကိုယုံ၍ မျှော်လင့်ချက်ဖြင့် တူးဖော်နိုင်မှ ရတတ်လေ့ရှိပါသည်။ တွင်းကို တူးဖော်ကြသူ ကျောက်တူးသမားများသည် များသောအားဖြင့် ကျောက်အကြောင်းကို နားလည်၍မ ဟုတ်ဘဲ သမ္မာအာဇီဝဝမ်းစာအတွက် ကျောက်ရလိမ့်နိုးနိုးနှင့် တူးဖော်ကြ သည်က များသည်။

အမှန်တော့ ကျောက်နှင့်ပတ် သက်၍ နကန်းတစ်လုံး သိရှိနားလည် ကြသူများမဟုတ်ဘဲ ရာကျောက်၊ ထောင်ကျောက်၊ သောင်းကျောက်၊ သိန်းကျောက် စသည်ဖြင့်သာ ခန့်မှန်း နားလည်ကြသည်။

မိမိတို့တွင်းမှ တူးဖော်ရရှိလာ သော ကျောက်တန်ဖိုးကို ဂဃနဏမသိ ဘဲ ကြိုက်ဈေးရ၍သာ ရောင်းခဲ့ကြခြင်း ဖြစ်သည်။ တကယ် မိမိတို့ ရရှိလိုက် သော ကျောက်တန်ဖိုးမှာ ပွဲခသာသာမျှ သာ ရှိသည်။ ကျောက်တန်ဖိုးအစစ် အမှန်ကို မသိဘဲ ရောင်းချလိုက်ပြီးမှ ထာပွဲတွင် တစ်ဆင့်စကား တစ်ဆင့် နား ပြန်ကြားလာသောအခါ လွန်စွာ နစ်နာဆုံးရှုံးသွားမှန်း သိရှိသွားသည်။

ထိုအခါ ပတ္တမြားထိုက်သွားသူမှာ တွင်းသမားများမဟုတ်ဘဲ တွင်းသမား ထံမှ ဈေးနှိမ်ဝယ်ယူခဲ့သော ကျောက် ကုန်သည်သာ ဖြစ်ပါသည်။ ဤကဲ့သို့ လူပေါ်လူညွန့်ရူးစားခံရသောအခါ မ ကျေမနပ်ဖြစ်ပေါ် ခံစားလာရပြီး ရန် ညှိုးဖွဲ့သည်ထိ နာကြည်းဒေါသ ပေါက် ကွဲ ကြလေတော့သည်။

ဤကဲ့သို့ ပတ္တမြားရတနာ သည် ထိုက်တန်သူထံကိုသာ ရောက်ရှိ သွားတတ်ကြောင်း တကယ်ပင်ပမ်း အ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခံကာ တူးယူရရှိလာသော တွင်းတူးသမားများအတွက် မခံစားထိုက်သည့် သာဓကများအနက် အောက်ပါဖြစ်ရပ်မှန်ဇာတ်လမ်းလေးက သက်သေပြနေလေသည်။

## ၂။ တွင်းတူးသမားဘဝ

ရဲရန်အောင်နှင့် ရဲနိုင်အောင် ညီအစ်ကိုသည် ကျောက်ဖျာရွာဇာတိ ဖြစ်သည်။ မိဘဘိုးဘွားအစဉ်အဆက်ကတည်းမှ ကျောက်တူးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလာကြသည်။ ဖခင်ဖြစ်သူမှာ ကျောက်ဖျာဇာတိသားဖြစ်ပြီး မန္တလေးသို့ ကျောက်အရောင်းအဝယ်ကိစ္စဖြင့် သွားလာနေရင်း မန္တလေးသူနှင့် အိမ်ထောင်ကျခဲ့သည်။

ဇနီးဖြစ်သူ ဒေါ်အေးမူမှာ မန္တလေးသူဖြစ်သော်လည်း ယောင်နောက်ဆံထုံးပါဆိုသလို လင်ဖြစ်သူ ဦးကျော်သာနှင့် ဒေါ်အေးမူတို့သည် မိုးကုတ်မြို့ကျောက်ဖျာရွာတွင် အခြေချနေထိုင်လျက် မိရိုးဖလာကျောက်တွင်းတူးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြလေသည်။

အစကနဦးတွင် ကျောက်တွင်းတူးဖော်ရာတွင် ဖခင်ဖြစ်သူ ဦးကျော်သာမှ ကျောက်တွင်းပိုင်ဖြစ်ပါလျက် ကိုယ်တိုင်ဦးစီးဦးဆောင် လုပ်ကိုင်သူဖြစ်သည်။ မိုးကုတ်ကျောက်တွင်းလောက၏ ထုံးစံမှာ ကျင်းထောင်၊ ကျင်းဦးစီး၊ ကျင်းလုပ်သားဟူ၍ သုံးမျိုးသုံးစားရှိသည်။

ဦးကျော်သာက ကျင်းထောင်ဖြစ်သည်။ ကျင်းပိုင်ရှင် ဖြစ်သည်။ တစ်နည်းဆိုသော် ကျောက်တွင်းသူဌေးလေး ဖြစ်သည်။ ကျင်းဦးစီးဆိုသူမှာ ကျင်းလုပ်သားခေါင်း ဖြစ်သည်။ သူက ကျောက်တွင်းတူးလုပ်သက်ရင့်သူ ဖြစ်လေသည်။

ကျောက်လောကတွင် သူ့ကို မော်ဟုလည်း တင်စားခေါ်ကြသည်။ ကျင်းလုပ်သားကတော့ ရှင်းပါသည်။ ကျင်းတူးသမားသက်သက်သာ ဖြစ်ပါသည်။ ဒီလို ကျင်းဦးစီးနှင့် ကျင်းလုပ်သားများကို ဦးကျော်သာက ငှားထားသည်။ သူတို့အားလုံးအတွက် စားဝတ်နေရေး၊ ရိက္ခာနှင့်ကျင်းတူးရန်ပစ္စည်း ကိရိယာ၊ တန်ဆာပလာတို့ကို တာဝန်ယူရသည်။

အကယ်၍ ပစ္စည်းရရှိလာသောအခါ ကျင်းပိုင်ရှင်က တစ်ဝက်ယူ၍ ကျန်တစ်ဝက်ကိုကျင်းဦးစီးနှင့် ကျင်းလုပ်သားများက အချိုးကျခွဲဝေယူကြသည်။ ကျင်းပိုင်ရှင်ကိုယ်တိုင် သဘောကျနှစ်မြို့က်လျှင် ကျင်းဦးစီးကို ဝေစုထဲမှ ထပ်မံခွဲပေးပြန်သည်။

ဒါကြောင့် ရိုးသားသော၊ ကြိုးစားသော၊ ကျွမ်းကျင်လိမ္မာပါးနပ်သော ကျင်းဦးစီးမျိုးကို ကျင်းထောင်ဆရာ၊ ကျင်းပိုင်ရှင်များက လက်သပ်မွေးထားရသည်။

အမှန်မှာ ကျင်းပိုင်ရှင်ဖြစ်သော ဦးကျော်သာကိုယ်တိုင် ကျင်းထဲဆင်းရန် မလို။ သို့သော် မိမိကျင်းက တွင်းတူးအလုပ်သမားများကို စိတ်မချနိုင်သည်က တစ်ကြောင်း၊ အဖိုးတန်ကျောက် ကောင်းကောင်းထွက်ရှိလာလျှင် ထိမ်ချန်သိုဝှက်ထားမည်ကို စိတ်မချနိုင်သဖြင့် ကိုယ်တိုင်ကိုယ်ကျ ဦးစီးဝင်လုပ်ကိုင်နေသည်။

မိမိကျောက်တွင်းထဲမှ အဖိုးတန်ကျောက်များကို ရံဖန်ရံခါ ထွက်ရှိလာနေသောအခါ လောဘဇောတက်ပြီး ကျောက်တွင်းထဲ ဆင်းခဲ့သောအခါ ကျောက်တွင်းပိ၍ သေဆုံးသွားရသည့် အန္တရာယ်နှင့် ရင်ဆိုင်သွားခဲ့ရသည်။

ထိုအချိန်က ရဲရန်အောင်တို့ ညီအစ်ကို နှစ်ဦးမှာ လူလားမမြောက်သေးသည့် လူမမယ်အရွယ်လေးများသာ ရှိသေးသည်။ မိခင်မုဆိုးမကြီး ဒေါ်အေးမူမှာ မိုးကုတ်သားနှင့် အိမ်ထောင်ကျသဖြင့် မိုးကုတ်သူဖြစ်လာသော်လည်း ကျောက်အကြောင်းကို လုံးဝနားမလည်မသိသူဖြစ်သည်။

မိခင် ဒေါ်အေးမူမှာ အိမ်ထောင်ဦးစီးတာဝန် ယူထားရသော်လည်း ကျောက်တွင်းကိစ္စများကို နားမလည်၊ မကျွမ်းကျင်သောကြောင့် ကျင်းဦးစီးထံမှ ကျောက်ရောင်းရသမျှ ငွေဖြင့်သာ တင်းတိမ် ကျေနပ်နေရသည်။ နောက်ဆုံးမှာတော့ သူများဝှေ့လိမ်၍ အလူးအလိမ့်ခံရင်း ကျောက်ကျင်းကိုပင် ရသမျှဈေးနှင့် ရောင်းစားခဲ့ရတော့သည်။

နှစ်ကာလကြာလာသောအခါ ရဲရန်အောင်တို့ ညီအစ်ကိုနှစ်ဦးမှာ မိခင်မုဆိုးမကြီးကို ကျောက်တွင်းတူးအလုပ်သမားများအဖြစ် တစ်စ တစ်စ ဝင်ရောက်လုပ်ကိုင် ရှာဖွေကျွေးမွေး စောင့်ရှောက်နေရသည်။

သို့သော်လည်း မိမိတို့အရွယ်ရောက်လာ၍ လူလားမြောက်လာသောအခါ ဖခင်ကြီးလို ကျင်းပိုင်ရှင်ဘဝရောက်နိုင်ရန် ကျားကုတ်ကျားခဲ



www.burmeseclassic.com

www.burmeseclassic.com



ပမ်းဆင်းရဲခံကာ ကြိုးစားလုပ်ကိုင်လာကြသည်။

မိမိတို့ ညီအစ်ကိုနှစ်ဦးတည်း ရွာအနီးရှိ တောင်တွင်းလျှိုတွင် တစ်နိုင်တစ်ပိုင် မျှောတွင်းလုပ်၍ တူးဖော်ခဲ့ကြသည်။ ပတ္တမြားရတနာအား ကံကိုယုံ၍ တူးဖော်ရှာဖွေကြသောအခါ ကျောက်ကောင်းတစ်ပွင့်မဆိုထားဘိ။ ထမင်းစားကျောက်ခေါ် အောက်ကျောက်အမှုန်အမွှားပင်လျှင် ရနိုင်ရန် ခဲယဉ်းလှပေသည်။ မိသားစု၏ စားဝတ်နေရေးမှာ လွန်စွာ ဆင်းရဲကျပ်တည်းလှပေသည်။

ရဲရန်အောင်တို့ လုပ်ကိုင်နေရသော မျှောတွင်းမှာ လွန်စွာ ပင်ပမ်းဆင်းရဲခံရ၏။ မျှောတွင်းဟူသည်မှာ ဖောက်တွင်းများလို တူးဖော်ရသည် မဟုတ်။ ဖောက်တွင်းဆိုသည်မှာ သစ်၊ ဝါးတို့အကူအညီဖြင့် မြေအောက်သို့ တွင်းတူးပြီးမှ ဆင်းရသည်။ အနည်းဆုံး ကျင်းတူးသမား လေးငါးဦးလုပ်မှ ဖြစ်သည်။ မျှောတွင်းမှာမူ တစ်ဦးတည်းသို့မဟုတ် နှစ်ဦးတည်းဆင်း၍ ရလာသော ကျောက်မြုံးစများကို မျှောတိုက်၍ရလေသည်။

ဤနေရာတွင် ကိုယ်ပိုင်အရင်းအနှီးမရှိသောလူများအတွက် သူများမလုပ်ရသေးသော အခိုင်မြေတောဟူ၍မရှိ။ ရှေးလူအဆက်ဆက်ကတည်းမှ အထပ်ထပ်လုပ်ကိုင်သွားသော အဟောင်းတောသာရှိသည်။ ကျောက်ထွက်ရန် လွန်စွာ ခက်ခဲရှားပါးလှပေသည်။ စားစရိတ်ပင် အနိုင်နိုင်ရသော တွင်းဟောင်းများဖြစ်သည်။

သို့သော်လည်း လူဆိုသည်မှာ တစ်ဦးက ကံမကောင်းသော်လည်း အခြားသူများ၏ ကံကိုမှီ၍ လုပ်ကိုင်ကြရသည်။ ရဲရန်အောင်တို့ ညီအစ်ကိုနှစ်ဦးမှာ မိခင်မုဆိုးမကြီးကို ပင်ပင်ပမ်းပမ်းရှာဖွေကျွေးမွေးနေကြရသည့် ဘဝဖြစ်သည်။

ရှေးပဝေသဏီက ဖခင်ကြီး ဦးကျော်သာကိုယ်တိုင် ကျောက်တွင်းများကို ဦးစီးဦးဆောင် လုပ်ကိုင်ကျွေးမွေးနေသောကြောင့် မကြောင့်မကြဘဝတွင် ရပ်တည်နေထိုင်ခဲ့ကြရသည်။

ယခုတော့ မိမိတို့ လုပ်နိုင်ကိုင်နိုင်အရွယ်ရောက်လာချိန်တွင် ကျောင်းတွင်းများက တစ်ပါးလူများလက်သို့ အလိမ်ခံရ၍တစ်ဖုံ၊ ရောင်းစားပစ်၍တစ်နည်းဖြင့် ဘဝရှင်သန်နိုင်ရေး ကျားကုပ်ကျားခဲ ကြိုးစား လုပ်ကိုင်နေရသည်။

ယခုလို ကိုယ်ပိုင်ကျောက်ကျင်းပိုင်ရှင်ဘဝမှ ကံကြမ္မာအပြောင်းအလဲကြောင့် ကျောက်ကျင်းတူးသမားဘဝဖြင့် အစကပြန်ပြီး ရုန်းကန်ရင်ဆိုင်နေရသည်။ မိခင်အိုကြီးမှာ အသက်အရွယ် အိုမင်းမစွမ်း ဖြစ်လာနေပြီမို့ သားလေးနှစ်ဦး ရှာဖွေရရှိလာသော ထမင်းစား ကျောက်ငလေးများ ထုခွဲရောင်းချ စားသောက်နေရသည်။

မိမိအသက်အရွယ်ကြီးရင့်လာခဲ့ပြီဖြစ်သော်လည်း ဘာသာတရားကို စဉ်ဆက်မပြတ် ကိုးကွယ်ဆည်းကပ်နေသည်။ ဟိုးယခင် လင်ဖြစ်သူက ကျောက်တွင်းတူးထွက်သွားသည်နှင့် အိမ်ရှိ ဘုရားစင်မှာ ဘုရားပန်းများကို သပ္ပာယ်နေအောင် ဝေဝေဆာဆာထိုး၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဆွမ်းတော်ကပ် ဘုရားရှိခိုး အမျှအတန်းပေး...
နေသည်မှာ သားများထိတိုင် ဖြစ်...
သည်။

### ၃။ ကံထိုက်၍ ရလာသောကျောက်

ရဲရန်အောင်တို့ ညီအစ်ကိုနှ...
သည် သူများလုပ်ကိုင်ထားပြီးသ...
ကျင်းဟောင်းများမှ မျှောတိုက်...
ကျောက်တူးနေကြသည်။ ယခုလို ...
အစ်ကိုနှစ်ဦးတည်း စိတ်တူကိုယ်တူ ...
တူတွဲလုပ်ကိုင်နေခြင်းကြောင့် ကျော...
ရလာသည့်အခါ ခွဲဝေပေးရန်မလို...

ဤသို့ဖြင့် ညီအစ်ကိုနှစ်ဦးတ...
ရိုးရိုးသားသား၊ ကြိုးကြိုးစားစား လု...
ကိုင်နေကြသည်။ မျှောတိုက်ရန်တစ်...
က မြုံးစများကို တူးယူတင်ပို့ပေးသ...
ကို တစ်ဦးက စုပုံပြီးမှ မြုံးဆေးရသည...

နှစ်ဦးသား တွင်းထဲမှရရှိလ...
သော သဲကျောက်များဖြင့် မြုံးဆေး...
ကြသည်။ မြောင်းမြီးထဲမှသဲများကို...
လုတ်ဦးတွင် ဆွဲပုံလိုက်၊ စလုတ်သို့ဆ...
၍ ခလုတ်ထဲဆွဲချကာ ဆန်ခါဖြင့်...
လောက်လိုက်လုပ်၍ ဆေးနေ...
ကျောက်ဟူ၍ ဘာတစ်ခုမျှ ပေါ်ထွ...
မလာပေ။ ညီအစ်ကိုနှစ်ဦးစလုံး စိ...
ဓာတ်အကြီးအကျယ် ကျနေကြသည်...

သို့သော်လည်း တွင်းသမား...
မည်သည် စလုတ်ထဲမှာရှိသော နော...
ဆုံး သဲတစ်လုံးကျန်သည်အထိ မျှ...
လင့်ချက်ရှိနေသဖြင့် အစ်ကိုကြီးဖြစ်...
ရဲရန်အောင်မှာ ဇွဲဖြင့် လုပ်ဆောင်...
သည်။

နောက်ဆုံး စလုတ်ထဲ သဲ...
နေချိန် မျက်စိထဲမှာ ရဲခနဲလိုလို ...
လိုက်ရသဖြင့် ကမန်းကတန်း ဆ...



www.burmeseclassic.com

www.burmeseclassic.com



ကို ရေဖြင့်ခလောက်ကာ လှန်ကြည့်လိုက်သည့် သဲတစ်ပတ်လည့်လုနီးနီးတွင် (၇)ကာရက်ခန့် ကျောက်နီပတ္တမြားတစ်ပွင့်ကို ရဲခနဲ မြင်တွေ့လိုက်ရသည်။ ရဲရန်အောင်သည် မယုံမရဲစိတ်ဖြင့် ကျောက်နီပွင့်လေးကို တုန်ယင်နေသော လက်အစုံဖြင့် လှမ်းကောက်ယူကာ ပျောက်သွားမည်စိုးသဖြင့် ပါးစပ်ထဲ ငုံထားလိုက်သည်။ ပြီးမှ–



"ညီလေးရေ ... အစ်ကိုတို့ ပွပြီကွ"

"ဘာပွတာလဲဗျာ ... ကျောက်မရလို့ စိတ်ညစ်နေရတဲ့အထဲ"

မျောတွင်းဘေးမြေကွက်လပ်ဝယ်ခြေပစ်လက်ပစ် ထိုင်နေသော ရဲနိုင်အောင်အား ဝမ်းသာအားရအောင်ပြောလိုက်သည်။ ရဲနိုင်အောင်မှာ လူငယ်ပီပီ စိတ်ဓာတ်တက်ကြွယ်၊ ကျလွယ်သောသဘောရှိသူ ဖြစ်၍ သဲများကို စလုတ်တိုက်ပြီး ကျောက်မထွက်လာ၍ စိတ်ဓာတ်ကျဆင်းကာ မျောတိုက်နေသည့်ဘေးမှာ ထိုင်နေခြင်း ဖြစ်သည်။

"ဒီမှာ ... ဘာလဲကြည့်စမ်း"

"ဟာ ... အစ်ကို"

"ဟုတ်တယ် ညီလေး .. မင်းကတယ် စိတ်ဓာတ်ကျလွယ်တာကိုးကွ၊ ကျောက်တွင်းသမားဆိုတာ .. စလုတ်ထဲမှာရှိနေတဲ့ သဲတစ်ပွင့်ကျန်ပါစေ .. ဖွဲနဲ့လုပ်ရတယ်ကွ၊ ခုတော့ ... ကံအကျိုးပေးပြီကွ"

"အစ်ကို ... ဒါဆို .. ကျွန်တော်တို့ သူဌေးဖြစ်ပြီပေါ့"

"ဒါပေါ့ကွ ... အမေ့ကို ကောင်းကောင်းမွန်မွန် နေနိုင်စားနိုင်အောင် ငါတို့ ရှာဖွေ ကျွေးရကျိုးနပ်ပါတယ်"

"အင်း ... ဒီကျောက်က ဘယ်လောက်တန်သလဲ အစ်ကို"

"ငါ့အထင်တော့ ... သိန်းကျောက်လောက်တန်မယ်ကွ"

"ဟာ ... ဒါဆို အတော်ပဲ၊ ကျုပ် လီဆူးမလေးနဲ့ လက်ထပ်လို့ရပြီ"

"ဟား ... ဟား မင်းက အမေ့လုပ်ကျွေးမယ် မကြံသေးဘူး၊ မိန်းမယူဖို့ အရင်စဉ်းစားနေပြီလား"

"မဟုတ်ပါဘူး ... အစ်ကိုရာ လီဆူးမလေးက ကျောက်အောင်ရင် လက်ထပ်ကြမယ်လို့ ကတိထားခဲ့လို့ပါ"

အထက်ပါအတိုင်း ညီအစ်ကိုနှစ်ဦးသား ဝမ်းသာအားရနှင့် အချီအချ ပြောဆိုနေခြင်း ဖြစ်ပါသည်။ ရဲရန်အောင်က တွင်းဆေးပြီးသွားသဖြင့် တွင်းမှတက်လာပြီး သဲပတ်ပုံဘေးမှာ ထိုင်နေသော ရဲနိုင်အောင်ထံရောက်လာသည်။

နောက်နေရောင်မှာ ကျောက်ကို ပါးစပ်ထဲမှထုတ်ယူလိုက်ပြီး နေရောင်ပဏ္ဏာဖြင့် စစ်ဆေးကြည့်ရှုနေသည်။ နေရောင်ပဏ္ဏာဖြင့် ထောင်ကြည့်နေစဉ် ကျောက်မှာ လယ်သီးရည်ဖြစ်ကာ အပြစ်အနာအဆာဟူ၍ မြူမှုံပင်မပါရှိသော ကျောက်စစ်ကျောက်ကောင်း ဖြစ်နေသည်။

ရဲနိုင်အောင်မှာလည်း အစ်ကို့လက်ထဲမှ ကျောက်နီပွင့်လေးကို ပါးစပ်အဟောင်းသားဖြင့် အံ့သြတုန်လှုပ်စွာ ကြည့်ရှုနေသည်။ မဠူရည်ခေါ် လယ်သီးရည်သည် လက်ထဲသို့ ယိုစီးကျလုမတတ် နီရဲပြီး ခဲနေ၏။ လှလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ပြောဖွယ်ရာမရှိပြီ။

ရဲရန်အောင်တို့ ညီအစ်ကိုမှာ ဖခင်ကြီးလက်ထက်တွင်သာ အရောင်းအဝယ်လုပ်နေသော ကျောက်နီပွင့်ကို မြင်တွေ့ဖူးသော်လည်း တန်ကြေးမည်မျှတန်သည်ကို ကလေးပီပီ မသိနားမလည်ခဲ့ပေ။

ယခု မိမိတို့ ညီအစ်ကိုနှစ်ဦး၏ ဖွဲ့ လုံ့လဖြင့် ပင်ပင်ပမ်းပမ်း ကြိုးစားလုပ်ကိုင်လာခဲ့သဖြင့် မိမိတို့နှင့်ထိုက်၍ ကျောက်နီတစ်ပွင့်ကို လက်ဝယ်ပိုင်ပိုင် ရရှိလာခဲ့ကြသည်။

သို့သော်လည်း မိုးကုတ်မြို့၌ ကျောက်စစ်ကျောက်ကောင်းဖြစ်သည့် ကျောက်ကြီးများကိုသာ ဝယ်သော ကျောက်ကုန်သည်ကြီးများနေထိုင်သော အိမ်ကို စုံစမ်းကာ ရောင်းချရန်ဆုံးဖြတ်လိုက်သည်။ နာမည်ကြီးကျောက်ကုန်သည်ကြီး ဦးရာကျော်ထံ မိမိတို့ကျောက်ကို ဈေးရအောင် ရောင်းရမည်ဟု စိတ်ပိုင်းဖြတ်ပြီး ရောင်းချရန် သွားရောက်ခဲ့လေသည်။

၄။ ကျောက်ဦးလည်ခြင်း

"ငါ့တူ ဒါမျိုးကျောက် ဦးလေးတို့ မဝယ်ပါဘူး၊ တခြားမှာသွားပြပါ"

"ဗျာ ... ဘာဖြစ်လို့လဲ"

"ဒီလိုပါ ... ငါ့တူ၊ ဒီလိုကျောက်မျိုးက အစစ်ဆိုရင် သိန်းကြီးတန်းဝင်ပဲ၊ ခုဟာက ... ပြင်သစ်ကျောက်လိုမျိုး .. ကျောက်တုလိုဖြစ်နေလို့ပါ"

"ဒီကျောက်က .. ကျွန်တော်တို့ မျောတွင်းက ရလာတာပါ၊ တွင်းဆေးရင်းရလာတဲ့ ကျောက်ကောင်းတစ်ပွင့်ပါ"

"အင်းပေါ့လေ ... မင်းတို့လို ကျင်းသမားတွေက ကျောက်ကောင်းကို မတွေ့ဘူးတော့ ... အတုကို အစစ်လို့ ထင်နေမှာပဲ၊ တခြားသွားပြကြည့်ပါ"

ရဲရန်အောင်တစ်ယောက် မိမိ မျှော်လင့်သလို ဖြစ်မလာသဖြင့် ကျောက်ပွင့်လေးကို ပလတ်စတစ်အိတ် ထဲထည့်ကာ ဂျာကင်အင်္ကျီထဲ ထိုးထည့်ပြီး ကျောက်ကုန်သည်အိမ်မှ ပြန်လာခဲ့ရသည်။ အိမ်သို့ရောက်သောအခါ–

"အစ်ကို ဘယ်လိုလဲ၊ ကျောက်ရောင်းသွားတာ ... အဆင်ပြေလား"

ရဲနိုင်အောင်မှာ မျှော်လင့်ဝမ်းသာဖြင့် အစ်ကိုဖြစ်သူအား အမောတကော မေးမြန်းလိုက်သည်။

"အဆင်မပြေပါဘူးကွာ ... ပြင်သစ်ကျောက်အတုမို့ မဝယ်ဘူးတဲ့"

"ဟာ ... ဒုက္ခပါပဲဗျာ၊ ကျွန်တော်က ကျောက်ရောင်းရရင် လီဆူးမလေးနဲ့ လက်ထပ်ကြဖို့စီစဉ်ထားတာ"

"ဖြည်းဖြည်းပေါ့ ... ညီလေးရာ ကျောက်ကုန်သည်တွေအများကြီးပါ၊ တစ်ဦးအဆင်မပြေလည်း ... တစ်ဦး ထပ်ပြကြည့်သေးတာပေါ့"

ရဲရန်အောင်ကတော့ စိတ်မာတ်မကျဘဲ တစ်ဦးနှင့် အဆင်မပြေလျှင် နောက်တစ်ဦးအား ထပ်ပြကြည့်ရန်သာ စိတ်စောနေသည်။ မိမိတို့နှင့် မထိုက်၍များ ဈေးမရခဲ့လေသလားဆိုပြီး သံသယစိတ် ဝင်နေသည်။

မိမိတို့ညီအစ်ကို ပင်ပမ်းဆင်းရဲကာ မျောတွင်းမှာ ရှိသားစွာရလာခဲ့သော ကျောက်နီပတ္တမြားသည် ပြင်သစ်ကျောက် ဖြစ်နေသည်ဆိုခြင်းမှာ နားမလည်နိုင်အောင် ဖြစ်နေသည်။

သို့နှင့် ပန်းသေးတန်းကျော
အရောင်းအဝယ်လုပ်နေသည့် ထာပွဲ
သွားရောက်ရောင်းချခဲ့ပြန်သည်။
သော်လည်း ကျောက်ကောင်းမဟုတ်
ရာကျောက်၊ ထောင်ကျောက်လော
သာ ဈေးဖြတ်နေကြသည်။

"တောက် .. ဘယ်လို ကျော
စုတ်ကျောက်ပြတ်များ .. ငါတို့ မျ
တွင်းထဲက ထွက်လာခဲ့တာလဲမသိဘူ

မကျေမနပ်ချက်ဖြင့် တော
ခေါက်လျက် ကျောက်ပွဲမှ ပြန်လ
သည်။ ထိုစဉ် စက်ဘီးကလေးစီးလ
သော ဖောတိရှမ်းမျိုးနွယ် အမျိုးသ
လေးတစ်ဦးသည် ရဲရန်အောင်ဘေး
စက်ဘီးထိုးရပ်လိုက်သည်။ သူမ
ကျောက်ပွဲစားတစ်ဦးဖြစ်သည်။ ထ
မှာ ရဲရန်အောင်ကျောက်ကို ပွဲစားမျ
က ဟိုလူယူကြည့် ဒီလူယူကြည့်ပြီး
တန်တဆဈေးပေးနှိမ်နေသည်ကို သိ
သွားသည်။

"ဒီက ... အစ်ကို ကျော
ရောင်းမှာမဟုတ်လား"

"ဟုတ်တယ်ဗျာ ... ဒီကျော
က ဘယ်လိုမှ ဈေးကောင်းမရလို့ ဖြ
ချင်ရာဖြစ် ... ရတဲ့ဈေးနဲ့ ရောင်းပ
တာပဲ ကောင်းမယ်"

"အို ... ဒီလိုလည်း ဘယ်ဟု
မလဲရှင် .. မတော်ကျောက်က သော
ကျောက်၊ သိန်းကျောက် ဖြစ်နေ
မခက်ဘူးလား အစ်ကို၊ ဆန္ဒရှိ
ကျွန်မအသိ ကျောက်ကုန်သည်အိမ်
သွားပြကြည့်ရအောင်"

"ဘယ်နေရာမှာလဲ"

"အောင်ချမ်းသာရပ်ထဲမှာပါ"

သို့နှင့် ကျောက်ကုန်သည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထံ နှစ်ဦးအတူ သွားရောက် ခဲ့ကြသည်။ အောင်ချမ်းသာရပ် ကွက်ရှိ နှစ်ထပ်အိမ်ကြီးဆီသို့ ရောက်ရှိ ကြသည်။ ဦးမိုးကျော်မှာ မိုးကုတ် ပေါ်တွင် ကျောက်စစ် ကျောက် ကောင်းဖြစ်သည့် ကျောက်ကြီးများကို ဝယ်ယူလေ့ရှိသော ကျောက်ကုန် သည်ကြီး ဖြစ်ပါသည်။

ကျောက်လောကတွင် နာမည် တစ်လုံးနှင့် နေကြသူများဖြစ်သည်။ သာတရားကိုလည်း လွန်စွာ ကိုင်း ကြသူများဖြစ်၍ ဩဇာတိက္ကမကြီး သူတစ်ယောက် ဖြစ်သည်။ ကျောက် ကုန်သည်ကြီးမှာ ကျောက်ပွဲတန်းမှ ကျောက်ပွဲစားမလေးနှင့် အဆက်အ သွယ်ရှိသည်။ ဈေးကို မှန်မှန်ကန်ကန် ဖြတ်၍ ပေးတတ်သဖြင့် တစ်မြို့ လုံးက လေးစားကြည်ညိုခြင်းခံရသူ ဖြစ်သည်။

"အန်ကယ် . . . ကျောက်တစ်ပွင့် ပြချင်လို့ပါ"

"ဘယ်မှာလဲ . . . ပြစမ်း"

ရဲရန်အောင်က ပလတ်စတစ် အိတ်ဖြင့် ထုတ်ထားသော ကျောက်နီ ပွင့်လေးကို ဂျာကင်အကျီအိတ်ထဲမှ ထုတ်ကာ ကျောက်ကုန်သည်ကြီး ဦး မိုးကျော်ထံ တရိုတသေပေးလိုက်သည်။

ကျောက်ကုန်သည်ကြီးက အပေါ်ထပ် ညှိခန်းနားရှိ ပြတင်းပေါက်နားမှာ ရပ်ကာ နေရောင်ပဏ္ဏာဖြင့် လှေ့လာ ကြည့်ရှုနေသည်။

"မောင်ရင့်ကျောက်က . . . သိပ် တန်းဝင်တဲ့ကျောက်အမျိုးအစားတော့ မဟုတ်လှောက်ဘူး၊ ကျောက်အရည်အ သွေးကတော့ လှပါတယ်၊ ဘာပဲဖြစ် ဖြစ် . . . အချောသွေးပြီး အိမ်က သမီး တွေ လက်စွပ်ကွင်းဝတ်လို့ရမယ်၊ ပြင်သစ်ကျောက်လို့ထင်ရပေမဲ့ တောင် တွန်းလျှိုကထွက်တဲ့ကျောက်ဆိုတော့ ငွေနှစ်သောင်းပေးမယ်ကွာ"

ရဲရန်အောင်မှာ မိမိနားကိုပင် မ ယုံရဲအောင် ဖြစ်သွားလေသည်။ မိမိ ကျောက်ကို ပြသသည့်နေရာတိုင်းမှာ ထောင်ကျောက် ရာကျောက်အဆင့် လောက်သာ ပေးဝယ်နေကြသည်။

ထိုခေတ်ထိုအခါ ငွေနှစ်သောင်း ၏တန်ဖိုးမှာ ရွှေတစ်ကျပ်သား ငါး ထောင်ဈေးလောက် ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့ မိသားစုအ တွက် စားနိုင်သောက်နိုင်အောင် သုံး ဖြုန်းနိုင်သည့် ငွေပမာဏဖြစ်နေသည်။

"ဦးလေး . . . တကယ်ပြောတာ လားဗျ"

"ဟ . . ငါက လူကြီးဖြစ်ပြီး ညာ ပြောရမလား၊ မင်း ကျေနပ်ရင် ငွေ တစ်ခါတည်း ချေပေးလိုက်မယ်၊ ဘယ် လိုလဲ ရောင်းမလား"

"ရောင်းမယ်ဗျာ"

ရဲရန်အောင်က ဝမ်းသာအားရ စွာ အလောတကြီး ပြောလိုက်သည်။ ထို့နောက် ငွေနှစ်သောင်းကိုယူဆောင် ကာ မိခင်ကြီးနှင့် ညီလေးထံ အမော တကော အပြေးအလွှားရောက်ရှိသွား လေသည်။

"ဘယ်လိုလဲ . . အစ်ကို ကျောက် ရောင်းမထွက်ဘူးလား"

"ထွက်သွားပြီ . . . ညီလေး၊ နှစ်သောင်းနဲ့ဈေးတည့်သွားပြီ" ...ပျက် ...လေကွာ၊

"ဟာ . . . ဒါဆို အော...ွက ပြင် ဗျာ၊ ဝမ်းသာလိုက်တာအစ်ကိုရာ ...ဘာကို

"ကဲ . . . ညီလေး၊ မင်းလည်း ...နှစ် မင်းချစ်သူ လီဆူးမလေးနဲ့ မင်္ဂလာ ဆောင်လို့ ရသွားပြီပေါ့ကွာ"

ရဲနိုင်အောင်တစ်ယောက် အစ်ကို ဖြစ်သူ၏စကားအဆုံးမှာ ဝမ်းသာအား ရ ပြေးဖက်ပျော်မြူးနေရှာသည်။ ယခု လို မိမိတို့ မျှောတွင်းထဲမှ ပထမဆုံး ကျောက်ပွင့်သွားခြင်းအတွက် ကျေနပ် အားရနေသည်။ မိမိတို့ ညီအစ်ကိုမှာ ကံကိုယုံစား၍ သူများတူးပြီးသားတွင်း ဟောင်းနေရာမှာ ကျောက်ကောင်းတစ်

**တို့နဲ့ ထိုက်တန်လို့ရလာတဲ့ ဒီကျောက်နီပတ္တမြားကို**

**သူက မန္တလေးကျောက်ပွဲ ဆင်းပြီးရောင်းတာ ခုနစ်သိန်းရသွားတယ်ဆိုတော့**

**ငါတို့မှာ ပင်ပမ်းရကျိုးနပ်ဘဲ လျှပ်းပုလင်းထိခံလိုက်ရသလိုပဲ . . .**



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ရရန် မလွယ်ကူပေ။ စားစရိတ်ပင် မရသောနေရာဖြစ်၍ ကံစပ်မှသာလျှင် ကျောက်ကောင်းတစ်ပွင့် ရရှိတတ်သည်။ ယခု မိမိတို့နှင့်ထိုက်သင့်သော ကျောက်ကောင်းတစ်ပွင့် ကျောက်နီပတ္တမြားကို မျောတွင်းမှရရှိလိုက်၍ ပီတိဝေဖြာနေသည်။

နေ့စဉ်နေ့တိုင်း မျောတွင်းသို့ တူးဖော်နေကြစဉ် ပေါက်တူးတစ်လက် ထမ်းကာ သံဆန်ခါတစ်ချပ်ကို ကိုယ်စီ သယ်ကာ မျောတွင်းရှိရာသို့ ပင်ပင်ပမ်းပမ်း ရှရှိုး အလုပ်ဆင်းသွားကြရသည်။

၁၉၇၀ ပြည့်နှစ်အချိန်ခန့်ကာလ ကျောက် ကျောက်တွင်းနယ်မြေထဲ ကျောက်တူးသွားကြရာ ကျောက်တူးခွင့် ကျေး၊ ဝင်မရဘဲ ခိုးတူးနေကြရလေသည်။ ကျောက်ခိုးတူးသူများသည် ကျောက်တွင်းနယ်မြေထဲသို့ ခိုးကြောင် ခိုးဝှက်ဝင်ရောက် တူးဖော်ရှာဖွေကြရခြင်းဖြစ်သည်။

မိမိတို့အိမ်မှထွက်လာကတည်းက တောထဲမှာ တောင်ယာသွားလုပ်သလိုလို၊ သစ်မြစ်သစ်ဥရှာသလိုလို ပေါက်တူးတစ်လက်ကိုထမ်းပြီး မျောဆေးရာတွင် အသုံးပြုရမည့် သံဆန်ခါချပ်ကို လိပ်ဝှက်ပြီး ယူဆောင်သွားကြရသည်။

တချို့ကျင်းများမှာ ကျင်းဦးစီးနှင့်အတူ လူလေးငါးယောက် စုပေါင်းလုပ်ရသော ဖောက်တွင်းများကို တူးကြသည်။ ရဲရန်အောင်တို့ညီအစ်ကိုနှစ်ဦးကမူ ရှေးပဝေသဏီထဲက ကျောက်တူးသမားများ အသုံးပြုခဲ့ပြီးဖြစ်သော ကျင်းဟောင်းနေရာမှာ တောင်တွင်းလျှိုထဲ မျောတိုက်လုပ်ကိုင်နေကြရသည်။

ဤကဲ့သို့ သက်စွန့်ဆံဖျား ကျောက်တူးနေခဲ့ကြသော ညီအစ်ကိုနှစ်ဦးမှာ တစ်ဦးက ပေါက်တူးဖြင့် မျောတူး၍ရလာသော သဲမြေစာကို တစ်ဦးက သယ်ယူ၍ ရေချောင်းစပ်မှာ တွင်းဆေးနိုင်ရန် အရံသင့်စုပုံထားပေးရသည်။

ညနေစောင်းအချိန်ရောက်မှ မိမိတို့ ဖြုံးစာများကို ချောင်းထဲမှ ရေဖြင့် စလုတ်တိုက်ချဆေးကြောရသည်။ ရဲနိုင်အောင်က အရင်ဦးဆုံး သဲများကို စလုတ်တိုက်ချ ဆေးနေသော်လည်း ကျောက်စကျောက်နပင် ထွက်မလာသဖြင့် စိတ်ဓာတ်ကျကာ မျော နှင့် မျောတွင်းမှာ နားနေသည်။ ရဲရန် အောင်က ဖွဲမာန်အပြည့်ဖြင့် အား လျှော့ဘဲ သဲတစ်ပွင့်ကျန်သည်ထိ လုတ်သဲဆွဲချချိန်တွင် မမျှော်လင့် ကျောက်နီပတ္တမြားတစ်ပွင့် ရရှိလာ ခြင်းဖြစ်ပါသည်။



## ၅။ ကံကြမ္မာအလှည့်အပြောင်း

"အစ်ကို ... ဒါ ... ကျုပ် ကို တစ်ပတ်ရိုက်ပြီး ဈေးနှိမ်ဝယ်သွ တာဗျ"

"အေးကွာ ... အစ်ကိုလည်း စားမလေးဆီက တစ်ဆင့်ကြား တော့ တော်တော်ခံပြင်းသွားတယ်ကွာ၊

www.burmeseclassic.com



နဲ့ ထိုက်တန်လို့ရလာတဲ့ ဒီကျောက်နီတွေ့များကို သူက မန္တလေးကျောက်ပွဲဆင်းပြီးရောင်းတာ ... ခုနစ်သိန်းရသွားတယ်ဆိုတော့ ငါတို့မှာ ပင်ပမ်းရကျိုးမနပ်ဘဲ လူပါးပုလင်းထိ ခံလိုက်ရသလိုပဲ''

"အစ်ကိုကလည်း ... ဈေးကို သေချာမစုံစမ်းဘဲ ... သွားရောင်းတာကိုး''

"ဟ ... မရောင်းလို့လည်း မရဘူးလေကွာ၊ ကျောက်ကုန်သည်တစ်ဦးပြလိုက် .. ဈေးနှိမ်ပေးလိုက်နဲ့ ကျောက်ဦးလည်သွားတာကိုး၊ အဲဒီတော့ ... အမြင့်ဆုံးပေးတဲ့ သူ့ကို ယုံကြည်ပြီးရောင်းလိုက်ရတာပဲ''

ရဲရန်အောင်တို့ ညီအစ်ကိုနှစ်ဦးသည် မိမိတို့ ရောင်းလိုက်သောကျောက်ကြီးက တစ်ပါးသူလက်ထဲရောက်သွားမှ သိန်းတန်ကျောက်ပွင့်သွားခဲ့သဖြင့် ဇွေ့ဇွေ့ခုန် ဖြစ်နေကြသည်။ ညီဖြစ်သူ ရဲနိုင်အောင်ကလည်း သူ့ကောင်မလေးနှင့် လက်ထပ်မင်္ဂလာပွဲကျင်းပနိုင်ရန် ဖိတ်စာများပင် ဝေထားခဲ့ပြီးဖြစ်သည်။

"အစ်ကို ... ဒီအတိုင်း ငြိမ်ခံနေလို့ မဖြစ်ဘူးထင်တယ်၊ ကျုပ်တို့ ... ရောင်းလိုက်တဲ့ ကျောက်ရဲ့တန်ရာတန်ကြေး ထပ်တောင်းကြမယ်''

"အေးကွာ ... ငါတို့က ဈေးမသိလို့ ရောင်းလိုက်ရတာကို ... အဲဒီကျောက်ကုန်သည်ကြီးနဲ့ အတတ်နိုင်ဆုံး ပြေပြေလည်လည် ဖြစ်အောင် ညှိနှိုင်းကြည့်သေးတာပေါ့ကွာ''

ရဲရန်အောင်ကတော့ ပြဿနာမဖြစ်ပွားလိုသည့်အတွက် ကျောက်ကုန်သည် ဦးကျော်မိုးထံ ကျောက်တန်ဖိုးထပ်မံပေးသင့်ကြောင်း သွားရောက်ညှိနှိုင်းပြောဆိုခဲ့သော်လည်း လုံးဝသဘောမတူနိုင်ဘဲ ငြင်းဆန်လွှတ်ခဲ့သည်။

နောက်ဆုံး မိမိတို့လိုချင်သောဝေစု မရရှိနိုင်သောအခါ မတရား အနိုင်ကျင့်ခေါင်းပုံဖြတ်ခံရသည်ဟု စိတ်မှာ နာကြည်းကာ အိမ်ပေါ်တက်စားပြတိုက်ယူရန် ကြံစည်ခဲ့လေတော့သည်။

ရဲရန်အောင်တစ်ယောက် သူငယ်ချင်းတစ်ဦးထံမှ သေနတ်တစ်လက် ငှားရမ်းလာပြီး လက်နက်ပြခြိမ်းခြောက်ရုံသက်သက် ကြံရွယ်ထားလေသည်။ အချိန်ကား မှောင်မိုက်နေသော ညဦးပိုင်းအချိန်ကာလ ဖြစ်သည်။

အမှောင်ထုအောက်ဝယ် တိုက်ခံနှစ်ထပ်အိမ်ကြီးမှာ ထီးတည်းဗွာည်ရှိနေသည်။ ပတ်ဝန်းကျင်မှာ ချုံးနိုက်နိုက်တုန်နေသောကြောင့် အိမ်တွင်းဝယ် မီးလင်းဖိုဖြင့် မီးလှုံနေကြသည်က များသည်။ အပြင်ဘက်မှာ လူသွားလူလာမရှိအောင် ကင်းရှင်းပြီး ငြိမ်သက်တိတ်ဆိတ်နေသည်။

သို့သော်လည်း တိုက်ခံအိမ်ကြီးအတွင်းဝယ် မိသားစုဝင်များမှာ ကက်ဆက်ဖွင့်နားထောင်နေကြသည်။ ပြင်ပပတ်ဝန်းကျင်အနေအထားက တိတ်ဆိတ်ငြိမ်သက်နေသလောက် အိမ်ကြီးထဲရှိ ညှော်ခန်းထဲဝယ် မီးလင်းဖိုဘေးမှာ ကက်ဆက်သီချင်းနားထောင်ရင်း စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။

"ဘယ်လိုလဲ ... ဦးမိုးကျော်၊ ကျုပ်တို့ ညီအစ်ကိုအပေါ် ဒီလို ဖျံကျသွားလို့ ဘယ်ရပါ့မလဲဗျာ''

"ငါက ... ဘာဖျံကျခဲ့လို့လဲ၊ မင်း ကိုယ်တိုင် ကျေနပ်လို့ ရောင်းသွားတာပဲ''

"ဒါဆိုလည်း ... ဈေးကို မှန်မှန်ကန်ကန် ပေးသင့်တာပေါ့ဗျာ''

"ဒါက ... ငါ့လက်ထဲရောက်မှ ငါနဲ့ထိုက်တန်လို့ ဈေးရခဲ့တာကွ''

"ခင်ဗျားဘာသာ ... မန္တလေးဆင်းပြီး ကျောက်ပွဲစားတန်းမှာ သွားပြတာမှန်ပေမယ့် ... ကျုပ်တို့ကျတော့ ဈေးကို နှစ်သောင်းပဲဖြတ်သလဲ။ စကတည်းက .. သိန်းကျောက်မှန်းသိလျက် တမင်ဈေးနှိမ်ဝယ်တာပဲ''

"ဒါက ... မဆိုင်ဘူးလေကွာ၊ မင်းတို့ကျောက်ကို သူများတွေက ပြင်သစ်ကျောက်ဆိုပြီး ဈေးမပေးခဲ့တာကို ငါက သဘောကျလို့ နှစ်သောင်းနဲ့ မနစ်နာရအောင် ဖြတ်ပေးခဲ့တာပဲ၊ မန္တလေးရောက်မှ ကျောက်ကပွင့်သွားလို့ ဈေးကောင်းရသွားတာ .. ငါ့ကံကြောင့်ကွ''

"ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်အတွက် ... နစ်နာကြေးအဖြစ် ငွေနှစ်သိန်းထပ်လိုချင်တယ်၊ အဲဒါ ထုတ်ပေးပါ''

စာမျက်နှာ ၇၉ တွင်
ဆက်လက်ဖတ်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**■ ညီမ အခုဆက်ရှုံ့ဆက်မယ့် အနုပညာအကြောင်း တွေကို ပရိသတ်များသိအောင် ပြောပြပါလား။**

အခု ဂျာနယ်မဂ္ဂဇင်းတွေအတွက်ကတော့ ဓာတ်ပုံ လျှောက်ရိုက်ပေးဖြစ်တယ်။ ပြက္ခဒိန်တွေလည်း ရိုက်ရတာ များတယ်။ TV ကြော်ငြာတွေကတော့ (၃)ခုလောက်တော့ ရိုက်ပြီးပြီပေါ့နော်။ Video ဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် က Video ဇာတ်ကား(၂၀)ရိုက်ကူးဖို့ စာချုပ်ချုပ်ထား ပါတယ်။

**■ ပရဟိတအလုပ်တွေကော ဆောင်ရွက်ဖြစ်သေး လားဆိုတာလည်း ပြောပြပါဦး။**

ပရဟိတအလုပ်တွေကတော့ အရင်ကထက်ပိုပြီး လုပ် ဖြစ်တယ်။ ၂၇ ကြိမ်မြောက် Sea Games အကြိုလှူ့ဒါန် မှုပျော်ပွဲကြီးမှာလည်း ပါဝင်ဖြစ်တယ်။ နာရေးကူညီမှု အသင်း နာရေး ၁၀၀၀၀ ပြည့် အခမ်းအနားမှာလည်း မန်နီးခင်ဖေယျာတို့နဲ့အတူ ပါဝင်ဆောင်ရွက်ဖြစ်တယ်။ မွေး[illegible]တုန်းကလည်း သံဃာ ၁၅၆ ပါးကို အာရုံဆွမ်းကပ် တယ်။

**■ အနုပညာအလုပ်တွေအတွက် ဘယ် လိုကြိုးစားဆောင်ရွက်တတ်သလဲ။**

အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အကောင်းဆုံး ကြိုးစားမယ်ဆိုတဲ့စိတ်ကတော့ ညီမမှာရှိတယ်။ စိတ်ဓာတ်ကိုလည်း ခိုင်ခိုင်မာမာနဲ့ဖြစ်အောင်လုပ် မယ်။ ဘယ်အလုပ်မဆို ဥပမာ ဂျာနယ်၊ မဂ္ဂဇင်း စသဖြင့် အလုပ်ဓာတ်ပုံရိုက်တာတွေကအစ စေတနာထားပြီး အကောင်းဆုံးဆောင် ရွက်တယ်။

**■ အနုပညာအလုပ်တွေကို ဘယ်အရွယ်ကတည်းက ဝါသနာပါခဲ့ တာလဲ။**

အနုပညာကတော့ အမှန်အတိုင်း ပြောရမယ်ဆိုရင် ညီမက ငယ်ငယ်လေးက တည်းက ဒီအနုပညာအလုပ်တွေကို ဝါသနာပါခဲ့တာ။





www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လည်း အနုပညာအလုပ်တွေ လုပ်နေရတဲ့အခါ ပျော်နေတာပဲ။ တစ်ခါတစ်လေ အနုပညာအလုပ်မှာ စိတ်ရောကိုယ်ကော အာရုံထားဆောင်ရွက်တာ အစားစားချိန်တောင် မသိတော့ဘူး။ အမေက ထေးကနေ သတိပေးရတယ်။

**■ပရိသတ်တွေက ခင်ဝင့်ဝါကို အနု အရမ်းအားပေးကြတာတွေ့ရတော့ ရင်ထဲမှာ ဘယ်လိုခံစားရသလဲ။**

ဝမ်းသာသလို ပရိသတ်တွေကိုလည်း ညီမအရမ်း ကျေးဇူးတင်တယ်။ အဲဒီဝမ်းသာမှုမျိုးက ပြောမပြတတ်လောက်အောင် ဝမ်းသာပီတိဖြစ်ရတယ်။ ဒီလိုမမျှော်လင့်ထားတဲ့ အားပေးမှုတွေကြောင့် ရှေ့ဆက်လျှောက်ရမယ့် အနုပညာခရီးလမ်းတွေအတွက် အားအင်တွေဖြစ်စေသလို ညီမကလည်း ပရိသတ်များ အားပေးသလို ပိုပြီးကြိုးစားသွားရမှာပေါ့။


**■ကိုယ့်အနေနဲ့ကော အနုပညာအလုပ်အတွက် ရှေ့ဆက်ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ ပရိသတ်များကိုပြောပြပါ။**

ကိုယ်ဝါသနာပါတဲ့ ဒီအနုပညာအလုပ်တွေကို အမှားအယွင်းမရှိအောင် ပရိသတ်တွေလက်ခံအားပေးအောင် အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမှာပါ။ Video ဇာတ်ကားတွေထွက်လာတဲ့အခါမှာလည်း အားပေးကြပါ။ ဝေဖန်ပေးကြပါ။ ပရိသတ်အတွက် အမြဲကြိုးစားသွားမယ်။ ပရိသတ်များအားလုံး ကျန်းမာပြီးလိုအင်ဆန္ဒတွေ ပြည့်ဝပြီး ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုတောင်းပေးပါတယ်။

ဖြိုးချမ်းအောင်

**Make Up Dress & Photo**


Oroma Zulu Studio



www.burmeseclassic.com

www.burmeseclassic.com





# သဘာဝအတိုင်း မျက်တောင် ရှည်လျားစေရန် နည်းလမ်းများ

စုဝေနှင်း

စွဲဆောင်မှုရှိသော မျက်ဝန်းတစ်စုံကို
အမျိုးသမီးတိုင်း ပိုင်ဆိုင်လိုပေလိမ့်မည်။
မျက်နှာပြင်ပေါ်တွင်လည်း မျက်ဝန်းအလှသည် အဓိကဖြစ်ပါသည်။
လူတိုင်း မိမိကိုယ်ကိုသတိထားမိသည့်အရာမှာလည်း မိမိ၏မျက်ဝန်းဖြစ်ပေရာ
စိတ်၏တံခါးပေါက်ဖြစ်သော မျက်ဝန်းများကို ပိုမိုလှပစေရန်
တန်ဆာဆင်ပေးသည့်အရာဖြစ်သော
မျက်တောင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပါသည်။
ကော့ညွှတ်ရှည်လျားသော မျက်တောင်များကို ကြည့်လင်တောက်ပစေသည့်
မျက်တောင်ရှည်များကို မျက်တောင်ဆိုးဆေး ကော့ဆေးအပြင်၊ မျက်တောင်တုများဖြင့်
ဖန်တီးယူနိုင်ပါသည်။ သို့ရာတွင် ထိုဓာတုဆေးများပါဝင်သည့် ကော့ဆေး၊
မျက်တောင်တုတပ်သည့် ကော်များမှာ မျက်စိကို အန္တရာယ်ပေးနိုင်ပါသည်။
ထို့ပြင် သူတို့မှာ ခေတ္တအချိန်ပိုင်းလောက်သာ လှပစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝ
နည်းအတိုင်း မျက်တောင်များ သန်စွမ်းရှည်လျားစေသည့် နည်းအချို့ကို
တင်ပြပေးလိုက်ပါသည်။

(၁) ကြက်ဆူဆီ

မျက်တောင်မွေးသည် အမွေးပင်ဖြစ်ရာ ယင်းတို့ကို သန်စွမ်းစေရန်
အားဖြည့်ဆီအဖြစ် ကြက်ဆူဆီကို အသုံးပြုနိုင်ပါသည်။
ညအိပ်ရာမဝင်မီ ကြက်ဆူဆီအနည်းငယ်ကို မျက်တောင်တွင် လိမ်းပေးပါ။
ညစဉ် ပြုလုပ်ပါက နှစ်လခန့် အကြာတွင် သိသာလာမည်ဖြစ်ပါသည်။
မျက်တောင်များ သန်စွမ်းရုံမက ပြောင်လက်ရှန်းစိုလာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



(၂) ဗီတာမင်အီး

မျက်တောင်ကော့ဆေးတံအသစ်တစ်ချောင်းကို ဗီတာမင်အီးအဆီဘူးထဲ နှစ်လိုက်ပြီး ယင်းကော့တံဖြင့် နေ့စဉ်သုတ်လိမ်းပေးပါ။ ဗီတာမင်အီးသည် ဆေးဖက်ဝင် သဘာဝအဆီဖြစ်လေရာ မျက်ဝန်းတစ်ဝိုက်ယားယံခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်းကိုပါ သက်သာပျောက်ကင်းစေပါသည်။ ရေရှည်သုံးစွဲခြင်းဖြင့် မျက်တောင်များ သန်စွမ်းလာစေသည့်အပြင် မျက်တောင်မွေးကျွတ်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။ ဗီတာမင်အီးအဆီများကို ဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။



(၃) မျက်တောင်မွေးများကို ဖြီးသင်ပေးခြင်း

ဆံပင်သန်စွမ်းစေရန် ဦးရေပြားကိုဖိဆွဲကာ ဖြီးသင်ပေးရပါသည်။ ထို့အတူ မျက်တောင်မွေးများကို ကော့ဆေးဘရပ်ရှ်ဖြင့် အသာအယာ နေ့စဉ်ဖြီးသင်ပေးသင့်ပါသည်။ နေ့စဉ် အနည်းဆုံးနှစ်ကြိမ်ခန့် အသာအယာ ဖြီးသင်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

(၄) အလှဆီ

ကြက်ဆူဆီ၊ ဗီတာမင်အီးဆီတို့အစား အလှဆီကို အသုံးပြုနိုင်ပါသည်။ မျက်တောင်ရင်းမှ အဖျားတိုင်အောင် ညအိပ်ရာမဝင်မီတွင် အလှဆီကို အနည်းငယ်လိမ်းပါ။ နောက်တစ်နေ့မနက် အိပ်ရာနိုးလျှင် ရေနွေးနွေးဖြင့် မျက်တောင်မွေးကို ပြန်လည်သန့်စင်ပေးပါ။ ထိုသို့ မပြုလုပ်ပါက အလှဆီတို့ကြောင့် မျက်တောင်မွေး



www.burmeseclassic.com

www.burmeseclassic.com



# ကိုကိုအင်တာနက်

## ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာရာဇဝတ်မှု



ကမ္ဘာပေါ်မှာ တိုးတက်တဲ့နိုင်ငံတိုင်း အင်တာနက်အသုံးပြုကြတယ်။ အင်တာနက်ဟာ ကမ္ဘာနဲ့ ရင်ဘောင်တန်းပြီး အချိန်နှင့်တစ်ပြေးညီ သိချင်တာ သိရ မြင်ချင်တာ မြင်ရ ကြားချင်တာကြားရတဲ့အထိ အစွမ်းထက်ပါတယ်။

အင်တာနက်ဟာ ကမ္ဘာလူသားများအတွက် ပွဲလတ်ဆန်းသန်းအစွမ်းထက်တဲ့ မော်ပညာကို အခြေခံပြီး စီရင်ထားတဲ့ ကမ္ဘာသရဖန်လုံးကြီးလို သိလို၊ မြင်လို၊ ကြားလိုသည့်ကို တစ်ခဏအတွင်း ဆန္ဒပြည့်အောင် တီထွင်ထားတဲ့ အံ့မှုဖွယ်အတတ်ပညာတစ်ရပ်လို့ ယူဆစရာရှိပါတယ်။

အဲဒီ အင်တာနက်ကို အသုံးပြုပြီး လူသားတို့ အသိပညာအတတ်ပညာများကို ဖြည့်ဆည်းပေးတဲ့ ကောင်းကျိုးတရားများရှိသလိုပဲ ဒုစရိုက်သမား၊ မသမာသူများကလည်း အင်တာနက်ရဲ့စွမ်းအင်တွေကိုပဲ တလွဲသုံးပြီး ပြစ်မှုများကျူးလွန်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ဟာ ကွန်ပျူတာနဲ့တွဲပြီး အသုံးပြုရခြင်းဖြစ်တဲ့အတွက် ကွန်ပျူတာဆော့ဝဲလ်များကို ခိုးဝှက်ရယူပြီး ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက် ဖော်ထုတ်တိုက်ခိုက်မှုများ ပြုလုပ်ကြတယ်။ ခံယူချက်ခြင်းမတူညီသူများက တစ်ဦးနှင့်တစ်ဦး၊ တစ်ပါတီနှင့်တစ်ပါတီ၊ နိုင်ငံရေးသိက္ခာကျဆင်းအောင် အောက်လမ်းနည်းအဖြစ် အင်တာနက်ကို လက်နက်သဖွယ်သုံးပြီး အမနာပတွေ ဖော်ပြကြတယ်။ တချို့က ညစ်ညမ်းတဲ့ လိင်ကိစ္စများ လွှင့်တင်ပြီး လူ့ဂုဏ်သိက္ခာပျက်ယွင်းအောင်၊ လူမှုသိက္ခာ ကျဆင်းအောင်၊ လူထဲသူထဲ မျက်နှာမဖော်ဝံ့အောင် ပြုလုပ်ကြတဲ့အပြင် သမ္မာအာဇီဝနဲ့စုဆောင်းထားတဲ့ ဘဏ်ငွေစာရင်းများထဲမှ ငွေများကို အဓမ္မခိုးဝှက်ယူငင်ကြတယ်။

စင်ကာပူနိုင်ငံမှ ဟက်ကင်း (Hacking)လုပ်ပြီး ကွန်ပျူတာတွေထဲ ဖောက်ထွင်းဝင်ရောက်တယ်။ အမျိုးမျိုးသောပြစ်မှုများကျူးလွန်ကြတယ်။ အဲဒီဒုစရိုက်မှုများဟာ ကမ္ဘာ့တစ်ဝှမ်းက ဖြစ်လေ့ဖြစ်ထရှိတဲ့အမှုတွေနဲ့ မခြားကြောင်း သာဓကအနေနဲ့ တင်ပြရမယ်ဆိုရင် ..

**စင်ကာပူနိုင်ငံ၏ ဆိုက်ဘာရာဇဝတ်မှုမြင်ကွင်း**

ဝက်ဘ်ဆိုက်ကို နှောင့်ယှက်ဖျက်ဆီးတာ၊ ကွန်ပျူတာဖိုင်ထဲက တခြားကျောင်းသားတွေရဲ့ရမှတ်တွေကို ခိုးကြည့်တာနဲ့ အိမ်နီးချင်းရဲ့ကွန်ယက်တွေထဲ ဝင်စီးတာတွေက စင်ကာပူတစ်ခွင်တွေ့ရတဲ့ နမူနာတွေပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စင်ကာပူသားတစ်ယောက်အနေနဲ့ ကမ္ဘာပေါ်တက်ပြီး အပြစ်ကျူးလွန်မှုမရှိသလောက် ရှားပါးတဲ့အထဲက တစ်မှုကတော့ ၁၇ နှစ်အရွယ် ကျောင်းသားလေးက နိုင်ငံခြား (ဆာဗာ)သတင်းအချက်အလက်တွေ ဝေမျှပေးတဲ့ ပရိုဂရမ်ထဲ ထိုးဖောက်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက သိချင်စိတ်သက်သက်ကြောင့်လုပ်မိတာလို့ ဝန်ခံပါတယ်။

ဟက်ကင်းလုပ်တဲ့ ဖြစ်ရပ်တွေမှာ ဗိုင်းရပ်စ်(ဒါမှမဟုတ်)ထရိုဂျင်တပ်သားတွေကို အသုံးပြုပြီး တိုက်ခိုက်တာဟာ မသမာတဲ့ အကြံအစည်တွေရဲ့ ထုတ်လုပ်မှု(ဝါ)ရလဒ်ပါပဲ။ သူတို့က ပစ်မှတ်သားကောင်တွေကို ၎င်းတို့ရဲ့ ကိုယ်ရေးကိုယ်တာတွေနဲ့ ဘဏ်ငွေစာရင်းတွေဖော်ပြဖို့ လှည့်စားခဲ့တာလို့လည်း ဆိုရပါမယ်။

ပြီးတော့ ဒီအချက်တွေကို ဈေးကွက်တင်ပြီး ဟက်ကာအချင်းချင်း ဖလှယ်ရာမှာ ထုတ်ပြန်ခဲ့ပါတယ်။

နောက်အဖြစ်အပျက်တစ်ခုကတော့ လူမသမာတစ်ဦးက စင်ကာပူသားတစ်ယောက်ရဲ့ အီးမေးလ်ငွေစာရင်းထဲ ဖောက်ဝင်(ဟက်ကင်)လုပ်ပြီး အဲဒီလူရဲ့ မိတ်ဆွေတွေပိုင်ငွေများကို သူ့စာရင်းထဲ လွှဲပြောင်းထည့်ဖို့ ကြံခဲ့တာပါ။

ဒီလိုပဲ မကြာခင်ကဖြစ်ခဲ့တဲ့ အမှုတစ်ခုမှာလည်း ကာယကံရှင်သားကောင်ရဲ့ ကွန်ပျူတာစနစ်ထဲကို လူမှုရေးကွန်ယက်ဖေ့စ်ဘွတ်ကတစ်ဆင့် ဗိုင်းရပ်စ်တစ်မျိုး ထည့်သွင်းလိုက်ပါတယ်။

**ဆိုက်ဘာဗိုလ်ကျ**
**အနိုင်ကျင့်မှု**
**အရေအတွက်အရ**
**အမေရိကန်ပြည်ထောင်စုနဲ့**
**ယှဉ်လိုက်ရင် စင်ကာပူက**
**ဒုတိယလိုက်နေတာ**
**အံ့ဩစရာတော့**
**မဟုတ်လှပါဘူး။**
**စင်ကာပူတစ်ဝှမ်း**
**တပ်ဆင်ထားတဲ့**
**ပရိုဂရမ်အားလုံးရဲ့**
**တစ်ဝက်လောက်ဟာ**
**...**


ရည်ရွယ်ချက်ကတော့ ကွန်[...] တာပိုင်ရှင်ရဲ့ မိတ်ဆွေတွေဆီ[...] သတင်းအချက်အလက်တွေ နှိုက်[...] ပြီး နောက်ဆုံးမှ ငွေတွင်းတူးဖို့[...] အွန်လိုင်းပေါ်က မသမာမှုတွေ[...] စင်ကာပူမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်လာ[...] တယ်။

လင်မယားနှစ်ယောက်ကို [...] နှစ် အရွယ်လူငယ်တစ်ယောက်[...] ခြိမ်းခြောက်ငွေညှစ်မှုနဲ့ စွဲချက်တ[...] တယ်။ သူတို့က အဲဒီလူငယ်ရဲ့ [...] လုံးတီးဗီဒီယိုကို အွန်လိုင်းပေါ်တင်[...] လို့ ခြိမ်းခြောက်ငွေညှစ်ခဲ့တာကြော[...] ဖြစ်ပါတယ်။

www.burmeseclassic.com



အင်တာနက်လိမ်လည်မှုတွေအပေါ် မကြာခင်ကလေ့လာတွေ့ရှိမှုတစ်ခုအရ စင်ကာပူအင်တာနက်လုံခြုံရေးစည်းမျဉ်းဘောင်အတွင်းမှာ လူတွေရဲ့ အပြုအမူတွေဟာ အဓိကအားနည်းချက်ပဲလို့ သတ်မှတ်ခဲ့ကြပါတယ်။ ဒါဟာ လူမသမာတွေ ဘယ်လိုလှုပ်ရှားတယ်ဆိုတာ သားကောင်အဖြစ်ခံရတဲ့ ကွန်ပျူတာသုံးသူတွေ ကောင်းကောင်းနားမလည်တာကြောင့်လို့လည်း ဆိုနိုင်ပါတယ်။



အင်တာနက်နဲ့ ဖိအားပေးပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာတွေ(ဒါမှမဟုတ်) စင်ကာပူ လူ့အသိုင်းအဝန်းကိုခြိမ်းခြောက်အန္တရာယ်ပြုလာတာတွေဟာ ကာလတိုအတွင်း သွန်လွန်ကဲကဲ ပျံ့နှံ့ခဲ့ပါတယ်။

စင်ကာပူလို ဘာသာစုံ၊ လူမျိုးစုံရှိတဲ့နိုင်ငံမှာ လူမျိုးနဲ့ဘာသာ ဆန့်ကျင်ကွဲပြားမှုတွေကို အလေးအနက်ထားပါတယ်။ ၂၇နှစ်အရွယ်လူတစ်ယောက်သူ့ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာကနေပြီး အကြမ်းဖက်မှုကို လှုံ့ဆော်တိုက်တွန်းတဲ့အတွက် အဖမ်းခံလိုက်ရပါတယ်။

သူ့အပြင် လူမျိုးခွဲခြားမှု(သို့မဟုတ်) ဘာသာရေးဆန့်ကျင်မှုတွေကြောင့် ရဲတပ်ဖွဲ့နဲ့ စင်ကာပူအင်တာနက်လုံခြုံရေးဌာနတို့ကို အလုပ်ရှုပ်စေခဲ့သူတွေ အများကြီးရှိပါတယ်။ သို့တိုင်အောင် တရားဝင်ဖမ်းဆီးထားခြင်းမခံရပါဘူး။

ဒီလိုအပျက်သဘောဆောင်တဲ့ မကောင်းမှုတွေ(ဝါ)ဆိုက်ဘာနယ်မှာ ကြီးထွားလာတဲ့ လူမျိုးခွဲခြားမှုအကြောင်းအရာတွေကို ဆိုက်ဘာနယ်မှာ အင်တာနက်သမားအတော်များများ လုပ်ချင်လာကြပါတယ်။

ဘာပဲပြောပြော ‥တချို့သောဒုစရိုက်နှိမ်နင်းရေးအရပ်သားအုပ်စုတွေက ဒီလိုချဉ်းကပ်မှုတွေကို အစွန်းရောက်အောင် တုံ့ပြန်ကြပါတယ်။

လူငယ်တစ်ယောက်ဟာ သူ့အိမ်နီးချင်းကို ဆူညံသံတွေနဲ့ နှောင့်ယှက်တယ်လို့ အထင်လွဲခံခဲ့ရတာကြောင့် သူ့ရဲ့ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အွန်လိုင်းပေါ်အသေးစိတ်တင်တာ ခံလိုက်ရပါတယ်။

(နောက်တစ်ဦးကတော့ အစိုးရပေါ်လစီတွေကို ဆန့်ကျင်တဲ့အမြင်တွေ အွန်လိုင်းပေါ်က အသံလွှင့်ခဲ့တဲ့အတွက် အင်တာနက်သမားတချို့က အဲဒီလူရဲ့ ကိုယ်ရေးကိုယ်တာ အသေးစိတ်အချက်တွေဖြစ်တဲ့ နေအိမ်လိပ်စာ၊ အလုပ်လိပ်စာ၊ အီးမေးလ်လိပ်စာနဲ့ မိုဘိုင်းဖုန်းနံပါတ်တွေကို အွန်လိုင်းပေါ်တင်ပေးခဲ့ပါတယ်။

ဒီအမှုတွေဟာ ဆိုက်ဘာနယ်က ဗိုလ်ကျ အနိုင်ကျင့်မှုတွေနဲ့ မသမာမှုတွေအဖြစ် စဉ်းစားစရာကောင်းပြီး ကျောင်းတွေထဲမှာလည်း အဓိကအားဖြင့် ကြုံတွေ့နေကြရပါတယ်။

တချို့အမှုတွေမှာ မနှစ်မြို့စရာကောင်းတာက လိင်မှုသဘာဝတွေ ဖော်ပြခဲ့တာပဲ ဖြစ်ပါတယ်။

ဆိုက်ဘာဗိုလ်ကျအနိုင်ကျင့်မှု အရေအတွက်အရ အမေရိကန်ပြည်ထောင်စုနဲ့ယှဉ်လိုက်ရင် စင်ကာပူက ဒုတိယလိုက်နေတာ အံ့သြစရာတော့ မဟုတ်လှပါဘူး။

စင်ကာပူတစ်ဝှမ်းတပ်ဆင်ထားတဲ့ ပရိုဂရမ်အားလုံးရဲ့ တစ်ဝက်လောက်ဟာ မိတ္တူတွေ လုယူပြန်ပေးဆွဲခံထားရတာဖြစ်ပြီး စင်ကာပူရဲ့ဉာဏပစ္စည်းပိုင်ဆိုင်မှု (IP) ရဲ့ ကိန်းဂဏန်းတွေက တခြားသော အာရှပစိဖိတ်နိုင်ငံတွေထက် နိမ့်ကျပါတယ်။ ဒါပေမဲ့ နိုင်ငံတကာပျမ်းမျှနှုန်းအရတော့ လိုက်မှီတယ်ဆိုရပါမယ်။

ကွန်ပျူတာသုံးစွဲသူအများစုကို အဖမ်းခံရမှာကြောက်တဲ့စိတ်က အားကောင်းကောင်းနဲ့ ဟန့်တားထားလေတော့ စင်ကာပူနိုင်ငံအနေနဲ့ ဆော့ဖ်ဝဲလ်လုယူခိုးဝှက်မှုတွေ ဆက်လက်ကျဆင်းစေဖို့ပဲ မျှော်လင့်ရပါတော့တယ်။

ကိုကိုအင်တာနက်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ယခု ၁၉၉၂ ခုနှစ် နွေဦးကာလ ဖြစ်နေချေပြီ။

ကျွန်တော် ထောင်ကျနေသော သုံးနှစ်တာကာလအတွင်း ရန်ကုန်မြို့သည် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ဗဟိုအကျဉ်းထောင်မှအထွက် ရထားဖြတ်လမ်းကိုခွမိုး၍ ဆောက်ထားသော ရေမတံတားကြီးကို တွေ့လိုက်ကတည်းက အိပ်မက်လေလား အောက်မေ့ရသည်။ ဘယ်လိုမှ မမျှော်လင့်ခဲ့သော တံတားကြီးပါပေ။

မလိုအပ်လျှင် လမ်းလျှောက်ခွင့်မရှိသော ထောင်တွင်းအတွေ့အကြုံကြောင့် ယခု ပလူပျံမျှသွားသော လှုပ်ရှားနေသော လူများကို မြင်ရသောအခါ အထူးအဆန်းဖြစ်ရသည်။ ဓနိမိုး ထရံကာ၊ အုတ်ခင်း၊ ပျဉ်ကာ၊ အဆောက်အဦးနေရာများတွင် အုတ်တိုက်အသစ် မြင့်မြင့်မားမားကြီးကို တွေ့လိုက်ရခြင်းမှာလည်း အံ့အားသင့်စရာ ဖြစ်ခဲ့သည်။ ကိုယ့်မျက်လုံးကိုယ်ပင် မယုံချင်။

တံတားသစ်ကြီးဆို ဖြတ်လျှောက်ကြည့်ရင်း ဘဝသစ်ကို ကူးပြောင်းရတော့မှာပါကလားဟူသော အသိတစ်ခု ရလိုက်သေးသည်။

ကျွန်တော်က ဆုံးဖြတ်လိုက်ပါပြီတဲ့။ ကျွန်တော့်ဇနီးချောချောကကော လက်ခံပါမည်တဲ့လား။

ယနေ့ ကျွန်တော် ထောင်က လွတ်မည်ကို ချောချော သိဦးမည်မဟုတ်။ ကာယကံရှင် ကျွန်တော်ပင်လျှင် ယမန်နေ့ည ထောင်ပိတ်ပြီးချိန်ကျမှ ဝါဒါတစ်ဦးက လာပြောသဖြင့် သိရသည်။ တစ်ညလုံးအိပ်မပျော်၊ သို့သော် ချောချောကိုတော့ မသိစေချင်။

ထောင်ကထွက်သောနေ့ အကျဉ်းသားတစ်ဦး၏အပျော်ကို ဇနီးသည်ကိုလည်း ကူးစက်မျှဝေ ခံစားစေချင်သည်။ ထောင်ထွက်တစ်ဦး၏ အပေးနိုင်ဆုံးသော ပထမအခွင့်အရေးမှာ ဤမျှသာ ဖြစ်သည်။

ချောချောနှင့် ကျွန်တော် ဖူးစာဆုံခဲ့ကြသည်မှာ ကုက္ကိုင်းမီးပွိုင့်တွင် ဖြစ်သည်။ ထိုစဉ်က သူမရော ကျွန်တော်ပါ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။ ကျောင်းသို့အလာ ကုက္ကိုင်းမီးပွိုင့်လမ်းကို ဖြတ်အကူး ချောချော ဖိနပ်ကြိုးပြတ်သွားသည်။ ရှက်ရိပ်ဖြင့် ကြံရာမရဖြစ်နေရှာသော ချောချောအဖြစ်ကိုကြည့်ရင်း ချိတ်အသင့် ဆောင်ထားတတ်သော ကျွန်တော်က သူ့ဖိနပ်လေးကို ပြန်ဆက်ပေးလိုက်သည်။

ထိုစဉ်မှအစပြု၍ ရင်းနှီးကြသည်။ ရက်ပေါင်းတစ်ရာမပြည့်မီ ချစ်သူတွေ ဖြစ်သွားကြသည်။ အဆိုးဝါးဆုံးမှာ ချစ်သူဘဝ တစ်နှစ်မပြည့်မီ ချောချော၌ ကိုယ်ဝန်သုံးလကျော် ရှိလိုက်ခြင်းပင်။ သို့ဖြင့် ကျွန်တော်တို့ လက်ထပ်ဖြစ်ကြသလို တက္ကသိုလ် ကျောင်းသားကျောင်းသူဘဝကိုလည်း အပြီးအပိုင် စွန့်လွှတ်လိုက်ကြရသည်။

ထိုမျှနှင့် မရပ်ကြသေး။ အဖေကွယ်လွန်သွား၍ ကျွန်တော့်အား ထောက်ပံ့ရုံထောက်ပံ့ထားရသော ကျွန်တော့်မိထွေးက နှင်ချသည်။ ချောချောဘက်ကလည်း ထိုနည်း နှင်နှင်ပင်။ နောက်အိမ်ထောင်ပြုလိုက်သော သူ့အဖေက ကျောင်းမနေဘဲ လင်ယူရ

ထောင်မှူးဦးစိုးပိုင်က ကျွန်တော့်အား ပြောခဲ့ဖူးသည်။ တို့မြန်မာလူမျိုးတွေက အရှက်အကြောက် သိပ်ကြီးတာတွေ၊ ဘာကြောင့်ပဲ ထောင်ကျခဲ့ကျခဲ့ ထောင်ထွက်ဆိုရင် မခေါ်ချင်၊ မပြောချင်၊ မကြည့်ချင်လောက်အောင် ရှိကြတယ်။ ကိုယ့်ဇနီးသားမယားတွေကလည်း ဒီအတိုင်းပဲ။ ထောင်ထွက်ရဲ့ ဇနီး ထောင်ထွက်ရဲ့သမီးလို့ အပြောခံရသေးတာတောင် မဟုတ်ဘဲနဲ့ အထင်ခံနေရမှာကိုလောက်ပဲ သိမ်ငယ်အားငယ်စိတ်ဝင်နေတတ်တယ်။ ဒါဟာ သူတို့ဘဝတစ်သက်လုံးအတွက် အရောင်ဆိုးခံလိုက်ရတာပဲ။ အကောင်းဆုံးကတော့ ကိုယ့်ကြောင့် ကိုယ့်မိသားစု မသိမ်ငယ်ရအောင် ထောင်ကျမလာဖို့ဘဲ ရှောင်လေဝေးဝေး ပြစ်မှုဘေးဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com


ကောင်းလားဟု စိတ်ဆိုးမာန်ဆိုးဖြင့် ငွေနှစ်သောင်းနှင့် အမွေဖြတ်လိုက်သည်။

ထိုငွေဖြင့် အိမ်ငှားနေပြီး အလုပ်ရှာဖွေခဲ့သည်မှာ သားဦး 'ချောဦး'မွေးဖွားသည့်အချိန်အထိ ဖြစ်သည်။

ချောချောသည် နာမည်နှင့်လိုက်ဖက်စွာ ချောသည်။ သားဦးလေးမွေးပြီးမှ ပိုပြီးလှလာသည်။ ချောမောလှပသော မိန်းမသားအတွက် လိုက်ဖက်အညီဆုံးမှာ ချမ်းသာကြွယ်ဝခြင်းပင် ဖြစ်သည်။ လင်ယူလိုက်သဖြင့် ဆုံးရှုံးလက်လွှတ်လိုက်ရသော အခွင့်အရေးကို လင်ဖြစ်သူက ဖြည့်စွက်သင့်သည်။ အထူးသဖြင့် ချောချော၏ အပျိုစင်ဘဝက မြင့်မားသောအခွင့်အရေးမျိုးထက် ပိုမိုရသင့်သည်။ ဤသို့လျှင် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

လိုချင်ကြီးဆ နည်းလမ်းတွေရလာသည်။ ရသမျှ အခွင့်အရေးကို ကျွန်တော်မလွှတ်ခဲ့။ အတွေ့အကြုံတွေများလာသည်။ လုပ်နည်းလုပ်ဟန်တွေများလာသည်။ ဝင်ငွေမစဲ တသဲသဲဖြစ်လာသလို၊ အောင့်နိုင်လျှင် အကျိုးရမည့်နည်းကို လုံးဝမသုံးတော့။ မျက်မှောက်အကျိုးဖြစ်ထွန်းမည့် ငွေရမည့်နောက်သို့ တကောက်ကောက်လိုက်ခဲ့သည်။

ရှာသူက ရှာနိုင်သလို သုံးသူကလည်း သုံးနိုင်သည်။ အသိုင်းအဝိုင်းကြားတွင် ငွေအတွက် ဂုဏ်တက်ခဲ့ရသည်။

သားကြီး မောင်ချောဦး သုံးနှစ်ခန့်ရှိလာပြီး သားငယ် မောင်ချောလတ်ခြောက်လသားအရွယ်တွင်တော့ ဘဝ၏အလှည့်အပြောင်းကို ကြုံရသည်။ ခါးသီးလွန်းလှသဖြင့် ဘဝ၏မှတ်တိုင်ပဲဟု ဆိုရတော့မည်။

အလွဲသုံးစား သုံးမှုအတွက် ထောင်ငါးနှစ် အပြစ်ပေးခံရသည်။ ယင်းအမှုမှာ လွတ်လျှင်လည်း နောက်ထပ်ဆွဲခံရမည့် အမှုများက တန်းစီနေသည်။ သည်တော့ အထဲတွင် နေရသည်မှာ ခပ်ကောင်းကောင်းဖြစ်သဖြင့် ကြိတ်မှိတ်နေလိုက်ရသည်။ တစ်ခုပဲရှိသည်။ ဇနီးချောကို ငွေတစ်သိန်းနီးပါး ချန်ထားနိုင်ခဲ့သည်။ ယင်းအတွက် ကျေနပ်ရသေးသည်။

ဗဟိုအကျဉ်းထောင်ထဲတွင် ခြောက်လလောက်တော့ အဆင်ပြေနေသေးသည်။ သည်နောက်တော့ ရဲဘက်စခန်းထွက်ရသည်။ မိသားစုနှင့် ဝေးသွားခဲ့သည်။ သည်တော့မှ မိမိလုပ်သမျှ အပြစ်ဒဏ်မှာ ထောင်ကျခြင်းမဟုတ်။ သူတစ်ပါးစိတ်နှင့် ကိုယ့်ကိုယ်အသက်ရှင်လျက် မိမိကိုယ်ကို မိမိမပိုင်တော့သည့်အဖြစ်မှာ အရာရာကို ဆုံးရှုံးရခြင်းဖြစ်ကြောင်း သဘောပေါက်လာသည်။

ယခု ထောင်ကလွတ်ခဲ့ပြီ။ အရာရာကို အတိတ်တွင် ချန်ရစ်ချင်ပြီ။

ဘဝကို အသစ်မှ ပြန်စမည်။ ကိုယ့်ဇနီး၊ သားသမီးများနှင့် သာတောင့်သာယာ အနာဂတ်ဘဝကို တည်ဆောက်မည်။

ကိုယ့်စိတ်နှင့်ကိုယ် ကြည်မွေ့နေဆဲ မမျှော်လင့်ဘဲ ထိုးရပ်လိုက်သောဘတ်စ်ကားကြောင့် စိတ်ကူးပျက်သွားသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ လမ်းနီလေးမှတ်တိုင်ရှေ့ ခပ်လှမ်းလှမ်းတွင် ကုက္ကိုင်းမီးပွိုင့်ရှိသ
ချောချောနှင့် ကျွန်တော်တို့ ဖူးစာ
သည့် မှတ်တိုင်လေးကို လှမ်းတွေ့
သည်။

ဤတွင် ဘာရယ်မဟုတ် လ
တစ်ပြက်စိတ်ကူးဖြင့် ကားပေါ်မှ
ဆင်းနေခဲ့သည်။ ဆက်၍ ကုက္ကိုင်း
ပွိုင့်ဆီသို့ လမ်းလျှောက်ထွက်ခဲ့သ

ဂျိုင်းစားတော်ဆက်ရှေ့ရော
တော့ စိတ်ကူးတစ်မျိုးဖြစ်လာသ
ဆိုင်ထဲဝင်ပြီး ချောချောပေးထားသေ
ဖုန်းနံပါတ်ကို လှည့်ဖြစ်ခဲ့သည်။

"ဟင် ... ကို ထွက်လာပြီ ဟု
လား၊ ဝမ်းသာလိုက်တာ ... ခြေ
အခု ဂျိုင်းစားတော်ဆက်ကနေပြီး ဖု
ဆက်တာမဟုတ်လား၊ ကောင်းတယ်
ကောင်းတယ်၊ အဲဒီမှာပဲ ကို စား
တာတွေ မှာစားနှင့်။ ချော အခုပဲ အ
ကို ထွက်လာခဲ့မယ်။ နည်းနည်းနော
ကျရင်လည်း စိတ်မဆိုးနဲ့နော်"

မကြာရသည်မှာ ကြာ၍လာ
သိ။ ချောချော၏အသံမှာ ချိုလွင်
သည်။ မသိမသာ တုန်ယင်နေသည်
လည်း သတိထားလိုက်မိသည်။

ပထမတော့ ချောကို ကျီ
စကားပြောဦးမည်ဟု ရည်ရွယ်ခဲ့သ
သည်။ နောက်တော့ မပြောရန်
ဖြစ်လိုက်သည်။ မကြာမီ မိနစ်ပို
အတွင်း တွေ့တော့မှ စကားတွေအ
ကြီး ပြောကြတာပေါ့ဟူသော အသိ
ဝင်လာသောကြောင့် ဖြစ်သည်။

ဆိုင်ထဲတွင် ချောင်ကျကျနေ
ကောင်းကို ရွေးချယ်လိုက်သည်။ န
ပိုင်းဖြစ်၍ လူမကျသေးချေ။ ကြာ
ထိုင်နေ၍လည်း မကောင်းတတ်သ


www.burmeseclassic.com

www.burmeseclassic.com



ယာဘူးကို မှာသောက်သည်။ ကိုယ့်
ကူးနှင့်ကိုယ်ပျော်နေဆဲ ဘီယာဘူး
သွားသည်။ ချောချောရောက်မလာ
။ မထူးတော့သဖြင့် နံနက်စာကို
စားရတော့သည်။ စားကောင်း
သက်ဖွယ်များနှင့် ကင်းဝေးနေသည့်
နှစ်ပေါင်းများစွာ ကြာခဲ့ပြီမဟုတ်
။

စားပြီးခါနီးတွင် ဆိုင်ရှေ့သို့
တစ်စီးဆလွန်း အဖြူရောင်ကား
ထိုးရပ်လာသဖြင့် လှမ်းကြည့်ဖြစ်
သည်။ ကားထဲမှထွက်လာသူလေးမှာ
ချောချော ကျွန်တော့်ဇနီး ချောချော။

ချောလိုက်တဲ့မိန်းမဟု ရေရွတ်မိ
တစ်ဖြစ်သွားရသည်။ အဖြူရောင်ခံ
တွင် ရွှေမှုင်ငွေမှုင်လေးများ ယှက်
နေသော ရောင်ပြေးဝမ်းဆက်အ
အစားနှင့် အင်္ကျီလက်ရှည်တို့က
ပါးသိမ်မွေ့နေသည်။ ဝတ်စုံနှင့်ခပ်
ဆင် ရွှေရောင်ကြိုးရှည် တပ်
အိတ်အိတ်စလင်းဘတ်အိတ်ကို ခပ်
ယမ်းလေး လွတ်ထားသေးသည်။
ကိုယ်ဖွေးအိသော မျက်နှာပြင်ကို
ကပ်တို့ရုံမျှ တို့ထားပုံရသည်။ အ
တွေဝေနေသော သူ့မျက်နှာတွင်
ကြည်စင်တောက်ပသော မျက်လုံးအစုံ
သံသယကို ချုပ်တီးဖုံးကွယ်ထားပုံ
သည်။

"ဆောရီးပဲ ... ကိုရယ်၊ ထွက်ခါနီး
မှ ကိစ္စလေးပေါ်လာလို့ ရှင်းပြနေရ
သေးတယ်၊ စားပြီးပလား ထပ်မှာစား
လေ၊ ဘယ့်နှယ့်လဲ .. စားလို့ကောင်း
လား ကို"

ပြောပြောဆိုဆို ကျော့မော့သော
လှမ်းတို့ဖြင့် ကျွန်တော့်ရှေ့ရောက်
လာသည်။ သူ့ဝင်မထိုင်မီ ဂိုယာရေမွှေး
နံ့က အလျင်ဦး၍ ဝင်လာသည်။

"ချော ... မင်း ပိုပြီး လှလာ
တယ်ကွာ၊ တကယ်ပါပဲ၊ အဲ .. အဲ
ချောကို ကိုချစ်တယ်"

ပုံ့ပုံ့အိအိလေး သူ့ဝင်မထိုင်မီ
ကျွန်တော်ပြောလိုက်သောစကားကြောင့်
ချောချောခမျာ သူစိမ်းယောက်ျား ပြော
စကားကို ကြားရသူလို မျက်နှာလှလှ
လေးမှာ ဖြူရော်သွားသည်။ မတ်ဝန်း
ကျင်ကို လှမ်းအကဲခတ် လိုက်သေး
သည်။ စားပွဲထိုးနှစ်ဦးက ခပ်လှမ်းလှမ်း
မှ ကျွန်တော်တို့ကို ကြည့်နေသည်။

"ချော .. ဘာစားမလဲ"

"ကို စားသလိုမျိုးပဲပေါ့၊ အင်း
.. ဒါပေမဲ့ နည်းနည်းတော့ စောသေး
တယ်ကို နေပါဦးလေ ပြီးတော့မှပဲ"

"ကိုယ်ကတော့ .. တဝတပြကြီး
စားမှာ ချောရဲ့၊ အင်းလေ ... နောက်
ပွဲကိုတော့ ... ချောနဲ့အတူ စားကြတာ
ပေါ့"

ချော ဘာမှမပြောဘဲ ကျွန်တော့်
ကို ကြည့်နေသည်။ သူ့အကြည့်မှာ မ
ရေမရာဆန်လှသဖြင့် တဒင်္ဂတွင် ကျွန်
တော် ဘာပြောရမည်ကိုပင် မေ့သွား
သည်။

"ကဲပါလေ ... ကိုယ်ကပဲ ပြော
တော့မယ်၊ ကိုယ်တို့ဘဝ အသစ်စကြ
မယ်၊ အဲသလို .. စနိုင်အောင် ကိုယ့်
မှာစဉ်းစားဖို့ အချိန်အများကြီး ရခဲ့
တယ်၊ ကိုယ့်အစီအစဉ်ပြောပြမယ်၊
ချောမှာလည်း ပြောစရာတွေ ရှိမှာပဲ
ပေါ့နော်"

"ဟုတ်တယ်ကို ... ကျွန်မမှာ
လည်း ရှိတယ်"

သူ့ကိုယ်သူ 'ချော'ဟု ပြောတတ်
သူက 'ကျွန်မ'ဟု နှုတ်က ထွက်လာသ
ဖြင့် သူ့မျက်နှာကို ဖျတ်ခနဲကြည့်ဖြစ်
သည်။ ကျွန်တော့်အကြည့်က သူ့ကို
တုန်လှုပ်သွားစေသည်။

"ကျွန်မ ပြောချင်တာက .."

"ကို ... အသစ်စကြဖို့ပဲ မဟုတ်
လား"

"ဟုတ်တယ်ကို ... ဒါပေမဲ့
ကိုယ်နဲ့တော့ တူချင်မှတူမယ်၊ နောက်
ပြီး ... ကိုယ့်ဆီကလည်း ခွင့်တောင်း
ရဦးမယ်"

"ချော ဆိုလိုတာက"

"နေဦးကို ... ကျွန်မပြောချင်
တာတွေ အရင်ပြောပါရစေ"

ချောချောက ကျွန်တော့်စကားကို
ဖြတ်၍ ဝင်ပြောသည်။

"ကဲ ... ဒါဆိုလည်း ပြောလေ"

"ကိုယ်မရှိတော့တဲ့ ... ကျွန်မ
ဘဝအကြောင်းပါ"

"ဟုတ်ပါပြီ ... ပြောပါ"

"ကိုယ်ထားခဲ့တဲ့ ငွေတစ်သိန်းနီး
ပါးဟာ တစ်နှစ်တောင်မခံဘူးကို၊ ငွေ
ဟာ အသုံးမခံဘူးကို"

"ဟုတ်မှာပေါ့ ... ကိုယ်လည်း
သိပါတယ်၊ ချောဆိုလိုတာက"

"ချော .. အလုပ်လုပ်ရတယ်ကို၊
ပညာလေးတစ်ပိုင်းတစ်စ ကလေးနှစ်
ယောက်နဲ့ဆိုတော့"

"ဘယ်ဌာနမှာလဲ ... ဘာ အ
လုပ်လဲ"

"ဌာနမဟုတ်ဘူးကို .. မီနီမတ်
ကက်မှာပါ၊ ငွေကိုင်အလုပ်ပါ"

"အခုလုပ်တဲ့အလုပ်လား"

"မဟုတ်ဘူးကို ... အခုလုပ်တဲ့



www.burmeseclassic.com

အလုပ်က အရင်အလုပ်ရဲ့ ဟို ဟို ဘာခေါ်မလဲ ... ဒိုင်ချုပ်ဆိုတာမျိုး၊ သူက ... အဲဒီ မီနီမတ်ကက်ကလေး တွေကို ပစ္စည်းခွဲပေးရတဲ့ အလုပ်ကြီး မျိုး ..ကို''

''ဩော် ... ကို သိပြီ''

''အလုပ်ရှင်နာမည်က ... ဦးမျိုး သိမ်း၊ အသက်က လေးဆယ်ကျော်ရှိ၊ အတော်လေးရည်မွန်တဲ့ လူမျိုး၊ သူ့မှာ သားမယားမရှိတော့ဘဲ ... မုဆိုးဖို တစ်ဦးပါ''

''အဲဒီလောက်ပဲ ... အသေး စိတ် ပြောမနေစမ်းပါနဲ့ကွာ''

ကျွန်တော်က စိတ်မရှည်စွာ ဝင် ဟန့်လိုက်ရသည်။

''ကို့အနေနဲ့ ... အားလုံးကို သိ သင့်တယ်ထင်လို့ပါ''

''ချော ... ဘာတွေဖြစ်နေသလဲ ပြောစမ်း''

''ကျွန်မတို့ လက်ထပ်ချင်တယ် ကို''

''ဘာ''

ကျွန်တော့်မေးသံက ငေါက်လိုက် သလို ဖြစ်သွား၍လား မသိ။ သူ့အသံ က တစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

''ကျွန်မတို့ ဆိုကတည်းက ... ဟိုကတင် မဟုတ်ဘူး။ မင်းကိုယ်တိုင် ကလည်း သဘောတူလို့ပေါ့ ဟုတ်လား၊ နေစမ်းပါဦး၊ မင်း .. အဲဒီလူ ဘယ်သူ''

''မောင် .. အဲ .. ကိုမျိုး .. ဦး မျိုးသိမ်း''

''ကို့ကို .. စကားပြောတဲ့အခါ မောင်တွေ ဘာတွေ သုံးမနေစမ်းပါနဲ့ ကွာ၊ ဘာလဲ ... မင်းကလည်း သူ့ကို ချစ်လို့လား၊ ငါ့ကို မချစ်တော့ဘူးပေါ့ ဒီလိုလား''

သူမက ဘာမှမပြော၊ လန့်သော ကြောက်သော စိုးရိမ်သော အကြည့် ဖြင့် ကြည့်နေရှာသည်။ ကျွန်တော်ကမူ သူမနှင့်ဆန့်ကျင်ဘက်။

''ငါ့ကိုလည်း .. မင်းချစ်ခဲ့တာပဲ မဟုတ်လား''

ဤတစ်ကြိမ်တွင်လည်း သူမ ဘာမှမပြောချေ။

ကျွန်တော် သူမမျက်နှာကို စိုက် ကြည့်ရင်း သဘောပေါက်လာသည်။ မြိန့်မြိန့်ကြီး ပြုံးဖြစ်သွားသည်။

''အေး ... ဟုတ်ပြီ ငါ သဘော ပေါက်ပြီ၊ အရာရာဟာ ... ပြောင်းလဲ နေသလို အချစ်ဟာလည်း .. ပြောင်း တတ်တာပဲ၊ ကဲ .. ပြော .. ငါ .. ဘာ လုပ်ရမလဲ''

''ကျွန်မ .. ဝမ်းနည်းပါတယ် ကို၊ ကို့အနေနဲ့ ကွာရှင်းပေးဖို့ ဝန်လေး နေရင်လည်း လွတ်လပ်ခွင့်တော့ပေးပါ၊ ဒါမှ ... ကျွန်မတို့ လက်ထပ်''

''လွတ်လပ်ခွင့်ဆိုတာ .. ဘာလဲ ကွာ၊ ငါတော့ ... ဘာတစ်ခုမှ နား မလည်တော့ဘူး''

''ကင်းရှင်းသွားအောင်လို့ပါ''

''ဘာလဲ .. ကိုက .. မင်းကို စွန့် ပစ်ခဲ့တယ်၊ ဒါကြောင့် .. လက်ထပ်ရပါတယ်ဆိုပြီး ဟိုလူ ဂုဏ်ကို ဆယ်နိုင်မယ်၊ ဟိုလူ သိက္ခာမကျအောင် ပေါ့လေ ... ဟုတ်လား''

''ချောကို ကူညီ ပါဦး ကို''

''ဟ .. အခုဟာက .. မင်း သစ္စာဖောက်တာ မင်းလုပ်ခိုင်းတဲ့ပုံစံ ငါကပဲ သစ္စာဖောက်သလိုလို၊ ဒီမှာ ကိုလေ ... မင်းကို အသက်တမျှ ချ ခဲ့တယ်၊ ဒီနေ့ ဒီအချိန်ထိပဲ''

ချောချောသည် ပြောစရာမ တော့သလို ငြိမ်နေသည်။ ကျွန်တေ သူ့မျက်နှာကိုကြည့်ရင်း စိတ်ကုန်လ သည်။

''ကောင်းပြီလေ ... ငါတစ်သက် လုံး လုပ်ခဲ့သလိုပေါ့၊ တန်ရာတန်ကြေ ဆိုတာ မင်းနားလည်မှာပဲ၊ အချစ်စွ ကြေးအတွက် ဘယ်လောက်တန် ဖြစ်မလဲပြော''

''ရှင့်အနေနဲ့ မန္တလေး၊ လားရှိ တို့မှာပဲဖြစ်ဖြစ် ... ဘဝသစ်ထူထော ရင်လည်း ဖြစ်တာပါပဲ၊ ရန်ကုန်က





www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီအတွက် ... ငွေငါးသိန်း ယ်''

"ဟုတ်လား ... ပျော်စရာကြီး ပေါ့ကွာ၊ ထောင်ကထွက်တဲ့နေ့ ငါးသိန်း ပေါက်သလိုပေါ့၊ ထောင်ထွက်တွေထဲ တော့ ငါက ကံအကောင်းဆုံး နေမှာ ပေါ့ ဟုတ်လား''

"အဲဒီအတွက် ... ရှင် ကျွန်မကို လွတ်ထွက်ခွာသွားတဲ့အကြောင်း စာ စောင်တော့ ရေးပေးခဲ့ပါ''

"ပူးပေါင်းလုပ်ကြံမှုကြီးပေါ့ကွာ''

"ရှင် ထင်သလို .. ပြောနိုင်ပါ ယ်''

"ဒါဆို ... ကလေးတွေက ော''

"သူတို့က ... ရှင့်ကို မသိကြ တော့ပါဘူး၊ အကြီးကောင်ဆို ခြောက် စ်ကျော်ပြီ၊ အကောင်းဆုံးကျောင်းမှာ ကျောင်းတက်နေရပြီ၊ အငယ်လေးက ည်း လေးနှစ်ကျော်ပြီ၊ သူတို့အတွက် ပါနဲ့ ... ဂုဏ်မငယ်စေရဘူး''

"ဒါပေါ့ကွာ ... ထောက်ထွက်ရဲ့ နဲ့ သားတွေမှ မဟုတ်ကြတော့တာ း''

စောင်းပန်ဟန်ပေါက်နေသော သူ့မျက်နှာလေးကို မမိုတ်မသုန်ကြည့် ်း ကျွန်တော့်ခေါင်းထဲ အကြံတ်အခဲ စ်ခု ခံစားလိုက်ရသည်။ ရင်ထဲမှာ တော့ အနင့်သား။

"တို့တစ်တွေဟာ ... ကံ,ကံ၏ အကျိုးကို လက်ခံယုံကြည်ကြတဲ့လူမျိုး ဟုတ်လား၊ ဒီတော့ ... ကံက ခွင့်ပြု ပြုကိုတော့ စမ်းကြည့်စေချင်တယ်''

"ရှင် .. ဘာလုပ်ချင်သေးလဲ''

ချောက အမောတကော မေး တော့သည်။

ကျွန်တော်က အင်္ကျီအိတ်ထဲမှ ကျပ်စေ့ဒင်္ဂါးပြား သုံးလေးပြားများကို ချန်ထားလိုက်သည်။ ထို့နောက် လက် နှစ်ဖက်လုံး စားပွဲအောက်သို့ချလိုက်ပြီး ဒင်္ဂါးပြားကို ဆုပ်ထားလိုက်သည်။ ပြီးမှ လက်သီးဆုပ်နှစ်ခုလုံးကို စားပွဲပေါ်တင် ပြီး ခပ်လှောင်လှောင်အပြုံးဖြင့် သူမကို ကြည့်ပြီး အစီအစဉ်ကို ပြောပြလိုက် သည်။

"ဟောဒီ ... လက်သီးဆုပ်နှစ်ခု ထဲက တစ်ခုခုမှာ ကျပ်စေ့ရှိတယ်၊ မှန် အောင်ပြောနိုင်ရင် ... မင်းဆန္ဒပြည့် ရစေမယ်၊ ကဲ .. ဘယ်လား ညာလား ရွေးပေတော့''

စိုးရိမ်ကြီးသောအသွင်ကို သူမ မျက်နှာပေါ်တွင် တွေ့လိုက်ရသည်။

"မင်း ... ကြောက်နေပြီလား ချောချော''ခပ်လှောင်လှောင်အသံဖြင့် ကျွန်တော်မေးလိုက်သည်။

"ကံတရားရဲ့ ... အဆုံးအဖြတ် ထက် ကောင်းတာ ဘာရှိသေးလို့လဲ ကွာ၊ ကဲပြောပါ ... ဘယ်လား ညာ လား''

အစိုးရိမ်ကြီးလွန်းသဖြင့် သူမ၏ အပြုအမူမှာ တုံ့နှေးနေသည်။ သို့သော် မတတ်သာမှန်း သိသွားဟန်တူသည်။

သက်ပြင်းရှိုက်သံ၏အဆုံးတွင် သူမ၏လက်တစ်ဘက်က ကျွန်တော့် ဘယ်လက်ကို လာထိသည်။ ကျွန် တော်က လက်သီးဆုပ်ကို ဖြည်ပြလိုက် သည်။

ကျပ်စေ့ပြားလေးကို တွေ့လိုက်ရ သဖြင့် သူမမျက်နှာ ထိန်ဝင်းရွှန်းလဲ့ သွားသည်။ ကံတရား၏ပေးမမှုကို ပြော မပြနိုင်လောက်သည့် ကျေးဇူးတင်မှုမျိုး ဖြင့် ကျွန်တော့်ကို ဘာတတ်နိုင်သေးလဲ ဟူသောအကြည့်ဖြင့် လှမ်းကြည့်သည်။

"အဲ ... ဟုတ်ပြီ မင်းနိုင်တယ်၊ မင်းပြောတဲ့အတိုင်း ငါလုပ်ပေးမယ်၊ ကဲ ... ငါ .. စိတ်မပြောင်းခင် မင်း သွားပေတော့''

သူမ ချက်ချင်းထရပ်သည်။ ဆ လင်းဘက်ကို ကောက်လွယ်သည်။

"ရှင် ... ဘယ်မှာရှိနေမလဲ၊ ကျွန်မ ငွေငါးသိန်းပို့ပေးချင်လို့''

"ဗဟန်းကြားတောရလမ်းမှာ အ သစ်ဖွင့်ထားတဲ့ စိန်တည်းခိုခန်းမှာ ရှိ နေမယ်၊ အို ... မင်းပါးပေါ်က မျက် ရည်တွေ သုတ်ပစ်လိုက်စမ်းပါ၊ ငိုစရာ မရှိတဲ့ဟာ .. သွားပေတော့ ချောချော ရေ''

စွန့်လွှတ်ခြင်း အမျိုးမျိုးရှိသည့်အ နက် ထောင်ကထွက်သောနေ့တွင် ဇနီး နှင့်သားသမီးများကို စွန့်လွှတ်လိုက်ရ သော ကျွန်တော့်အဖြစ်ကို ထောင်မှူး ဦးပိုင်စိုးအား ပြောပြချင်ပါသည်။

ချောချောထွက်သွားပုံမှာ လျင် မြန်လွန်းလှသည်။ တကယ်တော့ ဗ ဟန်းကြားတောရလမ်းတွင် မည်သည့် တည်းခိုခန်းမှ မရှိကြောင်းကို ချောချော သိမည်မဟုတ်ပါ။ ထို့ထက် ကျွန်တော့် ဘယ်လက်သီးဆုပ်ထဲတွင် သာမက ညာလက်သီးဆုပ်ထဲတွင်လည်း ကျပ်စေ့ ကလေးတစ်စေ့ ထည့်ဆုပ်ထားသည်ကို ချောချော သိရှာမည် မဟုတ်ပါ။

အချစ်သည်ဘဝ၊ ဘဝသည် အသက်သာဖြစ်မည်ဆိုလျှင် ကျွန်တော့် စွန့်လွှတ်မှုသည် အသက်တမျှပါပဲဟူ၍။


**ဘသက်ထွေး**



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

## အခန်း(၁)

နမ့်ပေါင်မြို့ဟုဆိုသော်လည်း နမ့်ပေါင်သည် ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ ရှမ်းလူမျိုးများ အဓိကနေထိုင်သည့် နမ့်ပေါင်ရွာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ထဲတွင် တည်ရှိသည်။ စိုက်ပျိုးရေးအဓိက လုပ်ကိုင်ကြသော်လည်း ရောင်းဝယ်ဖောက်ကား အဆင်ပြေသောနေရာတစ်ခုဆိုလျှင်လည်း များချေ။ ရွာကလေးကို သံလွင်မြစ်ရေ ကွေ့ဝိုက်စီးဆင်းကာ နမ့်ပေါင်ဘံတားကို ဖြစ်ထွန်းစေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက တောင်ပေါ်ဒေသ ရှမ်းပြည်နယ်သည် အနက်ရောင်နယ်မြေအဖြစ် နာမည်ဆိုးနှင့်ကျော်ကြားခဲ့သည်။

မကောင်းမှု ဒုစရိုက်သမားများ မွေ့လျော်သောနေရာတစ်ခုဟု ဆိုရပေသည်။ ဘိန်းစိုက်ပျိုး ရောင်းဝယ်ခြင်းကို ပွင့်တွင်ကျယ်လုပ်သည်။ လက်နက်ကိုင် သောင်းကျန်းသူများပေါ်သည်။

ကောင်းရောင်းကောင်းဝယ် လုပ်စားနေသူများအတွက်ကတော့ ကျီးလန့်စာစားနေရသည်။ ဓားပြတိုက်ခံရသည်။ ရွာများတွင် ဆက်ကြေးကောက်ခံသည်။ ရိက္ခာထောက်ပံ့ရသည်။ မပေးလျှင် သတ်သည်။ အရွယ်ရောက်သည့် ယောက်ျားသားများရှိလျှင် သူတို့တပ်၌ အမှုထမ်းရသည်။ မတရားမှုများသာ ပြုလုပ်နေကြသောနေရာတွင် မည်သူမှ အမှုမထမ်းချင်ကြပေ။ အကုသိုလ်ဆိုးများကို နေ့စဉ်နေ့တိုင်း တွေ့မြင်နေရခြင်းကြောင့် ဖြစ်သည်။

အချို့သော မိဘများမှာ မိမိတို့ သားသမီးများကို မြို့ပေါ်တွင်သာ ပညာသင်စေသည်။ ရွာကို ပြန်မလာစေချင်ပေ။ ရွာ၌ သူတို့က ပင်ပင်ပမ်းပမ်း ရှာ၍ ရသမျှပိုက်ဆံများကို သားသမီးများထံ ပို့သည်။

အုပ်ချုပ်မှု လက်လှမ်းဝေးသည့် နေရာဖြစ်သည်။ သူပုန်များ ကြီးစိုးရာဒေသများဖြစ်သည်။ သူတို့ကို မည်သူမှ မတွန်းလှန်ရဲချေ။ ဆန့်ကျင်စကား မပြောရဲချေ။ အမိန့်အာဏာသည် သူတို့ရဲ့ပါးစပ်ထဲတွင်သာ ရှိသည်။

လွန်ခဲ့သောနှစ်ပေါင်း (၃၀)နီးပါးက အဖြစ်အပျက်တစ်ခုဖြစ်သည်။

စိုင်းဖြိုးရဲ့မိဘများက ဆင်းရဲကြသည်။ ကျွဲ၊ နွားဖြင့် စပါးစိုက်ရသည်။ စပါးမစိုက်သည့်နှစ်များတွင် ပြောင်းစိုက်ရသည်။ မြေပဲစိုက်ရသည်။ တစ်နှစ်ပတ်လုံး အလုပ်နှင့်လက်မပြတ်အောင် လုပ်ရသည်။

သူတို့သားအား ပညာတတ်ဖြစ်စေချင်သည်။ သူတို့လို ပင်ပင်ပမ်းပမ်း တောင်ယာမလုပ်စေချင်ပေ။ စိုင်းဖြိုးကလည်း သိတတ်လိမ္မာသော သားတစ်ယောက်ဖြစ်သည်။

နမ်းမိုးခမ်းရဲ့အဖေက ရှမ်းရွာသူကြီးဖြစ်ပြီး အမေက ရှမ်းဗမာဖြစ်သည်။ မိခင်က ၈ တန်းထိနေခဲ့ဖူးသည်။ ပိုက်ဆံတတ်နိုင်သည့် လူတန်းစားဖြစ်ပြီး အမြင်ကျယ်သည်။ ဖခင်ကတော့ ရှေးရိုးစွဲသည်။

စိုင်းဖြိုးက လားရှိုးမြို့တွင် ဘော်ဒါဆောင်ဖွင့်ထားသော ဆရာဦးစိုင်းစံအေးအဆောင်မှာနေသည်။ ဆရာနှင့် ဆွေမျိုးမကင်းသဖြင့် အိမ်အလုပ်များကို ဝိုင်းကူရသည်။ ဘော်ဒါဆောင်နေကျောင်းသားကျောင်းသူများ စားသောက်ဖို့အတွက် မီးဖိုတွင် ဆရာကတော်နှင့်အတူ ကူပေးရသည်။ မိဘများက မတတ်နိုင်တော့လည်း ဆရာရဲ့ထောက်ပံ့မှုနှင့်နေရသဖြင့် ခိုင်းတာလုပ်ရသည်။


နန်းမိုးခမ်းကလည်း ဆရာ့ဘော်ဒါတွင်နေသည်။ နမ့်ပေါင်မှလာတက်သော ကျောင်းသူကျောင်းသားတော်တော်များများသည် ဆရာဦးစိုင်းစံအေးအဆောင်တွင် နေကြသည်။ ဆရာကိုယ်တိုင် နမ့်ပေါင်ရွာဇာတိဖြစ်သည်။

"မိုးခမ်း . . . နင်နဲ့စိုင်းဖြိုး မခေါ်ဘူးလား"

ရွှေစင်ဦးက မြန်မာစာအုပ်လှမ်းပေးပြီး မေးသည်။

"ခေါ်ပါတယ်ဟဲ့ . . ငါတို့က တစ်ရွာထဲပဲဟာ"

မိုးခမ်းက ရွှေစင်ဦးကို ပြောနေရင်း နောက်ဆုံး ခုံတွင်စာရေးနေသော စိုင်းဖြိုးအား လှမ်းခေါ်လိုက်သည်။ စိုင်းဖြိုးက မိုးခမ်းအနီး ရွံ့တွန့်တွန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသဖြင့် စိုင်းဖြိုးပုံစံကို မိုခမ်းက သဘောကျပြီး–

"စိုင်းဖြိုး ... နင့်ပုံစံကလည်း ဘယ်လိုဖြစ်နေတာလဲ .. ငါက နင့်ကို ကိုက်စားမှာ ကျနေတာပဲ"

"အေးလေ ... စိုင်းဖြိုးပုံစံကလည်း ရယ်ရတယ် .. ဟား .. ဟား"

ရွှေစင်ဦးက အရယ်သန်သော မိန်းကလေးမို့ တဟားဟားနှင့် ရယ်တော့ စိုင်းဖြိုးမျက်နှာနီနီဖြင့် စာအုပ်မယူဘဲ အဆောင်ထဲ ပြေးဝင်သွားသည်။

\+ + +

အခန်း(၂)

မိုခမ်းက စိုင်းဖြိုးအပေါ်တွင် စေတနာရေစီးကမ်းပြို ဖြစ်နေသည်။ စိုင်းဖြိုးကလည်း မိန်းမချော၊ မိန်းမလှလေးကို စိတ်ဝင်စားသည်။ သို့သော် သူ့ဘဝနှင့် မိုခမ်းဘဝက မိုးနှင့် မြေကြီးလို အလှမ်းကွာသဖြင့် ရှောင်ဖယ်၊ ရှောင်ဖယ် လုပ်နေမိသည်။

"အိုက်သား ... မိုခမ်းတို့အမေ ဖုန်းလာတယ်၊ မိုခမ်း စာသင်ခန်းထဲမှာ စာကျက်နေတယ်၊ သွားခေါ်စမ်း"

စိုင်းဖြိုးလည်း အခန်းထောင့်တွင် စာကျက်နေခြင်း ဖြစ်သည်။ ဆရာကတော်ရဲ့စကားကြောင့် ကျက်လက်စစာအုပ်ကို မှောက်ထားခဲ့ကာ စာသင်ဆောင်ဘက်သို့ ထွက်လာခဲ့သည်။

ဆယ်တန်းစာမေးပွဲက တဖြည်းဖြည်းနီးလာပြီ။ နှစ်စတုန်းက ပေါ့လားဝါးလားလုပ်နေကြသူများ နီးမှ စာအုပ်နားကပ်တော့သည်။

"မိုခမ်း ... နင့်အမေဆီက ဖုန်းလာတယ်"

သူက ပြောပြီး ချက်ချင်းထွက်လာသည်။ နောက်ဘက်မှနေ၍ မိုခမ်းက မျက်နှာမဲ့လိုက်သည်။ စိုင်းဖြိုးအပေါ် သူမကြည်လင်တာ တော်တော်များနေပြီ။ မိန်းကလေးက ရှောင်ဖယ်၊ ရှောင်ဖယ်ဖလုပ်ရ သူကပဲ အကဲပိုနေသေးသည်။

ဆယ်တန်းစာမေးပွဲပြီးသွားသော်လည်း ရွာက လာတက်ရသော ကျောင်းသူ၊ ကျောင်းသားများ မပြန်ရသေးချေ။ အောင်စာရင်းကို တစ်ခါထဲ စောင့်ကြည့်သွားရန် ဖြစ်သည်။

ကျောင်းသူများက ဆရာကတော်နှင့် အလုပ်ကူလုပ်ပေးပြီး ကျောင်းသားများကတော့ ရန်ကုန်တွင် တက္ကသိုလ်တက်နေသော ဆရာ့သားပြန်လာသဖြင့် ဆရာ့သားနားကပ်နေကြသည်။ ဆရာ့သားက ရန်ကုန်က ပျော်ဖို့ကောင်းတာ ..၊ မိန်းကလေးတွေ အဆောင်ရှေ့မှာ ဂစ်တာသွားတီးတဲ့အကြောင်းတွေပြောတော့ ကောင်လေးတွေက အတွေးနဲ့တက်ကြွနေကြသည်။ စာမေးပွဲမဖြေနိုင်သည့် ကျောင်းသားများကလည်း ဒီတစ်နှစ်ကျလည်း နောက်တစ်နှစ် အောင်အောင် ကြိုးစားမည်ဟု စဉ်းစားနေကြသည်။

"မစွမ်းရင်းကရှိ၊ ကန်စွန်းခင်းက ငြိ"ဆိုသကဲ့သို့ နဂိုကဘည်းက တစ်ယောက်အပေါ်တစ်ယောက် စိတ်ယိုင်နေကြသည်။ မိုခမ်းနှင့် စိုင်းဖြိုး သမီးရည်းစားများ ဖြစ်သွားကြသည်။ သူတို့ ဆရာမသိအောင်တော့ လျှို့ဝှက်ထားရသည်။ ဆရာက ကျောင်းသူ ကျောင်းသားအချင်းချင်း သမီးရည်းစားဖြစ်ခ[illegible]တ်ဒေါသဖြစ်သည်။ သူ့ရဲ့အဆောင်နာမည်ဖျက်သည်ဟု ဆို[illegible] မိဘများကို အကြောင်းကြားတတ်[illegible] ကြောင့် ဖြစ်သည်။

အောင်စာရင်းထွက်သောအ[illegible] စိုင်းဖြိုးက (က)နဲ့အောင်ပြီး မိုခမ်း[illegible] တော့ (ခ)နဲ့အောင်သည်။ ကျခြင်း[illegible] သည်။ မိုခမ်းက သူ့အတွက် ဝ[illegible] နည်းဘဲ စိုင်းဖြိုးအတွက်ပူသည်။

"နင် ... ကောလိပ်သွားမှာလ[illegible] စိုင်း"

"ငါ့အခြေအနေနဲ့ ဘယ်လိုသွ[illegible] နိုင်မှာလဲ မိုခမ်းရယ် ... ငါ့မိဘ[illegible] လည်း ပင်ပန်းလှပြီ၊ ငါ့မိဘတွေ[illegible] တစ်လှည့်ပြန်ပြီး လုပ်ကျွေးရမယ်"

"ဒါဆို ... နင်က ရွာပြန်[illegible] တောင်ယာလုပ်မလို့လား"

"ဘယ်ဟုတ်မလဲ ... ထို[illegible] ဘက်မှာ အလုပ်ကောင်းတယ်လို့[illegible] ကြားတယ်၊ အဲဒါ ... ငါ ဟိုမှာ အ[illegible] သွားလုပ်မယ်၊ ကျောင်းတော့ ဆ[illegible] မတက်သေးဘူးဟ၊ ဆယ်တန်းအေ[illegible] ပြီးပဲဟာ ... ကောလိပ်က ဘယ်အ[illegible] တက်တက်ရတာပဲ၊ အခုနေ ကော[illegible] သွားလိုက်ရင် ငါ့မိဘတွေ ပိုပင်[illegible] မယ်၊ ဟိုမှာ .. အလုပ်လုပ်ပြီး ငါ့မိ[illegible] တွေဆီ ပိုက်ဆံပို့မယ်၊ နောက် ...[illegible] ပိုက်ဆံတွေအများကြီး စုပြီး နင့်[illegible] တင်တောင်းနိုင်အောင် ကြိုးစားမ[illegible]

ဘဝဆိုသည်မှာ ကြိုတင်စီမံ[illegible] ချထား၍ ရသည့်အရာမဟုတ်[illegible] တစ်ခါတစ်ရံ တိတိကျကျ စီမံကိ[illegible] ထားသော်လည်း သေသေချာချာ [illegible] လွဲသွားသည့်အဖြစ်အပျက်များ[illegible] လောကကြီးတွင်ဒုနဲ့ဒေးပင်[illegible]လှသ[illegible]

\+ + +

www.burmeseclassic.com



အခန်း(၃)

မိုခမ်းက စာမေးပွဲကို ဆက်မဖြေတော့ဘဲ ရွာကျောင်းတွင်သာ လုပ်အားပေးဆရာမ ဝင်လုပ်နေသည်။ မိုခမ်းမိခင်ရဲ့ဆန္ဒကတော့ လားရှိုးတွင်နေပြီး (၁၀)တန်းကိုပြန်ဖြေ၊ အောင်လျှင် လားရှိုးဒီဂရီကောလိပ်ကို ဆက်တက်စေချင်သည်။

မိုခမ်းရဲ့ဖခင်ကတော့ သမီးဆန္ဒရှိလျှင် ပြောမနေနဲ့တော့ဟု ဆိုသည်။ မိခင်နှင့် ဖခင်က အယူအဆမတူချေ။ ဖခင်ကတော့ ကိုယ့်မှာလည်း ပိုက်ဆံရှိနေသည်။ ပညာထိုက်သင့်သလောက်တတ် တော်ရောပေါ့ဟု စဉ်းစားသည်။ မိခင်ကတော့ ရွာတွင်နေလျှင် မသူတော်နှင့်ညားမှာ စိုးရိမ်သည်။ ဤအရာကိုတော့ ယောကျ်ားတွေထက် မိန်းမသားများက ပို၍မြင်သည်။

ယခုလည်း မိုခမ်းကျောင်းကပြန်လာပြီး သိပ်မကြာခင် ထိုကိစ္စကိုပင် နားချနေရသည်။

"အေးရင်း ... ကျောင်းပြန်တက်၊ စာမေးပွဲဖြေပါလား"

မိုခမ်းရဲ့အဖေ ဦးစိုးအွမ်က "လာပြန်ပြီ"ဆိုသောအကြည့်ဖြင့် ကြည့်သည်။

"မဖြေတော့ပါဘူး အမေရယ် .. အခုလည်း .. ဆရာမလုပ်နေတာပဲ၊ နောက်ဆို အစိုးရခန့်ဖြစ်ဦးမှာ"

"ခက်တာပဲ ... ဒီမှာက အခုပိုပြီး မငြိမ်မသက်ဖြစ်နေတာ ဘယ်သူ့ကိုမှ စိတ်ချရတာမဟုတ်ဘူး၊ ဟိုမှာဖဲကျောင်း အေးအေးဆေးဆေး တက်တာမဟုတ်ဘူး အေးရင်းရယ်"

"အဲဒါကြောင့် ... မင်းတို့ မိန်းမတွေကို ငါ မပြောချင်တာ၊ ငါတို့ မျက်စိရှေ့က သမီးကို သူတို့ ဘာလုပ်ရဲလို့လဲ၊ အခုလည်း ... သူတို့တောင်းသမျှ ငါတို့ ပေးနေတာပဲ"

"ပေးတာတော့ ... ပေးတာပေါ့၊ ဟို အရိုင်းအစိုင်းကောင်တွေက အိမ်ကို ဒီလောက်ဝင်ထွက်နေတာ၊ ကိုယ့်သမီးကို မျက်စိနဲ့ ပြစ်မှားနေတာကိုတော့ ဘယ်လိုမှ မခံနိုင်ဘူးတော်ရေ့"

မိုခမ်း မိခင်က စိတ်တိုတိုနဲ့ ပြောပြီး အပေါ်သို့တက်သွားသည်။- ဦးစိုင်းအွမ်က ခေါင်းယမ်းက သမီးကိုကြည့်ပြီး-

"သမီး ... ဘာမှစိုးရိမ်မနေနဲ့နော်၊ အလကား သမီးအမေက တွေးကြောက်နေတာ"

"လွန်းအွမ် ... လွန်းအွမ်"

အမောတကော ခေါ်သံနှင့် ရောက်လာသော ရွာသားတစ်ယောက်ကြောင့် ဦးစိုင်းအွမ်က မတ်တပ်ထရပ်ကာ-

"ဝေ့ ... အိုက်ပီ ဘာဖြစ်လာတာလဲ"

"လွန်းကျော်ဖ .. လွန်းကျော်ဖ"

အရေးထဲ အိုက်ဖီက မောပြီးထစ် နေသဖြင့် ဦးစိုင်းအွမ်စိတ်မရှည်စွာ မေးလိုက်သည်။ ဦးစိုင်းကျော်ဖသည် စိုင်းဖြိုးရဲ့ဖခင်မို့ မိုခမ်းလည်း စိတ်ဝင်စားသွားကာ နားစွင့်လိုက်သည်။

"လစဉ် ... ဆက်ကြေးကောက်တဲ့အဖွဲ့လေ ... လွန်းကျော်ဖက ဆက်ကြေးမပေးဘဲ သူတို့ကို ပြန်ပြောလို့ဆိုပြီး သေနတ်နဲ့ပေါ်သလို (၃)ချက်ဆင့် ပစ်လိုက်တယ်"

"ဟင်"

"အို"

အိုက်ပီက သေနတ်ပစ်သည့်ပုံစံကို လုပ်ပြသေး၏။ သူပြပုံအရဆိုလျှင် ပါးစပ်နှင့် မျက်နှာကိုပစ်ခြင်း ဖြစ်မည်။

"သွေးတွေကလည်း ... အများကြီးပဲ၊ ပီမီးကိုလည်း တစ်ချက်ပစ်သွားသေးတယ်၊ သေမသေတော့ မသိဘူး"

"အဲဒါဆို .. သွားရမှာပေါ့ လာလာ သမီးနေခဲ့စမ်း"

မိုခမ်းက လိုက်ဖို့ပြင်တော့ သူ့အဖက အော်ငေါက်သည်။

စိုင်းဖြိုးရဲ့ မိဘ ၂ ပါးစလုံးကွယ် လွန်သွားသည်။ စစ်သားဆိုလျှင်ကြောက်သော ရှမ်းရွာသားများကြောင့် ဘယ်သူမှ တပ်မတော်ကိုတိုင်ဖို့ သတိမရကြချေ။ မတရားမှန်းသိသော်လည်း တရားဥပဒေစိုးမိုးမှု အားနည်းသောဒေသမို့ ဘယ်သူကမှ စောဒကမတက်ရဲချေ။

သေပြီးတဲ့လူလည်း သေပြီဟု မှတ်ယူကြသည်။ ခေတ်ကာလအခြေအနေ မကောင်းသဖြင့် တိုင်းတစ်ပါးတွင် အလုပ်လုပ်နေသော စိုင်းဖြိုးဆီသို့ အကြောင်းကြားဖို့က ခက်နေသည်။

နောက်တော့ ငြိမ်ဝပ်ပိပြားရေး ဆောင်ရွက်ချက်များ လုပ်ဆောင်သောအခါ တပ်သစ်များ ဖွင့်လှစ်သည်။ နမ့်ပေါင်တွင် တပ်သစ်မဖွင့်သေးသော်လည်း စစ်တပ်များအလှည့်ကျ စခန်းထိုင်သည်။

သူပုန်များ၏ ရန်အေးသွားသော်လည်း အပြီးငြိမ်းသွားခြင်းတော့ မဟုတ်ချေ။ စစ်တပ်အလစ်အငိုက်တွင် ရွာထဲဝင်၍ အဓမ္မ ဆက်ကြေးကောက်



www.burmeseclassic.com

သည်။ လူသင်္ဂသည်။ ရရာပစ္စည်း များ လုယူသွားတတ်သည်။ ရွာသား များကို ဖမ်းခေါ်သွားတတ်သည်။

တစ်ခါတလေ ရွာလယ်ခေါင်တွင် ပင် သေနတ်တစ်လက်ဖြင့် ယမ်းချင် ယမ်းသွားတတ်သည်။

+ + +

အခန်း(၄)

"ဗိုလ်လုံ ... ဗိုလ်လုံ ကယ်ပါ"

တပ်မတော်သားများ စခန်းထိုင် သောနေရာဆီသို့ ဦးစိုင်းအွမ်နှင့်တကွ ရွာသူရွာသားများ အပြေးအလွှား ရောက်လာခဲ့သည်။

"ဘာဖြစ်တာလဲ ဦးစိုင်း"

"ကျွန်တော့်သမီးလေးကို .. သူ တို့ဖမ်းခေါ်သွားပြီ ကျွန်တော့်သမီးလေး ကို ကယ်ပေးပါ ဗိုလ်လုံ"

ကျောင်းကအပြန် သူပုန်များ နန်းမိုခမ်းကို ဆွဲသွားခြင်း ဖြစ်သည်။ ကျောင်းသူကျောင်းသားများမှာ သေ နတ်နှင့် လူတစ်စုကြောင့် ကြောက်လန့် တကြား ကစဉ့်ကလျားပြေးရင်း သူကြီး အား ပြောခြင်းဖြစ်သည်။

"ဒါတော့ ... တော်တော် တရား လွန်နေပြီပဲ၊ ကဲ ... ကဲ ဦးစိုင်းတို့ လည်း ဘာမှစိတ်မပူကြပါနဲ့၊ သတိဝီရိ ယနဲ့ နေကြပါ၊ ကျွန်တော်တို့ သူတို့အဖွဲ့ ကို ဒီညတွင်းချင်းရှာပါ့မယ်"

"ကျေးဇူးခ ... ဗိုလ်လုံ ကျွန် တော့်သမီးလေးကို ကယ်ပါနော်"

"စိတ်ချပါ ဦးစိုင်း"

ရွာသူရွာသားအားလုံး အလျှိုလျှို နှင့် ကိုယ့်အိမ်ကို ပြန်သွားကြသည်။

သူကြီးနှင့် သူ့မိန်းမကတော့ မ အိပ်နိုင်ချေ။ မိုခမ်းမိခင်က အိပ်ရာထဲ တွင် လဲလေပြီ။

"ဒါတွေကို ကြိုမြင်လို့ စောစော ကတည်းက ရှင့်ကိုပြောတယ်၊ မြို့မှာပဲ သမီးလေးကျောင်းတက်ပါစေဆိုတော့ ငါတို့ရှိတယ်၊ ဒီကောင်တွေ ဘာလုပ်နိုင် မှာလဲနဲ့၊ အခုတော့ ... ကျွန်မသမီး လေး သူပုန်မယားဖြစ်တော့မယ်"



"တော်စမ်း ... ဘာ .. သူပု မယားလဲ ... ကဲကွာ"

"ဖြန်း"

"အမလေးတော်"

မိုခမ်း မိခင်စကားကြောင့် ဦ စိုင်းအွမ် အတော်လေးဒေါသဖြစ်သွ ကာ တစ်ခါမှ မရိုက်ဖူးသည့်မိန်းမ တောင် ရိုက်ပစ်သည်။ အိမ်၌ရှိသေ အလုပ်သမားများ လာရောက်ဆွဲခြ ကြောင့် မိုခမ်းမိခင် သက်သာသွားခြ ဖြစ်သည်။

"ဦးလေးတို့ .. အဲဒီလို ရန်ဖြ နေရုံနဲ့ မပြီးဘူးလေ၊ စိတ်အေးအေ ထားကြပါ"

ဦးစိုင်းအွမ်တို့အိမ်တွင် လုံခြုံ ချပေးထားသော ရဲဘော်လေးက ပြောလိုက်သဖြင့် ရန်မဖြစ်ကြတေ သော်လည်း အားလုံး ငြိမ်းငြိမ်းအေ အေးမနေနိုင်ကြချေ။

သူပုန်များသည် ရွာထဲတွင် သူ ကြိုက်သော အပျိုဖြစ်ဖြစ်၊ အအိုဖြ ဖြစ် အမျိုးသမီးငယ်များအား ယခု သို့ ဖမ်းခေါ်သွားတတ်သည်။ ဘ လောက်ပဲ လက်မခံ သူတို့ဇနီးမယ ဖြစ်အောင် လုပ်လိုက်ကြသည်။ အ ထောင်သည်မို့ မယားခိုးဟု စွပ်စွဲမ ကြာကူလီဟု ပြောမရ။ ရေငုံနှုတ်ပိ နေရသည်။ အကယ်၍များ သူတို့အ ဆန့်ကျင်လျှင် သူတို့အလိုမလိုက်လ ပါးနားများပင် ရိုက်တတ်သေးသည် လူကို လူလို မဆက်ဆံကြပေ။ နိုင်စ လွန်းလို့ သေလျှင် ကြက်ကလေး၊ ငှ ကလေးသဖွယ် ရွာထိပ်တွင် ထားတတ်ကြသည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

တောထဲတွင် ခိုအောင်းနေသော သူပုန်စခန်းကို မနက်လင်းလုအချိန်တွင် အပြီးသိမ်းနိုင်ခဲ့သော်လည်း နန်းမိုခမ်းတစ်ယောက်ကမူ အသက်မရှိတော့ချေ။ လက်ကောက်ဝတ် (၂)ဖက်တွင် ဘလိတ်ဓားဖြင့် လှီးထားသဖြင့် သွေးများအိုင်ထွန်းကာ သွေးလွန်၍ သေဆုံးခြင်းဖြစ်သည်။

နှစ်ဖက်စလုံးက အပြန်အလှန် ပစ်ခတ်နေသဖြင့် သူမကို သတိမရတော့ချေ။ သူမသေဆုံးသောအခါ လက်ထဲတွင် စာတစ်စောင်ကို အသေဆုပ်ကိုင်ထားသည်။ ထိုစာများပင် သွေးများစွန်း၍ နေပေသည်။ ထိုစာကို တစ်စုံတစ်ယောက်က ယူ၍ ထားလိုက်လေသည်။

နန်းမိုခမ်း အသုဘတွင် တစ်ရွာလုံးက ငိုကြွေးကြသည်။ ဘာမှမတတ်နိုင်ကြချေ။ ခေတ်ပျက်သောကာလတွင် သူလာဖြစ်ခဲ့မိခြင်းကိုး။

ငိုကြွေးနေကြသည့် ရွာသူရွာသားများက လူတစ်ဦးတစ်ယောက်ကိုတော့ သတိမထားမိချေ။

သူကတော့ နန်းမိုခမ်းကို သူပုန်တွေဆွဲသွားသည့်နေ့ကမှ ရွာသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ ကျွေးမွေးပြုစုခဲ့သော မိဘများ၏ရုပ်အလောင်းကိုလည်း မမြင်ခဲ့ရချေ။ ခဏတာပဲ ချစ်ခဲ့ပြီး နှစ်ပေါင်းများစွာ ဝေးနေရသော ချစ်သူကိုလည်း တွေ့ဖို့ ချိန်းထားပါရဲ့နှင့် မတွေ့ရတော့ချေ။ ထိုမတွေ့ဆုံရခြင်းသည် ထာဝရအပြီးတိုင် ဝေးကွာအောင် ဖန်တီးခြင်းပင် ဖြစ်သည်။

ကံကြမ္မာရယ် ရက်စက်တယ်ဗျာ။

တခြားနိုင်ငံမှာ အောက်ကျခံ၊ အပင်ပမ်းခံပြီး အလုပ်လုပ်ခဲ့တာ ကျွန်တော့်မိဘတွေကို လုပ်ကျွေးချင်လို့။ ဒါပေမဲ့ လုပ်ကျွေးခွင့်မရခဲ့ဘူး။ ပြည့်စုံတဲ့ ချစ်သူကို တင့်တောင့်တင့်တယ်ထားနိုင်ဖို့ စုဆောင်းခဲ့တယ်။ အခုကျတော့ ကျွန်တော့်ချစ်သူကလည်း ဒါတွေကို မြင်သွားခွင့်မရခဲ့ဘူး။

စိုင်းဖြိုးတစ်ယောက်တည်း သုသာန်ထဲ၌ ကျန်ခဲ့သည်။ လူတွေက ကိုယ့်အပူ ကိုယ့်သောကနှင့် သူ့ကို မမှတ်မိကြချေ။

"စိုင်းဖြိုး မဟုတ်လား"

မေးသံကြောင့် သူလှည့်ကြည့်မိတော့ သူ့ထက်အနည်းငယ် အသက်ကြီးသော လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသဖြင့် သူခေါင်းညိတ်ကာ–

"ဟုတ်ပါတယ် ... ကျွန်တော် စိုင်းဖြိုးပါ ... အစ်ကိုက"

"ကိုယ်က ... တပ်ကပါ၊ ဒါလေးကိုတော့ ညီ သိမ်းထားချင်မယ် ထင်လို့"

ထိုလူရဲ့လက်ထဲတွင် သွေးစွန်း၍ နီရဲနေသော စာတစ်စောင်ကိုတွေ့လိုက်ရသဖြင့် သူနားမလည်စွာ –

"အဲဒါ ... ဘာလဲအစ်ကို"

"ဒါ .. နန်းမိုခမ်းရဲ့လက်ထဲက ရခဲ့တဲ့စာပါ"

"ဗျာ"

သူ့စာကို ကပျာကယာ ဖြန့်လိုက်သည်။ သူ့ဘေးနားကလူ ထွက်သွားတာကိုပင် နှုတ်မဆက်နိုင်ချေ"

*စိုင်း*

*ဒီဘဝမှာတော့ ငါတို့တွေ မတွေ့ဆုံနိုင်တော့ဘူးနော်။ နင် လာမယ့်လမ်းကို အမြဲတမ်းမျှော်နေရတဲ့သူက ငါပါ။ အခု နင့်အလာကို မမျှော်နိုင်တော့ဘူး ထင်တယ်။ ဒီဘဝမှာ မဆုံနိုင်ပေမယ့် နောက်ဘဝမှာတော့ တွေ့ဆုံချင်သေးတယ်။*

စာက မဆုံးသေးချေ။ ဆက်လည်း ရေးမထားချေ။ ဒီစာကို ရေးရင်းနှင့် မိုခမ်းဆုံးသွားခြင်း ဖြစ်သည်။

"နှုတ်ဆက်ခဲ့ပြီ ချစ်သူရယ် ... နောက်ဘဝမှ နင်နဲ့ငါတွေ့ဆုံဖို့ ဆုတောင်းနေပါ့မယ်၊ ပြီးတော့ ... နင့်ကိုလည်း ဘဝဆက်တိုင်း ဘဝဆက်တိုင်း ခေတ်ပျက်ကြီးထဲမှာ မမွေးဖွားပါစေနဲ့ ဆုတောင်းပေးပါတယ်"

စိုင်းဖြိုး နောက်ဆုံးအနေနဲ့ မိုခမ်းရဲ့ မြေပုံလေးကို နှုတ်ဆက်အကြည့် ကြည့်ပြီး တရွေ့ရွေ့နှင့် သုသာန်ကို ကျောခိုင်းသွားနေပေမယ့် သူမွေးဖွားရာ ဇာတိရွာလေးဆီသို့ ဦးတည်နေခြင်း မဟုတ်။

အသေအချာဆုံးကတော့ ချစ်သောသူများကို ဆုံးရှုံးလိုက်ရသည့် ဤရွာကလေးကို သူ နောက်ထပ် ဘယ်မှ ယောင်၍တောင် ရောက်လာတော့မည် မဟုတ်ချေ။

ရှင်လွန်းမယ်



www.burmeseclassic.com

www.burmeseclassic.com





# မှတ်တမ်းထဲက ကာရန်

အမှောင်ကမ္ဘာကို လမ်းပြခဲ့သူမို့
နေပါဦးလို့ တားဆီးခွင့်ရချင်
ဒါပေမဲ့ ..
မီးစာကုန်တော့မယ့် ဖယောင်းတိုင်လေးလို
မကြာခင် .. အရောင်တွေ မှိန်တော့မယ်
ဘဝမှာ ပျော်စရာတွေရှိခဲ့ဖူးတယ်
အခု .. အခိုးအငွေ့တွေဖြစ်သွားလို့
ပတ်သက်သူတွေနဲ့ ဆက်ဆံရေးဟာ အေးခဲ ..။

အသွေးအသားထဲထိအောင် စီးဝင်ခဲ့တယ်
ကြင်နာနွေးထွေးမှုတွေနဲ့ ဘောင်ခတ်ထားတဲ့ မေတ္တာကို
အသက်ရှူသံတွေက မှတ်ဉာဏ်ကောင်းနေလို့
အကြိမ်ကြိမ်အခါခါ သတိရတိုင်း မင်းအကြောင်းပဲ ဖြစ်နေခဲ့
ဟန်ဆောင်လိမ်ညာမှုတွေ ဝေးပါစေ
ငါ့ရဲ့ ဆုတောင်းစကား သတ်ပုံမှားခဲ့လေသလား
မင်းရဲ့တစ်ဖက်သတ် ထင်မြင်ယူဆချက်တွေနဲ့
ပတ်သက်မှုတွေကို ရပ်စဲခဲ့တဲ့ ငါချစ်တဲ့သူ ..။

ဖြူစင်မှုတွေနဲ့ ခြယ်မှုန်းထားတဲ့လမ်း
အဲဒီလမ်းကို လျှောက်ဖို့အတွက်
လက်ကမ်းခဲ့တာ .. သူ ..
ပြီးတော့ ..
ခြေလှမ်းတွေကို ရပ်တန့်ခဲ့တာလည်း .. သူပဲ ..
ဒါပေမဲ့ .. ကျွန်တော့်နှလုံးသားရဲ့ မှတ်တမ်းမှာ
သူဟာ ..
ကျွန်တော့် ရန်သူမဟုတ်ခဲ့ဘူး ..။ ။

အရင်လူ(တွံတေး)



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဟာ ပန်း

အချစ်ဟာ
လမင်းသာတဲ့ခါမှာ ထွန်းပတယ် ..

အချစ်ဟာ
နေမင်းတောက်တဲ့ချိန်မှာ ကွန့်မြူးတယ် ..

အချစ်ဟာ
နှင်းမှုန်ကျတဲ့ချိန်မှာ အေးမြတယ် ..

အချစ်ဟာ
မိုးတွေရွာတဲ့ချိန်မှာ ကြည်လင်တယ် ..

အချစ်ဟာ
ချစ်သူနှစ်ဦးပျော်မြူးကြတဲ့အခါမှာ ပန်း ..။ ။



ရွှေတို - မောင်ရွှေ



## အတွေးစ


အတွေးစ
ရင်ထဲက အတွေးစ
ဘယ်ကစရေးရမလဲ
ကောင်းကင်ကို မော့ကြည့်လိုက်
ရင်ထဲကို ငုံ့ကြည့်လိုက်နဲ့
နံနက်ခင်းရဲ့ လေ့ကျင့်ခန်းတစ်ခုလို
အကြိမ်ပေါင်းများစွာ
အဖြူတွေထင်ရှားဖို့
တစ်ခြမ်းကို အမည်းသုတ်ပစ်လိုက်တယ်
ကိုယ့်ခြေထောက်ကိုယ်မ
ကိုယ့်မှန်ကိုယ်ကြည့်ရင်းနဲ့ပေါ့
တစ်ခါတလေ
ရယ်နေရင်းကျတဲ့မျက်ရည်
ဇာတ်တော်ဆူညံသွားတယ်
အစစ်မှန်က စာအုပ်ကြားပဲများတော့
အတုတွေဈေးကောင်းရမယ်
ရောဂါရှိတဲ့ အိပ်မက်ကို
တယုတယပြုစုခဲ့တော့
နှလုံးသားက နည်းနည်းစားမြုံ့ပြန်မယ်
ကိစ္စမရှိ
မနက်ဖြန်တိုင်းမှာ အလွှမ်းမရှိဖို့
လေးဖြူရဲ့ 'အလွမ်းများ' ရှိတယ်
စိတ်ထဲက ဗိုင်းရပ်စ်တွေ
အမြင့်ကို မကူးစက်ဖို့
ဒီဇာတ်လမ်းကို ဒီမှာပဲ
အဆိပ်ခပ်သင့်တယ်
လှည့်မကြည့်နဲ့ ဆက်မရေးဘူး
ဆက်ရေးရင် မင်းပါအဆိပ်မိလိမ့်မယ်။ ။

လေနုအေး(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

ဘဝတစ်ဆစ်ချိုး

"စံလှ ဦးချစ်ပုံအိမ်ရောက်တော့ ဒီ နှစ်သား လူပျိုဖားဖားအရွယ်။ ဦးချစ်ပုံနှင့် ဇနီးဒေါ်ဇလပ်တွင် သမီးလေး စောမြနွယ်ရှိသည်။ စံလှထက် (၃)နှစ်ခန့်ငယ်၏။ အပျိုဖော်ဝင်စ (၁၃)နှစ်မရှိသာရှိပင်။

စောမြနွယ်ကလေးသည် တစ်ဦးတည်းသော သမီးကလေးပီပီ စံလှကို အစ်ကိုတစ်ယောက်လိုပင် ခင်တွယ်ရှာသည်။ စံလှအပေါ်ကလေးတစ်ယောက်လိုပင် နွဲ့ဆိုးဆိုးတတ်သည်။ စံလှဆိုသူမှာ သူကိုယ်တိုင်လည်း မိသားစုဘဝပျက်ခဲ့ရသူပီပီ အားလုံးကိုခင်တွယ်နေသော့၏။

အစစအရာရာ စောမြနွယ်လေး၏ သည်းညည်းကိုခံခဲ့သည်။ စောမြနွယ်လိုချင်တာမှန်သမျှ မရမရှိစေရ။ စံလှက အလိုလိုက်လွန်းသဖြင့် ဦးချစ်ပုံနှင့် ဒေါ်ဇလပ်ကပင် သိပ်အလိုမလိုက်ဖို့ ထားယူရသည်။ ဤသို့ဖြင့် မောင်နှမ သံယောဇဉ်ဖြင့် သူတို့ ကြီးပြင်းခဲ့ကြသည်။ လူပျိုကြီး အပျိုကြီးဘဝတွေ ရောက်သည့်တိုင် စောမြနွယ်လေးအပေါ် နှမလေးတစ်ယောက်ပမာ အရိပ်တကြည့်ကြည့်နေခဲ့သည်။

တစ်နေ့ . . ၊အိမ်ကို မြို့မှရာဇဝတ်ဝန်ထောက်ကလေး မေင်ဘမြင့်ရောက်လာသည်။ ဝန်ထောက်ကလေး တည်းခိုနေစဉ်အတွင်း ညေ့်သည်ကို လိုလေသေးမရှိအောင်ဂရုတစိုက်ပြုစုကြသည်။ သူတို့ရွာလို အလယ်ရိုးမတောင်ခြေရှိ မထင်မရှား ရွာသိမ်ရွာငယ်လေးကို ရာဇဝတ်ဝန်ထောက်နှင့် ပုလိပ်သားတွေလာကြသည်မှာ အကြောင်းမသိသူများအဖို့ ထူးဆန်းသည် ထင်ကြမည်ဖြစ်၏။

စင်စစ် မထူးဆန်းပါ။

ရာဇဝတ်ဝန်ထောက်မောင်ဘမြင့်၏ မိဘများနှင့် ဒေါ်ဇလပ်က ဆွေမျိုးနီးစပ်တော်သည်ဟုဆို၏။ မောင်ဘမြင့်မိဘများမှာ သုံးဆယ်မြို့မှ ဆန်စက်နှင့် ဆီစက်ပိုင်သူဌေးများဖြစ်၏။ ဦးချစ်ပုံနှင့် ဒေါ်ဇလပ်သည် သုံးဆယ်မြို့ရှိ မောင်ဘမြင့်မိဘများအိမ်သို့ အကြောင်းကြီးငယ်ရှိတိုင်း သမီးဖြစ်သူ စောမြနွယ်ကိုခေါ်၍ သွားလေ့ရှိ၏။ တစ်ခါတစ်လေ ညဥ့်အိပ်ညဥ့်နေ။

သည်တစ်ခေါက် ရာဇဝတ်ဝန်ထောက်ကလေးမောင်ဘမြင့် ရောက်လာပုံက ထူးခြားသည်။ စံလှက အိမ်ကို ဧည့်သည်ရောက်လျှင် လုပ်စရာကိုင်စရာရှိလျှင် လုပ်ပေးသည်။ မရှိလျှင် ရှောင်သွားလေ့ရှိသည်။ စပ်စပ်စုစုဘယ်တော့မှမလုပ်။ ဒါ သူ့အကျင့်။

သည်နေ့လည်း မောင်ဘမြင့်နှင့် ပုလိပ်သားများ ရောက်လာလာချင်း ပြင်ဆင်စရာများ ပြင်ဆင်ပေးပြီးနောက် အိမ်ကထွက်ရန် ခြေလှမ်းပြင်ရုံရှိသေးသည်။ ဦးချစ်ပုံခေါ်သည်ဟုဆိုသဖြင့် နှစ်ထပ်အိမ်ကြီးပေါ်သို့ တက်ခဲ့ရသည်။

အိမ်ပေါ်ရှိ တန်းလျားခုံပေါ်တွင် ပုလိပ်ယူနီဖောင်းအပြည့်အစုံ၊ ဖိနပ်ပင်မချွတ်ဘဲ ခြောက်လုံးပြူးခါးမှာချိတ်ထားသော မောင်ဘမြင့်နှင့်အတူ စောမြနွယ်လေးက တွဲ၍ထိုင်နေ၏။ မျက်နှာချင်းဆိုင်စားပွဲတစ်ဖက်ရှိ တန်းလျားခုံပေါ်တွင် ဦးချစ်ပုံနှင့် ဒေါ်ဇလပ်ဇနီးမောင်နှံထိုင်နေ၏။ စံလှက စားပွဲအနီးတွင် ရပ်သည်။

"ဘကြီး ခေါ်တယ်ဆိုလို့"

"အေး . . မောင်ဘမြင့်က မင်းကို မေးစရာရှိလို့တဲ့ကွ"

"ဩော် . . ဟုတ်ကဲ့ မေးပါခင်ဗျာ"

"ဟဲ့ . . ထိုင်လေ"

ဒေါ်ဇလပ်က စံလှကို ကြမ်းပြင်မှာ ထိုင်ခိုင်းခြင်းဖြစ်၏။

ရုတ်တရက် စံလှထိုင်မချဖြစ်၊ ခုံပေါ်မှာ အခန့်သားထိုင်နေသည့် သက်တူရွယ်တူ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ကြမ်းပေါ်မှထိုင်လျက် မော့ကြည့်ပြီး စကားပြောရမည်ကို စံလှဝန်လေးနေသည်။ စံလှရင်ထဲမှ ဝံသာနုရက္ခိတစိတ်ဓာတ်က မည်သို့မျှလက်မခံနိုင်။

မောင်ဘမြင့်သည် နယ်ချဲ့အစိုးရ၏ဝန်ထောက်ဟူသော ရာထူးရာခံပေးအပ်ခြင်းခံထားရသူဖြစ်မှန်း စံလှသိသည်။ သို့သော် သာမန်တောင်သူလယ်သမားသာဖြစ်သော စံလှမှာလည်း မာနရှိသည်။ မာန်ရှိသည်။ လူလူချင်း ခွဲခြား၍ နှိမ့်ချဆက်ဆံခြင်းကို ခံနိုင်သူမဟုတ်။

"ဟဲ့ . . ထိုင်လို့ပြောနေတာ ဘာဖြစ်လို့မထိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖလစ်အသံက မာလာသည်။ ထိုအချိန်မှာပင် ခင်စောနွယ်က ဝင်ပြောလိုက်သည်။

"သူမထိုင်ချင်လို့ မထိုင်တာနေပါစေ အမေ၊ မတ်တပ်ရပ်ပြီး မေးတာကို ဖြေရင်လည်းရတာပဲ"

"နင် အသာနေစမ်း သမီး၊ လူကြီးတွေ စကားပြောနေတဲ့အထဲ ဝင်မရှုပ်နဲ့၊ ဟဲ့ စံလှ နင် ထိုင်မလား မထိုင်ဘူးလား ပြောစမ်း"

အမြဲအနေက တင်းမာလာသည်။ သည်ကြားထဲ မောင်ဘမြင့် ပြောလိုက်သည့်စကားက မီးလောင်ရာ လေပင့်သလိုပင် ..

"လူကြီးက ထိုင်ပါဆိုတဲ့ဟာ မောင်မင်းက ထိုင်လိုက်ပါလား"

စံလှမျက်လုံးတွေက မီးဝင်းဝင်းတောက်နေပြီ။ အံကို ကြိတ်လျက် မောင်ဘမြင့်ကို စူးစူးရဲရဲကြည့်လိုက်ရာမှ သူ့မျက်လုံးတွေ ဦးချစ်ပုံဆီ ရွေ့လျားသွား၏။ ဦးချစ်ပုံက စကားတစ်ခွန်းမှဝင်မပြော။ ငုံထားသည့်ကွမ်းကိုသာ ဖိဝါးနေ၏။ ကျေးဇူးရှင်တွေကို သည်ထက်ဆန့်ကျင်ရန် မသင့်တော့သဖြင့် စံလှ စိတ်ကိုလျှော့ချလိုက်သည်။ ထို့နောက်ကြမ်းပေါ်မှာ ထိုင်ချလိုက်၏။

စောမြနွယ်က ထိုင်နေရာမှ ဆတ်ခနဲထရပ်သည်။

"သမီး ဘယ်သွားမလို့လဲ"

"ကိုကြီးစံလှက အောက်မှာထိုင်နေတာပဲ အမေ၊ သမီးအပေါ်မှာထိုင်ရင် ငရဲကြီးမှာပေါ့။ သမီး သွားတော့မယ်"

စောမြနွယ်က ဧည့်ခန်းမှ ခြေဆောင့်၍ လှမ်းထွက်သွား၏။

အားလုံး အံ့အံ့ဩဩ ဖြစ်ကြသည်။

ထိုနေ့က ဝန်ထောက်ကလေး မောင်ဘမြင့်က ရွာထဲကို လူစိမ်းလာသလား။ ဒီရွာသားတွေထဲမှာ အလုပ်အကိုင်မရှိဘဲ ကိုယောင်ယောင် ဒီယောင်ယောင်လုပ်တဲ့ လူငယ်တွေရှိသလားဆိုသော မေးခွန်းလည်းပါသည်။ သာစောနဲ့ငြိမ်းမောင် အခု သူတို့ပျောက်နေတယ်။ ဘယ်သွားတာလဲ ဟူသော မေးခွန်းကိုလည်း မေးသည်။ စံလှအဖြေက သာစောနှင့် ငြိမ်းမောင်ကို တစ်ရွာတည်းသားများဖြစ်သဖြင့် သိတော့သိသည်။ ဒါပေမဲ့ သူတို့ ဘယ်သွားသည်ဆိုခြင်းကိုတော့ မသိပါဟု ဖြေသည်။ အခြားမေးခွန်းများကိုလည်း မရှိပါ .. မသိပါဟူ၍သာ ..။

+++

ည ..

လပြည့်ညမို့ လဝန်းသည် ညဦးကောင်းကင်တွင် ငွေရောင်လက်နေ၏။

အိမ်အနောက်ဘက်ရှိ ကုက္ကိုလ်ပင်ကြီးအောက်မှ သစ်မြစ်ဆုံပေါ်တွင် စံလှနှင့်ခင်စောနွယ် တိတ်ဆိတ်စွာ ထိုင်နေ၏။ ခင်စောနွယ်က စံလှလက်ကို တင်းတင်းဆုပ်ထား၏။ စံလှကမူ အတွေးဖြင့် ငေးမောနေလျက်။

"ကိုကြီး"

ခင်စောနွယ်အသံက တိုးညင်းလွန်းစွာ။

ဘဝအနာဂတ်အတွက် တွေးနေမိသောစံလှက ကိုယ့်အတွေးနှင့်ကိုယ်မို့ ခင်စောနွယ်ခေါ်လိုက်သည်ကို မကြားမိ။

စိတ်ဆတ်သည့် ခင်စောနွယ်က ဆုပ်ကိုင်ထားသော စံလှလက်ကို ဆောင့်ဆွဲလိုက်ရင်း ..

"ကိုကြီးစော ခေါ်နေတာ မကြား ဘူးလား"

သည်တော့မှပင် စံလှ အတွေး မှ ရုန်းထွက်ရ၏။

"ဟင် .. စော၊ ကိုကြီးကို ခေါ် လိုက်သလား၊ ပြောလေ .. ဘာပြော လို့လဲ"

"အမေနဲ့အမေရဲ့ ပုံစံကိုကြည့် တာ ပုံမှန်မဟုတ်သလိုပဲ။ ကိုဘမြင့်ကို အရမ်းဦးစားပေးလွန်းတယ်။ စော သိ မသက်သာဘူး။ တစ်ခုခုစီစဉ်လိုက်မှာ စော စိုးရိမ်တယ်"

အေးချမ်းနေသော သူတို့ဘဝ သို့ မုန်တိုင်းသည် ဦးတည်ရွေ့လျားလ ယောင်ထင်၏။

စံလှက စိုးရိမ်စိတ်ကို မြိုသိ လျက် ခင်စောနွယ်ကို နှစ်သိမ့်ပေး တော့၏။

"စောက အရမ်းအစိုးရိမ်လွန်နေ တာဖြစ်မှာပါ။ စော သဘောမပါဘဲ ဘကြီးတို့က အတင်းစီစဉ်မယ်မထင် ဘူး။ ကိုကြီးကြားတာ ကိုဘမြင့်မှ အိမ်ထောင်ရှိတယ်တဲ့"

စံလှ၏ အေးတိအေးစက်စကား ကြောင့် ခင်စောနွယ်ဆတ်ဆတ်ခါသွ သည်။

"ဟွန်း .. ကိုကြီးက လူတ ဖက်သားကို အရမ်းယုံတတ်တယ်။ .. ထားပါတော့၊ အမေတို့ အမေတို့ စောကို မတိုင်ပင်ဘဲ အတင်းအကြ စီစဉ်မယ်ဆိုရင်ကော ကိုကြီးဘာ မလဲ၊ ကဲ .. ပြော"

သည်မေးခွန်းကိုတော့ စံလှမ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မျက်ဝန်းတွေက ညဥ့်ကောင်းကင်မှာ သာနေသည့် လပြည့်ဝန်းဆီ အဓိပ္ပာယ်မဲ့ အကြည့်ရောက်သွားလေသည်။

"ကိုကြီး မဖြေနိုင်ဘူးမဟုတ်လား။ စောက အဲဒီအရေးကိုတွေးပြီး စိုးရိမ်တာရှင့်၊ ကိုယ်က လက်ဦးမှုယူပြီး စောနဲ့ကိုကြီး ထွက်ပြေးကြမလား"

"ဟာ .. ဒါတော့ မဖြစ်ဘူးစော၊ လူကြီးတွေဘက်က သဘောထားကို အတိအကျမသိရသေးဘဲ အဲဒီလို စိတ်ထိုက်မာန်ပါလုပ်ရင် တို့မှားမှာပေါ့။ ကိုကြီးကိုလည်း သားရည်ပေါ်အိပ် သားရည်နားစားတယ်ဆိုတာမျိုး အပြောမခံချင်ဘူးကွာ၊ ခဏလောက် စောင့်ကြည့်လိုက်ပါဦး"

ခင်စောနွယ်က သက်မောကို ရှိုက်လိုက်ရင်း ဆတ်ခနဲ ထရပ်လိုက်သည်။

"ကောင်းပြီလေ ..၊ ကိုကြီးက စောင့်ကြည့်ချင်တယ်ဆိုရင်လည်း သဘောပါပဲ။ နောင်တရစရာနဲ့ကြုံရင်တော့ စောက ငြိမ်ခံနေမှာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်။ မယုံရင် စောင့်ကြည့်နေ"

ခင်စောနွယ်က ခြေဆောင့်ထွက်သွားသည်။

စံလှ ဘာလုပ်ရမှန်းမသိအောင်ပင် ငေးကြောင်ကြည့်နေမိ၏။

သူတို့နှစ်ယောက်မြင်ကွင်းကို အိမ်ကြီး၏ အပေါ်ထပ်ပြတင်းပေါက်မှ ခိုးကြောင်ခိုးဝှက်ချောင်းကြည့်နေသည့် ဝန်ထောက်ကလေး ကိုဘမြင့်ကိုတော့ သူတို့သတိမထားမိကြ။

+++

မိုးလင်းသည်နှင့် လယ်ထဲသွားဦးမည်ဟု အကြောင်းပြလျက် အိမ်မှ ထွက်ခဲ့သည်။ အိမ်မှာရောက်နေသည့် ပုလိပ်များနှင့် မျက်နှာချင်းမဆိုင်ချင်သောကြောင့်ဖြစ်သည်။

ရွာထဲမှ သူငယ်ချင်းတစ်ယောက် အိမ်ဝင်၍ မှာစရာရှိသည်ကိုမှာသည်။ ပြီးမှ လယ်ထဲသို့ သွားသည်။ သူတို့ စိုက်ပျိုးထားသည့် လယ်များမှာ ရိတ်သိမ်းပြီးဖြစ်သဖြင့် အလုပ်မယယ်မယ်ရရ မရှိလှ။ ရိုးပြတ်များကို မီးရှို့၍ နောင်နှစ်စိုက်ပျိုးရန် ပြင်ဆင်ခိုင်းထားသော သူရင်းငှားများနှင့် စကားပြောရင်း သူမှာခဲ့သူများကို စောင့်သည်။

လယ်စောင့်တဲကလေးမှာ ရေနွေးအိုးတည်သောက်ရင်း အဝေးဆီတွင် ထီးထီးကြီးသွယ်တန်းနေသော ပဲခူးရိုးမတောင်တန်းကြီးကို ငေးမောနေမိစဉ် တဲကလေးထဲသို့လူနှစ်ယောက် ဝင်လာသည်။

"လာကြ"

သာစောနှင့်ငြိမ်းမောင်က ရေနွေးကြမ်းဝိုင်းမှာ ဝင်ထိုင်သည်။

"မင်းမှာတယ်ဆို၊ ဘာထူးလို့လဲ စံလှ"

"ငါတို့အိမ်မှာ ပုလိပ်တွေရောက်နေတယ်ဆိုတာ မင်းတို့ကြားပြီးပြီမဟုတ်လား"

"အေး .. ကြားတယ်"

ဝန်ထောက်ဆိုတဲ့ကောင်က မင်းတို့နှစ်ယောက်ကို မေးနေတယ်။ အခုဘယ်သွားနေကြလဲတဲ့။ ငါကတော့ မသိဘူးလို့ ဖြေထားတယ်။ မင်းတို့ ပြန်ရောက်နေတယ်ကြားလို့ ခေါ်ပြီးအကျိုးအကြောင်းပြောတာ။ မင်းတို့ ရှောင်နေကြရင် ကောင်းမယ်"

သာစောနှင့်ငြိမ်းမောင်က မျက်မှောင်ကြုတ်၍စဉ်းစားရင်းမှ ...

"ဒီကောင်တွေ ဘာကိစ္စလာတာတဲ့လဲ"

"နယ်မြေအခြေအနေလေ့လာရအောင် လာတာတဲ့၊ ငါ့ကိုလည်း တောင်မေးမြောက်မေးနဲ့ စကားစမထွက်အောင် မနည်းသတိထားပြီးဖြေနေရတယ်။ သူတို့အနေအထားကြည့်ရတာ မသင်္ကာစရာသတင်းတစ်ခုခုရှိထားပုံပဲ။ ပြီးတော့ မင်းတို့နာမည်ကိုလည်း မေးတယ်ဆိုတော့ တို့ရွာသားတွေထဲက မင်းတို့ပျောက်ပျောက်သွားတာကို မသင်္ကာဖြစ်တဲ့ တစ်ယောက်ယောက်က ပုလိပ်ကို မျက်နှာလိုမျက်နှာရသတင်းပေးထားပုံရတယ်"

ငြိမ်းမောင်က သက်ပြင်းချလိုက်ရင်း "ဟိုဘက်ရွာက ဦးထွန်းမောင်ကြီးသတင်း မင်း ကြားပြီးပြီလား"

အိမ်ကို ပုလိပ်တွေရောက်နေသဖြင့် အားရသည့်မရှိအောင် အလုပ်များနေသည့် စံလှ အပြင်သတင်းကိုပင် နားမစွင့်မိခဲ့ပေ။

"ငါ ဘာမှမကြားဘူးကွာ"

"ဒီကောင်တွေ ဆိုးသည်ထက်ဆိုးလာနေပြီကွာ။ တမြန်နေ့က ဟိုဘက်ရွာမှာနေတဲ့ ဦးထွန်းမောင်ကြီးဆီက ချစ်တီးကြွေးမဆပ်နိုင်လို့ဆိုပြီး လယ်ရော၊ အိမ်ရော၊ နွားရော၊ လှည်းရော သိမ်းလိုက်တယ်တဲ့။ ဦးထွန်းမောင်ကြီးခမျာ ခြေမဲ့လက်မဲ့ဘဝရောက်သွားတဲ့အတွက် စိတ်ထိခိုက်ပြီး ကြိုးဆွဲချသေသတဲ့ကွာ"

"သနားပါတယ်ကွာ၊ ဒီသတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားရတာ စိတ်မကောင်းလိုက်တာ''

တကယ်ပင် စံလှ နာကျင်ရသည်အမှန်။ လယ်သိမ်း၊ ယာသိမ်း၊ ကျွဲနွားသိမ်း၊ သမီးသိမ်း စသည့် သတင်းများ နားမဆံ့အောင်ကြားရသဖြင့် မဆန်းတော့သော်လည်း ဦးထွန်းမောင်ကြီးသေရသည့်သတင်းကြောင့် ထိခိုက်ကြေကွဲရသည်။

သာစောက စိတ်ပူပန်ဖြင့် စံလှကို ပြောသည်။

''မင်း သတိထားနော်၊ မင်းအဘိုးကြီးလည်း နယ်ချဲ့အလိုတော်ရိကြီးပဲ။ မင်းတို့အိမ်ကိုလည်း ပုလိပ်တွေအဝင်အထွက်ရှိနေတယ်ဆိုတော့ မင်းအတွက် အန္တရာယ်ရှိတယ်''

''ငါ့အတွက် စိတ်ချပါ၊ မင်းတို့သာရှောင်နေကြ။ အချိန်မကျသေးဘဲ အဖမ်းအဆီးခံရလို့ မဖြစ်ဘူး''

''အေးပါ''

ထိုစဉ် ..

ရွာဘက်မှ ဖုန်ထောင်းထောင်းထအောင် ပြေးလာသည့် မြင်းတစ်ကောင်နှင့် မြင်းစီးသမားကို မြင်လိုက်သည်။ သာစောနှင့်ငြိမ်းမောင်က ထိုင်ရာမှထ ရပ်လျက် ..

''မင်းအဘိုးကြီး ထင်တယ်ကွ၊ တို့ကို မင်းနဲ့အတူ ဒီမှာတွေ့သွားရင် မကောင်းဘူး။ ကဲ ..တို့လစ်တော့မယ်''

''အေး ..သတိဝီရိယနဲ့သွားကွာ၊ ဘယ်သူနဲ့မှ မတွေ့လေကောင်းလေပဲ''

သာစောနှင့်ငြိမ်းမောင်က တဲအနောက်ဘက်သို့ ကိုယ်ကိုရှိန်၍ဝင်သွားရင်း ကိုယ်ရောင်ပျောက်သွား၏။ အပြင်းစိုင်းနှင်လာသည့် မြင်းခွာသံကတစစနီးလာသည်။ ဤဒေသရှိ လူဂုဏ်ထံနှင့် သူကြီးတချို့သည် ကိုယ်ပိုင်မြင်းများ ဝယ်စီးကြသည့်အလေ့ရှိသည်။

စံလှက တဲကလေးထဲမှ မြင်းစီးသမားကို စောင့်ကြည့်သည်။ လူလုံးကွဲသွားသောအခါ အဘဦးချစ်ပုံမှန်းသိသွားသဖြင့် တဲပြင်ထွက်ကြိုသည်။ ဦးချစ်ပုံက မြင်းပေါ်မှဆင်းရင်း ..

''မင်း တဲသေးမှာ လူနှစ်ယောက်မြင်လိုက်သလားလို့ကွာ။ ဘယ်ကဧည့်သည်တွေလဲ''

''ဟာ ..ဘကြီးကလည်း မျက်စိမွဲနေပြီလည်းဆိုသေးတယ်။ သရဲတွေ တစ္ဆေတွေတောင် မြင်ရတယ်ပေါ့လေ။ ကျွန်တော်တောင် မမြင်မိပါလား''

''အင်း ..ငါ့စိတ်က ထင်တာဖြစ်မှာပါကွာ။ ကဲ ..တဲထဲဝင်ရအောင်''

တဲကလေးထဲမှ ရေနွေးကြမ်းဝိုင်းမှာပင် ထိုင်လိုက်သည်။

''ဘကြီး ကိစ္စရှိလို့လားဟင်''

''အေး ..တိုတိုပဲပြောရရင် မင်းနှမကို အိမ်ထောင်ချပေးဖို့ စီစဉ်တော့မယ်ဆိုတာ မင်းကိုအသိပေးဖို့ လာတာကွ။ အိမ်မှာလည်း သူများတွေ ရှေ့မှာ မပြောချင်လို့လေ''

''ဗျာ ..ညီမလေးကို အိမ်ထောင်ချပေးတော့မယ် ဟုတ်လား''

သူ့စကားတွေက တအံ့တသြ အထစ်ထစ်အငေါ့ငေါ့။

''အေး ..မောင်ဘမြင့်က သမီးကို လက်ထပ်ချင်ပါသတဲ့ကွာ။ ငါတို့က သဘောတူရင် သူ့မိဘတွေခေါ်လာပြီး ရပ်ရွာထုံးတမ်းနဲ့အညီ စေ့စပ်ချင်ပါ
တယ်တဲ့။ အဲဒါ မင်းအမေ မဇလပ်က
တော့ ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာ
နေလေရဲ့။ ငါကလည်း သမီးလေး ဝ
ထောက်ကတော်ဖြစ်မယ်ဆိုတော့ ဝမ်း
သာတာပေါ့ကွာ။ အဲဒီကိစ္စ မင်းကို
အသိပေးရအောင် ငါလာတာလေ
ဘယ့်နှယ့်လည်း မင်းလည်း မင်းနှ
ဝန်ထောက်ကတော်ဖြစ်မှာ ဝမ်းသာ
တယ် မဟုတ်လား''

ရုတ်တရက် စံလှနှုတ်မှ တုံ့ပြ
စကားပြောမထွက်ခဲ့။ ကမ္ဘာလောက
ကြီးတစ်ခုလုံး ဦးစောက်ကျွမ်းပြန်ဖြ
သွားပြီထင်၏။ ဟန်ဆောင်နေခဲ့ရသေ
လည်း စံလှ မျက်နှာပျက်နေမည်မှ
သေချာသည်။ သူပြောနိုင်သည်က ..

''ဘကြီးရယ် ..ညီမလေး
ငယ်ပါသေးတယ်''

သူ့အနေဖြင့် သည့်ထက်ပို
ကန့်ကွက်စကားပြောရန်မသင့်တော့

''အေး ..သမီး ငယ်သေးတ
ဆိုတာတော့ ဟုတ်ပါတယ်ကွာ။ ဒါပေ
တို့က အသက်ကြီးပြီလေ။ တို့မျက်
မမှိတ်ခင် တစ်ဦးတည်းသောသမီးဖြ
တဲ့ မင်းနှမအတွက် စိတ်ချရသွားပြီ
ရင် တို့အသေဖြောင့်မှာပါ။ အဲဒီလို
မဟုတ်ဘဲ မဖြစ်သင့်တာဖြစ်သွား
တို့ ရင်ကျိုးရမယ်မဟုတ်လား။ အဲ
ကြောင့် မင်းနှမကိုမင်းကိုယ်တိုင်လည်
ဖျောင်းဖျပြီး နားချပေးစေချင်တယ
အဲဒါကတော့ ငါ့ရဲ့တောင်းဆိုမှုပါ။ မ
ကို လူတစ်လုံးသူတစ်လုံးဖြစ်အော
ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူ
ဆပ် တယ်လို့ သဘောထားပြီးမယ်
ကလေးရယ်''



www.burmeseclassic.com

www.burmeseclassic.com



စံလှအရုပ်ကြိုးပြတ်မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် မနည်းပင်ထိန်းမတ်ထားရ၏။ သူ့အတွက် ရွေးချယ်စရာလမ်းမရှိတော့အောင်ပင် ဦးချစ်ပုံက အောင့်စေ့အောင် ပိတ်ပစ်လိုက်သလိုပင်။ စံလှအဖို့ ခက်ခက်ခဲခဲကျော်လွှားရန်းကန်ရမည့်လမ်းမှာ တစ်လမ်းတည်းသာရှိပါသည်။ ထိုလမ်းမှာ ..

အခန်း(၅)

အရေးတော်ပုံတပ်သား

စံလှက စကားအရှည်ကြီးပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် ရပ်၍ ..

တံလျှပ်တွေ တရိပ်ရိပ်ထနေသည့်လယ်ကွင်းပြင်ရိုးပြတ်တောကို ငေးကြည့်သည်။ ညောင်ပင်ကြီးပေါ်တွင်နားလိုက်သည့် ဗျိုင်းဖြူတစ်ကောင်ကို ကျီးတစ်အုပ်က တအားအားအော်ဟည်လျက် နှုတ်သီးဖြင့် ဝိုင်းထိုးကြသည့် မြင်ကွင်းကို နှစ်ယောက်သားတိုင်ပင်မထားပါဘဲနှင့် ပြိုင်တူမော့ကြည့်မိကြ၏။ ကျီးအုပ်၏ ထိုးဆိတ်သည့်ဒဏ်ကို မခံနိုင်တော့သည့် ဗျိုင်းက အဝေးသို့ ပြန်ပြေးသွား၏။ သည်တော့မှပင် ကံရေးက ပြတ်သွားသည့်စကားစကို ပြန်ဆက်သည်။

"ခင်ဗျားပြောတာကို ကြားရတော့လည်း ရင်နာစရာပဲဗျာ။ ဒါလည်း ကိုလိုနီဘဝရဲ့ အနိဋ္ဌာရုံထဲက တစ်ခုပဲနေမှာပါပဲ"

"အင်း .. ဟုတ်တယ်၊ ဆင်းရဲသားတောင်သူလယ်သမားတွေ အတိဒုက္ခအကြီးအကျယ်ရောက်နေချိန်မှာ အချို့လယ်ရှင်ယာရှင် . အရင်းရှင်ကြီးတွေက အစိုးရအရာရှိတွေနဲ့ ပလဲနံပသင့်အောင်ပေါင်းပြီး အခွင့်အရေးတွေယူကြတယ်ဗျ။ ကျုပ်ရဲ့ ကျေးဖူးရှင်တွေလည်း လယ်သမားတွေဆီက လယ်မြေတွေကို မတန်တဆဈေးတွေပေးပြီး ဝယ်ယူပိုင်ဆိုင်ထားတာတွေ အများကြီးရှိတာ ကျုပ် အသိဆုံးပါ။ ခုလည်း သမီးကို မယားရှိတဲ့ဝန်ထောက်ရဲ့ မယားငယ်အဖြစ်ထိုးကျွေးပြီး အဲဒီသမက်ရဲ့ အကာအကွယ်နဲ့ ဒီနယ်တလွှားမှာ လက်ဝါးကြီးအုပ်လိမ့်ဦးမယ်။ ဒါတွေဟာ အရင်းစစ်တော့ အမြစ်မြေကပေါ်ဆိုတာလို ကျွန်တွေအပေါ် ကျွန်က ပြန်ပြီးလူတွင်ကျယ်လုပ်တာတွေပဲပေါ့။ ကျုပ်တို့ နယ်ချဲ့ရဲ့ သံဖနောင့်အောက်က ရုန်းမထွက်နိုင်သေးတဲ့ကာလပတ်လုံး ဒီအဖြစ်မျိုးတွေကြုံပြီးရင်းကြုံနေရဦးမှာပေါ့ဗျာ"

"အေးဗျာ .. ကျုပ်တို့ တောင်သူလယ်သမားတွေရဲ့ဘဝတွေကလည်း ဆိုးလိုက်တာနော်"

"ဟုတ်တယ်၊ သခင်အားရ ကျွန်ပါးဝတဲ့ ချစ်တီးကုလားတွေက အစိုးရဘဏ်တွေမှာ ငွေ ၁၀၀ ကို သုံးကျပ်တိုးနဲ့ချေးပြီး ကျုပ်တို့ကျတော့ ကုလားက ၃၀ တိုးလောက်နဲ့ ပြန်ချေးတယ်။ နယ်ချဲ့သမားက အဲဒါမသိဘူး မထင်နဲ့ဗျ။ သိတယ် .. တမင် ကျုပ်တို့ ဆင်းရဲသားတွေ စီးပွားရေး နလန်မထူနိုင်အောင် လုပ်ထားတာ။ လူတွေက စားဝတ်နေရေးအတွက် ရုန်းကန်နေရရင် တခြားအရေးတွေဆီ အာရုံမရောက်တော့ဘူးပေါ့ဗျာ။ ဒါဟာလည်း သူတို့ရဲ့ သေနင်္ဂဗျူဟာတစ်မျိုးပေါ့ဗျာ"

"ဒါဆိုရင် ကျုပ်တို့ ဘယ်လောက်တောင် ဆက်ခံနေရဦးမှာလဲဟင်"

"နယ်ချဲ့ ကျွန်ဘဝက မလွတ်မြောက်သေးသမျှ ခံရမှာပေါ့"

ကံရေးက စိတ်ပျက်စွာ ခေါင်းကို ခါရမ်းသည်။

"လွတ်မြောက်အောင် ကျုပ်တို့ ဘာလုပ်ကြမလဲဟင်"

"တော်လှန်ရမှာပေါ့၊ တော်လှန်ရေးတစ်ရပ်ဆင်နွှဲပြီး အဲဒီနယ်ချဲ့မျက်နှာဖြူကောင်တွေကို ကျုပ်တို့အမိမြေက မောင်းထုတ်ရမှာပေါ့"

စံလှစကားကြောင့် ကံရေးပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူကိုယ်တိုင် ချစ်တီးကုလားတစ်ယောက်၊ အလိုတော်ရိသူကြီးဆိုးတစ်ယောက်၊ ပြီးတော့ ကုလားပုလိပ်သုံးယောက်ကို သတ်ခဲ့ပြီးပြီ။ ဒါ တော်လှန်ရေးလုပ်တာလားဟု သူကိုယ်တိုင်မေးခွန်းထုတ်ကြည့်သည်။ အဖြေကို ရှာမတွေ့။ သေချာတာကတော့ တော်လှန်ရေးလုပ်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်၍မရခြင်းပင်။ သူ့နှုတ်က စကားလုံးတွေ အလိုလို ပွင့်အံထွက်ကျလာ၏။

"ဒီမှာ ကိုစံလှ"

"ပြောဗျာ"

"ကျုပ်တို့နှစ်ယောက် တော်လှန်ရေးလုပ်ကြရင် မကောင်းဘူးလား"

"ဟား .. ဟား .. ဟား"

စံလှက ခွက်ထိုးခွက်လှန် ရယ်မောသည်။ ကံရေးက စံလှ ဘာအဓိပ္ပာယ်နှင့်ရယ်မှန်းမသိ။

"ခင်ဗျား ဘာရယ်တာလဲဗျ"

"ခင်ဗျားစကားက ရယ်စရာကောင်းလို့ ရယ်တာပေါ့ဗျာ။ ဒီမှာ ကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကံရေး၊ တော်လှန်ရေးလုပ်တယ်ဆိုတာ ကလေးကစားတာမဟုတ်ဘူး။ ရန်ကို ရန်ချင်းတုံ့နှင်းရတာဗျ။ ကျုပ်တို့ရဲ့ လွတ်လပ်ရေးကို နယ်ချဲ့က လက်နက်အားကိုးနဲ့ မတရားတိုက်ယူထားတာလေ။ ကျုပ်တို့ကလည်း လူသူလက်နက်အင်အားနဲ့ သူရသတ္တိရှိရှိ ပြန်တိုက်ပြီးတော်လှန်ရမှာပေါ့။ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း တော်လှန်ရေးလုပ်လို့ မရဘူး။ ရွာတစ်ရွာ မြို့တစ်မြို့တည်း တော်လှန်ရေးလုပ်လို့လည်း မရဘူး။ သဘောထားတူတဲ့လူ၊ ဆန္ဒမကွဲပြားတဲ့ တစ်တိုင်းပြည်လုံးကလူတွေ တက်ညီလက်ညီ နယ်ချဲ့ကို လက်နက်စွဲကိုင်တိုက်ပွဲဝင်မှ အောင်မြင်မှာဗျ''

''ခင်ဗျားပြောသလောက် လူတွေအများကြီးရအောင် ဘယ်လိုစုမှာလဲဗျာ။ ကျုပ်တော့ မတွေးတတ်ဘူး''

''မတွေးတတ်ရင် မတွေးနဲ့ဗျ၊ အဖြေကို ကျုပ်ပြောမယ်''

''ဗျာ ‥ ဟုတ် ‥ ဟုတ်ကဲ့ ‥ ပြောပါဗျာ''

BURMESE CLASSIC .com

စံလှက ကံရေးပခုံးကို တရင်းတနှီးဖက်လိုက်ရင်း ‥

''သတ္တိရှိရင်တော့ ကျွန်တော်နဲ့ လိုက်ခဲ့ပေါ့ဗျာ။ ခင်ဗျား မတွေးတတ်တဲ့ အဖြေတွေ့ရပါလိမ့်မယ်''

''ကျွန်တော်က ဘယ်ကိုလိုက်ခဲ့ရမှာလဲ''

သာယာဝတီနယ်သား စံလှက သူ့လက်မောင်းကို လှန်ပြလိုက်သည်။ ကရင်လူမျိုးပီပီ ဝင်းဝင်းဝါဝါလက်မောင်းရင်းတွင် နဂါးကို ဂဠုန်သုတ်ဟန်ဆေးမင်ထိုးထားသည့် ဂဠုန်ရုပ်က အားနှင့်မာန်နှင့် ကြွရွလို့နေ၏။ကံရေးက စိမ်းမြမြ ဆေးမင်ရုပ်ကို စိစိကြည့်၍ နားမလည်နိုင်စွာ မေးသည်။

''ဒီ ‥ ဒီ ဂဠုန်ရုပ်က ဘာအဓိပ္ပာယ်ပါလိမ့် ကိုစံလှရဲ့''

''တော်သူလယ်သမားအရေးတော်ပုံတိုက်ပွဲဆင်နွှဲမယ့် တပ်သားတွေရဲ့ သူရသတ္တိ အမှတ်တံဆိပ်ပေါ့ဗျာ။ ခင်ဗျားမှာ တော်လှန်ချင်တဲ့စိတ်ရှိရင် မိုက်ရဲရင်၊ တိုက်ရဲရင်၊ လိုက်ရဲရင်၊ သေမယ်ဆိုလည်း သေရဲရင် ကျုပ်နဲ့အတူ လိုက်ခဲ့နိုင်တယ်''

စံလှအသံက မာန်ပါလွန်းသည်။ အံကို တင်းတင်းကြိတ်၍ လက်သီးလက်မောင်းတန်းပြောခြင်းဖြစ်၏။ မျက်နှာပြင်တစ်ခုလုံး သွေးရောင်လွှမ်းလျက်တင်းမာခက်ထန်နေ၏။ မျက်လုံးအစုံက အရောင်တလက်လက်တောက်နေ၏။ ကံရေး ငေးကြောင်တွေဝေသွား၏။ ရုတ်တရက် မည်သို့ ဆုံးဖြတ်ရမည်ကို မဝေခွဲနိုင်သေး။ စံလှက တွေတွေဝေဝေဖြစ်သွားသည့် ကံရေးကို အပြုံးသဲ့သဲ့ဖြင့် ကြည့်လျက် ‥။

''သတ္တိကြောင်တဲ့လူဆိုရင်တော့ ခင်ဗျားလမ်း ခင်ဗျားသွားတော့ ကိုကံရေးရေ ‥''

စံလှက ပြောပြောဆိုဆို ကံရေးကို ထားခဲ့လျက် ခရီးဆက်ရန် ထိုင်ရာမှ ထရပ်လိုက်သည်။

''ခဏနေပါဦး၊ ကိုစံလှရဲ့ ကျုပ်မေးချင်တာလေးရှိလို့ပါ''

''ဘာမေးစရာရှိလို့လဲ ‥ မေးလေ''

''ခင်ဗျားတို့ အထဲဝင်ရင် နယ်ချဲ့ကို ချခွင့်ရမှာလား''

''ကျုပ်တို့ လယ်သမားတွေကို ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး ဂဠ[illegible] ဆရာစံက ဦးဆောင်တယ်။ ရည်ရွ[illegible] ချက်ကတော့ တစ်မျိုးသားလုံး သ[illegible] ကျွန်ဘဝက လွတ်မြောက်ဖို့ ဗြိတိ[illegible] နယ်ချဲ့တွေနဲ့ အလိုတော်ရိတွေကို လ[illegible] နက်စွဲကိုင် တော်လှန်ကြမယ်။ ကဲ ‥[illegible] ခင်ဗျား ဘယ်လိုသဘောရလဲ ‥ [illegible] ကံရေး''

ကံရေးက ယတိပြတ်ဆုံးဖြ[illegible] လိုက်ဟန်ဖြင့် စံလှလက်ကို တရ[illegible] တနှီးဆုပ်ကိုက်ဖြစ်ညစ်လျက် ‥။

''ကျုပ် ‥ ကျုပ် ခင်ဗျားနဲ့အ[illegible] လိုက်ခဲ့ပါရစေ ကိုစံလှ၊ ကျုပ်ကိုလည်[illegible] ခင်ဗျားတို့ရဲ့ တောင်သူလယ်သမ[illegible] အရေးတော်ပုံတပ်သားအဖြစ် အ[illegible] အမှတ်ပြုပေးဖို့ ခင်ဗျားဆရာကြီး ဂဠ[illegible] ဆရာစံကို ပြောပေးပါဗျာ''

စံလှနှင့် ကံရေးမည်သော [illegible] တောင်သူလယ်သမားအရေးတော်[illegible] တပ်သားနှစ်ဦးသည် သာယာဝတီ[illegible] နယ်တွင် အခြေပြုထားသည့် ဂဠ[illegible] ဆရာစံ၏ ဦးဆောင်မှုကို ခံယူ[illegible] နယ်ချဲ့ဗြိတိသျှ မျက်နှာဖြူများအ[illegible] တော်လှန်ပုန်ကန်ရန် အေးမြသ[illegible] ညောင်ပင်ရိပ်မှ နေပူကြဲကြဲအောက်[illegible] ရိုးပြတ်လယ်တောထဲသို့ ရဲဝံ့စွာလှ[illegible] ထွက်လိုက်ပါပြီလေ။

**မင်းမဟာကျော်[illegible]**



www.burmeseclassic.com

www.burmeseclassic.com



...ာ ၅၉ မှ စာဆက်

BURMESE CLASSIC .com

"ဘာဖြစ်လို့ ထပ်ပေးရမှာလဲ၊
...နိုင်ဘူး"

"ဟောဒီမှာ ... ဦးမိုးကျော်၊
...တို့ လူမသတ်ချင်ဘူး၊ အဲဒါ ...
...အေးဆေးဆေး အသာတကြည်
...ရင်တော့ ဟောဒီသေနတ်နဲ့ ပစ်
...ပြီး ခါးပြတိုက်လုယူရမှာပဲ"

"မပေးနိုင်ဘူး ... ကြိုက်သလို
...ပ်"

ရဲရန်အောင်က ဂျာကင်အိတ်ထဲ
...ွတိုသေနတ်ကို ထုတ်ယူချိန်ရွယ်
... ငွေတောင်းခံနေခြင်းဖြစ်သည်။
...ခန်းအိမ်ကြီး၏ အောက်ထပ်နေ
...ယ် စုစုပေါင်း မိသားစုဝင်ခုနစ်ဦး
...သည်။

အိမ်ရှင်ဖြစ်သူ ကျောက်ကုန်
...ကြီး ဦးမိုးကျော်နှင့် မယားဖြစ်သူ
...ယားအပြင် သမီးနှစ်ဦးနှင့် အိမ်
...လေးတစ်ဦးပေါင်းငါးဦးသာ ရှိနေ
... အခင်းမဖြစ်ပွားမီ ညနေစောင်း
... မန္တလေးမြို့မှ မန်းနီလာကားဖြင့်
...ဖြစ်သူက မိန်းမခိုးလာပြီး ရောက်ရှိ
...ခြင်းဖြစ်သည်။

ရဲရန်အောင်က အသာတကြည် ပြောဆိုဆွေးနွေးကြည့်ခဲ့သော်လည်း အခြေအနေက မထူးခြားဘဲ ဦးမိုးကျော်က ဖွတ်ငြင်းဆန်နေသည်။ ဒါကြောင့် ရဲရန်အောင်က ဂျာကင်ထဲမှ ပစ္စတိုကို ထုတ်ကာ ပြောင်းဝနေရာမှာ ဆိုင်လင်ဇာ(အသံတိတ်) ကိရိယာကို တပ်ဆင်လိုက်သည်။

"အစ်ကို ... အချိန်သိပ်ကြာနေလို့ ပတ်ဝန်းကျင်က ရိပ်မိသွားမယ်၊ ဒီ အဘိုးကြီး ဒီလောက်ခေါင်းမာနေတာ အပြတ်ရှင်းပစ်ဗျာ"

"ကဲ ... ညီလေး၊ သူတို့အားလုံးကို လက်ပြန်ကြိုးတုပ်လိုက်စမ်း၊ ဟောဒီရှေ့မှာ တန်းစီစုခိုင်းပြီး ထိုင်နေကြစမ်း"

ရဲနိုင်အောင်က အစ်ကိုဖြစ်သူ၏ အမိန့်ပေးခိုင်းစေသည့်အတိုင်း ကြိုးဖြင့် လိုက်လံတုပ်နှောင်ချည်နေသည်။ ညှိခန်းအလယ်တွင် တန်းစီပြီး စုထိုင်ခိုင်းထားသည်။ ပြီးမှ ကက်ဆက်သီချင်းသံကို ပိုမြှင့်ရန် ခလုတ်ကို ဆွဲတင်ထားလိုက်သည်။

ကျောက်ကုန်သည်ကြီး ဦးမိုးကျော်မိသားစုဝင်များမှာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့်ပါးစပ်မှ မအော်နိုင်ရန် အဝတ်စဖြင့် ချည်နှောင်ထားခြင်း ခံနေရသည်။

အစ်ကိုဖြစ်သူ ရဲရန်အောင်မှာ စိတ်ကို ဆုံးဖြတ်ထားဟန်ဖြင့် ကျောက်ကုန်သည်ကြီးဦးမိုးကျော်၏ နားထင်နားကို ဆိုင်လင်ဇာတပ်ထားသော ပစ္စတိုဖြင့် တေ့ကာ မောင်းဖြုတ်ချလိုက်သည်။

"ဒုတ်"

ဆိုင်လင်ဇာတပ်ထားသော သေနတ်ဖြင့် တစ်ဦးချင်းစီအား နားထင်တေ့ကာ မောင်းဖြုတ်ချသတ်ပစ်နေလေသည်။ ဦးမိုးကျော်တို့ မိသားစုဝင်ခုနစ်ဦးစလုံး သေွးအိုင်ထဲဝယ် သေပွဲဝင်သွားကြရလေသည်။

ထို့နောက် ညီဖြစ်သူနှင့်အတူ အပေါ်ထပ်အိပ်ခန်းထဲမှ ဘီရိုထဲမှာရှိနေသော ရွှေငွေကျောက်သံပတ္တမြားကို ဟင်းနံ့ဘက်အိတ်တစ်လုံးထဲ စုပြုထည့်ကာ သိမ်းကျုံးယူငင်ထွက်ပြေးသွားခဲ့ကြလေတော့သည်။

နောက်တစ်နေ့နံနက်ဝယ် ပတ်ဝန်းကျင်မှလူများသည် ကက်ဆက်သီချင်းဖွင့်သံကို တစ်ညလုံးကြားနေရပြီး နံနက်ပိုင်းရောက်မှ တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် မသင်္ကာသဖြင့် အိမ်ထဲဝင်ကြည့်ရာမှ သွေးအိုင်ထဲလဲကာ အသက်ပျောက်နေသော မိသားစုဝင်ခုနစ်ဦးအား တွေ့ရှိခဲ့ကြလေသည်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များထံ သွားရောက်သတင်းပေးခဲ့သဖြင့် အခင်းဖြစ်ပွားရာ နှစ်ထပ်အိမ်ကြီးဆီ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။ ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းဖြစ်ပွားခဲ့သည့်အခြေအနေကို မြေပုံကြမ်းရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း၊ ပေကြိုးဆွဲတိုင်းတွာခြင်း၊ သဲလွန်စရှာဖွေခြင်းများအား ပြုလုပ်ကာ ရဲလုပ်ငန်းကုန်စင်အောင် ဆောင်ရွက်ခဲ့ကြလေသည်။

ထို့နောက် အမှုနှင့်ပတ်သက်ဆက်နွယ်သူများအား လိုက်လံရှာဖွေစုံစမ်း ဖော်ထုတ်နိုင်ခဲ့လေသည်။ ယင်းအမှုအား သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ နေ၍ ဒုလုံခြုံရေးမှူးကိုယ်တိုင် အနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကြီးကြပ်ကာ ကွင်းဆက်များ ဖော်ထုတ်ပြီး စစ်ဆေးနိုင်ခြင်းကြောင့် အမှုမှန်ကို ဖော်ထုတ်နိုင်ခဲ့လေသည်။

ဤကဲ့သို့ လူသတ်မှု၊ လုယက်မှု၊ လက်နက်မှုများဖြင့် ရုံးတင်တရားစွဲဆိုနိုင်ခဲ့သည်။ နောက်ဆုံး တရားရုံးတော်မှ ပြစ်မှုထင်ရှားနေသဖြင့် ပြစ်မှုကျူးလွန်ခဲ့သော ညီအစ်ကိုနှစ်ဦးစလုံးကို သေဒဏ်ကျခံစေရန် အမိန့်စီရင်ချက် ချမှတ်ခဲ့လေတော့သည်။

ဤသို့ဖြင့် လုယက်လူသတ်မှုဖြင့် သေဒဏ်ကျခံလာရသူများအား မိုးကုတ်အကျဉ်းထောင်မှ လူဦးရေ (၂၀၀)ခန့်သာဆံ့သော (ဃ)အဆင့် အကျဉ်းထောင်ငယ်လေး ဖြစ်နေသောကြောင့် ရဲအစောင့်အရှောက်ဖြင့် အားချင်း မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးခဲ့သည်။

BURMESE CLASSIC .com

၆။ မရဏကြိုးတိုက်

"အေးကွာ ... မင်းတို့ဘက်က ကြည့်တော့လည်း ရသင့်ရထိုက်တဲ့ ဝေစုကို ထိုက်ထိုက်တန်တန် ရချင်မှာပေါ့လေ"

"ဒါပေါ့ဆရာ ... ကျွန်တော်တို့ ညီအစ်ကိုက မျောတွင်းထဲမှာ တစ်နေကုန် ခိုးကြောင်ခိုးဝှက်တူးပြီး အဖမ်းမခံရအောင် သက်စွန့်ဆံဖျားတူးဖော်ရရှိလာတဲ့ ကျောက်နီပတ္တမြားကြီးကို လောဘဇောတက်ပြီး အချောင်လိုချင်စိတ်ရှိနေတော့ .. တန်ရာတန်ကြေးပေးဝယ်သင့်တာပေါ့၊ ဈေးနှိမ်ဝယ်ယူလိုက်မှန်းသိလို့လည်း အသာတကြည် ပြန်မပေးချင်တော့ ... ပါလာတဲ့သေနတ်နဲ့ အကုန်ရှင်းပစ်ခဲ့တာပဲ"

"မင်းညီလေးလည်း ... မင်္ဂလာဆောင်မယ့်ဆဲဆဲမှာ သေဒဏ်အပေးခံရတော့ မင်္ဂလာပွဲပျက်သွားမှာပဲနော်၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းတို့လို ... သေဒဏ်ကျခံလာရသူတွေကို အယူခံရုံးကနေ ကြိုးစင်ပေါ်မတက်ရအောင် အစွမ်းကုန် ကူညီပေးပါလိမ့်မယ်"

"ကိစ္စမရှိပါဘူး ဆရာရယ် ... ကျွန်တော်တို့ ညီအစ်ကိုကတော့ လုပ်ရဲရင် ခံရဲပါတယ်ဗျာ၊ အမေတစ်ယောက်တည်း ကျန်ခဲ့တာကိုပဲ ... စိတ်ပူနေမိတာပါ၊ ကျွန်တော့်ညီလေးလည်း သူ့ကောင်မလေးနဲ့ လက်ထပ်ခါနီးဆဲဆဲမှာ ခုလို လူသတ်မှုထဲ ဝင်ပါလာရတော့ ကျွန်တော့်ကြောင့် သူ့ခမျာမှာ ဘယ်လောက်ရင်နာနေရှာမလဲ"

"ဒီလိုလည်း ... ဘယ်ဟုတ်ပါ့မလဲကွယ်၊ တရားရုံးက ပြစ်မှုထင်ရှားလို့ သေဒဏ်ချမှတ်ခဲ့ပေမယ့် ... တရားကို နတ်စောင့်ပါတယ်ကွာ၊ မိဘကို ပင်ပင်ပမ်းပမ်း ရှာဖွေကျွေးမွေးခဲ့တဲ့ကျေးဇူးက မင်းတို့ရဲ့ကံကြမ္မာကို ပြောင်းလဲသွားနိုင်ပါတယ်"

ကျွန်ုပ်သည် သေဒဏ်ကျခံလာခဲ့ကြသော ကြိုးသမားညီအစ်ကိုနှစ်ဦးဖြစ်သည့် ရဲရန်အောင်ကို အားပေးနှစ်သိမ့်ပေးနေခဲ့ခြင်း ဖြစ်ပါသည်။

အမှန်တော့ ကျောက်နီပတ္တမြားသည် စစ်မှန်လာခဲ့ပါက ထိုက်သူဆီသို့ သူ့အလိုအလျောက် ရောက်သွားသည့်သဘောဖြစ်သည်။ ရဲရန်အောင်တို့ ညီအစ်ကိုနှစ်ဦးမှာလည်း တစ်သက်မှာ တစ်ခါသာ ရနိုင်သောအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးသွားရသဖြင့် လူငယ်ပီပီ လောဘဇောတက်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဒါကို ကျောက်ကုန်သည်ကြီး [...] မိုးကျော်မှာ မိမိလက်ဝယ်သို့ ပတ္တမြား [...] ကြီး ရောက်ရှိလာခဲ့သည်ကို ကာ[...] တန်ဖိုး ခုနစ်သိန်းခန့်ရရှိခဲ့ပါလျက် [...] မြောက်တွန့်တိုမပေးလိုသောအခါ မိမိ[...] တကွ တစ်မိသားစုလုံး သေပွဲဝင်သွ[...] ရသည်မှာ ဝမ်းနည်း ကြေကွဲစ[...] ကောင်းပါသည်။

အကယ်တော့ ပတ္တမြားအစစ် [...] သည် ထိုသူဆီသို့သာ ဆိုက်ဆိုက်မြိ[...] မြိုက်ရောက်ရှိသွားပါလျက် မစားထို[...] သောအခါ အသက်ပါဆုံးရှုံးသည်[...] အန္တရာယ် ဆိုက်ရောက်သွားလေသ[...] ထိုသို့သောကျောက်မျိုးသည် သာ[...] ကုသိုလ်ကံဖြင့် ရနိုင်စွမ်းမရှိဘဲ အ[...] တန်မှသာလျှင် နတ်တို့က ထိုက်တန်[...] ကို ထည့်ပေးလိုက်သော နတ်ပစ္စ[...] သာလျှင် ဖြစ်ပါသည်။

သို့သော်လည်း ကံကြမ္မာအလ[...] အပြောင်းဟူသည် လွန်စွာဆန်းကြ[...] လှပေသည်။ မိမိတို့ဘဝများကို ကြိုး[...] ပေါ်မှာပဲ အဆုံးသတ်ရလိမ့်မည်ဟု [...] ထင်နေကြသော ရဲရန်အောင်နှင့် ရဲ[...] အောင်ညီအစ်ကိုတို့သည် သေနေ့[...] သေး၍ မသေခဲ့သည်လား မသိ။ နိ[...] တော်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အ[...] ၂/၈၀ နှင့် အကျုံးဝင်သွားသည်။ [...] မှာ သေဒဏ်ကျခံနေရသော လူသ[...] ကျူးလွန်ခဲ့ကြသည့် ကြိုးသမားအာ[...] သေဒဏ်မှကင်းလွတ်ကာ ထောင်[...] ဆယ်နှစ်ကို ပြောင်းလဲကျခံသွားရ[...] ကြောင့် ဖြစ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com





# စိန်ဝင်းမော်

## ငရဲအိုးနှင့်
## ပက်ပင်းတိုးသူ

Design Lwin

www.burmeseclassic.com

www.burmeseclassic.com



□

အသက်(၂၆)နှစ်အရွယ်ရှိ တရုတ် စီးပွားရေးလုပ်ငန်းရှင်လေးက သူ၏ မာစီဒီးကားသစ်ကို တယ်လီဖုန်းသတင်းစကား ဖတ်ရှုပြန်ကြားရန် ပလက်ဖောင်းဘေးသို့ ထိုးရပ်လိုက်သည်။ ထိုအချိန်တွင် ဆလွန်းကားဟောင်းတစ်စီးက ဘရိတ်များကိုဖိနင်းကာ သူ့ကားနောက်သို့ ချိုးဝင်လာသည်။ အရောင်ညှိုညှို့အဝတ်များကို ဝတ်ဆင်ထားသူတစ်ဦးက ထိုကားတွင်းမှဆင်းလာကာ မာစီဒီးကား ဆီသို့ ချဉ်းကပ်လာသည်။ ဧပြီလ(၁၈)ရက်နေ့ (၁၁း၀၀)နာရီထိုးလုပြီ။ ထိုလူက မှန်တံခါးကိုခေါက်လျက် လျင်မြန်စွာ ပြောသည်။ "ဒယ်နီ" (အမည်လွှဲ)က မကြားရသဖြင့် ပြတင်းတံခါးမှန်ကို နှိမ့်ချလိုက်သည်။ ထိုစဉ် ထိုလူက လက်တစ်ဖက်သွင်းကာ တံခါးဂျက်ကိုဖြုတ်လျက် ကားတွင်းသို့ဝင်လာသည်။ သူ့လက်ထဲတွင် ငွေရောင်သေနတ်တစ်လက်။

"မဗိုက်နဲ့နော်"ဟု "ဒယ်နီ"ကို ပြောသည်။ သူက သတင်းပတ်စောစောက "ဘော်စတွန်"မာရသွန်ဗုံးခွဲမှု သတင်းကို နားထောင်သလားဟု မေးသည်။ "ဒယ်နီ"က ထိုသတင်းကို ကောင်းစွာသိသည်။ လွန်ခဲ့သော (၆) နာရီမရှိတရှိက ထုတ်ပြန်ခဲ့သော သံသယရှိ သူတို့၏ မှုန်ဝါးဝါး ဓာတ်ပုံများ အထိ သိသည်။

"အဲဒီ ဗုံးခွဲမှုကို ငါလုပ်တာ"ဟု ထိုလူက ပြောသည်။ (ထိုလူကားနောက်ပိုင်းတွင် "တမာလန်ဇာနက်" ဟု ဖော်ထုတ်ခြင်းပြုခံရသူ)ပြီးတော့ "ကင်းဘရစ်မှာ ရဲတစ်ယောက်ကို အခုပဲ သတ်ခဲ့တယ်"

သူက "ဒယ်နီ"ကို ကားမောင်းရန် အမိန့်ပေးသည်။ ထိုခရီးက ဝေးကွေးကြာရှည်သော နာကျင်ဖွယ်ခရီးပင်။ "ဒယ်နီ"က သေဘေးနီးလာဖွယ်ရှိကြောင်း ပြုတ်တူနှင့်အညှပ်ခံရဘိသို့ ခံစားရသည်။

"ဒယ်နီ"က ၂၀၀၉ ခုနှစ်တွင် အမေရိကန်သို့ မဟာဘွဲ့ယူရန် လာရောက်ခဲ့သည်။ ဇန်နဝါရီလ ၂၀၁၂ တွင်ဘွဲ့ရပြီး တရုတ်ပြည်သို့ပြန်ကာ အလုပ်ဗီဇာရရန် စောင့်နေခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်သို့ပြန်လာကာ မာစီဒီးကားတစ်စီးကိုငှားလျက် တရုတ်သူငယ်ချင်းနှစ်ဦး တို့နှင့်အတူနေကာ စီးပွားရေးလုပ်ငန်းခွင်သို့ ခြေစုံပစ်ဝင်ခဲ့သည်။ "တမာလန်"ကို သူက ကျောင်းသားတစ်ဦးပင်ဖြစ်ကြောင်းနှင့် အမေရိကန်တွင်ရောက်ရှိသည်မှာ တစ်နှစ်ပင်မရှိသေးကြောင်း ပြောသည်။ "တမာလန်"က "ဒယ်နီ"ပြောသည်များကို နား လည်ရန် ခက်ခဲနေပုံရသည်။ "တရုတ် ပြည်"ဆိုသည့် အသံထွက်ကိုပင် နားလည်ရန်မလွယ်။

"သြော် ...ဒါကြောင့် မင်းရဲ့ အင်္ဂလိပ်က သိပ်မကောင်းတာကို"ဟု "တမာလန်"က ပြန်ပြောသည်။

"အိုကေ ...မင်းက တရုတ် ငါက မွတ်ဆလင်"

**တုန်လှုပ်ချောက်ချားဖွယ်**

**အတွေ့အကြုံ**

**တောင်သောအခါ**

**ဒယ်နီက**

**အမြန်ပြီးဆုံးသွားမည့်**

**လုယက်မှုတစ်ခုသာ**

**ဖြစ်ပါစေတော့ဟု**

**ဆုတောင်းမိသည်**

**...**

www.burmeseclassic.com

www.burmeseclassic.com



"တရုတ်တွေက ... မွတ်ဆလင်တွေကို သိပ်ခင်ပါတယ်"ဟု ဒယ်နီက ပြောသည်။ "ကျွန်တော်တို့က မွတ်ဆလင်တွေနဲ့ အရမ်းခင်ပါတယ်"

တုန်လှုပ်ချောက်ချားဖွယ် အတွေ့အကြုံစတင်သောအခါ 'ဒယ်နီ'က အမြန်ပြီးဆုံးသွားမည့် လုယက်မှုတစ်ခုသာ ဖြစ်ပါစေတော့ဟု ဆုတောင်းမိသည်။ 'တမာလန်'က ငွေတောင်းသည်။ သို့သော် 'ဒယ်နီ'က လက်တင်ခုံအောက်တွင်ထားသည့် (၄၅)ဒေါ်လာသာ ငွေသားပါရှိသည်။ ပိုက်ဆံအိတ်အတွင်းတွင် ပလတ်စတစ်များအပြည့်၊ ဒေါ်လာ ၅၀,၀၀၀ တန်ကားကို စီးနင်းသူထံမှ ထိုမျှနည်းသောငွေကိုသာ ရသဖြင့် သိသာစွာ စိတ်ပျက်လျက် တမာလန်'က 'ဒယ်နီ'ကို ကားမောင်းခိုင်းသည်။ နောက်မှ ဆလွန်းကားဟောင်းက လိုက်လာသည်။

"အေးအေးဆေးဆေး လုပ်ပါကွာ"ဟု တုန်လှုပ်ချောက်ချားနေပြီး ကားကို တည်ငြိမ်စွာမောင်းရန် ခက်ခဲနေသော 'ဒယ်နီ'ကို 'တမာလန်'က ပြောသည်။ 'ဒယ်နီ'က ထိုအခိုက်အတန့်တွင် "ကျွန်တော့်နှလုံးတွေ ... အရမ်းမြန်မြန် ခုန်နေတယ်"ဟု ပြန်ပြောပြသည်။

သူတို့က 'ချားလ်'မြစ်ကို ဖြတ်ကျော်လျက် 'ဘော်စတွန်'၏အနောက်ဘက်(၁၃)ကီလိုမီတာဝေးသော 'ဝါးသား'မြို့ကို ဝင်ရောက်လာခဲ့သည်။ ဒယ်နီ'၏ပိုက်ဆံအိတ်ကို လှန်လှောကြည့်နေရာမှ 'တမာလန်'က ATM အလိုအလျောက် ငွေထုတ်ကတ်)၏ သင်္ကေတစာအမှတ်ကို မေးသည်။

မြို့၏အရှေ့ပိုင်း ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဆီသို့ ကားကို မောင်းစေခဲ့ရာ ပြောသည့်အတိုင်း မရောက်ဖူးသော လမ်းမြောင်လေးတွင် ရပ်ပေးလိုက်သည်။ ကားဟောင်းလေးကလည်း ၎င်းတို့နောက်မှ ရပ်လိုက်သည်။ လူတစ်ယောက်က ချဉ်းကပ်လာသည်။ ပို၍ပိန်ပြီး ဆံပင်များက တွဲရရွဲ ကျနေသူ။ ထိုသူကား သံသယရှိသူ နံပါတ်(၂)ဟု ပုံးခွဲမှု စုံစမ်းစစ်ဆေးသူများက မှန်းလွဲပိုင်းတွင် ထုတ်ပြန်ကြေညာထားခဲ့သော ဓာတ်ပုံနှင့် ဗီဒီယိုများတွင် ပါရှိသူ။ 'တမာလန်'က ကားတွင်းမှထွက်လာကာ 'ဒယ်နီ'ကို ဘေးထိုင်ခုံသို့ ပြောင်းထိုင်ရန် အမိန့်ပေးသည်။ လူတစ်စုံတစ်ခု ကြိုးစည်လျှင် ပစ်သတ်ခံရမည်ဆိုသောအချက်ကို ထင်ရှားစေသည်။ မိနစ်အနည်းငယ်ခန့် 'တမာလန်'နှင့် သူ့ညီ'ဒဇိုခါ'တို့က သူတို့ကားတွင်းမှ လေးလံသောပစ္စည်းများကို 'ဒယ်နီ'၏ကားသို့ ပြောင်းရွှေ့ကြသည်။ ဝန်စည်စလယ်တွေဟု 'ဒယ်နီ'က တွေးမိသည်။

'တမာလန်'က ကားကိုမောင်းလျက် 'ဒယ်နီ'က ဘေးတွင်ထိုင်ကာ 'ဒဇိုခါ'က နောက်မှထိုင်လျက် ကားကို ATM (အလိုအလျောက် ငွေထုတ်စက်) တွင်ရပ်လိုက်သည်။ 'ဒဇိုခါ'က 'ဒယ်နီ'၏ကတ်ဖြင့် ငွေထုတ်မည်ဖြစ်သည်။ 'ဒယ်နီ'က ကြောက်စိတ်ဖြင့် တုန်လှုပ်နေသော်လည်း ချမ်း၍ဟုပြောကာ သူ့ဂျာကင်ကို တောင်းသည်။ ယခုအခါ အစ်ကိုတစ်ယောက်တည်းကသာ သူ့ကို ထိန်းချုပ်ထားစဉ် ဒယ်နီက သူ့အခွင့်အရေးဟု တွေးဆလိုက်သည်။ သို့သော် ပိတ်ထားသောစတိုးဆိုင်များကိုသာ ဝန်းကျင်တွင် တွေ့မြင်ရသည်။ ရဲကားတစ်စီးက မီးများပိတ်လျက်ဖြတ် မောင်းသွားသည်။

'တမာလန်'က နောက်ထိုင်ခုံရှိ 'ဒယ်နီ'၏ဂျာကင်ကိုယူပေးရန် သဘောတူသည်။ 'ဒယ်နီ'က လုံခြုံရေးခါးပတ်ကို ဖြေလျက် ဂျာကင်ကို ဝတ်လိုက်သည်။ ထို့နောက် ထွက်ပြေးရန် လွယ်ကူစေဖို့ နောက်ရှိ ခါးပတ်ကို ပတ်လိုက်သည်။

'မလုပ်နဲ့နော်'ဟု 'တမာလန်'က သူ့ကို အကဲခတ်ရင်း ပြောသည်။ "မမိုက်မဲနဲ့"

ဒယ်နီက သူ၏ စတင်ဖွံ့ဖြိုးတိုးတက်လာမှုအနေအထားနှင့် သူ တိတ်တိတ်ချစ်မိနေသော နယူးယောက်မှ မိန်းကလေးကို တွေးမိသည်။

"ဘုရားရေ ... ငါ မင်းနဲ့ ပြဿနာတွေ့ ဖို့ ... အခွင့်အလမ်းမရှိတော့ဘူး ထင်တယ်"ဟု ပြန်လည်ဘဝင်ရ ပြောပြသည်။

'ဒဇိုခါ' ပြန်ရောက်လာသည်။

"ငါတို့နှစ်ယောက်စလုံးမှာ ... သေနတ်ရှိတယ်"ဟု တမာလန်က ပြောသည်။ သို့တိုင် ဒယ်နီက ဒုတိယသေနတ်ကို မမြင်မိ။

သူတို့ချင်း အခြားဘာသာစကားဖြင့် ပြောနေကြသည်ကို 'ဒယ်နီ'က ကြားသည်။ 'မင်ဟက်တန်'ဆိုသည့် စကားတစ်လုံးသာ နားလည်သည်။ ထို့နောက် ကားကို ပြည်နယ်ပြင်ပသို့ မောင်းထွက်ခွင့်ရှိမရှိ ဒယ်နီကို အင်္ဂလိပ်လိုမေးသည်။ "ဘာဆိုလိုတာလဲ"ဟု ဒယ်နီက စိတ်ရှုပ်လျက် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နယူးယောက်လိုမျိုးကွာ"ဟု တစ်ယောက်က ပြောသည်။

သူတို့က ပြည်နယ်ချင်းဆက်လမ်းအမှတ်(၉၅)အတိုင်း ဆက်မောင်းလာကာ ရဲစခန်းတစ်ခုကို ဖြတ်ကျော်လာခဲ့သည်။ 'ဒယ်နီ'က ရဲစခန်းတွင်းရှိ သူများထံ မနေ့ဖြင့် ဆက်သွယ်သတင်း စကားပါးသည်။ ရွှေ့လျားနေသောကားမှခုန်ချကာ လိုမ့်ထွက်သွားသည်ကို စိတ်ကူးပုံဖော်သည်။

'တမာလန်'က သူကို ရေဒီယိုဖွင့်လျက် ကိုင်တွယ်ပုံကို မေးသည်။ ညီဖြစ်သူက ရေဒီယိုစခန်းများကို ရွှေ့ပြောင်း ဖမ်းယူသည်။ သတင်းအစီအစဉ်များကို ရှောင်ဟန်ရှိသည်။ သူက 'ဒယ်နီ'ကို CD ချပ်ပြားများ ရှိ၊မရှိမေးသည်။ မရှိကြောင်း ဂီတကို ဖုန်းမှတစ်ဆင့် နားထောင်ကြောင်း ဒယ်နီက ဖြေသည်။ ကားဆီတိုင်ကီက ကုန်လုပြီ။ သူတို့က ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ရပ်လိုက်ကြသည်။ သို့သော် ဆိုင်က ပိတ်ထားသည်။

နောက်ကြောင်းပြန်လှည့်ကာ ဝါးတားမြို့သို့ အရောက်တွင် သူတို့ကားတွင်းမှ ပစ္စည်းအချို့ ထပ်မံယူသည်။ သို့သော် နောက်ဖုံးတွင်မှ ဘာမျှမယူ။ သူတို့က CD တစ်ချပ်ကို ဖွင့်လိုက်ရာ နိဗ္ဗာန်ဆော်သံကဲ့သို့ ကြားရသည်။

ရုတ်တရက် ဒယ်နီ၏အိုင်ဖုန်းက မြည်လာသည်။ သူ့အခန်းဖော်ထံမှ သတင်းစကားဖြစ်ကာ တရုတ်လို သူဘယ်မှာရှိနေသည်ကို မေးသည်။ 'တမာလန်'က အင်္ဂလိပ်၊ တရုတ်ဝေါဟာရများကိုကြည့်ကာ 'ဒယ်နီ'ကို လိုရင်းတိုတို 'ငါဖျားနေတယ်၊ ဒီည မိတ်ဆွေတစ်ဦးဆီမှာ အိပ်မယ်'ဟု ပြန်ကြားခိုင်းသည်။ ခဏအကြာတွင် နောက်ထပ်သတင်းစကား ပေါ်လာပြန်သည်။ ထို့နောက် ဖုန်းခေါ်ဆိုသံ မည်သူမျှမဖြေ။ စက္ကန့်ပိုင်းအကြာတွင် ဖုန်းက မြည်လာပြန်သည်။

"တရုတ်လို ... စကားတစ်ခွန်းပြောတာနဲ့ မင်းကို အခုသတ်ပစ်မယ်"ဟု တမာလန်က ပြောသည်။ ဒယ်နီက နားလည်သည်။ သူ့အခန်းဖော်၏ ယောကျ်ားလေးမိတ်ဆွေက တစ်ဘက်မှ တရုတ်လို ပြောနေသည်။

"ငါ ... ဒီည မိတ်ဆွေရဲ့အိမ်မှာ အိပ်မယ်"ဟု ဒယ်နီက အင်္ဂလိပ်လို ပြောသည်။

"ငါသွားတော့မယ်"

"အေး ... ကောင်းတယ်"ဟု တမာလန်က ပြောသည်။

ကားက မီးလင်းနေသော ဓာတ်ဆီဆိုင်တွင် ရပ်လိုက်သည်။ ဒဖိုခါ က ဆိုင်တွင်းသို့ဝင်သွားကာ ဒယ်နီ၏ ငွေဖြည့်ကတ်ဖြင့် ဓာတ်ဆီဝယ်ရန် ပြုသည်။ သူက ပြန်ထွက်လာကာ ကားမှန်ကို အလျင်အမြန်ခေါက်သည်။

"ငွေသားနဲ့ ရှင်းရမယ်"ဟု ပြောရာ တမာလန်က ဒေါ်လာ ၅၀ ပေးလိုက်သည်။

ဒယ်နီက 'ဒဖိုခါ'ပြန်သွားသည်ကိုကြည့်ကာ သူ့အတွက် အချိန်ကောင်း ဟုတ်မဟုတ် အသည်းအသန်ဆုံးဖြတ်ချက်ချရေး ကြိုးစားသည်။ သို့ပေမင့် သူ့အဲတွေးကို ရပ်လိုက်ကာ အလိုအလျောက် တုံ့ပြန်မှု ဝင်လာစေသည်။

"ကျွန်တော် ... အလုပ်နှစ်ခုလုပ်ရမယ်လို့ တွေးနေတယ်၊ ခါးပတ်ကို





www.burmeseclassic.com

www.burmeseclassic.com





အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ မာရသွန်ပြိုင်ပွဲပန်းတိုင်အနီး ဗုံးနှစ်လုံးပေါက်ကွဲခဲ့ပြီး
၅၆ နာရီအကြာတွင် FBI က အလိုရှိသူနှစ်ယောက်အဖြစ် ထုတ်ပြန်ခဲ့သည့် တမာလန်(ဝဲ)နှင့် ဒိုခါ(ယာ)

ဖြုတ်၊ ကားတံခါးကိုဖွင့်ပြီး အမြန်နိုင်ဆုံး ခုန်ဆင်းရမယ်၊ အလုပ်မဖြစ်လို့ကတော့ သူက ချက်ချင်းသတ်မှာ''ဟု ဒယ်နီက ပြောသည်။

''ကျွန်တော်လုပ်လိုက်ပါပြီ ... ဘယ်လက်ရော ညာလက်ပါ တစ်ပြိုင်နက်တည်း အလျင်မြန်ဆုံး အသုံးပြုပြီး ကားတံခါးကို ဖွင့်၊ ခါးပတ်ကိုဖြုတ်လျက် ခုန်ထွက်ပြေးခဲ့တယ်''

ကားက အနောက်အရပ်ကို မြစ်ညာဘက်မျက်နှာမူထားသည်။ ဒယ်နီက ကား၏ဘေးထိုင်ခုံနှင့် ဓာတ်ဆီဆိုင်ကြားမှပြေးကာ လမ်းလေးထဲသို့ အသတ်ဝင်လျက် နောက်ကို လှည့်မကြည့် အခြားတစ်ဘက်ရှိ မီးလင်းနေသော ဓာတ်ဆီဆိုင်ဆီသို့ ဦးတည်သည်။

''အဲဒီဆိုင်က ... ဖွင့်မဖွင့် ကျွန်တော် မသိဘူး''ဟု သူက ပြောသည်။

''အဲဒီအခိုက်မှာ .. ဘုရားတ, သူ တောင်းရတာပဲ''

ညီအစ်ကိုနှစ်ယောက်က ကားဖြင့် မောင်းထွက်ပြေးသည်။ ဓာတ်ဆီဆိုင်စာရေးက အခိုက်အတန့် ခေါင်းရှုပ်သွားပြီး (၉၁၁–ရဲတပ်ဖွဲ့)သို့ လက်ကိုင်ဖုန်းဖြင့် ခေါ်ဆိုလျက် ဒယ်နီထံ စတိုခန်းအတွင်းသို့ ဖုန်းကို ယူလာပေးသည်။ တာဝန်ကျရဲက အသက်ကို ဝအောင်ရှူရန် ပြောသည်။ ရဲအရာရှိများက မိနစ်ပိုင်းအတွင်း ရောက်ရှိလာကြကာ သူ့ဓာတ်လမ်းကို နားထောင်သည်။ ဒယ်နီက ကားကို သူ၏အိုင်ဖုန်း iphone ဖြင့် ခြေရာခံနိုင်ပြီး မာစီဒီးကားများ၏ နှစ်လမ်းသွား ဂြိုဟ်တုစနစ်ဖြင့်လည်း တည်နေရာကို သိရှိနိုင်ကြောင်း ပြောပြသည်။ စာရေးက သူ့ကို ရေတစ်ပုလင်း ပေးသည်။

တစ်နာရီခန့် တာဝန်ရှိသူများနှင့် စကားပြောအပြီးတွင် ''ဝါးတား''မြို့၌ သေနတ်ပစ်ခတ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရဲက ဒယ်နီကို ခေါ်လာလျက် ကားပေါ်မှနေ၍ တန်းစီထားသော မသင်္ကာသူများ၏ မျက်နှာကို ကြည့်စေသည်။ တစ်စုံတစ်ယောက်ကိုမျှ မမှတ်မိ။ သူက တစ်ညလုံး ဒေသခံနှင့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ FBI (ဖယ်ဒရယ်ထောက်လှမ်းရေး)တို့နှင့် စကားပြောနေကာ ပြည်နယ်ရဲတစ်ဦး၏ ကြင်နာစွာပေးသော ပေါင်မုန့်နှင့် ကော်ဖီတို့ကို ကျေးဇူးတင်မိ၏။ နောက်နေ့ ညနေ(၃)နာရီတွင် သူတို့က ဒယ်နီကို ကင်းဘရစ်ဂျ်သို့ ပို့ပေးခဲ့သည်။

''တမာလန်တော့ ... သေပြီထင်တယ်၊ ကျွန်တော် စိတ်သက်သာရာ ရသွားပြီး ပိုလုံခြုံတယ်လို့ ခံစားရတယ်၊ ဒါပေမဲ့ ... သူ့ညီရဲ့အခြေအနေကိုတော့ ကျွန်တော် မသိဘူး''

ဒယ်နီက ဒိုခါများ သူ့လိပ်စာကို သိပြီးလာရှာရင်တော့ ဟု တွေးပူမိသည်။ သို့သော် ရဲက သူ့လိပ်စာနှင့် မှတ်ပုံတင်က ကျည်ဆန်ရာများဖြင့် ပေါက်နေသော မာစီဒီးကားအတွင်းမှာပင် ရှိနေသေးကြောင်း သိသည်။ ပြီးလျှင် ဒဏ်ရာရထားသော ဒိုခါအနေဖြင့် ဝေးဝေးသွားနိုင်ဖွယ်မရှိ။ ထိုညတွင် သူ့ကို လှေတစ်စင်းအတွင်း တွေ့ရှိ ဖမ်းမိသည်။

ဒိုခါကို ဖမ်းမိကြောင်း သတင်းထုတ်ပြန်စဉ် သူ့အခန်းဖော်က ညည့်ခန်းရှိ ရုပ်မြင်သံကြားစက်ဆီသို့ ဒယ်နီကို လှမ်းခေါ်သည်။ ထိုအချိန်တွင် ဒယ်နီက ဖုန်းပြောနေသည်။ နယူးယောက်မှ မိန်းကလေးနှင့် စကားဖောင်ဖွဲ့လျက်။

(၈/၂၀၁၃ ထုတ် Reader's Digest မဂ္ဂဇင်းပါ .Eric Moskowitz ရေး Car Jack ကို ပြန်ဆိုသည်။)


စိန်ဝင်းမော်



www.burmeseclassic.com

မြေလတ်မောင်(မြဝတီ)

# လူထဲကလူ





www.burmeseclassic.com

www.burmeseclassic.com



"B သွေးလိုနေလို့ ကျုပ်ကို ကူညီကြပါဗျာ ... ကျုပ်ဆီမှာပါတဲ့ပိုက်ဆံအကုန်လုံးကန်တော့ပါ့မယ်"

မိုးသားတိမ်ရိပ်တို့က အရပ်ရှစ်မျက်နှာတံတိုင်းကဲ့သို့ ကာရံထား၍ နေ့သယ်ခင်းဖြစ်သော်လည်း နေဝင်မိုးချုပ်အချိန်ကဲ့သို့ အုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေသည်။ နယ်မြို့ကလေးတစ်မြို့၏ စစ်မှူးသမ်းဟောင်းကားဂိတ် ထောင့်တစ်နေရာ ခရီးသွားနားနေသူတွေအနီးသို့ တောင်ဝှေးတစ်ချောင်း အားပြုပြီး လျှောက်လာသည့် အားငယ်တုန်ရီစွာ ထွက်ပေါ်လာသောထိုအဘိုးအို၏အသံ။

"ဖြစ်နိုင်ရင် ... ကူညီကြပါဗျာ၊ ကျုပ်သမီးလေးအတွက် သွေးအမြန်မရရင် ... သေရတော့မှာ .. ကယ်ကြပါဦးဗျာ"

လွယ်အိတ်အိုတစ်လုံးလွယ်ထားပြီး ပုဆိုးဟောင်းကို ခေါင်းပေါင်းထားသည့်အဘိုးအိုကို မြင်ရတာနှင့် ကျေးလက်ဇနပုဒ် ရွာတစ်ရွာမှဆိုတာ မေးကြည့်နေစရာမလို။ သစ်သားညှပ်ဖိနပ်မှာ ရွှံ့အလိမ်းလိမ်း၊ မိုးကလည်း သဲသဲမဲမဲရွာနေသည့်အတွက် အဘိုးအို မိုးစိုပြီး ဆတ်ဆတ်တုန်လို့။ အဘိုးအိုအနီးသို့ ကိုယ်လုံးကိုယ်ထည်ခန့်ခန့် သန့်သန့်ပြန့်ပြန့်အဝတ်အစား ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ရောက်လာသည်။

"သွေးက ... ဘာသွေးလိုတာလဲ"

"B သွေးပါ ငါ့တူရယ် ... ဟိုမရှက်တမ်းပြောရရင် ကျုပ် .. ကျုပ်သမီးလေး သွေးလွန်နေလို့ ဆေး ဆေးရုံပေါ်မှာပါ"

သွေးလိုအပ်သူ အဘိုးအိုနှင့် လူရွယ်တို့ပြောဆိုနေတာကို နားထောင်အာရုံစိုက်နေကြသည့် ခရီးသည်များအကြည့်က ဗွီဒီယိုဇာတ်ကားတစ်ကား၏ဇာတ်ဝင်ခန်းတောင်းတစ်ခန်း ကြည့်နေသလိုမျိုး မိုးစက်သံတွေအကြား နားတစွင့်စွင့် ရှိနေသည်။

"ကျုပ်က ... B သွေးပဲ၊ ကျုပ်သွေးဖောက်ပေးမယ်"

လူရွယ်ပြောလိုက်သည့်စကားသံကြောင့် ခရီးသည်များ မျက်နှာမှာ ပြုံးရောင်သန်းသွားပြီး ထောပနာပြုကြသည်။

"ဟာ ... အဘိုးကြီး ကံကောင်းသွားပြီကွာ"

"ဟုတ်တယ် ... သူ့သမီး အသက်တစ်ချောင်းကို ကယ်မယ့်သူပဲ"

တစ်ယောက်တစ်မျိုး ချီးကျူးသံတွေ မိုးစက်သံများကို အံတုထွက်ပေါ်လာသည်။

"ဦးလေးကြီး ... ဘယ်ဟာမှ အလကားမရဘူး၊ ခင်ဗျားသမီး အသက်ရှင်ချင်ရင် .. ကျွန်တော့်ကို .. နှစ်သောင်းခွဲတော့ ပေးရမယ်"

"ဗျာ ... နှစ်သောင်းခွဲ .. ကျုပ်မှာရှိတာ အကုန်လုံးမှ တစ်သောင်းခွဲပဲရှိတော့တာ .. အဲဒါယူပါ .. ငါ့တူကြီးရယ် ... ကျေးဇူးတင်ပါတယ်"

---

ဘုန်းကြီး
ဒကာလေးကို
အရမ်းလေးစားမိပါ တယ်၊
ဦးလေးကြီးဆီက
အုံနာခမယူပါနဲ့၊
အဲဒီအတွက်
ဘုန်းဘုန်းက ငါးထောင်
ဒကာလေးကို စွန့်လိုက်မယ်၊
သူတော်ကောင်းစိတ်၊
စာနာစိတ်ရှိတဲ့ ဒကာလေး
ကျန်းမာချမ်းသာ
အသက်ရှည်ပါစေ
...



www.burmeseclassic.com

"မရဘူး ... နှစ်သောင်းခွဲပေးမယ်ဆိုရင် အခုသွားမယ်"

အဘိုးကြီး စိတ်ညစ်သွားပုံရသည်။ ခေါင်းငိုက်ကျသွားသည်။

"ဟာကွာ ... ဒီလူနှယ် ချီးမွမ်းလို့တောင် မဆုံးသေးဘူး"

"ဟုတ်ပါတော် .. ကူညီတာလားလို့ အရေးထဲ .. ဈေးကိုင် အကျပ်ကိုင်နေတယ်"

မိုးကစဲသွားသဖြင့် ဝေဖန်သံတွေက ရှင်းရှင်းကြီး ကြားနေရသည်။ ထိုအချိန်တွင် ကားဂိတ်ရှေ့သို့မြင်းလှည်းတစ်စီး ဆိုက်ရောက်လာသည်။ ရထားဆင်းခရီးသည်များဖြစ်မည်။ ဘူတာမှ ခရီးသည်ပို့ဆောင်ပေးသည့် အငှားမြင်းလှည်းပေါ်မှ လူငါးယောက်နှင့် ဘုန်းကြီးတစ်ပါး မြင်းလှည်းအောက်သို့ ဆင်းလာပြီး ကားဂိတ်အတွင်း ဝင်လာသည်။ မြင်းလှည်းမောင်းသမားက–


"ဂိတ်မှူးကြီး ... မကွေးခရီးသည်တွေဗျို့၊ လူငါးယောက်နဲ့ ဘုန်းကြီးတစ်ပါး"

"အေးအေး ... ခရီးသည်တွေ ကားထွက်ဖို့ နာရီဝက်ပဲလိုတော့တယ်၊ လက်မှတ် တစ်ခါတည်းဖြတ်ထား"

မြင်းလှည်းလေးက ကားဂိတ်အနီး မြင်းလှည်းဂိတ်တွင် သူ့လှည်းကို ထိုးထားလိုက်ပြီး ဂိတ်တွင်းဝင်လာပြီး ရေအိုးစင်မှ ရေခပ်သောက်လိုက်သည်။ အဘိုးအို၏မျက်နှာကား ပြုံးတော့မည့်မိုးလို ဖြစ်နေသည်။

"ငါ့တူကြီးရယ် ... နှစ်သောင်းခွဲတော့ မရှိတော့လို့ပါ၊ ရှိစုမဲ့စုလေးတွေ ရောင်း ... အိမ်နဲ့ဝိုင်းလေးပါ စာချုပ်ပြီးပေါင်လာတာ အကုန်လုံးမှ တစ်သိန်းပဲရတာ၊ ကားအော်ဒါငှားတာက ငါးသောင်း၊ ရွာကနေ ကားလမ်းအထိ နွားလှည်းငှားတာက ငါးထောင်၊ မြို့ပေါ်ရောက်တော့ လိုအပ်တာတွေဝယ်ရနဲ့ ဦးလေးရှိတာ တစ်သောင်းခွဲအကုန်ပါပဲ၊ ဦးလေးတို့ .. ထမင်းဝယ်စားဖို့ကို မကျန်တော့ဘူး၊ B သွေးရရင် ပြီးရောဒီတစ်သောင်းခွဲရှိတာလေး ငါ့တူကြီး အကုန်သာယူထားလိုက်ပါ"

"နှစ်သောင်းခွဲ မများပါဘူး .. မလျှော့နိုင်ဘူးဗျာ ဒါပဲ"



"

အဲဒီ
မြင်းလှည်းသမားလေး
ကတော့
သာမန်လူတွေထက်
မြင့်မြတ်တဲ့
လူထဲက
လူတစ်ယောက်ပဲ
ဒကာကြီးရဲ့

"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ပြတ်သားစွာ ပြော
ိက်သည့်စကားကြောင့် အဘိုးအို၏
က်လုံးအိမ်မှ မျက်ရည်တစ်ပေါက်
ိမ့်ကျသွားသည်။ မြင်ရသူများ စိတ်
ကောင်းကြ။ ကားဂိတ်နှင့်ကပ်လျက်ရှိ
ည့် လက်ဖက်ရည်ဆိုင်အတွင်းတွင်
စ်ပေဘ့တေးဂီတဖွင့်ထားသည့်
ာင်းဘောက်သံနှင့်အတူ စားပွဲထိုး
ငယ်လေးများက ခုန်ပေါက် မြူးတူး
နေသည်။ လောက၏ သဘာဝမြင်
ွင်းဖြစ်ရပ်တွေက တစ်ဖက်နှင့်တစ်
က် မတူကြ။ တစ်ဦးနှင့် တစ်ဦး၏
ကြောင်းတရားတို့ မတူကြ။

မြင်းလှည်းသမားအဘိုးအိုအနား
ျှောက်လာပြီး–

"ဦးလေးကြီး .. ဘာအကူအညီ
းရမလဲ၊ ကျွန်တော် ကူညီနိုင်တာဆို
ညီမယ်"

"ဦးလေးရဲ့သမီးလေး ဆေးရုံ
င်ထားရတယ်၊ အဲဒါ ... သွေးလိုနေ
့ B သွေးပါ၊ ဟိုက ... မိတ်ဆွေကြီး
 နှစ်သောင်းခွဲပေးမှရမယ်ပြောနေလို့
လေးမှာ တစ်သောင်းခွဲပဲ ရှိတော့
ယ်၊ အဲဒါ ... အကုန်ပေးပါတယ်
ဘူး"

"ဒါဆို ... ကျွန်တော်လည်း B
ွားပါ၊ ကျွန်တော် ကူညီမယ်၊ ဒါပေမဲ့
န်တော်က .. ကိုယ်ပိုင်မြင်းလှည်း
ာင်းတာမဟုတ်ဘူး၊ သူများမြင်း
ည်းကို အုံနာခ သုံးထောင်ပေးပြီး
ားမောင်းတာ၊ အိမ်မှာ အမေအို
ြီးရှိတယ်၊ အမေ့ကို လုပ်ကျွေးနေရ
ာပါ၊ အခု ... ကျွန်တော့်မှာ တစ်
ောင်ပဲ မြင်းလှည်းခရသေးတယ်၊ အုံ
ခပေးဖို့ကို နှစ်ထောင်လိုသေးတယ်၊
ဒီနေ့ ညနေ မမောင်းတော့ဘူး၊ အုံနာခ
လိုတဲ့နှစ်ထောင်သာ ပေးလိုက်ပါ၊ နှစ်
သောင်းခွဲလည်း မပေးနဲ့၊ တစ်သောင်း
ခွဲလည်း မပေးပါနဲ့ ... ကျွန်တော် ကူ
ညီပါရစေ"

ဘုန်းကြီး နားစွင့်နေရာမှ ထပြီး
မြင်းလှည်းသမားဆီကို လျှောက်သွား
သည်။

"ဒကာလေး ... ဘုန်းကြီး
ဒကာလေးကို အရမ်းလေးစားမိပါ
တယ်၊ ဦးလေးကြီးဆီက အုံနာခမယူပါ
နဲ့၊ အဲဒီအတွက် ... ဘုန်းဘုန်းက
ငါးထောင် ဒကာလေးကို စွန့်လိုက်မယ်၊
သူတော်ကောင်းစိတ်၊ စာနာစိတ်ရှိတဲ့
ဒကာလေး ကျန်းမာချမ်းသာ အသက်
ရှည်ပါစေ၊ ရော့ ... ဘုန်းဘုန်းက
ငါးထောင် စွန့်တယ်"

"အုံနာခလိုတဲ့နှစ်ထောင်ပဲ ပေးပါ
ဘုရား"

မြင်းလှည်းသမား ဝတ်ပြုရှိခိုးပြီး
ဘုန်းကြီးကို သုံးထောင်ပြန်ကပ်လိုက်
သည်။

"အိမ်း .. သာဓု သာဓု သာဓု"

မြင်းလှည်းသမား မြင်းလှည်းပေါ်
တက်လိုက်သည်။ ပြီးတော့–

"ဦးလေးကြီး ... သွားကြမယ်၊
မြင်းလှည်းပေါ်တက်"

"အေး ... အေး လာပြီ ငါ့တူ
လေးရယ် .. ကျေးဇူးကြီးလှပါတယ်"

မြင်းလှည်းလေးသည် အဖိုးအိုကို
သယ်ဆောင်၍ လေကိုခွင်းသည့်မြား
တစ်စင်းပမာ ပြေးထွက်သွားတော့
သည်။ ဘုန်းတော်ကြီးမှ အနီးနားတွင်
ရှိသည့် ဦးလေးကြီးတစ်ယောက်ကို မိန့်
ကြားနေသည်။

"အဲဒီ မြင်းလှည်းသမားလေးက
တော့ ... သာမန်လူတွေထက် မြင့်
မြတ်တဲ့ လူထဲက လူတစ်ယောက်ပဲ
ဒကာကြီးရဲ့"

"တင်ပါ့ဘုရား"

"ကဲ ... ခရီးသည်များ ကား
ထွက်ချိန်ရောက်ပြီ၊ ကားပေါ်တက် နေ
ရာယူကြပါ"

ဂိတ်မှူးအသံကြားတော့ ခရီး
သည်များအားလုံး ကားပေါ်စုပြုံတက်
လိုက်ကြသည်။ ကျွန်တော်လည်း ကား
ပေါ်သို့ ခပ်သွက်သွက် တက်လိုက်ပါ
သည်။

"ဝူး"

ကားထွက်လို့ ကားပေါ် စီးနင်း
လိုက်ပါလာရင်း ကားဂိတ်လေးအတွင်း
မှ မြင်ရ ကြားရ သိရတာတွေ စဉ်းစား
နေမိသည်။ ထိုအထဲမှ ဆရာတော်ကြီး
၏ မိန့်ဆိုသည့်စကားသံက နားထဲ၌
ပဲ့တင်ထပ်လို့။

"မြင်းလှည်းသမားလေးဟာ ..
လူထဲက လူ"

မြေလတ်မောင်(ကြာကန်)



www.burmeseclassic.com

www.burmeseclassic.com





# လူမိုး (ပညာရေး)

## နိုင်ငံတကာ ဂန္တဝင်မှုခင်းများ

ယခုရေးသားဖော်ပြမည့် ဂန္တဝင်မှုခင်းကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း ၈၀ ခန့်က ဖြစ်ပွားခဲ့သည့် မှုခင်းကြီးတစ်မှုဖြစ်ခဲ့သော်လည်း ယနေ့ထိ ဤမှုခင်းဖြစ်ပွားရခြင်း၏အကြောင်းနှင့် ထိုမှုခင်းကြီး၏ အဓိကတရားခံအား ထုတ်ဖော်နိုင်ခြင်း မရှိသေးသဖြင့် အမေရိကန်ပြည်ထောင်စုမှ မှုခင်းသုတေသီများ၊ သက်ဆိုင်ရာရဲအဖွဲ့ဝင်များ၊ စုံထောက်အဖွဲ့ဝင်များက "Un-solved" ဟု သတ်မှတ်ထားသည်ဖြစ်သော ဂန္တဝင်မှုခင်းကြီးဖြစ်ပါသည်။

ထိုစဉ်ကာလက နယူးယောက်မြို့မှ စောင်ရေအများဆုံးထုတ်ဝေပြီး ညာတတိုက်မှာအကြီးမားဆုံး သတင်းစာကြီးများဖြစ်သော Newyork Herald နယူးယောက်ဟာရယ်လ်သတင်းစာနှင့် Newyork Sun နယူးယောက်သူရိယသတင်းစာတိုက်ကြီးများက အထက်ဖော်ပြပါ လူသတ်မှုကြီး၏ တရားခံအား သတင်းပေးနိုင်သူ (သို့မဟုတ်)ဖမ်းဆီးပေးနိုင်သူအား ဒေါ်လာတစ်သောင်း(၁၈၄၂ ခုနှစ်) ဆုငွေပေးမည်ဟု ကြေညာခဲ့သည်သာမက ၎င်းသတင်းစာတိုက်ကြီးများက မိမိတို့အစီအစဉ်ဖြင့် အထူးစုံထောက်များငှားရမ်း၍ လူသတ်တရားခံအား ထုတ်ဖော်နိုင်ရန် စီစဉ်ခဲ့ကြသည်။

ထိုစဉ်ကာလက မှုခင်းသုတေသီများ၊ မှုခင်းဝတ္ထုရေးဆရာများ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံရေးလောကမှ နေ့လိုလလိုထင်ရှားသူများကလည်း ထိုလူသတ်မှုတရားခံ အလျင်အမြန်ဖမ်းဆီးရမိရေးအတွက် ဖိအားပေး၍ ပြင်းကြန်ခဲ့ကြသဖြင့် ပွဲဆူသောမှုခင်းကြီးတစ်မှုဖြစ်ခဲ့ပါသည်။

ဤမှုခင်းကြီးနှင့်ပတ်သက်၍ ဤမျှရှည်လျားစွာ စကားပလ္လင်ခံနေရခြင်းမှာ အကြောင်းရှိပါသည်။ ထိုမှုခင်းကြီး၏ ထူးခြားဖြစ်စဉ်များမှာ စာရေးဆရာကြီးများအတွက် ရေးကွက်ကောင်းဖြစ်ရကား စာရေးဆရာကြီးအများသည် ထိုမှုခင်းကိုအခြေခံ၍ မှုဟန်အသွယ်သွယ်ဖြင့် လက်ဆစ်ချိုးရေတွက်၍မရအောင် စာအုပ်များ၊ ဆောင်းပါးများ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဤမှုခင်းကြီးကို ကမ္ဘာ့နိုင်ငံအသီးသီးမှ စာဖတ်ပရိသတ်များ၊ မှုခင်းသုတေသီများစိတ်ဝင်စားအောင် လျှို့ဝှက်သိမ်မွေ့သည့်ဖြစ်ရပ်မှန်မှုခင်းအဖြစ် ရေးသားခဲ့သူမှာ အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာကျော်စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုးဖြစ်ပါသည်။ သူသည် စာရေးကောင်းသူ၊ စာရေးအားကောင်းသူ၊ စာဆိုရေးသားနိုင်သူတစ်ဦးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လျှို့ဝှက်သည်းဖိုဝတ္ထုများ၊ စာပေဝေဖန်ရေးဆောင်းပါးများ၊ ရင်သိမ့်တုန်ကဗျာရှည်ကြီးများကို ရေးသားခဲ့သည်။ သူ့ဝတ္ထုများမှာ လူသတ်မှုကြီးများကို အခြေခံသည့် ဇာတ်လမ်းများ၊ သင်္ဘောပျက်ရာတွင် ထိတ်လန့်ချောက်ချားဖွယ်ရာကြုံတွေ့ရသည့်ဖြစ်ရပ်များ၊ မကွယ်လွန်မီ မြေမြှုပ်ခံရသည့် ထူးခြားဖြစ်စဉ်များ၊ လက်စားချေသည့် ဇာတ်လမ်းများသာဖြစ်သည်။

စာပေအကဲဖြတ်သူတို့ကမူ အဂ္ဂါအယ်လင်ပိုးသည် ပထမဆုံးစုံထောက်ဝတ္ထုရေးသားခဲ့သော စာရေးဆရာတစ်ဦးဟု တစ်ညီတစ်ညွတ်တည်းအကဲဖြတ်ခဲ့ကြပါသည်။ ထိုဝတ္ထုမှာ သူ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ခေတ္တနေထိုင်စဉ် အမှန်တကယ်ဖြစ်ပွားခဲ့သော လူသတ်မှုကိုအခြေခံ၍ "Murder in the Rue-Morgue" (ပါရီမြို့၊ မော့လမ်းမှ လူသတ်မှု) အမည်ဖြင့် ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲ ရောင်းချရသော ပထမဆုံးစုံထောက်ဝတ္ထုဖြစ်ပါသည်။ (ယင်းဝတ္ထုကို ကွယ်လွန်သူ စာရေးဆရာကြီး မိုးဝေက 'မော့လမ်းမှလူသတ်မှု'အမည်ဖြင့် တိုက်ရိုက် လုံးစေ့ပတ်စေ့ မြန်မာဘာသာပြန်ဆို၍ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ထုတ်ဝေသော မဂ္ဂဇင်းကြီးတစ်စောင်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။) ယင်းဝတ္ထုတွင် စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုးသည် အလွတ်စုံထောက်ကြီး ဒူပင်ကို ပထမဆုံး ပွဲထုတ်ခဲ့သည်။ စာပေအကဲဖြတ်သူအများကမူ နှောင်းခေတ်နာမည်ကျော် အလွတ်စုံထောက်ဇာတ်ဆောင်များဖြစ်သော စုံထောက်ကြီးရှားလော့ဟုမ်းနှင့် ဒေါက်တာသွန်းဒိုက်(ဒေါက်တာသော့တိုက်)တို့သည် အဂ္ဂါအယ်လင်ပိုး၏ အလွတ်စုံထောက်ဒူပင်ကို မှီငြမ်းပြု၍ ရေးခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ နှောင်းခေတ်စုံထောက်စာပေနှင့် မှုခင်းစာပေတို့သည် အဂ္ဂါအယ်လင်ပိုး၏ ဝတ္ထုများမှ မြစ်ဖျားခံရခြင်းဖြစ်သည်ဟုလည်း ဝေဖန်ခဲ့ကြ၏။

ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်အဖို့ စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုးနှင့် မိတ်ဖွဲ့ပေးရန်မလိုဟု ယူဆမိပါသည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ပါရီမြို့၊ မော့လမ်းလူသတ်မှုဝတ္ထုအပြင် သူ၏ အခြားဝတ္ထုတိုများကိုလည်း မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။ (ဘာသာပြန်ဆိုခဲ့သော စာရေးဆရာကြီးများ၏ကလောင်အမည်ကို ကောင်းစွာမမှတ်မိတော့)ပိုး၏ သည်းထိတ်ရင်ဖိုဝတ္ထုအား အခြေခံရိုက်ကူးသော The House of Usher ရုပ်ရှင်ကားကြီးနှင့် The Pit and the Pendulum ရုပ်ရှင်ကားကြီးများကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရုံတင်ပြသခဲ့ပြီးဖြစ်ပါသည်။ သူ့ကဗျာအချို့အား ရန်ကုန်တက္ကသိုလ် ဥပစာတန်း(ပထမနှစ်) ကျောင်းသုံးကဗျာစာအုပ်တွင် ပါဝင်ခဲ့ပါသည်။ မှန်ပါသည်။ အဂ္ဂါအယ်လင်ပိုးသည် ကမ္ဘာ့ဂန္ထဝင်စာပေလောကတွင် မှတ်တိုင်တစ်တိုင်အဖြစ် ရပ်တည်ခဲ့သော လျှမ်းလျှမ်းတောက်ကျော်ကြားသည့် စာရေးဆရာကြီးဖြစ်ပါသည်။

၁၈၄၂ ခုနှစ်၊ နွေဦးရာသီတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ စောင်ရေအများဆုံးထုတ်ဝေရသော နယူးယောက်ဟယ်ရယ်သတင်းစာနှင့် နယူးယောက် ထရီဗြွန်း Tribune သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် နေ့စဉ်ရက်ဆက်ဖော်ပြခဲ့သော နယူးယောက်မြို့မှ နာမည်ကျော် ဘရော့ဝေးလမ်း၊ အမှတ် ၃၂၂ တွင် ဖွင့်ထားသော မစ္စတာဂျွန်အင်ဒါဆင်ပိုင်ဆိုင်သော ဆေးလိပ်အရောင်းဆိုင်မှ ဈေးရောင်းအကူ မေရီရော်ဂျားပျောက်ဆုံးမှုကို အဂ္ဂါအယ်လင်ပိုးသည် ဖတ်ရှုခဲ့ရသည်။ နေ့စဉ်ဖတ်ရှုခဲ့သည်သာမက အချင်းဖြစ်ပွားသည့်နေရာ ဆေးလိပ်အရောင်းဆိုင်ပိုင်ရှင် ဂျွန်အန်ဒါဆင်နှင့် ၎င်းဆိုင်မှ အမှုထမ်းများ၊ မေရီရော်ဂျားနှင့် ခင်မင်ရင်းနှီးသူများတို့ကို သွားရောက်တွေ့ဆုံ၍ အသေးစိတ်စုံစမ်းလေ့လာခြင်းများ ပြုခဲ့သည်သာမက အထက်ဖော်ပြပါ မေရီရော်ဂျားပျောက်ဆုံးမှုအကြောင်း အသေးစိတ်ရေးသားဖော်ပြခဲ့သော နယူးဟယ်ရယ်သတင်းစာနှင့် နယူးယော့ ထရီဗြွန်းသတင်းစာကြီးများမှ မှုခင်းသတင်းထောက်များ၊ ထိုအမှုအား တာဝန်ယူစစ်ဆေးသည့် ရဲအရာရှိများနှင့် ထိုအမှုအား စုံစမ်းထောက်လှမ်းခဲ့သော အလွတ်စုံထောက်အဖွဲ့များမှ အလွတ်စုံထောက်များနှင့်တွေ့ဆုံမေးမြန်းခြင်းများလည်း ပြုလုပ်ခဲ့သည်။

အဂ္ဂါအယ်လင်ပိုးသည် ပျောက်ဆုံးသွားသူ မေရီရော်ဂျား၏ဇာတိနယ်မြေမှ သူ့ဆွေမျိုးသားချင်းများကိုလည်း အသေးစိတ် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး The Mystery of Marie Roger "မေရီရော်ဂျာ၏ သည်းထိတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖို” ဟူသော သည်းထိတ်ရင်ဖို ဝတ္ထုတစ်ပုဒ်ကို ရေးသားထုတ်ဝေခဲ့ရာ သေသာက်သောက်လဲရောင်းရသည့် စာအုပ်ဖြစ်ခဲ့ပြီး တစ်နှစ်အတွင်းအကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသည့်စာအုပ် ဖြစ်သည်။ ဖြစ်ရပ်မှန်မှုခင်းများအား ယခင်ကဝတ္ထုအဖြစ် စာရေးဆရာအချို့က ရေးသားထုတ်ဝေခဲ့ကြသော်လည်း အဂ္ဂါအယ်လင်ပိုး၏ မေရီရော်ဂျား၏ သည်းထိတ်ရင်ဖိုဝတ္ထုကဲ့သို့ အောင်မြင်ပေါက်ရောက်မှုမရရှိခဲ့။ အဂ္ဂါအယ်လင်ပိုး၏ ဝတ္ထုရေးနည်းအတတ်ပညာကြောင့် မှုခင်းဖြစ်ရပ်မှန်ဝတ္ထုသမိုင်းတွင် ယင်းဝတ္ထုမှာ မှတ်တိုင်ထူနိုင်ခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု စာပေအကဲဖြတ်သူများက တစ်ညီတစ်ညွတ်တည်းဆိုကြပါသည်။ အချို့စာပေဝေဖန်ရေးသမားများကမူ “မေရီရော်ဂျာ၏ သည်းထိတ်ရင်ဖို” ဟူသော ဝတ္ထုသည် ပထမဆုံးဖြစ်ရပ်မှန်မှုခင်းဖြစ်သည်ဟု ဆိုကြသည်။ ဤမှုခင်းကြီး၏ ဖြစ်စဉ်ကား အောက်ပါအတိုင်းဖြစ်ပါသည်။

တစ်ဆယ့်ကိုးရာစု ဒုတိယပိုင်းကာလတွင် အမေရိကန်ပြည်ထောင်စုသည် ထူးထူးခြားခြားဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ မိခင် အင်္ဂလန်နိုင်ငံမှ ခွဲထွက်လာခဲ့ပြီး သီးခြားပြည်ထောင်စုအဖြစ် ရပ်တည်လာခဲ့သောအခါ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်အသီးသီးမှ လူမျိုးစုများသည် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့၍ အလုပ်အကိုင် လုပ်ကိုင်လာခဲ့ကြသည်။ သယံဇာတပေါကြွယ်ဝသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်ရကား နိုင်ငံတကာမှ အလုပ်လုပ်ရန် လာရောက်ကြသူများအဖို့ အကွက်အကွင်းကောင်းတစ်ခုဖြစ်လာသည်။ မျက်စိတစ်ဆုံးကျယ်ပြန့်သော သစ်တောများ၊ ယာတောများ၊ လယ်ကွင်းများမှာလည်း အလုပ်သမားအမြောက်အမြားလိုအပ်နေတော့၏။ ရွှေအပါအဝင် ဓာတ်သတ္တုများထွက်ရှိခြင်းကြောင့် မြို့ရွာအများမှာ ချေခြင်းညခြင်း တိုးတက်လာသည်။ စက်မှုဖုန်များလည်း မှိုလိုပေါက်လာသည်။ ယခင်က လူဦးရေသုံးလေးသောင်းသာရှိခဲ့သော နယူးယောက်မြို့သည် ၁၈၄၀ ခုနှစ်၊ ဝန်းကျင်ခန့်တွင် လူဦးရေ ၄၀၀၀၀၀ ရှိသော မြို့ကြီးတစ်မြို့ဖြစ်လာခဲ့သည်။ ဈေးများ၊ စတိုးဆိုင်ကြီးများ၊ ဟိုတယ်ကြီးများ အလျှိုလျှိုပေါ်လာခဲ့သည်။ နယူးယောက်မြို့ကြီးတွင် ဘရော့(ဒ်)ဝေးလမ်းမကြီးကား လူအစည်ကားဆုံးလမ်းမကြီးဖြစ်၏။ မှတ်တမ်းများအရ ထိုစဉ် ကာလက ဆေးလိပ်အရောင်းဆိုင်ကြီးများသည် ဆေးလိပ်အမျိုးမျိုး၊ ဆေးတံသောက်ဆေးအမျိုးမျိုး၊ ကျူးဗားကျွန်းအပါအဝင် နိုင်ငံတကာမှတင်သွင်းသော ဆေးပြင်းလိပ်များနှင့် အခြား အိမ်သုံးကုန်များကိုပါ ရောင်းချကြသည်။

သို့ဖြစ်၍ ဘရော့(ဒ်)ဝေးလမ်းမကြီး အမှတ် ၃၂၁ ရှိ ဂျွန်အင်ဒါဆင်၏ ဆေးလိပ်အရောင်းဆိုင်ကြီး (Ciger Store) မှာ အတော်အသင့်ကြီးမားသော နှစ်ထပ်တိုက်ကြီးတစ်ဆောင်တွင် ဖွင့်ထားခြင်းဖြစ်ပြီး နာမည်ကျော်ကြားလူသိများလှသည်။ စိတ်အချရဆုံး အကောင်းဆုံး အတုအပကင်းသော

ဆေးလိပ်၊ စီးကရက်၊ ဆေးပြင်းလိ
များကို တင်သွင်းရောင်းချသော ဆို
ကြီးဟု လူသိများသည်။

ဤ ဂျွန်အင်ဒါဆင်၏ အရော
ဆိုင်ရှိ ဈေးရောင်းအကူအမျိုးသမီးမ
တွင် အသက် ၁၉ နှစ်အရွယ် မေ
ရောဂျားမှာ ရုပ်ရည်လှပကျော့ရှင်း
အဖြစ် နာမည်ကြီးခဲ့သည်။ လူငေ
အများအပြား စိတ်ဝင်စားခြင်းခံရ
တစ်ဦးဖြစ်၏။ မေရီရောဂျား၏ ဆက်
ရေးကောင်းမှုနှင့် လှပကျော့ရှင်း
ကြောင့် သက်ကြီးရွယ်အိုအဘိုးကြီးမျ
ကလည်း စိတ်ဝင်စားကြသည်ဖြစ်
မေရီရောဂျားမှာ ဂျွန်အင်ဒါဆင်
ဆေးလိပ်စတိုးဆိုင်မှ သာမန်ရေ
အရောင်းကူကလေးသာဖြစ်သော်လည
သတင်းကြီးသည့် မင်းသမီးဖြစ်လ
သည်။ လူငယ်လူရွယ်လူလတ်မျ
ပျားပန်းခပ်မျှ လာရောက်လေ့ရှိသည
ဂျွန်အင်ဒါဆင် ဆေးလိပ်အရောင်းဆို
မှာ ဆေးလိပ်များသာမက ကုန်ပစ္စည
များ အများဆုံး အရောင်းရအသွ
ဆုံးဟု လူသိများခဲ့၏။

မေရီရောဂျား၏ ဖခင်ဖြစ်သူ
အဏ္ဏဝါပျော်သင်္ဘောသားတစ်ဦးဖြစ်
မေရီရောဂျား လူမမယ်ဘဝကပ
မိသားစုအား စွန့်ပစ်သွားခဲ့သည်။ မေ
ရောဂျား၏ မိခင်ဖြစ်သူမှာ စိတ်ဓာ
ကြံ့ခိုင်သူ အရည်အချင်းရှိသူတစ်ဦးဖြ
ရကား စုဆောင်းထားခဲ့သော ငွေ
နယူးယောက်မြို့ နာဆူးလမ်းတွ
အမျိုးသားများ၊ အမျိုးသမီးများအ
အိပ်ဆောင်ထား၍ အသက်မွေးခဲ
သည်။ ဤတွင် မေရီရောဂျားသည
(Boarding House) အိပ်ဆောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ှင်ငှားရမ်းနေထိုင်သော အယ်နီရယ် နီးဆိုသူလူငယ်တစ်ဦးနှင့် ချစ်ကြို ယ်ခဲ့ကြသည်ဟု သတင်းများထွက် ာပြီး မေရီရောဂျားနှင့် ဒယ်နီရယ် ို့သည် သင့်တော်သောနေ့တွင် လက် ပ်ထိမ်းမြားရန် စေ့စပ်ကြောင်းလမ်း ားခဲ့၏။

မေရီရောဂျား၏မိခင်ဖွင့်ထားသော ပ်ဆောင်ရှိသည့် နာဆူးလမ်းမှာ ယူးယောက်မြို့မှ ထုတ်ဝေသော သတင်းစာတိုက်ကြီးများတည်ရှိသော မ်းတစ်လမ်းဖြစ်ရကား သတင်း ထာက်များ၊ အယ်ဒီတာအဖွဲ့ဝင်များ၊ သတင်းစာတိုက်မှ ပုံနှိပ်အလုပ်သမား များနှင့် စာနယ်ဇင်းသမားများ၊ သတင်းစာလက်ပွေ့ရောင်းသမားများ ာပါ မေရီရောဂျားနှင့် သူ့မိခင်တို့အား င်မင်ရင်းနှီးကြသည်။

၁၈၄၂ ခု၊ ဇူလိုင်လ၊ ၂၅ ရက်နေ့ နက်စောစောတွင်မူ မဆင်ဘဲနှင့်ရွာ ာသောမိုးသည် မစဲဘဲ တသဲသဲ ရွာ လာသည်။ နံနက် ၁၀ နာရီထိုးသည် ထိ တစိမ့်စိမ့်ရွာချလာခဲ့သည်။ ထို နေ့သည် တနင်္ဂနွေနေ့လည်းဖြစ်၊ မိုး သည်း တစိမ့်စိမ့်ရွာနေသောကြောင့် ယူးယောက်မြို့ လမ်းမကြီးများပေါ် ွင် လူသွားလူလာများရှင်းလျက်ရှိပြီး စ်ခါတစ်ရံသာ မြင်းလှည်းတစ်စီး လေဖြတ်မောင်းသွားသည့်အသံကို ကြားရသည်။

ထိုနေ့ ၁၀ နာရီခန့်တွင် မေရီ ရာဂျားသည် သူနှင့်လက်ထပ်ထိမ်း ား‌ရန် စေ့စပ်ထားသော ဒယ်နီရယ် ား လာရောက်တွေ့ဆုံပြီး သူ့အဒေါ် င့် အရေးကြီးသောကိစ္စတစ်ခု တိုင်ပင်ရန်ရှိသဖြင့် သူ့အဒေါ်ထံသွားမည် ဖြစ်ရာ ညနေ ၆ နာရီအချိန် အဝေး ပြေးမြင်းလှည်းဂိတ်သို့ လာရောက်ကြို ဆိုရန် မှာကြားခဲ့သည်။ (ထိုစဉ်ကာလ က မော်တော်ကားတီထွင်နိုင်ခြင်းမရှိ သေး)ထိုနေ့ နံနက် ၁၀ နာရီအချိန်က ပင် မေရီရောဂျားသည် ပျောက်ချင်း မလှ ပျောက်သွားခဲ့တော့၏။

ထိုနေ့ညနေတွင် ဒယ်နီရယ်သည် မေရီရောဂျားချိန်းဆိုထားသည့်အတိုင်း နယူးယောက်မြို့ အဝေးပြေးမြင်းရထား ဂိတ်သို့ သွားရောက်ကြိုဆိုခဲ့သော်လည်း မေရီရောဂျားမှာ ပြန်မလာ။ ဤကမ္ဘာ မြေပြင်မှ ထူးထူးဆန်းဆန်းပျောက်ဆုံး သွားခဲ့သည်။ သူ ပြန်လာနိုးနှင့် မျှော် လင့်ထားသော်လည်း တနင်္လာနေ့ည နေအထိ ပြန်လာခြင်းမရှိသဖြင့် မေရီ ရောဂျား၏ မိခင်နှင့် ဒယ်နီရယ်တို့ သည် သက်ဆိုင်ရာရဲစခန်းတွင် မေရီ ရောဂျားပျောက်ဆုံးသွားကြောင်း သတင်းပေးတိုင်ကြားခဲ့သည်။ ထိုစဉ် ကာလက နယူးယောက်မြို့တွင် လူ ပျောက်မှု၊ ပြန်ပေးဆွဲမှု၊ လုယက်မှု၊ လူသတ်မှု၊ ဖောက်ထွင်းမှု စသောမှုခင်း များမှာ တစ်နေ့တစ်ခြား ဒီရေအလား များလာခဲ့ရကား ရဲအဖွဲ့အဖို့ မေရီရော ဂျားပျောက်ဆုံးမှုမှာ မှတ်တမ်းတင်ထား ခဲ့ရုံသာ ရှိခဲ့သည်။ သို့သော် ဇူလိုင်လ ၂၉ ရက်၊ ကြာသပတေးနေ့ နံနက် စောစောတွင်မူ ပျောက်ဆုံးသွားသော မေရီရောဂျားအလောင်းအား နယူး ယောက်မြို့၊ ဟက်ဆန်မြစ်အတွင်း ရေ လုပ်သားများက တွေ့ရှိကြရတော့ သည်။ ဤတွင် မေရီရောဂျား၏ သတင်းသည် နယူးယောက်မြို့မှထုတ် ဝေသော သတင်းစာကြီးများ အားလုံး ၏ မျက်နှာဖုံးသတင်းဖြစ်လာခဲ့သည်။

ရဲနှင့်စုံထောက်တို့ကလည်း ပိုက် စိပ်တိုက်စုံစမ်းစစ်ဆေးခြင်းများပြုခဲ့ ၏။ ထိုစဉ်က နယူးယောက်ရဲအဖွဲ့ မှုခင်းဆေးပညာပါရဂူ၏ စစ်ဆေးချက် အရ မေရီရောဂျားမှာ မတော်မတရား ပြုပြီးမှ သတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။ မေရီရောဂျားအသတ်ခံရမှု မှာ နယူးယောက်မြို့သူမြို့သားများ အဖို့ချောက်ချားဖွယ်ရာ စိတ်ဝင်စား ဖွယ်ရာဖြစ်ရကား မေရီရောဂျား၏ အလောင်းထားသည့် ရေခဲတိုက်နှင့် မေရီရောဂျား၏အလောင်းတွေ့ရသော ဆိပ်ကမ်းတို့မှာ လူများစုဝေးရာဖြစ်ခဲ့ ရသည်။

သတင်းစာတိုက်ကြီးများမှ မိမိ တို့ အစီအစဉ်ဖြင့် ငှားရမ်းထားသော အလွတ်စုံထောက်များ၊ နယူးယောက် အဖွဲ့မှ ရဲများနှင့် စုံထောက်များအဖို့ ပိုက်စိပ်တိုက်စုံစမ်းခဲ့သော်လည်း တရားခံအား ခြေရာခံမရ။ ယနေ့ထိ ဖြေရှင်းနိုင်ခြင်းမရှိသေးသော ပဟေဠိ တစ်ပုဒ်ဖြစ်ခဲ့ရသည်ဟု ဆိုကြပါ ကြောင်း။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

<u>*Prefect Victims*</u>



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"ကိုကမ်းနော်ရေ ... ညတုန်း
ကောက်ညှင်းအရက်ကလည်း
င်း၊ မျောက်ချေးခါးဟင်းကလည်း
ရတာကြာလို့ ကောင်း၊ နောက်
ါ .. ခင်ဗျားလန့်ဖျား ဖျားသွားရ
ကြောင်းကလေးကလည်း စိတ်ဝင်
ကောင်းဆိုတော့ မိုးလင်းတာ
င် ... ကောက်ညှင်းအရက်တန်
ကြောင့် ထတောင် မထချင်ဇတော့ပါ
ာ"

မိုးလင်းတော့ စောဂျိမ်းက ကို
နော်ကို တောင်းပန်လိုက်သည်။
မ်းနော်က အိမ်ရှေ့တွင် စောင်ခြုံ
သားနှင့် ငုတ်တုတ်ထိုင်ကာ–

"ဟား ... ဟား .. ဟား အိပ်
ခင်ဗျားကို ဘယ်သူကမှ ဒုက္ခ
ပါဘူး၊ ကိုယ့်အိမ်လို သဘောထား
ါ"

စောဂျိမ်း အိပ်ရာက လူးလဲထ
ချိန်တွင် ကိုယ်လုံးတီး လုံချည်
နှင့် လူတစ်ယောက်အပြေးရောက်
သည်။ စကားသံကဝဲဝဲဖြင့်–

"ကိုကမ်းနော် ... ကိုကမ်းနော်"

"ဟေ ... ဘာလဲကွ"

"ညက ပါသွားပြန်ပြီ"

"ဟေ ... ဘာတွေပါသွားတာ တုန်း"

"ကျုပ်အိမ်က ဆိတ်တစ်ကောင် ပါသွားပြန်ပြီ"

"ညက ... ဘာသံမှတောင် မကြားလိုက်ပါလား"

"ဟုတ်တယ် ... မီးထွန်းပြီး မသက်ာလို့ ထကြည့်လိုက်တော့မှ အဝါနဲ့ အနက်စင်းအကောင်ကြီး ဆွဲသွားတာ တွေ့လိုက်ရလို့ပါ"

"ခြံစည်းရိုးကို ကျော်ဝင်လာတာ ပေါ့"

"အေး"

"အေး ... အေး ဟုတ်ပြီ၊ ဒီကောင်ကြီးကို တို့ရှင်းပေးပါ့မယ်၊ ဒီမှာလည်း မုဆိုးတွေ ရောက်နေပါတယ်"

"အားကိုးပါတယ် ဆရာကြီးတို့ရယ်၊ ကျွန်တော့်ခြံထဲက ဆိတ်လေးကောင်တောင် ရှိသွားပြီ၊ ရွာသားတွေလည်း အတော်ကြောက်နေကြတယ်၊ ညမှောင်ရင် ... အောက်ကိုတောင် မဆင်းကြတော့ဘူး"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ နည်းနည်းတော့ သည်းခံကြပါကွာ၊ ငါကလည်း သိပ်နေကောင်းတာ မဟုတ်ဘူး၊ ဒီက ... ငါ့မိတ်ဆွေတွေက ကူညီကြပါလိမ့်မယ်၊ ကဲ ... ကဲ ပြန်ပေတော့"

ကိုကမ်းနော်က စောဂျိမ်းတို့ကို ကြည့်လိုက်သည်။ စောဂျိမ်းတို့က ထိုအကြည့်ကို သဘောပေါက်လိုက်သည်။

"စိတ်ချ ... ကိုကမ်းနော်၊ ခင်ဗျား အေးအေးဆေးဆေး အနားယူပါ၊ ဒီကိစ္စကို ကျုပ်တို့ ရှင်းပေးမယ်၊ မပူနဲ့၊ လောလောဆယ် စောစောက လာတဲ့လူရဲ့ ဆိတ်ခြံအခြေအနေကို သွားကြည့်ချင်တယ်"

"သွားကြည့်လေ ... ရွာလမ်းအတိုင်း တည့်တည့်လျှောက်သွား၊ ရွာဆုံးရင် တွေ့တဲ့အိမ်ပဲ၊ ဆိတ်တွေ .. မွေးတယ်"

"ဒါဆိုရင် ... ကျော်စိုးရော တင်ဝင်းရော .. လိုတာတွေပြင်ဆင်ထား၊ ဆိတ်ခြံအခြေအနေကြည့်ပြီး ခြေရာခံမိရင် ... နောက်ကလိုက်ကြရအောင်"

သိပ်မရှာလိုက်ရ။ ရွာလမ်းမကြီးဆုံးသည်နှင့် ဆိတ်အော်သံများနှင့် ဆူညံနေသော အိမ်ကို ရောက်သည်။ ကိုကမ်းနော်၏အိမ်ကို လာသွားသောလူက ထွက်လာသည်။

"ညက ... ကျွန်တော်တွေ့လိုက်တာ ဒီနားမှာပါ"

ဆိတ်ခြံထောင့်တစ်နေရာကို စောဂျိမ်းတို့အား ပြသည်။ မြက်ခြောက်များအကြား သဲမြေပွပွပေါ်တွင် ထင်ထင်ရှားရှား ခြေရာများကို တွေ့လိုက်ရသည်။ ရှေ့ပိုင်း အဖုကလေး လေးခွက်နှင့် နောက်ပိုင်း အခွက်ကြီးတစ်ခွက်ပါသော ဟင်းမျိုးကြီး ခြေရာများ။ စောဂျိမ်းက ခြေရာများကို ကုန်းပြီးကြည့်နေရင်း ကျော်စိုးနှင့် တင်ဝင်းကို တစ်နေရာမှာ လက်ညှိုးထိုးပြလိုက်သည်။

"ဟော့ကောင်တွေ ... ဒီခြေရာကို ကြည့်စမ်း၊ နည်းနည်းထူးတယ်ကွ"

ကျော်စိုးက–

"ဟုတ်တယ် ... စောဂျိမ်း၊ အဲဒီတစ်နေရာတည်းမဟုတ်ဘူး၊ ဒီခြေရာတွေကလည်း အဲဒီလိုပဲ၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အထင်တော့ ခြေထောက်တစ်ချောင်း ဒဏ်ရာရထားတယ်၊ ခြေချောင်းလေး တစ်ချောင်းလည်း ပြတ်နေပုံရတယ်''

''သိပ်သေချာတာပေါ့ကွာ၊ အဲဒီ တော့ ..''

''မြန်မြန် မပြေးနိုင်ဘူး စော ဂျိမ်း၊ ခြေရာခံလိုက်ရင် မီနိုင်တယ်''

''အေး ... ဒါဆို .. လိုက်ကြရ အောင်၊ လမ်းကြောင်းကတော့ ဒီ အောက်ကို ပြနေတယ်''

တဲပေါ်က ဆိတ်ပိုင်ရှင်က အ ပြေးကလေးဆင်းလာကာ–

''ရှေ့ .. ရှေ့ ဆရာတို့ လမ်းမှာ ရိက္ခာအတွက် ယူသွားပါ၊ အန္တရာယ် ကောင်ကြီးအတွက် ကိစ္စတုံးပြီးရင် နောက်ထပ် ပြုစုပါဦးမယ်''

ဆိတ်သားများကို အမြောင်း လိုက်ခွဲကာ လှမ်းထားသော ဆိတ်သား ခြောက်များ ဖြစ်သည်။

''ကောင်းတယ်ဗျာ ... ရိက္ခာ တော့ရပြီ၊ ကျုပ်တို့လည်း ကမန်းက တန်း ထွက်လာရတော့ ရိက္ခာမပြည့်စုံ ဘူး၊ အခုတော့ ... အဆင်ပြေသွားပြီ၊ ကဲ ... ကဲ သွားလိုက်ဦးမယ်''

ခြေရာများနှင့် ဆိတ်ကို ဒရွတ် တိုက်ဆွဲသွားသော စွတ်ကြောင်းကြီးက ရွာ၏မြောက်ဘက်ကို ပြနေသည်။ ရွာ မြောက်ဘက် ကိုက်(၁၀၀)လောက် ဆင်းသွားသည်နှင့် မြေကြောက တ ဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ဆတ် ချိုနွယ်၊ ကြေးနွယ်၊ ပတ်နွယ်ချုံများ အကြားမှ ဆိတ်ကိုဆွဲသွားသောကြောင့် လမ်းတစ်လျှောက် ဆိတ်မွေးများ၊ အ သားစများက ချုံများတွင်ကပ်ကာ ကျန်နေသည်ကို တွေ့နေရသည်။ ည ကတည်းက ဆိတ်ကို ဆွဲသွားသော ကြောင့် သွေးစ၊ အသားစများက ခြောက်နေသည်။ စောဂျိမ်းက–

''ဒီကောင်ကြီးက ... ခြေတစ် ဖက်သာ မကောင်းတာ၊ ခြေကတော့ ရှည်တုန်းကွ၊ ဘယ်အထိတောင် လိုက် ရဦးမယ် မသိဘူး၊ နေတောင် တော် တော်မြင့်နေပြီ''

ဆင်ခြေလျှောအတိုင်း ကိုက် (၂၀၀)လောက်ဆင်းသွားပြီး မြေကြော က ပြန်ညီသွားကာ ကြိမ်တောကြီး တစ်ခုကို တွေ့လိုက်ကြရသည်။ စော ဂျိမ်းက ခြေရာကောက်ကာ လမ်းရှာနေ

ချိန်တွင် ကျော်စိုးနှင့်တင်ဝင်းက ဓ[illegible] လိုက်ခားမြှောင်များဖြင့် ကြိမ်ဖူးမျာ[illegible] ခုတ်ကာ နွယ်ကြိုးများဖြင့် စည်း၍ [illegible] လာကြသည်။ ကြိမ်တော အလ[illegible] လောက်အရောက်တွင် ရှေ့ကသွား[illegible] သော စောဂျိမ်းက တုံ့ခနဲ ရပ်လို[illegible] သည်။ နောက်ကလိုက်လာသော[illegible] ကျော်စိုးနှင့်တင်ဝင်းပါ စောဂျိမ်းနော[illegible] တွင် ရပ်လိုက်ကြသည်။

ရှေ့ကိုက်(၃၀)အကွာလောက်[illegible] ကြိမ်ပင်များအောက်တွင် အနားယူ[illegible] သော ဒရယ်ဖိုမနှစ်ကောင်။ စောဂျိ[illegible] တို့ဘက်ကို လုံးဝလှည့်မကြည့်ဘဲ အ[illegible] အေးဆေးဆေး လှဲနေကြသည်။ စေ[illegible] ဂျိမ်းက လေသံတိုးတိုးဖြင့်–

''ဆော်ချင်တာတော့ လက်[illegible] ယားနေတာပဲ၊ တစ်မနက်လုံး ဟင်း[illegible] ကောင်တစ်ကောင်မှတောင် မတွေ့ဘ[illegible] တွေ့တော့လည်း ... ဟင်း''

''အေးဗျာ ... နှစ်ကောင်စလ[illegible] ဝဖီးနေတာပဲ၊ ဟင်းမျိုးကြီးကိစ္စက အ[illegible] ကဆိုတော့ လက်လျှော့လိုက်ပါ စေ[illegible] ဂျိမ်းရာ''

ဟင်းမျိုးကြီးနောက်ကို လိုက်[illegible] သဲလွန်စများက ဒရယ်နှစ်ကောင်န[illegible] ဆန့်ကျင်ဘက်ဖြစ်၍ စောဂျိမ်းတို့အ[illegible] အေးဆေးစွာနှင့် ချီတက်လာကြသည်[illegible] ကြိမ်တောကို ဖြတ်ထွက်လာကြပြီး [illegible] မရှိသော သဲချောင်းကလေးတစ်ခု[illegible] ရောက်လာကြသည်။ သဲချောင်း[illegible] ဖြတ်ထွက်သွားသော ဟင်းမျိုးကြီး[illegible] ခြေရာနှင့် စွတ်ကြောင်းကြီးက ထ[illegible] ထင်ရှားရှားကြီး။ တင်ဝင်းက–

''စောဂျိမ်း ... [illegible]တော[illegible] ခေါင်းပေါ်တည့်တည့် ရောက်နေပြ[illegible]

**ငရုတ်သီးစိမ်းကို ထုထောင်းပြီး မှုင်ငါးပိနဲ့ရောနယ်၊**
**ပြီးရင် ငပိလုံးကလေးတွေကို ခြယားရွက်နဲ့ထုပ်ပြီး မီးပုတ်လိုက်ရင်**
**မွှေးကြိုင်နေတဲ့ ဟင်းတစ်မယ်ရတာပေါ့ဗျာ၊**
**ထမင်းပူပူလေးနဲ့ဆိုတော့ ပိုလိုက်တာပေါ့**

...



www.burmeseclassic.com

www.burmeseclassic.com





တစ်မနက်လုံးလည်း ဘာမှမစားရသေးဘူး၊ ခဏနားပြီး ... ဗိုက်ဖြည့်ရအောင်ဗျာ''

''အေး ... ဟုတ်တယ်၊ ငါလည်း ဆာနေပြီ၊ ဒီ သဲချောင်းမှာပဲ ခဏနားကြရအောင်ကွာ''

ခပ်လှမ်းလှမ်းတွင် သုံးပြီးသား မီးဖိုဟောင်းတစ်ခုကို တွေ့ကြ၍ ကျော်စိုးနှင့် တင်ဝင်းက စစ်သုံးထမင်းချိုင့်တွင် ဆန်ထည့်ကာ ရေဘူးများမှ ရေကိုထည့်၍ ထမင်းချက်သည်။ ထမင်းချက်နေရင်း ဆိတ်သားခြောက်များကို ဖုတ်သည်။

စောဂျိမ်းက သဲချောင်းနံဘေးတွင်ပေါက်နေသော မြူရွက်များကိုခူးကာ သုပ်သည်။ နာရီဝက်အတွင်း ဆိတ်သားခြောက်ဖုတ်၊ မြူရွက်သုပ်နှင့် ထမင်းဝိုင်းကြီး ဖြစ်သွားသည်။ ကျော်စိုးက စစ်သုံးရေဘူးကလေးနှင့် ထည့်လာကာ ရမ်အရက်များကို ငှဲ့လိုက်သည်။ ထမင်းဝိုင်းက ပိုမြိုင်သွားသည်။

ကျော်စိုးက အရက်တစ်ခွက်ကို မော့ ဆိတ်သားခြောက်ဖုတ်ကို ဝါးရင်း တစ်စုံတစ်ခုကို သတိရကာ ထသွား၍ မီးဖိုနားတွင် အလုပ်ရှုပ်နေပြန်သည်။ ခဏကြာတော့ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် မီးဖုတ်ထားသော ငပိဖုတ်နံ့သင်းနေသည့်စားစရာ။ စောဂျိမ်းက နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ရင်း–

''ဘာလဲကွ .. မွှေးလှချည်လား''

''ထမင်းပူပူကလေးနဲ့ စားကြည့်စမ်းပါ''

စောဂျိမ်းရော တင်ဝင်းပါ ကျော်စိုးဆီကယူ၍ ထမင်းပူပူနှင့် နယ်ကာ စားကြည့်ကြသည်။ ထို့နောက် ဆိတ်သားခြောက်ဖုတ်ကိုဝါးကာ တစ်ခွက်ပြီး တစ်ခွက်။

''စောဂျိမ်း ဘယ့်နှယ့်လဲ''

''ဟာ ... ကောင်းကွာ၊ အသားဟင်းတွေထက်တောင် ခံတွင်းတွေ့သေးတယ်၊ ငပိနံ့ရော .. နောက် .. အနံ့တစ်မျိုးရော''

''မနက်က ... ရွာထဲက ဖြတ်လာရင်း ငရုတ်သီးစိမ်းတွေ တွေ့လို့ ခူးလာတာ စောဂျိမ်းရ၊ ငပိကတော့ အရင်ကတည်းက တောလိုက်ထွက်ရင် အနံ့မထွက်အောင် ဖန်ပုလင်းနဲ့အလုံပိတ်ပြီး ယူနေကြလေ၊ အခု .. ဒီနားမှာ ခြယားပင်တွေ့တာနဲ့ အတော်ပဲ ဟင်းတစ်ခွက်တော့ ရပြီဆိုပြီး လုပ်လိုက်တာ၊ ဒီလိုဗျ ... ငရုတ်သီးစိမ်းကို ထုထောင်းပြီး မျှင်ငါးပိနဲ့ရောနယ်ပြီးရင် ငပိလုံးကလေးတွေကို ခြယားရွက်နဲ့ထုပ်ပြီး မီးဖုတ်လိုက်ရင် မွှေးကြိုင်နေတဲ့ ဟင်းတစ်မယ်ရတာပေါ့ဗျာ၊ ထမင်းပူပူလေးနဲ့ဆိုတော့ ပိုလိုက်တာပေါ့''

''အေး ... ကောင်းတယ်ကွာ၊ စားပြီးရင်တော့ ခရီးဆက်ကြရအောင်၊ ဟိုကောင်ကြီးကို အမီလိုက်ရဦးမယ်''

စားသောက်ပြီးနောက် စောဂျိမ်းတို့ ခရီးဆက်လာကြသည်။ ဟင်းမျိုးကြီးကတော့ ခြေရှည်တုန်းပင် ဖြစ်သည်။ သွေးစသွေးနနှင့် ဆိတ်မွှေးများက လမ်းကြောင်းကို ပြနေသလို စောဂျိမ်းတို့က ထပ်ချပ်မကွာ လိုက်လာကြသည်။ နိမ့်ဆင်းပါလာသော တောင်ကြောအတိုင်း ကိုက်(၂၀၀)လောက် လျှောက်လာကြအပြီးတွင် ရေစီးသံသဲ့သဲ့ကို ကြားလိုက်ကြရသည်။

''အောက်ဘက်မှာ ...စမ်းချောင်းရှိမယ်ကွ၊ ဟင်းမျိုးကြီးရဲ့လ



www.burmeseclassic.com

www.burmeseclassic.com


ကြောင်းကလည်း အောက်ဘက်ကို ပြနေတယ်၊ သိပ်တော့ မဝေးဘူး၊ သတိရှိပစေနော်''

''စိတ်ချ စောကျိမ်း''

စိမ်းစိုသော ငှက်ပျောပင်များကို လှမ်းမြင်နေရပြီး ဆယ့်နှစ်ရာသီ ရေမပြတ်စီးနေသော စမ်းချောင်းကလေးကြောင့် ငှက်ပျောပင်များက သန်မာထွားကြိုင်းလှသည်။ ကြခတ်ဝါးရုံတောက စမ်းချောင်းတစ်ဘက်တစ်ချက်တွင် ပေါက်နေကြသည်။ ဝါးရုံတောက လေအဝှေ့တွင် ယိမ်းကသလို ရှိနေသကဲ့သို့ ငှက်ပျောတောကလည်း စီးချက်ညီညီ လှုပ်ရှားနေကြသည်။

စောကျိမ်းတို့အဖွဲ့ လက်နက်များကို အသင့်ကိုင်ကာ လျှောက်လာကြရင်း တစ်နေရာအရောက်တွင်–

''ဟဲ . . ဟဲ . . ဂရုး''

ဟင်းမျိုးကြီး၏ ဒေါသမာန်ဘွင်းကာ အော်သံနှင့်အတူ မပီမသအော်သံနှင့် သတ္တဝါတစ်ကောင်၏ နောက်ဆက်တွဲအော်သံကိုပါ ကြားလိုက်ကြရသည်။ စောကျိမ်းက ဒသမ ၅၀၀ နှစ်လုံးပြူးရိုင်ဖယ်ကြီးကို အသင့်အနေအထားနှင့်ကိုင်၍ ကြခတ်ဝါးရုံ၏ ဝဲဘက်မှ ထွက်လိုက်သလို ကျော်စိုးက ၃၀ ဒသမ ၀၆ ရိုင်ဖယ်ကြီးကိုကိုင်၍ ယာဘက်မှ ပတ်၍ ထွက်လိုက်သည်။ ကျော်စိုးနောက်တွင် တင်ဝင်းက ကပ်ပါသွားသည်။

ရှေ့(၁၅)ကိုက် အကွာလောက်ရှိ ကျိုးတို့ကျဲတဲပေါက်နေသော ဝါးရုံတစ်ဘက်မှ မြင်လိုက်ရသော မြင်ကွင်းတစ်ခု။ ဟင်းမျိုးကြီးက ချေ(ဂျီ)တစ်ကောင်ကို လက်နှင့်ဟန်ဆောင်ပြ၍ ပုတ်ခတ်နေသလို သေဘေးမှလွတ်အောင် ကြိုးစားနေသော ချေ(ဂျီ)ကလည်း ဝါးပင် ၃၊ ၄ ပင်ကို ဖင်ပေးကာ အော်ဟစ်၍ ထွက်ပေါက်ကို ရှာနေသည်။ မလှမ်းမကမ်းရှိ ဝါးရုံအောက်တွင် ဆိတ်သေတစ်ကောင်။

ကျော်စိုးနှင့် စောကျိမ်းတို့က ဝါးပင်များအကြားမှ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ယောက်အကြည့်ကို တစ်ယောက်သိနေသည့်အလား ပစ်ကွင်းကောင်းရာသို့ ဝါးပင်များအကြားမှ တစ်ယောက်တစ်နေရာစီ ရွေးလိုက်ကြသည်။

ထိုအချိန်တွင် ချေ(ဂျီ)က ဝဲဘက်သို့ ခုန်ပေါက်၍ ပြေးယောင်ပြကာ ယာဘက်သို့ ခေါင်းလှည့်လိုက်သည်။

**ရွာထဲမှာ ဒုက္ခပေးတာ**
**ဒီကောင်ကြီးဆိုတာတော့**
**သေချာပြီ၊ ကျွန်တော်တို့**
**ပစ်လိုက်တဲ့ကျည်ရာတွေလည်း**
**တွေ့တယ်၊ ဒါပေမဲ့ ...**
**ဘာဖြစ်လို့ ဗိုက်က**
**ကွဲနေရတာလဲ ...**




www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်ခြည်မပြတ် ချောင်းနေသော ဟင်းမျိုးကြီးက ယာလက်နှင့် လှမ်းအပုတ်တွင် ချေ(ဂျီ)က သွက်သက်စွာ ရှောင်ထွက်သွားသောကြောင့် ဝဲဘက်လက်နှင့် ထပ်အပုတ်တွင် ချေ(ဂျီ)၏ခေါင်းကို မိမိရရထိသွားကာ ခွေကျသွားသော ချေ(ဂျီ)၏ကိုယ်ပေါ်သို့ ကိုယ်လုံးနှင့် ဖိလိုက်သည်။

အသက်လုနေရသော ချေက အသံကုန်အော်ကာ ကုန်းရုန်း၍ ထနေသည်။ ဟင်းမျိုးကြီးနှင့် ချေလုံးထွေးနေချိန်တွင် မတူညီသော သေနတ်သံနှစ်ခုက စက္ကန့်ပိုင်းလောက်ခြားကာ ထွက်သွားသည်။

"ဖောင်း"

"ဒိုင်း"

နှစ်ကောင်ထပ်ကာ လဲကျနေချိန်တွင် အောက်ကို ရောက်နေသော ချေက ကုန်းရုန်းထနေသလောက် အပေါ်က ဟင်းမျိုးကြီးက ချက်ကောင်းမှန်ကာ အကြောဆွဲနေသည်။ ချေက ဟင်းမျိုးကြီး၏ဗိုက်အောက်မှ ခေါင်းထောင်ကာ ထလာပြီး ခွေခနဲ ပြန်လဲကျသွားသည်။ နှစ်မိနစ်လောက် အကဲခတ်နေပြီးမှ စောဂျိမ်းနှင့် ကျော်စိုးက အနားကို ရောက်လာသည်။

ဖက်ပိုးတွင်တစ်ချက်၊ လက်ပြင်တွင်တစ်ချက်နှင့် ကိစ္စချောသွားခြင်းဖြစ်သည်။ ကျည့်ဝင်ပေါက် ကျဉ်းသလောက် ကျည်ထွက်ပေါက်မှ သွေးများ လပေါကျနေသည်။ ချေက မသေသေး။ ဟင်းမျိုးကြီး၏ ကုတ်ဖဲ့ကိုက်ခဲထားသော ဒဏ်ရာကြောင့် သွေးအလူးလူးနှင့် မသေမရှင်ဖြစ်နေခြင်း ဖြစ်သည်။

စောဂျိမ်းက ဟင်းမျိုးကြီးကို လှည့်ပတ်ကြည့်ပြီး–

"ကျော်စိုး ... ဒီမှာကြည့်စမ်း"

ဟင်းမျိုးကြီး၏ဗိုက်တွင် တစ်ထွာလောက်ကွဲထွက်နေသောနေရာမှ အူများ တစ်ပိုင်းတစ်စ ထွက်နေခြင်းဖြစ်သည်။

"ဝဲဘက် လက်ချောင်းကလေး တစ်ခုလည်း ပြတ်နေတယ်၊ ဒါကြောင့်မို့ ... ခြေရာမှာ တစ်ခု ထူးခြားနေတယ်လို့ တွက်ထားတာ"

"စောဂျိမ်း ... ကိုကမ်းနော်တို့ရွာထဲမှာ ဒုက္ခပေးတာ ဒီကောင်ကြီးဆိုတာတော့ သေချာပြီ၊ ကျွန်တော်တို့ ပစ်လိုက်တဲ့ကျည်ရာတွေလည်း တွေ့တယ်၊ ဒါပေမဲ့ ... ဘာဖြစ်လို့ ဗိုက်က ကွဲနေရတာလဲ"

"မင်း ... ဘယ်လိုထင်လို့လဲ"

"မစဉ်းစားတတ်အောင်ပဲဗျာ"

"စကားပုံတစ်ခုရှိတယ်ကွ၊ ချေ(ဂျီ)စွယ်နဲ့ ကျားပေါင်ပဲ့ဆိုတာ ကြားဖူးလား"

"ဟာ .. စောဂျိမ်း၊ ကျွန်တော် သဘောပေါက်ပြီ၊ စောစောက ချေ(ဂျီ)နဲ့ ဟင်းမျိုးကြီး လုံးထွေးနေတုန်းက ချေ(ဂျီ)က ကြောက်ကန်ကန်ပြီး အစွယ်နဲ့ ခုတ်လိုက်တာဖြစ်မယ်၊ ကျားပေါင်ပဲ့ မဟုတ်ဘူးဗျို့၊ ဒီတစ်ခါ ... ကျားဗိုက်ပွင့်တာဗျ"

"ကျော်စိုး ... တို့ ကျည်နှစ်တောင့်လုံးက .. ဟင်းမျိုးကြီးဆီမှာပဲ တွေ့တယ်၊ ချေကိုတော့ ... မင်းဘာလို့ မပစ်တာလဲ"

"စောဂျိမ်းရယ် ... သူ့မှာ အနာရာယ်တွေ့နေလို့ မနည်းထွက်ပေါက်ရှာနေရတာ၊ မလုပ်ရက်ပါဘူး။ ဒါဆို ... စောဂျိမ်းကရော"

"မင်းအဖြေနဲ့ အတူတူပါပဲ၊ ဒါပေမဲ့ ... ဟင်းမျိုးဆိုတဲ့ကောင်က ကိုကမ်းနော်တို့ရွာကို ဒုက္ခပေးနေတော့ ဒီကောင်ကြီးကို ရှင်းပစ်ချင်နေတာ"

တင်ဝင်းက ရေဘူးများကို အောက်ဘက် စမ်းချောင်းတွင် ရေဖြည့်ကာ တက်လာသည်။ ပြီးမှ–

"ထမင်းချက်လိုက်တာ ... ရေကုန်သွားလို့ ရေသွားခပ်တာ၊ အခု ရေလည်းရပြီ၊ ဖာတ်လမ်းလည်းဆုံးပြီ၊ ကဲ ... လက်ကျန်လေး ရှင်းလိုက်ကြရအောင်"

"ဟေ ... လက်ကျန်ရှင်းတော့ ဘာမြည်းစရာရှိလို့လဲ"

"စောဂျိမ်းကလည်း ... ကျားပေါင်မပဲ့ပေမယ့် ချေပေါင်တစ်ချောင်း ဖဲ့လိုက်ပေါ့ဗျာ၊ ချေလည်း အသက်မရှိတော့ပါဘူး"

"ကောင်းကွာ"

"စောဂျိမ်းက ... စိတ်မပါလို့လား"

"ပါချင်နေတာ ... ကြာပြီကွ"

"ဟား ... ဟား ... ဟား ... ဟား"

စောဂျိမ်းစကားကြောင့် ကျော်စိုးနှင့်တင်ဝင်း ရယ်သံက ကျေးငှက်သာရကာများပင် လန့်ဖျပ်၍ သွားပါတော့သည်။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

[redacted] ဝတ္ထု
စုံထောက်အတိုဆုံး

# ဆိုင်းဘုတ်မချိတ် တိတ်တိတ်အလှူ



ဘုန်းမြင့်ချို
၊သာယာဝတီ၊

"ဒကာကြီး"

"တနင်္လာနေ့မှာ အလှူကြီးတစ်ခုရှိတယ်။ အဲဒီအလှူပြီးရင် ဆရာတော်မန္တလေးကိုကြွမလို့။ အဲဒါကြောင့် ဒကာကြီးအလှူကို တနင်္လာနေ့မတိုင်ခင် ယခုအပတ်သောကြာနေ့မှာ တစ်ခါတည်းပြီးအောင် စီစဉ်လိုက်ရင် မကောင်းဘူးလား"

"တင်ပါ့ဘုရား"

"အေး ‥အေး၊ ကျောင်းကချက်တဲ့ပြုတ်တဲ့ အကျိုးဆောင်အဖွဲ့ကို ဆရာတော်ပြောထားလိုက်မယ်။ ဒကာကြီးလည်းသူတို့နဲ့တွေ့လိုက်ဦး"

"တင်ပါ့ဘုရား"

ဟု လျှောက်တင်ကာ ဆရာတော်ကြီးအား ကန်တော့ပြီး ပြန်လာခဲ့ပါသည်။ ညနေကျမှ အကျိုးတော်ဆောင်အဖွဲ့နှင့် သွားတွေ့ရသည်။

ကျွန်တော်သည် ရုံးဌာနတစ်ခုတွင် နှစ်ပေါင်း ၃၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဖြစ်ခဲ့သဖြင့် မိခင်ဌာနမှ နှစ်ပြည့်ပင်စင်ယူလိုက်သောအခါ လုပ်သက်ဆုငွေနှင့် ပင်စင် (လစာတိုးပြီး)နှင့် ခံစားရပါမည်။ သားကလေးအား ရှင်ပြုရမည့် ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်တော့မည်။ ဇနီးဖြစ်သူမှာလည်း ဝမ်းသာနေရှာပါသည်။ သားမှာလည်း ၈ တန်းအောင်၍ ၉ တန်းတက်ရမည့် အရွယ်ဖြစ်၍ မြို့ဦးဆရာတော်ကြီးထံ လျှောက်ထားရာ ခွင့်ပြုချက်ရခဲ့ပါသည်။ ရှင်ပြုသည့်နေ့ နံနက်စောစော သားကိုချီ၍ ကားပေါ်တင်၊ သင်္ကန်းပရိက္ခရာစုံညီစွာနှ[…] ကန်တော့ပွဲများ၊ တခြားလှူဖွယ်အစု[…] တို့နှင့်အတူ ဘုန်းတော်ကြီးကျောင်းသ[…] ရောက်ခဲ့ပါသည်။ ကျောင်းရောက်လျှ[…] ဆရာတော်ကြီး ကြိုတင်စီမံထားသည[…] အတိုင်း ခန်းနေ ဦးပဉ္ဇင်းမှဆံချကာ[…] ဆရာတော်ကြီး၏ရှေ့မှောက်တွင် သာ[…] တော်မောင်အား သင်္ကန်းဝတ်စေခဲ့[…] သည်။ နံနက် ၈ နာရီတွင် တရားန[…] ရေစက်ချကာ နံနက် ၁၀ နာရီတွ[…] ရှင်မည်ခံ ဆွမ်းကျွေးမှုတစ်ပါတည[…] ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကျွန်တော့် အလှူစတင်ကာ[…] သေး နောက်နှစ်ရက်အကြာ တနင်္လ[…] နေ့တွင် ရှင်လောင်းလှည့်၊ အင်္ဂါ[…] တွင် ရှင်မည်ခံဆွမ်းကျွေးမည့် ဥပ[…] ဘက်တော်သား မျက်နှာကြီးအလှူ[…] နှင့် သူ၏ အလုပ်သမားများရောက်လ[…] ကာ ကျောင်းတိုက်၏ ရှေ့ဘက်တွ[…] ဆိုင်းဘုတ်များ၊ ဗွီနိုင်းများ လာရော[…] ချိတ်ဆွဲနေကြပါသည်။ ကျွန်တော်[…] ဆွမ်းကျွေးရာ ဓမ္မာရုံအဝင်ဝတွင်လည[…] အလှူရှင် အလှူအစ်မနာမည်ရေးသ[…] ထားသည့် သူတို့၏ ဆိုင်းဘုတ်များ[…] လည်း ချိတ်ဆွဲမှုကြောင့် ကျွန်တေ[…] အလှူတွင် ရှုပ်ယှက်ခတ်လျက်ရှိနေ[…] ဟာကွာ ဒီလူကလည်း အလှူပြီးတေ[…] မှ လာပါတော့လားဟု စိတ်ထဲမှ [...] မိပါသည်။ အလှူရက်ဝေးသည်ဖြစ[…] နောက်တစ်နေ့တွင် လာရောက်ချိတ်[…]



www.burmeseclassic.com

www.burmeseclassic.com



မြစ်သော်လည်း ဘာရည်ရွယ်ချက် ဖြင့် ယခုချက်ချင်းလာရောက်ချိတ်ဆွဲ ည်ကို အထပ်ထပ်စဉ်းစားမိခဲ့၏။ မှန်အတိုင်းဝန်ခံရလျှင် ၎င်းတို့၏ ပ်ရပ်အား စိတ်ခုခဲ့ပါသည်။ သူငယ် င်းတစ်ဦးမှလည်း ..

"အလှူက ခင်ဗျားလှူတာ၊ ဆိုင်း တ်တွေကလည်း ခင်ဗျားမဟုတ်ဘဲ ခြားအလှူရှင်နာမည်တွေပါလား"

ဟု ပြောရာ ကျွန်တော် ရှင်းပြ ရပါသည်။ ကျွန်တော်လည်း အစ်ကို ဖြစ်သူကပြော၊ ရောင်းရင်းများက ပြော ကြနှင့် ဆိုင်းဘုတ်တင်ကြသူ အလှူရှင် င့် အလုပ်သမားများအား သွားရောက် မေတ္တာရပ်ခံမည်။ အလှူပြီးလျှင် မိမိ တို့ကိုယ်တိုင် ကူညီပေးမည်ဖြစ်ကြောင်း ပြော၍ ခေတ္တဖြုတ်ပေးထားကြပါရန် ပြောမည်အပြု ခန်းနေဦးပဥ္စင်းမှ ဟို ဘက်က နည်းနည်းအောက်ကိုချ၊ သည်ဘက်က နည်းနည်းပြန်တင် စ သည်ဖြင့် ဆိုင်းဘုတ်တင်ခြင်းအား ထိုင် ဖြင့်ထိုင်ကာ ညွှန်ကြားနေသည်ကို မြင်တွေ့ရပါသည်။ ကျွန်တော်မဆိုသာ တော့ပါ။ ဦးပဥ္စင်းကိုယ်တိုင်ပါဝင်နေ သည်ပဲ။ ဦးပဥ္စင်းသည်လည်း သင့် .. သင့် သိလောက်ပါရဲ့။ ဘယ့်အတွက် ကြောင့် သည်လိုလုပ်နေကြသည်ကို တော့မပြောတတ်။ သူလည်း အလှူ ကျွန်တော်လည်း အလှူပါ။ မျက်နှာ ကြီးနှင့် နွမ်းပါးသူသာ ကွာပါ၏။ ကျွန် တော်၏အလှူသည် မွန်မြတ်မှန်ကန်ပါ ၏။ ကျွန်တော်၏ မိဘများသည် သူတို့ ကိုယ်တိုင် ကျွန်တော်၏သား၊ သူတို့၏ မြေးကလေးကို ရှင်ပြုသည်ဟု မှတ်ယူ နိုင်၏။ ကျွန်တော့်အား မိဘများသည် ပညာအမွေသာ ပေးခဲ့နိုင်ရှာ၏။ မိဘ ပေးခဲ့သောပညာဖြင့် နိုင်ငံ့ဝန်ထမ်းလုပ် ကာ ယခုနှစ်ပြည့်ပင်စင်ယူခဲ့ခြင်းဖြစ် ပါသည်။ အနှစ်(၃၀)အတွင်း ကျွန်တော် ရိုးသားကြိုးစားဆောင်ရွက်ခဲ့သော ကြောင့် ရရှိခဲ့သော လုပ်သက်ဆုကြေး ငွေဖြစ်ခဲ့ပါ၏။ ကျွန်တော်စိတ်မကောင်း ဖြစ်ရသည်မှလွဲ၍မည်သို့မျှမပြောဖြစ်ခဲ့ပါ။

ကျွန်တော်၏ အလှူသည်လည်း စည်ကားလှပါသည်။ မိတ်ဆွေအပေါင်း အသင်းများ ဖိတ်ကြားထား၍ လာ ရောက်ကြသည်။ ကျွေးမွေးသော ထော ပတ်ထမင်းသည်လည်း ကောင်းမွန် ကြောင်း၊ အစစ ပြည့်စုံကြောင်းပြော ဆိုသည်ကို ကြားရ၍ လှူရကျိုးနပ်ခဲ့ ပါ၏။အလှူအား ရေစက်ချအမျှအတန်း ပေးဝေခဲ့ရပြီး ဆရာတော်ကြီးမှ တရား ချီးမြှင့်ပေးခဲ့ပါသည်။ အတိုင်းမသိ ဘဝ အတွက် နေ့ထူးနေ့မြတ်တစ်ခုပါ။ ကျွန် တော့်အလှူ အောင်မြင်စွာပြီးဆုံးခဲ့ပါ ၏။ ကျွန်တော်တို့မိသားစုလည်း အလှူ ပြီး၍ အိမ်ကိုပြန်ရန်ပြင်ဆင်စဉ် အကျိုး ဆောင်အဖွဲ့မှ ပိုလျှံနေသော ထင်းများ၊ ဆီ၊ ကြက်သွန်၊ ဂေါ်ဖီထုတ်များ၊ အချို ရည်၊ အချဉ်ရည်ပုလင်းများအား သစ္စာ ရှိစွာဖြင့် အလှူရှင်ကျွန်တော်တို့အား ပြန်လည်ပေးအပ်ရာ ကျွန်တော် အကြံ တစ်ခုလင်းလက်သွားခဲ့၏။ ထိုပစ္စည်း များအား ကျွန်တော်တို့ လှူဒါန်းပြီး ဖြစ်ကြောင်း၊ နောက်နေ့တွင်လှူမည့် အလှူအတွက် အကုန်ပေးလှူခဲ့ပါ ကြောင်း၊ နောက်နေ့အလှူရှင်များမှာ အလျှံပယ် ပြီးပြည့်စုံအောင်စီမံထား သော်လည်း အချိန်အခါအလျောက် လို အပ်ပါကထည့်၍သုံးပေးပါရန် ဂေါပက အဖွဲ့အား စေတနာအပြည့်အဝဖြင့် လှူဒါန်းခဲ့ပါသည်။

ညနေဘက်တွင် ကျောင်းတိုက်ရှိ ဆရာတော်ကြီးနှင့်တကွ ရဟန်းများ၊ ကိုရင်များအား အအေးဖြင့် သွား ရောက်လှူဒါန်းပြီး ကျောင်းမှအကျိုး ဆောင်အဖွဲ့အားလည်း အအေးများ တိုက်ကျွေးခဲ့ပါသည်။ အကျိုးဆောင် အဖွဲ့မှလည်း နောက်နေ့အလှူအတွက် ဈေးပိတ်ရက်ဖြစ်၍ လှူဒါန်းခဲ့သော ပစ္စည်းများအား အလှူတွင်ထည့်သွင်း အသုံးပြု၍အဆင်သင့်ကြောင်း၊ အလှူ လာရောက်မည့်သူများအတွက်လည်း လောက်သည်ဖြစ်စေ၊ မလောက်င သည်ဖြစ်စေ ကျွေးမွေးညှော်ခံရမည်ဖြစ် ၍ ထည့်သွင်းခဲ့ကြောင်း ရှင်းပြပါသည်။ ၎င်းအလှူမှာလည်း ကျွန်တော်တို့ မိသားစုအား ဖိတ်ကြားထားသည် ဖြစ် ၍ တနင်္လာနေ့ ရှင်လောင်းလှည့် ‌ပိုက် နိုင်သော်လည်း အင်္ဂါနေ့(ရှင်မည်ခံနေ့) တွင် သွားရောက်၍ ကျွန်တော်၏ လှူ ဒါန်းပါဝင်မှုအတွက် အမျှပေးဝေ သာဓု ခေါ်ရဦးမည်သာ။

ဘုန်းမြင့်ချို(သာယာဝတီ)



www.burmeseclassic.com

ကျွန်တော် လွန်ခဲ့သော ဆယ့်ငါးနှစ်ကစီးခဲ့သော ဟိုင်းလတ်ကားကိုလည်း အောင်ကျော်မြင့် အဝေးကမှတ်မိသည်။ ကျွန်တော်ပါမပါလည်း သူသိ၏။

နောက်ထပ်ဌာနမှ ပေးသော မာဇဒါဂျစ်။

ပြီးတော့ကျွန်တော်နောက်ဆုံးဝယ်ခဲ့သော ပါဂျဲရိုးလ်။

သူသိနေသည်။ ဇနီးသည်နှင့် ဒရိုင်ဘာ သို့မဟုတ် အခြားသူများပါလျှင် သူလုံးဝမတား။ ကျွန်တော်ပါလျှင် သူတားသည်။

ပြီးနောက် လက်ဝါးလေးဖြန့်သည်။ ဟိုးတုန်းက ငါးကျပ်၊ ယခုနှစ်ရာ သို့မဟုတ် ငါးရာကျပ်။ မျက်နှာပြုံးလျက်၊ အဆီတဝင်းဝင်းဖြင့် သွားများက မည်းမှောင်လို့။ ဆံပင်ရှုပ်တွေ ပွယောင်းထလျက်။

§ § §

သူနှင့်ကျွန်တော် အလယ်တန်းအောင်ပြီး ရေဆင်းစိုက်ပျိုးရေးသင်တန်းအတူတူတက်ခဲ့သည်။ ကျွန်တော်က ဦးလေးတော်သူ၏ ကျေးဇူးဖြင့် သစ်တောဌာနတွင် ဝင်လုပ်ရင်း သင်တန်းအမျိုးမျိုးတက်ခဲ့ရာမှ ယခု အရာရှိဘဝ။ သူက ပျဉ်းမနား ရေဆင်းမှာ သင်တန်းတက်နေတုန်းမှာပင် ငှက်ဖျားဝေဒနာရခဲ့သည်။ ငှက်ဖျားပိုးဦးနှောက်ထဲရောက်သွားသည်ဟု ဆိုသည်။

အရပ်ထဲကတော့ ဟိုလူဒီလူ ပြုစားသတဲ့လေ။

ကျွန်တော်တို့ရပ်ကွက်ထဲတွင် သူ့ကို မသိသူမရှိ။ စိတ်ဖောက်ပြန်ချိန်နှင့် ပုံမှန်ရောဂါခံစားချိန်သာ ကွာသည်။ သူ့အား တစ်လောကလုံးက အရူးဟု သတ်မှတ်ကြ၏။ ဦးထုပ်၊ ထီး၊ ဖိနပ် မပါ။ နေပူပူ မိုးရွာရွာ အပြုံးမပျက်။

ကျွန်တော် သူ့ကိုသနားမိသည်။ ကျွန်တော့်လို အရာရှိဘဝဖြင့် သားတွေသမီးတွေနဲ့ သူ့ဘဝနေနိုင်လျှင် မည်မျှကောင်းမည်နည်း .. ရယ်လို့။

§ § §

သူ မည်မျှဖောက်ပြန်ပါစေ။ တစ်ကိုယ်လုံး ပေတူးနေပါစေ။ ကျွန်တော့်



ရွှေကျွန်းခိုင်သစ်
# အတ္တစံနှုန်း

ကားကိုတွေ့လျှင် အပြုံးမပျက်လက်ဝါးဖြန့်လျက်။ အဝေးကပင် ကျွန်တော့်ကား၌ ကျွန်တော်ပါမပ်၊ သိနိုင်စွမ်း၏။ ငယ်စဉ်က ကျွန်တော့်ထက် စာတော်သူ၊ လိမ္မာသူ၊ ယဉ်ကျေးသူဟု ကျွန်တော်ကိုယ်တိုင်သူ့ကိုချီးကျူးခဲ့ဖူးသည်။

ယခု ကျွန်တော်က အရာရှိကြီး၊ သူက လမ်းမပေါ်မှာ ..။

§ § §

ဌာနမှူးကြီးရဲ့ ဆူဆဲခံရတဲ့နေ့။

အဆင့်ဆင့် တာဝန်ရှိသူ
အကြိမ်းခံရတဲ့နေ့။

တပည့်ဖြစ်သူတို့အတွက် ပြဿ
ကြီးငယ် ဖြေရှင်းရသည့်နေ့။ ကိုယ်တ
အကြောင်းကြောင်းကြောင့် ပြဿ
ရှင်းရသည့်နေ့။

သားကိစ္စ၊ မယားကိစ္စ၊ မိသာ
ကိစ္စဟူသော များမြောင်လှသောက
များကြောင့် သောကကြီးရသောနေ့

ကျွန်တော့်မှာ ပူစရာ
ဗလပွ ဖြင့်လာစဉ် သူ
ကားကို တားဖြ
လက်ဝါးဖြန့်မပျ
ပြုံးလျက် ..

တစ်ခါ
လေ စိတ်ဆို
သလို တစ်
တစ်ရံ သူ့ကိုအ
ကျမိခဲ့သည်။

§ § §

အခု ဘီပိုး
သော ပြဿနာကော
တွေ ကျွန်တော့်ခန္ဓာကို
တွင်းရှိကြောင်း အထော
အထားရလာသည်။ စိတ်ည
မိ၏။

ရှေ့ဆက်မတွေးရဲ၊ ကုသ
ကုန် ကျစရိတ်ကို မည်သို့မည်ပုံရှာ
ဖြေရှင်းရမည်ကို မစဉ်းစားချင်လည်
စဉ်းစားရပြီ။ အောင်ကျော်မြင့်
ဦးနှောက်မကောင်းဟူသောရော
နှစ်ပေါင်း သုံးဆယ်မျှ ကြာခဲ့ပြီ။
ဘီပိုးလည်းမသိ။ ဘာပိုးမျှလည်းမ
ခေတ်တွေပြောင်းတာလည်း သူ
မလည်။ သူ့ခန္ဓာမှာ ဘာတွေဖြ
ဘာတွေဖြစ်မယ် မစဉ်းစား။ သူသိ
သူ့ဝန်းကျင်ကပေးတဲ့ ပိုက်ဆံနဲ့ ထ

www.burmeseclassic.com



ဆိုင်ကပေးတာ စားဖို့ပဲ။ ဝမ်းရေးကိစ္စပြီးလျှင် ဘာအရေးမှုမရှိ။

သူ့ဘဝနဲ့ကျွန်တော့်ဘဝ ခေတ္တလဲလိုက်ချင်ပါရဲ့။

သူသာ ကျွန်တော့်ဘဝကို နားလည်ခဲ့လျှင် သနားချေမည်လား။ လက်ဝါးဖြန့်ပြီးပြုံးလျက် "နေကောင်းလား" ဟု သူ၏ ပင်တိုင်စကား ကျွန်တော် ကြားယောင်မိသည့်နောက် မောလာသလိုလို ..ရင်ထဲမှာ ..။

ရွှေကျွန်းနိုင်သစ်

---

"အဲဒီ ဒေါ်တင်ဒွေးကြွယ်ပေါ့။ ပ်ကိုစေတနာကောင်းတာ။ သူ့သမီး ို စာသင်ရတဲ့အတန်းပိုင်ဆရာမဆို ် ပြောစရာကိုမရှိဘူး။ စုံနေအောင် ို ကန်တော့တာပဲ"

အထက်ပါစကားကို ကျွန်တော် ည်ကျောင်းသို့ စတင်တာဝန်ကျသည့် ့ကပင် ကြားခဲ့ရ၏။ ယခုနှစ်တွင် ည်း ဒေါ်တင်ဒွေးကြွယ်မှာ ယခင်ကဲ့ ိုပင် စေတနာဆက်လက်ကောင်းနေ ဲပါပင်။ ဆရာမများကို သဒ္ဓါတရား က်သန်စွာဖြင့် ကျွေးမွေးဆဲ။ ကန် တော့မြဲပင်။

ကျောင်းပိတ်ရက်တစ်နေ့တွင် ျွန်တော့်မှာ စာအုပ်ချုပ်သောဆိုင် စ်ဆိုင်အနီးရှိ ကွမ်းယာဆိုင်၌ ဈေး ယ်နေစဉ် ဒေါ်တင်ဒွေးကြွယ် ထိုစာ ုပ်ချုပ်ဆိုင်သို့ ရောက်ရှိလာ၏။ သူ့ မီးကျောင်းစာအုပ် ၁၀ အုပ်ကိုချုပ် ်ဖြစ်ပြီး တစ်အုပ်လျှင် မည်မျှကျ ကြာင်းမေးရာ စာအုပ်ချုပ်သမားက စ်အုပ် ငါးဆယ်ကျပ်သာကျမည်ဖြစ် ကြာင်းနှင့် စုစုပေါင်း ငွေငါးရာကျပ် ျမည်ဖြစ်ကြောင်း ပြန်ပြောလိုက်သံ ို အမှတ်မထင် ကြားလိုက်ရ၏။

ထိုအခိုက် သူမ၏ ပိုက်ဆံအိတ် ဲမှ ဖုန်းမြည်သံထွက်ပေါ်လာ၍ ဖုန်း ို ထုတ်ကိုင်လိုက်ပြီး ..

"ဩော် ..မမလား၊ မမပြခိုင်း လိုက်တဲ့ စိန်လက်စွပ်က ငါးသိန်းဆို၊ ယူမှာပါ မမရဲ့။ ဈေးမဆစ်ပါဘူး။ မမ တို့နဲ့သိကျွမ်းရတာနဲ့တင် ဒို့ထက်မက တန်ဖိုးရှိပါတယ်။ လာခဲ့ပါ မမရဲ့။ တစ် ခါတည်းငွေချေလိုက်ပါ့မယ်။ ကိစ္စမရှိ ပါဘူး။ ဒါပဲနော် မမ" ဟူ၍ ပြန်ပြော လိုက်၏။

ဖုန်းကို အိတ်ထဲသို့ ဟန်ပါပါထည့် ပြီးသည်နှင့် စာအုပ်ချုပ်သမားဘက်သို့ လှည့်ကာ "မင်းကလည်းကွာ ၁၀ အုပ် တောင်မှချုပ်မှာ။ တစ်အုပ်ကို ငါးဆယ် ယူမနေပါနဲ့ ..များပါတယ်။ ၁၀ အုပ် ကို လေးရာပဲထားပါ။ မင်းအတွက် မရှုံးပါဘူး။ တော်ရောပေါ့"ဟူ၍ပြော ကာ ငွေလေးရာကို အတင်းပစ်ချပေး လိုက်၏။ စာအုပ်ချုပ်သမားမှာ ဘာမှ ပြန်ပြောချိန်ပင် မရလိုက်ရှာပါ။ ဒေါ် တင်ဒွေးကြွယ် ဈေးဝယ်ရန်ဆက်လက် ထွက်ခွာသွား၏။

သမီး၏ ဆရာမများအပေါ် စေတနာသဒ္ဓါတရားထက်သန်လှသော၊ အထက်လူထံမှ ဈေးဝယ်ရာတွင် သိန်း ဂဏန်းကိုပင် ဈေးနည်းနည်းမျှမဆစ် တတ်သော၊ အခြေအနေနှင့်အချိန်အခါ ကို လျှော်ညီစွာအသုံးချတတ်သော ဒေါ်တင်ဒွေးကြွယ်ကိုကြည့်၍ ကျွန်တော့် မှာ တအံ့တသြဖြစ်နေ၏။

"ဩော် ..လူတစ်ယောက်၏ စိတ် နေသဘောထား အစစ်အမှန်ကို ၁၊ရှိ လိုပါက သူ့ထက်နိမ့်ပါးသောသူ၊ ၂၊ အပေါ်၌ မည်ကဲ့သို့ဆက်ဆံသည်ကို ကြည့်၍ သိနိုင်၏" ဟူသော စကား လေးတစ်ခွန်းကို အမှတ်ရနေမိပါတော့ သည်။

သက်ဝေမောင်






www.burmeseclassic.com

www.burmeseclassic.com



# သင်္ကေတ များနေခြင်းမဟုတ်ပါ

အဂုံကြည်ဇော်



မြို့သစ်တစ်ခုတွင် နေထိုင်သည့် ကျွန်မသည် မြို့ထဲရှိရုံးသို့ နေ့စဉ် လိုင်းကားစီးပြီးလာရသူဖြစ်သည်။ ယနေ့တွင်လည်း ခါတိုင်းကဲ့သို့ပင် ကျွန်မ လိုင်းကားစီးကာ ရုံးသို့လာခဲ့သည်။ ရုံးချိန်ကျောင်းချိန်မို့ ကားပေါ်တွင်စီးသည့် ခရီးသည်ကြပ်နေသလို ကားလမ်းမတွင်လည်း ကားများ၊ ဆိုက်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ရှုပ်ယှက်ခတ်နေသည်။

ကျွန်မစီးသည့်ကားသည် ဈေးမှတ်တိုင်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ထိုဈေးမှတ်တိုင်သည် ဈေးသည်ဈေးဝယ်များဖြင့် အမြဲစည်ကားနေသလို လမ်းလေးခွဆုံ ရာနေရာဖြစ်၍လည်း အငှားကားများ၊ ဆိုက်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် အမြဲရှုပ်ယှက်ခတ်နေတတ်သည်။

ထိုသို့ လမ်းကြောရှုပ်ယှက်ခတ်ပြီး ပိတ်ဆို့နေသည်ကို မီးသတ်ဝတ်စုံနှင့်လူတစ်ဦးက လမ်းရှင်းပေးနေသည်။ ထိုလမ်းရှင်းပေးနေသည့်မီးသတ်ဝတ်စုံနှင့်ပုဂ္ဂိုလ်ကို ကျွန်မ သည်မြို့သစ်ရောက်ကတည်းကပင် ဤဈေးရှေ့လမ်းဆုံတွင် ကားများကိုအမြဲရှင်းလင်းပေးနေတတ်သည်ကို တွေ့မြင်နေခဲ့ရသည်။

ယနေ့တွင်လည်း ထုံးစံအတိုင်း ကားလမ်းကြောင်းကို ရှင်းလင်းပေးနေစဉ် ကျွန်မစီးလာသည့်လိုင်းကားကို လက်ထောင်ပြပြီး ခဏရပ်ခိုင်းကာ တစ်ဖက်မှ ဖြတ်ကူးကားများကို သွားရန်အချက်ပြနေသည်။ သို့သော် မှတ်တိုင်မှ စထွက်လာသည့် ကျွန်မတို့ စီးလာသည့် လိုင်းကားမောင်းသူသည် ကားကိုမရပ်ဘဲ ဖြည်းဖြည်းချင်း ကားဘီးကိုလိမ့်ကာ ဆက်မောင်းနေသည်။ ထိုအခါ ကားများကို ရှင်းလင်းပေးနေသည့် မီးသတ်ဝတ်စုံနှင့်ပုဂ္ဂိုလ်က လမ်းဘေးသို့ ပြေးရှောင်ပေးရင်း လိုင်းကားမောင်းသူကိုကြည့်လိုက်သည်။ ထို့နောက် ကားရှေ့ ခပ်လှမ်းလှမ်းသို့ သွားရပ်ကာ ကားကိုသွားရန်(မောင်းရန်)လက်ဖြင့် အချက်ပြလိုက်သည်။ ထိုအခါ လိုင်းကားမောင်းသူက ကားဘရိတ်ကိုအုပ်ကာ တုန့်ခနဲ ကားကိုရပ်လိုက်သည်။

ပါးစပ်ကလည်း ..

"ဆရာကြီး သိပ်လုပ်ချင်တဲ့ ကောင်၊ ဘာကောင်မှလည်းမဟုတ်ဘဲနဲ့ သူခိုင်းတိုင်းလုပ်ရမှာလား နေပစေ ရပ်ထားမယ်" ဟု ပြောကာ ကားကို ရပ်ထားလိုက်သည်။

ထိုအခါ မီးသတ်ဝတ်စုံနှင့် ပုဂ္ဂိုလ်က အခြားတစ်ဖက်လမ်းမှကားများကို ဖြတ်သန်းသွားရန် အချက်ပြသွားခိုင်းနေသည်။ တစ်ဖက်မှဖြတ်သွားသည့် ကားများရှင်းသောအခါ စပယ်ယာမှ မောင်းဆိုသည့်အသံထွက်လာသည်။ သို့သော် ကားမှာ ရပ်ထားဆဲ။ ထိုအခါ မီးသတ်ဝတ်စုံနှင့်ပုဂ္ဂိုလ်က ရပ်ထားသည့် ထိုကားကို ဆက်လက်၍ရပ်ထားရန် လက်ထောင် ပြီး အချက်ပြသည်။ ထိုအခါလိုင်းကားမောင်း သူက ..

"ဘာလဲကွ .. ရူးနေလား၊ ကားရှင်းနေတာ ထွက်မှာပေါ့"

ဟု ဆိုကာ ကားမောင်း၍ထွက်လာခဲ့သည်။

လက်ကာ
ကားရပ်ရန် အချ
ပြနေသည့် မီးသတ်
စုံနှင့်ပုဂ္ဂိုလ်က လက်
ထောင်ပြရင်း လမ်းဘေး
ဖယ်ပေးသည်။ ကျွန်မစိတ်ထဲ သူ
ဘာတွေဖြစ်နေသလဲ အမှတ်သင်္ကေ
မမှားတန်ရာဟု တွေးမိသည်။

၄ ၄ ၄

ဒီနေ့ရုပ်ကွက်ထဲမှ မိတ်ဆွေ
ယောက်ဖိတ်သဖြင့် ကျွန်မရောက်
ခဲ့သည်။ မိတ်ဆွေရဲ့အလှူပွဲတွင်
သတ်ဝတ်စုံဝတ်ထားသည့် လမ်း
ပုဂ္ဂိုလ်ကိုလည်း တွေ့လိုက်ရသည်။
ကျွန်မ တစ်ဝိုင်းတည်း။ အခြားအ
သားနှစ်ယောက်နှင့် မီးသတ်ပုဂ္ဂိုလ်
ပြောနေသည့် စကားများက မနေ့
ကျွန်မစီးခဲ့သည့် လိုင်းကားမောင်
နှင့်ပတ်သက်နေသည်။

နားထောင်ကြည့်တော့ ..

"အဲဒီကောင်က ဒီလိုပဲကွ
တစ်တစ်နဲ့၊ တစ်လမ်းတည်းနေတာ
တာပေါ့ကွာ။ လူကြီးလူကြီးမှန်းမ
ရိုင်းလိုက်တာလည်း လွန်ရော"

"အေးကွာ .. မနေ့ကလ
ဈေးမှတ်တိုင်မှာ ငါလမ်းရှင်းပေးနေ
ဒီကောင့်ကားနဲ့တွေ့တော့ တစ်ဖက်
ရှိသေးလို့ ခဏရပ်ခိုင်းတာ မရ
ဆက်ထွက်တယ်လေ။ ဒါနဲ့ငါလည်
လောက်ထွက်ချင်တာ ထွက်ကွာ
မောင်းဖို့အချက်ပြတော့ မမောင်း



www.burmeseclassic.com

www.burmeseclassic.com




ကားစက်သပ်ပြီးရပ်ထားတယ်။ မလွတ်တာကို တမင်ဖြည်းဖြည်းမောင်းထွက်တာ။ ငါ လုပ်နိုင်းတာ မလုပ်ဘူးဆိုတဲ့ သဘောပေါ့ကွာ။ ဘယ်ရမလဲ ငါကလည်း သိတာပေါ့။ ဒီကောင် ဒီလိုလုပ်မယ်ဆိုတာကို။ ဒါကြောင့် သူ့ကားကို ရပ်စေချင်ရင် သွားဖို့အချက်ပြပြီး သွားစေချင်ရင် ရပ်ဖို့ အချက်ပြပေးလိုက်တယ်။ မီးသတ်ပုဂ္ဂိုလ်ကြီးရဲ့ စကားကို နားထောင်ရင်း ကျွန်မ မနေ့ကရုံးအသွား အဖြစ်အပျက်လေးကို ပြန်မြင်ယောင်မိတော့ .. သင်္ကေတအမှတ်မှားနေကြခြင်းမဟုတ်ပါ။ မီးသတ်ပုဂ္ဂိုလ်ကြီးရဲ့ဉာဏ်ကြီးမှုနဲ့ လူငယ်ကားမောင်းသမားရဲ့ ပုဂ္ဂိုလ်ရေးရာမကြည်လင်မှုကြောင့် သင်္ကေတ အမှတ်အသား ပြောင်းပြန်ဖြစ်ရခြင်းရယ်သာ။

ဒဂုံကြည်ဇော်

# အောင်သွေးလက်(မြစ်ခြေ)

# သေရဲနေရဲ



လောကကြီးမှာ သေရဲလည်း သတ္တိ။ နေရဲလည်း သတ္တိပါပဲ။ ယနေ့မျက်မှောက်ခေတ်ကာလ ရုပ်ဝတ္ထုတွေ ဆန်းသစ်များပြားလာချိန်မှာ ဒီစကားဟာ မှန်လှပေသည်။ ငွေကြေးပိုက်ဆံရှာဖွေရတဲ့ အလုပ်အကွေ့။ ဘဝအမောဆိုတာ လူတိုင်းရင်ဘတ်နဲ့မလွတ်မကင်း ဖြတ်သန်းရသည့် အကျပ်အတည်းပါ။

ကိုကျော်မြ သေချင်လွန်းလို့ နေ့စဉ်နဲ့အမျှ သေမယ်ဆိုတာချည်း။ ကိုယ့်ကိုယ်ကိုလည်း မကြံကောင်း မစည်ကောင်းတွေကြံစည်လို့။ အဖန်ငါးရာငါးကမ္ဘာဆိုတဲ့ အထုံကိုလည်း ယုံကြည်ပုံမရဘူး။

အလုပ်အဆင်မပြေတာ ဗန်းပြပြီး အရက်ကလေးတမြမြဆိုတော့ မိန်းမနဲ့လည်း သဟဇာတမဖြစ်ပြန်ကာ ..

"သောက်ဟေ့ .. သောက် .. တကတည်း သေကိုမသေနိုင်ဘူး"

အဲဒီလိုပဲ မိန်းမက ပြောရှာပါတယ်။ ကိုယ်ချင်းကိုယ်ချင်းချစ်လို့ ယူထားတာပဲ။ ကလေးတစ်ယောက်တောင် ရနေမှတော့ ယောကျ်ားရဲ့ ဆိုးမွေကောင်းမွေကို ရင်စည်းခံစားရတော့ပေမပေါ့။ ဘာလုပ်လုပ်မတားဘူး။ ကြည့်နေတာ အာညောင်းလွန်းလို့တဲ့။

တစ်နေ့က လင်မယားနှစ်ယောက် ရန်ဖြစ်ကြ၊ နပန်းလုံးကြတယ်ဆိုပဲ။ ကိုကျော်မြက သူ့အားနည်းချက်နဲ့သူ ခုခံရုံသက်သက်။ မိန်းမက ဆော်ပလော်တီးလိုက်တာ အသားနာတာထက် စိတ်နာတာက ပြင်းထန်လေရော့သလားမသိ။

အုန်းဆံကြိုးခွေကြီးကို ယူလိုက် ပြီး ..

"ငါသေမှအေးမယ်မဟုတ်လား"

ပြောပြောဆိုဆို ရွာအပြင်ဘက် တောတန်းဆီသွားလေရဲ့။ မိန်းမကတော့ မျက်စောင်းတစ်ချက်ကြာလှမထင်ဘူး။ ကလေးတစ်ဖက်နဲ့ ချက်လက်စ မီးဖိုခွင်ကို မီးပြင်ထိုးနေလိုက်သည်။

ကိုကျော်မြ မကြံကောင်းမစည်ကောင်း ကြိုးဆွဲချသေတော့မယ်။ ရွာထဲက ဘယ်သူသိလို့ တားခဲ့မိပါလိမ့်မတုန်း။ ညနေစောင်းရောက်တော့ ခြံစည်းရိုးတံခါးပေါက်တိုင်လေးကိုင်မှီလို့ ကိုကျော်မြတစ်ယောက် မတ်တပ်ရပ်နေတာကိုတွေ့တဲ့ မိန်းမဖြစ်သူက ခပ်ငေါက်ငေါက်လေသံဖြင့် ..

"မသေရဲဘူး မဟုတ်လား"

အဲဒီလို ခနဲ့တဲ့တဲ့ မျက်နှာပေးနဲ့ အပြောကို ကိုကျော်မြလုံးဝမကြိုက်။

"မသေရဲလို့မဟုတ်ဘူးဟေ့။ ခါချဉ်တွေကိုက်လို့ အပင်ပေါ်ကိုမရောက်ခဲ့သေးတာ။ နင် ကြည့်နေပါ။ ကျော်မြကွ .. ကျော်မြ .. ဟင်း"

မြစ်ဆိပ်ရှိရာဘက်ကို သွားပြန်တယ်။

တစ်ညလုံး ပြန်ပေါ်မလာဘူး။ မိန်းမမှာ စိုးရိမ်စိတ်အားကြီးလို့ထင်ပါရဲ့။ နံနက်ဝေလီဝေလင်း အိမ်ရှေ့က လှမ်းအော်ခေါ်သူမှာ အသက်ထွက်မတတ်။

"မပိုင်း .. မပိုင်း .. ဗျို့ .. မပိုင်း"

"ဟေ့ .. ဘယ်သူလဲ"

"ကျုပ် .. ကျောက်ကြီးပါ။ ခင်ဗျားယောကျ်ား ကိုကျော်မြ ကျုပ်တို့ တံငါတဲမှာ မူးပြီးအိပ်ပျော်နေတာတွေ့တယ်။ သွားခေါ်ချေဦးဗျ။ တော်ကြာတစ်ခုခုဖြစ်နေလိမ့်မယ်"

သတင်းလာပေးသူ စကားမဆုံးခင်ကပင် ခေါင်းအုံးပေါ် နားထင်ပြန်ချကာ မေးလက်စ မျက်လုံးမှိတ်လို့ပင် သားကလေးရဲ့တင်ပါးကို ပုတ်လို့ ..

"အိုး .. အိုး .. ကျွတ် .. ကျွတ်"

အောင်သွေးလက်(မြစ်ခြေ)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ရုံးမှအပြန် အိမ်ရောက်တော့ ရေမိုးချိုးလို့အပြီး ထမင်းစားပွဲထိုင်ရုံရှိသေး တယ်လီဖုန်းမြည်သံက ဝင်လာသည်။ ဖုန်းကိုကောက်ကိုင်လိုက်သူက သမီးကြီးမေသင်း ....

"အဖေကြီး ...အဘကောင်း ဆီကဖုန်း ..."

သမီးက ဖုန်းလှမ်းပေးသဖြင့် ထိုင်လိုက်ရင်း ...

"ဟုတ်ကဲ့ အဘကောင်း ကျွန်တော်ပါ၊ ပြောပါ"

"အေး ...ကျော်စိုးရောက်လာတယ်ကွ၊ ပြောင်လိုက်ချင်ရင် လာခဲ့ပါတဲ့၊ သေနတ်တွေမပါလည်းရတယ်။ လူတွေသာ အရောက်လာခဲ့ကြပါလို့ မှာသွားတယ်"

"နေပါဦးအဘ ...ကျော်စိုးဆိုတာ လှည်းကူး ထန်းပင်ကုန်းကလား"

"မင်းကလည်း ..ကညွတ်ကွင်းက ကျော်စိုးလေကွာ"

"ဪ ...သိပြီ၊ သိပြီ ...ပြောင်လိုက်ချင်လာခဲ့ပါ သေနတ်မပါလည်း ရတယ်ဆိုတော့ ဟိုမှာ ပြောင်ကိုသူက ချည်ထားလို့လား။ သေနတ်ပါတာတောင် ခွေးပြေး ဝက်ပြေး အသက်လုပြေးကြရတဲ့ဥစ္စာကို"

ကျွန်တော်က အငေါ်တူးလိုက်သည့်အတွက် အဘကောင်း စိတ်ဆိုးသွားဟန်ထင့်၊ ပြန်ပြောလိုက်ပုံက –

"အေး ...ဟုတ်တယ်၊ လှံနဲ့ထိုးမှာ။ ထိုးမယ့်သူကလည်း မိန်းကလေးတွေတဲ့ကွ၊ ငါလည်း ဒါမျိုးမကြုံဖူးဘူး။ မင်းအတွေ့အကြုံရအောင် လိုက်ချင်ရင် ငါ ကိုသိန်းလွင်နဲ့ မနက်ဝင်ခေါ်မယ်။ စီစဉ်ထားလိုက်၊ ဒါပဲ ...."

"ဟဲလို ...အဘ၊ အဘ"

ဆက်သာခေါ်နေရသည်၊ ဖုန်းကိုခဲဆောင့်ချလိုက်သံကို ကြားလိုက်ပါရဲ့။ သို့အတွက် အတွေးမျိုးစုံနှင့်ပတ်ချာလည်ကာ ကျန်ရစ်ခဲ့ပေသည်။ တော်နေသေးသည်က ကြားတွင် ရုံးပိတ်ရက်(၂)ရက်ရှိပြီး စီမံချက်လုပ်ငန်းများကလည်း ပြီးသွားပြီမို့ သုံးရက်လောက်အကြောင်းပြခွင့်တင်လိုက်လျှင်ရသည့်အချိန်မျိုးမို့ပင် ...။

§ § §

အလယ်ရိုးမ(ခေါ်) ပဲခူးရိုးမအလယ်ကြောကြီးကား ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ဇေယျဝတီ၊ ကညွတ်ကွင်းမြို့တို့၏နောက်ကျောတွင် မှိုင်းမှိုင်း မှိုင်း ဆိုင်းဆိုင်းစိုစိုနှင့် လှမ်းမြင်နေရသည်မို့ လွမ်းမောဖွယ်ပင်ကောင်းနေသည်က အမှန်။

ကညွတ်ကွင်းကျေးရွာရှိ ကျော်စိုးတို့အိမ်ရှေ့ ကားထိုးစိုက်လိုက်တော့ မုဆိုးများဖြစ်ကြသည့် ကျော်စိုးနှင့်တင်လှတို့နှစ်ဦးက အားပါးတရ အော်ဟစ်ပြေးထွက်ကြိုဆိုရင်း ...

"လာမှလာကြပါ့မလားလို့ ထင်နေကြတာ၊ ခုလိုရောက်လာတော့ ဝမ်းသာလိုက်တာဗျာ။ ဒါနဲ့ ဟိုအကောင်လေးတွေရော ပါမလာကြဘူးလား"

အဘကောင်းကကားပေါ်မှဆင်းကာ စက်ဖုံးကိုဖွင့်လိုက်ရင်း ပြောလိုက်ပုံက ...

"ငါတို့ခေါ်ပါတယ်ကွာ၊ မင်းတို့က သေနတ်မပါလည်း လူချည်းလာခဲ့ပါဆိုတာကို ပြောပြလိုက်တော့၊ တောပစ်ချင်လို့ သေနတ်ကိုင်တာ၊ အဲဒီနေရာမျိုးကို သေနတ်မယူဘဲသွားရင် မလိုက်ဘူးဆိုပြီး လိုက်မလာကြဘူးကွာ ..."

အဘကောင်းပြောလိုက်သည့်စကားကြောင့် ရယ်မောလိုက်ကြရင်း တင်လှက ....

"ဒီလိုပါ ...အဘနဲ့အစ်ကိုကြီးတို့ရယ်။ ကျွန်တော်တို့က ပြောင်လိုက်ကြမယ့်ခရီးကို သေနတ်တွေမပါတောင် လာဖြစ်အောင်လာခဲ့စေချင်လို့ အလေးထားမှာခဲ့မိတာပါ။ ဘာကြောင့်လဲဆိုတော့ ဒီပွဲမှာ အဘနဲ့ကျွန်တော်တို့က ပွဲကြည့်ပရိသတ်ပဲ ဖြစ်ကြမှာကိုး"

တင်လှစကားကြောင့် ကျွန်တော်တို့ လွန်စွာအံ့သြသွားမိသည်။ သူတို့ကိုယ်တိုင် သည်ပွဲတွင် ကျွန်တော်တို့နှင့်အတူ ပွဲကြည့်ပရိသတ်အဆင့်တွင်ရှိခြင်းကြောင့်ဖြစ်သည်။ သူတို့ညီအစ်ကိုက ခပ်ညံ့ညံ့မုဆိုးများမဟုတ်။ မုဆိုးရင့်မကြီးများအဆင့်။ ဖခင်ဖြစ်သူ (ရိုးမမုဆိုးကြီး ဦးပိုက်)ကဲ့သို့ ဖခင်ခြေရာကိုနင်းနေသူများပင်။ စိုင်၊ ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ဝံ၊ ကျား၊ ကျားသစ်နှင့် အခြားသော သားကောင်အမျိုးမျိုးကို ထောင်ချောက်ဆင်ဖမ်းသလို ဒူးလေးနှင့်ပစ်ခတ်ကာ မိသားစုဘဝ ရှင်သန်ရပ်တည်နေကြသူများ။ ထိုလိုလူမျိုးတို့ပင် ယခုပွဲတွင် ပရိသတ်ဖြစ်နေတော့ ကျွန်တော်တို့လို ဝါသနာရှင်အဆင့်လောက်သာရှိသည့် အတွက်တော့ ပြောဖွယ်ရာပင် မရှိ။

ပါလာသည့် ပစ္စည်းများအား ကားပေါ်မှ အိမ်ထဲသို့သယ်ဆောင်လိုက်ကြပြီး လက်ဆောင်နှင့်ရိက္ခာတို့ကို သူ့ဇနီး "မပိုးရီ" ကိုပေးကာ ခေတ္တအပန်းဖြေ၍ ကိုယ်လက်များသန့်စင်လိုက်ကြသည်။ ပြီးနောက် အိမ်ရှေ့ကွက်လပ်မြေပြောင်ပြောင်တွင်ထိုင်ကာ အဘကောင်း ဖုန်းဆက်လိုက်သည့်ဘက်ဆီ အတွေးကရောက်သွားသည်။

"အေး ... ပြောင်ကို လုံနဲ့ထိုးမှာ၊ ထိုးမယ့်သူတွေက မိန်းမမုဆိုးတွေတဲ့ကွ။ ငါလည်း ဒါမျိုးမကြုံဖူးဘူး။ သိချင်ရင်လိုက်ခဲ့။ မနက်ဖန်မနက်ကို သိန်းလွင်နဲ့ငါ လာခေါ်မယ်၊ ဒါပဲ ..."

အဘကောင်းနှင့် ဖုန်းပြောကြသည့်စကားကို အမှတ်ရလိုက်သည်။ အမှန်တော့ ကျွန်တော်တို့မှာ ဝါသနာအရ သားကောင်တို့ကို တောထဲတောင်ထဲ လိုက်လံပစ်ခတ်ကြရာတွင် ကိုင်ဆောင်ထားသည့်သေနတ်နှင့် ပစ်ခတ်ကြသလို၊ ထောင်ချောက်ဆင်မုဆိုးတို့ကလည်း မိထားသည့်သားကောင်ကို စခန်းသိမ်း အသေသတ်ကြရာတွင် (ပစ်လုံနှင့် အောင်းလုံ) အတိုအရှည်လုံနှစ်မျိုးကို သိထားသည်။ ထိုလုပ်ရပ်က မုဆိုးဝါသနာရှင် ကျွန်တော်တို့အတွက် အဆန်းမဟုတ်သော်လည်း သူတို့ပြောသည့်စကားက ပြောင်လိုသတ္တဝါကြီးတွေကို လုံနဲ့လိုက်ကြမည်ဟူသော စကားက ဆန်းနေ၏။ ထို့အတွက် သူတို့ပြောသည့် (မိန်းမမုဆိုး) ဆိုသူတွေကို အိမ်တွင်ကြည့်တော့လည်း မတွေ့ရ၊ သူ့ဇနီး မပိုးရီနှင့် သမီးငယ်တို့သာမို့ သူတို့လည်းမဖြစ်နိုင်။ ထိုစဉ် အနီးရောက်လာသည့် ကျော်စိုးက ...

"သေနတ်တွေပါလာကြသေးလားဗျ ..."

"ကောင်လေးတွေပြောသလို ဒီလိုနေရာမျိုးကိုလာပြီးမှ သေနတ်မပါလို့ ဘယ်ဖြစ်မလဲ။ ခြေစောင့်လက်စောင့်တော့ ယူခဲ့ကြရတာပေါ့ ..."

ကျွန်တော့်အပြောကြောင့် သူကပြုံးနေစဉ် တင်လှတို့ရောက်လာသည်။ အရက်ပုလင်း၊ ဖန်ခွက်နှင့် အမြည်းပါယူလာပြီး တင်လှက ...

"မနေ့က ဝါးခုတ်သွားရင်း ဒေါင်းတစ်ကောင်ရလာလို့ အတော်ပဲဗျို့၊ အစ်ကိုကြီးတို့မြို့မှာတော့ စားရခဲတယ်"

ညနေစောင်းနေပြီမို့ အရက်နှင့် ဒေါင်းသားကို စားသောက်လိုက်ကြပြီး ထမင်းစားကာ အိပ်စက်အနားယူလိုက်ကြသည်။

နောက်တစ်နေ့ မိုးလင်းပိုင်းကိုရောက်တော့ အိမ်ရှေ့မြေကွက်လပ်ကပျဉ်တွင် အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းပေါင်း၊ နှမ်းထောင်း၊ ဆတ်သားခြောက်ဖုတ်နှင့် အဖန်ရည်ကို စားသောက်နေစဉ်၊ လည်ပင်းနှင့် ရှေ့လက်ကို ကြိုးသိုင်းကာဆွဲလာသည့် အမျိုးသမီး ရောက်လာသည်ကို မြင်လိုက်သော ကျော်စိုးက ...

"ဟော ..., ခင်အုံးပါလား၊ နင်
အရင်ရောက်လာတာပဲကွ"

ကျော်စိုးပြောလိုက်သည့်စကား
ကြောင့် ခွေးသုံးကောင်ကိုဆွဲကာ ဝင်
လာသည့် 'ခင်အုံး'ဆိုသူအမျိုးသမီးကို
ကျွန်တော်ကြည့်လိုက်သည်။ ဆံပင်အုံ
က ကောင်းကောင်း၊ အသားက တော
သူမို့ ညိုညို၊ အရပ်က ခပ်မြင့်မြင့်
ကုလားကပြားရုပ်ဖြစ်ပြီး စစ်ဝတ်စုံ
ကာကီရောင်လက်ရှည်ကိုဝတ်ကာ လုံ
ချည်ကို ဒူးဆစ်နားရောက်သည့်တိုင်
ဝတ်ထားပြီး သနားကမားနှင့် လုံးကြီး
ပေါက်လှ၊ အချိုးအစားကျနသည့် ခန္ဓာ
ကိုယ်ကို ပိုင်ဆိုင်ထားသူမို့ ဝိုင်းဝိုင်
လည်မသွားသည့်အသွင်၊ ကျောတွင် စစ်ကျော
ပိုးအိတ်ကိုလွယ်ထားရာမှ အိမ်ပေါ်
တင်လိုက်ပြီး ခွေးတွေကို ခြံစည်းရိုးတိုင်
တွင် ချည်လိုက်သည်။

ကျွန်တော့်အကြည့်က သူနှင့်ပါ
လာသည့်ခွေးများဘက်ဆီသို့ ရောက်
သွားပြန်သည်။ ခွေးသုံးကောင်မှာ
အင်းခွေးကြီးများဖြစ်သည့်အတွက်
အကောင်ကကြီး၍ ခါးလျားရှည်ကာ
ခြေဆံလက်ဆံတို့က မြင့်သည်။ သွား
စွယ်ကြီးတွေအဖွေးသားနှင့် ချွန်မြ
သည့်သွားများက ထိတ်လန့်စရာ။

ခွေးများကို ကြိုးချည်ပြီးနောက်
ကျွန်တော်တို့ရှိရာကို လျှောက်လှမ်းလာ
နေသည်။ ကျော်စိုးက

"သူ့နာမည်က 'ခင်အုံး'တဲ့
အဘရဲ့"

"ခင်အုံး ... သူတို့က ရန်ကုန်
က မုဆိုးတွေပဲ၊ ရောက်တုန်းရောက်
ခိုက် ငါတို့နဲ့ လေ့လာရေးလိုက်ကြမယ်
လေ။ ဒါက အဘကောင်း၊ ဟိုဟာက

www.burmeseclassic.com



အစ်ကိုကြီး သိန်းလွင်၊ ဟောဒါက ဘို
လေးတဲ့၊ မှတ်ထားနော်''

''ဟုတ်ကဲ့ရှင့် ... တွေ့ရတာ
ဝမ်းသာပါတယ်။ ဒီကို အမဲလာပစ်ကြ
တာလား၊ သေနတ်တွေပါလာကြမယ်နဲ့
တူတယ် ...''

''ဟုတ်ပါတယ်သမီး ...၊
ရောက်တာလဲကြာပြီဆိုတော့ အချိန်
ကလေးရတုန်း အမဲပစ်ထွက်ခဲ့ကြတာ
ပါ။ သေနတ်တွေလည်း ယူခဲ့တယ်လေ။
စားလိုက်ပါဦး ..''

အဘကောင်းက ပြန်ဖြေလိုက်
စဉ် ခင်အုံးက ကောက်ညှင်းကို လက်
နှင့် အဆုပ်ဖြစ်အောင်လုံး၊ နှမ်းထောင်း
နှင့်တို့ကာစားလိုက် ဆိတ်သားခြောက်
ကို ဝါးလိုက်၊ အဖန်ရည်သောက်လိုက်
လုပ်နေစဉ် ကျော်စိုးက ....

''ခုပါလာတဲ့ခွေးသုံးကောင်က
နံ့ခွေးတွေပါ။ နောက်ထပ်ရောက်လာ
မယ့် မိန်းကလေးတွေနဲ့ ပါလာမယ့်ခွေး
တွေက ကိုက်ခွေးနဲ့ လိုက်ခွေးတွေလေ''

''ဘယ်လိုကွကျော်စိုး ရှင်းပါဦး''

'' နောက်လာမယ့်ခွေးတွေက
ကိုက်ခွေးနဲ့ လိုက်ခွေးတွေပါ ဘိုလေး
တို့က သေနတ်သမားတွေဆိုတော့
ပြောင်အုပ်နောက် ခြေရာခံလိုက်၊ တွေ့
ရင် သေနတ်နဲ့ပစ်ကြတာလောက်ပဲ သိ
ကြမှာ၊ ခုလို ပြောင်လိုက်တဲ့နည်းကို
သိကြမှာလည်းမဟုတ်ဘူးဆိုတော့
လေ့လာကြည့်ပါ။ ခုကျွန်တော်ပြောပြ
ရင် လက်တွေ့မှာ အရသာပျက်မယ်၊
ဒါကြောင့် လေ့လာကြပါနော ...''

''အေးပါကွာ ... ဒီပွဲမျိုးကို
မကြုံဖူးတော့ ငါတို့ လေ့လာပါ့မယ်။
အဖွဲ့ခေါင်းဆောင် မခင်အုံးက ကျွန်
တော်တို့ကို လိုအပ်သလို ဖြစ်စေချင်
တာကို ပြောပြပါ။ ပါလာတဲ့သေနတ်
တွေကို အဲဒီအချိန်ယူခဲ့ရမလား ထားခဲ့
ရမလားဆိုတာကို ...''

''ဟုတ်ကဲ့ရှင့် ... လိုရမယ်ရ ယူ
ခဲ့ပါ၊ ဒါပေမယ့် သေနတ်သံပေးလို့မရ
တဲ့အတွက် ကျွန်မသဘောထားမရရင်
မပစ်ပါဘူးလို့ ကတိပေးရပါမယ်''

သူမတောင်းသည့် ကတိစကား
ကို ကျွန်တော်ပြန်မဖြေ၊ အဘကောင်း
နှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ကို ကြည့်
လိုက်တော့ ...

''ပေးပါတယ်သမီး ...၊ အဖွဲ့
အတွက် ပစ်ဖို့လိုအပ်ရင်ကော ...''

''မပူပါနဲ့ ကျွန်မတို့နဲ့အတူရှိနေမှာ
မို့လိုအပ်ရင် ပစ်ခိုင်းမှာပါ။ ပစ်လိုက်လို့
သေနတ်သံကြားသွားရင် ပွဲကတော့
ပျက်မှာပါ၊ ဒါကြောင့်မို့ပါ ...''

ထိုသို့ပြောဆိုနေစဉ် အမျိုးသမီး
ငယ်(၅)ဦးနှင့် ခွေး(၅)ကောင်တို့ ရောက်
ရှိလာကြပြန်သည်။ တစ်ဦးလျှင် ခွေး
တစ်ကောင်စီကိုဆွဲလျက် သူတို့အားလုံး
မခင်အုံးကဲ့သို့ စစ်ရောင်ကာကီလက်
ရှည်၊ ထဘီကို သလုံးသားပေါ်အောင်
ဝတ်လျက် ပလိုင်းကိုယ်စီလွယ်ပြီး လုံ
(၅)ချောင်းစီအပြင် စစ်ကျောပိုးအိတ်
ကိုယ်စီလွယ်လျက်နှင့် ...၊ ထိုစဉ်
ကိုတင်လှက ....

''ဟော ... လူတွေ ခွေးတွေစုံ
ပြီဗျို့၊ ပစ္စည်းတွေအိမ်ပေါ်တင်ပြီး
အဆာပြေ ကောက်ညှင်းပေါင်းစားကြ
ရအောင် လာကြကွယ် ...၊ ဆာနေ
ကြရောပေါ့ ...၊ ပိုးရီရေ ကောက်
ညှင်းပေါင်းယူခဲ့ပါဦး ...''

မိန်းကလေးများက သူတို့နှင့်ပါ
လာသည့်ခွေးတွေကို ခြံစည်းရိုးတိုင်တွင်
တစ်ကောင်စီခွဲကာ ချည်ထားလိုက်ပြီး၊
အထုပ်အပိုးနှင့် လုံထည့်ထားသည့်
ပလိုင်းတို့ကို အိမ်ပေါ်တွင်ထားကာ
ကျွန်တော်တို့ဆီသို့လာပြီး ဝိုင်းထိုင်
လိုက်စဉ်၊ ကျော်စိုးက ဇနီးဖြစ်သူနှင့်
အတူ ခွေးတို့ကို အစာကျွေးနေသည်ကို
တွေ့လိုက်ရသည်။

နောက်ထပ်ရောက်လာသည့် မိန်း
ကလေးများနှင့် ပါလာသည့်ခွေးတွေက
စောစောကရောက်လာသည့်ခွေးများနှင့်
မတူ၊ ခေါင်းနှင့်ကိုယ်အရှည် နှစ်တောင်
တစ်မိုက်ခန့်ရှိပြီး၊ အမြီးက တစ်တောင့်
ထွာခန့်ရှည်သည်။ ကိုယ်လုံးကိုယ်ထည်
က သိပ်မကြီး၊ အချိန်တစ်ဆယ်နီးပါး
နီညိုရောင်အဆင်းနှင့် အမြီးကညို
နက်၊ ချွန်ထက်သောသွားစွယ်ကြီးများ
နှင့် ထက်မြက်ပြတ်ရှသောသွား ဘြီး
များက မြင်ရသည်ကပင် ကြက်-ားထ
စရာ။ စောစောကရောက်နေသည့်ခွေး
များနှင့် မာန်ဖီရန်စောင်ခြင်းမရှိ၊ အသိ
အကျွမ်းဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်ဖြစ်
နေကြသည့်အသွင်၊ တောခွေးများနှင့်
ဆင်ကာ အစာစားလို့အပြီး နေရာတွင်
ဝပ်နေကြသည်။

သခင်ဖြစ်သူ မိန်းကလေးငါးဦး
ကလည်း အသက်အားဖြင့် (၂၅)နှစ်
ဝန်းကျင်၊ ဆံကေသာက အုံလုံးသိမ်း၊
အသားအရည်တွေက ညိုညက်ညက်၊
ပုံစံကခေါင်းတင်မောင်းတင်ပုံစံမျိုး၊
ခွေးများကိုကြည့်နေမိသည့် ကျွန်တော်
က ....

''တင်လှ ... ခေါင်းကိုဘယ်သူ
ပစ်တာလဲ၊ ဘာနဲ့ပစ်တာလဲကွ ...''

''ကျွန်တော်ပစ်ခဲ့တာလေ၊ လင်း



www.burmeseclassic.com

www.burmeseclassic.com





လေးနဲ့ပစ်ခဲ့တာပါ ...''

''ဟုတ်လား ...၊ သစ်ပင်ထက်နားနေတဲ့ဒေါင်းကို ရအောင်ပစ်နိုင်တယ်ဆိုတော့ ဘယ်ဆိုးမလဲကွ၊ ဘယ်လိုပစ်ရတာလဲ ပြောပါဦး ...''

''ကင်းဒေါင်းနဲ့တူပါတယ်၊ ဝါးခုတ်သွားရင်း ခုတ်မယ့်ဝါးကိုရွေးနေတုန်း ဟိုဘက်က ကညင်ပင်လာနားရင်း အသံကြားလို့ ဝါးရွက်တွေကြားဖောက်ပစ်လိုက်တာ ခေါင်းကိုထိပြီးကျလာတာပါပဲ ...''

''ဘယ်လောက်ကြီးသလဲကွ''

''ခုနှစ်ပိဿာနီးပါးပါပဲ၊ ခု ကျွန်တော်တို့စားမယ့်ဟင်းက အဲဒီကောင်ကြီးအသားလေ ...''

''ဘယ်လိုပဲရရပေါ့ကွာ၊ မုဆိုးကောင်း ဒေါင်းချောင်းဆိုတဲ့ စကားအတိုင်း ကင်းဒေါင်းကိုရအောင်ပစ်နိုင်တာ တော်တယ်ပြောရမှာပေါ့လေ''

ထိုစဉ် မခင်အုံးက နောက်ရောက်လာသည့်သူ့အဖွဲ့သားများနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။

''ဟောဒီက ရန်ကုန်အဖွဲ့နဲ့ ကျွန်မလူတွေကို မိတ်ဆက်ပေးရဦးမယ်။ သူ့နာမည်က ဖိစိမ၊ ဟိုတစ်ယောက်က အေးမူ၊ ဟိုဘက်က မိကြွက်၊ ဟိုတစ်ယောက်က ကရင်မ၊ ဟိုဘက်အစွန်ဆုံးကတော့ ယုနိုင်တဲ့၊ သူတို့အားလုံး လုံ့ထိုးသမားတွေပဲ ...။

ကျွန်မတို့ ထမင်းစားပြီးရင် တောလမိုင်းတင်ဖို့သွားကြမယ်။ မနက်ဖြန် မနက်စောစောထွက်ကြမယ်။ ဒါကြောင့် သေနတ်သမားတွေလည်း လမိုင်းတင်ဖို့ အဆင်သင့်လုပ်ထားပေးပါ''

မခင်အုံး ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ယူဆောင်လာကြသည့် သေနတ်များကို ထုတ်ကာ တိုက်ချွတ်၊ ဆီကြွေး၊ ကျည်ဖြည့် အဆင်သင့် ဖြစ်အောင် လုပ်နေကြသည်ကို သူမတို့ ကြည့်ရင်း ပြုံးစိပြုံးစိ လုပ်နေကြသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့ကဲ့သို့ပင် သူမတို့ လုံ့တိုများထည့်လာသည့်ပလိုင်းများကို အသင့်ဖြစ်အောင်လုပ်နေစဉ် ကျွန်တော်က သူတို့ယူဆောင်လာသည့် လုံ့တိုနှင့် လုံ့ရှည်တို့ကို လေ့လာကြည့်လိုက်မိသည်။

မခင်အုံးခေါင်းဆောင်သော အဖွဲ့တွင် သူမတို့အဖွဲ့သား(၆)ဦး၊ လုံ့တို(၂၅)ချောင်း၊ လုံ့ရှည်တစ်ချောင်း၊ ခွေး(၈)ကောင်မှလွဲ၍ ထူးထူးခြားခြား ဘာကိုမှ မတွေ့ရသဖြင့် အံ့သြနေမိသည်။

သူမတို့ကိုင်ဆောင်ကြမည့် လုံ့တိုနှင့် လုံ့ရှည်များသည် ကျွန်တော်တို့ မြင်တွေ့နေကြသည့် ထောင်ချောက်ဆင်မုဆိုးများ ကိုင်ကြဲသည့်(ပစ်လုံ့၊ အောင်းလုံ့)မျိုးလည်းမဟုတ်၊ သတိထား ခန့်မှန်းကြည့်မိသည်က လုံ့တိုအချောင်း(၂၅)ချောင်းက တစ်ဦးလျှင် (၅)ချောင်းနှုန်းဖြစ်ပြီး အသွားက တစ်တောင်လက်နှစ်လုံးခန့်ရှိပြီး ဖျက်က လက်လေးလုံးခန့်၊ လက်ကိုင်ရိုးက တစ်တောင့်ထွာခန့်ရှိပြီး ဝါးကျစ်ဝါးနှင့်အရိုးတပ်ကာ ပြောင်ချောနေသည်။ ဝ
ရွက်ပုံသဏ္ဍာန် နှစ်ဖက်အသွား ချထာ
က ပြတ်ရ ထက်မြက်သည်။

လုံ့ရှည်က ဖြက်တစ်မိုက်ခန့်ရှိ
လုံ့သွားအရှည်က တစ်တောင်နှ
တစ်မိုက်ခန့်၊ လုံ့ရိုးက လက်တစ်ဆု
သာသာ၊ သစ်ကနက်သားနှင့်ပြုလု
ထားပြီး ဝါးပိုးဝါးရွက်ပုံသဏ္ဍာန်
ဖက်အသွား ချထားသည့်ပုံစံပင်။

ကျွန်တော်တို့အားလုံး နံနက်
ကို ဗိုက်ဖြည့်လိုက်ကြပြီး သူတို့ခြံ
နောက်ဘက်ရှိမအလယ်ကြောနှင့်
ဆက်တစ်စပ်တည်း ရှိနေသော
ကြီး'' ၏အောက်မြစ်ချောင်းတွင် လှ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်စုံ၊ ခွေးစုံနှင့် တောလမိုင်းတင်ခြင်းလုပ်ငန်းကို စတင်လိုက်ကြသည်။

ကြို့ပင်ကြီး၏ပင်စည်လုံးအောက်ခြေ မြေပြင်တွင် လုံတို(၂၅)ချောင်းနှင့် လုံရှည်(၁)ချောင်းကို မြေပြင်တွင်စိုက်ထားသလို၊ ပင်စည်လုံးတွင် သေနတ်များကို ပြောင်းပြန်မှေးကပ်လျက် မြေပြင်တွင် ကျည်များနှင့်အခြားအသုံးအဆောင်ပစ္စည်းများ စုံလင်စွာထားလိုက်ကြပြီး လူ(၁၁)ယောက်၊ ခွေး(၈)ကောင်၊ မြစ်စုံထက်တွင် မီးညှိထားသည့် အလင်းတိုင်၊ အမွှေးတိုင်၊ ဆေးပြင်းလိပ်၊ ပန်းကန်ပြားအတွင်း ကွမ်း၊ ဆေး၊ လက်ဖက်၊ အရက်ပုလင်း၊ ဖန်ခွက်၊ အမြည်းပန်းကန်တို့ကို အစီအရီချလိုက်ပြီး ကျော်စိုးက ...

"ကဲ ... တောလမိုင်းတင်မယ်၊ ဒီ တောလမိုင်းတင်တဲ့ပွဲမှာ ခုလို ပြောင်လိုက်ပွဲ မတွေ့ကြုံဖူးတဲ့ လူသစ်သုံးယောက်ပါလာတယ်။ သူတို့က လည်း သေနတ်ကိုင်မုဆိုးတွေ ဖြစ်ကြတော့ တောအတွေ့အကြုံနဲ့ပတ်သက်ပြီး အစိမ်းသက်သက်တွေ မဟုတ်ဘူး၊ သို့သော်လည်း ယခုလို ပြောင်လိုက်ပွဲမျိုးကို အတွေ့အကြုံမရှိပေမယ့် ကိုယ့်လုပ်ငန်းအတွက် အနှောင့်အယှက်မရှိဘူး။ သူတို့သုံးယောက်ကို သစ်ပင်ထက်တင်ထားပြီး လေ့လာကြရုံသက်သက်ပဲ။ ဒီတော့ အလိုက်သမားတွေကလည်း သူတို့ရှိရာဆီကို သတိထားကြ၊ လိုအပ်လာရင် အကူအညီပေးကြ၊ တောစည်းကမ်းကိုတော့ ဟိုကိုရောက်မှ ပြောပြမယ် ..."

ထိုသို့ပြောကာ ဆောင့်ကြောင့်ထိုင် ဦးသုံးကြိမ်ချကာ ခပ်တိုးတိုးပင်ပြောဆိုဆုတောင်းနေသည်မှ မကြားရ။ အတန်ကြာရွတ်ဆိုပြီး ဦးချကာ ခေတ္တစောင့်လိုက်ပြီး ဘေးဘယ်ညာသို့ စွန့်ကျဲကာ အဆုံးသတ်လိုက်သည်။

ကျွန်တော်တို့အဖွဲ့ ပစ္စည်းများကိုသိမ်း၊ ခွေးများကိုခေါ်လျက် ပြန်လာခဲ့ကြပြီး နောက်တစ်နေ့ထွက်မည့် ကိစ္စတို့ကို စီစဉ်ဆောင်ရွက်ကာ နားနေအိပ်စက်လိုက်ကြပေသည်။

§ § §

**မီးဝိုင်းထဲမှာလူစုပြီး**
**နေရာယူကြတဲ့အခါမှာ**
**ကိုယ်ကြိုက်တဲ့နေရာကို**
**အသေယူထားကြပါ။**
**အပြောင်းအလဲ**
**လုပ်လို့မရပါဘူး။**
**ကိုယ်ယူထားတဲ့နေရာမှာပဲ**
**ထမင်းစားရမယ်၊ အိပ်ရမယ်၊**
**ကိုယ်မျက်နှာမူပြီးတာ**
**မြောက်ဘက်ဖြစ်ပြီး**
**တောင်ဘက်ကိုပြောင်း**
**မျက်နှာမူတာကိုတောင်**
**ဒီတောက**
**မကြိုက်ဘူး...**

"အောက်အီးအီး ... အွတ်"

လင်းကြက်တွန်သံများကြောင့် ကျွန်တော်တို့ အိပ်ရာမှနိုးထခဲ့ကြသည်။ မျက်နှာသစ်ပြီးသောအခါ အဆာပြေဗိုက်ဖြည့်နေကြစဉ် မိန်းကလေးများက အိမ်ရှေ့ နွားလှည်းပေါ်သို့ တောတွင်းအသုံးအဆောင်ပစ္စည်းများ အသင့်တင်ထားပြီး ဖြစ်သည်။

အဆာပြေစားသောက်လိုက်ကြပြီးနောက် ကျွန်တော်တို့ အမျိုးသားချည်းလိုက်ပါကြသည့် လှည်းက ရှေ့မှသွားပြီး မိန်းမပျိုများ စီးနင်းလိုက်ပါသည့် လှည်းက နောက်မှလိုက်ကာ ဦးတည်ရာဆီသို့ စတင်ထွက်ခဲ့ကြပေတော့သည်။

နွေကာလပင်ဖြစ်စေကာမူ နံနက်ခင်းမို့ လှည်းလမ်းကြောင်းတွင် နှင်းတို့ ပက်ဖျန်းထားခြင်းခံရမှုကြောင့် မြေသင်းနံ့ကလေးများကို ရှူရှိုက်ရင်း သွားနေသော်လည်း ကျွန်တော်တို့ ဘယ်ဆီသို့ ဦးတည်သွားနေကြမှန်းမသိ။

နံနက်ခင်း ထွက်ပြူစအလင်းရောင်နှင့်အတူ လက်ဝဲလက်ျာတောကြီးအတွင်းမှ ဒေါင်းတွန်သံ၊ မျောက်အော်သံ၊ ကျေးငှက်သာရကာတို့၏ အော်မြည်ဟစ်ကြွေးသံများကို ကြားရစပြုပေပြီ။ နေ့သစ်တစ်နေ့ကို လှုပခြင်းများစွာနှင့် အစပြုပေပြီ။

လက်မှနာရီကိုကြည့်လိုက်တော့ (၇)နာရီပင်၊ ရောင်ခြည်သန်းစပြုသော်လည်း နှင်းရည်တို့က အထိုက်အလျှောက်ကျန်ရှိနေဆဲ၊ ဟိုးအဝေးတောင်တန်းပြာကြီးထက်တွင် ရောင်နီတို့က လှပစွာ တောက်ပနေသည်ကို တွေ့နေရသည်။



www.burmeseclassic.com

"ဝေါက် ... ဝေါက်"

"ဂူးဂဲ ... ဂူးဂဲ"

ခပ်လှမ်းလှမ်းဆီမှ ချေဟောက်သံ၊ ဝက်ဝံကြီးတို့ ဝမ်းရုပ်သံများကို ကြားနေရသည်။ ထိုစဉ် ကျွန်တော်တို့နှင့် လိုက်ပါလာသည့် ကျော်စိုးက ...

"အဘတို့အဖွဲ့ကို ပြောရဦးမယ်၊ ပြောင်လိုက်တဲ့လုပ်ငန်းကို ဒီမနက် အိမ်ကထွက်ကတည်းက စတယ်လို့ မှတ်ထားလိုက်ပေါ့နော်၊ ဒီတော့ အဘတို့အဖွဲ့ သူတို့လုပ်တာကို လေ့လာမှတ်သားကြပေါ့၊ စကားပြောရင် အမှားပါမှာစိုးလို့ပါ။ တတ်နိုင်ရင် စကားနည်းနိုင်သမျှ နည်းပြီး မပြောတာအကောင်းဆုံးပါပဲ။ မေးချင်တာရှိတာကို အိမ်ရောက်တော့မှ မေးကြပေါ့။

နောက်တစ်ချက်မှာရဦးမယ်။ ခုသွားနေတာ စခန်းချမယ့်နေရာကို မရောက်ဘူး၊ လမ်းမှာညအိပ်ရမယ်။ မီးဝိုင်းထဲမှာလူစုပြီး နေရာယူကြတဲ့အခါမှာ ကိုယ်ကြိုက်တဲ့နေရာကို အသေယူထားကြပါ။ အပြောင်းအလဲလုပ်လို့မရပါဘူး။ ကိုယ်ယူထားတဲ့နေရာမှာပဲ ထမင်းစားရမယ်၊ အိပ်ရမယ်၊ ကိုယ်မျက်နှာမူပြီးတာ မြောက်ဘက်ဖြစ်ပြီး တောင်ဘက်ကိုပြောင်း မျက်နှာမူတာကိုတောင် ဒီတောက မကြိုက်ဘူး။ လက်မခံဘူး။ ခုလိုပြောပြနေရတာက သိရှိဖို့နဲ့လိုက်နာမှတ်သားဖို့ ပြောပြနေတာပါ။ ဆင်ခြင်နိုင်အောင်ပေါ့ ..."

ကျော်စိုးပြောနေသည့် စကားကြောင့် ကျွန်တော် အတော်ပဲမျက်လုံးပြူးသွားမိသည်က အမှန်ပင်။ အဘယ့်ကြောင့်ဆိုသော် နေရာအနှံ့ တောပေါင်းစုံကို ကျွန်တော်တို့ ဝင်ရောက်ပစ်ခတ်ခဲ့ဖူးကြသည်။ ယခုကဲ့သို့ တင်းကျပ်သည့် စည်းကမ်းထားသည့်တောမျိုးကို မတွေ့ကြုံဖူးခဲ့ကြ။ သို့အတွက် စိတ်တွင်းက သည့်ခရီးကို လိုက်လာခဲ့မိသည်မှာ မှားနေပြီဟူ၍ တွေးလိုက်မိသော်လည်း မထူးတော့ပြီမို့ သူတို့စည်းကမ်းအတိုင်း လိုက်နာရန် ခေါင်းငြိမ့်လိုက်ရပေတော့သည်။

ရွက်လည်းမြိုင်မြိုင် ပင်လည်းစိပ်စိပ် တောရိပ်တောင်ရိပ်ထဲသို့ တဖြည်းဖြည်းရောက်လာခဲ့ကြသည်။ လှည်းလမ်းဝဲယာရှိ သစ်ရိုင်းပင်ကြီးတို့ထက်တွင် ကြွေကျထားသည့် သစ်ရွက်ခြောက်တို့မှာ တောမီးလောင်ကျွမ်းထားခြင်းကို ခံထားကြရသဖြင့် အပြင်ကို ထိုးထွက်နေသည့် 'ပုတက်စာပန်းဖြူဖြူ' ကလေးများ၊ ဇရစ်ရိုး၊ ဂုံမင်း၊ တောက်တာ၊ ဖလံတောင်မွှေး တို့အပြင် အခြားသော စားကောင်းသည့်ဟင်းလျာပင်များကို တွေ့မြင်နေရသည်။ သစ်ပင်ကြီးများထက်တွင်လည်း 'မြတ်လေး၊ သရဖီ၊ ရင်ကပ်၊ သစ်ခွ' ရောင်စုံပန်းများအပြင် တောပန်းတောင်ပန်းများက အလှပန်းဆင်နေကြသည်။ ဆက်လက်မောင်းနှင်နေကြရင်း နေ့လယ်(၁)နာရီလောက်တွင် အရိပ်ရအပင်ကြီးအောက် မြေပြောင်ပြောင်တွင်နားလျက် ခွေးနှင့်နွားများကို အစာကျွေးလိုက်ပြီး ထမင်းစားသောက်လိုက်ကြသည်။

ကျွန်တော်တို့ ထမင်းစားသောက်ပြီးကြသော်လည်း နွားများအတွက် နေပူသဖြင့် နားလိုက်ပြီး ညနေ(၃)နာရီတွင် ခရီးစတင်လိုက်ကြပြန်သည်။ လျှိုမြောင်၊ တောင်တန်း၊ တောင်သွယ်များကိုဖြတ်ကျော်ကာ ညနေ(၅)နာရီတွင် ကုန်းပြောင်ပြောင်အထက်တွင် စခန်းချရန် ရပ်နားလိုက်ကြပေသည်။

"ကဲ ... စခန်းကို မီးဝိုင်းဖို့ ထင်းခြောက်တွေ ကောက်ကြရအောင်"

အမျိုးသမီးခေါင်းဆောင် 'ခင်အုံး' က အဖွဲ့သားတွေကို ပြောလိုက်သဖြင့် လှည်းတပ်နွားများကိုဖြုတ်ပြီး ချည်နှောင်သလို၊ ခွေးများကိုလည်း နေရာခွဲ ချည်နှောင်ထားလိုက်ကြပြီး အားလုံးပင် ဝန်းကျင်တွင် ထင်းခြောက်များကို လိုက်လံရှာဖွေ ကောက်ယူလိုက်ပြီး ထိုကုန်းထက်တွင် စည်းဝိုင်းပုံသဏ္ဍာန်ရ ပုံကာ ထိုမီးဝိုင်းအတွင်း လူများ၊ နွားများနှင့် ခွေးများ ဝင်ရောက်နေရာယူကာ ညစာကို ချက်ပြုတ်လိုက်ကြရင်း မီးဝိုင်းကို စတင်မီးရှို့လိုက်ကြပေတော့သည်။

တော်နေသေးသည်က လမ်းတွင် ကျော်စိုးပြောသလို နေရာက် တစ်သမတ်တည်း ပုံသေယူရခြင်းမျိုး မဟုတ်။ အထိုင်ချလိုက်ကြမည့်(စခန်း) ဆီ ရောက်တော့မှ သူပြောသည့်ပုံစံမျိုး နေရာယူကြရမည့်အသွင်ပင်။

စုပုံဝိုင်းပတ်ထားသည့် မီးဝိုင်း ထင်းခြောက်များ စတင်မီးစွဲသည့် အချိန်သည် အမှောင်ထုက မင်းမူလာသည်။ မီးဝိုင်းတွင်ရှိသည့် ထင်းများ မီးအရှိန်တက်နေချိန် ခပ်လှမ်းလှမ်းဆီ သားကောင်ကြီးများ၏ မာန်ဖီသံများ၊ ဝမ်းရုပ်သံများ၊ ဝံပုလွေ အူသံများ၊ တောခွေးအုပ်နှင့် ခွေးအုပ် အူသံများ စတင်ကြားလာရသည်။

ကျွန်တော်တို့နေရာယူထားသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကုန်းမြင့်ထက်ဆီမို့ ဝန်းကျင်ကို အပေါ်စီးမှ လှမ်းမြင်တွေ့နေရသည်။ ကြားနေရသောအသံတို့ကလည်း ချောက်ခြားစရာဖြစ်သလို ကြာတော့ စိတ်အားငယ်လာရသည်။ အဘယ့်ကြောင့်ဆိုသော် အရေးအကြောင်းဖြစ်လာပါက မိန်းကလေးများကိုင်ဆောင်ကြသည့် လှံရှည်နှင့် လှံတိုများသာ သုံးကြရမည်။ ကျွန်တော်တို့(၃)ဦးတွင် အားကိုးလောက်သည့်သေနတ်များ ပါလာသော်လည်း 'ခင်အုံး'က ပစ်ပါဆိုမှ ပစ်ခွင့်ရမည့်အနေအထားအဖြစ်ကို ပြန်တွေးလျှင် အားငယ်လာမိသော်လည်း တစ်စုံတစ်ရာအရေးအကြောင်းဖြစ်လာပါက နောင်ခါလာ နောင်ချေးသဘောထားကာ ကိုင်ဆောင်ထားသည့်သေနတ်ကို အားကိုးတကြီး တင်းတင်းဆုပ်ကိုင်ထားမိပေသည်။

အောက်ဘက်ခပ်လှမ်းလှမ်းတွင် သရောင်ဖြင့် လှမ်းမြင်တွေ့နေရသည့် တောချုံပင်များ၊ ကိုင်းပင် ကျူပင်တို့ကို မြင်တွေ့နေရသည်။ ကိုင်းပွင့်ဖြူဖြူတို့ကလည်း လေအတိုးတွင်ယိမ်းထိုးလှုပ်ရှားနေသည်ကို သတိပြုမိသည်။ ဝန်းကျင်တစ်ဝိုက် အပင်ကြီးတို့က ကျိုးတိုးကျဲတဲပေါက်နေကြသည်ကိုလည်း တွေ့လိုက်ရသည်။ ထိုစဉ် ...

"ဝိစီဒီးဒုတ် ... ဝိစီဒီးဒုတ်".

ဒီးဒုတ်ဖိုမအော်မြည်သံကိုနားဆင်ခြင်း တစ်ညတာသံသရာကိုဖြတ်ကျော်ရ ကျွန်တော် တွေးတောနေလိုက်သည်။ ထိုစဉ် အစ်ကိုကြီးဦးသိန်းလွင်က ကျောပိုးအိတ်အတွင်းမှ ပုလင်းကိုထုတ်ကာ ဖန်ကျည်တောက်အတွင်းထည့် ရေရောကာ မော့လိုက်ပြီး ကျွန်တော့်ကို လှမ်း

ပြောင်သေကြီး
(၅)ကောင်မှာ ကိုက်တစ်ရာ
အဝင်းဝိုင်းအတွင်း
အသက်ပျောက်လဲကျ
သေဆုံးနေကြသည်မို့
သခင်ရှိရာဆီကို
လမ်းကြောင်းတည့်အောင်
မောင်းသွင်းပေးနိုင်ကြသည့်
ပန်းခွေး၊ လိုက်ခွေး၊
ကိုက်ခွေး (၇)ကောင်နှင့်
အမျိုးသမီးမုဆိုးမများတို့၏
အစွမ်းအစကို
ကျွန်တော်တို့
မအံ့ဩဘဲမနေနိုင်အောင်
ဖြစ်ခဲ့ကြသည်
...

ပေးသည့်အတွက် လှမ်းယူမော့ချလိုက်သည်။ အဘကောင်းက သောက်မည့်အလုပ်တွင် ခေါင်းဆောင်ဖြစ်သူ 'မခင်အုံး'က ကျွန်တော်တို့အနီး ရောက်လာပြီး ပြောလိုက်သည်က ...

"အစ်ကိုတို့ကလည်း အမဲပစ်သမားတွေဆိုတော့ ပြောင်လိုအကောင်ကို ပစ်ခဲ့ဖူးကြမှာပါ။ ကျွန်မတို့ကလည်း ပြောင်ကိုလိုက်ပြီး လှံနဲ့ထိုးသတ်နေကြသူတွေပါပဲ။ သတ်ကြတာချင်းတော့ မတူကြဘူးပေါ့နော်။ ကျွန်မတို့အဖွဲ့က ဒီအလုပ်နဲ့ပဲ အသက်မွေးဝမ်းကြောင်းလုပ်ကြပါတယ်။ ဆိုတော့ လုပ်ပုံလုပ်နည်းကို လေ့လာကြည့်ပါနော်၊ အသံ



www.burmeseclassic.com

www.burmeseclassic.com



သူပြောပြနေသည့်အချိန် ဝန်းကျင်တစ်ဝိုက် ဟိုအနားသည်အနားဆီတို့မှ ကျားဟိန်းသံ၊ မာန်ဖီသံ၊ ကျားသစ် ဝမ်းရုပ်သံများ ကြားလာရသလို မီးပိုင်းအပြင် ကုန်းအောက်တောချုံပုတ်များအတွင်းမှ ချိုးချိုးချွတ်ချွတ်အသံများ မျိုးစုံပေါ်လာသည်။ သို့အတွက် နွား(၄)ကောင်ကလည်း စားမြုံ့ပြန်နေရင်း အနံ့ရသဖြင့် ခေါင်းတထောင်ထောင် လယ်တဆန့်ဆန့် ဂနာမငြိမ်သလို၊ ခွေးတွေလည်း တစ်ကောင်နဲ့တစ်ကောင် ပူးကပ်မာန်ဖီ ရန်ဆောင်နေကြသည်။

"စိစိမ၊ ကရင်မတို့ရေ ဝါးဆစ်ပိုင်းတွေ လိုက်ထည့်ကြဟေ့"

မခင်အုံးပြောလိုက်သည့်စကားကြောင့် မိန်းကလေး(၅)ဦးနှင့် ကျွန်တော်တို့အပါအဝင် မီးပိုင်းအတွင်းသို့ ဝါးဆစ်ပိုင်းများ လိုက်လံထည့်လိုက်ကြမှသည်။ ထိုစဉ် ....

"အမှန်တော့ ဒီအကောင်ကြီးတွေက မီးကိုသိပ်ကြောက်တာမဟုတ်ဘူးလေ"

"ဟုတ်လား ... ဘာကြောင့်လဲ မခင်အုံး"

"မီးပိုင်းထဲမှာတွေ့နေရတဲ့လူကိုကြောက်တာရှင့်၊ လူဆိုတာက သူတို့ထက် ဉာဏ်ရည်သာတယ်လေ။ ဒါကြောင့်ပေါ့ ..."

ညဥ့်အတော်နက်လာသည်နှင့်အတူ မီးပိုင်းအတွင်းထည့်ထားသော ဝါးဆစ်ပိုင်းတို့မှာ 'တဖောင်းဖောင်း တဖျောင်းဖျောင်း' ပေါက်ကွဲသံများကြောင့် စောစောကကြားနေရသည့် အသံတို့ တဖြည်းဖြည်းပါးသွားသလို ဝေးလံသွားကာ ပျောက်ကွယ်သွားသည်။

တဖြည်းဖြည်း ထိုအသံတို့အစား 'ပုဇဉ်းရင်ကွဲအော်သံ၊ ပုရစ်သံ' များ ညံလာပြန်သည်။ မီးပိုင်းအတွင်း ထင်းခြောက်များ မပြတ်တန်းထည့်ပြီး စောင့်ကြည့်ရင်း တုန်လှုပ်ထိတ်လန့်ဖွယ်ရာညတစ်ညကို ဖြတ်ကျော်ခဲ့ကြပေသည်။

နံနက်မိုးလင်းတော့ ထိုနေရာတွင်ပင် မိန်းကလေးများက မနက်စာကို ချက်ပြုတ်လိုက်ကာ ဗိုက်ဖြည့်စားသောက်ကြပြီး ဦးတည်ရာကို ထွက်ခွာလာခဲ့ကြပေသည်။ ညနေပိုင်းတွင် စခန်း(အထိုင်ချရာ) ဆီသို့ ရောက်ရှိလာကြသည်။ စခန်းချသောနေရာအပြင် ထိုနေရာကိုမကျွမ်းကျင်သဖြင့်၊ ဘယ်နေရာဆီသို့ရောက်နေကြောင်း ကျော်စိုးနှင့်တင်လှကို မေးကြည့်လိုက်တော့ ....

"ကျွန်တော်တို့ နွားအရောင်းအဝယ်လုပ်ကြတဲ့နေရာပဲ၊ ဒီနေရာကစပြီး သားကောင်ကြီးတွေဖြစ်တဲ့ ပြောင်နဲ့စိုင်တွေရဲ့ စားကျက်ကွင်းပေါ့"

သူတို့ပြန်ဖြေလိုက်သော်လည်း ကျွန်တော်တို့ဘာမှမသိ၊ သစ်ပင်အုပ်အုပ်ကြီးတစ်ပင်အောက်တွင် စခန်းချလိုက်ပြီး နံနက်စာကိုစားသောက်ကြကာ ညပိုင်းအတွက် မီးပိုင်းရန် ထင်းများအလုံလောက်ရှာဖွေ စုဆောင်းလိုက်ကြသည်။

"ကျွန်တော်တို့ ဒီမှာအထိုင်ချရမယ် ဆိုတော့ အဘကောင်းတို့ သုံးယောက်က မီးပိုင်းအတွင်းနေရာယူတဲ့အခါ ဘယ်နေရာကိုမျက်နှာမူပြီး ယူကြမယ်ဆိုတာကို စဉ်းစားထားပါ။ ပုံ
သေယူထားရမှာနော် ..."

ကျော်စိုးပြောသည့်စကားကြောင်
ကျွန်တော်တို့က ခေါင်းငြိမ့်ပြလိုက်ပြ
သစ်ပင်အုပ်အုပ်ကြီးဝန်းကျင်တွင် ပိုင်
ပတ်လျက် မီးပိုင်းအတွက်ရှာဖွေထာ
သည့် ထင်းများကို စုပုံပိုင်းလိုက်ကြ
သည်။ ထိုစဉ် အဘကောင်းက ..

"ကိုသိန်းလွင်နဲ့ဘိုလေး....၊
တို့က သေနတ်သမားတွေဆိုတော
လေးဘက်လေးတန်ကိုမှူပြီး နေရာ
ကြရမယ်နော် ..."

လိုက်ပါလာခဲ့ကြသည့် မခင်
ခေါင်းဆောင်သောအဖွဲ့သား အမျိုး
မီးငယ်(၅)ဦးမှာ ကျွန်တော်အကဲ
ကြည့်ရသလောက် ဖြတ်လတ်သွ
လတ်သည့် အမျိုးသမီးများပင် ဖြစ်
သည်။ ပြောင်နောက်လိုက်ကြမည့်
ကိုတော့ မမြင်ရသေးသဖြင့် ပြော
မရသေး။ နွားများနှင့်ခွေးတို့ကို မီး
အတွင်းမဝင်မီ အစာကျွေးနေ
သည်။ ပြီးနောက် ကျွန်တော်တို့ ထ
စားသောက်ပြီးချိန် ညနေ(၅)နာရီ
သည့်အတွက် အမှောင်ဘက်ကိုလှ
ပြီမို့ မီးပိုင်းအတွင်းဝင်ကာ မီးပိုင်း
ရှိ ထင်းခြောက်များကို စတင်မီးရှို့
ပုံသေနေရာများတွင် ထိုင်လိုက်ကြ
တော့သည်။


စာမျက်နှာ ၁၇၅ တွင်
ဆက်ဖတ်ပါရန်



www.burmeseclassic.com

www.burmeseclassic.com





# မြူးရဲသန့်

## ကျေးလက်စုံထောက် မောင်တောကျော် နှင့် လျှာပေါ်မြက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

နံ့ဆောက်ရှသ

အမှောင်တစ်ဝက် အလင်းယှက်သမ်းနေသည့် လဆန်းရက်၏ ညတစ်ည။ ရွာလူကြီး ဦးဘမောင်၏ အိမ်ဦးခန်းတွင် ဘက်ထရီမီးရောင်အောက်၌ ရေနွေးကြမ်းသောက်ရင်း စကားပိုင်းမှာ အရှိန်ရနေ၏။ ရွာလူကြီးဦးဘမောင်၊ လူပျိုကြီးကိုတောကျော်နှင့် ရွာထဲမှ လူကြီးနှစ်ဦးတို့ ယခုနှစ်အတွက် ပဲဈေး၊ စပါးဈေးများအကြောင်းကို ပြောဆိုလို့ နေကြ၏။

"ကျွန်တော် ... တမြန်နေ့က မြို့ပေါ်တက်ရင်း ဝယ်လာတဲ့စာစောင်မှာ မြန်မာနိုင်ငံက လယ်ယာသီးနှံတွေကို နိုင်ငံခြားက ဝယ်ယူမယ့်အခြေအနေပဲ၊ ဒါဆိုရင်တော့ ... ဒီနှစ် ပဲဈေးစပါးဈေးက ကောင်းမှာတော့ သေချာသလောက်ပဲဗျ ဦးလေးတို့ရဲ့"

"ဟုတ်လား ... ဝမ်းသာစရာပဲ မောင်တောကျော်ရယ်၊ မင်းက စာဖတ်သူဆိုတော့ မင်းပြောတဲ့ သတင်းဆိုရင် တို့က ယုံပြီးသားပဲ၊ ကျုပ်တို့ကတော့ စာဆိုရင် အရုပ်များမှ ကြိုက်တာကိုး၊ အများကြီးရေးထားရင် တယ်ပြီးတော့ မဖတ်ချင်ဘူးကွဲ့ ... ဟဲ .. ဟဲ"

လူကြီးနှစ်ယောက်ထဲမှ တစ်ယောက်က ပြောလိုက်ရာ ကျန်လူများက ရယ်မောကြတော့၏။ ဦးဘမောင်ကလည်း အားကျမခံ။

"အင်း ... ခင်ဗျားကလည်း ကျုပ်နီးနီးပဲကိုး၊ ဇာတာပါလို့သာ ရွာလူကြီးဖြစ်နေတာ .. စာဖတ်တော့ .. အပျင်းသားပဲ၊ ကျုပ် ... ငယ်ငယ်က ဆို စာကျက်ပျင်းလို့ ရွာဦးကျောင်းဆရာတော်က တုတ်နဲ့ဆော်တာ ခဏ ခဏပဲဗျ"

ဦးဘမောင်စကားကို နောက်လူကြီးတစ်ယောက်က–

"ရွာလူကြီးဖြစ်မယ့်သူမို့ .. အိုးကောင်းနာနာ ရိုက်တာနေမှာပါ"ဟု ထောက်လိုက်သဖြင့် ရယ်မောကြပြန်သည်။ ရယ်မောနေရင်းမှ ကိုတောကျော်က မျက်နှာပိုးသပ်ရင်း–

"အင်း .. အချိန်ကာလအလိုက် မျက်ခြေမပြတ်ဖို့ဆိုတာ ကျွန်တော်တို့ကျေးလက်လူထုအဖို့ စာ:ပေဟာ ခိုင်မာတဲ့ကြိုးတစ်ချောင်းပဲ၊ ကမ္ဘာအရပ်ရပ်မှာ ထွန်းကားနေတာတွေ၊ ပြောင်းလဲနေတာတွေကို စာပေကတစ်ဆင့် သိနိုင်တယ်လေ၊ စာပေကို လက်လှမ်းမီသလောက် လေ့လာထားရင် ဘယ်ကိစ္စမျိုးမဆို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိရှိလာနိုင်တယ် ဦးလေးတို့ရဲ့၊ ဒါကြောင့် နည်းနည်းဖတ်ရင် နည်းနည်းသိမယ်၊ များများဖတ်ရင် များများသိနိုင်မယ်ပေါ့ဗျာ"

"ဟုတ်လိုက်လေ ... မောင်တောကျော်ရယ် ... ကဲ .. ကျုပ်တော့ အိမ်ပြန်ရောက်ရင် ကျုပ်မြေးမငှားလာတဲ့ ကာတွန်းစာအုပ်ကို စပြီး ဖတ်တော့မယ်ဗျာ"

စာဆိုလျှင် အရုပ်များမှဟု ပြော ခဲ့သော လူကြီး၏ ခပ်တည်တည်အ ပြောကြောင့် မောင်တောကျော်အပါအ ဝင် ကျန်လူများပါ မျက်နှာရှုံ့သွားရ၏။ "တော်တော် တိုးတက်ဦးမယ်"ဟု ဦး ဘမောင်က ပြောလိုက်သဖြင့် ရယ်ကြ ရပြန်သည်။ ပြောလိုက်၊ ရယ်လိုက် ရေနွေးကြမ်းသောက်လိုက်နှင့် အရှိ ကောင်းနေကြစဉ် အိမ်ရှေ့ဆီမှ ကျွက် စီ ကျွက်စီအသံများ ပေါ်လာသဖြ ခေတ္တနားစွင့်လိုက်ကြ၏။ ဦးဘမော က အိမ်အောက်သို့ လှမ်း၍ အသံပြ လိုက်သည်။

"ဟေး .. သာအေးရေ .. အိမ် ရှေ့က ဘယ်သူတွေလဲကွ၊ ဘာဖြစ်နေ ကြတာလဲ"

"မတ်ပဲပင် သူခိုးတွေ တွေ့လို့တဲ ဦးလေးရေ ... လူတော့မမိဘူးတဲ့ ပစ္စည်းပဲကျန်ခဲ့လို့ လာပြီး တိုင်တာတဲ့"

ခြံဝဆီမှာ ရောက်နေနှင့်သော သာအေးက လှမ်းပြောလိုက်၏။ ဦးဘ မောင်က–

"ဟေ ... ဟုတ်လား၊ ဒါဆိုရင် အိမ်ပေါ်ကို ခေါ်ခဲ့ကြလေကွယ်"

"ဟုတ်ကဲ့ ဦးလေး"

သာအေး ခြံတံခါးဖွင့်ပေးလိုက်သ ဖြင့် လူသုံးဦးဝင်လာသည်ကို လရောင်


www.burmeseclassic.com

www.burmeseclassic.com


မှုန်ဝါးဝါးအောက်တွင် လှမ်း၍ မြင်နေရသည်။ ယောက်ျားနှစ်ယောက်နှင့် မိန်းမတစ်ယောက်။ ယောက်ျားများ လက်ထဲ၌ အထုပ်ကြီးတစ်ထုပ်စီ စွဲကိုင်လာ၏။ အလင်းအားနည်းနေ၍ မည်သူတွေမှန်း မသိကြ။ လှေကားမှ နင်းတက်လာသော ခြေသံများကြားလိုက်ရပြီး အိပ်ခန်းဝ၌ ပေါ်လာကြတော့သည်။ ရေနွေးကြမ်းဝိုင်းမှ အားလုံးအကြည့်က အိမ်တံခါးဝဆီ ရောက်ကုန်၏။

"ဩော် . . . ဘယ်သူတွေများလဲလို့ . . ဒေါ်စပ် . . အဲ . . ကုန်စုံဆိုင်ပိုင်ရှင်နဲ့ ချိုဦးတို့ ငွေငြိမ်းတို့ပါလား။ လာ . . လာ . . ထိုင်ကြပါ၊ ဖြစ်ကြောင်းကုန်စင်လေးကိုလည်း ပြောကြပါဦးကွဲ့"

အိမ်အတွင်း ဝင်လာကြသူများမှာ ရွာအရှေ့ပိုင်းမှ ချိုဦးနှင့် ငွေငြိမ်းတို့အပြင် ရွာထဲဈေးဆိုင်မှ ဒေါ်စပ်စုကြီးတို့ပင်။ ရွာလူကြီးက သုံးဦးစလုံးကို ထိုင်ခိုင်းလိုက်၏။ ဒေါ်စပ်စုကြီးက ရေနွေးကြမ်းဝိုင်းရှိ လူများကို ကြည့်လိုက်ရင်း–

"ဟော . . အတော်ပဲ၊ စုံထောက်ကျော်ကြီးလည်း ရောက်နေတာကိုး၊ အဖြစ်ကတော့လေ . . ပြောပဲ မပြောချင်တော့ပါဘူးရှင်"

ဒေါ်စပ်စုကြီးမှာ မပြောချင်တော့ပါဘူးဟု စကားကို ခင်းလိုက်သော်လည်း သူမတစ်ယောက်တည်းသာ တရစပ် ပြောပြလေတော့သည်။

သူမမှာ နွေရာသီမို့ ပူအိုက်လွန်း၍ ဆိုင်ကို စောစောသိမ်းကာ အိမ်နောက်ဖေးလယ်ကွင်းစပ်၌ လေညင်းခံနေကြောင်း။ ည ၈ နာရီဝန်းကျင်ခန့်တွင် မှုန်ဝါးဝါးလရောင်အောက်၌ အထုပ်ကြီးတစ်ထုပ်ထမ်းထားသည့် လူတစ်ယောက် ရွာနားသို့ တရွေ့ရွေ့ ကပ်လာကြောင်း၊ သူမမှာ မသင်္ကာဖြစ်မိကြောင်း၊ ထို့ကြောင့်ပင် သူမအသံ ခပ်ကျယ်ကျယ်ဖြင့်–

"ဟေ့ . . . အဲဒါ ဘယ်သူလဲ၊ ဘာတွေ သယ်လာတာလဲ"ဟု လှမ်း၍ မေးမိကြောင်း။ ထိုသူမှာ သူမ၏အသံကို ကြားလျှင် အထုပ်ကြီးကို ပစ်ချကာ ထွက်ပြေးသွားကြောင်း။ မရှေးမနှောင်းမှာပင် လူနှစ်ယောက် ဓာတ်မီးများဖြင့် ပြေးလာသဖြင့် လှမ်း၍ မေးလိုက်ပြန်ရာ ချိုဦးနှင့် ငွေငြိမ်းတို့ ဖြစ်နေကြောင်း၊ အထုပ်ကြီးကို သုံးယောက်သား ဖွင့်ကြည့်ကြရာ အသီးမခြွေရသေးသော မတ်ပဲပင်များဖြစ်ကြောင်း ကရားရေလွှတ် ပြောပြလေတော့သည်။

ဒေါ်စပ်စုကြီးမှာ စကားကို အဆုံးသတ်လိုက်ပြီး ပါးစောင်အစပ်မှ တံတွေးများကို လက်ဖြင့် သုတ်ပစ်လိုက်၏။ အာခြောက်သွားသည်လားမသိ။ ရေနွေးကြမ်းနှစ်ခွက်သုံးခွက်ခန့် ဖိသောက်နေတော့သည်။ ရွာလူကြီး ဦးဘမောင်က ချိုဦးနှင့်ငွေငြိမ်းကို ကြည့်လိုက်ရင်း–

"မောင်ရင်တို့နှစ်ယောက်က . . ဓာတ်မီးနဲ့ ပြေးလာကြတယ်ဆိုတာ ဘယ်လိုကြောင့်လဲ၊ လင်းစမ်းပါဦးကွ"

"ဒီလိုပါ ဦးလေး . . . ကျွန်တော်တို့ လယ်ကွင်းထဲက နုတ်ပြီးသား မတ်ပဲပင်တွေ ဟိုတစ်ပုံ၊ သည်တစ်ပုံ ကွက်ပြီး ပျောက်နေတာမို့ လယ်နီးချင်း ငွေငြိမ်းကို အဖော်ညှိပြီး ဒီည သူခိုးချောင်းဖို့ ရွာထဲက ထွက်လာခဲ့တာပါ"

ချိုဦး၏ရှင်းလင်းချက်က လိုရင်းမရောက်သေးသဖြင့် ငွေငြိမ်းက ကြားဝင်၍ စကားကိုဆက်၏။

"ဖြစ်စဉ်က . . . မတ်ပဲသူခိုးချောင်းဖို့ ကျွန်တော်တို့ ရွာကအထွက် ဟောဒီက အစ်မကြီးရဲ့အော်လိုက်သံကို ကြားလိုက်ရတယ်၊ ကျွန်တော်တို့လည်း ဓာတ်မီးတွေဖွင့်ပြီး အော်သံကြားတဲ့ဆီကို ပြေးသွားခဲ့တာပါ၊ အဲဒီမှာ . . . အထုပ်ကြီးကို ပုဆိုးကွင်းနဲ့ထုပ်ထားတာ ဒီက အစ်မကြီးက ဖြည်ကြည့်ကြမယ်ဆိုပြီး ဖြည်ကြည့်တော့မှ မတ်ပဲပင်တွေ ဖြစ်နေတယ်၊ အဲဒီ . . မတ်ပဲပင်တွေကလည်း ဟောဒီ ချိုဦးရဲ့လယ်က မတ်ပဲပင်တွေ ဖြစ်နေတယ်"

ရွာလူကြီး ဦးဘမောင်က မျက်မှောင်ကို ကျုံ့လိုက်ရင်း–

"နေပါဦးကွ . . . ချိုဦး မင်္ပဲပင်ဆိုတာ ဘယ်လိုသိလဲ"

"သိတာပေါ့ ဦးလေးရယ် . . . ချိုဦးရဲ့မတ်ပဲက 'တီနွယ်' အမျိုးအစားဖြစ်ပြီး . . . ဒီနယ်မှာ ဒီမျိုးကို သူတစ်ယောက်တည်းပဲ စိုက်တာ၊ အပင်လည်း ရှည်ပြီး . . . အသီးတွေက ခဲနေတာပဲ"

ရွာလူကြီးက ခေါင်းကို လက်နှင့်ပွတ်ရင်း ကိုတောကျော်ကို ကြည့်လိုက်သည်။ တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော ကိုတောကျော်က သူ၏ရှိစုမဲ့စု နုတ်ခမ်းမွှေးကို လက်ဖြင့် သပ်လိုက်ရင်း–

"ကဲဗျာ . . . ဟောဒီက အစ်မကြီး လှမ်းတွေ့လို့ရလိုက်တဲ့ အထုပ်အပြင် . . . ဟိုတစ်ထုပ်က ဘယ်ကရလာတာလဲ'


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ... ကျုပ်နဲ့ ချိုဦး ဟောဒီ အစ်မကြီးဆီမှာ အထုပ်အပ်ခဲ့ပြီး သိပ်ပြီးမဝေးလှတဲ့ ကျုပ်တို့ လယ်ကွင်းတွေဆီ သုတ်ခြေတင်ခဲ့တာ ထင်တဲ့အတိုင်းပဲ၊ ပဲပင်အပုံတွေ ပျောက်နေတာ တွေ့ရတယ်၊ ခြတ်မီးဝေ့ပြီး လှည့်ပတ်ထိုးကြည့်တော့ ... အထုပ်ကြီးနဲ့လူတစ်ယောက် ကောက်ရိုးပုံတွေဘေး စေ့စပ်အောင် ရှာလိုက်တာ ဖွက်ထားခဲ့တဲ့ ဒီအထုပ်ကို ရခဲ့တာပဲ၊ လူကတော့ ... အရိပ်အယောင်တောင် မတွေ့ရတော့ဘူး"

"ဟုတ်တယ် ... ကိုတောကျော်ရေ .. ငွေငြိမ်းပြောသလို လူကို မတွေ့ရပေမယ့် သေချာတာကတော့ သူနိုးကနှစ်ယောက်ဖြစ်မယ်ဗျ၊ အင်း ... ကျုပ်တို့ ထင်တဲ့အတိုင်း ဆိုရင်တော့"

ကိုတောကျော်က ချိုဦးစကားကို လက်ကာပြရင်း ဟန့်တားလိုက်၏။ ပြီးလျှင်–

"ကဲ ... ခင်ဗျားတို့နှစ်ယောက် ကျုပ်နဲ့လိုက်ခဲ့၊ ပြီးတော့ ... ကောက်ရိုးပုံမှာတွေ့ခဲ့တဲ့ အထုပ်ပါယူခဲ့ပါ၊ ဦးလေးရေ ... ရွာဘေးကရခဲ့တဲ့ အထုပ်တော့ ထားခဲ့မယ်ဗျာ၊ ကဲ .. အားလုံးပဲ ခွင့်ပြုပါဦး"

ကိုတောကျော်က ပြောပြောဆိုဆို အိမ်ပေါ်မှဆင်းသွား၏။ ချိုဦးနှင့် ငွေငြိမ်းတို့လည်း အထုပ်ကြီးကိုဆွဲ၍ ခပ်သုတ်သုတ် ထ၍ လိုက်သွားတော့သည်။ ဒေါ်စပ်စုကြီးမှာ သူမရှေ့မှ ရေနွေးကြမ်းခွက်ကို ကမန်းကတမ်း ကောက်မော့ပြီး–

"ဟဲ့ ... ဟဲ့ ကျုပ်လည်း ပြန်ပြီး လိုက်မှာပေါ့၊ ဟွန်း ... သူတို့ကိစ္စပြီးတော့ ... ခေါ်ဖော်တောင်မှ မရကြတော့ဘူး"

ထဘီစွန်တောင်ဆွဲဖြင့် အိမ်ပေါ်မှ ပြေးဆင်းသွားသော ဒေါ်စပ်စုကြီးကို ကြည့်ရင်း ဦးဘမောင်နှင့် လူကြီးနှစ်ယောက်မှာ ရယ်မောကာ ကျန်ရစ်ခဲ့တော့သည်။

\+ + +

"လုံးဝ .. ဝန်မခံနိုင်ဘူး ဦးလေးရာ ... လျှာပေါ်မြက်ပေါက်ချင်ပေါက်သွားပါစေ၊ ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ခုလို ခေါ်ပြီး အမေးခံရတာတောင် ကျုပ်တို့ သိက္ခာကျလှပြီဗျာ"

မောင်စည်၏ ခပ်တင်းတင်းအပြောကြောင့် ရွာလူကြီးဦးဘမောင်မှာ 'မှားများနေပြီလား' ဟူသော အတွေးက ခေါင်းထဲ ပြေးဝင်လာ၏။ ခပ်ပြောင်ပြောင်ခေါင်းတုံးကို လက်ဝါးဖြင့်ပွတ်ရင်း ကိုတောကျော်ဆီသို့ အကြည့်ကရောက်သွားသည်။ ကိုတောကျော်ကား စေ့စပ်သေချာသူပီပီ တည်တည်ငြိမ်ငြိမ်ပင်။ ကိုတောကျော်၏နောက်နားတွင် ထိုင်နေသော ချိုဦး၊ ငွေငြိမ်းနှင့် သူရင်းငှား သာအေးတို့မှာ ဘာတွေဆက်ဖြစ်မည်နည်းဟူသော အတွေးများဖြင့် ခပ်ကုပ်ကုပ်ကြည့်နေကြ၏။

ကိုတောကျော်က နှုတ်ခမ်းမွေးကို လက်ဖြင့်တစ်ချက်သပ်လိုက်ပြီး ခပ်ပေပေကြည့်နေသော မောင်စည်ထံမှ မျက်လုံးအကြည့်ကို ခွာလိုက်၏။ တစ်ဖန် မောင်စည့်ယောက်ဖတော်သူ မဲလုံးကို ကြည့်လိုက်ပြီး။

"ကဲ မဲလုံးရေ ... မင်းယောက်ဖကတော့ မတ်ပဲပင်ခိုးတာ သူမဟုတ်ဘူးလို့ ငြင်းနေပြီ၊ မင်းလည်း ငြင်းဦးမှာလား၊ ဒါပေမဲ့ ... မင်းက ယော[...] ဖအားကိုးပြီးလာနေပေမယ့် ငါတို့[...] သား မဟုတ်ဘူးနော်"

ကိုတောကျော်စကားကြောင့် [...] လုံးမှာ မျက်နှာအနည်းငယ်ပျက်သွ[...] ပြီး ခေါင်းငုံ့သွားရင်း–

"ဟုတ်ပါတယ် ... ကျွန်တော်[...] က ကိုမောင်စည့်ကို မှီခိုပြီးလာနေ[...] တာပါ၊ ဒီရွာအကြောင်းလည်း မ[...] တော့ ဘာမှမလုပ်ရဲပါဘူးဗျာ"

"ခက်ပါလား ... ကိုတောကျေ[...] ရယ်၊ ကျွန်တော့်ယောက်ဖကို မငြိ[...] ခြောက်ပါနဲ့ဗျာ၊ ခင်ဗျားက .. အတွေ[...] အခေါ်ကောင်းတယ်ဆိုပေမယ့် အ[...] တမ်းမှန်နိုင်မယ်လို့ မယူဆပါနဲ့၊ မ[...] သောရှေ့နေ၊ မသေသောဆေးသမား[...] ခင်ဗျားလည်း မှားတဲ့အခါ မှားမှာ[...]

ပညာကို ထိပါးပုတ်ခတ်လို[...] သော မောင်စည့်စကားက ကိုတေ[...] ကျော်စိတ်ကို တင်းခနဲ ဖြစ်သွားစေ[...] ချက်ချင်း စိတ်ကို ပြန်ထိန်းလိုက်ပြ[...]

"ဩော် ... မောင်စည် မေ[...] စည်၊ ငါ့စေတနာကို မင်းက စော်က[...] လိုက်တာကိုး၊ ခုကိစ္စလောက်ကို ရဲခြ[...] သာ အကြောင်းကြားလိုက်ရင် မ[...] သင့်တာတွေ ဖြစ်ကုန်တော့မယ်၊ [...] ကြောင့် ... ကိုယ့်ပေါင်ကိုယ် ထ[...] ထောင်းတဲ့အနေနဲ့ ဒီမှာပဲ ဝန်ခံစေ[...] တာ၊ ကိုယ့်ပေါင်ကိုယ်ထောင်းရင် [...] အောင်တော့ မထောင်းကြပါဘူး၊ ဟု[...] နေသားနဲ့ ဝန်မခံရင်တော့ နာအေ[...] ထောင်းသင့် ထောင်းရမှာတော့မှာ ... ကဲ ... ဦးလေးရေ ကျွန်တော့်သို့[...] အတွက် လုပ်ပိုင်ခွင့်တာဝန်ကို [...] ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အမှုမှန်သာ ဟုတ်ပါစေ၊ မင်းကြိုက်သလိုသာ စီစဉ်ပါတော့ မောင်တောကျော်ရယ်"

ဦးဘမောင်ထံမှ ခွင့်ပြုချက်ရလိုက်သည်နှင့် ကိုတောကျော်က အောင်ပွဲရတော့မည့် သူကဲ့သို့ ပိုင်နိုင်စွာ ပြုံးလိုက်ရင်း–

"ကဲ .. ဒီက လက်ဖက်သုပ် အမြည်းနဲ့ ရေနွေးကြမ်းအိုးကို ကျွန်တော် ယူသွားမယ်၊ မဲလုံးရေ ... ငါနဲ့ နွားတင်းကုပ်ထဲကို လိုက်ခဲ့ပေတော့"

မဲလုံးက ယောက်ဖဖြစ်သူ မျက်နှာအား တစ်ချက်ကြည့်ရင်း ခပ်ကုပ်ကုပ်ကလေး ထလိုက်လာသည်။ လှေကားအဆင်းသို့အရောက် စကားဝိုင်း၌ကျန်ခဲ့သော သာအေးအား ကိုတောကျော်က–

"ဟေ့ .. သာအေး မင်းလည်း လာလေကွာ၊ တင်းကုပ်ထဲမှာ နွားကန်ကော ရှိရဲ့လားဟ"

"ဟုတ်ကဲ့ ... ကိုကြီးတောကျော်"

သာအေးလည်း ဘုမသိဘမသိဖြင့် ကိုတောကျော်တို့နောက်သို့ ဆင်း၍ လိုက်လာခဲ့တော့သည်။

ခဏအကြာ ကိုတောကျော်မှာ ရှုံ့တည်တည်မျက်နှာဖြင့် အိမ်ပေါ်သို့ ပြန်တက်လာပြီး စကားဝိုင်းမှာဝင်ထိုင်လိုက်၏။ မောင်စည်က ကိုတောကျော်ကို အကဲခတ်သလိုကြည့်ပြီး မရဲတရဲအသံဖြင့်–

"ကို ... ကိုတောကျော် ကျုပ်ယောက်ဖကို ဘာလုပ်မလို့ တင်းကုပ်ထဲမှာ ထား[illegible]ည်းဗျ"

"သူက ... တစ်ရွာသားပါကွာ၊ မကြာခင်မှာ သိလိမ့်မယ်၊ ဒါနဲ့ မောင်စည် ... ဟိုမှာ မတ်မဲ့ပင်ထုပ်ထားတဲ့ ပုဆိုးတစ်ထည်က မင်းများ ဒေါ်စပ်စုကြီးဆိုင်က လပေးနဲ့ဝယ်ဝတ်တဲ့ ပုဆိုးဖြစ်နေမလားပဲ"

ကောက်ခါငင်ကာ မေးလိုက်သော ကိုတောကျော်စကားကြောင့် မောင်စည်မှာ ပျက်ယွင်းလုလု မျက်နှာထားကို ပြန်၍ပြင်လိုက်ကာ–

"ဟာ ... မဟုတ်တာ၊ အဲဒီ မိန်းမကြီးရဲ့ပါးစပ်ကို ကြောက်လို့ ကျုပ်မဝယ်ဘူးဗျ"

"မောင်တောကျော်ရယ် .. ဒေါ်စပ်စုကြီးက ပြောတာလေ၊ သူက လူတိုင်းကို အကြွေးပေးလို့လားကွယ်"

ရွာလူကြီး ဦးဘမောင်က ဝင်၍ မေးလိုက်ရာ ကိုတောကျော်က ဘာမျှ မပြောတော့။ သူ့နှုတ်ခမ်းမွှေးကိုသာ လက်ဖြင့် သပ်ရင်း ခေါင်းတညိတ်ညိတ်လုပ်ကာနေတော့သည်။ ထိုစဉ် ခေါင်းရင်းဘက် နွားတင်းကုပ်ဆီမှ ရိုက်ပုတ်သံနှင့် အော်ဟစ်သံများ ကြားလိုက်ရတော့၏။

"ဖုန်း"

"အောင်မယ်လေးဗျ"

"ဖုန်း"

"ကြောက်ပါပြီဗျ"

"ဖုန်း"

"အမေရေ"

စကားဝိုင်းမှာ ထိုင်နေသူအားလုံး မျက်စိမျက်နှာပျက်သွားကြသည်။ အချက်ကျကျ ရိုက်ပုတ်အော်ဟစ်နေသော အသံများကြောင့် ဦးဘမောင်မှာ မနေသာတော့။

"ဟ ... မောင်တောကျော်၊ သာအေးကို မင်းက ဘာပြုလို့ ရိုက်ခိုင်းခဲ့တာလဲ၊ ဒီကောင်က ... သိပ်ပြီး ဦးနှောက်ရှိတဲ့ကောင် မဟုတ်ဘူး၊ တစ်ခါတလေ နွားတွေတောင် လဲလုခမန်း ရိုက်တတ်တာ၊ တော်ကြာ ... လက်လွန်ခြေလွန်ဖြစ်ကုန်ရင် ခက်ကုန်မယ်၊ ရဲစခန်းပဲအပ်ချင်အပ်လိုက်ပါ၊ ငါလည်း ဒါမျိုး ... ရိုက်တာပုတ်တာ မကြိုက်ဘူးကွယ်"

"ဟုတ်တယ် ... ကိုတောကျော်၊ ခင်ဗျားလုပ်ပုံက လွန်ပြီဗျာ"

"ကဲပါ ... ကိုတောကျော်ရယ်၊ ကျုပ်တို့အမှုကို ရဲဌာနကိုသာ လွှဲပေးပါ၊ တော်တော်ကြာ တစ်ခုခုဖြစ်မှ တရားလိုက တရားခံပြန်ဖြစ်နေပါဦးမယ်"

အားလုံး၏ ပြောစကားကို ကိုတောကျော်က လက်ကာပြရင်း–

"ကဲ ... ကျွန်တော့်ကြောင့် မဲလုံးမှာ ခြေလွန်လက်လွန်ဖြစ်သွားရင် ကျွန်တော့်ကို ထောင်ထဲရောက်အောင် သာပို့ကြပါ၊ ခိုင်လုံတဲ့အထောက်အထား ရှိရက်နဲ့မှ ဖော်ဖို့က ဒီနည်းကိုပဲ သုံးလိုက်ရတာပါ"

မောင်စည်မှာ အံတကြိတ်ကြိတ်ဖြစ်နေသော်လည်း ကိုတောကျော်၏ လုပ်ရဲကိုင်ရဲသတ္တိကို သိနေသဖြင့် ပြန်ငြိမ်သွားရ၏။ တစ်ချက် တစ်ချက်၌လည်း မတ်ပဲပင်များထုပ်ထားသည့် ပုဆိုးအပြာကွက်လေးဆီသို့ မျက်လုံးအကြည့်က မသိမသာရောက်ရောက်သွားလိုက်သေးသည်။

ရွာလူကြီး ဦးဘမောင်နှင့် ချိုဦး၊ ငွေငြိမ်းတို့မှာလည်း မျက်နှာသိပ်ပြီး မကောင်းကြတော့။ ထိုစဉ် နွားတင်းကုပ်ထဲမှ ရိုက်သံအော်သံများ တိတ်ဆိတ်



www.burmeseclassic.com

သွားပြီး သာအေးက အသံကျယ်ကျယ်ဖြင့် လှမ်း၍ အော်ပြောလိုက်၏။

"ဗျို့ ... ကိုကြီးတောကျော်၊ ဖော်လည်း ဖော်ပြီ၊ မေ့လည်း မေ့ပြီ၊ နောက်လှူခေါ်ခဲ့ လက်ယားနေပြီ"

"ဟာ ... ဒီကောင်တော့ ... ဒုက္ခပဲ"

ဦးဘမောင်က လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး တင်းကုပ်ဘက် ထသွားဖို့ ပြင်လိုက်စဉ်–

"ဦးလေး မသွားပါနဲ့၊ အေးအေးပဲ ထိုင်နေပါ၊ ဦးလေးကို ကျွန်တော် လုပ်ပိုင်ခွင့်တောင်းထားတာပဲ၊ ကဲ ... မောင်စည် ... မင်းယောက်ဖက ဖော်ပြီတဲ့"

"ဟာ ... မဟုတ်တာဘဲ၊ ရိုက်လွှန်းလို့ ကြောက်ပြီး ဝန်ခံတာနေမှာပေါ့"

မောင်စည်မှာ အားတင်းပြောနေရသော်လည်း လေသံက ခပ်ပျော့ပျော့။ ကိုတောကျော် ပြုံးစစဖြင့် ကြည့်နေရာမှ မျက်နှာကို တင်းခနဲတစ်ချက်လုပ်လိုက်ရင်း–

"ကဲ ... ချိုဦးနဲ့ငွေငြိမ်း မင်းတို့ဗလတွေနဲ့ မောင်စည့်ကို ရအောင်ခေါ်ခဲ့တော့၊ မှန်ကန်နေရဲ့သားနဲ့ ငါ့ရာဇဝင်တော့ ပြောင်းပြန်အလှန်မခံနိုင်ဘူး၊ ငါ့ဘက်က မှားခဲ့ရင် ကြိုက်သလိုအမှုလုပ်ပေတော့၊ ဒီတစ်ခါ ... သာအေးအစား နွားကန်ကို ငါကိုယ်တိုင် ကိုင်မယ်၊ ကဲ ... အချိန်မရှိဘူး မြန်မြန်လုပ်ကြ"

ကိုတောကျော်က မာန်ပါပါဖြင့် ဆတ်ခနဲ ထရပ်လိုက်ပြီး ပုဆိုးကို တင်းတင်းပြင်ဝတ်လိုက်၏။ ချိုဦးနှင့် ငွေငြိမ်းတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားစဉ်–

"မလုပ် ... မလုပ်ပါနဲ့တော့ ကိုတောကျော်ရယ်၊ ကျုပ်ယောက်ဖကိုလည်း အိမ်ပေးခေါ်ခဲ့ပါတော့၊ ကျုပ်ခေါင်းမာနေလို့ သူ့ခမျာ အသားအနာခံနေရတာ၊ ဟင်း ... ကျုပ်တို့ မှားမိပါတယ်ဗျာ"

မောင်စည်မှာ နောင်တသံနှင့် ပြောရင်း ခေါင်းငိုက်စိုက်ဖြစ်သွားတော့သည်။ ဦးဘမောင်က မောင်စည့်ကို ကြည့်ကာ–

"ဟုတ်လို့လား ... မောင်စည်ရာ၊ ရိုက်မှာကြောက်လို့လား၊ မြို့က ရဲစခန်းကို လွှဲပေးရမလား၊ ဟိုမှာဆို ပိုပြီး အဆင်ပြေမလားပဲ"

"အမယ်လေး ... ပိုပြီးဆိုးမှာပါ၊ မလွှဲလိုက်ပါနဲ့တော့ ဦးလေးရယ်၊ ခုလည်း ... ကိုတောကျော်ပြောသလို ဟိုပုဆိုးကလည်း ဒေါ်စပ်စုကြီးဆီက တောင်းတောင်းပန်ပန်နဲ့ဝယ်ထားရတဲ့ ပုဆိုးလေးပါဗျာ"

ကိုတောကျော်က မောင်စည့်ဝန်ခံစကားကြောင့် နှုတ်ခမ်းမွှေးကို လက်ဖြင့် သပ်ရင်း ပြန်ထိုင်လိုက်၏။ ပြီးလျှင် အသံခပ်ကျယ်ကျယ်ဖြင့် တင်းကုပ်ဘက်သို့ လှမ်းအော်လိုက်သည်။

"သာအေးရေ ... မဲလုံးကို ခေါ်ပြီး လာခဲ့တော့ဟေ့"

အားလုံးမှာ ကိုတောကျော်လုပ်ရပ်ကို နားမလည်သလို ဖြစ်သွားကြသည်။ မရှေးမနှောင်းမှာပင် မဲလုံးနှင့် သာအေးတို့နှစ်ယောက်သား ရေနွေးကြမ်းအိုး အမြည်းပန်းကန်တို့ဖြင့် အိမ်ပေါ်သို့ တက်လာကြတော့၏။ အားလုံး အကြည့်က မဲလုံးဆီသို့ ရောက်သွားကြ ၏။ မောင်စည်က ဇဝေဇဝါပုံစံဖြင့်–

"ဟင် .. ယောက်ဖ မင်း .. မင်
ဘာမှမဖြစ်ဘူးနော်"

"ဟာ .. ကိုမောင်စည်ကလည်
ကျွန်တော်က ဘာဖြစ်ရမှာလဲ"

"ခုနက ... ရိုက်လွန်းလို့ မင်
မေ့သွားတာမဟုတ်လား"

"ပေါက်ပေါက်ရှာရှာဗျာ ...
ကောင်သာအေးက သူ့ဖာသာ အော်
လိုက်တာပါ၊ ကျုပ်ကို .. ကိုတောကျော်
က ရေနွေးကြမ်းနဲ့လက်ဖက်ကို ညှော်
ထားတာဗျ၊ အဲ ... သူခိုင်းတာတစ်ခု
လုပ်ရတယ်၊ ဒါက ... သာအေးယို
လိပ်ကို နွားကန်နဲ့ရိုက်လိုက်ရင် ကျ
က ကိုတောကျော်သင်ထားခဲ့တဲ့အတိုင်
အော်ပေးရတာတစ်ခုပါပဲ"

"ဟုတ်တယ်ဗျ ... ကျုပ်လည်
ကိုကြီးတောကျော်ခိုင်းတဲ့အတိုင်း လုပ်
နေတာဗျ၊ အမယ်လေး ... သူသင်
တဲ့ စကားတောင် တော်တော် မှတ်ထာ
ရတယ် ... ဟူး"

သာအေးမှာ ယခုမှပင် စိတ်ပေ
သွားဟန်ဖြင့် ခြေပစ်လက်ပစ်ထိုင်
လိုက်၏။ ရွာလူကြီး ဦးဘမောင်လည်
ကိုတောကျော်၏ လှည့်စားချက်ကို ရိ
မိသွားပြီး တဟားဟားနှင့် ရယ်မော
တော့သည်။

"ဟား ဟား ဟား မျက်စိက
လည်သွားတာပဲ မောင်တောကျော်ရယ်
မောင်က ... တော်တော့်ကို ဉာဏ်များ
တာပဲ"

"ဟုတ်ပဗျာ ... ကျုပ်တို့လည်
ရိုက်သံ ပုတ်သံကြားပြီး .. ဖျားတောင်
ဖျားချင်လာတယ်၊ ပိုင်လည်းပိုင်ပါ့ စုံ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြီးရယ် ..ဟဲ ..ဟဲ''

ချိုဦးအပြောကြောင့် ကိုတောကျော် ပြုံးလိုက်သည်။ ထိုစဉ် လှေကားမှ တဒုန်းဒုန်းတက်လာသံကြားရပြီး တံခါးဝမှ ဒေါ်စပ်စုကြီးပေါ်လာကာ–

''ဟဲ့ ...မောင်စည်၊ ငါ့ပုဆိုးအကြွေးကို မဆပ်သေးတဲ့အပြင် အခု ငါ့ပုဆိုးက သက်သေခံဖြစ်ပြီပေါ့၊ ညက သဲသဲကွဲကွဲမဟုတ်လို့ ငါ့ပုဆိုးမှန်းမသိတာ ..နင် ငါ့ပုဆိုးဖိုးပေး''

ဒေါ်စပ်စုစကားကြောင့် ဇာတ်သိမ်းခန်းက ပို၍ ပီပြင်သွားတော့၏။ ကိုတောကျော်က ဘာမျှမပြောတော့ဘဲ သူ့နှုတ်ခမ်းမွေးကျဲတဲတဲကိုသာ လက်ဖြင့် သပ်နေ၏။ ရွာလူကြီး ဦးဘမောင် မနေသာတော့ဘဲ––

''ကဲ ...ကဲ ခင်ဗျားပုဆိုးဖိုးကို ဒီကကိစ္စတွေ ရှင်းပြီးသွားရင် ဆပ်ပါလိမ့်မယ်၊ ခုတော့ ...ပြန်လိုက်ပါဦးဗျာ ..နော်''

ရွာလူကြီးစကားကြောင့် ဒေါ်စပ်စုမှာ မျက်စောင်းတစ်ချက်ထိုးရင်း ဘောက်ဆတ် ဘောက်ဆတ်ဖြင့် အိမ်ပေါ်မှ ဆင်းချသွားတော့သည်။ ဦးဘမောင်က သက်ပြင်းချလိုက်ရင်း–

''ကဲ ....စုံထောက်ကြီးရေ၊ ကောက်ရိုးပုံက ရခဲ့တဲ့အထုပ်ကို ပြန်ဖက်ခိုင်းပြီး ချိုဦးတို့ကို တစ်ညလုံး စောင့်ကြည့်ခိုင်းပေမဲ့ သူခိုးက ပြန်ထွက်မလာဘူး၊ ကျွန်တော့်အထင်က ...ဒီကောင် နောက်တစ်ခေါက်ပြန်ထွက်ပြီး ယူမယ်ထင်တာကိုး''

''ပြန်ထွက်မလာဘဲနဲ့ ...မောင်စည့်ပုဆိုးမှန်း ဘယ်လိုသိလဲ''

''ဒေါ်စပ်စုဈေးဆိုင်ကို ဝင်တဲ့ ကျေးရွာပေါ့၊ ချိုဦးနဲ့ ငွေငြိမ်းတို့ လယ်ထဲကအပြန် ဆေးလိပ်ဝင်ဝယ်တာ ..အထုပ်လည်းမြင်ရော ဒေါ်စပ်စုကြီးက မောင်စည့်ကို ...သူ ..အကြွေးနဲ့ ရောင်းတဲ့ ပုဆိုးမှန်းသိတော့တာပဲ၊ နောက်တစ်ချက်က ...မောင်စည်တို့ သမီးယောက်ဖ နှစ်ယောက်က နာမည်ထွက်နေတာ ကြာပြီတဲ့၊ ချိုဦးနဲ့ ငွေငြိမ်းက ညကတည်းက သူတို့လို့ ထင်ပေမဲ့ လက်ပူးလက်ကြပ်မမိဘူးလေ၊ လယ်သမားတွေ ငွေပြတ်ချိန်ဖြစ်ပေမယ့် သူတို့က အလုပ်မယ်မယ်ရရမရှိဘဲနဲ့ ကာရာအိုကေနဲ့ဘာနဲ့ ဖြစ်နေကြတာကိုး၊ ခုတော့ ...ဒေါ်စပ်စုကြီးပုဆိုးနဲ့မှ အတည်မပြုနိုင်ရင် နှစ်ယောက်ခွဲစစ်မယ့် ညဏ်ကိုသုံးလိုက်တာပါ၊ တစ်နည်းအားဖြင့် ...မောင်စည့်လျှာပေါ်က မြက်ကို နှုတ်လိုက်တာပေါ့ဗျာ''

''ဟူး ...ပိုင်လိုက်တဲ့လှည့်ကွက်ပါလား၊ မောင်တောကျော်ရာ ..အင်းမင်းကိုတော့ မချီးကျူးဘဲ မနေနိုင်တော့ဘူးဟေ့''

''စာပေဖတ်ခြင်းနဲ့ ဗဟုသုတတွေပေါ့ ဦးလေးရာ ...ကဲ ..ကိစ္စတွေလည်း ပေါ်ပြီဆိုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ''

ကိုတောကျော်မှာ ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှထကာ အိမ်ပေါ်မှ ဆင်းသွားတော့သည်။ ရွာလူကြီးဦးဘမောင်၏ အတွေးထဲ၌ ကိုတောကျော်လိုလူသာ နိုင်ငံ့ဝန်ထမ်း၊ စုံထောက်တစ်ယောက်ဖြစ်ခဲ့လျှင် လျှမ်းလျှမ်းတောက်ကျော်ကြားသူဖြစ်လိမ့်မည်ဟု တွေးတောနေမိတော့သည်။

ဖြူးရဲသန့်



www.burmeseclassic.com

www.burmeseclassic.com





# ခင်ဗြှုသို့ သတ်ရှည်ကျွန်းမှာ ရယ်စရာ

ဆရာကြီးမှားတော့

တစ်ခါက အလယ်တန်းကျောင်းကြီးတစ်ကျောင်း၌ ကျောင်းမတက်ခင် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ အစည်းအဝေးလုပ်ကြသည်။ တာဝန်ကျဆရာမများ သုံးမစကားပြောကြားပြီးနောက် ကျောင်းအုပ်ကြီးက နိဂုံးချုပ်စကား ပြောကြား၍ စကားအဆုံးတွင် ..

''သားတို့ .. သမီးတို့ မနက်ဖြန် ကျောင်းတက်ကတယ်နော်''

ဟု ပြောလိုက်လေ၏။

ကျောင်းအုပ်ကြီးပြောရမည်မှာ ..

''သားတို့ .. သမီးတို့ မနက်ဖြန်ကျောင်းတက်ရတယ်နော်''

ဖြစ်ရာ အဋ္ဌမတန်း မြန်မာစာပြဆရာမက ..

''ဆရာကြီးကိုယ်တိုင်က သတ်ပုံမှားနေတော့ ကျောင်းသား/သူတွေကို ဘယ်လိုပြင်ပေးရမှာလဲနော်'' ဟု ညည်းညူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ကျူရှင်

ကျောင်းတစ်ကျောင်း၌ ဆရာမစာသင်နေစဉ် ခေတ္တရပ်နားပြီး ဆရာမက နောက်ဆုံးတန်းက ကျောင်းသား မောင်ရဲလင်းထက်ကို ပြောလေသည်။

ဆရာမ – မောင်ရဲလင်းထက် မင်းကွယ် လပတ်စာမေးပွဲကျနေတယ်။ အညံ့ဆုံးဖြစ်နေပြီ။

ရဲလင်းထက် – ဟုတ်ပါတယ် ဆရာမ။

ဆရာမ – အဲဒီတော့ ဘာလုပ်သင့်သလဲကွယ်။

ရဲလင်းထက် – သား မနက်ဖြန်ကစပြီး ဆရာမရဲ့ကျူရှင်ကို တက်ပါတော့မယ်တဲ့။

---

## စပ်ဆေး

ဆေးမျိုးစုံရောင်းနေသော ဆိုင်တစ်ဆိုင်၌ ဆေးဝယ်သူများနေစဉ် လူတစ်ဦးရောက်ရှိလာပြီး ..

"ကျွန်တော့်ကို အန္တရာယ်မရှိတဲ့ စပ်ဆေးလေး လုပ်ပေးပါဗျာ"

ထိုအခါ ဆိုင်ရှင်က ..

"စိတ်ချပါဗျာ၊ ကျွန်တော့်သမက်က ဆရာဝန်ဗျ။ သူ စပ်ပေးထားတဲ့ ဆေးပါ။ သမီးပေးထားပြီးမှ ထုတ်ထားတဲ့ ဆေးတွေပါ၊ အန္တရာယ်ကင်းပါတယ်" ဟူ၏။

---

## အူဝဲသီလ

ရွာတစ်ရွာ၌ မောင်အေးဆိုသူသည် အိမ်ထောင်ကျပြီး ၅ နှစ်အကြာတွင် ရှစ်ပါးသီလစောင့်ထိန်းနေကြောင်း တွေ့သူတိုင်းကို ပြောနေ၏။ ထိုမှုမက ဘေးရွာများသို့ပင် ပြောလျက်ရှိသည်။ နှစ်အနည်းငယ်ကြာပြီးနောက် အနီးအနားရွာမှ သူငယ်ချင်းတစ်ဦးအိမ်အလည်လာရာ မောင်အေးက ဆီးကြိုပြီး အိမ်ခန်းထဲရှိ ဇနီးသည်ကို အမြည်းနှင့်ရေနွေးယူလာရန် လှမ်းပြော၏။ အိမ်ခန်းအတွင်းမှ ဇနီးသည်၏ အသံမကြားရဘဲ ကလေးငယ်တစ်ဦး၏ အူဝဲ .. အူဝဲ ငိုသံကိုသာကြားရလေ၏။

"ကလေးငိုသံပါလား" ဟု သူငယ်ချင်းက ပြောရာ မောင်အေးက ..

"ငါ့ကလေးပါကွာ၊ တစ်လပြည့်ပြီ" ဟု ပြန်ပြောလေ၏။

သူငယ်ချင်းက ..

"မောင်အေးစောင့်ထိန်းတာ ရှစ်ပါးသီလမှမဟုတ်ဘဲ အူဝဲသီလစောင့်ထိန်းတာကိုးကွ"

ဟု ပြောလေသည်။

ခင်မြည်သို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ကြည်မောင်

လောင်းတော်နစ်ဝဲကြီး။

ဆရာစံသူပုန်ထရာ အလံတောင်အား ချောင်းဖျားခံ၍ ငလဝါ၊ ကြေးစည်၊ နတ်ချောင်း၊ တောင်ကျချောင်းငယ် သုံးခုသည် ဝဲရွာအထက်တွင် ပေါင်းစုံကာ သုံးဆယ်ချောင်းမကြီးအတွင်း စီးဝင်သည်။ ရိုးမအထက် မိုးကလေး ညို့ခနဲဆိုသည်နှင့် တိုက်စားခြင်းပြင်းသော ဝါကျင်ကျင် ချောင်းဖျားရေမှာ မြင်းပြေးသကဲ့သို့ ကဆုန်စိုင်းစီးဆင်းလာတတ်၏။ ထိုရေစီး ကြမ်းတမ်းမှုအား အကြောင်းပြု၍ ဖြတ်သန်းစီးဆင်းရာ ချောင်းတလျှောက် ရွာများမှ ကူးတို့လှေငယ်များသည် မိုးအခါ မကြာခဏမှောက်တတ်၏။ ရေနစ်ခြင်းကြောင့် လူအသေအပျောက်ကတော့ နှစ်စဉ်ရှိနေမြဲပင်။

ရေကြောက်တတ်သူ အများစုမှာ ချောင်းအားဖြတ်၍ ခရီးသွားလာခြင်းအား ရှောင်ကြဉ်လိုကြသည်။ သို့တမူ ထိုသဘာဝတရား၏ ကြမ်းတမ်းမှုအား အကြောင်းပြု၍ စားဝတ်နေရေး ဖြေရှင်းကာ ''ချောင်းကြမ်းလည်း ဖောင်တန်းအောက်'' ဆိုသည့် စကားပုံအတိုင်း သစ်ဖောင်ဝါးဖောင်များစီးလျက် ဝါဆိုဝါခေါင်ရေဖောင်ဖောင်တွင် မို့မောက်နေသော ချောင်းရေပြင်အထက် မပြတ်စုန်ဆင်းကြမြဲ။ လွတ်လပ်ရေးမရမီကာလမှပင် မဆလအစိုးရလက်ထက်တိုင် မြန်မာ့သစ်ထုတ်လုပ်ရေး၏ ကုန်ထုတ်ပေါက်ကြီးတစ်ခု ဖြစ်ခဲ့၏။

ပဲခူးရိုးမအား ချောင်းဖျားခံ၍ သုံးဆယ်ချောင်းအဖြစ် စီးဆင်းလာသော တောင်ကျရေသည် မိုးဂေါင်၊ စံရွေးရွာကြီးများ၏အနီး၌ မြစ်အသွင်သို့ ပြောင်းလဲသွားပြီး ညဉ့်အေး၊ ပိုင်ကျုံ၊ ဖလွန်ဘက်မှတစ်ဆင့် တရစ်ရစ် စီးဆင်းပြီး လှိုင်မြစ်(ရန်ကုန်မြစ်) ပေါက်သို့ ထွက်လေ၏။ ကြမ်းတမ်းစွာ စီးဆင်းလာသောရေလျဉ်အား . စံရွေးရွာကြီးအနီး၌ အင်အားကြီးသော မြစ်ရေက တွန်းထောက်ညံ့ထားလိုက်၏။ ထိုအခါ လေးလုံးတိုက် ဒုံးဆိုင်းပြေးလာသော မြင်းရိုင်းအား ဇာတ်ကြိုးတုံ့လိုက်သည့်ပမာ အရှိန်အဟုန်ဖြင့်စီးဆင်းလာသော ချောင်းရေသည် ရုတ်တရက် အရှိန်မသေဘဲ ဝေ့ဝိုက်တွန်းချေ တိုက်စားမှုကြောင့် ချောင်းဦးတိုက်ရာ မြေသားမှာ ဝါးမြို့လိုက်စားခံရမြဲ။

အနှစ်နှစ်အလလ မိုးတွင်း အခါ သမယရောက်လေတိုင်း ဝုန်းဒိုင်းကျဲ ခြေမွတိုက်စားမှုကြောင့် မြစ်ကျိုးအင်းကြီးသဖွယ်ဖြစ်နေပြီး နွေအခါ ရေကျသည့်အချိန်၌ပင် တချို့နေရာများတွင် ဆယ့်နှစ်တောင်ဝါးမမှီ။ ဒိုက်အလီလီ၊ ကိုင်းအရှုပ်ရှုပ်၊ ချောင်းရိုးတစ်လျှောက် မျောပါလာသော အသေကောင်အပုပ်အပွများ ဤဝဲကြီး၌ကပ်နေတတ်ပေ၏။ ရေတိုက်စားခြင်း ပြင်းသည့်အလျောက် မြစ်ကမ်းပါးများပြိုကျ၍ မျောပါလာသည့် ကုက္ကိုပင်၊ ညောင်ကြပ်ပင်ကဲ့သို့ အပင်ကြီးများပင် ဝဲကြီးက ဆွဲယူနစ်မြုပ် ရေသချိုင်းကတုပ် ပြု၏။

ရေတက်ချိန်ဝယ် လှုကပ်ဖို့ဆိုမထားနှင့်။ ဟီးဟီး၊ ဟဲဟဲ၊ ချောင်းဟီသံကြီးမှာ အဝေးကပင် ကြားနေရ၍ ကြက်သီးမွေးညင်းထစရာ။ သွေးဆာရန်လိုနေသော သားရဲတစ်ကောင်ပမာ ဖြစ်၏။ ကန်တော့သဏ္ဍာန် စုပ်ဝဲကြီးများမှာ ဖျက်ကျယ်၍ မှောက်ခဲ့လှသော ဆယ့်ငါးတောင်၊ ဆယ့်ခြောက်တောင် လောင်းလှေကြီးများကိုပင် ဆတ်ခနဲဆွဲယူ နစ်မြုပ်တတ်သောကြောင့် လောင်းတော်နစ်ဝဲကြီးဟု ခေါ်ခြင်းဖြစ်၏။

မိုးအခါ ရောက်လေတိုင်း ထူထပ်လှသော ကိုင်းတော၊ ဆော ်ပြာ၊ ရေမှိန် ကြီးစိုးနေသည့် ထိုနေရာမှ ဆူဆူညံညံ လူသံများ ကြားရမြဲ။ ဝဲကွေ့ကြီးတွင်တင်နေသော ရေနစ်အလောင်းများအား လာဆယ်ခြင်း ဖြစ်ကြ၏။ နှစ်စဉ်နှစ်တိုင်း ထိုအနီး၌ရုံမြင်ကွင်းနှင့် မကြားချင်လှသောအသံများအား မမြင်လို မကြားလိုသော်လည်း နှစ်စဉ်ကြားမြင်နေရသည်မို့ စာချိုးပင် ပေါ်လာ၏။

ရေနစ်တဲ့မသာ၊ အလောင်းရှာဘယ်မတွေ့။ ဆွေသဟာရေ၊ သေချာမသွေ့ တင်တတ်ကြောင်း၊ လောင်းတော်ဝဲကွေ့ ဟူ၍ ဖြစ်၏။

ရေနစ်ပြီး မျောသွားတဲ့မသာ ဘယ်မှာရှာမနေနဲ့။ ထိုဝဲကွေ့ကြီးတွင် သွားရှာလျှင် ကြိမ်းသေတွေ့ရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ညွန်းခြင်းဖြစ်၏။ ခေတ်အဆက်ဆက် ရေနစ်သေသော အလောင်းများအား ဤဝဲကြီးအတွင်းမှ ဆယ်ယူခဲ့ရသည်မှာ မရေတွက်နိုင်အောင်ပင်။ မူလ မြေခံကပင် ကြမ်း၍လော။ ရေနစ်သေဆုံးသူများ၏ဝိညာဉ်များပင် ခိုအောင်းနေသည်လော။ မည်သည့်အကြောင်းဟု မဆိုသာ။ ထိုနေရာသည် တစ္ဆေ မှင်စာ အင်မတန်ခြောက်လေသည်။

တစ်နေ့တွင် စံရွေးရွာမှ လှခင်ဆိုသူသည် ထိုနေရာကမ်းဘေး ရေမှိန်တောအား အရဲကိုး၍ ထင်းခုတ်သွားလေရာ လန့်ဖြန့်၍ ရွာပြန်ပြေးလာ၏။ လမ်းခုလတ်တွင် အဖော်များနှင့်တွေ့၍သာ တော်ပေသည်။ အမောဆို့၍ ပစ်လဲသွားသည်တွင် ဘဝစာများက ဝိုင်းကူအိမ်သယ်ပို့ကြ၏။ အိမ်တွင် အဖြင်းများကာ ဆေးရုံပင်တက်ကုလိုက်ရသေး၏။ လူက ကျန်းမာရေးကောင်း၍ ဆေးရုံက ဆင်းလာသည့်တိုင် မျက်လုံးကြီးပြူးကာ စကားမဆိုနိုင်။ ဆွံ့အသွားလေ၏။

မည်သည့် ခြောက်လှန့်မှုမျိုးနှင့် ကြုံခဲ့သနည်း။ အဘယ်မျှ ကြောက်စရာကောင်းသောမြင်ကွင်းက သူ့ကို ဒီလိုဖြစ်စေခဲ့သနည်း။ စကားမဆိုနိုင်စေကာမူ သွေးပျက်သွားသော သူ့အမူအရာက ကြုံခဲ့ရသောအခြေအနေအား သက်သေခံပြီး ဖြစ်၏။ ကျန်လူများ ထိုနေရာသို့ သွားဖို့ဆိုမထားနှင့်။ စကားရိပ်ပင် မသန်းရဲတော့ပေ။ ထိုနေရာကား တောတန်းကြီးသဖွယ် ဖြစ်နေလေတော့၏။

အချိန်ကား အင်းမကြီးများ ငါးစတင်ချုပ်သောကာလ။ သီတင်းကျွတ်လဦး။ မုတ်သုံမိုး အဝင်ကျဲသွားသည်မို့ မြစ်ရေသည် သိသိသာသာ ထိုးဆင်းသွား၏။ ရေတိမ်ပိုင်းဝယ် သောင်ခုံတချို့ ပေါ်လာ၏။ သုံးရက်လှ ခုံးမျက်စစာဆိုသည့်အတိုင်း လကွေးသည် နွားချိုလေးနှယ် မှုန်ရေးရေးသာ။

ဝဲကြီး ပတ်လည်တွင် ပေါက်ရောက်ရှင်သန်နေသော ရေမှိန်ပင်များအထက် နွယ်တက်နေသော ဆူးရစ်၊ သပွတ်၊ ခဝဲပွင့်များမှာ လေသက်လေတိုင်း ကြွေပျက်ခါ ဝဲရေပြင်အထက် ဝေ့ဝဲကာ ကျနေသည်မှာ တဖွဲဖွဲ။ ခပ်မြင့်မြင့်ရေသဖန်းပင်ထက်ဝယ် ဒီးဒုတ်ငှက်များကား ငါး၊ ပုဇွန်ကုတ်ရန် အကြိထုတ်နေသည့် ရေမုဆိုးများပမာ။ ရေအောက်တွင်ရောက်နေသော သစ်ပင်ကျ၏ကိုင်းတက်များမှာ ရေကျချိန်ဝယ် ကိုးယိုးကားယား ထိုးထိုးထောင်ထောင်။ ညဉ့်အမှောင်အောက်ဝယ် တစ္ဆေကောင်များ မြူးတူးနေဟန်။ တိတ်ဆိတ်သော ညယံကိုခွင်းလျက် တစ်ချက် တစ်ချက် ငှက်ဆိုးအော်သံသည် ကာလ၏လျှို့ဝှက်မှုအား ပိုမိုလေးနက်စေ၏။

ညဉ့်၏ ဝတ်ရုံလွှာအောက်ဝယ် ဝဲကြီး၏ ပကတိရေပြင်မှာ ငြိမ်သက်လျက် ရှိ၏။ ထိုစဉ်–

စွပ် ...စွပ် ..စွပ်

အသံနှင့်အတူ မဲမဲရှည်ရှည် အရာကြီးတစ်ခုက ဝဲကြီးအနီး ချဉ်းကပ်လာ၏။ လူတစ်ရပ်စာမက ရှည်နေသော ကိုင်းတောအား လွန်မှ မြင်ကွင်းက အနည်းငယ် ရှင်းလာ၏။ ကျွမ်းကျင်သော ရေလုပ်သား တစ်ဦး၏ တက်ခတ်သံ။ ဤတက်ခတ်သံ လက်စလက်န ကြားရသည်နှင့်ပင် ထိုပုဂ္ဂိုလ်၏ ရေလုပ်ငန်းသမ္မာနှင့် ဝါကို သိနိုင်သည်။ ကိုးတောင်လှေမှာ လှိုင်းကြက်ခွပ်လေးများကို ခွဲလျက် ဝဲကြီးအနီးတိုးကပ်လာပြီးကာမှ တစ်စုံတစ်ရာအား သတိထားမိဟန်ရှိကာ လှော်တက်ကို မတ်၍ ခေတ္တရပ်နေ၏။

ထိုသူကား စံရွေးရွာသား ကြည်မောင်။ ကြည်မောင်က လက်တွေ့သမား။ လူအများ လန့်ဖျားဖျားရသည့် တစ္ဆေသရဲယုံတမ်းစကားများမှာ ကြည်မောင်အတွက် ဟားစရာ။ သတ္တိမခေ ပေတေတေ တံငါဖြစ်၏။ မြစ်အတွင်း လှေတစ်စင်းဖြင့် ငါးရှာထွက်လေတိုင်း အဖော်မခေါ်။ ညည့်နက်သန်းခေါင်မှ တစ်ယောက်တည်း ထွက်မြဲ။ ကျွမ်း သလားမမေးနှင့်၊ ကြည်မောင်ပြန်လာလျှင် လှေဝမ်းထဲမှာ ငါးတွေကအပြည့်

နေ့အခါပင် သူသူငါငါ မချဉ်းကပ်ဝံ့သော ဝဲကြီးအား အကာလကြီး အကြောက်အရွံ့ကင်းစွာ လာရဲ ရှာခြင်းက သူ့အတွက်ဆုလာဘ်များစွာ ငါးကြီးငါးငယ် အသွယ်သွယ်။ ဖမ်း မကုန်နိုင်အောင်ပင်။ စားဝတ်နေရေး အတွက် သဘာဝက ဖန်တီးပေးထား သည့် ရိက္ခာအိုးကြီး။ ယခုညတွင် ကြီးအတွင်း ဝင်လာစကတည်းက ပုပ်နံ့က ဆီးကြိုနေသည်မို့ လှေကို ကာ အခြေအနေကို သုံးသပ်လိုက်

သတိထား စောင့်ကြည့်နေ လေတစ်ချက် ထပ်သုတ်လိုက်သည် တွင် အပုပ်နံ့ကထောင်းခနဲ ပါလာ သည်။ သေချာပြီ။ ဝဲကြီးအတွင်း နေရာဆီတွင် အသေကောင်အပုပ် ကပ်နေတာ ဖြစ်မည်။ လေတိုက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းတွက်ကာ ခေါင်းစီးမီး ဖတ်ခနဲထိုးကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင်။ ဝဲရေပြင်အလယ် ခွေးသေကောင်ပုပ်ကြီးမှာ ချာလည်လည်နေသည်။ တော်ရုံတန်ရုံ သတ္တိငယ်သူဆိုလျှင်တော့ အပုပ်နံ့ရရုံနှင့်ပင် ဆုတ်ပြန်ပြေးမှာ သေချာသည်။ ဖွေ့ရာအောင်စူးစမ်းတတ်သော အကျင့်က ကြည်မောင်၏ အားသာကွက်တစ်ခု ဖြစ်တော့၏။

ရေတိမ်ပိုင်းရွေးကာ အသင့်ပါလာသော ထိုးဝါးစိုက်လိုက်၏။ သီချင်းလေးတညည်းညည်းဖြင့် အသင့်ယူဆောင်လာသော လေးသစ်ပင်ပိုက်လိပ်ကြီးအား ခေါင်းကြိုးမှ ဆွဲယူလိုက်ပြီး လှေကို စတင်ရွှေ့၍ တရွေ့ရွေ့ ဖန်ချသွား၏။

ပလုံ ..ပလုံ ..ပလုံ ..တုံ

ငြိမ်သက်နေသော ရေပြင်အထက် ခဲသီးများ ချက်ညီညီကျသွားသည်မှာ ဆိုနေသော တေးသွားအား စည်းချက်လိုက်သည့်ပမာ။ ပိုက်ဖုံဝက်ဆုံးကာ နီးသွားသည်နှင့်။

ဗွမ်း ..ဗွမ်း ...ဗွမ်း

ပိုက်တန်းက မဆုံးသေး။ ငါးက တိုးလေပြီ။ ပိုက်၏ခေါင်းအစပ်ဝယ် ရွှေဝါရောင် ငါးကင်းတစ်ကောင် မိနေခြင်းဖြစ်၏။ ဤပိုက်ကြီးမှ မိသောငါးသည် တစ်ကောင်ဆိုတစ်ကောင်ဆိုသလောက် မြိန်လှ၏။ တစ်ပိဿာကျော် ငါးရံ့ကြီးများ ရတတ်၏။ ငါးရံ့ခြောက်ခွဲချင်သူများက အလုအယက် ဈေးကောင်း ပေးဝယ်ကြ၏။ ဤကဲ့သို့ ပစ္စည်းကောင်းရှာတတ်သည်မို့ ကြည်မောင်ဆိုလျှင် ငါးရွှဲဒိုင်မရွေမှ ဈေးပိုပိုသာသာပေး၏။ အလေးထား ဆက်ဆံ၏။ ဒါက ကြည်မောင်အတွက် ပီတိဖြစ်စရာ။

ပိုက်တန်းဆုံးသွားသည်နှင့် ထိုးဝါးစိုက်ကာ ပိုက်စသိမ်းလိုက်သည်။ အမှောင်အတွင်း ကျင့်သားရနေသော မျက်လုံးမှ ပိုက်ကျောတန်း ကြည့်လိုက်သည်တွင် ခေါင်းကြိုးနှင့် သီတွဲထားသည် ဖောသီးများ မြုပ်ချည် ပေါ်ချည်။ သည်အခြေအနေက ကမ်းစပ်တစ်လျှောက် ပုဇွန်နှင့် ငါးငယ်များ တက်စား၍ ပြန်ဆင်းလာသည်။ ငါးကြီးအုပ် မိနေပြီဟု ပြနေသည့်သဘော။ တပြုန်းပြုန်း တဝုန်းဝုန်း။

မိနေသော ငါးကြီးများအား တစ်ကောင်ချင်း စိတ်ရှည်လက်ရှည်ဖြုတ်၍ လှေဝမ်းအတွင်း ထည့်နေ၏။ ပိုက်ကျောတန်းအလယ်နားရောက်လေလျှင် ခပ်ထွားထွား ငါးရံ့ကြီးတစ်ကောင် ဖြုတ်ရန် ပိုက်ခေါင်းကြိုးကို အမ၊ ရေအောက်မှ အားကြီးသော တစ်စုံတစ်ရာသည် ပိုက်စအား ရုတ်ခနဲ ဆောင့်ဆွဲလိုက်သည့်ပမာ စုပ်ဆိုကျောတန်းမှ ဖောသီးများ မြုပ်သွား၏။ မိမိ အားကုန်ထိုးစိုက်ထားသော ထိုးဝါးများပင် အတွင်းဘက်သို့ ကွေးညွှတ်ယိုင်သွား၏။ တစ်ခဏ အကြာတွင် ဖြုတ်ဆို ပိုက်ကျောတန်းက ပြန်ပေါ်လာသည်။

"ဘာလဲဟ"

ကြည်မောင်စိတ်ထဲ ဇဝေဇဝါ ဖြစ်သွား၏။ တစ်ဖန် ဆက်၍ မိနေသောငါးများ ဖြုတ်နေပြန်၏။ ပိုက်၏အစတွင် အရင်ဆုံး မိနေသော ငါးကြင်းကြီးမရှိတော့။ ပိုက်စအား မကြည့်လိုက်သည်တွင် အကွင်းလိုက် ပြတ်ထွက်သွားသော ပိုက်ပေါက်ကြီးကိုကြည့်၍ တုန်လှုပ်သွား၏။ ကြည့်စမ်း .. ထက်ရှသောဓားဖြင့် အကွင်းလိုက် လှီးဖြတ်ထားသည့်ပမာ။

နိုင်လွန် ဘန်ချီကြိုးဖြင့် ယက်လုပ်ထားသောပိုက်။ ကြီးမားသော ရေသတ္တဝါကြီးများဖြစ်စေ ဤပိုက်အား ဖြတ်တိုးသွားလျှင် လုံးထွေးကာ ပါသွားစရာအကြောင်းသာ ရှိသည်။ ဤသို့ ဖြစ်လေ့မရှိ။ ဤသို့ အပေါက်ကြီးဖြစ်ကျန်ခဲ့ရန် အကြောင်းမဖန်တတ်။ ယခုမှ တန်တော့ ဤဝဲကြီးအတွင်း ကြီးမားသော အသားစားကြီး တစ်ကောင် ရောက်နေသည်ကတော့ အမှန်ဖြစ်လေပြီ။ ခဏရပ်၍ စဉ်းစား တွေဝေနေစဉ်—

ကလပ် ...ကလပ် ..ကလပ် ..ကလပ် ..ကလပ်

ရေဝဲစုပ်သည့် အသံ။ ဂစ်ဖန်

"ဝုန်း"

တည်ငြိမ်သော ရေပြင်ဝယ် မှိုင်းကြီးနယ် ထပွက်လိုက်ပြီး အသံနှင့်အတူ ဆိုးဝါးသောအပုပ်နံ့မှာ ထောင်းဆို နှာခေါင်းဝင်ဆောင့်၏။ နေရှင်နယ် ဓာတ်ခဲနှစ်လုံးတွဲထားသော ခေါင်းစီးမီးအား ဖျက်ခနဲ ဖွင့်ကြည့်လိုက်၏။ ပုပ်ရိ ဖောင်းတင်းကားနေသော ခွေးသေကောင်ပုပ်ကြီးအား တစ်ချက်တည်း ထိုးဟပ်လိုက်ခြင်း ဖြစ်၏။ အမြီး ရေယပ်ပြားကြီးမှာ စကောဝိုင်းနီးပါး ပြားပြားကြီး။ ဘာကောင်ကြီးမှန်းမသိ။ ကြည်မောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ထသွားသော ရေဂယက် ကြည့်ရုံဖြင့် ထိုသတ္တဝါ၏ ကြီးမားမှုကို ခန့်မှန်းမိပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမရက်က ပိုက်ငြိနေ၍ ဝဲရေနက်ပိုင်းအတွင်း ရေငုပ်ဆင်းခဲ့သည်ကို တွေး၍ ကြက်သီးဖြန်းဖြန်းထ၏။ ကံသီပေလို့သာ၊ ရေအောက်တွင် ဒီသတ္တဝါကြီးနှင့် တည့်တည့်တိုးခဲ့လျှင်မူ မတွေးဝံ့စရာ။

ကြည်မောင်တစ်ယောက် တစ္ဆေသရဲကဲ့သို့ နာမ်လောကအား ကြောက်ရွံ့ခြင်းအလျဉ်းမရှိသော်လည်း လက်တွေ့ သက်ရှိ ဒါမျိုးကြီးနှင့် တိုးတော့ အသက်ပင် ပြင်းပြင်းမရှူရဲအောင် ကြောက်စိတ်ဝင်သွား၏။ ငါးများပင် မဖြုတ်နိုင်တော့။ ချက်ချင်းပင် ပိုက်ကြီးကို ဆွဲရုတ်လုံးထွေးကာ လှေပေါ်ပစ်တင်လိုက်ပြီး ရွာရှိရာ အပြင်း လှော်ခတ်ပြေးတော့၏။

+ + +

အခန်း(၂)

ဘစိန်မှုံ

ည ၂ နာရီ။

လေးပင်တင်းကုပ် တန်းလျားတဲကြီး၏အတွင်းဝယ် အမှောင်ထုကား သိပ်သည်းလွန်းလှသည်။ တင်းကုပ်၏ အလယ်ခေါင်တိုင် ကလပ်ပေါ်ဝယ် ထွန်းညှိထားသော မီးတိုင်ခွက်၏ မီးစာတိုင်မှာ အမှောင်ထုကို အံကြိတ်ခွင်းလျက်။ မီးစာအရင်းဝယ် မီးအဖူးများ တက်လျက် တစ်ချက်တစ်ချက် ဟပ်ကနဲ ဟက်ခနဲ လောင်စာဆီဆွဲ၍မရတော့ကြောင်းအချက်ပြနေလေပြီ၊ ဟုတ်သည်။ မီးစာကုန် ဆီခမ်းဖြစ်နေပြီ။ နှစ်နှစ်ဆက်တိုက် မဗိုးနိုင်ဘဲရှိခဲ့သည်မို့ မလုံ့မြဲသော အမိုးကြိုးတို့ကျဲဟဲကြားမှ သဘာဝတရားကပေးသည့် လရောင်ငွေ့ငွေ့လေးဖြင့် ခရီးဆက်ရပေဦးတော့မည်။

"ဟင်း . . ဟင်း . . အီး . . ကျွတ် . . ကျွတ် ဘုရား . . ဘုရား"

ချစ်ဖနီး မယ်လှညည်းသံကြားသည်နှင့် ဘစိန်မှုံ ကျောမှီ နွားသရေခင်းဖြင့် ယိုင်နဲ့နေသော ပက်လက်ကုလားထိုင်မှ ထလိုက်ရင်း--



"မယ်လှ . . . မယ်လှ . . နေသာရဲ့လား"

"အင်း"

အင်းဟူသော အသံမှာ အတော်လေးလံလှသည်။ လင်ယောကျ်ား စိတ်သက်သာမှုရစေခြင်းငှာ နေသာသည်ဟူသော သဘောပြဟန်ရှိသည်။ အနှစ်နှစ်အလလက စွဲကပ်ခဲ့သော ပန်းနာရင်ကျပ်ရောဂါ။ တကယ်တော့ သူမှာ တို့း၍ သက်သာလာပုံမရှိ။ တရှိုးရှိုးအား ထည့်ရှူရှိုက်နေသော အသက်ရှူသံက သက်သေခံလျက်ပင် ဖြစ်တော့၏။

ယခုလို မိုးအကုန် ဆောင်းအကူးမှာ မယ်လှ၏ရင်ကြပ်ရောဂါက နှစ်စဉ်ထမြဲ။ အရင်နှစ်များကတော့ ဆေးမြီးတိုလေးများဖြင့်ကုရင်း ပျောက်၏ သည်နှစ်တွင် ရောဂါက ပိုသည်းလေ သည်။ အအိပ်ပျက်ခံ လူမမာစောင့်ခဲ့ရ သည်မှာ သုံးညရှိလေပြီ။ နေ့လယ်က ကျန်းမာရေးဆရာပြောသွားသည့် ကားတချို့ ပြန်လည် ကြားယောင်မိ၏

အဘာအမျိုးသမီးအခြေအနေက တတ်ကျွမ်းနားလည်သည့် ဆရာဝန် အနီးကပ် ပြုစုစောင့်ရှောက်ရန်လိုသည် တဲ့။ ဒီတော့ ဆေးရုံတက်ခိုင်းသည် သဘောပင်။ ဟုတ်သည်။ လွန်ခဲ့သည် သုံးနှစ်က ဤသို့ ဖုံးဖုံးလဲခဲ့စဉ် လက် ကျန် နွားမသားအမိ ထုတ်ရောင်း ဆေးရုံတင်ခဲ့ရာ နှစ်ပတ်အတွင်း ပြန်ကောင်းခဲ့သည်။ ကောင်းတာတော့ သိသည်။ ယခုတစ်ခါ ဆေးရုံတက် စရိတ်က မရှိပြီ။

ဤကဲ့သို့ စိတ်ပျက်အားငယ်စ အဖြစ်များ ကြုံလေတိုင်း ဘစိန်မှုံ အခါ ရွှေထီးဆောင်းခဲ့ရသော ကာ အား သတိရမိသည်။ ရွှေးရွာတ



www.burmeseclassic.com

www.burmeseclassic.com



စိန်မှုံ ပိုင်ဆိုင်ခဲ့သော ကိုင်းခုံများက လက်ညှိုးထိုးမလွဲ။ တင်းကုပ်ကြီးသုံးလုံးဖြင့် နွားတွေက တပေါကြီး။ ကိုယ့်နွားကိုယ် မမှတ်မိအောင်ပင် များသည်။ အင်းလုပ်ငန်းတွင် 'စိန်မှုံဟေ့''ဟုဆိုလျှင် ဒူးတုန်ကြသည်။ နှစ်စဉ် အင်းလေလံတွင် ဈေးအမြင့်ဆုံးပေးဆွဲသည်။ သို့သော် မိမိတစ်ယောက်တည်း ကိုယ်ကျိုးမကြည့်။ ထိုဂရန်ထဲမှ တချို့တဝက်အား ခွဲ၍ မရှိဆင်းရဲသား တံငါများကို အခမဲ့ ရှာစားစေသည်။

ဒါက အကုသိုလ်အတ္တရပ်ဝန်းမှ ပရဆန်သော စိန်မှုံ၏ စိတ်ကောင်းကွက်များ။ ထို့ကြောင့် စိန်မှုံ အင်းလုပ်စဉ်အတွင်း ဘဝတူ တံငါအများစုမှာ မေတ္တာမပျက်ခဲ့ကြပေ။ လုပ်ငန်းကလည်း ကျွမ်းသလားမမေးနှင့်။ အင်းရေပြင်နမ်းကြည့်ရုံဖြင့် ဒီညဘာငါးကျမည်ဆိုတာ သိသည်။ ရင်းတန်းများ သေချာမှု ရှိ,မရှိ။ ဆယ့်ငါးတောင် ဆယ့်ခြောက်တောင် ရေအနက်ကို လက်တွင်နီးတစ်ထွေးကိုင်၍ ဆင်းသွားတတ်သည်။ ထိုနီးစီးမကုန်မချင်း ပြန်မတက်။

ရေအောက်တွင် အသက်ရှူခွက်မပါဘဲ နာရီဝက်နီးပါး နေနိုင်သည်။ ထို့ကြောင့် မသေခင် အင်းနတ်စီးနေသည့် တစ်ပွဲစားစိန်မှုံဟု သမုတ်ခံရသည်။ တစ်သက်တာ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်း သားနှစ်ကောင်ကြီးလာမှ ပျက်တော့သည်။ အကြီးကောင်က မိဘ၏စည်းစိမ်ဥစ္စာအား တစ်သက်တာစားမကုန်ဟု ထင်လျက် မာန်တက်ကာ အရက်လေးတမြမြဖြင့် ရောက်လေရာ ပြဿနာရှာ၏။

ရိုက်မှု ထိုးမှု ခုတ်မှု မပြတ်ကျူးလွန်သည်။ ရဲစခန်း၊ အချုပ်၊ ထောင် မပြတ် သွားချည်ပြန်ချည် လုပ်ခဲ့သည်။ ပဋ္ဌာန်းဆက်ရှိခဲ့သည်ထင်။ ဘစိန်မှုံ ချွေး၊ သွေးရင်း၍ ရှာဖွေခဲ့သောပစ္စည်းဥစ္စာ တစ်ဝက်လောက်က အနီး ရဲစခန်း၊ အချုပ်၊ ထောင် စသည့် အပ်စပ်နေသော ပုဂ္ဂိုလ်များ မျှဝေစံစားသွားကြ၏။ နောက်ဆုံးတွင် ရခိုင်ဘက် နွားကုန်ကူးမည်ဆိုကာ ရှိသမျှ ရွှေထုပ်ကြီးမ,သွားပြီး ပြန်မလာတော့ပေ။ အငယ်ကောင်လေးကတော့ အလိမ္မာသွေးရှိပါလျက် ကြင်ဘက်အရွေးမှားတော့ အဝေးပါသွားသည်။ ထောက်ပံ့ဖို့နေနေ သာသာ။ မိမိတို့ဆီက ခွာချသွားသည်က များ၏။

မိဘဟူသည် သားသမီးလုပ်စာအား မျှော်စားရန် မွေးဖွားခဲ့ခြင်းမဟုတ်။ ပစ္စည်းဥစ္စာမဆိုထားနှင့် ကိုယ့်အသွေးအသားပင် ဖဲ့စားသွားပါစေ။ ဘစိန်မှုံတို့လင်မယားက ကျေနပ်မည့်လူစားမျိုးဖြစ်သည်။ သို့သော် ယခုလိုအကြောင်း တစ်စုံတစ်ရာရှိတော့ သူတို့ကလေးတွေ၏ မျက်နှာအား တွေ့မြင်အားရှိချင်သည်မှာ မိခင် ဖခင်တို့၏ အတောင့်တဆုံးအရာပင် ဖြစ်လေတော့၏။

သူတို့လင်မယားတွင် တန်ဘိုးရှိသော ဥစ္စာဟူ၍ ဘာမျှမရှိတော့။ နောက်ဆုံးကျန်ခဲ့သည်မှာ ယိုင်နဲ့နေသော တင်းကုပ်တစ်လုံး၊ ပေါက်ပြားတစ်ချပ်၊ ကြက်လျှာစွန်း၊ ကိုင်းခုံလေးတစ်ကွက်။ ဒါတောင် ဝယ်သူက သနားငဲ့ကွက်၍ ဤအကွက်လေး ပြန်ပေးထားခြင်း ဖြစ်၏။ တံငါလုပ်ငန်းက

> "ဘစိန်မှုံရေ ...
> အကြီးကြီးပျ
> ကျွဲပေါက်ကြီးလောက်ရှိတာ
> ငွေးသေကောင်ပုပ်ကြီးများ
> အာမထိ လျှာမထိ
> ထိုးဟပ်လိုက်တာ
> တစ်ချက်တည်းပဲမျို
> ဘာကြီးမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



တော့ အသက်ခြောက်ဆယ်ပြည့်က တည်းက ရှောင်ကြဉ်ခဲ့ရာ အခုဆို သုံးနှစ်ရှိပြီ။ အသက် ရလာသောအခါ အကုသိုလ်ဖြင့် ရှာကြံရသော ငွေကြေးလည်း မလိုချင်တော့။ ဤ သုံးနှစ်တာ ရှောင်ကြဉ်ခဲ့သော မိမိ သီလလေးကိုပင် တွေး၍ ကုသိုလ်နိမိတ်ထင်ရ၏။

ကိုင်းခုံလေးဝယ် ဆောင်းအခါ ခရမ်းချဉ်၊ ပြောင်းနှင့် မိုးအခါ ဘူး၊ ဖရုံ၊ သခွား၊ စိုက်ကာ ဝမ်းဖြည့်ရသည်မို့ မတ်ရပ်စာသာရှိ၏။ အလျှင်း တုံးလုံးစာကဖြင့် မရှိချေပြီ။ ဆေးရုံစရိတ်ရရန် လျှောက်တွေးကြံရင်း မနေ့က ကြည်မောင်ပြောသည့်စကား ပြန်လည်ကြားယောင်မိသည်။

"ဘစိန်မှုံရေ ... အကြီးကြီးဗျ၊ ကျွဲပေါက်ကြီးလောက်ရှိတာ .. ခွေးသေကောင်ပုပ်ကြီးများ အာမထိ လျှာမထိ ထိုးဟပ်လိုက်တာ တစ်ချက်တည်းပဲဗျို့၊ ဘာကြီးမှန်းမသိဘူး၊ ကျွန်တော် ... ကြောက်လို့ ပြန်ပြေးလာတာ"

အခြေလှ ကောင်းစားစဉ်ကလည်း အလှူအတန်းပြုလုပ်ရန် မေ့မေ့လျော့လျော့နေခဲ့သည်။ ယခု အခြေမဲ့သည့် ဘဝတွင်မတော့ အလှူရေစက်ဆိုသည်ကား ပို၍ဝေးသွားပြီ။ မလှူနိုင်သော်လည်း အကုသိုလ်ကင်းလျှင်ဖြင့် တစ်မျိုးတစ်ဖုံတော့ သက်သာနိုင်ဖွယ်ရှိသည်။ ဤအတွေးဖြင့် တံငါလုပ်ငန်း ရှောင်ကြဉ်ခဲ့သည်မှာ သုံးနှစ်ရှိပြီ။ ဤသီလလေးကို တွေးမိရင်း ပီတိ ဖြစ်ရသည်။ အခုတော့ ဒီသီလလေးပျက်ရန် အကြောင်းက ဖန်လာ၏။

ဘစိန်မှုံ ထိုင်လိုက် ထလိုက်ဖြင့် စိတ်ထဲဝယ် အဖွဲ့ဖွဲ့ လွန်ဆွဲနေ၏။ နောက်တော့ ဆုံးဖြတ်ချက် အပိုင်ချလိုက်ဟန်ရှိ၏။ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသလို မိမိဇနီးမယား အသက်တော့ သေမင်းလက် ဝကွက်မအပ်နိုင်။ မုဆိုး မုဆိုးချင်း စီးချင်းထိုးရန် ဆုံးဖြတ်ချက်ချပြီး တစ်မုဟုတ်ချင်း ပြင်ဆင်မှုစတော့၏။

ဇနီးသည် မယ်လှ တစ်မေ့ ပြန်ကွေးသွားစဉ် တင်းကုပ်၊ ထုပ်တန်းပေါ်မှ ကြပ်ခိုးအထပ်ထပ်စွဲနေသော မှိန်းတံကြီးတစ်ခုအား အသံမထွက်အောင် ရွရွလေး ဆွဲချလိုက်၏။ ဒါက မိမိ တံငါသည်ဘဝရဲ့နောက်ဆုံးလက်ကျန် မှိန်းတံကြီး။ အရှည် ဆယ့်နှစ်တောင်ခန့်ရှိ ထီးရိုးဝါးမှိန်းရိုးသည် ကြပ်ခိုးဝနေသောကြောင့် အဆစ်အပြောက်ထကာ ကြံ့ခိုင်နေဆဲပင်။ မှိန်းသွားမှာ ငါးမူးလုံး ၁၈ လက်မအရှည်ရှိပြီး အဖျားဘက်သို့ လိပ်ကျောက်မြီးသဖွယ် ရှူးသွယ်သွား၍ ငါးမျှားချိတ်နှယ် ဒစ်ခံထား၏။ မှိန်းသွား၏အရင်းဝယ် ငယ်နိုင်ကြိုးချည်ရန် သံကွင်းက ပါသေး၏။ အရိုးအသွား ဆယ့်သုံးတောင်ခန့်ရှိသည့် မှိန်းတံကြီး။

ဤမှိန်းတံကြီးအား ဘယ်နေရာ၊ ဘယ်လိုသတ္တဝါအား ထိုးသတ်ရန် ဘယ်သောအခါက စတင်တီထွင်ခဲ့ပါသနည်း။ ဤအခါ ရန်းထိုးမှိန်းဟူသောဝေါဟာရကို ရှင်းရန် အကြောင်းပေါ်လာ၏။

ရန်းထိုးမှိန်း။ ။ ရန်းထိုးမှိန်းဆိုသည်ကား စံရွေး၊ ဖိုးဂေါင် အစရှိသည့် တံငါရွာကြီးများ၏ ဒေသအခေါ်ဖြစ်သည်။ မြစ်ရေ နောက်ကျိကျိတွင် ဘာမှမြင်နိုင်စွမ်းမရှိသော ရေပြင်အောက် မှိန်းတံကြီးဖြင့် ရမ်းသမ်း၍ လိုက်ထိုးနေသောကြောင့် ရန်းထိုးမှိန်းဟု ခေါ်ခြင်းဖြစ်သည်ဟု တချို့က ဆိုကြသည်

ဤ ပညတ်ဆွဲ၍ ခပ်ပေါ့ပေါ့တွေးရင် ဖြင့် မှားပေတော့မည်။ တကယ့် လက် တွေ့ အလုပ်သဘောမှာ ဤသို့မဟုတ် ရန်းထိုးမှိန်းဆိုသည်မှာ တံငါသည် လောကဝယ် အနုစိတ် လျှို့ဝှက်ခက် နက်နဲသော တံငါဘဝ အစိတ်အပိုင် တစ်ခုဖြစ်သည်။

တံငါသည့်ဘဝ လုပ်သက် အနှ သုံးဆယ်အထက်ရှိသူများသာ ဤမှိ မျိုးကိုင်ဖို့ စဉ်းစားရဲပေသည်။ ဤ တံ ရွာကြီးများ၏ ဓလေ့ထုံးတမ်း အစ အလာတစ်ခုကလည်းရှိနေပါသေးသည် ရန်းထိုးမှိန်းမှမိသောငါးသည် အနည် ဆုံး အချိန်ငါးဆယ်အထက်ရှိ၏။ မိလ သောငါးသည် ဖမ်းလာသော တံ အသက်ထက် ပိဿာချိန်ပိုနေပါ ပြန်လွှတ်ရသည့် အစဉ်အလာရှိသည် ထိုစည်း ကျိုးပေါက်ပါက မိုးခေါင်တ သည်ဟု ဆို၏။ ထို့ကြောင့် ရန်းထိုးမှိ ကိုင်ဆောင်သူသည် ရေလုပ်ငန်းအ အကြုံ ဝါနှင့်သမ္ဘာ လိုအပ်သလို တ ဖက်မှလည်း ဒေသဆိုင်ရာ ယုံကြည် ထုံးတမ်းစဉ်လာက ရှိနေသဖြင့် လ တစ်လုံးကြား ရှာဖွေရသော သက်ပြ တံငါလုပ်ငန်း ပြယုတ်တစ်ခုဖြစ်လေ

ဘစိန်မှုံ အလုပ်ရှုပ်လေပြီ၊ လ သမားသုံး စပ်ကျောက်ဓားကျိုးဖြင့် မှ သွားအထက်မှ ကြပ်ခိုးနှင့်သံချေး တိုက်ချ၏။ သံကောင်းဖြင့် ပြုလုပ်ထ သော မှိန်းသွားကာ တစ်ခဏချင်း ဝင်းဝင်း တပြောင်ပြောင်။ နေ တွင် တလက်လက်။ ရေယိုနေ ခြောက်တောင်လှေအိုလေး ပိုးညှ ဖြင့် အသေအချာ ဖာထေး၏။

www.burmeseclassic.com



အိတ်ဖြင့်ထုတ်ထားသော ကြိုးထွေးကြီးအတွင်းမှ စိတ်ကြိုက် နိုင်လွန်ကြိုးများ ရွေးထုတ်လိုက်၏။

တင်းကုပ်အနီး ငှက်ပျောရုံမှ ငှက်ပျောပင်သုံးပင်အား ခုတ်လှဲ ခေါင်းဖြတ်ကာ လှေဝမ်းအတွင်း ထမ်းထည့်လိုက်၏။ လိုအပ်သည့် ပြင်ဆင်မှုကား ပြီးလေပြီ။

တော်သလင်းအလွန် သီတင်းကျွတ်လ မွန်းတည့်ချိန်နေရှိန်သည် ရေငြိမ်နေသည့် ဝဲပြင်ထက် တံလှပ်ထလေ၏။ မှတ်သုံလက်ကျန် လေနုအေးက တစ်ချက် တစ်ချက် ခတ်လိုက်သည့်အရှိန်ကြောင့် ငွေလှိုင်းဇာနုထွေးက လှေဦးအား တဖျပ်ဖျပ် လာရောက်ရိုက်ခတ်လျက်ရှိ၏။

ဘစိန်မှုံမှာ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချထားသည့်မို့ ကေသရာဇာ ခြသေ့်မင်း သားကောင်ကို ချဉ်းကပ်နည်းပမာ။ သားကောင်ရှာသော စွန်ရဲ၏ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ကောင်းကင်တွင် ပျံဝဲ၍ ခြေသည်းများ အသင့်ထုတ်ထားဟန်။ တစ်ခုတည်းသောဆုံချက်၌ အာရုံကို စုစည်းထား၏။ ဝဲဘေးနဘံကိုပတ်၍ ဘယ်မှညာ၊ ညာမှဘယ် မျက်စိဆုံလည်လှည့်၍ သုံးသပ်လိုက်၏။

သတ္တဝါကြီးအောင်းနေနိုင်သည့် ဗွေအချက်အား စိတ်တွက်ဖြင့် နေရာနှစ်ခု ရွေးချယ်လိုက်၏။ ပထမတစ်နေရာမှာ ဝဲဂယက်လှိုက်စားထာသည့် ကုန်းမြေအစပ်က ထူးခေါင်းကြီး။ ဒုတိယနေရာကား ရေလယ်မှာ ကိုးယိုးကားယား ကိုင်းဖျားများပေါ်နေသည့် သစ်ပင်ကျ။ ဤကဲ့သို့ နှစ်ချို့ငါးကြီးများသည် ရေအောက်တွင် လူးကျင်းချကာ နန်းထိုင်နေတတ်သည်။ အစာထွက်၍ စားချိန်မှအပ ကျန်အချိန်ဝယ် လူးကျင်း၌ ဝပ်နေမြဲ။

ဘစိန်မှုံ အလုပ်စလေပြီ။ ဝဲ၏ ပကတိရေပြင်မှာ ရေသေမို့ လှေမှာ ရွေ့လျားမှုနှေးကွေး၏။ လှေဖွန်းမြီးဘေးချိတ်ထားသည့် မှိန်းတံကြီးအား ဖြုတ်ကိုင်လိုက်ကာ ရေကတုပ်တူးကျင်းကြီးအတွင်း စိုက်ချလိုက်၏။ မွန်းတည့်ချိန် နေရှိန်အောက်ဝယ် တဝင်းဝင်း တပြောင်ပြောင် အရောင်လက်နေသော မှိန်းသွားသည် ရေးသားကျောပြင်ကို ခွဲ၍ စွပ်ဆို ထိုးဆင်းသွား၏။ ပြီးလျှင် ရေ၏ ဖော့ဂုဏ်ကြောင့် ပေါ့သွားသော မှိန်းတံအား အသာယာ မ,လိုက်ကာ ဘယ်ညာ ငန်းတိုက်၍ ချက်မှန်မှန် ထိုးသွား၏။

ထိုးချက်တွင် အားထည့်မထား။ ရေအောက်တွင် မမြင်နိုင်သော အခင်းအကျင်း အနေအထား၏ တုံ့ပြန်မှုကို မှိန်းရိုးမှ အာရုံခံဖမ်းစားနေခြင်း ဖြစ်၏။

ရေအောက်တွင် လှုပ်ရှားနေသော မှိန်းသွားသည် သစ်တုံးအား ထောက်မိလျှင် ဒုတ်ကနဲ၊ ကျောက်သားပကတိ ထောက်မိလျှင် ကုတ်ကနဲ ရွှံ့သားမြေပျော့မိလင် စုပ်ခနဲ နိမ့်ဆင်းသွားပြီး သဲလွှာပြင်ခတ်မိသည်ကို သည်းခနဲ ပကတိမျက်စိဖြင့် မြင်သကဲ့သို့ လက်အတွေ့နှင့်ပင် သိ၏။ ခုချိန်ထိ စိတ်ဝင်စားပုံမပေါက်သေး။ အသက်ခြောက်ဆယ်ကျော် အဘိုးအိုမည်သို့သော တုံ့ပြန်မှုကို မျှော်လင့်နေပါသနည်း။ ဒါက မြွေ မြွေချင်းမှ ခြေမြင်နိုင်၊ ပညာတူမှ သိနိုင်မည့် သမ္မာရင့်ရေမုဆိုးတစ်ဦး၏ အစွမ်းအစများပါ၏။

ကမ်းစပ်မှ ရေကတုပ် ထူးခေါင်းအတွင်း စိတ်တိုင်းကျ မွှေနှောက်ပြီးသွားသည်နှင့် မှိန်းတံကို အသာအယာ ပြန်ဆွဲတင်လိုက်၏။ ဒီကတုတ်ကြမ်းပြင်မှာ ဒီသတ္တဝါမရှိတာ သေချာပြီ။ ဒုတိယနေရာဆီသို့ လှေကိုရွှေ့၏။

ဝဲရေပြင်အလယ်ခေါင် သစ်ပင်ကျအနီး လှေကို ချဉ်းကပ်လိုက်ပြီး မှိန်းကြီးကို ချလိုက်ပြန်သည်။ သည်တစ်ချီတွင် ပထမနေရာထက် အာရုံပိုနှစ်ထားပုံရ၏။ အရောင်ထွက်မတတ် စူးရှလှသော မျက်လုံးတစ်စုံမှာ ကြည်လင်နေသော ဝဲရေပြင်ထက်က မခွာ။ မှိန်းကို နိုင်နင်းစွာ ကိုင်ဆောင်ထားသော ဘယ်ညာလက်မောင်းအစုံက အကြောပြိုင်းပြိုင်းထ၍ 'ငါမအိုသေးဘူးကွ' ဟုဆိုသယောင်။ တွေ့မရှောင်ရေမုဆိုး။ ပြိုင်ဘက်နှင့် စီးချင်းထိုးရန် စည်းအတွင်း ဝင်လာဟန်။ မှိန်းတံကို ဆ၍ ဆ၍ ရွရွလေး မပြီး ငန်းတိုက်ထိုးကာ တုံ့ပြန်မှုအား စောင့်ဆိုင်းလျက် ရှိတော့၏။

တစ်ချီတွင် မှိန်းသွားအချဉ်း
ဒုတ် . . ဒုတ် . . ဒုတ်

သူမျှော်လင့်နေသော ထူးခြားမှုအတွေ့က မှိန်းရိုးမှတစ်ဆင့် လက်နှစ်ချောင်းဆီကိုဖြတ်ကာ အသိအာရုံဆီသို့ စီးဆင်းသွား၏။ မျက်နှာမှာ ရွှေရောင်အဆင်းသို့ ဝါဝင်းသွား၏။ ဒီကောင်ကြီးအောက်ကျင်း သူတွေ့လိုက်လေပြီ။ တစ်ဆက်တည်းပင် ပကတိကြည်လင်နေသော ဝဲရေပြင်မှ ဟဲခနဲဆို ရေဂယက်ကြီးတစ်ချက် တက်လာ



www.burmeseclassic.com

ပြီး ကော်ဖီရောင်သို့ ပြောင်းသွားတော့၏။ ရေအောက်ကြမ်းပြင် လှူးကျင်းအတွင်းမှသတ္တဝါကြီးသည် ချွန်ထက်သော မှိန်းသွားဖြင့် ခပ်ဆဆထောက်မိသွားသည်တွင် အလန့်တကြား လှူးကျင်းအပြင် ထွက်လိုက်ခြင်းဖြစ်၏။ ရုတ်တရက် လှူးကျင်းအတွင်း ပြန်မဝင်သေးဘဲ တစ်ချက် တစ်ချက် ထပွက်လိုက်သည့် ရေဂယက်ကြီးမှာ ကြောက်စရာပင်။ ဝဲရေပြင်သည် တသိမ့်သိမ့် တုန်ခါနေအောင်ပင်။

မှိန်းသွားရာလမ်းကြောင်းအား အသေအချာမှတ်ပြီးလျှင် မှိန်းတံအား ဆွဲမြှောက်တင်လိုက်ပြီး ပြင်ဆင်စရာများ ပြင်ဆင်တော့၏။ အတောင်နှစ်ဆယ်ရှည်သော နိုင်လွန်ကြိုးအား မှိန်းသွားရင်းငယ်နိုင်ကွင်းဝယ် တွဲချည်လိုက်သည်။ သုံးတောင်ခန့် နှစ်ဆစ်ပိတ်ဝါးပိုးဝါးကြီး တစ်ဖက်တွင် ဖောသီးအဖြစ် အချက်ပြတွဲလိုက်၏။

ငှက်ပျောတုံး သုံးတုံးအား တံစို့နှစ်ချက်ထိုးပြီး လှေဦးအောက်စပ်မေးတွင် ပေါင်းတင်လိုက်၏။ လှေကသေးနေသောကြောင့် သတ္တဝါကြီးအရှန်းတွင် မှောက်နိုင်သောကြောင့် ငှက်ပျောတုံးပေါင်းရခြင်း ဖြစ်သည်။ ပြင်ဆင်မှုကား ပြီးလေပြီ။

ဘစိန်မှုံ ပြင်ဆင်စရာများ အမြန်လုပ်ဆောင်ပြီးသွားချိန်ဝယ် ဝဲကြီး၏ ပကတိရေပြင်သည်လည်း ပြန်လည်ငြိမ်သက်စပြုလာ၏။ အောက်ကြမ်းပြင်၌ လှုပ်ရှားမှု ဂယက်ကြောင့် ရေမျက်နှာပြင်အထက် ထပွက်လာသော ဒိုက်အစအနများ အနည်ထိုင်စပြုလာ၏။ ထိုအခြေအနေသည်ကား ရေအောက်တွင် မင်းမူကျက်စားနေသည့် သတ္တဝါကြီး လှူးကျင်းအတွင်း ပြန်ဝင်သွားသည်ဟု ညွှန်ပြနေသောသဘော။ နေ
ကျေနေသော ရေမှုဆိုးဘစိန်မှုံက သ
လိုက်ပြီ။ ပထမတစ်ခါကတော့ အ
သတ္တဝါ ဘယ်မှာနေသည်ဟု ရှာ
သည့်သဘော။ သည်တစ်ချီကတော့
သိမ်းအပိုင်ထိုးမယ့် မှိန်းချက်ဖြစ်သည်

အတွက်မှား၍ လက်အသွား
မှန်လျှင် မိမိစောင့်စည်းခဲ့သော သီ
ကိုလည်း ပျက်စေမည်။ ဤမှိန်းတ
ချက်သည် ဇနီးမယားဆေးရုံတက်ဖို့
ရိတ်ကိုရစေ၍ သူ့အသက်ကိုလည်
ဆက်စေနိုင်မည်။ ဟင်းခနဲ သက်ပြ
ရှည်တစ်ချက် ချလိုက်ပြီး ဂယော
ဂယက်ဖြစ်နေသောစိတ်ကို အမြန်ထိ
လိုက်၏။ အပြင်ဗဟိဒ္ဓ ခန္ဓာကိုယ်
အတွင်း အဇ္ဈတ္တစိတ်သဏ္ဌာန်အ
တစ်ထပ်တည်းကျအောင် အာရုံစုစည်
လိုက်ပြီး မှိန်းရိုးကြီးနှင့် ငယ်နိုင်ကြ
ပူးကိုင်ကာ ပထမတစ်ခါ သွားသည်
မှိန်းလမ်းကြောင်းအတိုင်း ကျစေ
တစ်ကျော့ပြန် ကြိုးစား၏။




www.burmeseclassic.com

www.burmeseclassic.com


အသက်ပင် ပြင်းပြင်းမရှူ။ ရေထုအတွင်း မိုန်းရိုး ဗ တောင်ခန့် ညင်သာစွာ လျှောချလိုက်ပြီး မူလမှတ်သားထားသည့်အတိုင်း သစ်ပင်ကျူနှင့် လေးထောင့်အကွာ လှေဦး၏ညာဘက် လေးဆယ့်ငါးဒီဂရီကို စောင်း၍ ရေပေါ်တွင်ကျန်နေသော မိုန်းရိုးတံအား လက်နှစ်ဘက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်၍ အတွင်းအားနှင့် ခန္ဓာကိုယ် စိတ်ပါ မချန် အားကုန်ထိုးစိုက်ချလိုက်တော့၏။

စည်းစည်းပိုင်ပိုင် ရှိလှသော ထိုးချက်က သတ္တဝါကြီး၏အသားစိုင်ကို တည့်တည့် စူးဝင်သွားသည်ဟု ခံစားရင်း သိလိုက်၏။

သတ္တဝါကြီးသည် မမျှော်လင့်သည့်အခါ မမျှော်လင့်သည့်နေရာမှ ဆတ်ခနဲ အသားထဲသို့ မြုပ်သွားသည့် မိုန်းသွားအား ရုတ်တရက် သွေးပူသွေးလောဖြင့် သိလိုက်ဟန်မတူ။ ဘစိန်မှုက ထိုးချက်ပိုင်ပြီဟုတွက်မိလျှင် လျင်မြန်သောအဟုန်ဖြင့် မိုန်းရိုးအား ထိုးလှည့်လှည့် ချလိုက်သည်တွင် အသွား၌ အဖျားခတ်အစ်ခံထားသော အထစ်မှာ ဝင်ပေါက်နှင့် ကြက်ခြေခတ်နှစ်ဝင်စွဲသွားတော့၏။

ထိုအခါ သတ္တဝါကြီးသည် အသည်းခိုက်အောင် နာကျင်သွားပြီး ရုတ်ကနဲ ပြင်းသော အဟုန်ဖြင့် သုတ်ခနဲ ပြေးတော့၏။

ရှည်လျားလှသော မိုန်းရိုးသည် ထိုးထိုးထောင်ထောင် သစ်ပင်ကျူကိုင်းများများနှင့်ငြိကာ 'ဖြောင်း'ခနဲ ကျိုးသွား၏။ သို့သော် ကိစ္စမရှိ။ အရင်းဝယ် ငယ်နိုင်ကွင်းဖြင့် တွဲချည်ထားသော ကြိုးက ဒီသတ္တဝါကြီးသွားလေရာ တန်းလန်းပါနေမြဲ။ တစ်ချိတွင် ဦးခေါင်းပြာပြာကြီး ဘွားခနဲ ထိုးပေါ်လာ၏။ ၎င်းမြင်ကွင်းသည် တော်ရုံ တန်ရုံ တံငါဆိုလျှင် ကြောက်သေးဖြန်းဖြန်းပါလျက် နောက်ပြန်ပြေးမှာ သေချာ၏။ ခပ်စွာစွာ မုဆိုးဘစိန်မှုအဖို့တော့—

"မင်း ငယ်ပါသေးတယ်ကွာ"ဟု ဆိုရင်း ဟားတိုက်ရယ်မောနေရှာ။ သမ္မာဆိုတာ ဒါကိုပဲ ခေါ်သည် မဟုတ်လား။ ဝဲအောက်ခြေကြမ်းပြင်ဝယ် သတ္တဝါကြီး၏ ဂုန်ဒိုင်းကြွထိုးနှက်ချက်ကြောင့် မြေပြာစမ်းပေါက်သွား၏။ ထထ ပွက်သည့် ရေဂယက်ကြီးများမှာ ဟိုတစ်ကွက် ဒီတစ်ကွက်။ တစ်ခဏချင်း အပွတ်ဆက်ခါ ဝဲရေပြင်သည် အပြာရောင်ရှိအဆင်းသို့ ပြောင်းလဲသွားတော့၏။

သတ္တဝါကြီး သွားလေရာ တန်းလန်းပါနေသည့် အချက်ပြ အဆစ်ပိတ်ဝါးဆစ်ပိုင်းသည် ရေစပ်ကိုင်းတောကြား သည်းခနဲ ဖြတ်ပါသွားလိုက်။ သစ်ပင်ကျူ ကိုင်းဖျားများကြားထဲ မည်းခနဲ ချိတ်ပါသွားလိုက်။ ရေနက်ပိုင်းအတွင်း ထိုးဆင်းသွားလျှင် စုပ်ခနဲ မြုပ်ပါသွားလိုက်ဖြင့် အသားတွင်စွဲနေသော မိုန်းသွားကျွတ်ထွက်ရန် ဖြောင်းဆန်၏။ တစ်ချိ တစ်ချိတွင် ငယ်နိုင်ကြိုးဖျားမှ ဝါးဆစ်ပိုင်းသည် သစ်ကိုင်းနှင့် ငြိလိုက်၊ ကိုင်းတောများနှင့် ငြိလိုက်ဖြင့် မိုန်းသွားအား လှုပ်ခါ လှုပ်ခါ ပေးသကဲ့သို့ရှိပြီး အသည်းခိုက်အောင်ပင် တနုပ်နုပ် နာကျင်ပေတော့၏။

ဘစိန်မှုသည် ဝဲကြီးအတွင်း ဘယ်မှသာ ညာမှဘယ် တဝဲလည်လည်ဖြင့် ချေပြင်ထက် နဘဲကျွတ်တိုက်သကဲ့သို့ ရှုပ်၍ ခတ်၍ ပါနေသော အချက်ပြဝါးဆစ်ပိုင်းနှင့် မိမိ လှေကလေး ချိတ်ပါမသွားစေရန် ရှေ့တိုးရိုလိုလျှင် လှော်တက်အား ခတ်လိုက်၊ နောက်ဆုတ်ဖို့လိုလျှင် မတ်လိုက် ပတ်လိုက်။ ရှောင်လိုက်ဖြင့် ကျွမ်းကျင်သော သိုင်းသမား ဟန်ရေးပြနေသည့်နှယ် ကြည့်၍ပင် ကောင်းတော့၏။

ဝဲကြီးအတွင်း ရှုပ်ထွေးလှသော ဒိုက်သရေများနှင့် ငယ်နိုင်ကြိုးကား ဟိုချိတ် ဒီချိတ် ချိတ်ခါသွားသော်လည်း ပြတ်ရန် အလားအလာမမြင်။ နာကျင်မှုကိုသာ ထပ်ခါ ထပ်ခါ တိုးစေသည်မို့ သတ္တဝါကြီးသည် ဗျူဟာပြောင်းရန် ဟန်ပြင်၏။ ဝဲကြီးနှင့် မြစ်ကြောင်းသည် ရေတိမ်ပိုင်းခံ စည်းခြားနေ၏။ နောက်ဆုံးတစ်ချိတွင် ထိုစည်းအား ထိုးခုန်ကာ မြစ်ကြောင်းအတွင်း စုန်ဆင်းသွားတော့၏။

ဝဲကြီးအတွင်း အကျဉ်းအကျယ်မယ် ချောင်ပိတ်ထားနိုင်သည့် အနေအထားမှ မြစ်ပြင်ကျယ်အတွင်း ထွက်သွားသည်မို့ ဒီအကောင်ကြီး မိရန် လွယ်ပါတော့မည်လား။ သို့သော် စိန်မှုလေ သိသည်မဟုတ်လား။

ကဲ . . ပြေးစမ်း၊ ငါ့လက်ကလွတ်အောင် စိန်မှုကို ဒီလို ဉာဏ်တစ်ထွာ တစ်မိုက်နဲ့ ကစားလို့ရမလား၊ ဟား ဟား ဟား"

ဘစိန်မှု လှေကို ခပ်မှန်မှန်ခတ်၍ မြစ်ကြောင်းအတွင်း စုန်လိုက်သွား၏။

မြစ်ကြောင်းအတွင်း သတ္တဝါကြီး ထိုးဆင်းသွားသည့် လမ်းကြောင်းမှာ စက်လှေတစ်စင်း ခပ်ပြင်းပြင်း ခုတ်မောင်းသွားသည်နှယ် လှိုင်းပြင်မှာ ဟဲ


www.burmeseclassic.com

www.burmeseclassic.com



တိုက်ပါသွား၏။ သိပ်မကြာလိုက်။ ရေစီးကြောင်းအတိုင်း စုန်ဆင်းသွားသောလှိုင်းလိပ်မှာ အထက်ဝဲကြီးရှိရာဘက်သို့ ပြန်ဆန်တက်လာ၏။ ဘစိန်မှုံတစ်ကွက်ကြိုတွေးထားသည့်အတိုင်းပင်။ ဝဲကြီးတစ်ကွေ့လွန်လျှင် မြစ်ပြင်သည် သောင်ခံနေ၍ အပေါ်ယံရေသားက ခပ်ပါးပါးသာ။

ထိုသတ္တဝါ ရေတိမ်ပိုင်းဝယ် အန္တရာယ်ပိုများမည်ကို သိ၏။ ထို့ကြောင့် မြစ်၏အထက်သို့ ပြန်ဆန်တက်လာခြင်း ဖြစ်သည်။ လှိုင်းလိပ်မှာ အခတ်ကျဲသွားပြီမို့ ဒီသတ္တဝါမောသွားတာသေချာပြီ။ ရေစီးကြောင်းအတိုင်း ဆန်၍ လူ့ပ်လီလူ့ပ်လဲ့ပါလာသော ဝါးဆစ်ပိုင်းမှ ကြိုးဖြည်ကာ လက်ဝယ်တစ်ပတ်ရစ် ကြော့ကိုင်လိုက်၏။ လှေဦးသို့ ရွှေ့ထိုင်လိုက်၏။

ကြိုးအား ခပ်ဆဆ တစ်ချက်လွှဲ၍ ခတ်လိုက်သည်တွင် ကျားလန့်ပြေးသော သားပမာ တစ်ကြော့ပြန်ပြေးပြန်၏။ ဒီတစ်ခါတွင်မတော့ ဘစိန်မှုံ ကြိုးစကိုမလွှတ်တော့။ ချုံမရှိ၊ ဒိုက်မရှိ ရေသားပကတိသာ စီးဆင်းလျက်ရှိသောမြစ်ပြင်ကျယ်မှာ သူက အားသာသွားလေပြီ။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့်စကားအတိုင်း သတ္တဝါကြီး အလာဆိုက်အောင် ပရိယာယ်အမျိုးမျိုး သုံးခဲ့ခြင်းဖြစ်၏။

တင်းလိုက်၊ လျှော့လိုက်၊ လျှော့လိုက်၊ တင်းလိုက်ဖြင့် ကြိုးကို တဖြည်းဖြည်း ရစ်၍ ရစ်၍ ဆွဲတင်လိုက်ရာ သိပ်မကြာ။ သတ္တဝါကြီး၏ဗိုက်သားဖွေးခနဲ ပေါ်လာတော့၏။ သတ္တဝါကြီးမှာ အင်အားချည့်နဲ့သွားပြီဖြစ်၍ မလှုပ်နိုင်တော့ပေ။ ဘစိန်မှုံသည် နောက်ဆုံးတစ်ချက်တွင် ကြိုးကို ကြော့၍ ခပ်ဆဆ ဆတ်ခနဲ ဆွဲဖြောက်လိုက်ရာ သတ္တဝါကြီးမှာ လန့်၍ ဖျတ်ခနဲ ပါးဟပ်ကြီးပွင့်သွားတော့၏။ ထိုအခွင့်အရေး လက်လွှတ်မခံ။ နှစ်တောင်သာသာသံချိတ်ကောက်ဖြင့် ဒတ်ခနဲ ချိတ်လိုက်ပြီး လှေဦးကြိုးချည်ကွင်းဖြင့် တွဲလိုက်တော့၏။ လှေက ခြောက်တောင်လေ့။ ငါးက ရှစ်တောင်သာသာ။ ပွဲသိမ်းသွားလေပြီ။

ဦးခေါင်းပိုင်းအား ပက်လက်အနေအထားဖြင့် ရေနှင့်တစ်မိုင်လောက်ခွာကာ ချိတ်ထားလိုက်သည်ကြောင့် နိုင်ကွက်ပိုင်ပြီဖြစ်ရာ ဝေလကြီးဖြစ်စေ လှုပ်နိုင်တော့မည်မဟုတ်ပေ။

+ + +

အခန်း(၃)

**ကြည်မောင်+ဘစိန်မှုံ**

ဘစိန်မှုံ လှေကလေးကို ခတ်ကာခတ်ကာ ငါးရွှဲ(ငါးဒိုင်)ရှိရာသို့ လှော်ခတ်လာ၏။ ငါးရွှေကြီး။ ကုန်းမှာ မြွေပွေး၊ ရေမှာ ငါးရွှေဆိုသော စာရှိသည်။ ပင်လယ်ပြင် ရေငံငါးဖမ်းလုပ်ငန်းဝယ် ငါးမန်းကဲ့သို့ ရေချိုငါးဖမ်းလုပ်ငန်းတွင် ငါးရွှေသည် အန္တရာယ်ကြီးသော သားစားငါးမျိုး ဖြစ်သည်။ ရေနက်ပိုင်းကမ်းစပ်များဝယ် တုံးတိုကြီးသို့ ရုပ်ဖျက်ကာ ငြိမ်နေတတ်ပြီး ရေဆင်းသောက်သော ခွေးကြောင် စသည့် သတ္တဝါများကို ရုတ်တရက် လှုပ်ရှား ထိုးဟပ်တတ်သည်။ ကလေးငယ်များနှင့် ကြုံလျှင်လည်း သုတ်တတ်သည်။ ရေစီးတွင် မျောပါလာသော အသေကောင်အပုပ်အပွများကို မလွှတ်တမ်းစားသောက်သည်။ ငါးအချင်းချင်း ဖတ်တူသားစားသည့် ရေမှုဆိုးဖြစ်သည်။ ယခု မုဆိုး မုဆိုးချင်း စီးချင်းမှာတော့ ဘစိန်မှုံ၏သားကောင် ဖြစ်သွားရလေပြီ။

ဘစိန်မှုံ လှေကလေး ငါးရွှဲဆိပ်ခံအား ကပ်လိုက်ချိန်တွင် ငါးရွှဲလုပ်သားများနှင့် အနားဝန်းကျင်မှ လူအများ အံ့သြမှုဖြင့် အပြေးအလွှား လာရောက်ကြည့်ရှုကြ၏။

"ဟာ ... နည်းတဲ့ အကောင်ကြီးလားကွ"

"အဘိုးကြီး .. အိုပေမယ့်လည်း တယ်စွမ်းပါလားကွ"

"အချိန်ခြောက်ဆယ်ထက်တော့ မနည်းဘူး ဟေ့"

ကျွတ်စီ ကျွတ်စီနှင့် အသံများ ဆူညံ ဆူညံဖြစ်လာရင်း ဆိပ်ခံတံတားပေါ်ဝယ် လူများ ပြည့်သွား၏။ ဤမျှကြီးသောငါးသည် ရေငံငါးဖမ်းလုပ်ငန်းဝယ် မဆန်းသော်လည်း ရေချိုငါးဖမ်းလုပ်ငန်း၌ ဆယ်နှစ်တစ်ခါတောင် တွေ့ရခဲ မြင်ရခဲ၏။ ပြီးတော့လည်း ကြည့်လေ။ နည်းပညာအကူ ဘာမှမပါဘဲ ရေဘုရင်မုဆိုးနှင့် တံငါမုဆိုး စီးချင်းထိုး အားပြိုင် အနိုင်ရလာသည် မဟုတ်လား။

ထိုလူအုပ်ထဲတွင် မှုပျက်အောင်ပင် အံ့သြထိတ်လန့်နေသည့် လူတစ်ယောက်ရှိနေသည်။ သူက ကြည်မောင်။ သူကလည်း ရွှဲ(ငါးဒိုင်)သို့ ငါးလာချခြင်းဖြစ်သည်။ ပါးစပ်အဟောင်းသားနှင့် ဘစိန်မှုံကို တစ်ချက်ကြည့်လိုက်၊ လှေနှင့် တွဲကပ်ထားသည့် ငါးရွှေကြီး၏ဗိုက်သားဖြူဖြူကြီး ကြည့်လိုက်နှင့် စကားမဆိုနိုင်။



www.burmeseclassic.com

www.burmeseclassic.com



စံရွှေ၊ ဖိုးဂေါင် တံငါလောကတွင် ကြည့်မောင်က ဆရာကြီး။ လေလုံးကလည်း အလွန်ထွားသည်။ သူ၏ အမြဲပြောနေကျ စကားရှိသည်။ 'သမ္မာလေ သမ္မာ'ဟု။ အခု ဘစိန်မှူ အနေအထား သူမြင်သွားသည့်အခါ ကြောင်ရှေ့ ရောက်နေသော ကြွက်စုတ်ပမာ ငြိမ်ကုပ်နေတော့၏။

ဘစိန်မှူသည် ကျသင့်ငွေ ရှင်းယူလိုက်ပြီး လှေအိုလေးကို ခပ်သုတ်သုတ်ခွာကာ မိမိအိမ်ရှိရာသို့ ဦးတည် လှော်ခတ်လျက်။ မယ်လှအား ဆေးရုံပို့ရန် အချိန်မီသေး၏။ အိမ်ရောက်ရောက်ချင်း လှဆောင်တို့စက်လှေငှားမည်။ သည်ငွေနဲ့ဆိုရင် စက်လှေငှားခပင်မက ဆေးရုံစရိတ်ပါ လုံလုံလောက်လောက် ရပြီဟု တွေးရင်း အားထည့်လှော်ခတ်လိုက်ရာ တစ်ခဏချင်းပင် မိမိအိမ်ရှိရာ ဆိပ်သို့ကပ်၏။

လှေအိုလေးအား ကမ်းပါးလှေချည်ငုတ်တွင် ချည်နေစဉ် ကမ်းပေါ်မှ ဆူဆူညံညံလူသံများ ကြားနေရသည်။ လှေတက်အားကိုင်၍ ကမ်းပေါ်ရောက်သည်တွင်–

"အမလေး ... အရီးလှရဲ့၊ ဘစိန်မှူပြန်လာပြီတော့ .. ထကြည့်ပါဦး၊ အရီးလှရဲ့ ... အသက်ထွက်ခါနီးအထိ တသသ မေးနေခဲ့တာလေ .. ဟီး .. ဟီး ... ဟီး"

ညံထွက်လာသော ငိုသံများက ဘစိန်မှူရင်ဝ အရှိန်ပြင်းစွာ ဝင်ဆောင့်၏။

"မယ်လှ ဆုံးပြီ ဆိုပါလား"

ဘစိန်မှူ လှော်တက်ကို တစ်ဖက်ကကိုင်လျက် မတုန်မလှုပ်။ ကျောက်ရုပ်ကြီးလို ငြိမ်သက်နေ၏။ လင်နှင့်မယားဟူသည် ငယ်ရွယ်နုနယ်စဉ်အခါ ပူလောင်ခြင်း မကင်းသော ၁၅၀၀ မေတ္တာမျိုးနှင့် အရူးအမူးချစ်ကြသည်။ ထိုအချစ်မျိုးသည် မမြဲတတ်။ အတ္တနှင့်မာန အားပြိုင်မှုတွင် အကြောင်းမသင့်က ကွဲတတ် ကွာတတ်ကြသည်။

ဤအဆင့်ကို ကျော်လွန်၍ တစ်သက်လုံး မခွဲမခွာ လက်တွဲလာကြသော အကြင်လင်မယားမျိုးသည် အသက်အရွယ်ရလာသည့်အခါ တစ်ဦးနှင့် တစ်ဦး ဖေးကူကာ ၅၂၈ မေတ္တာမျိုးဖြင့် ခရီးဆက်ကြ၏။

ထိုအချစ်သည် အေးချမ်းသောအချစ်။ တဏှာမပါသောအချစ်။ မောင်လို နှမလို ရစ်တွယ်သောအချစ်။ ဖိုးသူတော်နှင့် တောင်ဝှေးလို အချင်းချင်း ဖေးကူလိုသောအချစ်။ အခုတော့ ကံကြမ္မာက ပိုင်းခြားလှစ်ခဲ့ပြီ။

ဝင်လှဆဲနေမင်းသည် မြစ်ပြင်ကို မေးတင်လျက်ရှိ၏။ အနောက် မိုးကုတ်စက်ဝိုင်းဆီဝယ် ပုစွန်ဆီရောင်သန်းလျက်။ ငှက်သတ္တဝါ၊ ဖျိုင်းတံငါတို့လည်း အဖိုအမနှစ်ကောင် တစ်တွဲစီ မိမိတို့အိပ်တန်းရှိရာ တန်းရှည်လျက် ပျံသန်းနေကြသည်။

ဘစိန်မှူ ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်သည်။ ကြည့်စမ်း။ နောက်ဆုံးမှာ ကျန်ခဲ့သည့် ဖျိုင်းအိုတစ်ကောင်။ အဖော်မပါ။ တစ်ကောင်တည်းပင်။ အထီးကျန်လှရှာ၏။ မိမိသည်လည်း မယ်လှမရှိတော့ရင်ဖြင့်–

ဘစိန်မှူတွေးရင်း ဝမ်းနည်းလာကာ မျက်ဝန်းနှစ်သွယ်မှ မျက်ရည်တို့ စီးကျလာ၏။ အသက်အရွယ်အရ ပါးပြင်ထက် လိပ်၍နေသော ဖရော၏ အရေးအကြောင်းများက မျက်ရည်စီးဆင်းရာ လမ်းကြောင်းဝယ် ပိတ်ဆို့နေသကဲ့သို့ ရှိ၏။ ငယ်ရွယ်နုနယ်စဉ်ကလို တစ်ခါတည်းစီးမသွား။ ပါးပြင်ထက် မျက်ဝန်းချိုင့်ဝယ် ဘယ်မှညာ၊ ညာမှ ဘယ် အပြန်ပြန် အလှန်လှန် လွန်းထိုးနေ၏။

ချုပ်တည်းထားသော စိတ်ကို ထွက်ပေါက်ပေးလိုက်သည်တွင် 'အင့်' ခနဲ တစ်ချက်ရှိုက်လိုက်၏။ ဤ မြစ်ပြင်ကျယ်ကြီးကို ခိုမှီရှင်သန်၍ သမုဒယဖွဲ့ခဲ့သော စိန်မှူနှင့် မယ်လှအနက်၊ ဒေါ်မယ်လှက လက်တွဲဖြုတ်သွားခဲ့ပြီမို့ အိုကြီးအိုမဘဝဖြင့် ကျန်ရစ်ခဲ့သော ဘစိန်မှူမျက်ဝန်းမှ သောက မျက်ရည်တစ်စက်၊ မြစ်ရင်ခွင်ဆီ ကြွေဆင်းသွားခဲ့ပါပြီလေ။

မိုးသဲအောင်(ဇ.မြ)





www.burmeseclassic.com

www.burmeseclassic.com



## အဝေး•••သို့

တို့နှစ်ယောက်ရဲ့
ဇာတ်လမ်းတစ်ပုဒ်ကို
မှတ်တမ်းထုတ်မိတယ်
ဒီဇာတ်လမ်းမှာ
ကြေကွဲခန်းတွေ
မပါချင်ဘူး
ငိုကြွေးခန်းတွေ
မမြင်ချင်ဘူး
ဒါပေမဲ့ မေရယ်
လေပြင်းတစ်ချက်ကြောင့်
အိပ်မက်တွေ
ပြောင်းပြန်လန်ခဲ့
ကောင်းကင်ယံရဲ့
ကြယ်စင်တွေတိမ်ဖုံး
နှလုံးသားလည်း
ကြေကွဲပျက်သုဉ်း
မျက်လုံးတွေ
ကျွတ်ထွက်မတတ်
ငိုခဲ့ရတယ်
နောက်တစ်ခါ
ဆက်ချစ်နိုင်ဖို့
ငါ့မှာ
နှလုံးသား အပိုမရှိလို့
ဒီဇာတ်လမ်းရဲ့
အဝေးဆီကို
ပျံသန်းခွင့်ပေးပါတော့
အချစ်ရေ ••။ ။



မောင်ကောင်းတင်(ကျောက်ဆည်)

---

## အမှတ်စဉ်(၁၃၅) ဇန်နဝါရီလအတွက်

### ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဇော်နောင် | – | ပြောစကားဟာ သဘောထားဖြစ်တယ် |
| ၂။ | မောင်မိုးလှိုင်(သစ္စာမြေ) | – | ကဗျာရဲ့ အခ်ဉ်းအကျင်း |
| ၃။ | မောင်နွယ်အောင်(မြေပြန့်) | – | အားလုံးကောင်းတဲ့ဆောင်း |
| ၄။ | မောင်လွမ်းရည်(ရွှေတောင်) | – | ပါရမီဖြည့်ဘက် |
| ၅။ | မောင်နန်းကျော်(သံတွဲ) | – | ကျားဆရာကြောင် |
| ၆။ | မောင်နီချို | – | အမှန်အမှားများအကြောင်း |
| ၇။ | မြစိုးလွင် | – | သက်မဲ့ဒြပ် |
| ၈။ | အထွန်း(တမာမြေ) | – | ဘဝကဗျာ |
| ၉။ | ရွှေကျွန်းခိုင်သစ် | – | ကွေ့မယ် •• ကိုင်ထား |
| ၁၀။ | ရဲရင့်သွေး | – | ဘဝဟာ ပုံပြင်မဟုတ်ဘူး |



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ် ..။

ထိုနှစ်တွင် ဦးလွင်ထွန်းသေဆုံးခဲ့သည်။

သူ့ကိုယ်သူ သတ်သေသွားခြင်းဖြစ်သည်။

သူ့အသက်မှာ လေးဆယ့်ငါးနှစ်သာရှိသေး၏။ လူ့လောကတွင် နောက်ထပ် အနှစ်နှစ်ဆယ်ကျော် သုံးဆယ်နေနိုင်သေး၏။

သူသည် ရန်ကုန်မြို့ ..... ရပ်ကွက်ရှိ တိုက်ခန်းတစ်ခန်းတွင် နေသည်။ ထိုတိုက်ခန်းတွင် သူနေလာခဲ့သည်မှာ သူ့အသက်နှစ်ဆယ့်ငါးနှစ်ကတည်းက။

သူ့မိဘမှာ အထက်မြန်မာပြည် မန္တလေးမြို့မှာနေ၏။ အလွန်ချမ်းသာ၏။ သားတစ်ယောက်သာရှိ၍ အလိုလိုက်ထား၏။ သုံးချင်ရာသုံး စားချင်ရာစား။ သူသည် ဆယ်တန်းတွင် တစ်ဖုန်းဖုန်းကျသောကြောင့် ကျောင်းဆက်မနေတော့။ မိဘ၏ အလုပ်တွင် အမည်ခံ အလုပ်ဝင်လုပ်သည်။ မန္တလေး–ရန်ကုန် ကူးချည်သန်းချည်။

နောက်ဆုံး၌ သူ့ဖခင်က သူ့အတွက် တိုက်ခန်းတစ်ခန်းကို ရန်ကုန် ... ရပ်ကွက်တွင် ဝယ်ပေးလိုက်သည်။ ရန်ကုန်ရောက်သည့်အခါ ထိုတိုက်ခန်း၌ နေရန်ဖြစ်သည်။

ငွေကို ဖောဖောသီသီသုံးနိုင်သော ဦးလွင်ထွန်းတွင် အပေါင်းအသင်း အလွန်များ၏။ ယောကျ်ားအပေါင်းအသင်းထက် မိန်းမအပေါင်းအသင်းကပိုများသည်။ နောက်ဆုံးပေါ် မော်တော်ကားများကို ပြောင်းစီးနိုင်သော ဦးလွင်ထွန်းကို သူ၏အမျိုးသမီးအပေါင်းအသင်းများက 'ကိုကိုထွန်း' 'အစ်ကိုထွန်း' ဟူ၍ တစ်ထွန်းထဲထွန်းနေကြသည်။

ရန်ကုန်တိုက်ခန်းတွင် ဦးလွင်ထွန်းသည် သူ၏မိခင်ဘက်မှ ဆွေမျိုးနီးစပ်တော်သော ဦးရွှေနှင့် အတူတူနေသည်။ ဦးရွှေသည် သူ့ကို ငယ်စဉ်ကတည်းက ထိန်းလာခဲ့သူ။ ရိုးရိုးအေးအေးနေသောဦးရွှေသည် မောင်လွင်ထွန်း (ဦးလွင်ထွန်း) ဘာပဲလုပ်လုပ် ဘယ်တော့မှ ဝင်မပြော။

"ကျွန်တော် ဘာစားချင်တယ်"

ဟု ပြောလာလျှင် ဦးရွှေက သွားဝယ်ပေးသည်။

"ကျွန်တော်အိပ်ပျော်နေတုန်း တယ်လီဖုန်းလာရင် လုံးဝ မကိုင်ပါနဲ့"

ဟု မှာထားလျှင် ဦးရွှေသည် လုံးဝမကိုင်။(ထိုစဉ်က ကြိုးတပ်တယ်လီဖုန်းများသာရှိ၏။)

"ဦးရွှေ မနက်ဖြန် ကျွန်တော် မန္တလေးသွားမယ်။ ဦးရွှေပါလိုက်ခဲ့"

ဟု မောင်လွင်ထွန်းကပြောလျှင် လိုက်သွားသည်။

**သူ့ရဲ့**
**ယုတ်မာတဲ့လုပ်ရပ်။**
**သူနဲ့ကျွန်မ**
**တစ်တွဲတွဲသွားနေတာ**
**ကျွန်မဓာတ်ပုံနဲ့**
**မှတ်တမ်းတင်ထားတယ်။**
**နောက်ပြီး သူ့ကိုလည်း**
**ကျွန်မမှာလင်ရှိတယ်။**
**ရှင့်ကို မယားခိုးမှုနဲ့**
**တရားစွဲမယ်ဆိုပြီး**
**...**



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေသည် အိမ်၏ဝေယျာဝစ္စ
း။ မောင်လွင်ထွန်း၏ဝေယျာဝစ္စများ
ားလုံးကို မညည်းမညူလုပ်ပေး
ည်။ သူသည် ဆေးလိပ်အလွန်
ာက်သူဖြစ်ရာ မန္တလေးနဂါးဆေး
ါ့လိပ်ကို သောက်နေရလျှင် ပျော်ရွှင်
သူဖြစ်သည်။

ဦးလွင်ထွန်းသည် အရက်ကို
ဝမသောက်။ အရက်သောက်သူများ
း သူ အပေါင်းအသင်းမလုပ်။

အစားကောင်းကောင်းစားသည်။
ဝတ်ကောင်းကောင်းဝတ်သည်။ မော်
ာ်ကား ကောင်းကောင်းစီးသည်။
မျိုးသမီးလှလှများနှင့် ထည်လဲတွဲ
ည်။

ဦးလွင်ထွန်း၏ဖခင် ဦးစိုး
သည် ရန်ကုန် ဗိုလ်ချုပ်အောင်ဆန်း
းဟောင်းတွင် ဆိုင်ခန်းတစ်ခန်း
ပ်၍ မန္တလေးဆိုင်ခွဲအဖြစ်ထားပြီး
လေးမှ သူ့ပစ္စည်းများကို ထို
င်ခွဲတွင် တင်ရောင်းသည်။ ထိုဆိုင်ခွဲ
 မန်နေဂျာအဖြစ် သူ၏သားကို
ထားသော်လည်း ဆိုင်ခွဲ၏လုပ်ငန်း
ဝကို ဦးစိုးရွှေ၏ လူယုံတော်
စ်လက်ဖြစ်သော ဦးလှမင်းက လုပ်
ာင်ပေးသည်။

တစ်နေ့တွင် ဗိုလ်ချုပ်ဈေးဆိုင်ခွဲ၌
ည်းလာဝယ်သော မြင့်သူဇာနှင့်
လွင်ထွန်း မျက်လုံးခြင်းဆုံရာ ဦးလွင်
န်း ရင်ခုန်သွားလေတော့၏။

"ကိုယ်တွေ့ဖူးတဲ့ မိန်းမတွေထဲ
 မင်းဟာ အလှဆုံးပဲ"

ဦးလွင်ထွန်း စိတ်ထဲမှပြောလိုက်
ည်။

ဤမှာဘက်တွင်ကျွမ်းကျင်သော

ဦးလွင်ထွန်းသည် မြင့်သူဇာနှင့် မကြာမီ
ခင်မင်သွား၏။ မြင့်သူဇာနှင့် အတွဲများ
လေတော့၏။

မြင့်သူဇာမှာ အသက်နှစ်ဆယ်
ခန့်သာ ရှိသေးသည်။

"လွင်ထွန်းတစ်ယောက် ဒီမိန်းမ
နဲ့ အတွဲသိပ်များတယ်။ ဒီတစ်ခါ သူတို့
နှစ်ယောက် ယူကြလိမ့်မယ်ထင်တယ်"

ဦးလွင်ထွန်း၏ ယောကျ်ားသူငယ်
ချင်းများက ပြောကြသည်။

တစ်နေ့ –

"အစ်ကိုထွန်း ... ကျွန်မမှာ
ကိုယ်ဝန်နှစ်လရှိနေပြီ"

မြင့်သူဇာက ဦးလွင်ထွန်းကို
ပြောသည်။

"ဟင် ... ဒီလိုဆိုရင် ကိုယ်တို့
မြန်မြန်လက်ထပ်မှဖြစ်မယ်"

ဦးလွင်ထွန်းက ဝမ်းသာအားရ
ပြောလိုက်သည်။

အမှန်မှာ ဦးလွင်ထွန်းသည်
ပါးစပ်မှ ထိုသို့ပြောသော်လည်း ရင်ထဲ
ကမူ အကောက်ကြံနေသည်။

"ကိုယ်တို့လက်မထပ်ခင် ရှေ့
ခရီးအတွက် အေးအေးဆေးဆေး
တိုင်ပင်ဖို့ .... ကမ်းခြေကို သုံးလေး
ရက် ခရီးထွက်ရအောင် အချစ်ရယ်"





www.burmeseclassic.com



ဦးလွင်ထွန်းပြောစကားကို မြင့်သူဇာ သဘောတူ၏။

သူတို့နှစ်ယောက် .... ကမ်းခြေသို့ တိတ်တဆိတ် ခရီးထွက်သွားကြသည်။

မကြာမီ .... ကမ်းခြေတွင် မြင့်သူဇာနှင့် ဦးလွင်ထွန်းတို့နှစ်ယောက်ထဲ လှေစီးသွားရင်း လှေမှောက်ပြီး မြင့်သူဇာရေနစ်ပျောက်ဆုံးသွားကြောင်း ဦးလွင်ထွန်းမှာမူ ကယ်သူများနှင့်တွေ့ပြီး အသက်ဘေးမှလွတ်မြောက်ကြောင်း သတင်းစာများတွင် သတင်းပါလာသည်။ မြင့်သူဇာကို ရှာမတွေ့ဟုလည်း သတင်းစာထဲ၌ ပါသည်။

ဦးလွင်ထွန်းသည် ရဲတို့၏စစ်ဆေးခြင်းကို ခံရသည်။ သူတို့ လှေမှောက်သည့်နေရာမှာ မကြာမကြာ လှေမှောက်တတ်သည့်နေရာဖြစ်၏။ ဦးလွင်ထွန်းရေကူး ကောင်းကောင်း လှော်မရတော့ကြောင်း၊ ပြန့်ချစ်သူက ပူဆာ၍ လှေလှော်ဖို့ရကြောင်း အစစ်ခံသည်။

ရန်ကုန်သို့ ပြန်ရောက်လာသော အခါ ဦးလွင်ထွန်းသည် တိုက်ခန်း၌သာ အနေများလာသည်။ ရှေးကလို အပြင်ကို သိပ်မထွက်တော့။

မြင့်သူဇာမှာ ရန်ကုန်တွင် အဒေါ်တစ်ယောက်နှင့်အတူတူနေပြီး၊ သူ၏မိဘများမှာ တောင်ပေါ်ဒေသ၌ နေသူများဖြစ်သည်။

မြင့်သူဇာ၏အဒေါ်သည် ဦးလွင်ထွန်းရှင်းပြသည်ကို လက်ခံ၏။

တိုင်ခန်း၌ပင် အနေများနေသော ဦးလွင်ထွန်းကို ဦးရွှေရော၊ ဦးလွင်ထွန်း၏ အပေါင်းအသင်းများကပါ နားမလည်နိုင်အောင် ဖြစ်ကြသည်။ ဘာကြောင့် ဤသို့ဖြစ်သွားရသည်ကို သူတို့ မစပ်စုကြ။

အခြားထူးခြားမှုတစ်ခုမှာ ညဘက်တွင် ဦးလွင်ထွန်းထံ တယ်လီဖုန်းလာတတ်သည်။ တယ်လီဖုန်းကို ဦးလွင်ထွန်းနားထောင်ပြီး တယ်လီဖုန်းပြန်ချလိုက်သောအခါ ဦးလွင်ထွန်း၏ အမူအရာမှာ တုန်လှုပ်ချောက်ချားနေသည်ကို ဦးရွှေ သတိပြုမိသည်။

ထို့အပြင် ဦးလွင်ထွန်းထံ တစ်ပတ်တစ်ခါ စာတိုက်မှ စာတစ်စောင်လာတတ်သည်။

ထိုစာဖတ်ပြီးတိုင်းဦးလွင်ထွန်း၏ မျက်နှာမှာ သွေးဆုတ်သွားကြောင်း ဦးရွှေ သတိပြုမိသည်။

ဦးလွင်ထွန်းသည် ရှေးကလ[illegible] ပျော်ပျော်ရွှင်ရွှင် မရှိတော့။ ညဘက်[illegible] တွင်လည်း အိပ်မပျော်ကြောင်း ဦးရွှေ[illegible] သတိထားမိသည်။

ဦးလွင်ထွန်းသည် တယ်လီဖု[illegible] ကြိုးကို ဖြုတ်ထားလိုက်၏။

စာတိုက်မှာ စာလာလျှင်လည်[illegible] မဖတ်တော့ဘဲ ဆွဲဆုတ်ပြီးမီးရှို့ပစ်[illegible]

ဤသည်ကို ဦးရွှေ မှတ်သာ[illegible] ထား၏။

တယ်လီဖုန်းသည် မည်သူ့ထံ[illegible] လာသည်။ စာတိုက်မှလာသော စာ[illegible] တွင် ဘာတွေရေးထားသည်ကို ဦး[illegible] မသိ။

ဦးလွင်ထွန်း တစ်နေ့ [illegible] ပိန်လာရာ –



www.burmeseclassic.com

www.burmeseclassic.com



"မောင်လွင်ထွန်း မန္တလေးမှာ မိဘတွေနဲ့ အတူတူပြန်နေပါလား"

ဦးရွှေက ထိုသို့ပြောသည်ကို ဦးလွင်ထွန်းလက်မခံ။

ဦးရွှေသည် ဦးလွင်ထွန်း မသိအောင် မန္တလေးရှိဦးစိုးရွှေထံ ဈေးသွားရင်း တယ်လီဖုန်းဆက်၍ အကျိုးအကြောင်း ပြောလိုက်သည်။

"အေးအေး ... ငါတို့အခု ချက်ခြင်းပဲ လာခဲ့မယ်"

ဦးလွင်ထွန်း၏ဖခင် ဦးစိုးရွှေက ဦးရွှေကို ပြောလိုက်သည်။

ထိုညတွင် မောင်လွင်ထွန်း တစ်ယောက် သူ့အခန်းထဲ၌ တံခါးပိတ်ပြီးနေသည်ကို ဦးရွှေ သတိပြုမိသည်။

ထမင်းစားခေါ်လည်း ထွက်မလာပေ။

သို့နှင့် ဦးရွှေသည် ည ၁၂ နာရီတွင် အိပ်ရာဝင်သည်။

နောက်တစ်နေ့နံနက်စောစော ခြောက်နာရီတွင် ဦးရွှေ အိပ်ရာမှနိုးလာသည်။

မောင်လွင်ထွန်းအခန်းမှာ တိတ်နေသည်။ အတွင်းမှ ပိတ်ထား၍ ဝင်၍မရ။

နံနက် (၇) နာရီခန့်တွင် မောင်လွင်ထွန်း၏ဖခင် ဦးစိုးရွှေနှင့် မိခင် ဒေါ်ချစ်ချစ်တို့ရောက်လာကြသည်။

ဦးရွှေသည် မောင်လွင်ထွန်း၏ အခန်းတံခါးကိုပုတ်သော်လည်း အထဲမှ တုံ့ပြန်မှုမရှိ။

"တံခါးကိုဖျက်ကွာ"

ဦးစိုးရွှေလာပြောသောကြောင့် ဦးရွှေသည် တံခါးကိုဖျက်လိုက်သည်။ တံခါးပျက်မှတစ်ဆင့် အခန်းထဲဝင်သွားကြသောအခါ ....

"အောင်မလေး ...."

ဒေါ်ချစ်ချစ်သည် လန့်အော်ရင်း ကြမ်းပြင်ပေါ်သို့လဲကျသွားသည်။

အခန်းထဲ၌ မောင်လွင်ထွန်းတစ်ယောက် ကြိုးတန်းလန်းနှင့်တွဲလဲ ...

ဒေါ်ချစ်ချစ်ကို ဆေးရုံပို့ရပြီး သက်ဆိုင်ရာရပ်ကွက်လူကြီးများကို အကူအညီတောင်းကာ ရဲစခန်းသို့ အကြောင်းကြားရတော့၏။

"ကျွန်တော် လူ့လောကတွင် ဆက်မနေချင်တော့၍ ယခုလိုလုပ်သွားခြင်းဖြစ်သည်"

ဟူသော စာကို အိပ်ရာနံဘေး စားပွဲပေါ်တွင် ရဲတို့တွေ့ရသည်။

.... ရဲမှူးဦးစံဝသည် ထိုအမှုကို ကိုင်တွယ်၍ ဦးရွှေထံမှထွက်ချက်များကို ခြေရာခံလိုက်ရာ၊ ..... ကမ်းခြေမှဖြစ်ရပ်ကို တွေ့ရ၏။

"တယ်လီဖုန်းနဲ့ စာတိုက်က စာတွေအရ ဘယ်သူဆက်၊ ဘယ်သူပို့မှာလဲ"

ဒါတွေကို ဦးလွင်ထွန်း သိပ်ကြောက်ပြီး အခုလို လူ့လောက က ထွက်သွားတာပဲ။

ရဲမှူးဦးစံဝသည် မြင့်သူဇာကို ခြေရာခံ၍ရသည်။

"ဒီကလေးမ မသေဘူး"

ရဲမှူးဦးစံဝသည်မြင့်သူဇာအဒေါ်နှင့် သွားတွေ့ရာ မြင့်သူဇာအဒေါ်က သူမ၏တူမရှိရာ ဖော်ကောင်လုပ်လိုက်သည်။

မြင့်သူဇာသည် အမှန်အတိုင်း အစစ်ခံသည်။

"သူကျွန်မကိုလှေမှောက်အောင်လုပ်ပြီး ရေနစ်သေအောင်လုပ်တာပါ။ ကျွန်မရေမကူးတတ်ဘူးလို့ သူ့ကိုညာထားတယ်။ လှေကိုမှောက်အောင်လုပ်ပြီး လှေမှောက်သွားတော့ ကျွန်မဟာ ရေထဲငုပ်ပြီး ဝေးရာကိုထွက်သွားတယ်။ သူက ကျွန်မသေပြီလို့ထင်ခဲ့တယ်။ သူ့ရဲ့ယုတ်မာတဲ့လုပ်ရပ်။ သူနဲ့ကျွန်မ တစ်တွဲတွဲသွားနေတာ ကျွန်မဓာတ်ပုံနဲ့ မှတ်တမ်းတင်ထားတယ်။ နောက်ပြီး သူ့ကိုလည်း ကျွန်မမှာလင်ရှိတယ်။ ရှင့်ကို မယားခိုးမှုနဲ့ တရားစွဲမယ်ဆိုပြီး တယ်လီဖုန်းကတစ်ဆင့်ရော စာတိုက်က စာနဲ့ပါ အသိပေးခဲ့ပါတယ်"

ဟု အစစ်ခံ၏။

"လူယုတ်မာတစ်ယောက် လျော့သွားတာပေါ့။ ဒီအတွက် ကျွန်မကို အပြစ်ပေးရင်လည်း ခံယူရန်အသင့်ပါ"

မြင့်သူဇာ ဤသို့ပြောလိုက်လေတော့၏။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com





## သူမဟုတ်လျှင် သူ

www.burmeseclassic.com

www.burmeseclassic.com



## ဆေးထိုးအပ်ကို ကောက်ကိုင်လိုက်သည်။ သတိသမှုဇော်က ဖျတ်ခနဲ ဝင်လာ၏။ ဆရာဝန်ဆိုသည်မှာ ရန်သူ မိတ်ဆွေ မခွဲခြားရ။ လူနာဆိုလျှင် ကုစားရမည်။ ဆရာဝန်သည် လူသတ်သမားမဟုတ် ...

ထိတ်လန့်တုန်လှုပ်ဖွယ်ပင်။

ထားထားတင့်သည် ဆရာဝန် ာစ်ယောက်ဖြစ်၍သာ ဤမျှခံနိုင်ရည် ရှိခြင်းဖြစ်၏။ တကယ်တော့ ထားထား ာင့်က မိန်းမသား တစ်ယောက်ပါ။ မိန်းမဆိုသည်က အများအားဖြင့် ာသွးကြောင်သည်။ အားနည်းသည်။ ာုန်လှုပ်တတ်သည်။ ချောက်ချား ာတ်သည်။ အများအားဖြင့် မိန်းမ ဆိုသည်က သည်လိုချည်းပါ။ လူ ာသအလောင်းကို ခွဲစိပ်ရသည်ကို သူမ ာတုန်လှုပ်။ ဆရာဝန် မဖြစ်မီကပင် ာားထားတင့်က အကြိမ်ကြိမ် အလေ့ အကျင့်ရခဲ့ပြီ။

ခုတော့ သည်လိုမဟုတ်။ သည် ာူက လူသတ်သမား။ ရက်စက်သည်။ ာကြောက်ဖို့ကောင်းသည်။ အဆိုးဆုံးက ာနောက်ချွတ်ယွင်းနေခြင်းပင်။ ရူးနေ ာခြင်းတော့မဟုတ်။ စိတ်မှုမမှန်ခြင်း၊ ာတ်အစိုးမရနိုင်ခြင်း၊ စိတ်အပြောင်း ာလဲမြန်လွန်းခြင်းပင်။ သည်လူသတ် ာမားက အချုပ်ခန်းကို သံဖြတ်လွှဖြင့် ာတ်ဖောက်လွတ်သွား၏။ သူ့အန္တရာယ် ာ မသေး။ မြင်မြင်ရာကို သတ်ဖြတ် ာည်။ ပိုဆိုးသည်က ရဲအုပ်ကို ဆေးတံ ာက်ပြီး သေနတ်လုသွားခြင်းပင်။

ာော်သေးသည့်က ရဲအုပ်ကို ပစ် သတ်မသွားခြင်းသာ။ သင်းက သံဖြတ် လွှနှင့် ဆေးတံကို ဘယ်ကရသနည်း။ သူနှင့်အဆက်ရှိသူက အချုပ်ခန်းသို့ စာအုပ်တစ်အုပ်လာပို့၏။ စာအုပ် အနောင့်တွင် သံဖြတ်လွှ ထည့်လာ သည်။ ရဲတို့က ဂရုမမူမိလိုက်။ ထို သံဖြတ်လွှဖြင့် သင်း ထွက်ပြေးသွား ခြင်းသာ။ အချုပ်ခန်းဖောက်နိုင်မှတော့ ဆေးတံရဖို့က မခက်တော့။

အဖြစ်အပျက်က မကြာသေး။ တောင်ကြီးမြို့နှင့် မိုင်အနည်းငယ်ဝေး သော ရဲဌာနတစ်ခုမှာ ပြေးရင်းလွှား ရင်း သင်းက အပြစ်မဲ့သောဆရာဝန် တစ်ဦးကိုပါ ပစ်သတ်သွား၏။ သေနတ် ကိုင်လူသတ်သမားကို ဒေါက်တာ မြင့်ဟန်တွေ့လိုက်၍ ရှောင်ပုန်းလိုက် သည်မှာပင် လူသတ်သမားက မြင်ပြီး ကြောက်ကန်ကန်ကာ ပစ်ခတ်သွားခြင်း ဖြစ်၏။

ဒေါက်တာမြင့်ဟန်က ထားထား တင့်၏ ဆရာအရင်း။ ဒေါက်တာမြင့် ဟန်အတွက် ထားထားတင့် အတော့်ကို စိတ်ထိခိုက်နေမိသည်။ သူ့ဆရာကိုမှ ပစ်သတ်သွားသော လူသတ်သမားကို သူကိုယ်တိုင် အမှုန့်ချေပစ်လိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော်ဲ ဆရာဝန်အလုပ်က လူသတ်ဖို့မဟုတ်။ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူနာဆိုလျှင် ကုသရမည်ပင်။

လူသတ်သမားပုံပန်းက တကယ့်ကိုကြောက်စရာ။ ရက်စက်မည့်မျက်နှာမျိုး။ မရိတ်ဘဲထားသော မုတ်ဆိတ်၊ ကျယ်ကားသော မေးရိုး၊ နဖူးကျယ်ကျယ်။ ပြီးတော့ အရပ်ရှည်သည်။ သန်မာသည်။ ထွားကြိုင်းသည်။ ထားထားတင့်လို မိန်းမသားကို ကိုင်ပေါက်ရုံမျှနှင့် အသက်ထွက်သွားနိုင်သည်။

ထားထားတင့်က သတင်းစာကို ချလိုက်၏။ ထားထားမြင့်တို့ ပြန်လာချိန်နီးပြီ။ ထားထားမြင့်က အဖော်သူနာပြုဆရာမနှစ်ယောက်နှင့် အပြင်ထွက်သွားကြခြင်းပင်။ ထားထားမြင့်လည်း ဆရာဝန်ပါ။ အပျိုကြီးညီအစ်မနှစ်ယောက်ကံက သူနာပြုဆရာမနှစ်ယောက်နှင့် ဆေးခန်းဖွင့်ထားခြင်းပင်။

ဟော . . တံခါးခေါက်သံ ကြားလာရသည်။ သူတို့လာပြီလား။ သူတို့မဟုတ်လည်း အရေးကြီးလူနာ တစ်ယောက်ယောက် ဖြစ်နိုင်သည်။

ဆင်နားရွက်တံခါးက အသာကလေး လှပ်သွား၏။ မည်းနက်ထူပိန်းသောမျက်ခုံး၊ မုတ်ဆိတ်ဗရပျစ်နှင့် မျက်နှာ၊ ပြီးတော့ သေနတ်တစ်လက်၊ ပြောင်းဝက ထားထားတင့်ကို ချိန်ထား၏။

"ခင်ဗျား . . ဆရာဝန်မဟုတ်လား"

သူက ပိုင်စိုးပိုင်နင်း အတွင်းဝင်လာ၏။

သေနတ်ပြောင်းဝက ထားထားတင့်ရင်ဝတည့်တည့်မှာ။ ထားထားတင့် တုန်လှုပ်သွား၏။ သို့သော် ကြောက်ပုံမပြ၊ မသိမသာ ဟန်ကိုယ့်ဖို့ အနေအထားမျိုး။ ထားထားတင့်က သူ့ကိုယ်သူ ယုံကြည်၏။ ဝင်လာသူမှာ သွေးစတွေ။ ကြည့်။ မနေ့က လူသတ်သမား။ ပစ်သတ်သွားသူကလည်း ဆရာဝန်။ ဒါကိုတွေးမိတော့ ထားထားတင့် တုန်လှုပ်လာ၏။

လူသတ်သမားဟာ သူပဲ နေမှာ။ သတင်းစာထဲမှာ ပါသည့် အတိုင်း ရက်စက်မည့်အသွင်၊ မရိတ်ဘဲထားသော မုတ်ဆိတ်၊ ကျယ်ကားသော မေးရိုး၊ နဖူးကျယ်ကျယ်၊ အရပ်ရှည်ရှည်။ သင်းမှ သင်းအစစ်။ ထားထားတင့် တွေးကြောက်လာ၏။

"ကျုပ်မေးတာ မကြားဘူးလား"


ထားထားတင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ အတွေးလွန်၍ သူ မေးလာသည်ကို မေ့သွားခဲ့၏။ ယခု ထားထားတင့် တစ်စုံတစ်ရာ အဖြေပေးရတော့မည်။ အဖြေမှာပရိယာယ်ပါသည်။

"အတင့်က ဆရာဝန်ပါ။ ရှင် ဒဏ်ရာရလာတယ် ထင်တယ်။ ဟိုအပေါ်မှာ လှဲအိပ်လိုက်ပါ။ ဒဏ်ရာကို ကြည့်ပါရစေ"

"ရီးတီးယားတားတော့ လုပ်မယ်မကြံနဲ့နော်။ ကျုပ်က လူသတ်လာတာ"

လူသတ်လာသည်ဆို၍ ထားထားတင့် တုန်လှုပ်သွားသည်။ သို့သော် သူက ထားထားတင့်ထံမှ အကူအညီတောင်းခံနေပုံပင်။ ဒါက ထားထားတင့်အတွက် အကွက်။

"ရှင့်ဒဏ်ရာက သွေးတွေ သိပ်ထွက်နေတော့ စိုးရိမ်ရတယ်။ အတင့်





www.burmeseclassic.com

www.burmeseclassic.com



ကုပေးပါ့မယ်။ အိပ်ရာပေါ်မှာ လှဲနေလိုက်ပါ"

ဒါကိုတော့ သူလိုက်နာ၏။ ထားထားတင့်ကလည်း လိမ္မာပါးနပ်၏။ ပထမ သွေးတိတ်အောင် လုပ်၏။ တစ်ဆက်တည်း ဆေးထိုးဖို့ အသင့်ပြင်၏။ ထို့နောက် လူနာ့ကို မော်ဖိန်းထိုးပေး၏။ လူနာ ဒဏ်ရာသက်သာပြီး မှိန်းသွားပေမည်။ သို့သော် မော်ဖိန်းက လူနာကို မေ့သွားစေ၏။ မိနစ်ပိုင်းအတွင်း ထားထားတင့်က သေနတ်ကိုင် လူသတ်သမားကို အနိုင်ရသွားပြီ။

ရင်ထဲမှာနာကျင်လာ၏။ ခံပြင်းလာ၏။ ထိခိုက် လှုပ်ရှားလာ၏။ လူသတ်သမားက သူ့ဆရာကို သတ်ပစ်ခဲ့သူ။ သူ့ဆရာသေသလို သူလည်းသေရမည်။ ဆေးထိုးအပ်ထဲမှာ အဆိပ်ထည့်လိုက်ပါက . . . . ။

သူ ဆေးထိုးအပ်ကို ကောက်ကိုင်လိုက်သည်။ သတိသမ္ပဇဉ်က ဖျတ်ခနဲ ဝင်လာ၏။ ဆရာဝန်ဆိုသည်မှာ ရန်သူ မိတ်ဆွေ မခွဲခြားရ။ လူနာဆိုလျှင် ကုစားရမည်။ ဆရာဝန်သည် လူသတ်သမားမဟုတ်။

"ငါ မှားတော့မလို့"

ထားထားတင့်က ဆေးထိုး အပ်ကို ပြန်ချလိုက်ပြီးနောက် တယ်လီဖုန်းခွက်ဆီသို့ လက်ရောက်သွားသည်။ ခဏအကြာ တောင်ကြီးရဲတို့ရောက်လာကြသည်။ သူ့သေနတ်က သက်သေခံနေ၏။ အလုခံခဲ့ရသော ရဲအုပ်သေနတ်ပါပဲ။ တောင်ကြီးရဲတို့က လူသတ်သမားကိုမိထားကြောင်း လူသတ်သမားထွက်ပြေးလာရာ ရဲဌာနသို့ အကြောင်းကြားလိုက်၏။

မကြာပါ။ သင်း သတိရလာ၏။ ဒဏ်ရာ သက်သာသွားပြီ။ ထားထားတင့်က သူ့ကို စက်ဆုပ်စွာ ကြည့်လိုက်၏။

"ကျွန်တော် ဒဏ်ရာသက်သာသွားပြီ။ ကျွန်တော် သူ့ကိုသတ်ခဲ့ပါတယ်"

"ဘယ်သူ့ကို သတ်ခဲ့တာလဲ"

ရဲမှူးက စိတ်ဆိုးနေ၏။ သင်းကို အမှုန့်ချေပစ် လိုက်ချင်၏။

"တောင်ခြေမှာပေါ့။ ကျွန်တော့်ကို သူ သေနတ်နဲ့ စပြီးလှမ်းပစ်တယ်။ ကျွန်တော့်လက်မောင်း ရှပ်မှန်တော့ သစ်ပင်ချုံကြားကို ကျွန်တော် ပစ်လှဲချလိုက်တယ်။ အဲဒီမှာတင် သူ ကျွန်တော့်နားရောက်လာတော့ သူ့သေနတ်ကို ဝင်လုရာက သူ့သေနတ် ကျွန်တော်ရတော့ ကျွန်တော့် အသက်ကို အသေမခံနိုင်လို့ သူ့ကိုပစ်သတ်ခဲ့လိုက်တာပါ"

"အဲဒီလူ ဘယ်မှာလဲ"

သူပြောတာကို မယုံ။ ရဲမှူးသည် သူ၏စိတ်ကို အတော်ချုပ်တည်းထားရ၏။

"တောင်ခြေမှာ . . ကျွန်တော် လိုက်ပြမယ်"

ဟုတ်ပါသည်။ တောင်ခြေ တွင် သူသတ်ခဲ့သူကို တွေ့ရ၏။ အခြေအနေက လုံးဝပြောင်းလဲသွားပြီ။ သေနေသူကမှ တကယ့် လူသတ်သမား။ အချုပ်က ဖောက်ပြေးလာသူ။ သည်လိုဆို သူက ဘယ်သူလဲ။

"ခင်ဗျားက ဘယ်သူလဲ။ ဘယ်ကနေဘယ်ကို သွားမလို့လဲ"

"ကျွန်တော်က သတ္တုကြောရှာတဲ့အဖွဲ့ကပါ။ ကျွန်တော်တို့ အဖွဲ့က ခေါင်းဆောင်တွေ တောင်ကြီးမြို့ထဲသွားနေတော့ ကျွန်တော်တစ်ယောက်ထဲ စခန်းမှာ ကျန်ခဲ့တာပါ။ စခန်းနားက သတ္တုကြောမြေနားမှာ အနားယူမလို့လုပ်နေတုန်း သူရောက်လာတာပါပဲ"

ရဲမှူးက သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်၏။ သူက ထားထားတင့်ကို လှမ်းကြည့်လိုက်၏။ ထားထားတင့်မျက်လုံးက အရောင်တောက်ပနေ၏။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်တော့်ဒဏ်ရာ သက်သာသွားပါပြီ။ ကျွန်တော် ဆေးဖိုးကန်တော့ပါရစေ"

သူက သူ့အိတ်ကို အနှိုက်မှာ ထားထားတင့်က သူ့လက်ကိုလှမ်းကိုင်ကာ . . . . . .

"အတင့်ကသာ ရှင့်ကို ကန်တော့ရမှာပါ။ တကယ်တော့ အတင့်ဆရာကိုသတ်ခဲ့တဲ့ လူသတ်ကောင်ကို ရှင်က အသေဖမ်းပေးခဲ့တယ် မဟုတ်လား။ ရှင့်ကို အတင့် ကျေးဇူးဆပ်ပါရစေ။ ဒီကကိစ္စတွေပြီးရင် အတင့်ဆေးခန်းကို ရှင်လာခဲ့ပါဦးနော်"

**မြေနီသစ္စာ**



www.burmeseclassic.com

www.burmeseclassic.com

# နေမိုးဇော်

## လိုတရသဒ္ဓိဝင်အဆောင်

စုံထောက်အခန်းဆက်ဝတ္ထု





www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားသော ဦးဒေဝထံသို့ ထူးထူးဆန်းဆန်းများ ရောက်လာတတ်သည်မှာ မထူးဆန်းတော့ချေ။

ချိုးအမြဲတေလိုပစ္စည်းများ ရရှိပြီး ဟိုလူပြ သည်လူပြနှင့်ရှိတတ်၏။

"ထိုက်တန်လို့ ရတာကွ" ဟု လည်း ပြောတတ်သည်။

"ချိုးအမြဲတေက ဘာကောင်းလို့လဲ" ဟု မေးသောအခါ ..

"သေနတ်ကျည်မပွင့်ဘူးကွ။ မီးမကူးဘူးကွ" ဟု ပြောတတ်သည်။

သို့သော် ထိုချိုးအမြဲတေကို ဆောင်ထားသော ဦးဒေဝအိမ်တစ်အိမ်တည်း ယခင်နှစ်က ကွက်ပြီးမီးလောင်သွားသည်။

"ဦးဒေဝမှာ ချိုးအမြဲတေရှိတယ်ဆို၊ မီးမကူးဘူးဆို"

ကျွန်တော်မေးသောအခါ ..

"ချိုးအမြဲတေ မစစ်လို့နေမှာပေါ့ကွာ" ဟု ချည့်နဲ့စွာ သူ ပြန်ဖြေလေသည်။ တစ်ခါတွင်လည်း ..

"ဖိုက်တာပိတုန်းအဆောင် ငါရထားတယ်ကွ"

ဦးဒေဝ ပြောပြန်သည်။

"သက်ရှိပိတုန်းလား"

"မဟုတ်ဘူး၊ အရုပ်ကွ"

"အရုပ်ဘာလုပ်ဖို့လဲ"

"အဆောင်လေ ..။ သူ့ကို ဆောင်ထားရင် မုန်းတဲ့သူ ငြိုးတဲ့သူ မကောင်းကြံတဲ့သူတွေကို အဲဒီပိတုန်းက ဖိုက်တာကွ။ အားလုံး ကိုယ့်ကို တောင်းပန်လာရမယ်"

"တယ်ဟုတ်ပါလား။ အဲဒီ အရုပ်မျိုးလိုချင်လိုက်တာ"

အမှန်က ကျွန်တော်၏ ပြောခြင်းဖြစ်၏။

ဦးဒေဝက အဟုတ်ထင်ပြီး ..

"ဟ .. ထိုက်မှရတာကွ။ ဒါ ဘိုးတော်တစ်ပါးက စီရင်ပေးသွားတာ။ ပြီးတော့လုပ်ချင်တိုင်းလုပ်လို့ရတဲ့ အရုပ်မဟုတ်ဘူး"

အတည်ကြီးနှင့်ပြော၏။

"ဘယ်လိုလုပ်ရတာတဲ့လဲ"

"မင်းတုန်းက ပိတောက်သားလည်းပဒေါင်းအကျိုးကို လုပ်ရတာကွ။ အဲဒါနဲ့ ပိတုန်းရုပ်လုပ်၊ ပြဒါးသွင်းပြီး ပဒိုင်းသားနဲ့အပေါက်ဆို့ရတယ်။ ပဌာန်းစုတ် အသက်သွင်းရတယ်။ ပြီးရင် အစစစောင့်ရှောက်ပါဆိုပြီး ကိုယ်နဲ့မကွာ ဆောင်ထားဖို့ပဲ"

"ဦးဒေဝ စမ်းကြည့်ဖူးလား"

"ငါ့တူတစ်ယောက်ကိုပေးပြီး မြန်မာ့ရိုးရာလက်ဝှေ့ပွဲဝင်ထိုးခိုင်းတာ။ ဒီကောင်က မထိုးတတ်ဘဲနဲ့ နိုင်တယ်ကွ"

ကျွန်တော်က ရယ်ချင်သော်လည်း မျိုးသိပ်ကာ ..

"ဒါဆို ရွှေခါးပတ်ချန်ပီယံရသွားရောလား"

မေးမိ၏။

"သူက တစ်ပွဲပဲထိုးတာကွ၊ ရွှေခါးပတ်ရထားတဲ့ကောင်ကို ကြားပွဲအနေနဲ့ စိန်ခေါ်ပြီး ဝင်ထိုးတာ။ ပြိုင်ပွဲဝင်တာမဟုတ်ဘူး"

ဦးဒေဝစကားက အနည်းငယ်လျှော့ကျသွား၏။

"ကျွန်တော့်ကို ခဏငှားလို့ရမလား"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော့်ကိုရန်စနေတဲ့ကောင်တွေရှိတယ်။ ချချင်လို့"

"ဟာ .. ဒီလို လျှောက်ရမ်းတာမျိုး မလုပ်ရဘူးကွ။ ကိုယ်က မှန်ပြီး မတရားလုပ်တာမျိုးမှ ဒီပိတုန်းက အစွမ်းပြတာ။ စိန်ခေါ်ရင်တိမ်း၊ ၂ထိ လိုက်မယ့် ပိတုန်းကွ"

သို့သော် ဦးဒေဝအိမ်ကို တစ်ညတွင် ဓားပြတစ်စု ဓားပြဝင်တိုက်ကာ ပစ္စည်းတွေယူ၊ လူတွေကို ထုရိုက်သွားလေရာ ဦးဒေဝ မျော့မျော့ပဲ ကျန်နေခဲ့သည်။

"ဦးဒေဝပိတုန်းက ဘာလုပ်နေလို့ ဓားပြတွေကို မချတာလဲ"

ကျွန်တော်က မေးသည်။

"ငါက ပိတုန်းကို မတမိဘူးကွ။ ဓားပြတွေကိုကြောက်ပြီးမေ့နေလို့"

"ဒါနဲ့ ပိတုန်းက သူ့အစွမ်းနဲ့သူ ချတာဆို"

ဦးဒေဝ လေသံပျော့သွားပြန်၏။

"ငါ့ပိတုန်းက တကယ်သိဒ္ဓိဝင်တဲ့ ပိတုန်းမဟုတ်လို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ . . ဒါဆို အတုပေါ့၊ အင်ကြီးပေါ့"

ဦးဒေဝမဖြေတော့။

ယခုလည်း ကြားရပြန်ပြီ။

ဦးဒေဝထံမှာ လိုတရသိဒ္ဓိဝင် အဆောင်ရုပ်တစ်ခု ရထားပြန်ပြီတဲ့။

•

(၂)

အမှန်တော့ ဦးဒေဝတို့လင်မယား သည် ဘာသာရေးလိုက်စားသည်ဟု ရပ်ကွက်ထဲတွင် နာမည်ကြီး၏။

ဘုရားအကျယ်ကြီး အော်၍ ရှိခိုးသံကြားရသည်။ ပုတီးကြီးတကားကားနှင့်တွေ့ရသည်။ သက်သက်လွတ်စားသည်ဟုလည်း ဆို၏။ အဓိဋ္ဌာန်တွေဝင်သည်ဟုလည်း ပြော၏။ ပုတီးစိပ်ရင်းလည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ သူတော်စင်များကို မြင်ရသည်ဟုလည်း သတင်းထွက်၏။

ကျွန်တော့်အမြင်မှာမူ သူတို့ ဘာသာရေးလုပ်သည်ဆိုသည်မှာ ဘာသာရေးစစ်စစ်မဟုတ်ပါ။ သရဏဂုံတည်လျက် ဘုရားဟောနှင့်အညီ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားကာ ဒါန၊ သီလ၊ ဘာဝနာကို ပွားများကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းသည် ဘာသာရေးလုပ်ခြင်းဖြစ်သည်ဟု ကျွန်တော်ခံယူ၏။

"ဒေဝတို့က ဓမ္မကိုရှာတဲ့အလုပ် လုပ်တာမဟုတ်ဘူး သားရဲ့။ လောကုတ္တရာအလုပ် လုပ်တာမဟုတ်ဘူး။ လောကီအလုပ် လုပ်တာ။ ကြီးပွားချမ်းသာဖို့ဓာနဲ့လုပ်တာ။ လောဘနဲ့လုပ်တာ။ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်စွမ်းတယ်ကြားရင် လိုက်ပြီ။ ဘယ်လိုလုပ်ရင် ဘာဖြစ်မယ်ဆိုတဲ့စကားကြားရင် လိုက်လုပ်ပြီ။ ဘယ်ပုဂ္ဂိုလ်ကို ကိုးကွယ်ရင် ကြီးပွားမယ်ဆိုရင် ကိုးကွယ်ပြီ။ ဘာဆောင်ရင် ကောင်းမယ်ပြောတာနဲ့ ဆောင်ကြပြီ။ ဘုရားဟောတာက ကိုယ်လုပ်မှကိုယ်ရမှာ။ ဆုတောင်းရုံနဲ့မရဘူး။ သား . . မှတ်ထား။ ဘုရားဟောနဲ့အညီနေထိုင်၊ ပြုမူ၊ ဘုရားဟောလမ်းညွှန်ချက်အတိုင်း ကျင့်ကြံအားထုတ်။ အဲဒါဆိုရင် ကောင်းကျိုးချမ်းသာ သူ့ဘာသာနောက်က လိုက်လာမှာ"

အဖေက ပြောသည်။

အဖေနှင့်ဦးဒေဝမှာ သူငယ်ချင်းဖြစ်၏။ တရင်းတနှီးနေကြ၏။ ပြောမနာဆိုမနာဖြစ်ကြ၏။ ယုံကြည်မှုချင်းကား မတူ။

အဖေက သီလစောင့်သည်။ ဒါနပြုသည်။ ဘာဝနာအလုပ်လုပ်သည်။ ဘုရားဟောသည့်အတိုင်း မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားသည်။ လောဘဇောဖြင့် ပုတီးစိပ်ခြင်းမလုပ်။ စွမ်းမည်ဆိုသောပုဂ္ဂိုလ်နောက်သို့မလိုက်။ ဘာအဆောင်ညာအဆောင် စိတ်မဝင်စား။ ဗေဒင်ယတြာ ဘာမှုမယုံကြည်။

ကျွန်တော်က အဖေနှင့်အတူနေကာ အဖေ၏ သွားရာလမ်းဖြောင့်ဖြောင့်ကို အတုယူသူဖြစ်သောကြောင့် ဦးဒေဝတို့ကို ခင်မင်သော်လည်း သူတို့အယူအဆကို လက်မခံ။

တစ်ခါတစ်ရံ ငြင်းကြခုန်ကြရသည်။

"ဦးဒေဝကလည်းဗျာ . . ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ။ မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ပါ၏လို့သာပြောတယ်။ အိမ်မှာတော့ ဘိုးတော်ဘွားတော်ပုံတွေများလိုက်တာ၊ အဆောင်တွေ ယတြာတွေကလည်းများလိုက်တာ။ ဟုတ်မှလည်းလုပ်ပါ ဦးဒေဝရယ်"

ကျွန်တော်က ပြောလျှင် . .

"ကောင်လေး . . မင်းဘာသိလဲ၊ အဲဒီပုဂ္ဂိုလ်တွေစောင့်ရှောက်လို့ ငါတို့ အဆင်ပြေနေတာ"

ဦးဒေဝ ချေပ၏။

"ဒါဖြင့် ဦးဒေဝအိမ် ဘာကြောင့် မီးလောင်လဲ။ ဘာကြောင့် ဓားပြတိုက်ခံရလဲ"

ကျွန်တော် အကွက်ထောက်၏။

"ဒါက မဆိုင်ဘူး။ သူတို့က မမြင်ရတဲ့ အန္တရာယ်တွေကို ကာကွယ်တာ။ စီးပွားလာဘ်လာဘတိုးအောင် လုပ်ပေးတာ။ နေအထွက်မှာ ငွေခွက်နဲ့ ရွှေအပြည့်ခပ်ပေးတာ"

ဦးဒေဝက သူ့ယုံကြည်ချက်ကို အလံထူ၏။

"အဲဒီလောက် သူတို့က စောင့်ရှောက်နိုင်တယ်ဆိုရင် ဦးဒေဝတို့ ဘယ်သူမှ အလုပ်မလုပ်နဲ့။ သူတို့ခပ်ပေးတဲ့ ရွှေတွေနဲ့ ချမ်းချမ်းသာသာနေပေါ့ . . မဟုတ်ဘူးလား"

ကျွန်တော်က အချက်ကျကျ ထိုးနှက်၏။

"အဲဒါက မင်းကတ်ဖွဲ့ပြောတာ။ ပုဂ္ဂိုလ်တွေဆိုတာက သူတို့ကို ကြည်ညိုလေးစားပြီး သူတို့ခိုင်းသလိုလုပ်မှ မ, ကြတာကွ။ မယုံကြည်တဲ့သူကို မ, မဘူး။ ကိုယ်ကလည်း လုပ်စရာရှိတာ လုပ်။ သူတို့ကလည်း သူတို့အစွမ်းနဲ့ မ။ ဒီနှစ်ခုပေါင်းမှ ကြီးပွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝက သူ့သဘောထား သူ့အမြင်ကို ပြ၏။

"ကျွန်တော်ထင်တာကတော့ အတိတ်ဘဝရဲ့ကံကြောင့် ဒီဘဝမှာ ကောင်းကျိုး၊ မကောင်းကျိုးရတယ်။ ဒီဘဝမှာ လုပ်တဲ့ကံက ဒီဘဝမှာ ခံစားရတယ်။ နောင်ဘဝအတွက် ပါသွားမယ်။ သရက်သီးစားချင်ရင် သရက်ပင်စိုက်ရမယ်။ ပဒေသာပင်ပေါက်အောင် ဘယ်သူမှလုပ်မပေးနိုင်ဘူး"

"ကောင်လေး . . မင်းက ဒိဋ္ဌိပဲ"

"မဟုတ်ဘူး . . ဒိဋ္ဌိရဲ့အဓိပ္ပာယ်က အယူကိုပြောတာ။ သမ္မာဒိဋ္ဌိဆိုရင် မှန်ကန်တဲ့အယူ။ မိစ္ဆာဒိဋ္ဌိဆိုရင် မှားယွင်းတဲ့အယူ။ မတည်မြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောတွေကို အရှိအတိုင်းမြင်မှ အယူမှန်မှာ။ မြဲတယ်၊ ချမ်းသာတယ်၊ အစိုးရတယ်ဆိုရင် လွဲမှားပြီ"

"မင်း ဂမ္ဘီရဆိုတာကို နားမလည်လို့ပါ"

"နားလည်ပါတယ် ဦးဒေဝရယ်၊ ဂမ္ဘီရဆိုတာ အသိရခက်တာ၊ နက်နဲဆန်းကြယ်တာ။ ဒါဟာ သဘာဝထဲမှာ ရှိနေတယ်။ ဒါပေမဲ့ ဂမ္ဘီရဟာ ဘာသာရေးမဟုတ်ဘူး။ ဒါကို ဦးဒေဝ ရောထွေးနေတာ"

"အံမယ် . . မင်းက ကြီးကြီးကျယ်ကျယ်၊ မင်းအဖေလေးအတိုင်းပဲ။ တော်ပြီ . . မင်းနဲ့ပြောရတာ သဲထဲရေသွန်သလိုပဲ။ ငါတို့က ဘုန်းကြီးရဟန်းမဟုတ်ဘူး။ တောမထွက်နိုင်သေးဘူး။ လူထဲမှာနေတော့ လူလိုပဲ နေရမှာပဲ။ လူ့လောကီချမ်းသာကို ရှာရမှာပဲ။ အဲဒါကို ဘုရားတရားနဲ့ ရှာတာပဲ"

လွဲလိုက်တာဟု ကျွန်တော်တွေးသော်လည်း သူ့ကို ကျွန်တော်အလျှော့ပေးလိုက်သည်။ ကျွန်တော့်လို ဘာကိုမှမသိသေးသည့်အညတြပါမွှားကောင်ကို မဆိုထားဘိ။ ဘုရားရှင်တောင်မှ ကျွတ်ထိုက်သူကိုမှ ချွတ်တော်မူသည်ပဲ။ ကျွတ်ချိန်တန်သူကို ချွတ်တော်မူခဲ့သည်ပဲ။

ယခု . .

ဦးဒေဝမှာ လိုတရသိဒ္ဓိဝင် အဆောင်တစ်ခု ရနေပြန်ပြီတဲ့။

(၃)

ဘယ်ပုဂ္ဂိုလ်ဆီက ရလာသည်လည်းတော့ မသိနိုင်။

ဦးဒေဝမှာက ကိုးကွယ်ရာ ပုဂ္ဂိုလ်တွေက များလှသည်။

တစ်ကြိမ်က ယောဂီရောင်ဝတ်စုံနှင့် သျှောင်ထုံးနှင့်ဘိုးတော်တစ်ဦးကို ဘုရားတွင်တွေ့ကာ အိမ်ကိုပင့်လာသည်။ ဘိုးတော်က အစပထမပိုင်းတွင် ဦးဒေဝတို့ကို ယုံအောင်နေ၏။ ပြော၏။ ပေး၏။ မ,သည်ဟု ဆိုသည်။

အဆုံးကျတော့မှ ရွှေငွေတချို့ကို မ,ကာ လစ်သွားသည်။ ဒါမှ တကယ် မ,သွားခြင်းဖြစ်၏။ ဦးဒေဝရှက်၍ မည်သူ့ကိုမျှမပြော။ သို့သော် သူ့ဇနီးသည် ဒေါ်ငွေမှုံက မိန်းမပီပီ မနေနိုင်၍ ပြောတော့မှ တစ်ရပ်တစ်ရွာလုံးသိကြသည်။

ဒါကိုလည်း ဦးဒေဝမမှတ်။

နောက်တစ်ကြိမ်မှာ ဝတ်ဖြူစင်ကြယ်နှင့် ဘိုးတော်တစ်ဦးကို အိမ်သို့ပင့်လာပြန်၏။ ဦးဒေဝတို့အိမ်မှာ သုံးလေးလကြာသည်။ ထိုဘိုးတော်က အကြားအမြင်ပုံစံဖြင့် ဟောပြော၏။ ယတြာပေး၏။ ဆေးကု၏။

ထိုဘိုးတော်ရှိနေချိန်မှာ ဦးဒေဝတို့အိမ်မှာ လူစည်ကားလှသည်။ လျှိုကြိတန်းကြိသူတွေလည်းရှိရာ ဦးဒေဝတို့အဆင်ပြေသည်။ ဦးဒေဝမော်တပြုံးပြုံးနှင့်။

သုံးလကျော် လေးလကြာမှ ထိုဘိုးတော်ပြန်ကြွသွား၏။ ပြန်ကြွသွားသောအခါ မ,သွားပြန်၏။ သည်တစ်ခါ မ,သွားသည်က ဦးဒေဝ၏နှမ အပျိုကြီးဒေါ်ဂွတ်ထော်ကိုဖြစ်၏။ ဦးဒေဝရှက်၍ ကျိတ်မြိုနေသော်လည်း ဟုတ်၍ကျော် ပုပ်၍ပေါ် ဖြစ်ရပြန်သည်။ ရပ်ရွာထဲမှာ ထိုအကြောင်းပြောမဆုံး။

"ဦးဒေဝကလည်း တွေ့လိုက်ရင် 'အင်'တွေချည်းပဲကိုးဗျ"

ကျွန်တော်က ဝေဖန်သောအခါ . .

"အေးကွာ . . သူခိုး ချိုးမပ် ဘူးဆိုသလိုပေါ့။ ဘယ်ပုဂ္ဂိုလ်တုသင်္ကာ၊ စစ်သလဲ ကိုယ်မှမသိနိုင်တာ။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရတာပေါ့"

"ချင့်ချိန်ပြီးမှ ယုံပေါ့ ဦးဒေဝရယ်၊ အဲဒီအတုတွေကြောင့် တကယ့်ပုဂ္ဂိုလ်တွေလည်း သိက္ခာကျကုန်ရတယ်"

"ဝိဇ္ဇာတွေ၊ ဘာတွေရှိတယ်ဆိုတာ မင်းယုံလား ကောင်လေး"

ဦးဒေဝက ပြန်မေး၏။

"ယုံပါတယ်၊ ကျွန်တော်ကြားဖူးတာ ပြောရရင် သမထနဲ့ ဝိပဿနာ နှစ်မျိုးရှိရာမှာ ဝိပဿနာက ဓမ္မသက်သက်ဖြစ်တယ်။ နိဗ္ဗာန်ကို မျှော်မှန်းအားထုတ်တာဖြစ်တယ်။ သမထက လောကီနဲ့နွယ်နေတယ်။ တချို့ ရဟန်းလူပုဂ္ဂိုလ်တွေက နိဗ္ဗာန်မရမီစပ်ကြား

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်ကို စောင့်ရှောက်မယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သမထလမ်းလိုက်ကြတယ်။ ပေါက်မြောက်အောင်မြင်ကြတယ်။ သူတို့က နောင်ပွင့်မယ့် အရိမေတ္တယျဘုရားကိုစောင့်ပြီး တရားဦးနာပြီးမှ နိဗ္ဗာန်ဝင်ကြမှာလို့ ဆိုတယ်"

ကျွန်တော်က သိသမျှ ပြောသည်။

"ကောင်လေး ‥ မင်းမဆိုးဘူး"

ဦးဒေဝ သဘောကျသွားသည်။

"အဖေကတော့ ဝိပဿနာပဲလိုက်တယ်။ တရားစခန်းဝင်တယ်။ တရားထိုင်တယ်။ ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်ကို ဉာဏ်နဲ့သိအောင် ကြိုးစားနေတယ်။ ဦးဒေဝနဲ့တော့ မတူဘူး"

"ငါက ဝိဇ္ဇာလမ်းကို သဘောကျတာကွ"

"သဘောကျရင်လည်း ပေါက်အောင် ကြိုးစားပေါ့ဗျာ။ ဝေလေလေထဲမှာတော့ မနေပါနဲ့"

"အေး ‥ ငါလည်း ကြိုးစားနေတာပါပဲကွ"

ပြောသာပြောသည်။

ဦးဒေဝလိုက်နေသည့်လမ်းက ဖြတ်လမ်း။

ယခုလည်း လိုတရ သိဒ္ဓိဝင်အဆောင်တစ်ခု ရထားပြန်ပြီတဲ့။

(၄)

သည်တစ်ခါ သူရထားသောအဆောင်အကြောင်းကို ဦးဒေဝက သူတစ်ပါးမသိအောင် လျှို့ဝှက်ထားသည်။ ကျွန်တော် မထင်မှတ်ဘဲ ဦးဒေဝအိမ်ရောက်သွားကာ ဘုရားစင်ပေါ်မှထူးထူးဆန်းဆန်း ရုပ်တုတစ်ခုကို တွေ့မိ၍

**ဘုရားအသုံးအဆောင်မှာ ကိလေသာကင်းရင်**
**စိတ်ရဲ့တောင့်တမှုမှန်သမျှ ပြည့်စုံနိုင်တယ်တဲ့။**
**ကိလေသာမဲ့ နှလုံးသားပေါ့။ စိတ်ရဲ့အပူတတ်၊ အညစ်တတ်ကင်းတာကို ပေါ်တာ။**
**ဘာဝနာလုပ်မယ်။ အာနာပါန ရှုမှတ်မယ်။ မေတ္တာပွားများမယ်ဆိုတာဟာ**
**လိုတရနိုင်တဲ့ နှလုံးသားပဲ ...**

မေးသောအခါမှ ဦးဒေဝက ထုတ်ပြောခြင်းဖြစ်သည်။

ရုပ်တုက ငါးလက်မအမြင့်ရှိ၏။ ဘုရားပုံတော်၊ ရဟန္တာပုံတော်မဟုတ်။ ဝိဇ္ဇာရုပ်တုများလည်းမဟုတ်။ ကျွန်တော်မမြင်ဖူးသော ပုံစံမျိုးဖြစ်၏။ လူပုဂ္ဂိုလ်တစ်ဦးဦးပုံမျိုးဖြစ်၍ ခေါင်းတွင် အချွန်အတက်တချို့ပါသည်။ ပခုံးနှင့်လက်များတွင် အကွန့်အညွန့်များပါသည်။ သင်္ကန်းမဟုတ်သော ဝတ်ရုံတစ်ခုကို ခြုံထား၏။ လက်တစ်ဖက်တွင် သပြေပန်းလို ပန်းခက်တစ်ခုကိုင်ထား၏။ မတ်တပ်ရုပ်ဖြစ်၍ တစ်စုံတစ်ခုပြောနေဟန်မျိုးဖြစ်သည်။

အသားတစ်ခုခုနှင့် ထုလုပ်ထားခြင်းဖြစ်ပြီး မျက်လုံးနှစ်လုံးကိုမူ ကျောက်များထည့်ထားပုံရသည်။

"ဒါ ‥ ဘာရုပ်လဲ ဦးဒေဝ"

"ရှေးဟောင်းရုပ်တုတစ်ခုပဲ။ ဘာရုပ်လဲတော့ ငါလည်းမပြောတတ်ဘူး"

"ဘယ်က ရလာတာလဲ"

"တလောက ငါ ရခိုင်ဘက်သွားတယ်လေ။ အဲဒီမှာ ကုလားဘိုးတော်တစ်ဦးနဲ့တွေ့ပြီး ရလာတာပဲ။ ဒါ ‥ လိုတရသိဒ္ဓိဝင်ရုပ်တုတဲ့။ လိုရာဆုတောင်းရင်ပြည့်တယ်တဲ့။ ဒါပေမဲ့ ဆုသုံးဆုကိုပဲ တောင်းလို့ရနိုင်တယ်ဆိုပေမယ့် ထိုက်တန်တဲ့အရာတစ်ခု ကိုယ်ကပြန်ပေးရမယ်တဲ့။ ဒါ ‥ သဘာဝကျတဲ့ စီမံမှုပဲတဲ့"

"အဆန်းပါလား"

"အဲဒီဘိုးတော်ပြောတာတော့ အိန္ဒိယက စေတီပျက်တစ်ခုကနေ ရလာတာတဲ့။ သူ့အဘိုးက မလိုအပ်လို့ ပေးရမယ့်သူကို ရှာနေရင်း ငါ့ကိုတွေ့လို့ပေးတာတဲ့ကွ"

"အိန္ဒိယမှာ ထူးထူးခြားခြား ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်ဆိုတာတော့ ကျွန်တော့်စာအုပ်ထဲမှာ ဖတ်ဖူးတယ်"

"ငါတွေ့ခဲ့တာ အဲဒီလိုပုဂ္ဂိုလ်မျိုးဖြစ်မယ်။ မြေကြီးထဲ ခေါင်းစိုက်ပြီး နာရီပေါင်းများစွာ ဖောက်ထိုးနေနိုင်တယ်တဲ့။ တရားထိုင်ရင် ကြမ်းပြင်ကကြွနေတယ်တဲ့။ အစာမစားဘဲ လေးငါးဆယ်ရက်နေပြီး တစ်ဆက်တည်းပုတီးစိပ်သတဲ့။ အဲဒီလို တွေ့ဖူးတဲ့လူတွေကပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဒေဝ ဆုတောင်းပြီးပြီလား"

"မတောင်းရသေးဘူး။ ဆုက သုံးခါပဲ တောင်းလို့ရမှာဆိုတော့ စဉ်း ားနေတာ"

"ကျွန်တော် ကြားဖူးနေတာက ေတာ့ စာရေးဆရာကြီး ဦးရန်အောင် ဆီမှာ မဟိဒ္ဓြာဘိုးတော်ရုပ်တုရှိတယ့် ကဲ့။ အဲဒီဘိုးတော်ရုပ်တုကလည်း ခမိဋ္ဌာန်ပြီးဆုတောင်းရင်ပြည့်တယ်တဲ့။ ါပေမဲ့ ကတိတော့ တည်ရတယ်တဲ့"

"အေး ‥ ငါလည်း ကြားဖူးတယ် ကွာ။ ဒီရုပ်တုက အဲဒါမျိုးအဆောင် ုပ်တုလို့ ထင်တာပဲ။ ငါတော့ ရေတို့ ဘီမီးတို့ အမွေးတိုင်တို့ ကပ်လှူတယ်"

ဘုရားစင်တွင် တင်ထားခြင်းကို ကျွန်တော်ဘဝင်မတွေ့ပါ။ ဘုရားနှင့် ဝန်းတူထားခြင်းမှာ မသင့်လျော်ပါ။ ပို့သော် ကျွန်တော်က လူငယ်ဖြစ်၍ းဒေဝကို မဝေဖန်ခဲ့ပါ။

ဒီရုပ်တုအကြောင်း ကျွန်တော်က ခဖေ့ကို ပြန်ပြောပြသည်။

"အဖေလည်း ကြားဖူးတယ်။ ချို့ အိန္ဒိယက ပုဂ္ဂိုလ်တွေက အစီ ရင်တွေနဲ့ လုပ်တာတဲ့။ များသော ားဖြင့် အဲဒါမျိုးက ကောင်းကျိုးနဲ့ တူ ဆိုးကျိုးက တွဲပါလာတတ်တယ်။ ဘကြောင့်လဲဆိုတော့ လောဘကြီးမှာ းလို့ပေါ့။ အဖေတော့ အဲဒါမျိုးမယုံ ည်ဘူး။ စိတ်မဝင်စားဘူး"

အဖေက ကျွန်တော့် ပြန်ပြော ည်။

"အဖေစိတ်ဝင်စားတာ ပြောပြ ဦး"

အဖေက ချောင်းတစ်ချက်ဟန့် က လည်ချောင်းရှင်းလိုက်သည်။

"ဘုရားအဆုံးအမမှာ ကိလေသာ ကင်းရင် စိတ်ရဲ့တောင့်တမှုမှန်သမျှ ပြည့်စုံနိုင်တယ်တဲ့။ ကိလေသာမဲ့ နှလုံး သားပေါ့။ စိတ်ရဲ့အပူဓာတ်၊ အညစ် ဓာတ်ကင်းတာကို ခေါ်တာ။ ဘာဝနာ လုပ်မယ်။ အာနာပါန ရှုမှတ်မယ်။ မေတ္တာပွားများမယ်ဆိုတာဟာ လိုတရ နိုင်တဲ့ နှလုံးသားပဲ သားရဲ့။ စာသံပေသံ နဲ့ပြောရရင်တော့ ဗုဒ္ဓနုဿတိနှလုံး သားပေါ့"

"ရှင်းပြပါဦး အဖေ"

"ဒါ ‥ အဖေက ဆွဲပြောတာ မဟုတ်ဘူး။ မြတ်စွာဘုရားရှင် ဟော ကြားတော်မူခဲ့တာရှိတယ်။ ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ၊ ကူမံ သတိံ၊ ဘာဝယိတ္ဝာ၊ ပုရယိဿတိ ဟာနသံလို့ လာရှိတယ်။ သမထကမ္မ ဋ္ဌာန်းတွေထဲမှာ ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်း ကို ပွားများကြမယ်ဆိုရင် သင်တို့ရဲ့ စိတ်ကြည်နူးမှုမှန်သမျှ ပြည့်ဝလာလိမ့် မယ်လို့ အဓိပ္ပာယ်ရတယ်သားရဲ့"

အဖေကတော့ သူပြောသလို သူ လုပ်သူဖြစ်ပါသည်။ အချိန်ရသရွေ့ ဗုဒ္ဓါ နုဿတိ ပွားများပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုမှာ မချမ်းသာ သော်လည်း ပြည့်စုံအေးချမ်းလှပါသည်။

"တံတားဦးကျောင်းမှာ သိမ်မရှိ ဘူး။ သိမ်ဆောက်ပြီးလှူချင်တယ်"

အဖေနှင့်အမေ လိုချင်ဆန္ဒတစ်ခု တော့ မပြည့်သေးပါ။ ဝန်ထမ်းများဖြစ် သော ကျွန်တော်တို့တွင် သိန်းရာဂဏန်း မျှ လှူဒါန်းနိုင်ဖို့ အခွင့်မသာသေးပါ။

အဖေပြောသလို ဗုဒ္ဓါနုဿတိဖြင့် လိုတရပါမည်လား။

ဦးဒေဝ၏ ဘိုးတော်ထံတွင် ဆု တောင်းခြင်းဖြင့် လိုတရနိုင်သလား။

(၅)

ယခု ဆက်လက်ဖော်ပြမည့် အကြောင်းအရာ အဖြစ်အပျက်များမှာ ဦးဒေဝနှင့် သူ၏ လိုတရသိဒ္ဓိဝင်ရုပ်တု အကြောင်းဖြစ်ပါ၏။ ဦးဒေဝက နောက် ပိုင်းတွင် ကျွန်တော်တို့အား ပြန်လည် ၍ ပြောပြခဲ့သောကြောင့် သေချာကန သိခဲ့ရခြင်းဖြစ်ပါသည်။

ဦးဒေဝသည် ဘုရားရှိခိုးတိုင်း အိန္ဒိယဘိုးတော်ရုပ်တုအားလည်း ရှိခိုး ခဲ့သူဖြစ်သည်။ တစ်ညတွင် အိပ်မက် ထဲ၌ ထိုရုပ်တုရှင် ဘိုးတော်က ဦးဒေဝ ထံ ကြွလာသည်ဟုဆိုသည်။

လက်တွင်ကိုင်ထားသော သပြေ ပန်းအား ဦးဒေဝခေါင်းသို့ထိလျက် ‥

"လူကလေး ‥ လိုချင်တဲ့ဆုကို တောင်းလေ၊ အဘပေးမှာပေါ့။ ဒါပေမဲ့ လူကလေး လောဘမကြီးရဘူး။ လူ ကလေးလိုချင်တဲ့ဆုဟာ လူကလေးပေး နိုင်တဲ့တန်ဖိုးနဲ့ ညီရမယ်။ ဆိုလိုတာက လောဘဇောနဲ့ ထင်တိုင်းတောင်းလို့မရ ဘူး။ အလကားတောင်းလို့မရဘူးဆိုလို တာပဲ" ဟု ပြောသည်။

ဦးဒေဝက ‥

"ကျွန်တော် ဘယ်အချိန်မှာ တောင်းရမှာလဲ"

မေးသည်။ ဘိုးတော်က ‥

"လူကလေး လိုချင်တဲ့အချိန် ပေါ့"

ဟု ဖြေသည်။

"အလကားတောင်းလို့မရဘူး ဆိုတာ ဘာလဲ အဘ"

"စဉ်းစားချင့်ချိန်ဖို့ ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



လောက သဘာဝက တစ်ခုရဖို့ တစ်ခုပေးရတယ်။ တစ်ခုဝင်ရင် တစ်ခုထွက်တယ်။ အကျိုးရှိမယ့်ဘက်က သာဖို့လိုတာပေါ့''

''သုံးဆုပဲ တောင်းလို့ရမယ်ဆိုတာဟုတ်လား အဘ''

''ဟုတ်ပါတယ်''

ထို့နောက်တွင် ဘိုးတော်ပျောက်ကွယ်သွားသည်။

မနက်လင်းတော့ ဦးဒေဝက သူ့ဇနီး ဒေါ်ငွေမှုံကို အိပ်မက်စွဲအကြောင်း ပြန်ပြောပြ၏။

''ရှင့်အိပ်မက်က ထူးတော့ ထူးဆန်းတာပဲ။ ရှင်ကများ စိတ်စွဲနေလို့များလား''

''ငါ့အထင်တော့ အဲဒီဘိုးတော်တကယ်ကြွလာတယ်ထင်တာပဲ။ ငါတို့က သူ့ကိုကိုးကွယ်လို့ မ,စမယ်နဲ့တူပါတယ်။ ငါ့ကို ရုပ်တုပေးလိုက်တဲ့ ဘိုးတော်ပြောစကားနဲ့ကလည်း ကိုက်ညီတယ်ကွ''

''ဒါဆို ရှင်ဘာဆုတောင်းမလဲ''

''အင်း ‥ ဘာတောင်းရရင်ကောင်းမလဲ။ မင်းပဲ စဉ်းစားလေ။ လောဘဇောနဲ့ထင်တိုင်းတောင်းလို့မရဘူးလို့ပြောတာ မမေ့နဲ့နော်''

''တိုက်တွေ၊ ကားတွေ တောင်းရင်ရော။ စိန်တွေ ‥ ရွှေတွေတောင်းရင်ရော''

ဒေါ်ငွေမှုံက မိန်းမပီပီ လိုချင်မှုက ပြင်းပျသည်။ အားကြီးသည်။ ဦးဒေဝက ချင့်ချိန်၍ ‥

''ဘိုးတော်က တစ်ခုရဖို့ တစ်ခုပေးရတယ် ပြောတယ်ကွ။ ဒီတော့ ရမ်းသမ်းပြီး တောင်းလို့မဖြစ်ဘူး။ ပထမတစ်ကြိမ်မှာ အစမ်းသဘောတောင်းကြည့်ရမှာပဲ။ ပြီးမှ ဘာဖြစ်သလဲ၊ တကယ်ရသလား စောင့်ကြည့်ရမယ်။ အိုကေရင် ဒုတိယနဲ့တတိယတစ်ကြိမ်မှာ ပုံအောပြီး တောင်းတာပေါ့''

''ရှင်ပြောတာ ကောင်းတယ်။ ဒါဆို ရှင်စဉ်းစားပြီးပြီလား''

''အင်း''

''ရှင် ‥ ဘာတောင်းမလဲ''

''ငါတို့ ဓားပြတိုက်ခံရလို့ ရှိတာတွေပါသွားတယ်။ အလိမ်ခံရလို့လည်း ကျန်တာလေးတွေ ထပ်ပြီးကုန်ရတယ်။ အိမ်က မီးလောင်သွားတယ်။ ဒါကြောင့် အခုလို တဲအိမ်ကလေး ဖြစ်သလို ပြန်ဆောက်ထားရတာ။ ကြွေးကလည်း တင်နေတယ်။ ဒီတော့ သိန်းငါးဆယ်လောက်ရရင် အိမ်ကလေးပြန်ဆောက်ပြီး ကြွေးလည်း ပြန်ဆပ်နိုင်မှာပဲ။ သိန်းသုံးဆယ်တောင်းရင် ဘယ်လိုလဲ ငွေမှုံ''

''အင်း ‥ မဆိုးဘူး၊ ဒါပေမဲ့ တောင်းမယ့်တောင်း လက်ထဲ ရွှေလေးဘာလေး ပြန်လုပ်လို့လည်းရအောင် သိန်းငါးဆယ်လောက်တောင်းတော်''

''ကောင်းပြီ ငွေမှုံ၊ ဒီည တောင်းမယ်''

ထိုညမှာ ဦးဒေဝက ဘုရားရှိခိုးပြီးနောက် ဘိုးတော်ရုပ်တုအား ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်များကပ်လှူကာ ပထမဆုံးအကြိမ်အဖြစ် သိန်းငါးဆယ်ရပါစေဟု ဆုတောင်းလေသည်။

ရုပ်တုအား မမိုတ်မသုန်ကြည့်လျက် ယုံယုံကြည်ကြည်ဆုတောင်းခြင်းလည်းဖြစ်လေ၏။

ဦးဒေဝ၏ စိတ်ထဲတွင် သူ ဆုတောင်းပြီးချိန်၌ ရုပ်တုသည် လှုပ်သွားသယောင်ထင်လိုက်ရ၏။ သပြေပန်းကိုင်ထားသောလက်သည် ဇော့ယမ်းပြသယောင် ထင်မှတ်လိုက်ရ၏။

''ငွေမှုံရေ ‥ ထူးတယ်ဟ''

''ဘာထူးတာလဲ ကိုဒေဝ''

''ရုပ်တုက လက်နဲ့ဇော့ယမ်းပြတယ်။ စိတ်ချလို့ပြောတဲ့ သဘောပဲ''

''ရှင့်စိတ်က ထင်တာများလား''

''ငါကတော့ တကယ်လှုပ်သွားတယ် ထင်တာပဲ''

''ဒါဆို ကျွန်မတို့ သိန်းငါးဆယ်ရဖို့ သေချာပြီပေါ့။ ဘယ်ကရမလဲ၊ ဘယ်သူလာပေးမလဲသာ မသိတာ''

''ထီပေါက်တာ ဖြစ်ချင်ဖြစ်မှာပေါ့''

ဦးဒေဝတို့လင်မယား ရွှင်မြူးစွာဖြင့် လောဘရောင်တလက်လက်ဖြစ်နေသည်။ မျက်လုံးများဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ပြောနေကြသည်ကို နားထောင်နေသည့် သားဖြစ်သူ တင်မောင်က ‥

''အဖေနဲ့အမေတော့ ရူးနေပုံပဲ''

ဟု လှမ်းပြောသည်။

''ဘာကွ၊ မင်း ဘာပြောတယ်''

ဦးဒေဝက ဒေါသဖြင့် လှမ်းငေါက်၏။ တင်မောင်၏ အပြောမှာ အနှောင့်အယှက်ဖြစ်သည်ဟု သူထင်သည်။

''ဒီလိုသာ ဆုတောင်းလို့ရရင် ဒီရုပ်တုကို လူတွေဝိုင်းပြီး ဆုတောင်းနေကြမှာပေါ့။ အလုပ်လုပ်စရာတောင် မလိုဘူး''

တင်မောင့်ဝေဖန်ချက် ‥။

''ဟော့ကောင် မှူး‥သင်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောမနေနဲ့။ ဒီရုပ်တုက ထိုက်တန်လို့ ငါ့ရလာတာကွ။ ပြီးတော့ ပုဂ္ဂိုလ်တွေက မ,တယ်ဆိုတာ လူတိုင်းကို မ,မ ဘူးကွ။ မ,သင့်တဲ့သူမှ မ,တာ”

အရက်မူး၍ စေဖန်မှုပြုသော သားကို ဦးဒေဝက ဒေါနှင့်မောနှင့် ရှင်းပြ၏။ ဒေါ်ငွေမှုံကလည်း ..

“သားက မဟုတ်တာမပြော ကောင်းဘူးလေ။ သားအဖေပြောတာ အမှန်ပဲ။ အမေတို့က ဘုရားတရားလုပ်လို့ ဒီရုပ်တုရောက်လာတာ”

ဝင်ပြောသည်။

“ဒါဆို အဲဒီငွေ သိန်းငါးဆယ်ကို ဘယ်ကရမှာလဲ”

တင်မောင့်အမေး ..။

“ရတာတော့ ရမှာပဲ။ အဲဒါကို အမေတို့ စောင့်ကြည့်ရမှာပဲ။ ဆုတောင်းပြည့်ရင် အမေတို့ ချမ်းသာပြီ။ နောက်နှစ်ကြိမ်တောင်းလို့ရသေးတယ်။ အဲဒီကျရင် အားလုံးကို တောင်းပစ်မယ်။ သားလည်း သူဌေးသားဖြစ်ရမယ်”

ဒေါ်ငွေမှုံ့အဖြေ။

“ဟေ့ကောင် .. တခြားသူတွေကို မင်း ဘာမှလျှောက်မပြောနဲ့နော်” ဦးဒေဝက မှာသည်။

“အဖေတို့ အမေတို့ပြောသလို ဖြစ်လာရင်တော့မဆိုးပါဘူး။ ကျွန်တော်ကြိုက်နေတဲ့ ရွှန်းကို တောင်းယူမယ်နော် .. အမေ”

တင်မောင်ကလည်း သူ့စိတ်ကူးနဲ့သူ တည့်သွားသည်။

မိသားစုသုံးဦးစလုံး မျှော်လင့်ချက်များဖြင့် ပျော်မဆုံးဖြစ်နေကြ၏။ သိန်းငါးဆယ် ဘယ်ကရမည်လဲ ဟူ၍သာ စောင့်ကြည့်ဖို့ လိုတော့၏။

ပြီးတော့ ဘယ်နေ့ရလာမလဲ။

မနက်ဖြန်လား .. သန်ဘက်ခါလား ..။

(၆)

အောင်ဘာလေထီဖွင့်လေပြီ။

ဦးဒေဝ ထီပေါက်စဉ် ပြေးဝယ်ကာ တိုက်၏။ သို့သော် သိန်း ၅၀၀၊ သိန်း ၃၀၀ ဝေလာဝေး။ လေးသောင်းဆု၊ နှစ်သောင်းဆုပင် မနီးစပ်။

ဦးဒေဝတို့လင်မယား စိတ်ပျက်သွားကြသည်။

“ထီတော့မပေါက်ဘူး။ ဒါဆို ရုပ်တုကြီးက ဘာမ,တာလဲ။ ကျွန်မတို့ တောင်းထားတဲ့ သိန်းငါးဆယ် ဘယ်လိုရမလဲ”

ဒေါ်ငွေမှုံက သံသယစကားဆို၏။

“မင်း .. ဒီလိုမပြောနဲ့ ငွေမှုံ၊ မင်းက ဒါ မယုံကြည်တဲ့သဘောပြောတာ။ စော်ကားတဲ့သဘောဖြစ်တယ်။ ငါကတော့ သိန်းငါးဆယ်ရလာမယ်လို့ လုံးဝ ယုံကြည်တယ်။ ထီပေါက်တဲ့နည်းနဲ့မပေးရင် တခြားနည်းနဲ့ပေးမှာပဲ။ မင်း ကြည့်နေ .. အနေးနဲ့အမြန်ပဲ”

ဦးဒေဝက အယုံအကြည်မပျက်။ လက်မလျှော့။

“ဒါနဲ့ နေပါဦး .. မင်းသား ဘယ်သွားနေလဲ။ ပြန်မလာသေးပါလား”

“အိုရှင် .. ခါတိုင်းလည်း ဒီလိုပဲ လတ်လျားလတ်လျား သွားနေတာပဲဟာ .. ပူမနေပါနဲ့”

“မူးပြီး လဲနေသလားမှမသိတာ။ မူးလဲတာ ကိစ္စမရှိဘူး။ မူးပြီးရမ်းလို့ ပြဿနာဖြစ်မှာပဲ စိုးရတယ်”

“အင်း .. ကျွန်မတို့မှာလည်း ဒီသားလေးတစ်ယောက်ရှိတာ။ သူက ပညာက မထူးချွန်ရှာဘူး။ ကျွန်မတို့ကလည်း သူ့ကို ငွေကြေးတောင့်တောင့်တင်းတင်းနဲ့ လုပ်ငန်းတစ်ခု အခြေချမပေးနိုင်ဘူး။ ဒါကြောင့် သူလေနေတာပဲ”

“အေးလေ .. အခု ဆုတောင်းလို့ ငွေရလာရင်တော့ သူ့ကို အရင်းအနှီးတစ်ခုလုပ်ပေးပြီး ခြေငြိမ်အောင် လုပ်ရမှာပဲ။ မင်းကလည်း သိပ်အလိုမလိုက်နဲ့။ ဒီကောင်ပျက်စီးနေတာ မင်းအလိုလိုက်လွန်းလို့ .. သိလား”

“ဒါကတော့ ရှင် .. ကျွန်မက ဝမ်းနဲ့လွယ်မွေးထားရတာကိုး။ ချစ်တော့ အလိုလိုက်မိတာပေါ့။ ရှင်သာ အဖေအရင်းဖြစ်လျက်နဲ့ ပထွေးကျနေတာပဲ”

“ငါလည်း ငါ့သားကို မချစ်ဘဲနေမလားကွ။ မင်းကလည်း”

ထိုညဟ မိုးအတော်ချုပ်သည့်တိုင် သားဖြစ်သူတင်မောင်ပြန်မရောက်လာ၍ ဦးဒေဝတို့လင်မယား တမျှော်မျှော်ဖြင့် စိတ်ပူနေရ၏။

ညကိုးနာရီကျော်ကျော်တွင်မှ ..

“ဦးလေးဒေဝ .. ဦးလေးဒေဝ”

တင်မောင့်သူငယ်ချင်း ဖိုးမြအပြေး အလွှားရောက်လာသည်။ မျက်နှာလည်း ပျက်နေသည်။

“ဟေ့ကောင် ဖိုးမြ .. ဘာဖြစ်လာတာလဲ။ တင်မောင်ရော”

ရုတ်တရက် ဖိုးမြထံမှ အဖြေထွက်မလာ။ အဖြေရခက်နေဟန်ဖြင့် တအင်းတအဲအဲဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ‥ မေးနေတယ်လေ။ ငါ့သားလေးရောလို့"

ဒေါ်ငွေမှုံက စိတ်မရှည်၍ ဝင်အော်သည်။

ဖိုးမြလှုပ်ရှားလာ၏။ ဖိုးမြထံမှ ထွက်လာသော အဖြေစကားက တုန်လှုပ်ဖွယ်ရာ။

"တင် ‥ တင်မောင် အရက်မူးပြီးပြန်အလာ လမ်းမှာ ကား ‥ ကားတိုက်ခံရလို့"

"ဟေ ‥"

"အို ‥ ဘုရား ‥ ဘုရား။ သားလေး ဘာဖြစ်သွားလဲ။ သူ အခု ဘယ်မှာလဲ"

ဦးဒေဝနှင့်ဒေါ်ငွေမှုံ အကြီးအကျယ် ချောက်ချားသွားကြ၏။

ဖိုးမြက တံတွေးများ မျိုချကာ အထစ်ထစ်အငေါ့ငေါ့ဖြင့် အဖြေထပ်၍ပေးလေသည်။

"ဆေးရုံယူ ‥ ယူသွားပြီ။ ဒါ ‥ ဒါပေမဲ့ ‥"

"ဒါပေမဲ့ ‥ ဘာ ‥ ဘာဖြစ်လဲ"

"အ ‥ အသက်မရှိတော့ဘူး"

"ဟာ ‥"

(၇)

အဖြစ်အပျက်များက အလွန်လျင်မြန်စွာ ဖြစ်ပျက်ပြီးဆုံးသွားသည်။

တင်မောင် မူးမူးနှင့်အိမ်ပြန်လာသည်။ ကားတစ်စီးက ဝင်တိုက်သည်။ ပွဲချင်းပြီးသေဆုံးသည်။

အဖြစ်မှာ တင်မောင့်ဘက်က မှားခြင်းလည်းပါ၏။ ကားလာနေသည်ကိုမကြည့်ဘဲ မူးမူးနှင့်ဖြတ်ကူးသောကြောင့်ဖြစ်သည်။ ဒါကို ဖိုးမြအပါအဝင် ဘေးလူများက မြင်သည်။ ကားသမားအပြစ်သက်သက်မဟုတ်။

သို့သော် ကားမောင်းသူမှာ လူကြီးလူကောင်း လူကုံထံတစ်ဦးဖြစ်ပေရာ မည်သို့ဖြစ်ဖြစ် သူ့တွင်အပြစ်ရှိသည်ဟုခံယူ၏။ တရားဥပဒေကလည်း အရေးယူမည်ဖြစ်၏။ ထိုလူကြီးကလည်း ဂုဏ်နှင့်ဒြပ်နှင့်နေသူဖြစ်ရာ နံရံလေးဖက်ကြားသို့ မဝင်နိုင်။

ထို့ကြောင့် ဦးဒေဝတို့နှင့်လာညှိသည်။ တောင်းပန်သည်။ လျော်ကြေးပေးပါမည်ဟု ဆိုသည်။

"ကျွန်မသားလေးရဲ့အသက်ကို ငွေနဲ့လဲရမှာလား ဟီး ‥ ဟီး ‥"

ဒေါ်ငွေမှုံ ချုံးပွဲချငိုသည်။

ဘေးလူများက ဝိုင်းနှစ်သိမ့်၏။ ဖျောင်းဖျ၏။

"သေတဲ့လူကသေပြီ။ ပြန်မရှင်လာနိုင်တော့ဘူး။ တစ်ဖက်က ကားမောင်းသူကလည်း ရမ်းကားပြီးမောင်းလာလို့ ဖြစ်ရတာတော့မဟုတ်ဘူး။ အခုလည်း သူတို့ဘက်က ထိုက်ထိုက်တန်တန် လျော်ကြေးပေးပါမယ်လို့ ဆိုလာတာ။ မထူးပါဘူးဗျာ တရားစွဲလို့ ဟိုလူထောင်ကျလည်း မငွေမှုံရဲ့သားအသက်ပြန်ရှင်လာမှာမှမဟုတ်တာ။ ဖြစ်လာတာကို အကောင်းဆုံးဖြစ်အောင် စဉ်းစားရမှာပဲပေါ့"

ဦးဒေဝက ‥

"ခင်ဗျားတို့ပြောတာလည်း မှန်ပါတယ်။ ဖြစ်သမျှအကြောင်းအကောင်းပေါ့ဗျာ"

ဟု စိတ်လျှော့ကာ ‥

"ငွေမှုံရယ် ‥ သဘောတူလက်ခံလိုက်ပါ။ အရှည် ‥ အရှည်တွေ မဖြစ်ချင်ပါနဲ့တော့"

ဟု ဒေါ်ငွေမှုံကို ချော့သည်။

သို့ဖြင့် ‥

ဦးဒေဝနှင့် ဒေါ်ငွေမှုံတို့ လက်ခံလိုက်ကြ၏။ နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်သွားကြ၏။

တင်မောင်သေဆုံးမှုအတွက် ဦးဒေဝတို့ရလိုက်သည့် လျော်ကြေးက သိန်းငါးဆယ်။

"ဒီ သိန်းငါးဆယ်က ရှင်ဆုတောင်းလို့ရတဲ့ငွေလားဟင်။ ဒါ ‥ ဒါဆို ကျွန်မတို့ပြန်ပေးလိုက်ရတာက သားလေးရဲ့အသက်ပေါ့"

ခေါင်းအေးသွားတော့မှ ဒေါ်ငွေမှုံက စဉ်းစားပြီးပြောသည်။

ဦးဒေဝခေါင်းတွေ ချာချာလည်နေ၏။

"ဒါ ‥ တိုက်ဆိုင်မှုပဲလား။ ငါတို့လိုချင်သလို သိန်းငါးဆယ်က ရလာတယ်။ ဒါပေမဲ့ ပျော်ရွှင်ဖွယ်ရလာတဲ့ငွေမဟုတ်ဘူး။ အသည်းနှလုံးကိုပေးပြီးမှ ရလာတာ။ မတန်လိုက်တာကွာ"

မချင့်မရဲ တွေးမိ၏။

အိပ်မက်ကိုလည်း ဖျတ်ခနဲသတိရသည်။ အိပ်မက်ထဲက ဘိုးတော်ပြော သွားသော စကားကိုလည်း အမှတ် လိုက်၏။

"လောက သဘာဝက တစ်ခု ဖို့ တစ်ခုပေးရတယ်။ တစ်ခုဝင်ရင် တစ်ခုထွက်တယ်"

ရွှေလဆက်ရန်

နေမိုး

www.burmeseclassic.com






မောင်ယဉ်ကျော်

# စုံထောက် နိုင်ယာဂရိ

အချစ်ကပြောတယ် ...

လူတွေက မသေခင်ချစ်ကြတာ သေသွားရင်မုန်းသွားကြရောတဲ့။

အချစ်ပြောတာ ...

မှားတယ်လို့မပြောချင်ပေမယ့် မှန်တယ်လို့လည်း မထောက်ခံချင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီဖြစ်ရပ်လေးကို အချစ်ဖတ်ကြည့်လေ။

အချစ်ကြီးချစ်နေတဲ့ကာလ အမျိုးသမီးလေးက ကိုမာဖြစ်ပြီး (၂)နှစ်လောက် မေ့မြောသွားတယ်။ ချစ်သူက သူ့ကိုရော ပတ်ဝန်းကျင်ကိုရော အားလုံးကိုမေ့နေပေမယ့် သူကတော့မမေ့ဘူး။ ချစ်သူအတွက် အမျိုးမျိုးဆေးကိုရှာတယ် မရဘူး။ နောက်ဆုံး ချစ်သူခံစားနေရတဲ့ဒုက္ခကို (၂)နှစ်ကြာကြည့်ပြီးနောက် မခံစားနိုင်တော့ဘဲ သူ့ချစ်သူ သတိမေ့ပြီး လဲလျောင်းနေတဲ့ခုတင် အိပ်ရာဘေးမှာပဲ သူနဲ့ မင်္ဂလာပွဲကျင်းပလိုက်တဲ့ ဖြစ်ရပ်ပါ။

လူလိုင်ဆိုတဲ့ကောင်လေးနဲ့ ဟီဂျင်ဂျင်ဆိုတဲ့ကောင်မလေးတို့ဟာ တရုတ်ပြည်ရဲ့ အချစ်ဆုံးသမီးရည်းစား စာရင်းဝင်တွေလို့ ပြောရမှာပါ။ သူတို့နှစ်ယောက်စလုံးက ခေသူတွေတော့ မဟုတ်။ တရုတ်ပြည်တောင်ပိုင်း ဝွမ်ကျိုးအစိုးရအဖွဲ့မှာ အဆင့်မြင့်ရာထူးနဲ့ တာဝန်ထမ်းဆောင်နေကြတဲ့လူတွေ။

သူတို့နှစ်ယောက်က မကြာခင်လက်ထပ်ကြဖို့လည်း ဆုံးဖြတ်ထားတဲ့ သမီးရည်းစားအတွဲ။ ရုံးတာဝန်ထမ်းဆောင်ရင်း ဟီဂျင်ဂျင်ဟာ နေမကောင်းဖြစ်ရာက ဆေးရုံတက်ရောက်ကုသနေစဉ်မှာပဲ သတိလစ်မေ့မြောသွားပြီး ကိုမာဖြစ်တော့တာပဲ။

အဲဒီအမျိုးသမီးလေးက ၂၀၁၁ ခုနှစ်ကစပြီး မေ့မြောခဲ့တာ။ သူ့မိသားစုတွေကလည်း ကုတယ်။ သူ့ရည်းစားကလည်း ကုတယ်။ ဘယ်လိုမှမထူးခြားဘူး။ ဒီလိုနဲ့ မေ့မြောနေတာ (၂)နှစ်ခန့်အကြာမှာ ကောင်မလေးအသက်(၂၈)နှစ်ပြည့်ခဲ့လို့ သူ့မိသားစုတွေက သမီးလေးအတွက် မွေးနေ့ပွဲလုပ်ပေးနေတုန်းမှာပဲ အမျိုးသားလေးက ဘယ်လိုစိတ်ကူးပေါက်သွားသလဲမသိ။

သူ့ချစ်သူရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင် အမှတ်တရအဖြစ် သူတို့နှစ်ယောက်ပေးခဲ့ကတိအတိုင်း ဆောင်ရွက်ပေးမယ်ဆိုပြီး အဲဒီနေ့မှာ အမျိုးသားလေးက သူ့ခုတင်ဘေးမှာ သူနဲ့သူ့ချစ်သူတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို သူငယ်ချင်းမိတ်ဆွေတွေဖိတ်ပြီးကျင်းပလိုက်ပါသတဲ့ ...။

အဲဒီနေ့မှာပဲ သတိလစ်ပြီး အားလုံးကိုမေ့နေတဲ့ချစ်သူကို ဆေးရုံကဆေးအထောက်အကူတွေနဲ့သူ့အသက်ကို ရှင်စေခဲ့တဲ့အထောက်အကူပြု ကိရိယာတွေကို အားလုံးတိုင်ပင်ပြီး တစ်ပြိုင်တည်း ဖြုတ်လိုက်ကြတယ်။



www.burmeseclassic.com

ခံစားနေရတဲ့ ဒုက္ခဝဋ်က ကင်းဝေးစေလိုက်ပြီး သူ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လိုအပ်တဲ့လူတွေကို လှူဒါန်းဖို့ ဆေးရုံက တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး သူမအတွက် ကုသိုလ်ပြုပေးလိုက်ကြတယ်တဲ့လေ။

သူ့ပွဲပြီးသွားတော့ အမျိုးသားလေးက မီဒီယာသမားတွေကို ဘယ်လိုပြောပြသလဲဆိုတော့ သူအပြင်မှာ သေသွားပေမယ့် ကျွန်တော့်နှလုံးသားထဲမှာ သူမသေအောင် နေရာရွှေ့ပေးလိုက်တာပါတဲ့။ အချစ်စစ်ဆိုတာ ဒါပဲပေါ့။ ရှင်းတယ်နော် ..။

(၂)

နောက် အိမ်ထောင်ရေးလောကထဲက အယူဝါဒတစ်မျိုးပြောပြရဦးမယ်။ ဆရာကြီးမင်းသိခ်ပြောသလိုပြောသလို လင်ကံကောင်းတဲ့သူရှိသလို လင်ကံဆိုးသူရှိမှာပဲ။

အဲဒီ လင်နဲ့ အဲဒီမယားဆိုတာ အားလုံးလူသားတွေဖြစ်နေတယ်။ လူနှစ်ယောက်ပေါင်းခြင်းအပေါ်မူတည်ပြီး စီးပွားဖက်နဲ့ စီးပွားပျက်ဆိုတာလည်း ရှိတာပါပဲ။ ကြားဖူးကြမှာပါ။ သူနဲ့ပေါင်းမှ စီးပွားတက်တယ်ဆိုတာ။ အဲဒါ နိုင်ငံခြားမှာလည်းရှိတယ်။ အဲဒီအထဲက စီးပွားပျက်ခဲ့တဲ့အတွဲတွေတော့ မပြောနိုင်လို့ မပြောတော့ဘူး။ စီးပွားတက်တဲ့အတွဲတွေကိုတော့ အားကျစရာပြောပြမယ်။ ကမ္ဘာမှာ မှုခင်းစုံထောက်တွေရှိသလို စီးပွားရေးစုံထောက် သမီးရည်းစားအရေးဆိုတဲ့ စုံထောက်တွေလည်း ရှိကြတယ်။ ခုလည်း စီးပွားရေးစုံထောက်တွေဆီကရတဲ့ စာရင်းဇယားတွေကို Forbes လို့ခေါ်တဲ့ စီးပွားရေးမဂ္ဂဇင်းကြီးက ခုလိုဖွင့်ချပေးလိုက်တာပဲ။ ကမ္ဘာ့ဝင်ငွေအကောင်းဆုံးစုံတွဲအဖြစ် အမေရိကန်အဆိုတော် ဘီယွန်းစေးနဲ့ ဂျေဇီတို့ ဇနီးမောင်နှံကို တရားဝင်ဖော်ပြလိုက်တယ်။

၂၀၁၃ ခုနှစ် ဝင်ငွေအကောင်းဆုံးစုံတွဲတွေထဲမှာ နံပါတ်(၁)ပဲတဲ့။ သူတို့စုံတွဲက ၂၀၁၂ ဇွန်လမှ ၂၀၁၃ ဇွန်လ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၅ သန်း ဝင်ငွေရှိကြသတဲ့။ ပြီးခဲ့တဲ့နှစ်ကလည်း သူတို့စုံတွဲပဲ ဝင်ငွေ ၇၈ သန်းနဲ့ ပထမရခဲ့ကြတယ်။ စီးပွားရေးကောင်းတဲ့ စုံတွဲ(၂)နှစ်ဆက်တိုက် ပထမရခဲ့ကြတာပါ။ သူတို့ရဲ့နောက်မှာတော့ ဘရာဇီးစူပါမော်ဒယ် ဂျစ်ဆဲလ်ဘန်ချွန်နဲ့ သူ့ခင်ပွန်း အမေရိကန်ဘောလုံးသမား တွမ်ဘရက်ဒီးတို့အတွဲ၊ သူတို့က ဝင်ငွေ အမေရိကန်ဒေါ်လာသန်း(၈၀)၊ နောက်အင် ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်တို့အတွဲက ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း(၅၀)၊ အက်ရှ်တန်ဘက်ချာနဲ့ မီလာဘူးနစ်တို့အတွဲက အမေရိကန်ဒေါ်လာ (၃၅)သန်း၊ တွန်ဘီဝက်စ်နဲ့ ကမ်ကာအက်ရှ် ယန်တို့စုံတွဲက အမေရိကန်ဒေါ်လာ သန်း(၃၀)တဲ့။ အဲဒီလို အများသိအောင် ဖော်ပြတာကွေ့ ဖတ်ရလေမောင်တို့ဆီမှာလည်း ဒီလိုဝင်ငွေတွေပြိုင်ပွဲလုပ်ပြီး ဖော်ပြရင် ဘယ်လောက်ကောင်းမလဲ။ အမြတ်တော်ခွန်အရာရှိတွေအတွက် လုပ်ဖို့ကောင်းတာပေါ့။

(၃)

ငယ်ငယ်တုန်းက မဖြစ်နိုင်တဲ့စကားဥပမာတွေထဲက ကောင်းကင်ကငွေကြယ် လွယ်မယ်မထင်နဲ့ ဆိုခဲ့ပေမယ့် ခုတော့ ကောင်းကင်က ကြယ်ပွင့်တင်မကဘူး၊ လပေါ်က ကျောက်တောင်ကမ္ဘာမြေအရောက်ယူနိုင်ပြီး အာကာသခရီးတောင် လူနှစ်ယောက်ကို ဒေါ်လာသန်း ၁၅၀၀ နှုန်းနဲ့ လပေါ်အရောက်ပို့ပေးဖို့ နာဆာအဖွဲ့ဝင်ဟောင်းတွေတည်ထောင်ထားတဲ့ Golden Spike ကုမ္ပဏီက ကြော်ငြာနေလို့ အချစ်ကိုပို့ပေးချင်လိုက်တာ။ ဒါပေမဲ့ အချစ်က နှလုံးရောဂါရှိတော့ စိုးရိမ်မိတယ်လေ။

(၄)

အချစ်ရေ ..

မင်းတို့မိန်းကလေးတွေဟာ အယုံလွယ်လို့ ဒုက္ခရောက်ကြတယ်။ ရှုးကြတယ်ဆိုတော့ မင်းက ဒေါ်ပွတယ်။ ခုမောင်ပြောပြမယ့်အကြောင်း မင်းဖတ်ကြည့်စမ်း ..။

ဒီအကြောင်းရေးဖို့ တွေးရတာကြက်သီးထမိတယ်။ အဲဒီအမျိုးသမီးက မသာအရိုးတွေနဲ့ ကာမအားတိုးဆေးလုပ်သတဲ့။

မိန်းကလေးဖြစ်ပြီး မကြောက်တာ အံ့ဩစရာ ..

ဒီလိုအချစ်ရဲ့ ..

ဆွီဒင်နိုင်ငံ ရိသန်ဘတ်မြို့ကအသက်(၃၇)နှစ်အရွယ် အမည်မဖော်လိုသူ အမျိုးသမီးတစ်ဦးက ထူးထူးခြားခြား လိင်ကိစ္စအတွက် လူဦးခေါင်းခွံတွေ၊ လူအရိုးတွေကို သူ့အိမ်မှာသိမ်းထားတာတွေ့လို့ ရဲက တရားစွဲလိုက်တဲ့ဖြစ်ရပ်တစ်ခု The Sun ထဲမှာ မယုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာပါလာတယ်။

ဒီအရိုးတွေ ဦးခေါင်းခွံတွေကို သူ့အိမ်ရဲ့ လျှို့ဝှက်ခန်းထဲမှ ဝှက်ထားပြီး လိုအပ်မှ ယူသုံးစွဲတာ။ ရဲက ရှာဖွေတွေ့ရှိတာက ဦးခေါင်းခွံ ၆ ခု၊ ကျောရိုးတစ်ခုနဲ့ အခြားအရိုးမျိုးစုံရယ်၊ အလောင်းထည့်တဲ့အိတ်၊ ရေခဲတိုက်ဓာတ်ပုံတွေနဲ့ လွန်ပူတစ်ချောင်း သက်သေခံပစ္စည်း သိမ်းလိုက်နိုင်တယ်တဲ့။

နောက် လူအရိုးနဲ့ လိင်မှုပြုလုပ်နေတဲ့ပုံတွေလည်း တွေ့ရတယ်တဲ့။

သူ့ကို ရဲက ဖမ်းလိုက်တဲ့ အမှုကတော့ သေဆုံးသွားသူရဲ့ ငြိမ်းချမ်းမှု (THE PEACE OF THE DEAD)ကို ချိုးဖောက်မှုဖြင့် စွဲချက်တင်လိုက်ကြောင်း။ ရုံးတင်စစ်လို့ ပြစ်မှုထင်ရှားလျှင် အမြင့်ဆုံးထောင်ဒဏ် ၂ နှစ်ထိ ကျခံရမည်ဖြစ်ကြောင်း၊ အဲဒီအမျိုးသမီးကိုစစ်တော့ ရှေ့နေက ဒီအရိုးတွေက သူ့ရဲ့ ကိလေသာစိတ်ကို ပျောက်စေကြောင်း အရှက်မဲ့အလုပ်လုပ်ကြောင်း ပြောပြတယ်။ ဒေသသတင်းများအရ အင်တာနက်စာမျက်နှာတစ်ခုမှာ သူ့ရဲ့ကိုယ်ကျင့်သိက္ခာပိုင်းမှာ အားနည်းမှုတွေရှိကြောင်း၊ ဒီကိစ္စအတွက် အပြစ်ဖြစ်လို့ အပြစ်ခံရမယ်ဆိုရင် အပြစ်ခံရဖို့ အဆင်သင့်ပြင်ဆင်ထားကြောင်း။

ကျွန်မရဲ့ အမျိုးသားက သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ကျွန်မအနားမှာ ကျွန်မရဲ့လုပ်ဆောင်ချက်တွေကို အားပေးနေပါသတဲ့။

သူက ကျွန်မကို ပျော်ရွှင်မှုဖြစ်အောင် ဘာလုပ်လုပ်ခွင့်ပြုပြီး ရှာဖွေခွင့်ပေးထားပါတယ်။ နောက် သူက ဝန်ခံသွားတာ တစ်ခုရှိသေးတယ်။ သူက ကမ္ဘာအရပ်ရပ်က အသက် ၅၀ ဝန်းကျင်နဲ့ ၅၀ အထက်လူကြီးတွေရဲ့ အရိုးကို အင်တာနက်ကနေ ထပ်ဆင့်ဝယ်ယူသိမ်းထားခဲ့တဲ့အကြောင်း ဝန်ခံခဲ့ပါသေးတယ်။

(၅)

အချစ်မှာ ဥပဒေမရှိဘူး။

အိမ်ထောင်ရေးမှာတော့ ဥပဒေရှိတယ်ဆိုတာ မှန်ပေမယ့် တစ်ခါတစ်ခါ အချစ်က အိမ်ထောင်ရေးကို တားဆီးမယ့်ဥပဒေဆိုရင်တော့ ဆောရီးပဲ အချစ်ရေ ..။

သိပ်ချစ်လို့ စိတ်ညစ်မခံတော့ဘဲ လက်ထပ်လိုက်ကြပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဆန့်ကျင်လိုက်တဲ့ စုံတွဲတစ်တွဲကို မီဒီယာသမားတွေက အားပေးတဲ့အနေနဲ့ အထူးသတင်းအဖြစ် ဖော်ပြပေးကြတယ်။

ဒီလိုအချစ်ရေ ..

အမေရိကန်နိုင်ငံသား ဖယ်ကွန်နဲ့ မက္ကဆီကိုနိုင်ငံသူ ဇန်နီဂါတို့က သူတို့နှစ်ယောက်ကိုတားဆီးထားတဲ့ ရုံးအုတ်တံတိုင်းကို အချစ်ဆိုတဲ့ ဘူဒိုဇာနဲ့ထိုးပြလိုက်တာပဲ။

မက္ကဆီကိုနိုင်ငံသူလေး ဇန်နီဂါက ဆယ်ကျော်သက်အရွယ်ထဲက အမေရိကန်နိုင်ငံသူတစ်ဦးဖြစ်ချင်ပြီး သူယူမယ့်ယောကျ်ားကလည်း အမေရိကန်နိုင်ငံသားဖြစ်ရမယ်လို့တွေးပြီး ဆုံးဖြတ်ထားတဲ့ အမျိုးသမီး။ တကယ်ပဲ သူအရွယ်ရောက်လာတော့ သူချစ်ရမယ့်သူကလည်း အမေရိကန်နိုင်ငံသား ဖြစ်နေတော့ ပျော်တာပေါ့နော်။

အမေရိကန်ဥပဒေတစ်ခုက သမ္မတဟောင်းဘီလ်ကလင်တန်လက်ထက်က ပြဋ္ဌာန်းထားတဲ့ ၁၉၉၆ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးဥပဒေတစ်ခုက အဲဒီဥပဒေကြောင့် သူတို့နှစ်ယောက်ယူပြီးမှ ပြဿနာဖြစ်ကြတော့တယ်။ နိုင်ငံရင်ခွင်မှာ ဒုက္ခဖြစ်တော့တာပဲ။

ဇန်နီဂါရဲ့ အစ်မကြီးက သူ့ရဲ့မွေးချင်းတွေက အမေရိကန်နိုင်ငံသားတွေဖြစ်တယ်လို့ မှားယွင်းအရေးဆိုလိုက်တာကြောင့်ပေါ့။ အဲဒီကိစ္စကို မသိကြဘဲ လက်ထပ်လိုက်ကြတာတဲ့။

သူတို့နှစ်ယောက် အချစ်တူကြပေမယ့် နိုင်ငံမတူကြလို့ ဘယ်နိုင်ငံမှ လက်ထပ်မရဖြစ်နေလို့ အမေရိကန်နဲ့ မက္ကဆီကိုနိုင်ငံနယ်စပ်ပေါ်မှာ ၂၇-၈-၂၀၁၃ ရက်နေ့က ခမ်းနားစွာ လက်ထပ်လိုက်ရာ သူတို့ရဲ့အချစ်နဲ့ သူတို့ရဲ့အဖြစ်ကို အားပေးတဲ့အနေနဲ့ ရာ[illegible]င်းများစွာ ပရိသတ်တွေတက်ရောက် အားပေးကြသတဲ့။ ဒီလိုတရားဝင်လက်ထပ်ကြပြီး ခုတော့ သူတို့နှစ်ယောက် မယားတိုင်းပြည်မှာလည်းမနေ၊ လင်တိုင်းပြည်ကိုလည်းမသွားကြဘဲ အားလုံးနဲ့ပြဿနာကင်းတဲ့ စပိန်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ မြို့လေးတစ်မြို့မှာ စိတ်ချမ်းသာစွာ သွားနေလိုက်ကြတယ်။ သူတို့အချစ်နဲ့ မင်္ဂလာခန်းမက ဆန်းပြားလှတယ်လို့ ပြောရမှာပေါ့။ အားပေးတယ် အချစ်ရယ်။

**ကဲ .. ဒီလတော့ ဒီမျှနဲ့ နားဦးမယ်။ စုံထောက်ဖတ်သူများ ဗဟုသုတ ပြည့်စုံကြပါစေ။**

**မောင်ယဉ်ကျော်**



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ရင်ထဲ၌ဆို့နင့်နေသော သောကသည် သမုဒ္ဒရာလှိုင်းများကဲ့သို့ ဆူပွက်နေလေသည်။ စွမ်းနိုင်သမျှသောအားအင်တို့ဖြင့် အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားနေရင်းက စိတ်သည် သောက၏ အပူရှိန်အောက်မှာ အရည်ပျော်ကျသွားသည်ချည်းဖြစ်သည်။ ပူလောင်စွာသော သောက၏သင်္ကေတသည် မျက်လုံးအစုံ၌ ပုံရိပ်ထင်လာသည်။ မျက်လုံးအစုံ၌ မှည့်ရွှမ်းရွှမ်း မျက်ရည်လုံးတို့သည် အားပါးတရ တွဲခိုလာကြသည်။



## စမ္မာစရိယ သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်တို့၏ လွှမ်းမိုးမှုအောက်မှာ အမြင်အာရုံသည် မှုန်ရီဝိုးတဝါး။ စိမ်းစိုသောဝန်းကျင်တို့သည် ခြောက်ကပ်နေသလို။ ကြည်လင်သော ကောင်းကင်ပြင်သည် တိမ်စိုင်တိမ်ခဲတို့နှင့် နပန်းသတ်နေသလို။ အရာရာအားလုံးသည် စိတ်ချမ်းသာမှုကို မပေးနိုင်ကြတော့ပေ။ စိမ်းစိုသောဝန်းကျင်၊ ကြည်လင်သောကောင်းကင် စသည်တို့ကို ရင်ထဲက သောကသည် လုပစွာပင် အနိုင်ယူထားလေသည်။

အေးမြမြလေညင်းတချို့သည် အပူရှိန် ဟုန်းဟုန်းတောက်လောင်နေသော မျက်နှာပြင်ကို သိမ်မွေ့စွာပွတ်တိုက်ကြလေသည်။ လေညင်းတို့ပေးသော အေးမြမှုဝေဒနာသည်လည်း ရသမမြော်။ မီးတောင်ကြီးပေါက်ကွဲနေသည်ကို ရေခွက်နှင့် ရေပက်ဖြန်းသကဲ့သို့ ပူလောင်မှုအတွက် အားဆေးတွေသာဖြစ်သွားလေသည်။ လေညင်း၏ပွတ်တိုက်မှုကြောင့် မျက်လုံးအိမ်၌ တွဲခိုနေသောမျက်ရည်စက်တို့သည် ထိတ်လန့်တကြား ကြွေကျသွားလေသည်။ ကြွေကျလာသောမျက်ရည်စက်တို့ကို သုတ်ပစ်လိုက်ဖို့ အတွေးတို့သည် နှေးကွေးလွန်းလှသည်။ မျက်ရည်စက်တို့ကို မသုတ်ဖြစ်ပေ။ မျက်ရည်စက်တို့သည် လွတ်လပ်စွာစီးကျလျက် ပါးပြင်ထက်၌ပင် ခြောက်သွေ့သွားကြလေသည်။ ဘဝဆိုသည်မှာလည်း တွယ်ခိုပြီး ကြွေကျ၊ ကြွေကျပြီး ခြောက်သွေ့သွားသော မျက်ရည်စက်တို့နှင့် တစ်သဘောတည်းဖြစ်သည်ပဲလေ။

မျက်ရည်စက်တို့ကို ...

"လာပါ ... တွယ်ခိုပါရယ်"

လို့ မျက်လုံးတွေမပြောပါဘဲ မျက်ရည်စက်တို့ တွယ်ခိုလာကြသည်။ မျက်ရည်စက်တို့ကို ...

"သွားပါ .. ကြွေပါ"

လို့ မနှင်ပါဘဲ မျက်ရည်စက်တို့သည် ကြွေကျသွားကြသည်။ သည်အတိုင်းပင် ...

"လာခဲ့ပါ .. ဝင်ခဲ့ပါ"

ဟု မဖိတ်ခေါ်ပါဘဲ ဘဝထဲသို့ ဝင်လာကြသည်။ ဘဝထဲမှာ ..

"မနေနဲ့ .. ထွက်သွား"

ဟု မနှင်ပါဘဲ ဘဝထဲကထွက်သွားကြသည်။ တွယ်ခိုလာသောမျက်ရည်စက်တို့သည် အမြဲတစေ တွယ်ခိုမနေနိုင်ဘဲ ကြွေကျသွားကြသည်။ ဘဝထဲသို့ဝင်ရောက်လာသော ဘဝတို့သည်လည်း အမြဲတစေ တည်ရှိမနေနိုင်ဘဲ ကြွေကျသွားကြရသည်။ လောက၌ ဘယ်အရာတစ်ခုသည် မပျက်စီး မကြွေကျဘဲ တည်မြဲနိုင်ကြသနည်း။ သက်မဲ့ဝတ္ထု၊ သက်ရှိဝတ္ထု ဖြစ်လာသမျှ အရာအားလုံးသည် ပျက်စီးခြင်း၊ ကြွေကျခြင်းနှင့်သာ အဆုံးသတ်ကြသည်။ ဖြစ်လာသမျှသည် ပျက်စီးဖို့အတွက် ဖြစ်သည်။ စလာခြင်းသည် အဆုံးသတ်ဖို့အတွက်ဖြစ်သည်။ ဆုံတွေ့ခြင်းသည် ဝေးကွာခြင်း၏ အစဖြစ်သည်။ ဝေးကွာခြင်းသည် ဆုံတွေ့ခြင်း၏ အဆုံးသတ်ဖြစ်သည်။

လောကကို မမြဲသောသဘောဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ လောက၌ ဖြစ်ပေါ်လာခြင်းသည် သဘာဝဖြစ်သည်။ ကြွေကျပျက်စီးခြင်းသည် သဘာဝဖြစ်သည်။ လောက၏သဘောသည် ရိုးစင်းလှသည်။ လောက၏သဘောတွင် ကောက်ကျစ်ယုတ်မာမှုတို့သည် မရှိ။ အမှောင်ထဲကပဲကြည့်ကြည့်၊ အလင်းထဲကပဲကြည့်ကြည့်၊ ရှေ့ကပဲကြည့်ကြည့်၊ နောက်ကပဲကြည့်ကြည့်၊ ဘယ်နေရာ ဘယ်ဘက်ကပဲကြည့်ကြည့် ရိုးစင်းသောလောကသဘောသည် ပြောင်းလဲခြင်းမရှိ။ ပြောင်းလဲခြင်းမရှိ ရိုးစင်းသောလောကသဘောကို ရိုးသားစွာလက်ခံနိုင်ဖို့သာ လိုသည်။ လောကသဘောကို လက်ခံနိုင်လျှင် ဆုံတွေ့ခြင်း၌ ပျော်ရွှင်ခြင်းသည် မရှိ။ ဝေးကွာခြင်း၌ ဝမ်းနည်းခြင်းသည် မရှိ။ ပေါင်းဖက်ပြုလုပ်ခဲ့သောအကြောင်းတရားတို့ အကျိုးပေးခွင့်ကြုံ၍ ဆုံတွေ့ခြင်းဖြစ်သည်။ အကျိုးတရားတို့ကုန်ဆုံးပြီးဖြစ်၍ ဝေးကွာခြင်းခရီးကို စတင်ကြခြင်းဖြစ်သည်။ ဘယ်သူက ဘယ်သူ့ကိုမှ တားဆီး၍မရနိုင်ပေ။ ကိုယ့်ကို ကိုယ်တောင် တားဆီးပိုင်ခွင့်မရှိသည့် လောကဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်တောင် အစိုးမရသော ဤလောကမှာ ဆုံတွေ့ခြင်းကို အဘယ်မှာ အစိုးရနိုင်မည်နည်း။ ဆုံတွေ့နေချိန်၌ အကောင်းဆုံးပြုစုပေးပြီး ဝေးကွာချိန်၌ အလှပဆုံးလက်ဆောင်ကိုသာ ပေးလိုက်ဖို့ဖြစ်သည်။ ဤသည်မှာ အစိုးမရသောလောက၌ အသင့်တော်ဆုံးသော နည်းလမ်းဖြစ်သည်။

ဝေဒနာကို အရသာခံတတ်သော လူတို့သည် ရိုးစင်းသောလောကသဘောကို သိကြသော်လည်း လက်ခံနိုင်ဖို့ရာ ခက်နေကြသည်။ လက်ခံနိုင်စွမ်း ရှားပါးကြသည်ဖြစ်၍ ဆုံတွေ့ချိန်၌ ပျော်ရွှင်ကြသည်။ ဝေးကွာချိန်၌ ဝမ်းနည်းတတ်ကြသည်။ ဝမ်းသာခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းခြင်း၏ အစဖြစ်သည်ကို သတိမမူကြ။ ဝမ်းနည်းခြင်းသည် ဝမ်းသာခြင်း၏ အဆုံးဖြစ်သည်ကို နားမလည်ကြ။ ဝမ်းသာနေချိန်၌ ဝမ်းနည်းခြင်းကို မမြင်ဘဲ အပျော်ကြီးပျော်ကြသည်။ ဝမ်းနည်းနေချိန်၌ ဝမ်းသာခဲ့ရခြင်းများစွာကို အတွေးထဲမှာထဲက ဆွဲထုတ်လိုက်ပြီး အငိုကြီး ငိုကြသည်။ ဝေဒနာကို ခံစားခြင်းသည် အရူးတစ်ယောက်နှင့်တူသည်။ အရူးအဖြစ်ကို အလိုမရှိကြသော်လည်း ရူးနေသည်ကို ရူးနေမှန်းမသိခင် ရူးနေရသည်ကိုပင် နှစ်ခြိုက်နေကြသည်။ ဆုံတွေ့ခြင်း၊ ဝေးကွာခြင်းသဘော၌ ပျော်ရွှင်ခြင်း၊ ငိုနေရခြင်းသည် နည်းလမ်းကောင်းမဟုတ်၊ ဆုံတွေ့ချိန်၌ ဘာတွေလုပ်ပေးရမည်နည်း။ ဝေးကွာချိန်၌ ဘာတွေလုပ်ပေးရမည်နည်း၊ ဝေးကွာချိန်၌ ဘာတွေလုပ်ပေးလိုက်ရမည်နည်း။ စဉ်းစားခြင်းသည်သာ နည်းလမ်းကောင်းဖြစ်သည်။

အခန်း(၂)

"ဖြစ်မှဖြစ်ရလေ သမီးရယ်"

ဆို့နင့်နာကျင်နေသော ဝေဒနာတို့ကို ဖြူခွဲလိုက်သော စကားဖြစ်သည်။ သမီးလေး၏ဂုဏ်သတင်းတွေကို သီကုံးဖွဲ့ကာ ပြောပြချင်သည်။ ပြောပြချင်သောစကားတို့သည် ရင်ထဲ၌ပြည့်သိပ်လျက်။ သို့သော် အပြင်သို့မထွက်နိုင်ဖြစ်နေသည်။ ဝေဒနာတို့က စကားတို့ကို လွှမ်းမိုးထားသည်။ နာကျင်သောဝေဒနာတို့၏အငွေ့အသက်တို့သည် အဖွဲ့တွဲတစ်ခုလုံးတွင် ပျံ့နှံ့လျက်။ နှုတ်ခမ်းတို့သည် တုန်တုန်ရီရီ၊ လျှာတို့သည် မာမာထန်ထန်။ ထွက်ကျလာသော စကားလုံးတို့သည် မပီမသ။ စိတ်ကို တည်ငြိမ်အောင်အတွက် ထိန်းချုပ်သမျှတို့သည် ရေပေါ်အရုပ်ဆွဲသလို အချည်းအနှီး။ ရှူရှိုက်နေသော ထွက်သက်၊ ဝင်သက်တို့တောင် ပုံမမှန်နိုင်တော့ပေ။

သမီးလေး၏မျက်နှာသည် အပြစ်ကင်းစင်လျက်။ မျက်နှာပေါ်၌ အပြုံးပန်းကလေးတို့သည် ဝေဝေဆာဆာ ပွင့်နေကြဆဲ။ တိမ်ကင်းသောကောင်းကင်လို ကြည်လင်သောသမီးလေး၏မျက်လုံးတို့သည်သာ မှိတ်လျက်ရှိသည်။ ချစ်စရာကောင်းသော အမူအရာတို့သည် သမီးလေး၏ခန္ဓာကိုယ်က ထာဝရထွက်ခွာသွားကြလေပြီ။ ညင်သာပျော့ပျောင်းသော စကားသံ၊ ချစ်စရာ နား၊ နှလုံးကို ချမ်းသာစေသော စကားလုံးတို့သည် ကင်းဆိတ်သွားလေပြီ။ ဩော် ... သမီးလေးသည် ထာဝရဝေးကွာခြင်းဆီ စတင်ခဲ့လေပြီကိုး။ မျက်ရည်စက်တို့သည် တောင်ကျရေလို စီးကျလာကြသည်။ မသုတ်ဖြစ်တော့။ တင်းထားသောစိတ်ကိုလည်း ဖြေချလိုက်တော့သည်။ ခေါင်းမူးနောက်သလိုလို ခံစားရသည်။ ခြေတုန် လက်တုန်ခြင်းတို့သည် အဆမတန် မြန်နှုန်းတက်လာသည်။ မျက်လုံးကိုမှိတ်ပစ်လိုက်မိသည်။

"သူဌေးကြီး ... အကုန်လုံး အဆင်သင့်ဖြစ်ပါပြီ"

ရင်ထဲကို လုံတစ်ရာဖြင့်ထိုးလိုက်သလို ခံစားရသည်။ စူးရှနာကျင်သော ဝေဒနာတို့သည် အရှိန်မြင့်လာကြသည်။ ဝေးကွာခြင်းသည် တဖြည်းဖြည်း ရက်စက်ကြမ်းကြုတ်လာသည်။ သမီးလေး၏ ကျန်ရစ်ခဲ့သောရုပ်အလောင်းကိုတောင် မြင်ကွင်းကနေ ဖျောက်ပစ်လိုက်ဖို့အချိန်သည် စကားမတတ်ဘဲ စကားပြောလာသည်။

"အဆင်သင့်ဖြစ်ရင် လုပ်စရာရှိတာ လုပ်ကြ"

မရင့်ကျက်နိုင်သော်လည်း ရင့်ကျက်ရတော့သည်။ နာမ်တရားကင်းမဲ့သွားသောရုပ်ကောင်ကို အလှကြည့်ထား၍မရ။ သိမ်းဆည်းထား၍မရ။ ပျက်စီးခြင်းသဘောကို တစ်ဆင့်ပြီးတစ်ဆင့် ပြလာမည်သာဖြစ်သည်။ မွှေးရာကနေ နံလာမည်။ နံရာကနေ ရောင်လာမည်။ ရောင်ရာကနေ ပြိုလာမည်။ နောက်ဆုံး အရိုးစုတွေသာ ကျန်မည်ဖြစ်သည်။ ထိုမြင်ကွင်းတို့သည် ဘယ်လောက်ဆိုးရွားပါမည်နည်း။ မကြည့်ရက်စရာ မြင်ကွင်းတို့ဖြစ်မှာ သေချာသည်။ ရှုချင်စဖွယ်ကောင်းနေတုန်း၊ မွှေးကြိုင်နေတုန်းမှာ မြင်ကွင်းကဖျောက်ပစ်လိုက်ခြင်းသည် အကောင်းဆုံးမဟုတ်ပါလော။ မျက်ရည်တို့သည် စီးကျမြဲ စီးကျလျက်။ ထွက်လာသောနှပ်တို့ကို သုတ်ရသည်မှာလည်း နာခေါင်းတစ်ခုလုံး နီတွတ်နေသည်။ တဏှာမကင်းသော ချစ်ခြင်းတို့၏နောက်ကွယ်တွင် ပြင်းထန်သော သောကတို့ရှိနေကြောင်း သိလိုက်ရသည်။ မခွဲချင်ပါဘဲလျက် မျက်လုံးအစုံကို သမီးလေးမျက်နှာက ဖယ်ရှားလိုက်ရသည်။ စိတ်သက်သာလို သက်သာငြား ပရိသတ်ဆီသို့ အကြည့်ကိုလွှတ်မိသည်။

အသုဘလာပို့သော ပရိသတ်တို့

www.burmeseclassic.com



၏မျက်နှာသည် ရွှင်ပြမှုမရှိကြ။ ဝမ်းနည်းရိပ်တို့ လွှမ်းမိုးနေသည်။ ယူကျုံးမရသောစိတ်တို့ ပြေးလွှားနေသည်။ တချို့ဆိုလျှင် ရင်ထဲကသောကကို မျက်ရည်နှင့်ဆေးကြောနေသည်ကို တွေ့ရသည်။ ဝမ်းနည်းကြမှာပါလေ။ အသုဘလိုက်ပို့သော ပရိသတ်တို့သည် သမီးလေးကိုချစ်သူများ ဖြစ်သည်။ ငယ်ရွယ်သောသမီးလေးကို သူတို့နှမြောကြသည်မှာမဆန်း။ စိတ်ကောင်းစေတနာကောင်းရှိသော သမီးလေးကို သူတို့ချစ်ကြသည်မှာ မဆန်း။ ချစ်ကြ၍ ဝမ်းနည်းကြသည်မှာလည်း မဆန်းပါပေ။ သမီးလေးသည် လူချစ်လူခင်ပွားများသည်။ လူချစ်လူခင် ပွားများအောင်လည်း သမီးလေး နေထိုင်ခဲ့သည်။ သမီးလေးမှာ လူမနှစ်သက်သော အပြုအမူသည် စိုးစဉ်းမျှမရှိခဲ့။

အများအားဖြင့် လူတို့သည် အလှမာန်တက်သူတို့အား မနှစ်သက်ကြ။ ဓနမာန်ကြီးသူတို့အား မုန်းတီးကြသည်။ အပေါ်စီးဆန်သောစကားနှင့် အဆင့်အတန်းခွဲခြားမှုကို နာကျင်ကြသည်။ ထိုအမူအရာတို့သည် သမီးလေးတွင် မရှိခဲ့။ သမီးလေးသည် ထိုက်သင့်သော အလှတရားကို ပိုင်ဆိုင်ခဲ့သူ ဖြစ်သည်။ သို့သော် အလှပေါ်တွယ်ခိုနေသောမာနတရားသည် အရိပ်အယောင်မျှတောင် မရှိခဲ့။ သမီးလေးသည် ရိုးစင်းစွာ ဘဝကိုဖြတ်သန်းသွားခဲ့သူ ဖြစ်သည်။ သမီးလေးသည် လူအားလုံးကို “လူ”ဟု မြင်ခဲ့သူ ဖြစ်သည်။ လူတို့ကို ဆင်းရဲသား၊ လူချမ်းသာ၊ အလုပ်သမား၊ ကျွန် စသည်ဖြင့် မမြင်ခဲ့။ ရှိသေထိုက်သူကို ရှိသေသည်။ လေးစားထိုက်သူကို လေးစားသည်။ သနားသင့်သူကို သနားသည်။ လူလူချင်းခွဲခြားသည်ကို နားမလည်သလို သမီးလေးနေထိုင်ခဲ့သည်။ လူဆင်းရဲကိုဖြစ်စေ၊ လူချမ်းသာကိုဖြစ်စေ၊ အလုပ်သမားကိုဖြစ်စေ၊ ကျွန်ကိုဖြစ်စေ နွေးထွေးစွာ ဆက်ဆံခဲ့သည်။ ချစ်စဖွယ်စကားကို လှပစွာပြောဆိုခဲ့သည်။ သမီးလေးနှင့် ပြောဆိုဆက်ဆံကြသော လူတိုင်းသည် အေးမြခြင်း၊ ပျော်ရွှင်ခြင်းကို ရကြသည်ချည်း ဖြစ်သည်။

သမီးလေးကိုချစ်ကြသော သူတို့၏နှလုံးသား၌ သမီးလေး၏ပုံရိပ်တို့သည် ထာဝရတည်ရှိနေပါလိမ့်မည်။ သမီးလေး၏ နွေးထွေးသောဆက်ဆံမှုတို့ကို ထာဝရတောင့်တလျက် ရှိနေပါလိမ့်မည်။ သမီးလေး၏ ချိုမြိန်သောစကားတို့ကို ကြားချင်ကြတိုင်း သမီးလေးအား လွမ်းမောတသနေကြလိမ့်မည်။ သမီးလေးကို လူ့လောကက စောစောစီးစီးခွဲထုတ်သွားသော သေမင်းအား သမီးလေးကိုချစ်ကြသောသူတို့သည် နာကျည်းနေကြပါလိမ့်မည်။ ဖြစ်တတ်သည့်သဘာဝ၊ ပျက်တတ်သည့်သဘာဝ၊ အကြောင်းအကျိုးဆက်စပ်နေသည့် ကမ္မနိယာမကို လက်ကိုင်မထားလျှင် သေမင်းကို စိန်ခေါ်မိမှာ သေချာသည်။ လူ့လောက၌ နေထိုင်ခဲ့သောသမီးလေးသည် လူသားတို့၏အကျိုးစီးပွားယုတ်အောင် ဘာတစ်ခုမှ မလုပ်ခဲ့။ လူသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ တတ်နိုင်သမျှ ဆောင်ရွက်ခဲ့သည်။ သမီးလေးသည် အိမ်၌ အားကိုးရသူတစ်ယောက်လည်း ဖြစ်ခဲ့သည်လေ။

အခန်း(၃)

“သမီးရေ ... အဖေသွားတော့မယ်နော်၊ သံဃာတော်တွေအတွက် စိတ်ချပါရစေ”

“စိတ်ချပါအဖေ၊ သံဃာတော်တွေအတွက် သမီးဦးဆောင်ပြုလုပ်ပါ့မယ်”

အိမ်တွင် နေ့စဉ် ရဟန်းသံဃာနှစ်ထောင်ကို ဆွမ်းကပ်လေ့ရှိသည်။ ရတနာသုံးပါးကို အသက်ထက်မက တန်ဖိုးထား မြတ်နိုးသောအိမ်၌ ရဟန်းသံဃာတော်များအား ဆွမ်းကပ်ခြင်းကိစ္စသည် အရေးကြီးဆုံးသော အလုပ်ဖြစ်သည်။ လျှိုမှု၊ စားမှု၊ နေမှု စသည်တို့အတွက် ပြုလုပ်ထားသော စီးပွားရေးတို့သည် များစွာရှိသည်။ ထိုစီးပွားရေးတို့ကို အလုပ်သမားများနှင့်သာ အပ်ထားသည်။ ကိုယ်တိုင်မလုပ်။ ကိုယ်တိုင်လုပ်သောအလုပ်မှာ ဘာသာရေးအလုပ်တစ်ခုတည်း ဖြစ်သည်။ ဘာသာရေးလုပ်ငန်းများစွာကို လိုက်လုပ်နေသော်လည်း အိမ်မှာကပ်သော ဆွမ်းကျွေးပွဲတွင် မိမိသည် မည်သည့်အခါမှ ပါဝင်ခွင့်မရ။ သူများအိမ်သို့ သွားနေရသည်ချည်း ဖြစ်သည်။

သာဝတ္ထိပြည်၌ ဗုဒ္ဓဘာသာကို ယုံကြည်ကြသူတို့က များပြားသည်။ ယုံကြည်သူတို့က အလှူဒါနလက်နဲ့မကွာနေကြ၍ သာဝတ္ထိပြည်၌ နေ့စဉ် အလှူပြုလုပ်ပွဲရှိသည်။ အလှူပွဲတိုင်းကို မိမိသည် သွားရစမြဲ။ အလှူပြုလုပ်ပုံ၊ ပြုလုပ်နည်းတို့ကို သင်ပြရစမြဲ။ သံဃာတော်တို့၏ အလိုကျအောင် စီမံပေးရစမြဲ ဖြစ်သည်။ အလှူပြုလုပ်ကြသော သာဝတ္ထိသားတို့သည် မိမိတို့ကို အလှူ

www.burmeseclassic.com



အားကိုးကြသည်။ မိမိတို့မရောက်သော အလှူပွဲဆိုလျှင် ငွေပေါင်းမြောက်မြားစွာ အကုန်ကျခံ၍ လှူဒါန်းသော အလှူပွဲဖြစ်ပါစေ ကဲ့ရဲ့ခံရသည်။ ထို့ကြောင့် သာဝတ္ထိပြည်၌ အလှူလုပ်တော့မည်ဆိုလျှင် အလှူရှင်သည် မိမိတို့ဆီ ရောက်လာကြသည်။ ရက်ချိန်းလာတောင်းကြသည်။ မိမိတို့ပေးလိုက်သော ရက်ချိန်းအတိုင်း အလှူပြုလုပ်ကြသည်။

ဖြစ်နိုင်လျှင် မိမိသည် သူတစ်ပါးအလှူသို့ မသွားချင်ပေ။ ကိုယ့်အိမ်၌သာ အလှူလုပ်၍ နေချင်ပါသည်။ ဝိသာခါသည်လည်း မိမိနည်းတူ ဖြစ်ပါလိမ့်မည်။ မိမိတို့မသွားသော အလှူသည် ကဲ့ရဲ့ခံရမည်ဖြစ်သည်။ ကဲ့ရဲ့ခံရလျှင် အလှူရှင်တို့၏သဒ္ဓါတရားသည် ခေါင်းပါးသွားနိုင်သည်။ အလှူရှင်တို့၏သဒ္ဓါတရားကို အားပေးသောအားဖြင့် မိမိသည် သူတစ်ပါးအလှူသို့ သွားခြင်းဖြစ်သည်။ နေ့စဉ် သူတစ်ပါးအလှူသို့ သွားနေရသည်ဖြစ်၍ အိမ်အလှူတွင်ပါဝင်ခွင့်မရခြင်း ဖြစ်သည်။ အိမ်အလှူတွင် စိတ်ချရအောင် မိမိသည် သမီးကြီးမဟာသုဘဒ္ဒါကို ဆောင်ရွက်စေခဲ့သည်။ မဟာသုဘဒ္ဒါသည် ဆွမ်းကပ်ပွဲ၌ဟောကြားသော တရားတို့ကို ကြားနာရ၍ သောတာပန်ဖြစ်ခဲ့သည်။ မဟာသုဘဒ္ဒါ အိမ်ထောင်ပြုသွားသောအခါ စူဠသုဘဒ္ဒါကို ဆောင်ရွက်စေခဲ့သည်။ သမီးလတ် စူဠသုဘဒ္ဒါသည်လည်း သောတာပန်ဖြစ်သွားခဲ့သည်။ သမီးလတ်စူဠသုဘဒ္ဒါ အိမ်ထောင်ပြုသွားသောအခါ ချစ်လှစွာသောသမီးငယ် သုမနဒေဝီကို ဆောင်ရွက်စေခဲ့သည်။ သမီးလေးသုမနဒေဝီသည် သံဃာတော်တွေအတွက် ဆွမ်းကပ်ခြင်းကိစ္စကို သေသပ်စွာ ဆောင်ရွက်သည်။ သူများအလှူသို့သွားသော မိမိအတွက် နောက်ကြောင်းပူပန်စရာသည် မရှိခဲ့။ မိမိတွင် အားကိုးရသောသူတို့သည် မိမိကို ခွဲသွားကြသည်။

သမီးကြီးမဟာသုဘဒ္ဒါနှင့် သမီးလတ်စူဠသုဘဒ္ဒါတို့သည် မိမိအား ရှင်ကွဲ ခွဲသွားကြသည်။ သမီးလေး သုမနဒေဝီသည် မိမိအား သေကွဲ ခွဲသွားလေသည်။ ရှင်ကွဲ ခွဲသွားသူတို့အား တွေ့လိုက တွေ့နိုင်သည်။ သေကွဲ ခွဲသွားသူအား အဘယ်မှာတွေ့နိုင်ပါတော့အံ့နည်း။ ဘယ်တော့မှ မတွေ့နိုင်တော့ပါပေ။ ရိုးစင်းသောလောကသဘောပင်ဖြစ်သည်။ ရိုးစင်းသော လောကသဘောကို ရိုးသားစွာလက်ခံနိုင်အောင် ကြိုးစားနေသူတို့တွင် မိမိလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ မိမိသည် လောကကို အမြင်ထူးဖြင့် မြင်တတ်လာသော သောတာပန်တစ်ယောက်ဖြစ်သည်။ ဖြစ်ပျက်နှစ်တန် လောကဓံကို သာမန်လူများထက် များစွာခံနိုင်ရည်ရှိသည်။ မိမိသည် ဆုံတွေ့ချိန်ကာလတစ်လျှောက် ဝေးကွာသွားသူတို့အား အကောင်းဆုံးပြုစုပေးခဲ့သည်။ စည်းစိမ်ချမ်းသာအနေဖြင့် ပြောစရာမလိုလောက်အောင် ခံစားစေခဲ့သည်။ လောကုတ္တရာချမ်းသာအနေဖြင့် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါတို့အား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် နီးနီးကပ်ကပ်ရှိအောင် ပြုစုပေးခဲ့သည်။ မကောင်းမှုတို့နှင့်အဝေးဆုံးမှာ နေတတ်အောင် ဆုံးမခဲ့သည်။ ဆုံတွေ့ချိန်၌ အကောင်းဆုံးပြုစုပေးခဲ့ပြီးနောက် ဝေးကွာချိန်၌ အလှပဆုံးလက်ဆောင်ပေးလိုက်ဖို့သာ ရှိသည်။

မျက်ရည်တို့သည် အလှပဆုံးလက်ဆောင်မဖြစ်။ ရင်ထဲ၌ လောင်မြိုက်နေသော သောကတို့သည် အလှဆုံးသောလက်ဆောင်မဖြစ်။ မျက်ရည်သည် ရှုံးနိမ့်ခြင်း၏ အမှတ်သင်္ကေတဖြစ်သည်။ သောကသည် လှပခြင်းကို အဆုံးသတ်သော လက်နက်ဖြစ်သည်။ သမီးလေး၏ နောက်ဆုံးခရီးမှာ သောကနှင့်အလှဆင်ထားသော မျက်ရည်တို့ဖြင့် နှုတ်ဆက်ခြင်းသည် သရုပ်ပျက်လွန်းမှန်း သိသည်။ သောကကို ခြေရာကောက်ကြည့်လျှင် ချစ်ခြင်းကို တွေ့သည်။ သမီးလေးကို ချစ်သော အချစ်က ဝေးကွာချိန်၌ သောကကို ရင့်သန်စေသည်။ ထိုထက် သောကကို ရင့်သန်စေသည်မှာ သမီးလေး နောက်ဆုံး အချိန်ပြောကြားခဲ့သော စကားများဖြစ်သည်။ သမီးလေးသေဆုံးမည့် နံနက်ပိုင်းတွင် မိမိ အိမ်မှာမရှိ။ ထုံးစံအတိုင်းပင် အလှူအိမ်မှာဖြစ်သည်။ အလှူ၌ စံနေချိန် အိမ်က အလုပ်သမားတစ်ဦး ရောက်လာသည်။

"သူဌေးကြီး ... သခင်မလေး အခြေအနေမကောင်းဘူး။ သူဌေးကြီးကို ခေါ်နိုင်းလိုက်ပါတယ်"

မိမိသည် အလှူရှင်တို့ကိုတောင် မပြောအားခဲ့။ အိမ်သို့ စိုင်းပြင်းခဲ့သည်။ အိမ်သို့ရောက်သည်နှင့် သမီးလေးကို အဆင်သင့်တွေ့ရမည်။ မိမိသည် သမီးလေးနှင့် အနီးကပ်ဆုံးသို့ ချဉ်းကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ချစ်သမီးသုမန ... ဘယ်လိုဖြစ်တာလဲ''

''မောင်လေး ... ဘာကို ပြောတာလဲ''

''ချစ်သမီး ... ယောင်ယမ်းမြည်တမ်းတာလား''

''မောင်လေး ... အနှစ်မ မယောင်ယမ်း မမြည်တမ်းပါ''

''ချစ်သမီး ... ကြောက်နေတာလား''

''မောင်လေး ... အစ်မ မကြောက်ဘူး''

သမီးလေး၏ရောဂါအခြေအနေကို မေးဖို့ရာ စကားစလိုက်သည်နှင့် အခြေအနေကိုရိပ်စားမိလိုက်သည်။ သမီးလေးအသိထဲတွင် သတိတရား ကင်းပျောက်သွားလေပြီ။ အဖေကို အဖေမှန်းတောင် မသိတော့။ ကိုယ့်ကို ကိုယ်တောင် သမီးဖြစ်မှန်း မသိတော့။ စကားသုံးခွန်းသာ မေးလိုက်ရသည်။ စကားသုံးခွန်းမေးပြီးသည်နှင့် သမီးလေး အသက်မရှိတော့ပေ။ သမီးလေးသည် သတိကောင်းသူတစ်ယောက်ဖြစ်သည်။ မကောင်းမှုကို စိုးစဉ်းမျှ မပြုလုပ်ခဲ့သူ။ လူ့လောက၌ ကောင်းစွာနေထိုင်ခဲ့ပါလျက် သမီးလေး၏ သေခြင်းသည် မလှပ။ သေခါနီးလူတစ်ယောက်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကို ထင်လာတတ်သည်။ မကောင်းသော ဂတိနိမိတ်တို့ကို ထင်လာသောအခါ သေခါနီးလူသည် ကြောက်အားကြီးစွာဖြင့် ယောင်ယမ်းမြည်တမ်းတတ်သည်။ သို့ဆိုလျှင် မိမိ၏သမီးလေး သုမနဒေဝီသည် ...။

''သူဌေးကြီး ... ကိစ္စပြီးပါပြီ''

''အေး ... သွားကြတာပေါ့''

သမီးလေးကို သင်္ဂြိုဟ်ခြင်းကိစ္စပြီးပါပြီ။ အသုဘလာပို့သော ပရိသတ်တို့သည် တစ်ဖြည်းဖြည်းကျဲပါးလာသည်။ သယ်ယူသွား၍မရသော အခြေအနေမှာ စွန့်ပစ်ခဲ့ကြခြင်း ဖြစ်သည်။ ဤသုသာန်၌ ရုပ်အလောင်းပေါင်းများစွာ မြုပ်နှံ၍ ရှိသည်။ ဤ သုသာန်၌ မျက်ရည်ပေါင်းများစွာ စီးကျခဲ့သည်။ ဤသုသာန်မြေ တည်နေသမျှ ဤလူသား လောကရှိနေသမျှ ဤသုသာန်မြေ၌ ရုပ်အလောင်းများစွာ မြုပ်နှံကြဦးမည်ဖြစ်သည်။ မျက်ရည်ပေါင်းများစွာ စီးဆင်းဦးမည်ဖြစ်သည်။ ဒါသည်လည်း ဝေဒနာကို အရသာခံတတ်သော လူသားတို့၏ သဘာဝတစ်ခုဖြစ်သည်ပဲလေ။

## အခန်း(၄)

နေမင်းသည် သူ၏စွမ်းအားကို အပြင့်ဆုံးတင်ထားသည် ဖြစ်၏။ အပူရှိန်သည် အဆမတန်ပြင်းနေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးသီး၊ ချွေးပေါက်တို့ဖြင့် ပြည့်နှက်နေသည်။ ထိုမျှပြင်းထန်သော အပူရှိန်သည် ရင်ထဲမှာပူနေသော အပူရှိန်လောက် မပြင်း။ သုသာန်မြေသည် တရိပ်ရိပ် အဝေးမှာကျန်ရစ်ခဲ့သော်လည်း သမီးလေး၏ပုံရိပ်တို့သည် စိတ်ထဲ၌ စွဲထင်လျက် ဖြစ်သည်။ သမီးလေး၏စကားသံတို့သည် နားထဲ၌စွဲထင်လျက် ဖြစ်သည်။ အိမ်ကိုသွား၍မဖြစ်သေး။ အိမ်သို့ ရောက်လျှင် သမီးလေး၏ ပုံရိပ်တို့သည် အထင်းသားရှိနေဦးမည်။ ထိုပုံရိပ်တို့ကိုမြင်ရလျှင် ရင်ထဲက သောကသည် ပို၍ ထန်ပြင်းလာဦးမည် ဖြစ်သည်။ ဘယ်နေရာကိုသွားလျှင် စိတ်ချမ်းသာရှာရမည်နည်း။ စိတ်ချမ်းသာရာရမည့်နေရာသို့သွားမှ ဖြစ်တော့မည်။

''သူဌေးကြီး ဘာကြောင့်နှလုံးဆင်းရဲခြင်းရှိပြီး မျက်ရည်နဲ့မျက်ခွက် ငိုကြွေးလို့လာသလဲ''

စိတ်ထဲမှာ အေးချမ်းမည့်နေရာကို တွေးကြည့်လိုက်သည့်အခါ ဇေတဝန်ကျောင်းတော်ကို တွေ့သည်။ အေးချမ်းသော ဇေတဝန်ကျောင်းတော်၌ မဟာကရုဏာရှင် မြတ်စွာဘုရားသည် သီတင်းသုံးလျက် ရှိသည်။ မြတ်စွာဘုရားသည် သတ္တဝါတို့၏ ဆင်းရဲခြင်းကို ပယ်ဖျောက်တတ်သည်။ ဘဝကူးသွားသောသူတို့၏ ဂတိကို သိတော်မူသည်။ သမီးလေးနှင့်ပတ်သက်၍ ခံစားရသည်တ ကို ရင်ဖွင့်လို၍ ဇေတဝန် ကျောင်းတော်သို့ ဝင်လာခဲ့သည်။ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးသည်နှင့် မြတ်စွာဘုရားဆီက မေးခွန်းထွက်လာခြင်း ဖြစ်သည်။

''မြတ်စွာဘုရား ...၊ တပည့်တော်ရဲ့ သမီးငယ် သုမနဒေဝီ ကွယ်လွန်ပါပြီဘုရား''

''ဘာကြောင့်ငိုကြွေးနေသလဲ၊ အလုံးစုံသောသူတို့အား သေခြင်းတရားဟာ မလွဲကေန် အမှန်ဖြစ်တယ် မဟုတ်လား''

''မြတ်စွာဘုရား ... အလုံးစုံသောသူတို့အား သေခြင်းတရားဟာ မလွဲကေန် အမှန်ဖြစ်တာကို တပည့်တော်သိပါတယ်။ တပည့်တော်ရဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အရှက်အကြောက်နဲ့ ပြည့်စုံပါတယ်။ ဒီလို အရှက်အကြောက်နဲ့ ပြည့်စုံပါလျက် သေခါနီးမှာ သတိမခိုင်မြဲဘဲ ယောင်ယမ်းမြည်တမ်းကာ ကွယ်လွန်ရပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်များစွာ နှလုံးမသာယာဖြစ်ရပါတယ် ဘုရား"

မြတ်စွာဘုရားသည် သေခြင်းတရား၏ရိုးအီနေပုံကို ရှင်းပြသည်။ ရိုးအီနေသောသေချင်းတရား၌ ထူးဆန်းစွာ မငိုရန်သတိပေးသည်။ မြတ်စွာဘုရားဆုံးမသည်ကို သိပါသည်။ ချစ်၍ သောကရောက်ရသော်လည်း သေခြင်း၌ ဤမျှလောက် မခံစားပါ။ ခံစားရခြင်းသည် သမီးလေး၏ မလှသော သေခြင်းကြောင့် ဖြစ်သည်။

"သူဌေးကြီး ... သင့်သမီးက ဘယ်လိုစကားတွေကို ဆိုသွားသလဲ"

သမီးလေးပြောခဲ့သောစကားတို့ကို မြတ်စွာဘုရားအား လျှောက်တင်လိုက်သည်။

"သူဌေးကြီး ... သင့်သမီးက ယောင်ယမ်းမြည်တမ်းတာ မဟုတ်ဘူး"

"မြတ်စွာဘုရား ... ယောင်ယမ်းမြည်တမ်းတာမဟုတ်လျှင် ဘာကြောင့် မောင်လေးလို့ ခေါ်ဝေါ်ပြောဆိုပါသလဲ ဘုရား"

"သူဌေးကြီး ... သင့်သမီးထက် သင်ကငယ်လို့ မောင်လေးလို့ ခေါ်တာပါ။ မှန်တယ် သူဌေးကြီး။ သင့်သမီးဟာ မဂ်ဖိုလ်တို့ဖြင့် သင့်ထက်ကြီးတယ်။ သင်က သောတာပန်ပဲရှိသေးတယ်။ သင့်သမီးက သကဒါဂါမိပုဂ္ဂိုလ်ဖြစ်တယ်။ သင့်သမီးက မဂ်ဖိုလ်တို့ဖြင့် သင့်ထက်ကြီးလို့ သင့်ကို မောင်လေးလို့ ခေါ်တာ"

"မြတ်စွာဘုရား ... ဒီအတိုင်းပင် မှန်ပါသလား ဘုရား"

"ဒီအတိုင်းမှန်ပေတယ် သူဌေးကြီး"

ရင်ထဲ၌ဆို့နင့်နေသော သောကတို့သည် အရည်ပျော်ကျသွားသည်။ ပူလောင်ခြင်းတို့သည် ရေများစွာလောင်း၍ ငြိမ်းသွားသော မီးများကဲ့သို့ ငြိမ်းအေးသွားကြသည်။ သမီးလေးကို အကောင်းဆုံး ပြုစုပေးနိုင်ခဲ့သည်။ မိမိတို့ထက်သာသော လောကုတ္တရာ အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သည်။ မိမိထင်မှတ်ထားသော ဂတိသို့ သမီးလေးသည် သပ်ချ၍ပင် မရောက်နိုင်တော့ပေ။ ကောင်းရာဂတိသို့ ရောက်သွားသည်မှာ သေချာပြီ။

"မြတ်စွာဘုရား ... တပည့်တော်သမီး အဘယ်ဘုံမှာ ဖြစ်နေပါသနည်း ဘုရား"

"တုသိတာနတ်ဘုံမှာ ဖြစ်နေပြီ သူဌေးကြီး"

"မြတ်စွာဘုရား ... တပည့်တော်သမီးဟာ ဒီလူ့ပြည်မှာ ဆွေမျိုးများအလယ်၌ နှစ်သက်ဝမ်းမြောက်စွာ လှည့်လည်ခဲ့ပါတယ်။ ဒီပစ္စုပ္ပန်ဘဝက ပြောင်းသွားရပေမယ့် နှစ်သက်ဝမ်းမြောက်ရာအရပ်မှာပဲ ဖြစ်ပါပေတယ် ဘုရား"

"သူဌေးကြီး ... ရဟန်းဖြစ်စေ၊ လူဖြစ်စေ မမေ့မလျော့တဲ့ သူတွေဟာ ဒီဘဝမှာလည်းကောင်း၊ တမလွန်ဘဝမှာလည်းကောင်း နှစ်သက်ဝမ်းမြောက်ရပါတယ်"

လူတို့သည် ဘဝတစ်ခုကို နှစ်သက်ဝမ်းမြောက်စွာ ဖြတ်သန်းချင်ကြပါလိမ့်မည်။ နှစ်သက်ဝမ်းမြောက်ရအောင် ဘာတွေလုပ်ရမည်နည်း။ အရက်သောက်၊ ပစ္စည်းခိုးစသော မကောင်းသောအလုပ်တို့ဖြင့် နှစ်သက်ဝမ်းမြောက်ကြရလိမ့်မည် မဟုတ်ပေ။ မကောင်းမှုလုပ်သူတို့ကို လူတို့သည် မနှစ်သက်ကြ။ ကောင်းမှုလုပ်သူတို့ကိုသာ လူတို့နှစ်သက်ကြပါသည်။ ကောင်းမှုလုပ်သူတို့သည်သာ ဘဝကို နှစ်သက်ဝမ်းမြောက်စွာ ဖြတ်သန်းနိုင်မည် ဖြစ်သည်။ သမီးလေးသည် မကောင်းမှုပြုလုပ်ရမည်ကို ရှက်ကြောက်ခဲ့သည်။ ကောင်းမှု ပြုလုပ်ရမည်ကို တက်ကြွခဲ့သည်။ မကောင်းသောစိတ် မွေးဖွားလာမည်ကို စက်ဆုပ်ခဲ့သည်။ ကောင်းသောစိတ်ကို အစဉ်အမြဲ မွေးဖွားခဲ့သည်။ ထို့ကြောင့် သမီးလေးကို လူများ ချစ်ခင်ခဲ့ကြသည်။ ချစ်ခင်သူများနှင့် သမီးလေးသည် ဘဝကို နှစ်သက်ဝမ်းမြောက်စွာ ဖြတ်သန်းခဲ့သည်။ ကွယ်လွန်သွားသောအခါ၌လည်း သမီးလေးပြုလုပ်ခဲ့သော ကောင်းမှုတို့သည် သမီးလေးအား ကောင်းရာသုဂတိသို့ ပို့တင်နိုင်ခဲ့သည်။ ဘဝနှစ်တန် နှစ်သက်ဝမ်းမြောက်လိုသောသူတို့သည် ရှင်သန်ချိန်များကို ကောင်းမှုတို့ဖြင့် အလှဆင်ကြပါဟု တိုက်တွန်းချင်ပါတော့သည်။

မှီငြမ်း - ဓမ္မာစရိယ-သန်းထွန်း

ဝန်ခံချက်

ဓမ္မပဒအဋ္ဌကထာ၊

ယမကဝဂ်သုမနဒေဝီ

သူဌေးသမီးဝတ္ထုကို

ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ၁၂၄ လေးမောင်မှ စာဆက်

အတန်ကြာညဉ့်နက်လာသော အခါ ညဉ့်ငှက်တို့အော်မည်သံနှင့်အတူ ညဉ့် ပိုးကောင်တို့၏ တစီစီမြည်သံများ အကြားမှ သားကောင်ကြီးတို့၏ အနီး ကပ်ဟိန်းဟောက်သံများကြောင့် အလွန်အမင်း ထိတ်လန့်စရာကောင်း သည့်အသွင်ကို ဆောင်လာသည်။ မီးပိုင်းကြီးကြောင့်သာ အနီးသို့ကပ်မလာ ရဲကြဟန်ထင့်၊ အံ့သြစရာကောင်းသည်က နွားများက နှာမှုတ်၊ ခွာခုတ်၊ ခွာရှပ်၊ ဦးချိုကိုယမ်းကာလျက် ပြန်လည် စိန်ခေါ်နေသလို၊ ခွေးများကလည်း ကြောက်ရွံ့ဟန်မပြသည့်အပြင် 'ဟဲခနဲ ဟဲခနဲ' ပြန်လည်မာန်သွင်းနေသည်ကို သတိပြုမိလိုက်သည်။ စိတ်လှုပ်ရှားနေသည့်ကျွန်တော်တို့ကသာ မအိပ်နိုင်ဖြစ်နေသော်လည်း အမျိုးသမီးများကား ထိုအတွေ့အကြုံမျိုးရိုးနေဟန်ထင့် မှေးစက်နေကြသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်တို့မှာ အထိတ်ထိတ် အလန့်လန့်၊ မပျော်တစ်ချက် ပျော်တစ်ချက်ဖြင့် သေနတ်ကိုတင်းတင်းဆုပ်ကိုင်လျက် တစ်ညတာကုန်လွန်ရေးကို စိုးရိမ်စိတ်နှင့် ဖြတ်ကျော်လိုက်ရင်း မိုးလင်းပိုင်းတွင် အမျိုးသမီးငယ်များ စားသောက်ရန်ချက်ပြုတ်တော့မှ မှေးကနဲ အိပ်ပျော်သွားပေတော့သည်။

တောကြက်ဖတွန်သံများနှင့် ကျေးငှက်သံတစာစာ အော်မြည်သံတို့ကို ကြားနေရသည်။ ကျွန်တော်တို့ ဗိုက်ဖြည့်စားသောက်နေစဉ် အမျိုးသမီးငယ်များက တောငှက်ပျောရွက်တို့ဖြင့် ထမင်းများထုပ်နေကြသည်ကို တွေ့လိုက်ရသည်။ ထိုအချိန် ကျော်စိုးနှင့် တင်လှတို့နှစ်ယောက်က နွား(၄)ကောင်ကို ကြိုးနဲ့ဆွဲလာကာ ထွက်သွားသည်ကို တွေ့လိုက်ရသည်။ အတန်ကြာတော့ နွားစားရန် ကောက်ရိုးများလာသယ်ကြချိန် အမျိုးသမီးငယ်(၅)ဦးမှာ စစ်ဝတ်စုံလက်ရှည်၊ ဘောင်းဘီများကို ဝတ်ဆင်လိုက်ကြပြီး လုံတိုများထည့်ထားသည့် ပလိုင်းများကို ကျောတွင်ကပ်ကာ ရင်ဘတ်ကို ခါးပတ်များဖြင့် ပတ်၍ ခေါင်းတွင် ပုဆိုးတို့ဖြင့်ပေါင်းနေကြသည်။ ထိုမြင်ကွင်းကိုကြည့်လျက် ကျွန်တော့်အမြင်တွင် ဂျပန်ရုပ်ရှင်ကားများထဲမှ (NINJA)နင်ဂျာသရုပ်ဆောင်များကို ပြေးမြင်လိုက်မိသည်။

နွားများပို့ထားသည့်နေရာကို အစာသွားထားကြသည့် ကျော်စိုးနှင့် တင်လှတို့ ပြန်ရောက်လာပြီး ကိုင်းခုတ်ဓားကို တစ်ဖက်မှကိုင်၊ ကျန်တစ်ဖက်က ခွေးနှစ်ကောင်ကိုဆွဲထားသလို လုံရှည်ကိုကိုင်ဆောင်ထားသည့် ခင်အုံးကလည်း ခွေးတစ်ကောင်ကိုဆွဲကာ ရှေ့မှ ဦးဆောင်သွားသလို၊ အမျိုးသမီး(၅)ယောက်ကလည်း သူတို့နှင့်ပါလာသည့် ခွေးများကို တစ်ကောင်ချင်းဆွဲကာ သွားနေသည့်နောက်မှ ကျွန်တော်တို့ သုံးဦးက သေနတ်ကိုင်လျက် ထွက်ခဲ့ကြလေသည်။

သံပြတ်နှင့် အစာရှာရင်းတွန်သံပေးနေသည့် တောကြက်ဖငယ်တို့၏ အသံများကို ဟိုအနား သည်အနားဆီတို့မှ ကြားနေရသည်မှအပ တောကြီးကား တိတ်ဆိတ်နေသည်။ မြူငွေ့တို့ကို သယ်ဆောင်လာသောလေသည် လွင်လပ်စွာ ဝေ့ဝဲတိုက်ခတ်ရင်း ရော်ရွက်ဝါများကို ခြွေချနေသည်။ ယနေ့ပင် သူ့ရင်ခွင်တွင် ဘာတစ်ကောင်မှမရှိသယောင် မာယာဆောင်လျက်၊ ကျွန်တော်က တပြန့်တပြောကျယ်ဝန်းသော တောကြီးကို လိုက်လံငေးမော ကြည့်နေစဉ် ....

"ကစ် ... ကစ် ... ကစ်"

တစ်နေရာအရောက် မြေသားဆန်သော မြေပြောင်ပြောင်တက်တွင် ကိုယ်အလေးချိန်ကြီးမားသော ဘားကောင်များ ဖြတ်ကျော်သွားသည့်အတွက် ပြတ်ပြတ်ထင်ထင်ကျန်ခဲ့သော ခြေရာများကို တွေ့လိုက်ရသဖြင့် ရှေ့မှ ဦးဆောင်သွားနေသည့် သူတို့သုံးယောက်က ရပ်တန့်ကာကြည့်ရင်း အချက်ပြခေါ်လိုက်သည့်အတွက် သွားရောက်ကြည့်လိုက်ရာ ဝိုင်းဝိုင်းခွက်ခွက် အဖျားချွန်သည့် ခြေရာများကို တွေ့လိုက်ကြရသဖြင့် ....

"ပြောင်အုပ်ခြေရာပဲကွ ..."

အဘကောင်းကပြောလိုက်သည်။ ထိုအချိန် ခွေးတို့ကလည်း ခြေရာခွက်ကြီးတွေကိုနမ်းကာ အနံ့ခံလိုက်ကြဟန်ထင့်၊ အနံ့ကိုရသွားသဖြင့် ပြေးလွှားလိုက်ကြရန် ရုန်းကန်နေသော်လည်း သူတို့က မလွှတ်ပေးသေး၊ ကြိုးကိုဆွဲကာထိန်းလိုက်ကြရင်း မခင်အုံးက –



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုကျော်စိုးနဲ့ကိုတင်လှတို့က ခြည်သည်(၃)ယောက်ကို ဟိုအပင်(၃)ပင်ခွဆုံကိုင်းမှာ နေရာယူပေးလိုက်ပြီး ရှင်တို့ပါနေရာယူလိုက်ကြတော့၊ အားလုံး ကျွန်မလာမခေါ်မချင်း အောက်ကိုမဆင်းကြပါနဲ့၊ နောက်နေ့ထိ ကူးချင်လည်း ကူးသွားနိုင်တယ်နော်၊ ရှင်တို့ ဒီအပင်တွေပေါ်မှာရှိနေတာ အားလုံးသိတယ်၊ လှမ်းလည်းမြင်နေရတယ်လေ ..."

မခင်အုံးပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့(၅)ဦးသား တြိဂံအသွင်ဖြစ်နေသည့် အပင်ကြီးသုံးပင်ထက်က ခွဆုံကိုင်းပေါ်တက်ပြီး နေရာယူလိုက်ကြသည်။ ကျွန်တော်က တင်လှနှင့်၊ အဘကောင်းက ကျော်စိုးနှင့်၊ အစ်ကိုကြီးဦးသိန်းလွင်က တစ်ဦးတည်းသာ။

ကျွန်တော်တို့နှစ်ဦး သစ်ပင်ကြီး၏ ခွဆုံကိုင်းတွင် နေရာယူပြီးကြသလို အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့လည်း နေရာယူပြီးကြသည်ကို တွေ့လိုက်ရသည်။ ထိုစဉ် မခင်အုံးနှင့် သူ့အဖွဲ့ဝင်(၅)ဦးတို့မှာ ကြိုးနှင့်သိုင်းထားသောခွေးများကို ကြိုးဖြည်၍ လွှတ်ပေးလိုက်ကြလေတော့သည်။ ခွေးများအားလုံးက သားကောင်အုပ်ကြီးနောက် ဒုံးစိုင်းပြေးထွက်သွားကြသလို သူတို့အားလုံးကလည်း ပြေးလိုက်ကာ စိုးဝင်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရပေသည်။

နှစ်ဦးသား ခွဆုံထက်မှ ဝန်းကျင်တောကြီးတစ်ခွင်လုံးကို လှမ်းကြည့်လိုက်တော့ နွေရာသီဆိုသော်လည်း နံနက်ခင်းမို့ မြူနှင်းတို့ကရှိနေသေးသဖြင့် မပြတ်သားသေး၊ ဝေ့ဝေ့ဝါးဝါး ရယ်သာ။

သစ်ရိုင်းပင်တို့ထက် ရွက်ဝါတို့ကို ခြွေချထားပြီးမို့ ရိုးတံကျဲကျဲဖြစ်နေသည့်အတွက် အလင်းရောင်ရရှိနေသည့် နေရာတို့တွင် ပြတ်သားစွာမြင်တွေ့နေရသည်။ လက်မှနာရီကိုကြည့်လိုက်တော့ နံနက်(၉)နာရီသာသာ အလင်းရောင်ကြောင့် အတန်ငယ်လှမ်းရာကိုမြင်တွေ့နေရသော်လည်း သူတို့အုပ်စုနှင့် ခွေးတို့မှာမူ လုံးဝပျောက်နေသည်။ ခွေးဟောင်သံကိုပင် မကြားရ၊ သို့အတွက် ကျွန်တော်က ...

"တင်လှ ... ပုလင်းပါလာတယ်ကွ၊ အမြည်းပါလား"

"ဆိတ်သားခြောက်ဖုတ်ပါတယ်လေ ..."

"အေး ... ဒီလိုဆိုထုတ်ကွာ၊ နည်းနည်းမော့လိုက်ကြရအောင် ..."

ကျွန်တော်နှင့်တင်လှတို့နှစ်ဦးသား သေနတ်ကိုသစ်ကိုင်းတွင်ချိတ်ဆွဲလျက် အရက်အနည်းငယ်သောက်လိုက်ကြပြီး ထူးခြားမှုကို စောင့်စားဖို့လင့်နေကြသော်လည်း (၁၂)နာရီထိုးသည့်တိုင် ထူးခြားမှုမရှိသဖြင့် ထမင်းစားလိုက်ကြမည်အလုပ် ခပ်လှမ်းလှမ်းဆီမှ ....

"ဝေါင်း ... ဝေါင်း ... ဝုတ်ဝုတ်ဝုတ် ..."

"ဟော ... သားကောင်တွေ့လို့ ခွေးတွေလိုက်နေကြပြီ ..၊ ကြားလား"

တင်လှပြောလိုက်သည့်စကား ဆုံးရုံရှိသေးသည်။ ထစ်ခဏအတွင်း–

"ဖျောင်း .. ဝေါ .. ဝေါ .. ဗျော"

ကြီးမားသောသားကောင်ကြီးတို့ တောတိုးပြေးလွှားသံများနှင့် နောက်က ခွေးများလိုက်သံ၊ ဟောင်သံ၊ ကိုက်သံများကို ကြားလိုက်ရသည်နှင့်အတူ သစ်ပင်ကြီးတို့အကြိုအကြားမှ မိန်းမပျိုကလေးများ၏ ပြေးလွှားတောတိုးသံ၊ ခွေးလိုက်သံများနှင့် ရှေ့သို့ကြိုတင်ရောက်ရှိနေရာယူရန် ပြေးလွှားလှုပ်ရှားနေကြသည်ကို ရိပ်ခနဲ ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။ သူတို့ပြေးလွှားရာသည် သားကောင်ကြီးများနောက် ခွေးများလိုက်သည့်လမ်းကြောင်းကို ပစ်မှတ်ထားကာ လိုက်နေသည့်အသွင်၊ အတန်ကြာတော့ ကြားနေရသောအသံတို့မှာ ဝေး၍ဝေး၍သွားကြသည်။ ခွေးသံရော မိန်းမပျိုတို့၏လှုပ်ရှားသံများပါ ငြိမ်သက်သွားကြပြန်သည်။ သို့အတွက် ဆက်လက်စောင့်ကြည့်နေလိုက်သည်။

တစ်နာရီသာသာခန့်ကြာတော့ အဘကောင်းတို့နှစ်ယောက် နောက်ကျောဘက်ဆီမှ ခွေးလိုက်သံများ၊ သားကောင်ကြီးများ ပြေးလွှားသံများကို ကြားလိုက်ရပြန်သလို သားကောင်ကြီးများက ခွေးအုပ်ကိုပြန်ခတ်သည့်အသံ၊ ခွာခတ် နှာမှုတ်သံတို့ကို အဘကောင်းတို့နှင့် ကျွန်တော်တို့အကြား အနီးကပ် ကြားလိုက်ရပြန်သည်။ အသံကြားရာဆီသို့ လှမ်းကြည့်လိုက်ရာ ကြီးမားလှသည့် ပြောင်ကြီးနှစ်ကောင်နောက်ဆီသို့ ဝိုင်းလိုက်နေသည့်ခွေးတို့က နောက်မှအတင်းလိုက်ကာ ဒူးကောက်ကျောက်ကို ပြေးဝင်ကိုက်ဆွဲလိုက်သည့်အတွက် ပြောင်ကြီးတစ်ကောင်က ဒုန်းခနဲ အရှိန်ရပ်တန့်သွားချိန် ကျန်ခွေးများက မျက်နှာ၊ လည်တိုင်၊ ရှေ့လက်ပျဉ်းပမ်း ဗိုက် စသည်တို့ကို ဝိုင်းဝန်းကိုက်ခဲ ဆွဲဖြဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အတွက် နေရာတွင်ပင် ဒူးညွှတ်သွားသည်ကို ကြည့်နေစဉ် နောက်မှလိုက်လာသည့် ပြောင်တစ်ကောင်ကို တွေ့လိုက်ရပြန်သည်။ မီးရထားခေါင်းတွဲကြီးပမာ ဝါးလုံးတိုး ပြေးဝင်လာနေသည့် ပြောင်ကြီးကိုကြည့်လိုက်စဉ် ကျောကုန်းထက်၌ လှံတိုနှစ်ချောင်းစိုက်ဝင်နေပြီး သွေးများယိုစီးနေသည်နှင့်အတူ သစ်ပင်ကြီး၏ကိုင်းထက်ပေါ် မျောက်တစ်ကောင်ကဲ့သို့ ခုန်ကူးကာ ကျောမှလှံတိုကိုထုတ်ပြီး ပစ်ပေါက်ရန် အနေအထားနှင့် စောင့်နေသည့်မိန်းမငယ်တစ်ဦးကို တွေ့လိုက်ရသဖြင့် ကျွန်တော်က ...

"တင်လှ ... ဟိုဟာဘယ်သူလဲကွ"

"အဲဒါ ကရင်မလေး ...၊ အသာ လေးစောင့်ကြည့်"

အပင်အောက်သို့ ယိုင်နဲ့စွာလှမ်းလာနေသည့် သားကောင်ကြီးအား သူမ၏အောက်သို့ရောက်လုလုအချိန်တွင် နောက်ကျောပလိုင်းအတွင်းမှ လှံတိုတစ်ချောင်းကိုဆွဲထုတ်ကာ အောက်ဘက်သားကောင်ကြီးရှိရာသို့ အားကုန်ပစ်လွှတ်ပေါက်ထွင်းလိုက်သည်ကို တွေ့လိုက်ရလေသည်။

ပစ်လွှတ်လိုက်သည့်လှံဖျားကလည်း အောက်ဖက်ရှိ လှံတံနှစ်ချောင်းစိုက်ဝင်ခံထားရသည့် ပြောင်ကြီး၏ကိုယ်တွင်းသို့ အဆုံးထိတိုင် စိုက်ဝင်ခြင်းကိုခံနေရပြီး နောက်မှကိုက်ခွေးတို့ကလည်း ဒူးကောက်ကျောတို့ကို ဒလစပ် လိုက်လံကိုက်ခဲခြင်းကိုပါ ခံနေရသောကြောင့် လွတ်လမ်းကိုရှာ၍ တရိုန်ထိုးပြေးထွက်သွားသည့်နောက်သို့ ခွေးတို့ကလည်း ပြေးလိုက်သွားကြသည်ကို တွေ့ရလိုက်ရပြန်သည်။

သူ၏နောက်မှ ခွေးများလိုက်လံကိုက်ခဲခြင်းကို ခံနေရသလို ကိုယ်လုံးတွင်လည်း အဆုံးထိတိုင် လှံတိုသုံးချောင်းစိုက်ဝင်ခံထားရပြီး သွေးများ ဒလဟောယိုစီးကာ တဖြည်းဖြည်း အားအင်ကုန်ခမ်းစပြုနေသည့် ပြောင်ကြီးမှာ သူ၏လွတ်လမ်းကို ရှေ့ဆက်မပြေးနိုင်တော့သည့်အတွက် အနီးရှိ မျောက်ချောပင်ကြီးကို သူ၏ခန္ဓာကိုယ်ဘေးတစ်ခြမ်းဖြင့်ကပ်လိုက်ပြီး ခွေးများကို တရှူးရှူး တဖူးဖူး နှာမှုတ်သံပြုရင်း ခံနေရသည့်အချိန် သူ၏ညာဘက်တောချုံပင်တို့အကြားမှ လှံရှည်တစ်ချောင်းကိုကိုင်လျက် ပြေးဝင်လာသည့် ခင်အုံးက ပြောင်ကြီး၏ရှေ့လက်ပျဉ်နောက် နှလုံးသားရှိရာဆီသို့ သူမ၏လှံဖြင့် အဆုံးထိတိုင်ထိုးစိုက်ကာ ပွဲသိမ်းလိုက်သည်ကို တွေ့မြင်လိုက်ရသည်။ ပြောင်ကြီးမှာ သေတွင်းကို အနီးကပ်ပြေးထိုးခြင်းခံလိုက်ရသည့်အတွက် ဒူးညွှတ်ခွေယိုင်ကာ မြေပြင်ပေါ်သို့ ဘေးတိုက်လဲကျသွားပြီး သေငယ်ဇောဖြင့် နာနာကျည်းကျည်းအော်ဟစ်လျက် အသက်ပျောက်သွားလေတော့သည်။

နောက်မှလိုက်ကြသည့် ခွေးတို့ကလည်း အသက်ပျောက်နေသော ပြောင်ကြီးအား အငြိုးတကြီး ဝိုင်းဝန်းကိုက်ခဲနေကြရင်း အစာကိုလွှတ်ပြီး တောကြီးအတွင်း ပြေးဝင်ပျောက်ကွယ်သွားကြပြန်သည်။ ထိုအချိန်၌ လှံရှည်ကိုင် ခင်အုံးက စိုက်ဝင်နေသည့်လှံကို ဆွဲနှုတ်လိုက်ပြီး အော်ဟစ်ပြောလိုက်သည်က ....



www.burmeseclassic.com





"သေနတ်သမားတွေ ခွေးတွေ ထပ်လိုက်နေပြန်ပြီ၊ ဒီနေရာကိုမောင်း လာလိမ့်မယ်။ ဘာကောင်ဖြစ်ဖြစ် ဝင် လာရင်ပစ်တော့၊ ခွေးတွေကိုမထိစေနဲ့ နော်"

သူမအော်ဟစ်ပြောဆိုလိုက်သည့် စကားကြောင့် ကျွန်တော်တို့မှာ သစ် ကိုင်းတွင်ချိတ်ဆွဲထားသော သေနတ် များကို ပစ်ခတ်နိုင်ရန်အဆင်သင့် အနေဖြင့် စောင့်စားနေလိုက်ကြသည်။ နာရီဝက်သာသာခန့်တွင် ခပ်လှမ်းလှမ်း ဆီမှ ခွေးလိုက်သံ၊ သားကောင်များ တောတိုးပြေးလွှားသံများကို ကြားလိုက် သည့်အချိန်၊ အောက်တွင်ရှိနေကြသည့် မိန်းမပျိုလေးများသည်လည်း နီးစပ်ရာ သစ်ပင်အကိုင်းများထက်ဆီသို့ လျှင် မြန်စွာတက်လိုက်ကြပြီး ပင်စည်လုံးကို ကျောကပ်ကာ သစ်ကိုင်းထက်တွင် မတ်တပ်ရပ်အနေအထားနှင့် သား ကောင်အလာကိုစောင့်ရင်း နေရာယူ ထားလိုက်ကြသည့်အချိန် ကျွန်တော်တို့ ဘက်ဆီသို့ ခွေးများမောင်းသွင်းလာ သည့် သားကောင်အုပ်ကြီး၏ ပြေးလွှား သံတို့ကို အနီးကပ်ကြားလိုက်ရ သည်နှင့်အတူ ....

BURMESE CLASSIC .com

"ဒိုင်း ... ဒိုင်း"

"ဒိုင်း"

အဘကောင်းနှင့် အစ်ကိုကြီး ဦး သိန်းလွင်တို့နှစ်ဦးဆီမှ ပေါက်ကွဲသံကြီး များကို ကြားလိုက်ရသည်နှင့်အတူ မီး ရထားခေါင်းတွဲကြီးများပမာ ပြေးလာ နေသည့် သားကောင်ကြီးသုံးကောင်မှာ မြေပြင်တွင် ဘေးတိုက်လဲကျသွားကာ လူးလိမ့်နေစဉ် ခွေးများက ဝိုင်းဝန်း ကိုက်ခဲ မာန်ထနေသည့်အသံတို့က ဝန်းကျင်တစ်ဝိုက် သောသောညံသွား သည်။

ထိုစဉ် အမျိုးသမီးခေါင်းဆောင် ဖြစ်သူ ခင်အုံးက အပင်ထက်မှဆင်း ကာ ကျွန်တော်တို့အားလုံးကို ပါ အဆင်းခိုင်းလိုက်သည့်အတွက် ဆင်း ခဲ့လိုက်ကြတော့သည်။ ပြောင်သေကြီး (၅)ကောင်မှာ ကိုက်တစ်ရာအဝင်းဝိုင်း အတွင်း အသက်ပျောက်လဲကျ သေ ဆုံးနေကြသည်မို့ သခင်ရှိရာဆီကို လမ်းကြောင်းတဲ့အောင်မောင်း သွင်း ပေးနိုင်ကြသည့် 'ပန်းခွေး၊ လိုက်ခွေး၊ ကိုက်ခွေး (၇)ကောင်နှင့် အမျိုးသမီး မုဆိုးမများတို့၏ အစွမ်းအစကို ကျွန် တော်တို့ မအံ့သြဘဲမနေနိုင်အောင် ဖြစ် ခဲ့ကြသည်ကအမှန်၊ သို့သော်လည်း ပြောင်သေကြီးများကိုကြည့်လျက် ဝမ်း မသာနိုင်သူက ကျွန်တော်ရယ်သာ။ အဘယ့်ကြောင့်ဆိုသော် တစ်ကောင် လျှင် ပိဿချိန်(၅၀၀)ကျော်နီးပါးရှိ သည့် ပြောင်ကြီး(၅)ကောင်ကို အရည် ချဖို့၊ ဝမ်းတွင်းသားထုတ်၊ အသားတွေ နှင့် အရိုးကြီးတွေကို ခုတ်ထစ်ပိုင်းဖြတ် ဖို့ ကျပ်စင်ဆောက်ပြီး ကျပ်တင်ဖို့၊ ပြန် လည်သယ်ဆောင်ဖို့၊ ဆားနယ် ယမ်း စိမ်းပက်ဖို့ကိစ္စတွေက ပေါ့သေးသေး အလုပ်တွေမဟုတ်သဖြင့် သက်ပြင်း မောကို ချနေစဉ် ခေါင်းဆောင်ဖြစ်သူ ခင်အုံးက ....

"ကဲ ... ကိစ္စပြီးပြီ၊ စခန်းချရာ ပြန်ကြမယ်၊ အချိန်ရှိတုန်း"

"ပြန်မယ်ဆိုရင် ဒီအကောင်ကြီး တွေကို ဘယ်လိုလုပ်ကြမှာလဲ မခင်အုံး ရဲ့ ..."

ကျွန်တော်မေးလိုက်သည့်စကား ကြောင့် သူမကပြုံးလိုက်ပြီး ပြန်ဖြေ လိုက်ပုံက ...

"လာသယ်ကြမယ့်အဖွဲ့ရှိတယ်။ သယ်လည်းသယ်မယ် ဖျက်လည်းဖျက် မယ်လေ။ ကဲ ... သွားလိုက်ကြရ အောင်"

ပြောင်ကြီးကိုယ်လုံးတွင် စိုက်ဝင် နေသည့်လှံတိုများကို မိန်းကလေးတို့က ဆွဲနှုတ်လိုက်ကြပြီး စခန်းရှိရာဆီသို့ လျှောက်လှမ်းလိုက်ကြပေတော့သည်။

ကျွန်တော်တို့ နောက်တစ်နေ့ ညနေပိုင်းတွင် ကျော်စိုးတို့အိမ်သို့ ပြန် ရောက်ခဲ့ကြပြီး စားသောက်အပန်းဖြေ ကြရင်း ကျွန်တော်က ...

"ဒါနဲ့ ကျော်စိုးနဲ့တင်လှ၊ ငါတို့ လိုက်ခဲ့ကြတဲ့ပြောင်တွေ ဘာလုပ်သလဲ ကွဟင် ...၊ ခုအချိန်ထိ ပြောင်သား မစားရသေးပါလား ..."

"ခင်အုံးပြန်လာလိမ့်မယ်၊ ငွေ သွားရှင်းတယ်လေ။ ဒိုင်ကိုအပ်လိုက် တော့ ဒီကိုဘယ်ရောက်တော့မှာလဲ၊ ငွေပဲရောက်တော့မှာပေါ့ ဘိုလေးရဲ့"

ကျွန်တော်တို့စားသောက်နေကြ စဉ် မုဆိုးမအဖွဲ့ ကျောပိုးအိပ်များလွယ် ကာ ပြန်ရောက်လာကြသည်။ အိပ်ထဲ တွင်ပါမည်က ငွေများဖြစ်မည်မှာ အမှန်ပင်။

**လေးမောင်**

www.burmeseclassic.com

www.burmeseclassic.com



## ၇ ရက်သားသမီးများအတွက်

# ကံကြမ္မာစုံထောက်

၂၀၁၃ ခု၊ ဒီဇင်ဘာလ

**တနင်္ဂနွေသားသမီးများ** ဒီလအတွင်းမှာ ငွေလိုချင်ရင် ငွေဖြစ်ရမယ်ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ငွေကြေး၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား ... စတာတွေမှာ အောင်မြင်မှုကြီးတွေ ပေါ်လာတတ်ပါတယ်။ ပွဲလမ်းသဘင်တွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၇ ခေါက်ရွတ်သွားပါ။
– အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီပန်း ၇ ပွင့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (လ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့် ၆ ညွန့်နဲ့ ၆ ချက် ရိုက်ပါ။

**တနင်္လာသားသမီးများ** – ဒီလအတွင်းမှာ **ဆန်မရှိ အစားကြီး** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ အရောင်းမှား အဝယ်မှား၊ အဆုံးဖြတ်မှားတာတွေ၊ တဖွတ်ထိုးလုပ်မိတာတွေကို သတိပြုရမယ့်အချိန်ပါပဲ။ ငွေပြတ်–ကြွေးတင်တာမျိုးတွေလည်း ကြုံလာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ပေါင်မုန့်နို့ဆမ်းကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
– အဖြူရောင်၊ အဝါရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေဝတ်ဆင်သုံးစွဲပါ။ ပျဉ်းတော်သိမ် ၅ ညွန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ခွက်အဟောင်းတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၅ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ၂၁ ညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**အင်္ဂါသားသမီးများ** – ဒီလအတွင်းမှာ **ဓါးသွားပေါ်က ပျားရည်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်တွေများလွန်းသလို အောင်မြင်မှုကြီးတွေလည်း ကြုံရတတ်ပါတယ်။ အပြောင်းအရွှေ့ နေရာသစ်၊ လုပ်ငန်းသစ်၊ ခရီးသွားလာရေးတွေ ပိုကောင်း ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။
– အပြာရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို ဝတ်ဆင်သုံးစွဲပါ။ သပြေညွှန့် ၆ ညွှန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စက္ကူတစ်ရွက်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ မေမြို့ပန်း ၁၉ ပွင့်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၆ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို စံပယ်ပန်း ၃၅ ပွင့်နဲ့ပေါက်ရင်းဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** – ဒီလအတွင်းမှာ **ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်** ဆိုတဲ့ကိန်းမျိုး ကြုံနေရတတ်ပါတယ်။ မလုပ်သင့်တာတွေလုပ်မိ၊ မပြောသင့်တာတွေပြောမိ၊ မဝယ်သင့်တာတွေ ဝယ်မိ၊ မရောင်းသင့်တာတွေ ရောင်းမိဆိုတာမျိုးတွေ ကြုံတတ်တာကို သတိပြုပါ။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ အုန်းနို့ခေါက်ဆွဲကပ်လှူပြီး ဆုတောင်းပါ။ အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော်ကို ၁၀ ခေါက်ရွတ်သွားပါ။
– အနီရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ အုန်းညွှန့် ၆ ညွှန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ပေါင်မုန့်တစ်ချပ်ပေါ်မှာ (မ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ ယပ် ၈ လက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၁ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဗာဒံရွက် ၅ ရွက်နဲ့ ယပ်ခတ်ရင်း ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကြာသပတေးသားသမီးများ** – ဒီလအတွင်းမှာ **ထင်ပေါ်လို့ စင်တော်ကကောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ကိုယ်ကြိုးစားအားထုတ်ခဲ့သမျှရဲ့ အသီးအပွင့်အောင်မြင်မှုတွေကို ခံစားရမယ့်အချိန်၊ ပင်ပန်းရကြိုးနပ်မယ့်အချိန် ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ကြာဆံကြော်ကပ်လှူပြီး ဆုတောင်းပါ။ ဝိဇ္ဇာစရဏ သမ္ပန္နောဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။
– အဖြူရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ငွေပန်း ၂ ပွင့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် သပြေရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ ယပ် ၈ လက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၂ အစ၊ ၈ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ညွှန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**သောကြာသားသမီးများ** – ဒီလအတွင်းမှာ **စိုင်ကော်လို့ ခြုံပေါ်ရောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ မထင်မှတ်တဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ဆီထမင်းကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
– အညိုရောင်၊ ခရမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃ ကုံး ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (န) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၃ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၄ ညွှန့်နဲ့ ၁၇ ချက် ရိုက်ပါ။

**စနေသားသမီးများ** – ဒီလအတွင်းမှာ **သွားပါများ ခရီးရောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ရပ်ဝေး၊ ပြည်ပ၊ ခရီး၊ သယ်ပို့ အပြောင်းအရွှေ့ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်၊ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့ အတွက် –

– မြတ်စွာဘုရားမှာ ရောက်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။
– အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ရွက်လှ ၄ ညွှန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ဩ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၄ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို မေမြို့ပန်း ၅ ပွင့်နဲ့ ၁၉ ချက် ရိုက်ပါ။

BURMESE CLASSIC .com

ဒီလအတွက် ယတြာလက်ဆောင်

**ကားဝယ်ကားရောင်း အောင်စေကြောင်း**

ကားဝယ်ချင်လို့လား ...၊ ဒါမှမဟုတ် ကားရောင်းချင်လို့လား...၊
ကားဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ
နွားနို့သောက်ပြီး ဆုတောင်းလိုက်မယ်ဆိုရင်
ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။
ကားမှမဟုတ်ပါဘူး။ ကျောက်၊ ကွမ်း၊ ကြံ၊ ငါး၊ ကြက်၊ ကွန်ပျူတာ၊
ကင်မရာ...စတဲ့ တနင်္လာနံကိစ္စ အားလုံး ရောင်းခါနီး ဝယ်ခါနီးလေးမှာ
ဒီနည်းကို အသုံးပြုနိုင်ပါတယ်။

သဗ္ဗေဓမ္မာ
ဓင်ယော်နီ



www.burmeseclassic.com